www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
ညကျော်ပွင့် (စက်မှု)

| | |
|---|---|
| မျက်နှာဖုံးပန်းချီ | ပိုးဇာ |
| အဖုံးဖလင် | Best Color |
| အတွင်းဖလင် | ကိုဦး |
| Logo ဒီဇိုင်း | ပန်းချီကိုကျော်သိုက်နှင့် (Q.C) |
| ကွန်ပျူတာ | မောင်မောင်မြတ်နှင့်ဇေယျာမြေ |
| စာတည်း | မောင်သာယာ |

၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ၊ တန်ဖိုး (၁၅၀၀) ကျပ်

ပုံ နှိပ် မှတ် တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၁၇၂၄/၂၀၀၃ (၁၂) အရ
***ဦးသန်းလွင် (၀၅၅၈၇)၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊***
အမှတ်(၅၁)၊ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
အတွင်းစာသားရိုက်နှိပ်၍၊
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၉၅၃/၂၀၀၄ (၉) အရ
***မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၃၃)၊***
အမှတ်(၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ
မျက်နှာဖုံးရိုက်နှိပ်ကာ
**ဦးလှမိုး (ညကျော်ပွင့်-စက်မှု)** (မှတ်ပုံတင်အမှတ်-၀၃၉၄၉)၊
**ဇေယျာမြေစာပေတိုက်**၊ တိုက်(၇၂၄)၊ အခန်း (၁၈)ပထပ်၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့မှ . . .
ဒုတိယအကြိမ် အုပ်ရေ (၅၀၀) ထုတ်ဝေသည်။

BURMESE CLASSIC .com

ဇေယျာမြေ စာစဉ် - (၄၅)

# သော်တာဆွေ

## ရွှေဥဒေါင်းထီးပေါက်တယ်
နှင့်
## ဟာသဝတ္ထုတိုများ

(ဒုတိယအကြိမ်)

ဇေယျာမြေ
စာပေတိုက်

တိုက်နံပါတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ (၁၇×၁၈)လမ်းကြား၊
မဟာဗန္ဓုလလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရွှေဥဒေါင်းထီပေါက်တယ်ဆိုလို့ | ၁ |
| ၂။ | ရိုမန့်စ်အော့ဖ်ငွေဥဒေါင်း | ၅၀ |
| ၃။ | ငွေဥဒေါင်းပြန်လာပြီ | ၈၃ |
| ၄။ | ဂေါ်ချက်ကယ်နာ | ၁၁၂ |
| ၅။ | တောဘဲကလေးတွေချစ်စရာ | ၁၂၇ |
| ၆။ | သူနဲ့သာဆိုရင် | ၁၆၆ |
| ၇။ | ငွေကို လေလိုသုံးသူ | ၁၉၇ |





BURMESE CLASSIC .com

## ရွှေဥဒေါင်း ထီပေါက်တယ်ဆိုလို့

"တပ်တော်ဦးဆီ . . မျှော်လိုက်ပြန်တော့ . . . ရဲတံခွန်တွေ . . လေကစားတာ ကြွားစာလူလူဝေ . . . . တပ်တော်နောက်ကို မျှော်လိုက်ပြန်တော့ ဝန်ကြီးတွေ ဝန်ငယ်တွေ ဖြိုးစီစီနေ . . နေမလေ . . ပညာဉာဏ်တုတ် . . မဆုတ်မတွန့်မရွံ့တဲ့သူတွေ . . နှလုံးရည်ပြောင် . . ရှေ့ဆောင်မားမား . . ဝန်ကြီးများရဲ့ လက္ခဏာညီပေ . . ဝင်တုန်အလုပ်တွေ . . သွင်းကုန်အလုပ်တွေ . . ဟိုအလုပ်သည်အလုပ် . . အလုပ်တာဝေ . . . ဖြောင့်မှန်စွာစီမံကြသလေ . . အစွမ်းကုန်သန့်ရှင်းလို့ . . ငြိမ်းချမ်းခြင်းရပါစေ"

"ဟော့ . . ဟော့ . . ငါ ဒီနေ့ နေထိုင်မကောင်းလို့ပါကွာ၊ တောင်းပန်ပါတယ်၊ မင်းနဲ့ငါနဲ့ဟာ ရန်သူလဲမဟုတ်ဘူး၊ ငါ သေလို့ မင်းအမွေရမှာလဲ မဟုတ်ပါဘူး"

တစ်နေ့သောညနေခင်း ကျွန်တော်-ပျင်းတင်းတင်းရှိလှသည်နှင့် လိုင်စင်ရုံးမှ စိတ်ပျက်စွာပြန်လာပြီး အိမ်ခေါင်းရင်းခန်းတွင် ကြက်နှာကြီး မိုးမိထားသလို ငုတ်တုတ်ကြီးထိုင်ငိုင်နေသော ကျွန်တော့်သူငယ်ချင်း ခေတ်ပေါ်ကုန်သည်ဟန်ဆောင်ကြီး ဘကိုးကိုကြည့်၍ သီချင်းစပ်ဆိုလိုက်ရာ ငနဲကောင်မခံမရပ်နိုင်ဖြစ်သွားသည်၌ ကျွန်တော်က . . .

"ဟော့ . . မင်းက ဒါမျိုးကြားတော့ ဘယ်သဘောကျနိုင်မလဲကွာ၊ ဟုတ်နေတာကိုးကွ မှတ်ထား၊ အခုနှယ် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အားလုံးဖြောင့်ဖြောင့်မှန်မှန် အစွမ်းကုန်သန့်ရှင်းနေတော့ မင်းလို ဟန်ဆောင်ပန်းဆောင် အချောင်သမားမျိုး မစွံဘူးပေါ့ကွ"

"အောင်မာ . . . ငါက ဒီအလုပ်ကြောင့် မဟုတ်ပါဘူးကွာ၊ မနေ့အသံကြောင်စီစီကြီးနဲ့ တွေကရာလျှောက်ဆိုနေတာ ပြောတာကွ"



www.burmeseclassic.com

www.burmeseclassic.com


"အေး . . မင်းရှည်ရှည်ချက်တော့ ဟုတ်ပါပြီလေ၊ ဒါပေမယ့် တစ်စုံတစ်ခုကို ကြုံကြိုက်တဲ့အခါမှာ အဆင့်အတန်းမမီလို့ မပြုတတ်ရင် ဒရယ် ယုန်ကြောင်တွေ့တိုင်း အောင်သည်၊ တောတောင်သနင်း ခြင်္သေ့မင်းဆိုတာလို ဂိုဏ်းထောင်ပြီး မလွတ်တတ်ဘူးကွ၊ အခု မင်းဆိုတာကို ငါ နားလည်တယ်၊ ကိုယ့်နည်းနဲ့ ခေါ်သသင့်နေတယ်ကွ၊ ဒါကြောင့် မင်းနဲ့ မတော်တာမတန်တာကို လျှောက်မနေပါနဲ့ကွာ၊ မနေနိုင်လို့ ပါးစပ်ကမြင်းချင်ရင် ကိုယ့်အဆင့်အတန်းမီသလောက်ပဲ ကောင်းပါလိမ့်မယ်"

ဟုတ်ပါ၏။ ကျွန်တော် ပြန်၍ဆင်ခြင်လိုက်သောအခါ၌ သူ့စကားမှန်နေပါသည်။

"အေး . . ဟုတ်သဟေ့ ဘကိုး၊ မင်းပြောတာ မှန်တယ်ကွ၊ ကျေးဇူးတင်တယ်ကွာ၊ ငါ အခု ငါ့အဆင့်အတန်းရှိသလောက်ပဲ ဆိုတော့မယ်ကွ၊ အဟမ်း အဟမ်း"

ကျွန်တော် လည်ချောင်းရှင်းလိုက်ပါသည်။ ဘကိုးမျက်လုံးပြူးကာ-

"ဟေ . . မင်းသီချင်းဆိုဦးမလို့ ငါ့ကို သက်သက်ညှဉ်းဆဲမလို့လားကွာ၊ ဘုရား . . ဘုရား"

"မင်းကလဲ ဒါလောက် မကြောက်စမ်းပါနဲ့ကွာ၊ ငါ အခုပြဇာတ်မင်းသား မျိုးချစ်တို့ ခင်မောင်မြင့်တို့နဲ့ပေါင်းလို့ အဆိုတွေ ဘာတွေ တတ်နေပြီကွ၊ နားထောင် ငါအခုဆိုမယ့်သီချင်းက အခုအချိန် အခုရာသီဥတုကလေးနဲ့လဲ တိုက်သနဲ့"

ဟုတ်ကဲ့။ ထိုအချိန်တွင် တောင်ရပ်ခွင်၌ အမှန်ပင် မိုးရိပ်တွေ ညို့သိပ်နေပါသည်။ သည်လိုဆိုတော့ ဟုတ်ကဲ့ တကယ်ပဲ ကျွန်တော် မေ့ကို လွမ်းမိတာပေါ့၊ ဒါကြောင့် ကောင်းနိုင်သမျှဆုံးသောအသံ၊ စည်းဝါးအကျနိုင်ဆုံးသော အဆွဲအငင် အလှည့်အန္တနှင့် (ဟုတ်ကဲ့ တကယ်များ ပြည်လှဖေ ငိုလေမလား)

(ဟုတ်ကဲ့တွေ တကယ်တွေ ထပ်သွားတာတော့ သည်းခံပါ မိတ်ဆွေ၊ ကောင်မလေးတစ်ယောက်က "ရှင် ဗန်းမော်တင်အောင်လို့ မရေးတတ်ဘူးလားဆိုတာနဲ့ ကလောင်စွမ်းပြလိုက်တာပါ။)

ဟုတ်ကဲ့ သီချင်းဆိုပါပြီ။ (နတ်သျှင်နောင် သီချင်းပါပဲ)

"တောင်ကညို့ ပြိုတော့မယ် . . . မှိုင်းမှိုင်းမှုန်ဝေ . . မိုးသက်တွေ လေဝေ့လို့ . . တရွေ့ရွေ့ယူသလေ . . တိမ်ဦးလေပြည် . . ဆွေးစိတ်ကိုပွေ့ . . ဖော်မစုံကျွမ်း လွမ်းငွေ့တွေဝေ . . ချစ်တဲ့သူ . . သာခု . . နှမရေ(အယ်ဟုတ်ပါဘူး) မောင့်အသည်းကညာမေ . ."

ဘကိုးက ဖြတ်၍ "ခွာတုကလျာဆွေပါကွ"





"မဟုတ်ဘူးလေ . . ငါ့အချစ် မေပဲကွ၊ ငါ အခုဆိုနေတာက မင်းပြောတဲ့အတိုင်း ငါ့အဆင့်အတန်းနဲ့ ငါ့စိတ်ထဲ အဖြစ်အပျက်ကို ဆိုတာကွ၊ မင်း ဆက်နားထောင်ဦး"

"×××ချစ်တဲ့သူ . . မောင့်အသည်းကညာ မေ၊ လွမ်းရတဲ့ဖြစ်အင် . . ထင်မြင်မိပေမယ့် . . ရှုမဝမှာ လစဉ်ဝတ္ထုတွေ ရေးပါလို့ . . ပို့စ်မင်းကို စေလို့စေ . . ဖြေလဲငယ် . . မပြေ . . ပြေပါနိုင်ပဲ . . စစ်ထွက်ဆဲ သော်တာဆွေမှာလေ"

"ထွီ . ."

မျက်ခုံးကလေးချီ အသံကလေးကြောင်စီစီနှင့် ဆွဲငင်သီဆိုနေသော ကျွန်တော့်မှာ ရုတ်တရက် လန့်သွားပါသည်။

"ဟေ့ . . ဘကိုး . . မင်းငါ့ကို ဘယ့်နှယ်ရက်စက်လိုက်တာလဲကွာ . . ငါတို့လို ဒဂုန်တာရာတို့လို . . အနုပညာသမားတွေဟာ . . တစ်ခုခုစိတ်ဝင်စားနေတဲ့အခါမှာ မီးနေသည်လိုပဲ . . အင်မတန် သွေးသားစိတ်အား သိမ်မွေ့နုနယ်နေတာကွ"

"ထွီ"

သူတစ်ချက် ထပ်၍ ထွီလိုက်ပြန်ပြီး "သူ့ကိုယ်သူပဲ အနုပညာသမားတဲ့ . . မင်း အနုပညာသမားတော့ မဟုတ်ဘူးဟေ့ . . အနုပညာသမားဆိုရင် ဟုတ်ဦးမယ်၊ တော်ကွာ . . တော်ကွာ . . သော်တာ မင်းဟာ ဘာမှ အသိတရား မရှိဘူး"

ကျွန်တော် မျက်လုံးကလေးပြူးကာ . . .

"ဟေ . . ငါ ဘာအသိတရား မရှိတာလဲကွာ"

သူသည် မျက်မှောင်ကြီးကုတ်၍ . . .

"ဒါများ မေးနေရသေးလား . . မင်းစဉ်းစားကြည့်၊ ဒီသီချင်းမှာ မင်းနတ်သျှင်နောင်ကို သွားလေသူမို့ ရက်စက်ချင်ပေမယ့် အခုရှိနေကြသေးတဲ့ သီချင်းရေးဆရာ မြို့မငြိမ်းနဲ့ ပြည်လှဖေတို့ မျက်နှာတွေကိုတော့ ထောက်သင့်ပါသေးတယ်ကွာ"

ကျွန်တော် အံ့အားကလေးသင့်ကာ . . .

"ဟာ . . မင်း . . ငါ ဒီလောက်တောင် ပြောတယ်ကွာ"

"ဒီထက်မက ပြောရမယ်ကွ၊ ဘယ့်နှယ်လဲ . . မင်း သူ့သီချင်းလဲ မင်းအသံကြီးနဲ့ ဖျက်ဆိုသေးရဲ့၊ မင်းနာမည်ကြီးလဲ နတ်သျှင်နောင်နေရာမှာ ထည့်လိုက်သေးရဲ့၊ စစ်ထွက်ဆဲသော်တာဆွေမှာလေတဲ့ . . ထွီ မင်းမို့လို့ ဆိုပ်ဆိုကြတယ်ကွာ၊ မင်းလိုကောင် စစ်ထဲဝင် စစ်မြေပြင်များ တစ်လှမ်းကလေး သွားရှာရင် ငါ မပြောတော့ပါဘူး"

ဤနေရာ၌မူကား ကျွန်တော် ဒေါကလေးပွကာ . .


www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . ဟေ့ . . မင်းဒါတော့ မပြောနဲ့ကွ၊ ငါ စစ်ထဲ မဝင်ဖူးပေမယ့် တို့ ကညင်ခြံနံမှာ ခဲခြံတိုက်ပွဲကြီးမှာတုန်းက ဟော့ဒီအိမ်အတွက် စစ်မြေပြင် ထွက်ပြီး သင်းထုပ်သွားပို့တာ ဘယ်သူမှတ်သလဲ ငါကွ၊ မယုံရင် မင်းဟော့ဒီ လမ်းထဲက တို့လူဒီလူတွေကို မေးကြည့်ဦး"

ကျွန်တော်က ခပ်ပိုင်ပိုင်ကြီး ပြောလိုက်ပါသည်။

သို့တမှု သူသည် ရွှံ့ရွှံ့မဲ့မဲ့ကြီးပင် ရယ်မောလိုက်ပြီး . .

"အမယ်လေးဟဲ့ . . ကြီးကျယ်လိုက်တာ ကြီးကျယ်လိုက်တာ၊ ဒါ . . ငါ ကြားပြီးပါပြီကွာ၊ မင်း အဲဒီတစ်မနက် မိန်းကလေးတွေလဲပါတာနဲ့ နောက်ပိုးရင်း ဘာရင်း လူများတွေနဲ့ ရောယောင်လိုက်သွားပြီး နောက်ရက်တွေကျ တော့ ခေါ်မရတော့ဘူးဆို"

"အို . . ဒါတော့ ငါညံ့လို့ မဟုတ်ဘူးကွ၊ ငါက ဆရာတက်တိုး တပည့်ပီပီ အမြော်အမြင်ဉာဏ်ရှိတယ်"

"ဘယ်လိုများ မင်းက ဟိုဆရာကြီးနဲ့ နှိုင်းပြီး အမြော်အမြင်ရှိတာလဲ"

"မင်း . . စဉ်းစားကြည့်ကွ၊ အဲဒီ ထမင်းထုပ်ပို့ရတဲ့ နေရာက ကျည်ဆန်တွေ တဖြောက်ဖြောက် ကျနေတာ၊ မတော်မတဲ့ ငါ့မှန်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့် လုပ်ရတယ်ကွ၊ ဒီကိစ္စမှာ ငါတစ်ယောက်တည်း မသွားလဲ သည့်ပြင် ဆောင်ရွက်ကြတဲ့ လူတွေအပုံ"

သူသည် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်ကာ . . .

"အမယ်လေးဟဲ့ ကောင်းလိုက်တဲ့သတ္တိ၊ ရှိလိုက်တဲ့ မျိုးချစ်စိတ်၊ ဒါနဲ့များ သူ့ကိုယ်သူ စစ်ထွက်ဆဲ သော်တာဆွေမှာလေ . . တဲ့ . . ထွီ . ."

"ဒါကတော့ကွာ သိချင်းသွား အဆင်သင့်နေတာတိုးကွ"

"အဆင်သင့်ကောကွ၊ ကိုယ်နဲ့မတန်တာ ထည့်ဆိုရလား၊ မသကာ ဟုတ်တိုင်းမှန်ရာ နောက်ပိုးဆဲ သော်တာဆွေမှာလေ . . ဆိုရင် တော်သေးရဲ့"

"ဒီလိုဆိုတော့လဲ တိုက်ရိုက်ကြီး ငါ ရှက်တယ်ကွ"

သူသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် အူနှိပ်ရယ်လိုက်ပြန်ပြီး . . .

"အမယ်လေး . . မင်းက ရှက်သတဲ့ ထွီ . . မင်းလို အကောင်မျိုးတွေများ မြန်မာပြည်မှာ တကယ်အရှက်ရှိရင် တို့တိုင်းပြည်ကြီး ဒါလောက် ဆင်းရဲဒုက္ခ ရောက်မှာမဟုတ်ဘူး မှတ်ထား၊ တော်ကွာ . . တော်ကွာသော်တာ . . မင်း ဒီအခြေအနေအတိုင်းဆိုရင် ငါ မင်းအိမ်မှာဆက်နေနိုင်မှာမဟုတ်ဘူး၊ မဟုတ်ကဟုတ်ကဆို၊ မဟုတ်က ဟုတ်ကပြော၊ ဘာလဲ ဟိုနေ့ကလဲ မင်းကိုယ် မင်း ဘာသာမကိုင်းရှိုင်းတဲ့ ကွန်မြူနစ်ကြီးလိုလို ဘာလိုလိုနဲ့ ငါ့မိန်းမ မျှစ်ချဉ်ဟင်း ချက်တာကိုပဲ 'ဟော့ဒီမှာ စေတီကလေးတွေ ခွဲစိတ်ပြီး ဝက်သားနဲ့ ဟင်းချက်နေသတဲ့' ဘာညာနဲ့"





"ဒါကတော့ ငါ့မျက်စိထဲမှာ ဝါးဘိုးမျှစ်ကလေးတွေက စေတီလေးတွေနဲ့ တူနေတာကိုးကွ"

"တူကော ဘုရားစေတီကို ထိခိုက်ပြောရမှာလားကွ၊ နို့ပြီး အဲဒီနေ့ပဲ မျှစ်ချဉ်နဲ့ ဝက်သားများချက်တတ်ရင် အင်မတန်ကောင်းတယ်၊ ဒီအချိန်အခါမှာ မျှစ်ချဉ်နဲ့ဝက်သားချက်ဖို့ စိတ်ကူးရတာဟာ တကယ့်မိန်းမ ပညာရှိဘာညာနဲ့ ငါ့မိန်းမကို မြှောက်ပင့်ပြီး မင်း ထမင်းဝင်စားတဲ့အပြင် ငါ တစ်ခါတလေ အအေးမိဘာမိလာရင် သောက်တဲ့အရက်ပုလင်းကို မင်း တစ်ယောက်တည်း တစ်ဝက်ကျော်အောင် သောက်ပစ်လိုက်သေးတယ်"

"ဒါတော့ ငါက ညစာဆိုရှင် အရက်နဲ့မှ စားတတ်တာကိုးကွ"

"အေး . . အဲဒီ စားတာသောက်တာကိုတော့ ငါ မတွန့်တိုပါဘူး၊ ဒါပေမယ့် မင်း အဲဒီည မူးမူးနဲ့ ငါ့သားနို့ညှာကလေးကို ဘာပြောသလဲ သိလား"

"ဘာပြောမိလို့လဲကွာ"

"မင်း အဘဟာ မင့်ရန်သူ၊ မင်း အခု နို့မစို့ရတော့တော့ဟာ မင့်အဘကြောင့် . . ဘာညာနဲ့"

"ဒါ ငါမူးလို့ဖြစ်ပါလိမ့်မယ်ကွာ"

"မင်းကိုက မမူး မူးမူး အယုတ်တမာကို ပြောချင်တဲ့ကောင်ပါကွား ဟိုနေ့ကလဲ ငါ့ခယ်မအပျိုတွေအိမ်လာလည်တုန်း မင်း သိပ်လူဝါးဝတာပဲ"

"ဟင် . . ငါ ဘာလုပ်လိုက်လို့ကွာ၊ ငါ ဆရာဦးရန်အောင်ကို စာဖတ်ပြနေတာပဲကွာ"

"အေ . . . အဲဒီ စာဖတ်ပြနေတာကိုပဲ ပြောတာပဲ၊ ဘာလဲ မင့်စာထဲမှာက ခဲအို ခယ်မဆိုသည်မှာ ခဲအိုက ခယ်မကို ရနိုးရနိုးနှင့် ခဲရင်းခဲရင်း အိုသွားသောကြောင့် ခဲအိုဟု ခေါ်ဟန်ရှိသည်၊ ခယ်မဆိုသည်မှာလည်း ခဲအို၏ ခဲခြင်းကို ခံရသဖြင့် ခံမ နောက်မှ ကာလရွေ့လျော၍ ခယ်မဖြစ်ပေါ်လာပုံပေါ်သည်။ ထို့ကြောင့် ခဲအိုနှင့်ခယ်မပျိုမှာ သွေးသားမတော်စပ်သော ဆွေမျိုးဖြစ်၍ နီးကပ်စွာ မနေသင့်ကြောင်း၊ ၎င်းပြင် ခယ်မတို့မည်သည် ခဲအိုအဖို့၌ မိမိမယားနှင့် ညီအစ်မချင်း ရုပ်ရည်အမူအရာချင်း ဆင်နေသောကြောင့် ခဲအိုမှာ ဟိုဒင်းသည်ဒင်း သတိရပြီး စိတ်ဖောက်ပြားမည်ဆိုလည်း ဖောက်ပြားစရာ ဘာညာနဲ့ မင်းက အကျယ်ကြီးဖတ်ပြနေတော့ ငါတို့မှာ ဘယ်လောက် မျက်နှာထားခက်သလဲ မင်းသိရဲ့လား"

"ဟာ . . ဒါတော့ ငါ ရေးထားတဲ့စာကို ဆရာရန်အောင်နဲ့ ဆွေးနွေးနေတာပဲကွာ"

"ဘာလဲ ဆွေးနွေးတာက လမ်းမ,ကပါ ကြားအောင် အကျယ်ကြီးဖတ်ပြနေရသလား"



www.burmeseclassic.com

www.burmeseclassic.com

"ဆရာရန်အောင်ကြီးက နားထိုင်းတယ်ကွ"

"တော်ပါကွာ၊ မင်း တမင်ကလာ ဒီအချိန်အခါမှာ ဒီလူကြီးဖိတ်ပြီး ငါတို့ကို တမင်ကြောင်တာပါ ငါ သိပါတယ်၊ မင်း နည်းနည်းမှကောင်းတဲ့ အကောင်မဟုတ်ဘူး၊ ဟိုနေ့ကလဲ ငါ့ခယ်မ အငယ်တင့်တင့်ကို မင်းက မင်းကိုယ်မင်း ဆရာစန္ဒြတပည့် လက္ခဏာကြည့်တတ်တယ် ဘာညာဆိုပြီး အဖျိုလေးလက်ဝါးကိုင် လက်မောင်းသပ်နဲ့ ဘာတွေကရာတွေ လျှောက်ပြောနေတာလဲ"

"ငါ လက္ခဏာဟောနေတာလေ၊ မင်းခယ်မမို့ ငါ ပိုက်ဆံတစ်ပြားမှ တောင် မယူပါဘူး"

"အောင်မာ လူဝါးဝစကားပြောလိုက်တာ၊ မင်း လက္ခဏာကို ဘာများ သိလို့လဲ၊ အလကားသက်သက် ကောင်မလေးကို ညာတာပါတေးနဲ့"

"အေးကွယ် ဒါသိလဲ ထားပါတော့၊ မင်းက သူငယ်ချင်းချင်းကွာ၊ မင့်ခယ်မကို ဒါလောက်ကလေးတောင်မှ သဝန်တိုနေရသလား၊ မင်း ဟိုနေ့က မင့်ခယ်မအူကြီး မြင့်မြင့်ကို လေ့ကျင့်ခန်းယူနေတာ ဘယ်လောက်တိုးတက်သလဲဆိုပြီး တင်တွေရင်တွေ ပေကြိုးနဲ့ တိုင်းထွာနေတာတော့ ငါက 'ဩော်. . လည်သလို စားကြတာပဲ'ဆိုပြီး အသာကြည့်နေလိုက်ပါတယ်"

ဤနေရာ၌ကား ငနဲကောင် အနာပေါ်တုတ်ကျဖြစ်ကာ ဆတ်ဆတ်နာပြီး မျက်နှာကြီးနီသွားလျက်. .

"ဟေ့. . တော်တော့ တော်တော့၊ မင်း . . မင်း လူမှန်ရင် မင်းလို ချည်းအောက်မေ့ပြီး ပြောတယ်၊ တော်ပြီ. . တော်ပြီ ငါ စိတ်ပိုင်းဖြတ်လိုက်ပြီ၊ မင့်အိမ် (၇၅)ကျပ်ကို မနေတော့ဘူး၊ ဟိုဘက်လမ်းက (၁၅၀)ကျပ်ဆိုတဲ့ တိုက်ပုလေးပဲ နားအေးစိတ်အေးပြောင်းနေတော့မယ်"

ယင်းသည်တွင်ကား ကျွန်တော် သူ့ကို ချော့ရပါသည်။

"ဒီလိုတော့ မလုပ်ပါနဲ့သူငယ်ချင်းရာ၊ မင်း ဒီမှာနေရဖို့ကလဲ သုံးလရှိတော့တာ၊ ဟိုအိမ်ဆိုလဲ အနည်းဆုံး သုံးလတွက် စပေါ်ပေးထားရပြီး တစ်လမှ တစ်ဝက်နှိမ်ရတော့ သုံးလမှာ မင်း နှစ်ရာအစိတ်နာမယ်၊ နို့ပြီး မင့်အလုပ်ကလဲ ဟန်မယ် မဟန်မယ် မသေချာသေးဘူး"

"မသေချာ သေချာကွာ၊ ငွေကုန်တာထက် မင်းနဲ့နေရတာက စိတ်ဆင်းရဲလှတယ်၊ ငါက ကရင်လိုအကောင်၊ ဟင်. . ဆိုမရဘူး"ဟုဆိုပြီး နောက်ဖေးဆောင်ဘက်သို့လှည့်၍ "ဟေ့. . ညွန့်ညွန့်. . ခုလကုန်ရင် အိမ်ပြောင်းဖို့ စီစဉ်ကွာ"ဟု လှမ်းပြောလိုက်ပါသည်။ ဤတွင် သူ့မိန်းမသည် ပြုံးစိစိ မျက်နှာကလေးနှင့် မီးဖိုချောင်ထဲမှ ထွက်လာပြီး "ဘယ့်နှယ် သူငယ်ချင်း နှစ်ယောက် ဘာစိတ်ကောက်ကြပြန်တာလဲ"





"ကျွန်တော်က မကောက်တတ်ပေါင်ဗျာ၊ ခင်ဗျားလင်တော်မောင်ဝါ" ကျွန်တော်က မျက်နှာထားရွှင်ရွှင်နှင့်။

ညွန့်ညွန့်သည် သူ့လင်အောက်သိုးသိုးကြီးကို ကြည့်ပြီး. . .

"ဘာဖြစ်ကြလို့လဲ ကိုကိုရဲ့"

"မင်း နောက်ဖေးဆောင်က မကြားဘူးလားကွာ၊ ဒီကောင်နဲ့နေလို့တော့ မဖြစ်တော့ပါဘူး"

"ငါ တောင်းပန်ပါတယ် သူငယ်ချင်းရာ"

"ဟုတ်သားပဲ ကိုကို၊ ရန်သူတောင် လက်နက်ချရင် ကျေရသေးတာပဲ"

သူ့မိန်းမကပါ ဝင်ပြောလိုက်သည်၌ သူ့ကိုယ်သူ ကရင်လိုအကောင်ဆိုပေမင့်၊ မယားကို မတော်လှန်ရဲသော ဘကိုးမှာ ကျွန်တော့်သာ မျက်နှာထားဆိုးဆိုးနှင့်ကြည့်ပြီး . .

"မင်း ဒါဖြင့် နောက်ကို ငါမကြိုက်တာတွေကို မလုပ်ဘဲ နေနိုင်မလား"

"နေပါ့မယ်ကွာ၊ ငါ ကတိထားပါတယ်"

"အောင်မာ မင်းလိုကောင်မျိုး၊ နှုတ်ကတိနဲ့ ယုံရမှာလားကွ၊ စာချုပ်ချုပ်ရမယ်၊ မင်းဟာ ကျောင်းသားတုန်းကနဲ့ နည်းနည်းမှမတူဘူး၊ အခု စာရေးဆရာဖြစ်မှ အဖတ်ဆယ်မရအောင်ကို ပျက်စီးနေတယ်၊ ဘယ်လိုလူတွေနဲ့များ ပေါင်းတယ်မသိဘူး"

"ငါ ပေါင်းတာတော့ ဆရာတက်တိုးတို့၊ ဒဂုန်တာရာတို့၊ ကိုသာဓုတို့၊ ရှုမဝဦးကျော်တို့ပဲကွ"

"မင်း မကောင်းတိုင်း သူများတွေ ထည့်မနေစမ်းနဲ့၊ လာ စာချုပ်ရေးရမယ်"

"ရေးပါကွာ၊ ရေးပါ"

ထိုနောက်၌ သူ့စာရေးစားပွဲဆီသို့သွား၍ သူ့စိတ်ကြိုက် စာချုပ်ကြီးတစ်ခုကို ရေးပါသည်။ ဒီကောင်မှာ တစ်ခါ၌ ဝတ်လုံတစ်ယောက်နှင့် ဆွေမျိုးတော်ခဲ့ဖူး၍ (ယခုတော့ ထိုဝတ်လုံက သူ့အဒေါ်ကိုပစ်သွားပြီး) သူရေးသော စာချုပ်မှာ အင်မတန် ဥပဒေသံ ပါလှပါသည်။

အမည်က **ဆွေကိုးစာချုပ်ကြီး** ဟူသတည်း။

စည်းကမ်းချက်ကြီးများကား. . .

၁။ (က) သော်တာဆွေ အမည်ခံသာဒုတ်၊ ငယ်မည် ခွေးဆိုးခေါ် ကျော်စံကေးသည် ဤအိမ်ပေါ်တွင် ပေါက်တတ်ကရသီချင်းများကို မဆိုရ။

(ခ) သီချင်းကောင်းဆိုလျှင်လည်း တစ်စုံတစ်ယောက်ကို နားငြီးညံစီခြင်း မဖြစ်စေရ။ ကိုယ့်အသံ ကိုယ်မကြားအောင်ဆိုရမည်၊



www.burmeseclassic.com

www.burmeseclassic.com



(ဂ) တစ်စုံတစ်ယောက်ကို အနှောင့်အယှက်ဖြစ်စေလောက်အောင် စကားကျယ်လောင်စွာ ပြောရသည့် ရန်အောင်၊ သာမုတို့ကဲ့သို့ စာရေးဆရာ နားထိုင်းကြီးများကို အိမ်ခေါ် မလာရ။

၂။ (က) သော်တာဆွေအမည်ခံ သာဒုတ်၊ ငယ်မည်ခွေးဆိုးခေါ် ကျော်စံကေးသည် ဦးဘကိုး၏ကလေးသူငယ်များကို မဟုတ်မဟတ် ညစ်တီးညစ်ပတ်တွေ လျှောက်မပြောရ။

(ခ) အကယ်၍ စာရေးဆရာတို့အကျင့်အတိုင်း တစ်ဖက်သားကို ဆရာလုပ်ချင်သော ဝသီနှင့် မနေနိုင်မထိုင်နိုင် သင်ကြားလို စိတ်ပေါ်ခဲ့သော် ပထမဦးဘကိုးနှင့် တိုင်ပင်၍ ခွင့်ပြုချက်ကို တောင်းခံရမည်။

၃။ သော်တာဆွေအမည်ခံ သာဒုတ်၊ ငယ်မည်ခွေးဆိုးခေါ် ကျော်စံကေးသည် ဦးဘကိုး၏ဇနီးဒေါ်ညွန့်ညွန့်နှင့် (ဒေါ်ညွန့်ညွန့် သဘောတွေသည်ဖြစ်စေ၊ မနောခွေ့သည်ဖြစ်စေ) ပြက်ရယ်ပျော်ရွှင်မှု မပြုရ။

၄။ (က) သော်တာဆွေအမည်ခံ သာဒုတ်၊ ငယ်မည်ခွေးဆိုးခေါ် ကျော်စံကေးသည် အထူးသဖြင့် လိုက်နာရမည်မှာ ဦးဘကိုး၏ခယ်မများကို မည်သည့်နည်းနှင့်မျှ ဆက်သွယ်ခြင်း မပြုရ။ ရှုမဝ မဂ္ဂဇင်းငှားခြင်းကိုပင်မှ မပြုရ။

(ခ) လူချင်းဆုံ၍ မြင်ရုံဖြင့်လည်း သာယာသောစိတ်နှင့်မကြည့်ရ။ (ဤဥပဒေကြောင့် ကျွန်တော်မှာ သူ့ခယ်မတွေ မြင်လျှင် မျက်နှာရှု့၍ရှု့၍ ကြည့်ရပါသည်။)

၅။ သော်တာဆွေအမည်ခံ သာဒုတ်၊ ငယ်မည် ခွေးဆိုးခေါ် ကျော်စံကေးသည် ဦးဘကိုးနှင့် သူ့ခယ်မများ မည်သို့ပင် နေထိုင်ပြုမူ ဆက်သွယ်နေစေကာမူ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း (ဝါ) တိုက်ရိုက်နှင့် သွယ်ဝိုက်၍သော်လည်းကောင်း၊ (ဝါ) သုံးပုံနှစ်ပုံနှင့် သုံးပုံတစ်ပုံ ရောစပ်၍သော်လည်းကောင်း၊ (ဝါ) လေးပုံတစ်ပုံနှင့် လေးပုံသုံးပုံ ရောစပ်၍သော်လည်းကောင်း၊ (ဝါ). . . (ဝါ). . . ရှိသမျှ အပိုင်းဂဏန်းတွေ ရောစပ်၍သော်လည်းကောင်း၊ နှောင့်ယှက်ခြင်း၊ (ဝါ) အနှောင့်အယှက်ဖြစ်စေခြင်း၊ (ဝါ) ထိခိုက်ခြင်း စသည်တို့ကို အောက်ခြေသိမ်း လုံးဝမပြုရ။

ဤအချက်ကြီးငါးချက်အနက် တစ်စုံတစ်ခုကိုသော်လည်းကောင်း၊ (က)သော်လည်းကောင်း၊ (ခ)သော်လည်းကောင်း၊ (ဂ)သော်လည်းကောင်း၊ (က) နှင့် (ခ) တွဲ၍သော်လည်းကောင်း၊ (ခ)နှင့် (ဂ) တွဲ၍ သော်လည်းကောင်း၊ (က) နှင့် (ဂ) တွဲ၍ သော်လည်းကောင်း၊ သုံးခုစလုံး တွဲ၍သော်လည်းကောင်း၊





တစ်ဝက်စီတွဲ၍သော်လည်းကောင်း၊ သုံးပုံတစ်ပုံစီ တွဲ၍သော်လည်းကောင်း (ဟယ်. . သူ့အတိုင်း လျှောက်ရေးနေ ဆုံးတော့မှာ မဟုတ်ဘူးလေ) သော်တာဆွေအမည်ခံ သာဒုတ်၊ ငယ်မည် ခွေးဆိုးခေါ် ကျော်စံကေးက ကျူးကျော်ခဲ့သော် ဦးဘကိုးသည် နေထိုင်ခဲ့ နေထိုင်ဆဲ အိမ်ငှားခတို့အတွက် တစ်ပြားတစ်ချပ်မျှမပေးဘဲ ချက်ချင်းပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း။

မှတ်ချက်။ ဤစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ဦးဘကိုးသည်အိမ်လခမပေးဘဲထားပြီး ကန့်သတ်ထားသော ခြောက်လစေ့မှသာ စုပေါင်းပေးမည်။

ဤစာချုပ်တွင် မိတ်ဆွေအမြင်၌ တမင်မရှုည်သင့်ဘဲ ရှည်ထားသည်များ၊ မပိုသင့်ဘဲ ပိုထားသည်များ၊ မရှုပ်သင့်ဘဲ ရှုပ်ထားသည်များကို တွေ့ရပါလိမ့်မည်။ ဤကား အဆန်းမဟုတ်ပါ။ ဥပဒေစာချုပ်တို့၏ထုံးစံနှင့်တူအောင် တမင်လုပ်ထားခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်လင့်ကစား ကျွန်တော့်မှာ မျက်နှာငယ်ကလေးနှင့် လက်မှတ်ထိုးလိုက်ရပါတော့၏။

❑

ယခုအထိ ဖော်ပြသည်၌ မိတ်ဆွေသည် ကျွန်တော်၏အခြေအနေအဖြစ်အပျက်ကို အတော်ပင်နားထွေးနေလိမ့်မည် ထင်ပါသည်။

သော်တာဆွေတိမှာ ရန်ကုန်ကြည့်မြင်တိုင်လို အရပ်မျိုးတွင် အငှားထားရန် အိမ်ပိုင်များရှိနေသလား။ (ကျားသားမိုးကြိုး)

ရှိခဲ့လျှင် ဤကဲ့သို့ အိမ်ရှားပါးနေသော ခေတ်သမယကြီး၌ အဘယ်ကြောင့် ဟိုအကောင်ကို အောက်ကျခံချော့မော့နေရပါသနည်း။

သူ့အိမ်မှာ နှစ်ခန်းတွဲဖြစ်၍ အခြားတစ်ဖက်ခန်း၌ ကိုယ်မသန့်သူပါသည့် အိမ်ထောင်ကို ငှားထားမိလို့များ။ (ဤကား ကြုံတွေ့ရတတ်သော အဖြစ်အပျက်မျိုး။ အိမ်ငှား အိမ်ငှားနှင့် ကြိုက်ဈေးမတန်တဆရလို့ စခေါ် ခြောက်လတွက်လောက်ယူ ငှားလိုက်၊ ပြောင်းလဲလာကြရော၊ ကိုယ်မကောင်းသူကြီးလဲ ပါလာရော၊ ကျန်တဲ့ အခန်းလာနေမယ့် လူမရှိ၊ အိမ်ပိုင်ရှင်တို့သတိ၊ အရပ်ကပါ သွားကြည့်။)

ဤဝိဝါဒ မကွဲစရာအချက်များကို ကျွန်တော်သည် သုံးကွဲစာ်ခွဲ၍ ဖြေပါအံ့။ ပထမ ကဗျာနဲ့ စပါရစေနော်. . (ခေတ်ဆန်သော ကဗျာခင်ဗျ)

ပြာပြာညို့ညို့၊ ပြို့ပြို့ပြိုက်ပြိုက်၊ တိမ်တိုက်တိမ်သား၊ တိမ်မယား တိမ်သမီး၊ တိမ်ကြီးတော်လား၊ အဘွားလား၊ ခွဲခြားသိနိုင်၊ တိမ်စိုင်အိုအိုတိမ် ပျို့နှင့်စပ်၊ ဘယ်အရပ်များ၊ သွားမည်ပါချိမ့်၊ တလိမ့်လိမ့်လေ၊ နေရောင်တို့ သူတို့ကဖုံး၊ ပြုံးတုံးတုံးနှင့်၊ ရွှေကုံးဇာဆွဲ၊ ပုလဲလည်ကွပ်၊ တ...တိုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဟာ. . ဘယ့်နှာကြီးလဲ၊ ရှေ့ဆီးကန့်လန့်၊ လေးကိုင်းစန့်လို့၊ သက်တန့်ကြီးပဲ၊ တာတာည်းမှ၊ ဖောက်လွဲဖောက်ပြန်၊ တော်လှန်ရေးသမား၊ မိုးကိုတားပြီး၊ နိုးသားတုန်ကြောင်း၊ ရောင်စုံပေါင်း၍၊ မိုးနှောင်းကာလ ပြသတည်း။

ကဲ့တျွန်တော် ရေးချင်ရာတော့ ရေးလိုက်ပြီ။ မိတ်ဆွေ နားလည်လား၊ မလည်လားတော့ မသိ။ အောက်ကဆက်ပြီး ကျွန်တော့်ဆရာ ဒဂုန်တာရာ တန်တို နှံလိုက်ဦးမည်။ ကျွန်တော်သည် မိုးနှောင်းကောင်းကင်၊ သက်တန့် ဝင်ကြီးကို မျှော်ငေး၍ကြည့်နေပါသည်။

ကျွန်တော်၏မျက်လုံးသူငယ်အိမ်ဝယ် အရည်ကြည်သည် တဖိတ်ဖိတ် တောက်ပလျက် ရှိပါသည်။ ဤအရည်ကြည်ကြေးမုံဝယ်၊ သက်တန့်ရောင်တို့ သည် ရှန်းရင်းဆန်ခတ်ဖြစ်နေကြပါသည်။ ကောင်းကင်အပြာကို ကန့်လန့် ဖြတ်ကာ တစ်ဟုန်ထိုးဆင်းလာသော သက်တန့်ရောင်အကွေးသည် ကျွန်တော့် ချစ်သူမေတို့ အိမ်နံဘေးက ရောင်စုံပန်းချုံပေါ် သို့ ရောက်သောအခါ ရပ်နား ကာတံ့သွားသည်။ တံ့သည့်နေရာ၌ ဖွာခနဲ အပွင့်အချပ်အလွှာ အထပ် တလေးများဖြစ်သွားကာ ဝေ့လည်ဝေ့လည်နှင့် စကြာပန်းသဏ္ဌာန်လိုပြောင်း သွားကြသည်။ လမ်းမပေါ်၌ကား (ရည်းစားပူမိနေသော ကောင်မလေး၏ ခေါင်းက) ဖဲပြားလို လျှော့ရဲရဲကျကာ တွန့်နေ၏။ ဤမိုးနှောင်းကောင်းကင်နှင့် သက်တန့်ရောင်အောက်မှာ မေတို့အိမ်ကြီးသည် မားမားရပ်နေပါသည်။

ဆရာတာရာ့အရေးအသားကို တိုက်ရိုက်ယူ၍ ကျွန်တော့်ဇာတ်သွား နှင့်လျော်အောင် အချိန်နှင့်နေရာကိုသာ အနည်းငယ်ပြောင်းထားပါသည်။ သို့သော် သူ့စာဟန်မပျက်ပါ။ ကျွန်တော့်ဆရာ၏အရေးအသားမှာ ဤမျှနုပါ သည်။ ဆန်းသစ်ပါသည်။ တော်ရုံတန်ရုံလူ နားမလည်ပါ။ ကျွန်တော်လည်း နားမလည်ပါ။ ဆရာ့အရေးအသားမှာ နူးနူးညံ့ညံ့ ပျော့ပျော့စိစိ ပက်ကျိ တလေး လမ်းလျှောက်နေသည်နှင့် တူပါသည်။ သူ့စာကို ဖတ်လိုက်ရသော အခါ၌ကား ကျွန်တော့်သဘောအရပြောရသော် ရှန်ပိန်အရက်သောက်ပြီး လိပ် ကိုစီး၍ ခရီးသွားရသည်နှင့်တူပါသည်။ လက်ဝဲလဲ လက်ဝဲတော်လှန်ရေး သမား၊ အင်မတန်မှလဲနူးညံ့သိမ်မွေ့တယ်ခင်ဗျာ့။ ထို့ကြောင့် ကျွန်တော့်ကဗျာ ကလေးတစ်ခုနှင့် ဆရာ့ကို ဂုဏ်ပြုလိုက်ပါဦးမည်။

*ရှန်ပိန်သောက်ပြီး၊ လိပ်ကိုစီး၍၊ ခရီးသွားချင်သလား။ မွေကြပါတုန်၊ ဒဂုန်တာရာ၏ စာပေသစ်သည် ဝစ်လစ်စလစ်အနု၊ ဥခွံမှထွက်၊ မြေကိုဖက်၍၊ စွတ်စိစွတ်စီ၊ ပက်ကျိလမ်းလျှောက်ဟန်။*

ဤကဗျာနှင့် ဆရာ့ကို အလေးပြုပါ၏။

ဩော်. . ကိုယ့်ဆရာ ချီးကျူးရတာနဲ့ ကျွန်တော့်ဝတ္ထုကြောင်းတောင် ဘယ်ရောက်သွားပါလိမ့်။





ဩော်. . သိပြီ. . သိပြီ။ မိုးနှောင်းကောင်းကင်နှင့် သက်တန့်ရောင် အောက်မှာ မေတို့အိမ်ကြီးသည် မားမားရပ်နေပါသည်။

မိုးနှောင်းဆောင်းလူဖြစ်သဖြင့် အင်အားပြည့်ဖြိုး တင့်ရှန်းနေကြသော သစ်ပင်ပန်းမန်တို့သည် ပွင့်လန်းလာကြပါပြီ။ သစ်သီးသစ်နှံတို့သည်လည်း ရင့်မှည့်စပြုလာကြပါပြီ။ ရှုပ်ထွေးပေရေလှသော ချုံပုတ်တို့မှ ဒေဝေါနှင့်အတူ မာလကရော့ောင်းကြပြီဖြစ်၍ ပတ်ဝန်းကျင်ရှုမျှော်ခင်းကြီးမှာ ရှင်းကာလင်းကာ သာယာခြင်းတို့၏ မွေးသဖခင်ကြီးကို မီးရှူးသန့်စင်ဖွားမြင်လိုက်ပါပြီ။

အူဝဲ. . အူဝဲ။

သို့သော် ကျွန်တော်မှာ ဤမျှသာယာနေသော မိုးနှောင်းဆောင်းလူ၏ အလှများဝယ် မယစ်မူးနိုင်ပါ။ (အရက်သောက်မှ မူးတဲ့ကောင်ကိုးဗျ) မိမိ၏ အဖြစ်ကိုသာတွေးကာ ဆွေးလျလျ၊ ငေးဟဟ၊ လေးတွတွ၊ နွေးကွကွကြီးဖြစ် နေပါသည်။

မေတို့အိမ်ဆီကို ရဲရဲကြီးမသွားဝံ့ပါ။ ဒါကြောင့် ရွံ့တွန့်တွန့်နှင့် လွန့် လွန့်ကလေး လှမ်းခဲ့ပါသည်။ သို့တမင့်လည်း အိမ်ရှေ့လမ်းမ လူမြင်သူမြင်က မဟုတ်ပါ။ နောက်ဖေးလမ်းကြားက ဖြစ်ပါသည်။ မေရဲ့ ဇာဘော်လီတွေ ဘာ တွေ လှမ်းထားတာများ မြင်ရလို မြင်ရငြား။

ဟား. . . ကျွန်တော် ပွချင်တော့. . မေ. . နောက်ဖေးခြံစောင့်ရင်းတ ထဘီရှတ်လာသည်နှင့် အဆင်သင့်တိုးနေပါပြီ။

ဟီ. . . ကျွန်တော် အလျင်အမြန် ပြုံးလိုက်ပါသည်။

ဟွန့်. . . မေသည် သနပ်ခါးရေကျဲကလေးနှင့် မျက်ခုံးကလေးတွန့် လိုက်ပြီး. . . "ဆရာကြီး လူများမြင်ရင် နောက်ဖေးလမ်းကြားလျှောက် နှိုဆိ ခွက်ကောက်တယ် ဖြစ်နေဦးမယ်"

"မဟုတ်ပါဘူး မေ့ကို တွေ့လိုတွေ့ငြားလာခဲ့တာပါ"

ကျွန်တော် အရဲစွန့်လိုက်ပါသည်။

"ဟုတ်ပါတယ်၊ မေကတော့ သိတာပေါ့၊ သည့်ပြင်လူတွေက မြင်ရင် ပြောတာပါ"

"တချို့လူတွေ မြင်ကြသားပဲ"

"မြင်ကြတော့ ကိုဆွေ့စိတ်ထဲ ဘယ့်နှယ်နေသလဲ"

"မပြောတတ်ဘူး မေ့သွားပြီ၊ မေ့ကို တွေ့ချင်လှတဲ့စိတ်က ဖုံးလွှမ်းနေ တာနဲ့. . ."

"ဘာကိစ္စ တွေ့ချင်တာလဲ"

"အဲဒါ ပြောရခပ်ခက်ခက်ပဲ"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခဏစဉ်းစားပါဦးမယ်"

"အို. . နောက်ဖေးကြီးမှာ ဒီလိုမတ်တတ်ကြီးငိုင်နေလို့ လူများမြင်ရင် ဘယ့်နှယ်ထင်မလဲ"

"အဲဒါလဲ စဉ်းစားစရာပဲ"

"နေပုံကြီးက ဟိုဘက်လမ်းက မေသျှမ်းတို့မြင်ရင် မကောင်းပါဘူး"

"ဒါဖြင့် ခြံဝင်းထဲ ဝင်ခဲ့ရမလား"

"ဝင်ခဲ့လေ. ."

"တကယ်နော်"

"အို. . ကိုဆွေ့ကို မေ ဘာလို့ဝါရမှာလဲ"

"အယ်. . သည်လိုဆိုဟန်ကျပြီ၊ ဘယ်နေရာမှာလဲ တံခါးပေါက်"

"မရှိဘူး"

"ဟင်. . ဒါဖြင့် ဘယ့်နှယ်လုပ်ဝင်မလဲ"

"ဝင်းထရံကျော်တက်ပေါ့"

"ဟင်, ဘယ်တက်နိုင်မလဲ မေရယ်၊ မောင့်ကို သေစေညွှန်းရော့လား"

"အမယ်လေး, သန်းဆွေဆန်နေလိုက်တာ၊ တက်များကြည့်စမ်းပါဦး၊ ကိုဆွေ့ရင်ဘတ်လောက်ရှိတာ၊ အလယ်တန်းကလေးနင်းပြီး ကျော်တက်ပေါ့"

"ထိပ်မှာအချွန်တွေနဲ့"

"ဝင်းထရံဘဲ နည်းနည်းပါးပါးတော့ ချွန်ထားမှာပေါ့"

"မတော်တဆ စူးရင် ဘယ့်နှယ်လုပ်မလဲ"

"အို. . စမ်းများတက်ကြည့်ပါဦး"

"ဟင်. . ဒါဖြင့်. ."

ကျွန်တော်သည် ကောင်မလေးငယ်ငယ်လေး၏ ခိုင်းစေချက်အရ ဝင်းတန်းနင်းတက်လိုက်ပါသည်။ သို့သော် "အာ. . မဖြစ်ဘူး. . မဖြစ်ဘူး၊ ပေါင်ချန်စူးတော့မယ်" ရှေ့မကျော်နိုင်ဘဲ နောက်ပြန်ဆင်းရပါသည်။ ကလေးမက ရွှေစိတ်တော်ငြိုငြင်ဟန်နှင့်. . . "အမယ်လေးဟဲ့. . နော်"

"မေရဲ့, မောင်တို့ စာရေးဆရာတွေက အနုပညာသမားတွေဆိုတော့ ဒါမျိုးမရဘူး"

"နို့. . ကိုဆွေ စွန့်စားခန်း ဝတ္ထုတွေလဲ ရေးသေးတယ်ဆို"

"ဒါကတော့ ဖောင်တိန်က စွန့်စားရတာပဲကွယ်၊ ကိုယ်နဲ့ ဘာဆိုင်တာမှတ်လို့၊ စာရေးဆရာဆိုတာ ဒီလိုပဲ၊ ကွန်မြူနစ်စာရေးဆရာလဲပဲ ဖောင်တိန်က ဆင်းရဲသား သနားပေမယ့် လူကတော့ ဗန်ကောက်လုံချည် ဖုန်ပေမှာစိုးလို့ ဆင်းရဲသားရပ်ကွက် မသွားဘူး၊ ကဲ. . ကိုဆွေ ခြံဝင်းထဲရောက်အောင် မေ ကြံပေးစမ်းပါဦး"





"အိမ်ရှေ့လမ်းမဘက်က လှည့်ဝင်ခဲ့ပေတော့"

"ဟာ. . ဖြစ်ပါ့မလား. . လူကြီးတွေ မရှိဘူးလား"

"ရှိရှိ မရှိရှိလေ မေခေါ်ရင် လာရဲရမှာပေါ့"

"အေး. . အေး. . ဒါဟုတ်တယ်၊ လာမယ်. . လာမယ်၊ ဒါထက် မေတို့အိမ်က လမ်းအလယ်လောက်ကြီးမှာ၊ ကိုဆွေ လမ်းမ,ပြန်ထွက်ရင် လာခဲ့တဲ့ဘက်ပြန်တာ နီးမလား၊ ရှေ့ဆက်လျှောက်တာ နီးမလား"

"ရှေ့ဆက်လျှောက်တာ နီးမယ်ထင်တယ်"

"အင်း. . ဒါဖြင့် လာခဲ့မယ်နော်၊ မေ အိမ်ရှေ့က သွားစောင့်နော်"

ကျွန်တော် အမြန်လျှောက်ခဲ့ပါသည်။ ဆယ့်ငါးလှမ်းမျှ ရောက်သောအခါ၌ ရှေ့က ခွေးတစ်ကောင်ထွက်လာပြီး . . "ဝုတ်. . ဝုတ်"

"တယ်. . သောက်ကမြင်းမခွေးနှယ်"

သူက တကယ့်ကို ကိုက်မယ့်ဟန်မျိုးဗျ။ ပါးစပ်ထဲ သွားတွေဘာတွေနဲ့၊ ထို့ကြောင့် ကျွန်တော် နောက်ပြန်လျှောက်ခဲ့ပါသည်။ မေတို့အိမ်နောက်ရောက်သောအခါ၌ မေမှာ အဝတ်တွေ ရှုတ်တုန်းပင်။

"ဟင်. . ကိုဆွေ မလာတော့ဘူးလား၊ ဘာလို့ပြန်လာလဲ"

"လာမှာပါ. . လာမှာပါ၊ ဟိုမတင်ကြီးအိမ်က ခွေးပိန်မ ထွက်လာတာနဲ့ ဒီဘက်ကဘဲ လှည့်ခဲ့တော့မလို့"

"အင်း. . ဒီဘက်မှာလဲ ဒေါ်ဖွားအိမ်က ခွေးတစ်ကောင်ရှိသေးတယ်နော်"

"အို. . ဒီခွေးအိုကြီးတော့ ကိုဆွေ ဂရုမစိုက်ပါဘူး၊ တကယ်လို့ သူထွက်လာပြီး ရန်သတ္တရုပြုမယ်ဆိုရင်တောင် ကိုဆွေ မေ့ကိုချစ်တဲ့အာရုံနဲ့ ကဆုန်စိုင်းလာခဲ့မှာပါ၊ စိတ်သာချပြီး မေ့အိမ်ရှေ့ကသာ သွားစောင့်နေတော်မူ"

ကျွန်တော့်မှာ မိန်းကလေးနှင့် ပြောဆိုဆက်သွယ်ရာ၌ အခြားစာရေးဆရာတို့၏ဝတ္ထုဇာတ်လိုက်များထက် အဆပေါင်းများစွာ သိမ်သိမ်မွေ့မွေ့ ပျော့ပျော့နဲ့နဲ့ နူးနူးထွတ်ထွတ်ရှိလှပါသည်။

ကျွန်တော်သည် အဘယ်မည်သော သုနက္ခော၏နှောင့်ယှက်တားဆီးခြင်းကိုမျှ မခံရဘဲ လမ်းမပေါ်သို့ အောင်မြင်စွာရောက်ခဲ့ပြီး မေတို့အိမ်ရှေ့ဆီသို့ ရဲတင်းစွာ လျှောက်ခဲ့ပါသည်။

ကောင်မလေးက လာခဲ့ပါ ဆိုလို့သာ. . . ဟင်း. . .

ရင်ထဲမှာတော့ တဒိတ်ဒိတ်၊ ဟော. . . .

မေက အိမ်ရှေ့မှာ အသင့်ပဲစောင့်လို့ . . .

(မိတ်ဆွေ. . ဤနေရာမှစပြီး ဟိုနေရာအထိ ကျွန်တော်နှင့်မေ ပြောစကားများကို ရုပ်ရှင်ထဲတွင် တင်မောင်နှင့်မေရှင် နှစ်ပါးသွားသီချင်းလို


www.burmeseclassic.com

www.burmeseclassic.com

အတင်းသီချင်းလုပ်၍ အသံထွက်ဖတ်ပါ။ အောက်မှာစ,ပါပြီ။ ချစ်မုန်းမာန် ထဲက မေရှင်သီချင်းသွား။)

"တံခါးဖွင့်ပါမေရယ်" (ဖိုသံ)

"တွန်းဝင်ခဲ့ပါ မောင်ရယ်" (မသံ)

"ကိုက်တတ်တဲ့ခွေးများ ရှိသလားကွယ်"

"ဝုတ်. . ဝုတ်. . ဝုတ်" (ခွေးသံ)

"ဟဲ့. . ဂျက်ကီ. . ဂျက်ကီ" (မေ. . ခွေးမောင်း)

ပြီး. . . သီချင်းပြန်ဆို။

"မကိုက်ပါဘူးမောင်ရယ်၊ မဟပ်ပါဘူး မောင်ရယ်၊ ဟောင်ရုံဟောင် ပါးတယ်" (ဤနေရာ၌ ပါက ပါးဖြစ်နေသည်မှာ အင်္ဂလိပ်ရှုံကျုန်သွင်းထား ရလို့တဲ့)

မင်းသား (အသံအေး အသံလေးနှင့်)

"အိုလှေကားပေါ် တက်ခဲ့ပါပြီလေ၊ ဘယ်နားမှာထိုင်ရမှာလဲမေ"

မင်းသမီး (မေရှင်ဆိုသည့်အတိုင်း ဒရောသောပါးအသံမျိုးနှင့်)

"ဒီမှာထိုင်ပါမောင်ရယ်၊ ဆေးလိပ်သောက်ပါ မောင်ရယ်၊ မေ. . လက်ဖက်ရည် သွားဖျော်လိုက်မယ်"

မင်းသား (ပို၍အေးဆေးသောအသံနှင့်)

"အို. . နေပစေမေ. . မောင် မဆာဘူးလေ"

မင်းသမီး (ပို၍ဒရောသောပါးနိုင်သော အသံနှင့်)

"မဆာကော မောင်ရယ် သောက်မှပေါ့ကွယ်၊ သောက်မှပေါ့ကွယ်. . မသောက်ဘဲနေလို့ ဘယ်ဖြစ်မလဲကွယ်"

(ကဲ. . သီချင်းတော်ပြီတဲ့. . မင်းသား မင်းသမီး နှစ်ပါးသွားရတာ မောသွားပြီ၊ စကားပြေရိုးရိုးပဲ ပြောကြတော့မယ်၊ မင်းသမီးက မင်းသားကို ကုလားထိုင်တစ်လုံး ညွှန်ပြပြီး)

"ထိုင်ပါ ကိုဆွေ"

"ဟင်. . အိမ်ရှေ့ကြီးမှာ . . . မေနဲ့ကိုဆွေ လူသူမြင်မှာ မစိုးဘူးလား"

"လူသူမမြင်တဲ့နေရာမှာ ကိုဆွေနဲ့နေဖို့က ပိုစိုးလှပါတယ်"

"အယ်. . ဒါလဲဟုတ်တယ်၊ နို့. . မေ့ဒက်ဒီနဲ့ မာမီမရှိဘူးလား"

"သူတို့ မြို့ထဲသွားကြတယ်"

"သူတို့ရှိရင်တော့ မေ. . ကိုဆွေ့ကို ခေါ်ဝံ့မှာမဟုတ်ဘူးနော်"

"မာမီကို ပြောပြီးပြီ ကိုဆွေရဲ့"

"ဟင်. . ဟုတ်လား. . ဘယ်လိုပြောလဲ"

"မေ့ကို. . ကိုဆွေက ချစ်နေတယ်လို့"





"ဟင်. . မေက ကိုဆွေ့ကို ချစ်တာတော့ မပြောဘူး"

"အို. . ကိုဆွေကလဲ"

သူမ မျက်စောင်းထိုးပါသည်။

"အေး. . ဟုတ်သားပဲ၊ အင်း. . ဒီတော့ မာမီက ဘာပြန်ပြောလဲ"

"သဘောတူတယ်တဲ့"

"အမယ်လေး ဟန်ကျလိုက်တာ၊ ဒါများ ပြောပြောက စောရောပေါ့"

"မေ. . . အခု ထဘီတွေရုတ်ပြီး ကိုဆွေ့ဆီ စာရေးမလို့ဘဲ"

"ကဲ. . ဒါဖြင့် အခု မေနဲ့ကိုဆွေကလဲ ချစ်နေပြီ၊ လူကြီးတွေကလဲ သဘောတူပြီ၊ ဒီတော့ ရှေ့ဆက် ဘာလုပ်ကြမလဲ"

"လက်ထပ်ရုံပေါ့"

"အဲဒါဟုတ်တယ်၊ ဩော်. . ဩော်. . ဒါထက်"

ကျွန်တော်သည် ချစ်သူကလေး၏တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်၍

"မေ. . အသက်ဘယ်လောက်ရှိပလဲ"

"ဆယ့်ခြောက်နှစ် ပြည့်ပါပြီ ကိုဆွေရဲ့"

"အယ်. . ဒါဖြင့်. . ဖြစ်ပြီ ဖြစ်ပြီ"

"အိုး. . ဘာဖြစ်တာတုံး"

"ကိုဆွေ အသိတရားသူကြီးတစ်ယောက်က သူ့ရုံးလာလက်ထပ်ချင် ရင် ဆယ့်ခြောက်နှစ်ပြည့်ရမယ်တဲ့၊ ကဲ. . နက်ဖြန်ပဲ သွားကြစို့လား"

ဤနေရာတွင်မူ မေမှာ မျက်လုံးမှာလေး ယိုင်သွားကာ. . .

"နိုး. . နိုး. . နိုး. . ကိုဆွေ ဒီလိုနဲ့မဖြစ်ဘူး"

"ဘယ်လိုမှလဲ"

"မာမီက အနည်းဆုံး သုံးထောင်ကုန် တင်တောင်းရမယ်တဲ့"

"အောင်မယ်လေးဗျ"

ကျွန်တော့်ပါးစပ်ကတော့ အသံထွက်သည် မဟုတ်ပါ။

ကျွန်တော် မျက်လုံးပြူးပြီး ငိုင်သွားပါသည်။

ချစ်သူအခြေကို သိလှသော မေကလေးသည် ကျွန်တော့်အင်္ကျီရင်စ ကို ကိုင်ပြီး "မောင်ရယ် သုံးထောင်ဆိုပေမယ့် မောင်က နှစ်ထောင်ပဲရှာရမှာပါ၊ မေ့မှာ မာမီတို့မသိအောင် တိတ်တိတ်စုထားတဲ့ ငွေတစ်ထောင်ရှိပါတယ်၊ နောင် မောင်နဲ့ မေနဲ့ညားတော့ မေ ဘယ်လိုပဲ နေရနေရ စာရေးဆရာဘဝဟာ ငွေကြေးဆင်းရဲမှန်းလဲ မေသိပါတယ်၊ ဒီငွေလေးနှစ်ထောင်တော့ ကြိုးစားလိုက် ပါမောင်ရယ်၊ မောင်. . မေ့ကို ချစ်တယ်နော်၊ မေကလဲ မောင့်ကို သိပ်ချစ်တာ ပဲကွယ်"

❑



www.burmeseclassic.com

www.burmeseclassic.com



ငွေ. . . ငွေ. . ငွေ. . .

ကျွန်တော် မေတို့အိမ်မှထွက်ပြီး စိတ်ပေါက်ပေါက်နှင့် မြို့ထဲရောက်ခဲ့ပါသည်၊

"အစ်ကိုကြီးခင်ဗျာ. . အစ်မလေးခင်ဗျား. . ထမင်းဖိုးလေး မ,စပါ"

"ဟွန်. . ဝှမ်. . ဟွန်. . ဝှမ်"

ဆိုက်ကားသမား လူခေါ်နေပါသည်။

"ကြည့်မြင်တိုင်ကိုလား. . ဆရာပုဇွန်တောင်ကို. . "

ဘတ်စ်ကား။

"ကီးသဲဂျာရေးကား ဆပ်"

လန်ခြားကုလား။

"လာပါဆပ်. . လာပါ. . ဒန်ပေါက်. . စမူဆာ. . ပလာတာ"

"ဂျပလ်. . ဂျပ်"

နို့အေးရှာရိပတ် အိုက်စကရင်။

"ဒေါက်ဒေါက် ဒန်ဒန် ချောက်ချက်ရှဲ"

တရုတ်ခေါက်ဆွဲ။

"ဘောလ်ဒုန့် ဟိုတယ်ကြီး"

"မြို့သြဘာ ကုမ္ပဏီကြီး"

"ဆရာဝန်ကြီး ဦးပိန်ညှောင်း"

"ဂျွန်ဘရားသားအင် စစ်စ်တားစ်"

"ဂယ်ရီကူးပါး ပါဝင်အသုံးတော်ခံသော ဟတ္တဇာတ်ကားကြီး"

ဤအသံတွေ ဤစာတွေ ဤဆိုင်းဘုတ်တွေ ကျွန်တော့်နားမျက်စိထဲကြားပါမြင်ပါသည်။ တစ်သံနှင့်တစ်သံ စာတစ်ခုနှင့်တစ်ခု မတူကြပါ။ အဆင့်အတန်းချင်းလည်း ကွာခြားလှပါသည်။ သို့သော် ကျွန်တော့်အသိဉာဏ်ထဲ အဓိပ္ပာယ်တစ်ခု ထွက်လာ၏။

ပိုက်ဆံ. . ပိုက်ဆံ. . ငွေ. . ငွေ. .

Everybody Calling For Money Money.

လူတိုင်းလူတိုင်း ငွေ. . ငွေ ခေါ်နေကြသည်။

တမ်းတနေကြသည်။ ကြိုးစားနေကြသည်။

အဓိပ္ပာယ်ကတော့ တစ်ယောက်နှင့်တစ်ယောက် လုပ်ရည်ကြံရည် ဉာဏ်ရည်ချင်း တိုက်ခိုက်နေကြ၍ ကိုယ့်သာရာဘက်မှ အမြတ်ထွက်လာကြခြင်းပါ။

ပညာသည်ကို သူတို့က တိုက်ခိုက်ဖို့အင်အားရအောင် ကျန်းမာရေးအတွက် ဖျော်ဖြေမှုအတွက် တန်ရာတန်ဖိုး ဆက်ကပ်နေကြခြင်းပါ။





သူတို့ လိုချင်နေတာက အစားတွေ အဝတ်တွေပါ။ ဟိတ်ဟန်ထုတ်ဖို့က ရွှေငွေကျောက်သံပတ္တမြား။ သည်အရာတွေအားလုံး သူတို့လူစု လက်ထဲမှာ အများကြီးလည်ပတ်နေပါသည်။

ဤပစ္စည်းတွေ ဘယ်က ရလာသလဲ။ သူတို့တွေ မြေကြီးထဲက ထုတ်ယူလာလို့လား။ မဟုတ်ပါ။ မဟုတ်ပါ။ နည်းနည်းကလေးမှ မဟုတ်ပါ။

အနို့. . ဘယ်ကရောက်လာပါသနည်း။

တောနေ ကျွန်တော့်အဖေထံသို့ စာရေးလိုက်ပါသည်။

အဖေ. . .

အဖေ့သား ငွေ ၂၀၀၀/- (နှစ်ထောင်ကျပ်တိတိ၊ ပိုချင်လဲ ပိုပါစေ) လိုချင်ပါသည်။ သိတင်းမကျွတ်မီ အမြန်ဆုံးပို့ပေးစမ်းပါ။

အဖေ့ထံမှ ပြန်စာ. . .

ဟဲ့ ငါ့သား. .

ဒီအချိန်အခါမှာ ငါ့ဆီက ငွေနှစ်ထောင်မပြောနဲ့ နှစ်ဆယ်တောင်ပေးစရာမရှိဘူးဟဲ့၊ မင်းမို့လို့ တောင်းရက်ပလေ သားရယ်. . . ဒီလောက်ငွေဟာ ငါတို့ ဆွေမျိုးတစ်သိုက်မပြောနဲ့၊ တစ်ရွာလုံးစုပေးရင်တောင် ရမှာမဟုတ်ဘူး။

ခုနှယ်. . တို့တောရွာတွေမှာ ဘာဖြစ်နေသလဲ သိရဲ့လား၊ ခိုးသားဓားပြထူတာနဲ့ စပါးဈေးက မကောင်း၊ အဝတ်အစားဈေးတွေကကြီး၊ တစ်မိုးတွင်းတစ်ဆောင်းတွင်းလုံး တစ်ရွာလုံး နွားနဲ့ဖက်ရုန်းကြတဲ့ စပါးတွေကလဲ တစ်လလောက် မျက်စိရှေ့မှောက်မြင်ရပြီး နောက် ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး၊ အခုလဲ ဗိုက်ပြည့်ရုံစား၊ မပေါ်ရုံဝတ်ပြီး ရွံ့ထဲပြန်ဆင်းနေကြရတယ်. . မင်းတို့မြို့ကြီးသားတွေပဲ ချမ်းသာကြပါပေတွယ်၊ ခြေသလုံးရေမထိ ရွှံ့မစဥ်နဲ့။

ဟုတ်သည်။ အဖေပြောတာ မှန်ပါသည်။ မြို့ကလူတွေနှင့် တောကလူတွေ ပစ္စည်းပစ္စယ ချမ်းသာတာခြင်းမတူပါ။ ဘာပြုလို့ခြားနားသလဲ၊

ဘယ်လိုနည်းတွေ ဘယ်သူက ဘယ်သူထက် သာနေလို့လဲ၊

ဒါတော့ ကျွန်တော် မသိပါ။ အလုပ်တော့ တတ်နိုင်သမျှ လုပ်ကြတဲ့သူတွေချည်းပါပဲ။ အို. . ရှုမဝ သွားပိုက်ဆံတောင်းဦးမယ်လေ။

"ဦးကျော် ကျွန်တော် ငွေနှစ်ထောင်လိုချင်တယ်"

"ကိုရင်. . . ဒါမိုးတွင်းကြီး. . မိုးကြိုးပစ်ချလို့ ကျုပ်တို့ပါ စိတ်တွင်းမလွတ်ဘဲ ဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အကောင်းပြောတာပါ"

"အဟိန့်ပါ ပြောပြော"

"ကျွန်တော် ပပဝတီဝတ္ထုရေးပေးမှာပဲ"

"ကိုရင့်ဝတ္ထုပြီးရင် ကိုရင့်ဝတ္ထုတန်ဖိုးရမှာပေါ့"

"ဘယ်လောက်ပေးမှာလဲ"

"အရင် ချစ်ပန်းနှစ်ခိုင်တုန်းက ဘယ်လောက်ပေးသလဲ"

"ဟာ. . ဒီလောက်ဆို နည်းတာပေါ့"

"အမယ်. . ကျုပ်ဖြင့် ဒီလောက်တောင် မမြတ်ပေါင်ဗျာ၊ ကိုရင့်ဝတ္ထုက အလွမ်းဝတ္ထုကြီးဖြစ်နေလို့ အရောင်းရနေးတာနဲ့ အဲသည်တုန်းက ရှေ့ဆက်နောက်ဆက်ထုတ်တဲ့ တင့်တယ် ပန်းရောင်၊ တက်တိုး ခါးကုန်းကြီး၊ ရွှေဥဒေါင်း မျှော်တလင့်လင့်တို့ကမှ ဟန်လိုက်ပါသေးတယ်၊ ကိုရင့်ဝတ္ထုမှာ ကျုပ်ငွေရင်းစိုက်ရတာ အကြာဆုံးပဲ"

မျက်မှာန်တော် ညှိုးလိုက်ပါနဲ့ ခိုကိုးသူပါ . . .

ကြော်ငြာကားတစ်ခုပေါ်မှ ခေတ်ပြားဖွင့်သံ ကြားလိုက်ရပါသည်။

ကျွန်တော် ရှုမဝမှ ထွက်ခဲ့ပါသည်။

တင့်တယ်၊ တက်တိုး၊ ရွှေဥဒေါင်း။ ကျွန်တော်တို့ အသီးသီး အသက စာရေးခတွေ ရကြပါသည်။

အနို့ တသီးတဝဆိုတဲ့ စကားလုံး ဘယ်သူ့ဖို့ သုံးမလဲ။

"ဟော့. . ကိုဆွေ ဘာငိုင်လာတာလဲ"

လမ်းတွင် ကျွန်တော့်မိတ်ဆွေတစ်ယောက်က နှုတ်ဆက်လိုက်သဖြင့်

"ဟင်. . ကိုခင်မောင်ကြည်. . ဘယ်တုံး"

"အလုပ်တိုက်ကိုလေ"

"ဩော်. . ဩော်. . အင်း. . ခင်ဗျားအလုပ်က တော်တော်ဟန်လားဗျ"

"ဟန်တယ် ဘယ်ဟုတ်မလဲ ကိုဆွေ၊ မနက် ကိုးနာရီက ညနေငါးနာရီအထိ ထိုင်လုပ်ရတဲ့အတွက် အသက်ရှင်နေမှုအစာနဲ့ အရှက်လုံမှု အဝတ်ဖိုးတော့ ရတာပေါ့"

"ခင်ဗျားတို့ အလုပ်တိုက်မှာ အလုပ်သားတွေ ဘယ်လောက်များလဲ"

"တစ်ရာကျော်တယ်"

"ကျွန်တော်လဲ ခုတစ်လော မိန်းမလိုချင်တာနဲ့ အလုပ် လုပ်ချင်စိတ်ပေါ်တယ်ဗျာ၊ ခင်ဗျားတို့တိုက်မှာ မရနိုင်ဘူးလား"

"ခဲယဉ်းတယ် ကိုဆွေ၊ ခုတစ်လော သူဌေးက အမြတ်နည်းတယ်ဆိုပြီး အလုပ်သမားလျှော့ရမလား၊ လခဖြတ်ရမလား လုပ်နေတယ်ဗျ"





ကျွန်တော် သူနဲ့ ခွဲခဲ့ပါသည်။

"ဟေ. . ကိုကျော်မြ"

စက္ကူထုပ်တွေတင်သော ချယ်ဂါလီနောက်မှ (၃၅)ကျပ်တန် နေတာမျက်မှန်ပြာကြီးတပ်၍ လိုက်လာသော ကျွန်တော်တို့ ရှုမဝမန်နေဂျာကို နှုတ်ဆက်လိုက်ပါသည်။

သူ့နှုတ်ခမ်းတွင် အပြုံးပန်း ပွင့်လန်းလာကာ. . .

"ဟာ. . ဘယ်လဲ ဆရာကြီး"

"ဘယ်ကိုရယ် မဟုတ်ပါဘူးဗျာ၊ ဘာလဲ ချယ်ဂါလီပေါ်က အတ်ပေပါတွေလား၊ ဘယ်ဈေးဝယ်ခဲ့ရလဲ"

သူ့နှုတ်ခမ်းက အပြုံးပန်းသည် အမဲ့ဖူးသို့ကူးသွားပြီး. . .

"ဟာ. . ဈေးတော့ မမေးနဲ့ဗျာ၊ ချလိုက်တာ နင့်နေတာပဲ၊ ငနဲတွေပိုင်ပိုင်သလောက်ချတာပဲ၊ ကိုယ်ကလဲ မဝယ်ဘဲ မနေနိုင်တော့ သူတို့ကို လုပ်ကျွေးနေရတာပေါ့လေ"ဟု ညည်းညူလိုက်ပြီး သူ၏အပြုံးပန်းကို ပြန်ဖွင့်ကာ "စက္ကူဈေးတွေ ဒီအတိုင်းတက်နေရင်ဖြင့် စာရေးဆရာကော်ပီတွေ လျှော့ပစ်ရလိမ့်မယ်ဆရာ"

အကယ်ဆိုသော်ကား မဂ္ဂဇင်းသမားသည် စက္ကူဈေးကြီး၍ဖြင့် စာရေးဆရာအခကို မလျှော့ပါ။ လမ်းပန်းဆက်သွယ်မှုမကောင်း၍ စောင်ရေနည်းသောအခါ၌ လျှော့တတ်၏။ စာစီသမားတွေကိုပါ လျှော့ရ၏။

ကျွန်တော် သူနှင့်ခွဲခွာခဲ့သောအခါ၌ အင်မတန်စီးကရက်သောက်ချင်စိတ်ပေါ်လာသည်။ ထို့ကြောင့် ကွန်တီနင်တယ်အောက်က ဆေးလိပ်ဆိုင်တစ်ခုသွားပြီး ကျွန်တော် သောက်နေကျ စီးကရက်ကို ကြည့်သည်။

သို့သော် မမြင်ပါ။

"သုံးသုံးလုံး စီးကရက် မရှိဘူးလားဗျ"

"ဈေးကြီးလွန်းလို့ ယူမရောင်းဝံ့တော့ဘူးဗျာ၊ ဆယ်ဘူးကို ဆယ့်ခုနစ်ကျပ်ဆိုတော့ နှစ်ကျပ်မတ်တင်းရောင်းမှ ဆယ်ဘူးကုန်လို့ ကိုယ့်ဖို့ငါးမူးကျန်မယ်. . "

ကျွန်တော် မနေ့ကပင် တစ်ကျပ်ခြောက်မူးနှင့် ဝယ်သောက်လိုက်ရပါသေးသည်။ ဆယ်ရက်အတွင်း၌ ပထမ တစ်ကျပ်မှ တစ်နေ့ တစ်မူးတစ်ပဲ တက်လာသည်ကို ကျွန်တော် သတိပြုမိပါသည်။

"ဘာလို့ ဒီလောက် ဈေးတက်တာလဲဗျာ၊ ဒီစီးကရက်တွေက မြန်မာပြည် မလာတော့လို့လား"

"ဘယ်ဟုတ်ရမလဲ၊ တရုတ်တွေ ဂိုဒေါင်ထဲ အပုံဗျာ၊ သူတို့အဘောရှိလုပ်နေတာ၊ ဈေးခပ်လျှော့လျှော့နဲ့ များများထုတ်လိုက်၊ နောင်လူကြိုက်သဲ



www.burmeseclassic.com

www.burmeseclassic.com



လာရော ဈေးတန်းတင်လိုက်တာပဲ၊ ရန်ကုန်စီးကရက်လောကမှာတော့ တရုတ်တွေက ဘုရင်ပါပဲဗျာ၊ အခု ကက်စတန် ဘူးပြာတွေ ထုတ်နေပြန်တယ်ဗျ၊ ဈေးလဲတော်ပါတယ်၊ တစ်ကျပ်သုံးမူး၊ အဲဒါပဲ သောက်ပါလားဗျ"

"မဖြစ်ဘူးဗျာ၊ ကျွန်တော်က စီးကရက်ပြောင်းသောက်ရင် ချောင်းဆိုးလိမ့်မယ်၊ ဒီ သုံးသုံးလုံးပဲ လျှောက်ရှာဦးမယ်"

ကျွန်တော် သူ့ဆိုင်မှ ထွက်ခဲ့ပြီး ဂလုပ်ရုံအောက်ရောက်သောအခါ၌ ဆိုင်တစ်ဆိုင်မှ နှစ်ကျပ်မတ်တင်းနှင့် တစ်ဘူးရလာပါသည်။

ထိုမှ ဗန္ဓုလပန်းခြံထဲရောက်ခဲ့၍ ငွေရဖို့နည်းလမ်း စဉ်းစားရင်း မြက်ခင်းကလေးအပေါ်၌ လမ်းလျှောက်နေစဉ် ခြေထောက်သည် အေးစက်စက်စိုစိစိ အရာတစ်ခုကို တိုက်မိသဖြင့် ငုံ့ကြည့်လိုက်ရာ ပုရစ်ကိုမျိုနေသော ဖားကလေး ဆန့်ငင်ဆန့်ငင်နှင့်။ သူ့ပါးစပ်တွင် ပုရစ်ကောင်၏အမြီးပိုင်းသာ မြင်ရတော့၏။ ဤမှ ကျွန်တော်သည် မနီးမဝေးရှိ ခုံတစ်ခုပေါ် သွားထိုင်၍ ငိုင်နေ၏။

နာရီဝက်မျှအကြာဝယ် ယခင်နေရာမှ ဖားကလေး၏အော်ဟစ်သံကို ကြားရ၍ ကျွန်တော် စိတ်ကူးပျက်သွားသည်နှင့် သူ့ဆီသို့ သွားရောက်ကြည့်ရှုရာ သူ့ခမျာသည် . . မြွေကလေးတစ်ကောင်၏ပါးစပ်ထဲတွင် ယက်ကန်ယက်ကန်။

"ဟဲ့ . . မြွေကလေး . . နင့်ကိုလဲ ငန်းတော်ကြားက တွေ့ရင် ညို့ပြီးမျိုပစ်လိုက်ဦးမှာ သိရဲ့လား"

ကျွန်တော်က ကျွန်တော့် ပထမမိတ်ဆွေကလေးအတွက် ရေရွတ်လိုက်ပါသည်။ သို့သော် ကျွန်တော် တစ်ခု စဉ်းစားမိ၏။ တိရစ္ဆာန်သည် မိုးကို ကျောခိုင်း၍ လူသည် မိုးကို ခေါင်းစူနေ၏။

☐

ကျွန်တော်သည် ဗန္ဓုလပန်းခြံထဲ မိုးချုပ်အထိ ထိုင်ကာ စိတ်ကူးဉာဏ်ထုတ်ပါသည်။ ငွေနှစ်ထောင် လုံးခနဲ ရလာဖို့ အကြံဉာဏ်ကား တစ်စက်ကလေးမျှ မထွက်ပါ။

ထို့ကြောင့် ညအချိန် အိမ်ပြန်လာခဲ့ပြီး အလီလီစုဆောင်းရန် ကြံစည်ရပြန်ပါသည်။

ကျွန်တော့် ယခုလက်ရှိစာရင်း . . .

Sir Walter Scott ရေး Talisman ဝတ္ထုကို "အမြုတေရတနာ" အမည်နှင့် ဘာသာပြန်ပေးရန် တော်ဝင်ပုံနှိပ်တိုက်မှ စရန်ယူထားငွေ နှစ်ရာကျပ်။ (ယနေ့ထိ တစ်မျက်နှာမျှ မရေးရသေး)





ရှုမဝမှ "ပပဝတီ"ဝတ္ထုအကြောင်းပြ၍ အလီလီအလာလာ ကြိုတင်ယူထားငွေ နှစ်ရာခုနစ်ဆယ့်ငါးကျပ် (ဝတ္ထုက ခေါင်းထဲမှာတင် ရှိသေးတယ်)၊ လမ်းထိပ်ခေါက်ဆွဲဆိုင်ကို လဆန်းပေးရန်ငွေ ရှစ်ဆယ့်ခုနစ်ကျပ် ရှစ်ပဲ၊ ကိုသောင်းအား စီးကရက်ဖိုးပေးရန်ငွေ ဆယ့်ကိုးကျပ်ရှစ်ပဲ။

ထို့ကြောင့် ကျွန်တော်မှာ တစ်ပြားမျှပင် မချမ်းသာသည့်အပြင် သော်တာဆွေ အနုတ်လက္ခဏာ ငါးရာရှစ်ဆယ့်နှစ်ကျပ် ဖြစ်နေ၏။

ဟယ်, သို့ပါသော်ငြား ငါဟဲ့ ယောကျ်ား၊ မ,တစ်ထောင် တစ်ကောင်ဘွား (ဟာ . . ဒါတော့ ကြားဖူးတဲ့စကားနဲ့ သက်သက်ကြွားတာဗျို့၊ အမှန်က ကျွန်တော့်အမေတစ်ယောက်တည်း သားသမီးရှစ်ယောက်တောင် မွေးတာဗျ) လူကြံရင်ဖြစ်ရမပေါ့။ ကျွန်တော် လေးလစီမံကိန်းတစ်ရပ်ကို ရေးဆွဲလိုက်ပါသည်။

ရှုမဝမှ လစဉ်ရငွေ နှစ်ရာကျပ်။ တိုင်းရင်းမေမှ အတိုကလေး တစ်ပုဒ်ရေးပေးလျှင် ငါးဆယ်ကျပ်။ အမြုတေရတနာပြီးလျှင် တော်ဝင်မှ လေးရာကျပ်။ ပပဝတီပြီးလျှင် ရှုမဝမှ ရဦးမည်။ ပြဇာတ်လည်း ရေးနိုင်လျှင် ရဦးမည်။

ထို့ကြောင့် မေ့ထံ စာတစ်စောင် ရေးလိုက်ပါသည်။

*မောင်ချစ်တဲ့ မေရေ . . မေရေ . .*

*ကိုဆွေ လေးလစီမံကိန်းတစ်ရပ် ရေးဆွဲလိုက်ပြီဆရာ၊*
*အစီပွာယ်ကတော့ ဒီလေးလအတွင်းမှာ ငွေနှစ်ထောင်*
*ရအောင် စာကြိုးစားရေးမယ်၊ အသုံးအစားလျှော့မယ်၊ ထမင်း*
*ကိုလည်း အလကားစားရအောင် အဒေါ့အိမ်ကို သွားပြော*
*တယ်၊ သူတို့က "နင့်ကို တို့ဘယ်တုံးက မကျွေးဘူးပြောလို့လဲ၊*
*နင်ကသာ အိမ်မှာစားရတာ စားချင်တဲ့အချိန် မစားရဘူး၊*
*စားချင်တဲ့ဟင်း မရဘူး၊ ပြီး ကြံ့ရာဆိုင်လျှောက်စားနေတာပဲ၊*
*နင် တို့စားတဲ့အတိုင်း စားနိုင်မယ်ဆိုရင် လာစားလှည့်ပေါ့တဲ့"*
*မေရဲ့၊ မေချစ်တဲ့စိတ်ကြောင့် ခါတိုင်း လွတ်လပ်မှု အကောင်း*
*ကြိုက်မှုလေးတော့ ချုပ်တည်းလိုက်ရဦးမှာပေါ့ကွယ်၊ နို့ပြီး*
*အရက်ကိုလည်း ဘရန်ဒီမသောက်တော့ဘူး၊ ချက်အရက်ပဲ*
*တစ်နေ့ငါးမတ်ဖိုးသောက်မယ်၊ ရုပ်ရှင်ကို တစ်ခါတလေ အခါ*
*နှစ်ဆယ်လောက် နှစ်ကျပ်၊ နှစ်ကျပ်ခွဲတန်းက ကြည့်တာ၊အခု*
*ငါးခါလောက်ပဲ တစ်ကျပ်တန်းကပဲ ကြည့်တော့မယ်၊*
*စီးကရက်ကိုလည်း အရင် တစ်နေ့နှစ်ဘူးသောက်တာ၊*
*အခု တစ်ဘူးပဲသောက်မယ်၊ စာအုပ်လည်း မဝယ်တော့ဘူး၊*
*လူများဆီက ငှားဖတ်တော့မယ်၊*



www.burmeseclassic.com

www.burmeseclassic.com

ရေမွှေးပေါင်ဒါ ခေါင်းလိမ်းဆီလည်း ချွေတာသုံးတော့မယ်၊ အရင် ရှပ်တစ်ထည် တစ်ရက်ဝတ်တာ အခု နှစ်ရက်သုံးရက် ဝတ်တော့မယ်။

တဲ. . သည့်လောက်ဆို မောင် မေ့ကို ဘယ်လောက်ချစ်သလဲ၊ သိရောပေါ့နော်၊ လေးလဆိုတော့ အခုလက တွက်ရင် တန်ဆောင်မုန်းလပေါ့။

တန်ဆောင်မုန်းမှာ မောင်ဖုန်းလာခဲ့မယ်ကွယ့်. .

ထားနှမခင်ရယ် နှစ်ပါးပကြွင်မယ်။

မောင်ပျော်လိုက်တာ. . တော်ဦးမယ်နော်. .

Thou ,ands of Kisses

မေ့အချစ် "ဆွေ"

(မေ့ထံမှ ပြန်စာ)

ရှင်. . ရှင်. .

(မောင်ချစ်တဲ့ မေရေ. . မေရေ. . ခေါ်လိုက်တော့ မေက ဒီလိုပဲ ပြန်ထူးလိုက်တာပေါ့။)

ကိုဆွေ့စာ ဖတ်ရတာ မေ ဝမ်းသာလိုက်တာမောင်ရယ်။ လေးလဆိုတော့ သီတင်းကျွတ်ပြီးမှာနဲ့ အဆင်သင့်ပါပဲ။ မေတလည်း ဒီအတွင်း ငွေထပ်စုဦးမှာပေါ့။

ကိုဆွေ အခု အသုံးအစားဆင်ခြင်နေရတာ မေနဲ့ ညားပြီးတော့. . မောင့် သဘောရှိပေါ့နော်။ မာမီ ဒက်ဒီတို့တလည်း မေ့ကို တစ်ဦးတည်းသောသမီးမို့ အလိုလိုက်ပါတယ်။ သားလည်းမရှိတော့ ကိုဆွေ့ကိုလည်း သားလိုချစ်ကြမှာပဲ။

မေ တွေးပြီး ပျော်နေလိုက်တာ မောင်ရယ်။

သြော်. . ဒါနဲ့ ပြောရဦးမယ်. . ကိုဆွေ့စာရောက်လာလို့ မာမီတို "တိုဆွေက လေးလအတွင်း ငွေသုံးထောင်ရအောင် ကြိုးစားမယ်တဲ့ မာမီရယ်"လို့ ပြောလိုက်တော့. . မာမီက ပြုံးမဲ့မဲ့လေးနဲ့ ဘာပြန်ပြောလဲ သိလား။ "သမီးက စာရေးဆရာမှ ရွေးကြိုက်လို့ပေါ့ကွယ်"တဲ့။ သိလားမောင်ရဲ့။ အဲဒါ မောင် ဝမ်းသာ. . မောင့်ကို စာရေးဆရာမို့ အခွင့်အရေးပေးတာ မောင်ရဲ့. . . တော်ဦးမယ်နော်. . အခု စာရေးပြီးတဲ့အချိန်က ည ဆယ်နာရီနဲ့ သုံးမိနစ်, လေးစက္ကန့်။

Good night darling

ဆွေချစ်တဲ့ "မေ"





နောက် ရက်ပေါင်းတစ်ဒါဇင်မျှ ကြာသောအခါ၌ ကျွန်တော်သည် မေ့ဆီသို့ ဝမ်းသာလှစွာ စာတစ်စောင်ရေးလိုက်ပြန်လေသည်။

မောင်ချစ်တဲ့ မေလေးရေ. . .

ထပ်ပြီး မြန်မြန်ဆန်ဆန်ကြီး ဝမ်းသာလိုက်ပေဦးတော့ဆရာ၊ ဖူးစာရေးနတ်ကလေးဟာဖြင့် မောင်တို့အတွက် အတော်ကြီး လုံးပန်းနေပြီပေါ့။ ကြည့်စမ်းပါဦး၊ မောင်တို့ မင်္ဂလာငွေကြေး အခြေအနေကို ကြံကြံဖန်ဖန် ဖြည့်စွက်လာပုံက အံ့လည်း အံ့သြစရာ။ တစ်နေ့ညနေ မောင်ရယ်လေ. . မေ့ကို လွမ်းတာနဲ့ မေ့ဓာတ်ပုံတွေကြည့်ပြီး မေ့စာတွေ ပြန်ဖတ်နေတုန်း. . ပြုန်းဆို ကိုဆွေ့သူငယ်ချင်းတစ်ယောက်ရောက်လာပြီး. .

"ဟေ့ သူငယ်ချင်း၊ မင်းတော့ ငါ အကူအညီတစ်ခု တောင်းရမှာပဲ"တဲ့။ "တောင်းပါ ကိုယ့်လူ ငါ ကူညီသင့်တာ၊ တတ်နိုင်တာဖြင့်ရင်. . ."

"တခြားမဟုတ်ဘူးကွ၊ ဆရာဝန်က ငါ့ကို အလုပ်က ရပ်နားပြီး ပင်လယ်လေရှူရတဲ့ အရပ်မှာ ခြောက်လသွားနေရမယ်တဲ့၊ ဒါကြောင့် ငါက ငါ့အိမ်သားအားလုံးကို ခေါ်သွားမယ်၊ ဒီတော့ ငါ့အိမ်မှာ အိမ်စောင့်လိုတယ်၊ အိမ်ငှားထားပစ်ခဲ့လို့လည်း တစ်လ တစ်ရာကိုးဆယ်ကိုတော့ ရမှာပဲ၊ ဒါပေမယ့် ပြန်လာတော့ နှင်ချလို့ရတော့မှာ မဟုတ်ဘူး၊ ဒါနဲ့ မင်းကို ငါ သတိရတာပဲ၊ မင်းအဖို့လည်း စာရေးဆရာဆိုတော့ တစ်အိမ်လုံး မင်းတစ်ယောက်တည်း အေးအေးဆေးဆေး စာရေးနေရုံပဲ"

"ငါ့အဖို့ထက် မင်းအတွက် ဆောင်ရွက်ပေးပါ့မယ်ကွာ"

"ကျေးဇူးပါပဲမောင်"

ဒါနဲ့ မေရေ. . မောင် တစ်အိမ်လုံး ရလိုက်ပါရော. . . သုံးရက်ကြာတော့ တစ်ခါ နယ်က သူငယ်ချင်းတစ်ယောက်နဲ့တွေ့ပြန်တယ်။ သူက ဘာပြောပြန်လဲဆိုတော့. . .

"ဟေ့. . . သူငယ်ချင်း မင်းတော့ ငါအကူအညီတစ်ခု တောင်းရမှာပဲ"တဲ့။

"တောင်းပါကိုယ့်လူ၊ ငါ ကူညီသင့်တာ တတ်နိုင်တာဖြင့်ရင်"

"တခြား မဟုတ်ဘူးကွ၊ ငါ့ကို ဟိုဆရာကြီးက ရန်ကုန်မှာ လာနေ၊ လေးငါးလအတွင်းမှာ လိုင်စင် လေးငါးသိန်းဖိုးရစေမယ်ဆိုတာနဲ့ ငါသုတ်ခြေတင်ခဲ့တယ်၊ အခု ကုန်စုံဆိုင်းအောင်



www.burmeseclassic.com

တစ်ခုတော့ အမြန်ဆုံး ရီဂျစ်စတာလုပ်ပြီး မြို့ထဲက ငါ့အသိတစ်ယောက်ရဲ့ တိုက်ခန်းရုံတစ်နေရာမှာ ကပ်ချိတ်ထားလိုက်ပြီကွ၊ ဒါနဲ့ လူတွေနေဖို့က အိမ်လိုနေတယ်၊ ငါတို့အလုပ်က သိပ်သေချာသေးတာလဲမဟုတ်တော့ မြို့ထဲမှာ သိပ်ပြီး အပျောက်တွေဘာတွေလဲ ပေးပြီးမနေနိုင်ဘူးကွ၊ မင်းတို့ကြည့်မြင်တိုင် စမ်းချောင်းရပ်မှာပဲ အသင့်အတင့် အိမ်ကလေးငှားနေချင်တယ်ကွာ”

“မင်းက ဘယ်လောက်ကြာနေမှာလဲ”

“အလွန်ဆုံး လေးငါးလပဲ၊ ဒီအတွင်းမှာ သူပြောတဲ့အတိုင်း တစ်ချီကောင်းလောက် ရလိုက်ရင် မြို့ထဲပြောင်းပြီး နေရာကောင်းကောင်းတစ်ခု ဝယ်လိုက်မယ်၊ မရရင်လဲ ဒီငနဲကြီး မအေထောင်ဆဲပြီး တောကိုပြန်မယ်”

ကဲ. . ဒီတော့ မေ့မောင်ရဲ့ ဦးနှောက်ထဲ ဘယ်လိုအကြံဉာဏ်များ ပေါ်လာသလဲဆိုတာ မေသိရောပေါ့နော်၊ အမယ်. . ဒါပေမယ့် မောင်က လူပါး၊ သူ့ကို ချက်ချင်း မပြောသေးဘူး သုံးလေးရက်၊ မောင့်ကို ခြောက်လအပိုင်စား ပေးပစ်ခဲ့တဲ့ အိမ်ခေါ်ပြီး. . . .

“ကဲ. . သူငယ်ချင်း. . တခြားမှာတော့ အိမ်ရှာမရဘူး၊ ဟော့ဒီမှာ ငါတစ်ယောက်တည်း အေးအေးဆေးဆေး စာရေးဖို့ တစ်လ တစ်ရာ့အစိတ်နဲ့ ငှားနေရတဲ့ အိမ်မှာပဲ မင်းတို့လာနေကြ၊ အိမ်ခတော့ တစ်ရာခံပေါ့ကွာ၊ ငါက အစိတ်နဲ့ပဲ အခန်းကလေးတစ်ခုမှာ ဖြစ်သလိုနေတော့မယ်၊ တခြားလူဆိုရင် နှစ်ရာပေးတာတောင် ငါ မထားပါဘူး၊ ငါ့အလုပ်က မင်းသိတဲ့အတိုင်း အင်မတန် တိတ်ဆိတ်အေးချမ်းဖို့လိုတာ၊ မင်းတို့အဖို့လည်း တစ်လတစ်ရာဆို မနာပါဘူး၊ မီးရော ရေရော ရတယ်”

မောင်ကတော့ တစ်လ တစ်ရာရအောင် စီမံတာပေါ့။

ဒါပေမယ့် မေရယ်. .

ဒီကောင်က ကုန်သည်စိတ် ကုန်သည်ပါးစပ်နဲ့ ဆစ်တာနဲ့ မောင် (၇၅)သမား (၇၅)ကျပ်နဲ့ ကိစ္စပြီးသွားရတယ်။

အမယ် သူက ပြောလိုက်သေး. . .

နောင် သူ့အလုပ်ဟန်ရင် တန်သလောက် မောင့်ကို ကြည့်ရှုပေးပါဦးမယ်တဲ့။





မောင့်စိတ်ထဲကတော့ သူ ဟန်ချင်ဟန် မဟန်ချင်နေ၊ အခုတစ်လ (၇၅)ကျပ်ရနေတာပဲ မောင်တို့ မင်္ဂလာလမ်းမကြီးအတွက် ဝမ်းသာနေလှပါပြီ။

မေကော ဝမ်းမသာဘူးလားကွယ်၊ သာမှာပေါ့နော်. . .

မောင်တို့ မင်္ဂလာပွဲကြီး မြန်မြန်နီးဖို့ ကြံဖန်ပြီး အကူအညီဖြစ်လာတာပဲ။ တော်ဦးမယ်. . အချစ်ရေ. . .

မေ. . နေကောင်းတယ်နော်. . .

Millions of Kisses

မေ့ကို အစဉ်ထာဝရချစ်မယ့် “မောင်”

ယခု မေ့ဆီ ကျွန်တော်ရေးလိုက်သော စာထဲ၌ ကျွန်တော် ခြောက်လပိုင်း အိမ်ကို လာရောက်ငှားရမ်းနေသူမှာ မိတ်ဆွေသိရှိပြီးဖြစ်ပါသည်။

ဘကိုးမှာ ကျွန်တော်၏ဇာတိမြို့နယ်ဒေသမှ ကျွန်တော်၏ငယ်ကျွမ်း ငယ်နာနှင့် ငယ်နာမည်များကိုပါ အားလုံးသိသော ကျောင်းနေဖက်သူငယ်ချင်းဖြစ်ပါသည်။ သူသည် ဂျပန်ခေတ်ကပင် အိမ်ထောင်ကျခဲ့၍ ယခု ကလေးသုံးလေယောက်နှင့် ခယ်မပျိုတစ်ရှဉ်းဖြစ်ပါသည်။ သူ့ခယ်မများသည် ကောလိပ်ကျောင်းသူများဖြစ်၍ အင်းလျားဟောလ်တွင်နေလျက် ကျောင်းအားရက်များတွင် သူတို့ဆီသို့ လာရောက်လည်ပတ်လေ့ရှိသည်နှင့် ယခု ကျွန်တော်နှင့် သိကျွမ်းနေခြင်း ဖြစ်ပါသည်။

အစဦး၌ သူတို့သည် ကျွန်တော့်အားစာရေးဆရာအဖြစ်နှင့် ခင်မင်လိုစိတ်မရှိကြပါ။ သော်တာဆွေရေးသော ဝတ္ထုများကို သူတို့သာမဟုတ်၊ အင်းလျားတစ်ဟောလ်လုံးက အမြင်ကပ်ကြောင်း ပြောပါသည်။ (ဒါကို ကျွန်တော်က ကျေးဇူးတင်ပါသည်။ နို့မဟုတ်လျှင် ကျွန်တော်မှာ “ငါရေးတဲ့စာ လူတိုင်းကြိုက်သဟဲ့”ဆိုပြီး ဘဝင်မြင့်ရောဂါကြီး စွဲကပ်နေဦးမှာဗျ။ ကိုယ်ရေးတဲ့ ဝတ္ထုဟာ ဟိုအညာသား ဖိုးမင်းအောင်ကြီးလို စာပေဗိမာန်ဆုကြီးပဲ ရတော့မလိုလို)

ထို့ကြောင့် ကျွန်တော်သည် ဤကလေးမများ၏ အထင်ကြီးခြင်းကို ခံရရန် တစ်နည်းတစ်ဖုံ ကြံပြန်သည်။

ကြံပုံကား သူတို့ရောက်လာသော အခါများ၌ ကျွန်တော်သည် ဆရာစန္ဒြကို အိမ်ခေါ်ပြီး သူတို့နှင့် ခပ်ဝေးဝေးစားပွဲတစ်ခုတွင် လက္ခဏာဗေဒပညာကို တီးတိုးဆွေးနွေးဟန်ပြု၏။

(အမှန်တော့ ပဒေသာ ရပ်သွားပုံအကြောင်း ပြောတာပါ)

ဆရာစန္ဒြပြန်သွားသောအခါ၌ ကျွန်တော်သည် လက်ဝါးပုံတွေကို သူတို့မြင်လောက်အောင် ဟိုရေးဒီရေးရေးပြီး မျက်မှောင်ကုတ်၍ လေးလေးနက်နက် စဉ်းစားဟန်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံတွင် သူများပြောသမျှ ရေးသမျှ "ကောင်း တယ်. . ကောင်းတယ်"ဟု ပြုံးပြုံးကြီးခေါင်းညိတ်တတ်သော ဇန်းမော်တင်အောင်ကို ခေါ်လာပြီး "ဟာ. . ဗျာ. . ကိုတင်အောင်နှယ်. . စာရေးဆရာ လုပ်ရုံနဲ့ မြန်မာပြည်မှာ ထမင်းမဝလှဘူး၊ ဒါကြောင့် ဗေဒင်လက္ခဏာ ပညာလေးဘာလေး လိုက်စားနေရပြန်တယ်ဗျ"

ကျွန်တော်က ခပ်တည်တည်ကြီးကြွား၏။ ဟိုမောင်ကြီးက နားအူနားလည်ကြီးနှင့် "ကောင်းတယ်ဗျာ. ကောင်းတယ်". . .

သည်လိုနှင့် အတော်ကြာလတ်သော် ဘကိုးခယ်မအငယ် တင့်တင့်သည် ကျွန်တော့်ကို စကားစ၏။

"ကိုသော်တာဆွေ. . ပါးရိုက်ခဏခဏ ခံဖူးတယ်ထင်ပါရဲ့"

ကျွန်တော် မျက်လုံးပြူးကာ. . .

"ဟင်. . ဘာဖြစ်လို့လဲဗျာ"

"ဩော်. . လက်ဝါးပုံတွေ ဆွဲဆွဲပြီး အခဲမကျေတဲ့ မျက်နှာကြီးနဲ့ စိုက်စိုက်ကြည့်နေတာမြင်လို့"

ကဲဗျာ. . ကျွန်တော်ကတော့ အကြီးအကျယ်စဉ်းစားဟန်ပြုတာ သူမြင်ပုံကတော့. . .

သို့နှင့် ကျွန်တော်က ရှင်းပြလိုက်သည်။ (ရေးရင်းရေးရင်း တွေးသဗျို့ ကိုကျော်. . ကျွန်တော် ဆရာစန္ဒြတပည့် ဆိုတဲ့ ဝတ္ထုတစ်ပုဒ်တောင် ခေါင်းထဲဝင်လာပြီ)

ဤကား. . ကလေးမနှစ်ယောက်၏မျက်မှောက်၌ ကျွန်တော့်ကိုယ်ကျွန်တော် လက္ခဏာဆရာဖြစ်အောင် ဖန်တီးမှုများတည်း။

မိတ်ဆွေ. . မိတ်ဆွေကိုယ်မိတ်ဆွေ စဉ်းစားကြည့်စမ်းပါ။ မိတ်ဆွေရဲ့အသိတစ်ယောက်က လက္ခဏာဗေဒင် အလကားဟောပေးမယ်ဆိုရင် မိမိရဲ့လက်ဝါးကလေး ဖြန့်မပြချင်ဘူးလား။ မွေးနေ့သက္ကရာဇ်လေး မပြောလိုက်ချင်ဘူးလား။ ဤကား လူတွေ၏စိတ်။ မှန်တာ မှားတာကတော့ အလကားမို့ အပြစ်တင်ကြမည် မဟုတ်။ ထို့ကြောင့် အပျင်းပြေရင်းနှီးစေလို့လျှင် မပင်ပန်းဘဲနှင့် ကျေးဇူးတင်ခံလိုလျှင် ဗေဒင်လက္ခဏာလေးများ မတတ်တခေါက်သင်ထားစမ်းပါ။ လူချင်းဆက်ဆံရေး၌ အတော်အထောက်အပံ့ရတတ်ပါသည်။ ခရီးရှည်သွားဦးတော့ မသိကျွမ်းသေးသောသူများထံမှ ရင်းနှီးခြင်းအခွင့်အရေးကို အလျှင်အမြန်ရပါလိမ့်မည်။ ဒေးလ်ကာနေးဂျီနည်းထက် ကောင်းသေး။

ဤနည်းဖြင့် ကျွန်တော်သည် ဘကိုးခယ်မ ကောလိပ်သူများထံမှ အောင်မြင်မှုကို ရရှိခဲ့ပါသည်။ ကျွန်တော် ပထမကြံရွယ်သည်မှာ ဤနှစ်ယောက်သာ မဟုတ်၊ သူတို့နှင့်ခင်မင်သည့် အခြားကောလိပ်သူများပါ "အလ





ကား လက္ခဏာဆရာတစ်ယောက် ရှိတယ်ဟေ့"ဆိုပြီး သူတို့နှင့်ပါလာအောင် တီထွင်ခြင်းဖြစ်ပါသည်။ အကြံဉာဏ်ကုသိုလ်ကံလိုက်မယ်ဆိုရင် အင်းလျားတစ်ဟောလ်လုံးပေါ့ဗျာ။ ကျွန်တော်ကား ဤမျှအကြံဉာဏ်ကြီးသူ ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော့်မှာ ကံဆိုးရှာတော့ ခွေးမသားဘကိုးနှင့် မသင့်မတင့်ဖြစ်ပြီး ဖော်ပြခဲ့ပါ ဆွေကိုးစာချုပ်ကြီးကို ချုပ်ဆိုလိုက်ရသည်နှင့် ဤကြံရွယ်ချက်ကြီး ပျက်စီးသွားရပါတော့သည်။

ဩော်. . ဉာဏ်ရည်ကောင်းလျက် ကံမတက် ကြံချက်ပျက်ရသည်။

ဘကိုးနှင့်ကျွန်တော်မှာ အစဦး၌ ကွဲကွာနေရတာကြာပြီဖြစ်သော ကျောင်းနေဖက်သူငယ်ချင်းများ၏ထုံးစံအတိုင်း အတော်ပင် သင့်သင့်မြတ်မြတ်ရှိကြပါသည်။ သို့ရာတွင် နောင် တစ်စတစ်စ၌ကား သူ့ဘဝနှင့် ကျွန်တော့်ဘဝ မတူတော့သည်ဖြစ်၍ တဖြည်းဖြည်း စိတ်သဘောချင်း မတိုက်ဆိုင်မှုတွေ့၍လာကြပါသည်။

သူ့အလုပ်မှာ လောဘကြီးသော ခေတ်ပေါ်အမြတ်ကြီးစား အာဏာရှိသူ အကပ်သမားဖြစ်၍ တစ်နေ့လုံး ဟိုရုံးဒီရုံးပြေးရခြင်း၊ ဟိုလူသည်လူထံ၌ မျက်နှာပျော့ကလေးလုပ်ရခြင်း၊ သူ့အရင်ပွဲပြီးသား လူတွေကိုကြည့်၍ မနာလိုဖြစ်ရခြင်း၊ နည်းနာနိဿယများကို အောက်ကျခံ၍ မေးမြန်းရခြင်း၊ တံချို့ကုန်သည်မျိုးတို့၏ လိမ္မော်ခွဲစွပ်ထားသော ပဒိုင်းသီးမျက်နှာနှင့် အတင်းပြုံးခြင်းကို ခံယူပြုမူခဲ့ရခြင်း စသည်တို့နှင့် လူမှာပင်ပန်းနွမ်းရိနေကာ အိမ်ရောက်လာသောအခါ၌ ကလေးတွေကို ကြိမ်းမောင်း၍ မိန်းမကို စိတ်တိုပြီး အိပ်ရာဝင်အိပ်ရာထမှာ အင်ပို့လိုင်စင် မြန်မြန်များများ ရရပါစေသားဟု ရတနာသုံးပါးကို ဆည်းကပ်၏။ ဘုရားရှိခိုးအမျိုးမျိုးကို သီဆို၏။ နို့ပြီး ခုနစ်ရက်သားသမီးများ မေတ္တာပို့လိုက်သေးဗျ။ လူထု မသုံးမဖြစ်တဲ့ ပစ္စည်းတွေဆီက အမြတ်ကြီးစားမယ့် ပုဂ္ဂိုလ်က၊ သာဓုဗျာ. . သာဓု။

ကျွန်တော်မူ စီးပွားရေးဟူ၍ ဘာမျှနားမလည်။

ဘယ်လိုမှလဲ မကြိုးပမ်း။ ရလိုက်ကုန်လိုက်၊ ပြတ်လိုက်ငတ်လိုက်နေသော ယခု မြန်မာပြည်လက် ရှိစာရေးဆရာဘဝနှင့်သာ ကျေနပ်လျှတ်။ စာရေးချင်တဲ့အချိန်ရေးမည်။ လည်ချင်တဲ့အချိန် လည်မည်။ အိမ်သို့ ခေါ်ချင်တဲ့လူ ခေါ်လာမည်။ အိပ်ချင်တဲ့ အချိန်အိပ်မည်။ ငိုင်ချင်တဲ့အချိန် ငိုင်မည်။ ဆူချင်တဲ့အချိန်ကတော့ မဟုတ်ကဟုတ်က ပေါက်တတ်ကရတွေ သီချင်းလုပ်၍ ဆူလိမ့်မည်။ မကြားချင်လျှင် နားပင်ပိတ်ကြတော့။ အများဘဝင်တို့ငါးမျှားငင်လို့ ချိတ်မယ်ပ။

ကျွန်တော်ကား စိတ်နှင့်ကိုယ် အလိုလိုက် အားမွေးပြီး စိတ်တိုခိုင်းယူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအကြောင်းများကြောင့် ဘကိုးနှင့် ကျွန်တော်သည် ခွေးနှင့်မျောက် ဖြစ်တာ ကျွန်တော်က အောက်ကျရသော ဆွေကိုးစာချုပ်ကြီး ချုပ်ဆိုလိုက်ရ ကြောင်းကို မိတ်ဆွေ သိရှိပြီးဖြစ်ပါသည်။ စာရေးဆရာ၏မာန (ဟိုဆရာတွေ ပြောသံ ကြားတာပါနော်)နှင့် ခေါင်းမမာဘဲ အဘယ်ကြောင့် ဤအမြတ်ကြီး စားမယ့် တိုင်းပြည်၏ရန်သူတစ်ယောက်ကို အလျှော့ပေးလိုက်ရသနည်းဟု ကျွန်တော့်အပေါ် မကျေမနပ်ဖြစ်ပါလိမ့်မည်။

သို့သော် သည်းခံပါ မိတ်ဆွေ။ ကျွန်တော်မှာ မိတ်ဆွေတို့ သိတဲ့အတိုင်း ချစ်သူလေးနှင့် မင်္ဂလာပွဲဆင်နွှဲရန် ငွေရှာစုဆောင်းနေရပါ၍ ဒီကောင်ဆီက တစ်လခုနစ်ဆယ့်ငါးကျပ် ရသောကြောင့် ဖြစ်ပါသည်။

နို့မဟုတ်ရင်လား . . ဟား . . ဒီကောင်မျိုး . .

"ဟေ့ . . သွား . . ချက်ချင်းဆင်းသွားလိုက်၊ မြန်မြန်ဆင်းသွားလိုက်၊ မင်းတို့နေသွားတဲ့နေရာ နွားနို့ (၇၅)ပိဿာနဲ့ ဆေးချလိုက်မယ်ကွ၊ မင်းလို အရင်းရှင်စနစ်နဲ့ အမြတ်ကြီးစားချင်တဲ့ ပြည်သူ့ရန်သူတစ်ယောက်ကို ငါ့အိမ် ပေါ်တင်မထားနိုင်ဘူး၊ အခုလောက်ထားခဲ့တာတောင် ငါလွန်လှပြီ၊ ငါရှက် လှပြီဟဲ့ . . ဒါကို ငါ့ဆရာ ဒဂုန်တာရာတို့၊ ဆရာဇန်းမော်တင်အောင်တို့၊ ဆရာ အောင်လင်းတို့၊ ဆရာမြသန်းတို့၊ ဆရာမောင်ကြည်လင်တို့၊ ဆရာလင်းယုန်နီ တို့ သိကြရင် ငါ့ကို ဘာပြောကြမယ်ထင်သလဲဟင် . . "သစ္စာဖောက် ရန်သူ့ အားပေးကောင်၊ ပြည်သူ့စာရေးဆရာ မဟုတ်ဘူး'လို့ ဆိုပြီး ကိုအောင်လင်းက ငါ့ကို စာပေတရားခွင်တင်ပြီး ကြိုးမိန့်ပေးပစ်မှာ သိရဲ့လား"

ကျွန်တော် ဤအတိုင်းပင် ပြောဆိုနှင်ချလိုက်ချင်ပါသည်။ မိတ်ဆွေ သဘောတူပါစ၊ တူစမ်းပါဗျာ၊ တူစမ်းပါ။ ဤသို့ပြုနိုင်တဲ့အကြောင်းကတော့ "ဆရာကြီးရွှေဥဒေါင်း ထီပေါက်တယ်ဆိုလို့" . . ဟိုဟို့ . . . ။

❑

ကျွန်တော် ဤသတင်းကို စတင်ကြားသိလိုက်ရတာက ရှမဝကဗျ။

တစ်နေ့သော နံနက်ခင်း ကျွန်တော် ခပ်ပျင်းပျင်းရှိသည်နှင့် ရှမဝ တိုက်သို့လာခဲ့ရာ ဦးကျော်က သတင်းစာဖတ်နေရာမှ . . .

"ဖိုးသော်တာ သိပလား"

"ဘာလဲ . . ခင်ဗျား မနက်အိပ်ရာထမှာ မျက်နှာသစ်တတ်တယ်ဆို တာလား"

"အို . . ဒီက အကောင်းမေးတာ"

"ဘာကိုလဲ"

"ခင်ဗျားဆရာကြီး ရွှေဥဒေါင်း ထီငါးသောင်းပေါက်တာ"





ကျွန်တော့်စိတ်အာရုံထဲ ရုတ်တရက် ဘယ်လိုဖြစ်သွားသည် မသိပါ။

"အို . . တကယ်လား"

"ရော့ . . ဟောဒီမှာ သတင်းစာကြည့်"

ရှေ့ဆောင် သတင်းစာကို လှမ်း၍ပေးပါသည်။

"အို . . တကယ်ဗျ . . ဆရာကြီးရွှေဥဒေါင်း ထီငါးသောင်း"

ကျွန်တော် ဝမ်းသာလိုက်ပုံမှာ ပြောစရာမရှိ။ ရုတ်တရက်ချက်ချင်း စိတ်အာရုံထဲတွင် ဗိမာန်သစ်ကြီးတစ်ခု တည်ဆောက်လိုက်ပါသည်။

မေနဲ့ ကျွန်တော်လေ ကြီးကျယ်ခမ်းနားလှတဲ့ မင်္ဂလာပွဲကြီး။ တောင်း ဟောလ်မှာ ဆန်းကဖေးက စားစရာတွေ ယူကျွေးလို့၊ နို့ပြီး Wedding Reception ဆန်းကဖေးမှာပဲ ဒင်နာပေးလို့ After dinner's speech (ညစာ စားပြီး မူးမူးနှင့် ထင်ရာပြောနိုင်သည်)။ စာရေးဆရာတွေ ဟိုလူကပြော ဒီလူ ကပြော၊ အထူးသဖြင့် အစ်ကိုဇဝနက ပိုပြီးမူးမူးနဲ့ 'သူ့ကိုယ်တွေ့ လင်မယား သဘာဝကို ပြောလိုက်တာ . . . ဒီည ယောကျ်ားတွေချည်း ဖိတ်တာမို့ မလာ ပါနဲ့ ဆိုရက်သားနဲ့ "အို . . နင်တို့ ယောကျ်ားတွေ ဂရုစိုက်လို့"ဆိုပြီး တမင်လာ တဲ့ ယောကျ်ားတစ်ပိုင်းဖြစ်နေတဲ့ အစ်မကြီးဒေါ်ခင်မျိုးချစ်တောင် ရွှေမျက် နှာတော် ရှုံ့တယ်ခင်ဗျ။ ဟုတ်ဘူးလား အစ်ကိုဇဝနရဲ့။ (ဟင့် . . အစ်ကိုကလဲ) ဆရာကြီးမဟာဆွေကတော့ အသောက်ခန်းထဲက မထွက်။ လူလာရင် ရွှေမင်း ကွင်းစိန်လက်စွပ်ကြီး အရင်မြင်ရတဲ့ ဆရာသန်းဆွေက တပြုံးပြုံး။ ကျွန်တော့် အားကျရှာလို့ ဆရာတာရာက ဇန်ကောက်လုံးချည်တရှုံ့ရှုံ့။ တစ်ဆယ်သား လောက်ရှိတဲ့ ရွှေလက်ပတ်ကြိုးကြီးနဲ့ ဦးဇန်းမော်တင်အောင်ကလည်း နက်ဖြန် လင်းယုန်အတွက် ည, စာရေးစရာရှိသေးတယ်ဆိုပြီး သူ့တိုက်ပြန်ချင်လို့ လက် ပတ်နာရီကြီး တကြည့်ကြည့်ဗျ။ စိန်ကြယ်သီး ရွှေကြိုးရင်ညှပ်တွဲလဲကြီးနဲ့ ဆရာ မင်းအောင်ကဖြင့် က,လိုက၊ ခုန်လိုခုန်ဗျာ။ သည်အထဲ အမြဲတမ်းဘိုလိုဝတ် တတ်တဲ့ ဆရာသာခုကဖြင့် ဒီညမှာ စပါယ်ရှယ်ဒင်နာဆုနဲ့ဗျ။ ဆရာဦးရန်နိ အောင်ကတော့ သူ ဝတ်နေကျအတိုင်း မန္တလေးကြိုးကြိုးချိတ် တော်ရှည် ပိုးရင်ဖုံးအကျႌ၊ မောင့်ကျက်သရေခေါင်းပေါင်း၊ ရွှေမျက်မှန်တဝင်းဝင်း။ ရွှေဥဒေါင်း ခေါင်းကအမောက်ကို တမင်သ,နေတဲ့ ဆရာတက်တိုးကဖြင့် ဒီညမှာတော့ သူ့အမောက်ကို စပါယ်ရှယ်မောက်လို့၊ သူ့နောက်ကနေကြည့်ရင် ရွက်လှေ ကြီးများလား အောက်မေ့ရတယ်။

"ဆရာ တက်တိုးအမောက်က မေ့အမောက်ထက်တောင် မြင့်သေး နော်"

"သူ့မိန်းမ ဒေါ်နုယဉ်က ကဗျာဆန်ဆန် လုပ်ပေးတာဖြစ်မှာပေါ့ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ချစ်သူနှစ်ယောက်ကတောင် သူတို့အလယ်မှာ ခပ်ရှိန်းရှိန်းကလေး ညှော်ခံရင်း တီးတိုးပြောလိုက်မိသေး။

"ဟော့. . ကိုသော်တာဆွေ. . *ပြုံးပြုံးကြီးနဲ့ ငိုင်လှချေလား*"

ဦးကျော်က ပြောလိုက်မှ ကျွန်တော် လန့်သွားကာ ပြုံးပြုံးပျာပျာ ဖြစ်သွားပြီးမှ စိတ်ကူးလုံးကြီး ပျောက်သွား၏။

"အယ်. . အယ်. . ဒီအကြောင်း ငွေဥဒေါင်းသိသွားပလား"

"သူက အရင်သိလို့ပဲ ဆရာကြီးဆီ ငွေတောင်းစာရေးပြီးပြီ"

"အမယ်. . အမယ်. . ဘယ်လောက်တောင်းသတဲ့လဲ"

အမှန်ပင် ကျွန်တော်က ငွေဥဒေါင်းကို မနာလိုစိတ်နှင့် မေးခြင်းဖြစ်ပါသည်။

"ကျွန်တော် ဘယ်သိမလဲဗျ"

"ကျွန်တော်က သူ့နှစ်ဆ တောင်းရလိမ့်မယ်"

"တောင်းပေါ့. . ခင်ဗျားက သားတပည့်ပဲ"

"ပေးဗျာ. . စာရေးစက္ကူ"

ကျွန်တော်၏ကြံ့တိုင်းအောင်ဖောင်တိန်ကြီးကို ဖွင့်လိုက်ပါသည်။

ဤစဉ်ကာလသည် ဩဂုတ်လ (၃၄)ကြိမ်မြောက် အစိုးရသိန်းထီကြီး ဖွင့်ပြီးစဖြစ်ပါသည်။ ထီဖွင့်စဉ်၌ ဆရာကြီးသည် ရန်ကုန်မှာရှိ၏။ သူ့အိမ်ထောင်ပါ ရန်ကုန်ပြောင်းနေရန် နေရေးထိုင်ရေးစီမံဖို့ လာနေခြင်းဖြစ်သည်။ ကျောက်မြောင်းဘက်တွင် အိမ်တစ်လုံးစကားပြောပြီး၍ သူ ပြန်မည်ပြုသောအခါ ကျွန်တော့်အား သင်္ဘောနှင့်ပစ္စည်းတွေအတင်အချကူညီရန်ခေါ်သေး၏။ သို့သော် ကျွန်တော့်မှာ မင်္ဂလာဆောင်ဖို့ ငွေရေးကြေးရေးအတွက် အပြင်းအထန် လုံးပန်းနေရသည်ဖြစ်၍ အချိန်ကုန်ခံပြီး မလိုက်နိုင်ကြောင်း ဟုတ်မှန်သည့်အတိုင်းပြော၍ ငြင်းလိုက်၏။ ယခုမှ ကျွန်တော် ဝမ်းနည်းပါ၏။

"တောက်. . လိုက်များသွားလိုက်ရဗျာ၊ ဒီလို စာရေးပြီးတောင် ငွေတောင်းနေရမှာ မဟုတ်ဘူး၊ ငွေဥဒေါင်းထက် (၇၅)ပန်းလောက် သာနေပြီ၊ အို. . အခုလဲ ကျွန်တော့်ဆရာကြီး ကျွန်တော့်ကို အချစ်ဆုံးပဲ၊ တောင်းသမျှ ရရမှာပေါ့"

ထို့ကြောင့် ကျွန်တော် အောက်ပါအတိုင်း စာရေးလိုက်၏။

*နှစ်ထောင်းအားရ ရွှန်းရွှန်းမြလို့ ဝမ်းသာလှစွာ စာရေးလိုက်ပါသည်။ ဦးကြီးနှင့် ဒေါ်ကြီးစိုးခင်ဗျား. . .*

*တကယ်ဆိုတော့ ဦးကြီးဟာ မတောင်းဘူးဗျ၊ ဘာပြုလို့လဲဆိုရင် ဦးကြီးထီပေါက်တာကို ဒီရန်ကုန်ကတည်းက သိသွားတာဖြစ်ရင် ကျွန်တော့်ဆီ အမြန်ဆုံးပြေးလာပြီး. .*





*"လာဟဲ့ တပည့်. . မင့်ငွေရေးကြေးရေးအတွက် မပူနဲ့တော့၊ မင်း လိုသမျှ ငါပေးနိုင်ပြီ၊ အခု. . ငါနဲ့ မန္တလေးလိုက်ခဲ့လို့" ခေါ်ဖို့ကောင်းတယ်။*

*သို့မဟုတ် မန္တလေးရောက်မှ သိတာ ဖြစ်ရင်လဲ ကျွန်တော့်ဆီ ချက်ချင်းသံကြိုးရိုက်ပြီး ခေါ်ဖို့ ကောင်းတယ်၊*

*အခုတော့ဗျာ. . နေနိုင်လိုက်တာ ဘာလဲ မေ့နေလို့လား၊ ဝမ်းသာလုံးဆို့နေလို့လား။ သို့သော် ပြီးပြီးသားဟာ ထားပါတော့လေ၊ ကျွန်တော် လူကြီးတွေကို ဗွေမယူတတ်ပါဘူး။*

*အခု ငွေငါးထောင်လောက်သာ ပေးပါ။*

*ဘာဖြစ်လို့ ငါးထောင်လိုချင်သလဲဆိုတာတော့ ဦးကြီး သိပါပြီ။*

*ဒေါ်ကြီးစိုးလည်း ပြောပြလိုက်ပါ ဒေါ်ကြီးရဲ့. .*

*ဒေါ်ကြီးရဲ့တူ အခုယူမယ့် မေကလေ. .*

*သိပ်ချစ်ချင်စရာကောင်းတာ၊ ဦးကြီး မေးကြည့်၊*

*ဦးကြီးကို ကျွန်တော် ဓာတ်ပုံပြပြီးပြီ၊*

*ဦးကြီးကတောင် "ဟင်. . တယ်ချော ပါလားတဲ့"။*

ဒေါ်ကြီးစိုး ရန်ကုန်ရောက်တော့

ကျွန်တော်တို့လည်း ဒေါ်ကြီးစိုးနဲ့ အတူလာနေမယ်လေ။

ဒေါ်ကြီးမှာ သားသမီးလည်း မရှိတော့. . . အို မေ့ကို

သိပ်ချစ်မှာပဲ၊ ဒေါ်ကြီးသမီးကလေး ရတာပေါ့နော်၊

မေကလည်း သိပ်သဘောကောင်းတယ် ဒေါ်ကြီးရဲ့၊

လူကြီးသူကြီးတွေကိုလည်း ချစ်က ချစ်တတ်ပါဘိသနဲ့၊

ဒေါ်ကြီးနဲ့သားအမိဆိုရင်လည်း သမီးချော မအေချောလို့

ပြောကြမှာ ဒေါ်ကြီးရဲ့။

အို. . ကျွန်တော် တွေးပြီးပျော်လိုက်တာလေ၊ ဒေါ်ကြီးတို့

သင်္ဘောဆိုက်မယ့်ရက်ကို ကျွန်တော့်ဆီ သံကြိုးရိုက်လိုက်

နော်. . ကျွန်တော် လာကြိုမယ်။

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

မသေးကိုလည်း သတိရပါတယ်။

ကွယ်လွန်သူ ဘော်ဘီကိုလည်း မမေ့ပါ။

ဒေါ်ကြီးနဲ့ ဦးကြီးချစ်တဲ့ တူကလေးလေ. . .

သော်တာဆွေ

ဤစာကို ရေးပြီးသောအခါ၌ . . .

ကျွန်တော့်စိတ် တစ်မျိုးဖြစ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ကို စေ့စေ့ကြည့်ပြီး . . .

"သူဟာ အရင်းရှင်၊ စာရေးဆရာတွေကို ခေါင်း ပုံဖြတ်နေတဲ့လူ၊ အခု သူ့ကို တော်လှန်ရမယ်။ မေတ္တိမိဘက ချမ်းသာတာနဲ့ ဆရာကြီးထီပေါက်တာနဲ့ ငွေမှတည်ပြီး တို့စာရေးဆရာအချင်းချင်းတွေ ရသင့်ရထိုက်သမျှ အကုန်ရအောင် စာအုပ်ထုတ်ဝေရေးတစ်ခု လုပ်ရမယ်၊ ဆရာတာရာ တပည့်ပီပီ ပေါ့ဗျာ၊

သို့သော် တာရာမဂ္ဂဇင်းရပ်တာတော့ ကျွန်တော် ထည့်မစဉ်းစားပါ။ ယခု စာပေလောကတွင် ရှုမဝကစာရေးဆရာတွေကို စာမူခ အများဆုံးပေးတယ်ဆိုတာလည်း ကျွန်တော် မေ့ထားလိုက်၏။

ဤအတွေးဖြင့် ကျွန်တော်သည် ဦးကျော်ကိုပင် နှုတ်မဆက်ဘဲ ထလာခဲ့ပြီး စာကို မြန်မြန်ရောက်အောင် ရီဂျစ္စတာလုပ်ထည့်ရန် စာတိုက်သွားရင်း ကျွန်တော် စုထားသမျှသော ငွေခြောက်ရာကျော်ကို စာတိုက်မှ မချန်မဖြစ်သလောက်သာ ထားခဲ့ပြီး အကုန်ထုတ်ယူခဲ့၏။

ကျွန်တော် ဘဝင်မြင့်နေလေပြီ။

ပထမ ဘားတစ်ခုကို ဝင်လိုက်၏။

"ဟေ့ . . ဘွိုင် . . ဝိုက်လေဘယ် ဝမ်းပက်"

ဘယ့်နှယ်ဗျာ . . အရက်ကောင်းကောင်း မသောက်ရတာက ကြာလှပြီပဲ။ မင်္ဂလာစရိတ်အတွက် ဆင်းဆင်းရဲရဲ ငွေစုနေခဲ့ရတာ။ တကယ်ဆိုတော့လည်း ကျွန်တော့်လိုအကောင်က ကုလားလို မူးစုပဲစုနည်းနဲ့ ချမ်းသာရမှာမှမဟုတ်ဘဲ။ သူ့ဟာနဲ့သူ အချိန်တန် အလိုလိုဖြစ်လာရမယ့်လူစားမျိုးပါ။ ဟဲ . . ဟဲ . . .။

"ဟေ့ . . ဘွိုင် . . နောက်ထပ် ဝမ်းပက်နဲ့ ချစ်ကင်းစတိတ်တစ်ပွဲရယ်၊ သုံးသုံးလုံး စီးကရက်သံဘူးတစ်ခုပေး"

ဘယ့်နှယ် စီးကရက်ခြိုးခြံသောက်နေရတာလဲ ကြာလှပြီဗျ၊ အစားဆိုလည်း အဒေါ်အိမ်က မြန်မာထမင်းဟင်းတွေချည်း စားနေရတာ ငြီးငွေ့လှပြီပေါ့။ ဟွန် . . ဟွန်။

ကြက်သားစတိတ်တစ်ပွဲနှင့် အရက်နှစ်ခွက် ဝင်သွားသောအခါ၌ ကျွန်တော် ပို၍ဘဝင်မြင့်လေပြီ။ အကြံဉာဏ်တစ်ခုပင် ပေါ်လာပြန်၏။

ထို့ကြောင့် ကျွန်တော် ဘားမှထခဲ့ပြီး သာမုအိမ်သို့ သွား၏။

သာမု မရှိ။ အဆင်သင့်ပင် ကျွန်တော် တွေ့ချင်သူကို တွေ့ရ၏။

"ဟေ့ . . ငှက်ကြီး . ."

ငှက်ကြီးမှာ ကျွန်တော်တို့ ပဒေသာကောင်းစားစဉ်က ကျွန်တော် ခေါ်ယူထားခဲ့သော ကျွန်တော့်တပည့် အရပ်ခြောက်ပေကျော်ရှိ ပိန်ညှော်ညှော်




www.burmeseclassic.com

ကောင်းကြီးဖြစ်၍ ကျွန်တော့် ပဒေသာလက်လွှတ်ရသောအခါ၌ သာမုထံ တောင်းတောင်းပန်ပန်နှင့် အပ်နှံခဲ့ရသူဖြစ်ပါသည်။ ငှက်ကြီးသည် ကျွန်တော်၏နီသွေးလုနေသော မျက်နှာကိုကြည့်ပြီး . . .

"ဘာလဲ ဆရာ ချက်အရက်ဝယ်ပေးရမလား"

"ထပ်သရီး . . ချက်အရက် . . မင့်ဆရာ အခုချက်အရက်ကို အနံ့တောင်မခံနိုင်တော့ဘူးကွ၊ ဟေ့ . . မင့်အခု သာမုက ဘယ်လောက်ပေးသလဲ"

"ထမင်းကျွေး ဆယ့်ငါးကျပ်ဆရာ"

"အင်း, ဒီကောင်လဲ အလုပ်သမားဆီက သွေးစုပ်ခေါင်းပုံဖြတ်နေတဲ့ကောင်ပဲ"

သာမု ဝင်ငွေကိုတော့ မတွက်ချင့်ဘဲ "မင်း အခု ငါနဲ့လိုက်ခဲ့တော့၊ ငါ့အခြေအနေ ဟန်သွားပြီ"

ငှက်ကြီးလည်း သူ့လျှော့ရဲရဲမျက်နှာကြီးထဲမှ အပြုံးပန်းခြောက်ခြောက်ကြီးဖွင့်လိုက်ကာ . . .

"တကယ်လားဆရာ"

"ခုနစ်ဆယ့်ငါးကယ်ပေါ့"

"ဒါဖြင့် ကျွန်တော် အဝတ်အစားတွေ ယူလိုက်မယ်"

"အို . . ဒီသာမုအိမ်မှာ ဝတ်တဲ့အဝတ်တွေ ငါ့အိမ်မှာ မဝတ်စမ်းပါနဲ့၊ ကျက်သရေမရှိပါဘူး၊ ငါ အားလုံးအသစ်ဝယ်ပေးပါ့မယ်၊ ဒါထက် မင်း ငါရေးနေတဲ့ ပေါ်အူးပါတဲ့ ဝတ္ထုတွေဖတ်ရဲ့လား"

"လစဉ် ဖတ်ပါတယ်ဆရာ"

"ဒါဖြင့် ပေါ်အူးနဲ့ အေးဆွေတို့ရဲ့ သဘောတရား မင်းနားလည်မှာပါ"

"ကောင်းကောင်းကြီး လည်ပါတယ်ဆရာ"

"အဲ . . ဟုတ်ပြီ၊ အခု မင်းက ပေါ်အူး ငါက အေးဆွေ၊ မင်းနာမည်ကို ပေါ်အူးလို့ ပြောင်းလိုက်ပြီ၊ ကဲ . . စမ်းရအောင်"

"ပေါ်အူး . ."

"ဆရာ . ."

"မင်း သိလား"

"ဘာကိုလဲ ဆရာ"

"မေ့ . . ကို . ."

"ဆရာနဲ့ ချစ်နေတဲ့ မိန်းကလေးထင်ပါရဲ့"

ကျွန်တော် အလွန်သဘောကျသွားကာ . . .

"အယ် . . ဟုတ်ပြီ . . ဟုတ်ပြီ၊ လာသွားကြမယ်"

"ဦးသာမုကို အကျိုးအကြောင်း စာရေးခဲ့ဦးမယ်ဆရာ"


www.burmeseclassic.com

www.burmeseclassic.com


"အို. . ဒီကောင် ဂရုစိုက်လို့ကွာ၊ မင်း အခု ငှက်ကြီးမဟုတ်တော့ဘူး၊ ပေါ်အုး"

"ကောင်းပါပြီဆရာ"

ကျွန်တော် ယခု အရက်တော်တော်ထွေနေပါသည်။

သို့သော် ထပ်သောက်ချင်စိတ် ပေါ်သည်နှင့် ကျွန်တော် သောက်နေကျ တာတ္တာဘားကို ဆရာတပည့်နှစ်ယောက် ရောက်ခဲ့ပြန်သည်။

"ဟော့. . ပေါ်အုးနဲ့ အေးဆွေ တစ်စားပွဲတည်း မထိုင်ရဘူးကွ"

ကျွန်တော် အမိန့်ထုတ်လိုက်သည်နှင့် ငှက်ကြီး တခြားစားပွဲသွားထိုင်ရပါသည်။ ကျွန်တော် စားပွဲထိုင်မိ၍ စီးကရက်ကိုဖွာပြီး မျက်ခုံးတစ်ဖက်ချီလိုက်သည်၏အချိန်ကလေးအတွင်းမှာပင်. . ကျွန်တော့်လက်စွဲတော် ဘွိုင်ကရစ်ရှုနားရောက်လာကာ. . .

"ဆရာ. . . မန္တလေး ဒိုင်ယာလား ဆရာ"

ကျွန်တော်သည် မျက်ခုံးတစ်ဖက်ကျဉ်းလိုက်၍ နှုတ်ခမ်းတစ်ခြမ်းအောက်ဘက်ရွဲ့လိုက်ပြီး. .

"ထပ်သရီး. . မန္တလေး ဒိုင်ယာ၊ ငါ အခု ဒီအရက်မျိုးတွေ မသောက်တော့ဘူးကွ"

"နို့ ဘာသောက်မလဲ ဆရာ"

"ဂျော်နီဝါကား ဝီစကီ"

"ဟပ်ဖ်ပက်ဒ်လား ဆရာ"

"ထပ်သရီး ဟပ်ဖ်ပက်ဒ်၊ ဝမ်းဘော့တယ်လ်"

ကျွန်တော် တစ်ပုလင်း မှာလိုက်ပါသည်။

ကရစ်ရှုနားက အံ့ဩစွာနှင့်. . .

"ဆရာ ကုန်ပါ့မလား"

"မကုန်. . ငါ အိမ်ယူသွားမှာပေါ့"

ကရစ်ရှုနားသွားသောအခါ၌ ကျွန်တော် ငှက်ကြီးဘက်လှည့်လိုက်ပြီး

"ပေါ်အုး"

"ဆရာ. ."

"မင်း. . စားချင်တာ မှာစားနိုင်တယ်"

"ကောင်းပါပြီ ဆရာ"

ကျွန်တော်သည် မေ့မျက်နှာကလေးကို အရက်ခွက်ပယင်းရောင်ဖန်သား၌ စင်းဝါးဝါးပေါ်လွင်စေကာ စိတ်ကူးယဉ်လောကတွင် နစ်မြုပ်နေရာမှ တစ်စုံတစ်ခုသတိရပြီး အခြားစားပွဲ၌ ခေါက်ဆွဲတွယ်နေသော ငှက်ကြီးအား "ဟော့. . ငှက်ကြီး. . အယ်. . ဟုတ်ပါဘူး၊ ပေါ်အုး"



"ဆရာ. . ."

"ငါ သွားစရာတွေ ရှိတယ်ကွယ်၊ မင်း ပေငါးဆယ်ထိပ်သွားပြီး တက္ကစီငှားချေစမ်း၊ ကားသစ်ပစေ့ကွယ့်၊ စတူဒီဘေကာဖြစ်ဖြစ်၊ ကိုင်ဇာဖရေဇာဖြစ်ဖြစ် နာရီနှုန်း ဘယ်လောက်ပဲ ပေးရပေးရ"

"ကောင်းပါပြီ ဆရာ"

"အာ. . နေဦးဟေ့"

ငှက်ကြီး ထိုင်ရာမှထသောအခါ၌ ကျွန်တော့်မျက်စိထဲတွင်၊ ရုပ်ရှင်များ၌ အသီးမျိုးစုံနှင့် အရက်သောက်ကြပုံကို မြင်ယောင်မိသည်နှင့်. . .

"မင်း အပြန်မှာ သိမ်ကြီးဈေးဝင်ပြီး သပျစ်သီး ပန်းသီး သစ်တော်သီးတွေ အရောင်စုံဝယ်ခဲ့စမ်းကွယ်၊ ရော့. . ငွေနှစ်ဆယ်ယူသွား"

နာရီဝက်မျှအကြာ၌ ငှက်ကြီးသစ်သီးတွေပိုက်၍ ဝင်လာပါသည်။

အချို့ စားပွဲက လူတွေပင် ကျွန်တော့်ကို စိတ်ဝင်စားစွာ ကြည့်နေကြ၏။

"ဘယ့်နှယ်လဲ ဟိတ်၊ မော်တော်ကားကောင်းရဲ့လား"

"ပစ်ကပ်အသစ်စက်စက်ကြီး ဆရာ၊ တစ်နာရီ အစိတ်နှုန်းတဲ့"

"အိုကေ. ."

ကရစ်ရှုနားထံမှ ပန်းကန်ပြားနှင့် ဓားတောင်း၍ သစ်သီးပွဲပြင်ကာ တစ်နာရီမျှ ဇိမ်ယူစားသောက်ပြီး. . .

"ဟော့. . . ကရစ်ရှုနား ဘီလ်၊ ငါ ဖန်ခွက်တစ်လုံး ဆိုဒါတစ်ပုလင်းလဲ ယူသွားချင်တယ်၊ ကျသလောက် ရေးလိုက်"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော်တို့ ဆိုင်မှ ထွက်ခဲ့ကြသောအခါ၌ ငှက်ကြီးမှာ ဝန်တွေများနေလေပြီ။ တစ်ဝက်သာသာကျန်နေသေးသော ဝီစကီပုလင်း ဆိုဒါတစ်ပုလင်း ဖန်ခွက်နှင့် သစ်သီးတွေကို ပွေ့ပိုက်၍ ကျွန်တော့်နောက်မှ လိုက်ရ၏။

ကားပေါ်ရောက်သောအခါ၌ ရှမဝတိုက်ဆီကို မောင်းခိုင်းလိုက်ပြီး ငှက်ကြီးအား. . .

"ဟော့. . ငါ့မျက်နှာကြည့်စမ်း. . ငါ ဟော့ဒီဘယ်ဘက်မျက်စိမှေးပြီး မျက်ခုံးချီလိုက်တဲ့အခါမှာ မင်းက ဆိုဒါနဲ့ ဝီစကီရောပြီးသား ဖန်ခွက်ကို လာပေးရမယ်၊ နို့ပြီး ဟော့ဒီဘယ်ဘက်နှုတ်ခမ်း ဒေါင့်ကလေးတွန့်လိုက်တဲ့အခါမှာ သပျစ်ခိုင်လာပေးရမယ် မှတ်မိလား"

"မှတ်မိတယ် ဆရာ"

"အေး. . ကောင်းပြီ"

"ဟုတ်ကဲ့ ဆရာ"


www.burmeseclassic.com

www.burmeseclassic.com



အင်မတန် လှပခံ့ထည်သော မော်တော်ကားကြီးကို ရှမဝတိုက်ရှေ့တွင်ရပ်ကာ ကျွန်တော်က ရှေ့မှဆင်း၍ ငှက်ကြီးက ပုလင်းဖန်ခွက် စားစရာသေတ္တာနှင့် နောက်မှလိုက်လာသောအခါတွင် အားလုံးသော ရှမဝတိုက်သားများနှင့် လာရောက်လေပန်းနေကြသော စာရေးဆရာသုံးလေးယောက်မှာ အံ့သြခြင်းကြီးမက အံ့သြလှစွာ မျက်လုံးတွေပြူးနေကြ၏။ သနားစရာများပင်ကောင်းပါဘိတောင်း။

သူတို့စာရေးဆရာ အမျိုးစားထဲ၌ ဤလိုကားမျိုး စီးသူမျိုး မကြုံဖူး မတွေ့ဖူးသေးဘဲကိုး။ နို့ပြီး ဒီလိုပုလင်းနှင့် ဒီလိုစားသောက်စရာတွေ၊ လက်ပါးစေတပည့်တစ်ယောက်နဲ့။ ဤအထဲတွင် မိုးအောက်မြေပြင်ဆုရ အညာသားမင်းအောင်ကြီးက သပျစ်သီး ပန်းသီးတွေကြည့်ပြီး မျက်လုံးကြီးဖြုကာ. . .

"ဟင်. . ကိုသော်တာဆွေ၊ ခင်ဗျားအဒေါ် မမာလို့လား"တဲ့မေးရှာသည်။

ကျွန်တော် စိတ်မဆိုးပါ။ သူ့အသိဉာဏ်တွင် ဤသစ်သီးမျိုးကား လူနာစားစရာဖြစ်သည်ဟုသာ သိရှာသည်။

"မဟုတ်ပါဘူး ကိုမင်းအောင်၊ ကျွန်တော့်အရက်နဲ့ သောက်ဖို့ဝယ်ခဲ့တာပါ၊ ခင်ဗျား စားနိုင်ပါတယ်"

"ဟင်. . စားဖူးစမ်းရအောင်ဗျာ"ဟုဆိုပြီး အားရပါးရ ယူစားလျက်

"ဟင်. . ဟုတ်သယ်ဗျ၊ ဟုတ်သယ်ဗျ ကိုကျော်"

ကိုကျော်က ပြုံးပါသည်။

ကျွန်တော်သည် ကုလားထိုင်ပေါ် မထိုင်။ ငွေဥဒေါင်း၏စားပွဲပေါ်တင်ပါးချိတ်လိုက်ပြီး ဘယ်ဘက်မျက်လုံးကိုမှေး၍ မျက်ခုံးတစ်ဖက် ချီလိုက်၏။ ငှက်ကြီး၏လက်နှင့် အရက်ဖန်ခွက် ကျွန်တော့်မျက်နှာနား ရောက်လာ၏။ ထိုနောက်၌ ဘယ်ဘက်နှုတ်ခမ်းထောင့်ကလေး တွန့်လိုက်ပြီး သပျစ်သီးတစ်လုံးစားလိုက်၏။

သူတို့အားလုံးကမူ သော်တာဆွေ၌ အဘယ်ကဲ့သို့သော ရောဂါဆိုးများ စွဲကပ်လေသနည်းဟု ဝိုင်းဝန်းကြည့်ရှုကြ၏။ ကျွန်တော်က အမူအရာမပျက်။

ငှက်ကြီးကလည်း တကယ့်ပေါ် အူး။

ဘန်ကောက်လုံချည်နှင့် ဒဂုန်တာရာက သူ၏သွားတွေ တဝင်းဝင်းလက်အောင် ဖြဲလျှလျှအပြုံးကို ပြုံးလိုက်ပြီး. . .

"ဘယ့်နှယ်ကိုယ့်လူ ဘယ်လိုဖြစ်လာတာလဲ"

"သူ့ဆရာကြီး ထီပေါက်လို့တဲ့ဗျာ"

ကိုကျော်က ဝင်ပြောလိုက်၏။

ကျွန်တော်က မျက်မှောင်ကုတ်၍ . . .





"ကိုကျော်. . ဒါ ခင်ဗျားပြောစရာ အလုပ်မဟုတ်ဘူးထင်တယ်"

"မပြောပါဘူးဗျာ၊ မပြောပါဘူး"

ဦးကျော်မှာ တင့်တယ်နှင့် ကျွန်တော်မူးလာလျှင် အင်မတန်ကြောက်ရှာပါသည်။

"အခု. . ခင်ဗျားကို ကျွန်တော် စကားပြောရအောင် လာတယ်"ဟုဆိုပြီး . . .

ကျွန်တော် ထိုင်ရာမှထကာ အခန်းကျဉ်းကလေးထဲ၌ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း အလွန်အပြောကောင်းသော ရုပ်ရှင်မင်းသားပေါလ်မူနီအမူအရာမျိုးဖြင့် "ကျုပ်. . ခင်ဗျားမဂ္ဂဇင်းမှာ နောက်နောင် ဝတ္ထုတွေ ဘာတွေရေးမပေးနိုင်တော့ဘူးထင်တယ်"

"ဘာလို့လဲ ကလောင်ချလိုက်ပြီလား"

"မဟုတ်ပါဘူး၊ ဒီစာရေးတဲ့ ဝါသနာကို မစွန့်ပါဘူး၊ ဒါပေမယ့် ဒီရှမဝလို အပေါ်စားမဂ္ဂဇင်းမှာ ကျွန်တော်ရေးနေကျလို အပေါ်စားဝတ္ထုတွေ ရေးမနေချင်တော့ဘူး၊ ဆရာတက်တိုးပါးစပ်က ပြောတဲ့ တကယ့် စာပေဆန်ဆန်စာမျိုးတွေချည်း ရေးပြီးတော့ ဆရာတာရာလို မဂ္ဂဇင်းတစ်ခုထုတ်မယ်"

"တာရာမဂ္ဂဇင်းလိုဆိုရင် တာရာမဂ္ဂဇင်းလို ရပ်နေပါဦးမယ်"

"ရပ်. . ရပ်ရပ်လေ၊ ရပ်တာဟာ ဂုဏ်ပဲ၊ တိုင်းပြည်စာဖတ်ပရိသတ်တအဆင့်အတန်းမမီလို့ပဲ၊ ကျွန်တော်ဖြင့် ဆရာတာရာကို အားကျတယ်၊ စာအုပ်တစ်အုပ်ထုတ် တစ်ခါရပ် တစ်ဂုဏ်တက်၊ နောက်ထပ်နာမည်တစ်မျိုးနဲ့ တစ်ခါထုတ် တစ်ခါရပ် တစ်ဂုဏ်တက်၊ အဲသည်လို ဂုဏ်တွေချည်းယူနေပြီး ဆရာကြီးထီပေါက်တဲ့ငွေနဲ့ ယောက္ခမပစ္စည်းကို ဖြုန်းမယ် စိတ်ကူးနေတယ်"

"ကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်"

ကိုကျော်က ထောက်ခံရသည်။ ဘယ်မထောက်ခံဘဲ နေဝံ့မှာတုံး။

"နို့ပြီး ကျွန်တော်က မဂ္ဂဇင်းကောင်းကြောင်းကို ကိုယ်နဲ့သင့်မြတ်တဲ့စာရေးဆရာတွေ လက်ဖက်ရည်တိုက်ပြီး အယ်ဒီတာထံပေးစာအခန်းက ရေးခိုင်းမယ်"

"ဒါလဲ ကောင်းပါတယ်ဗျာ"

"ကောင်းမှာပေါ့၊ ဒါ လက်ဝဲနည်းပဲ၊ မတ်ကစ်က မိမိ၏ဝါဒဖြန့်ချိရေးအတွက် ဘယ်နည်းနဲ့မဆို လုပ်ရတယ်လို့ ဆိုတယ်မဟုတ်လား"

ကျွန်တော် ကိုကျော်ကို ဖိန်းလိုက်ပါသည်။

သူကလည်း ရောယောင်ပြီး . . .

"ဟုတ်ကဲ့ ကျွန်တော် ကြားဖူးသလို ရှိပါတယ်၊ ဒါနဲ့ ကျွန်တော့်မဂ္ဂဇင်းကိုလဲ အောက်တန်းစားဝတ္ထုကလေးများလဲ မ,စစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်ခုံးတစ်ဖက်မြှင့်၊ နှုတ်ခမ်းတစ်ထောင့်တွန့်၍အရက်တစ်ကျိုက်နှင့် သပျစ်သီးတစ်လုံးစားလိုက်ပြီး. . .

"ကျုပ် မရေးဘူးဆို မရေးဘူးဗျာ"

"နည်းနည်းပါးပါးတော့ သက်ညှာပါဦးဆရာ"

"ခင်ဗျား သက်ညှာတာကတော့ ဟုတ်ပါပြီ၊ ဒီအပေါစားမဂ္ဂဇင်းမှာ အပေါစားဝတ္ထုတွေ ရေးရတော့ ကျုပ်ဂုဏ်ထိခိုက်မယ်ဗျ၊ ကျုပ်က ဒဂုန်တာရာ ပြောတဲ့ စာပေသစ်ဆိုတာမျိုးရေးမယ်ဗျ၊ ဖြစ်နိုင်ရင် အခုလက်ရှိ ဗျည်း(၃၃) လုံးတောင် မသုံးဘူးဗျာ၊ နောက်ထပ် အက္ခရာသစ်ထွင်မယ်၊ ကဲ. . သွားမယ်၊ ဩော်. . ဒါထက် ကျုပ် ဦးရန်အောင်နဲ့ သာမုကို တွေ့ချင်တယ်၊ ဒီအချိန်မှာ သူတို့ ဘယ်မှာနေတတ်သလဲ"

"အဆင်သင့်ပါပဲဗျာ၊ ကွန်တီနင်တယ်လ် လက်ဖက်ရည်ခန်းမှာ နို့အေးသောက်ရင်း အိမ်ထောင်ရေးအကြောင်း ဆွေးနွေးနေကြတယ်"

"အင်း. . ဒီနားထိုင်းကြီးနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် နားလည်အောင် ဆွေးနွေးကြရင်ဖြင့် ကွန်တီနင်တယ်လ် တိုက်ခန်းပွင့်ထွက်သွားမှာစိုးရတယ်"

"သူတို့က. . တစ်ယောက်စကား တစ်ယောက်နားလည်အောင်ရယ် မဟုတ်ပါဘူး၊ ဆွေးနွေးကြတယ် ဆိုရုံလောက်ပါပဲ"

မင်းအောင်က ဝင်ပြောပါသည်။

"နို့. . ဒါဖြင့် ဘာလုပ်ဆွေးနွေးကြသေးသတဲ့လဲ"

"ဒါက ဒီလိုပါ၊ သူတို့ စာရေးတဲ့အခါမှာ ဘယ်သူနဲ့ ဘယ်နေ့က ဘယ်မှာဘယ်လို ဘယ်လိုဆွေးနွေးခဲ့တယ်ဆိုပြီး ရေးတော့ ကိုယ်ထင်ရာကိုယ် လျှောက်ရေးကြမှာပါ"

"အို. . ဒါဖြင့် စာအုပ်ထဲကျတော့ တစ်ယောက်နဲ့တစ်ယောက် ပြောတာမဟုတ်မှန်း သူတို့ချင်းမသိကြတော့ဘူးလား"

"ဒါလဲ မသိနိုင်ပါဘူး၊ တစ်ယောက်စာအုပ် တစ်ယောက်ဖတ်ကြတာမှ မဟုတ်ဘဲ"

"ကဲ. . စာဖတ်ပရိသတ်က ဆရာ ဒီလိုပဲပြောသလား မေးတော့ကော"

"ဒါမျိုးကတော့ သူတို့က အသာခင်ဗျာ၊ 'အေးကွယ် သူက ကိုယ့်လာဆရာတင်တော့ ကိုယ်လဲ ပြီးလွယ်စကြောင်း ပြောလိုက်ရတာပဲကွယ်'လို့ ဟိတ်ကြီးထုတ်လိုက်ကြတာပဲ"

ကျွန်တော် တက္ကစီဒရိုင်ဘာကို ကွန်တီနင်တယ်ရှေ့ ရပ်ခိုင်းလိုက်ပါသည်။ အဆင်သင့်ပင် သူတို့ဝတ်နေကျအတိုင်း အင်္ကလိပ်လိုဝတ်ထားသော သာမုနှင့် ကြိုးကြိုးချိတ်တောင်ရှည်ပုဆိုး၊ ပိုးရင်ဖုံး၊ ရွှေမျက်မှန်၊ မောင့်ကျက်





သရေခေါင်းပေါင်း၊ ပြောင်လက်နေသော နောက်ပိတ်ဖိနပ်နှင့် ဆရာရန်အောင်တို့အား လက်ဝါးကလေးတွေ ကိုယ့်နားရွက် ကိုယ်ကပ်တားကြသည်ကို တွေ့ရပါသည်။

ဆရာရန်အောင် ခြေထောက်၌ ထူးခြားသည်မှာ ပုဆိုးတောင်ရှည်အောက်တွင် ဘောကန်ခြေအိတ်အဝါနှင့် အနက်ကြား ထူထူကြီးပင် ဖြစ်ပါသည်၊ အကြောင်းမှာ သူသည် ဘောကန် အင်မတန်ဝါသနာပါသည်ဖြစ်၍ ဘောကွင်းတွေလျှင် (ကလေးတွေနဲ့ပဲဖြစ်ဖြစ်) တောင်ရှည်ချွတ်ပြီး အတွင်းခံ ရှမ်းဘောင်းဘီ ဒူးဆစ်ထိ ကလေးနှင့်ပင် ဝင်ကန်လေ့ရှိ၏။

❑

ကျွန်တော်သည် နားထိုင်းကြီးနှစ်ဦးကိုပင့်၍ အိမ်သို့ပြန်ရောက်သောအခါ အဆင်သင့်ပင် ဘကိုးတို့ မိသားဖသားစုံလင်ရှိမက စနေနေ့ကျောင်းပိတ်ရက်ဖြစ်၍ ခမတစ်ရှဉ်းပါ ရောက်နေသည်ကို တွေ့ရပါသည်။

"တင့်တို့. . မြင့်တို့ရေ. . ကိုယ် မင်းတို့ လက္ခဏာမကြည့်ရတာ ကြာပြီကွ. . အခုကြည့်ပေးမယ်"

အိမ်ပေါ်ရောက်ရောက်ချင်း ကောလိပ်သူမ နှစ်ယောက်ကို ကျွန်တော်က ပြိတ်တီ လုပ်လိုက်ရာ ဘကိုးက မျက်စောင်းထိုးပါတော့သည်။ ဤတွင် ကျွန်တော်က ဘာမှု မမှုဘဲ မျက်ခုံးတစ်ဖက်မြှင့် သပျစ်သီးတစ်လုံးသောက်စားလိုက်ပြီး ဆွဲအံထဲက ဆွေကိုးစာချုပ်ကို ထုတ်လိုက်ကာ. . .

"ဟော့. . ဘကိုး မင်းဆီက စာချုပ် ပြန်ကြည့်ပါဦးကွ"

သူနှဲ့ ကျွန်တော့်မှာ စာချုပ်တစ်ခုစီ ထားရှိပါသည်။ သူ အံ့အားသင့်နေစဉ်မှာပင် ကျွန်တော်က ဦးရန်အောင်နှင့် ဖိုးသာမုကို ညွှန်ပြပြီး. . .

"ဟော့. . ဒီမှာ နားထိုင်းကြီးနှစ်ယောက်လဲ ငါ. . တမင်္ဂလာ ညစာကျွေးမယ်ဆိုခေါ် လာပြီး စာပေဆွေးနွေးကြမလို့ကွ၊ ဩော်. . မဆွေးနွေးခင်ငါသီချင်းဆိုဦးမယ်ကွာ၊ ပေးစမ်းဟော့. . ငှက်ကြီး၊ အယ်. . ဟုတ်ပါဘူး ပေါ်အူအရက်ပုလင်း"ဆိုပြီး ပုလင်းကိုယူ၍ ဘကိုးကို ထောင်ပြပြီး "ဟော့, သူငယ်ချင်းဒါ ဝီစကီပုလင်းကွ၊ မကြည်အောင်ဆိုတဲ့ ဟိုသီချင်းကို ငါ အရက်သီချင်းဖြစ်အောင် ဆိုပြမယ် နားထောင်"

ကျွန်တော်သည် ကျယ်နိုင်သလောက်ကျယ်၊ ကြောင်နိုင်သလောက်ကြောင်သော အသံဆိုးကြီးနှင့် "သပ္ပုရိသ ဒုလ္လဘနဲ့ ကြုံကြိုက်ရတဲ့အခါမှာတော့. . သည်လိုအရက်မျိုးမှ အဖိုးတန်ပေတာ၊ အပါယ်တံခါးပွင့်ကာ နိဗ္ဗာန်တံခါးပိတ်မှာ၊ အစိဋ္ဌာန်စကားနဲ့ ကြိတ်လကွာ၊ မနသိမှန်းဆလို့ ဝီစကီတို့အရမ်းချပေတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရမ်းဆိုလိုက်ပါသည်။ ဟိုဆရာကြီး နှစ်ယောက်ပင် သဲ့သဲ့ကြား၍ အံ့အားသင့်ဟန် ရှိပါသည်။

"ဟေ့. . ဘကိုး နားထောင်ဦးကွ၊ နောက်တစ်ပုဒ် ဆိုဦးမယ်၊ အဲဒါက လေသွေးဆိုတဲ့ မိုးဒေဝါသီချင်း"

ကျွန်တော် တွယ်ပြန်သည်။

"ဖြေမရှင် ဆွေးစေဖို့. . ခုမျှားမှာ ကိုအမွှန်က. . သြော်. . ခုမျှားမှာ တိုယ်အနံ့ပုံက. . ဝေါ့. . ဝေါ့. . ဝေါ့. . ဝေါ့"

ကျွန်တော် တမင်ညစ်၍ အံချင်ယောင်ဆောင်လိုက်ရာ တကယ်ပင် ဝမ်းထဲက အရက်နှင့် သစ်သီးအဖတ်တွေ ထွက်ကျလာပါတော့သည်။

ဤနေရာ၌ ကျွန်တော့်တပည့်ပေါ်အူးက ထိန်းမကူညီဘိ၏။

ကျွန်တော့်ရင်ကို မ,၍ ဇက်ကိုဖိပေးသောကြောင့် ကျွန်တော့်ရင်ဘတ်တို့ အံဖတ်မထိပါ။

"တပည့်လိမ္မာ ဆရာ အံဖတ်လွတ်ဆိုတာ ဒါပေါ့ကွ၊ ဟေ့. . ဘကိုး. . မင်း သဘောမကျဘူးလား"

သူတို့အားလုံးသည် ကျွန်တော့်ကို အံ့သြစွာကြည့်နေရာမှ

ဘကိုးက . . "ဟေ့ကောင်. . မင်း စာချုပ်ဖောက်ဖျက်ပြီပေါ့"

"အခု ဆင်းသွားလိုက်မောင်၊ ချက်ချင်းဆင်းသွားလိုက်"

"သွားမယ်ကွ သွားမယ်၊ အခုနေဖို့အိမ် ငှားလို့ ဝယ်လို့မရသေးတာ တောင် မြို့ထဲက ဟိုတယ်တစ်ခုမှာ အခန်းငှားနေလိုက်မယ်ကွ"

"ဟား. . ကြီးကျယ်လိုက်တာ၊ မင့်လိုကောင်မှာ ဒီလောက်သုံးနိုင်တဲ့ ငွေရှိလို့လား"

"ဟေ့. . အခု သည့်ထက်မက သုံးနိုင်တယ်ကွ"

"ဟင်. . မင်း လိုင်စင်ရလို့လား"

"မင့်. . ငါက ဘာလို့ သံတော်ဦးတင်နေရမှာလဲ"

"ဟေ့. . ဘကိုး၊ မင်းနဲ့ငါဟာ ငယ်စဉ်က ခင်မင်ကြတဲ့ သူငယ်ချင်းဖြစ်ခဲ့တာမို့ မင့်ကိုငါ အခု တစ်သက်မှတ်သွားသင့်တဲ့ သဘောတရားတစ်ခုကို ဟောလိုက်စမ်းပြစေကွာ၊ မင်း ရန်ကုန်ရောက်စက ဟို. . တို့မြို့နယ် အဖြစ်အပျက်တွေ ပြောတဲ့အခါမှာ ဘယ်သူဘယ်ဝါဟာဖြင့် သောင်းကျန်းမှုဘက်ဝင်ပြီး ဗိုလ်လုပ်၊ လူထုဆီကပစ္စည်းကို မရမက အဓမ္မနည်းနဲ့ယူ၊ မော်တော်ကားစီး၊ အိမ်သစ်ဆောက်၊ မတရားတဲ့အမှုတွေပြုနဲ့ တိုင်းပြည်ကို ဖျက်ဆီးနေကြတယ်လို့ ပြောတယ်မဟုတ်လား၊ အေး. . ငါ အဲဒါတွေကို ထောက်ခံတယ်။ သို့သော် အခု မင်းကိုယ်မင်းများ ပြန်လှည့်ဆင်ခြင်လိုက်စမ်းပါဦး၊ မင်းဟာ ရန်ကုန်ကို ဘာအလုပ် ဘာကိစ္စ ဘာကြံရွယ်ချက်နဲ့ ရောက်လာခဲ့သတုံး. . .





အခု တို့တိုင်းပြည်မှာ တစ်ပြည်လုံး ရိုးရိုးလုပ်စားကိုင်စား ဈေးသည်ကုန်သည်၊ စာရေးစာချီ၊ လယ်ကူလီတွေ၊ မိမိတို့ မသုံးမဖြစ်လို့ သုံးနေရတဲ့ ပစ္စည်းတွေအပေါ်မှာ ဈေးကြီးကြီး နှစ်ဆသုံးဆ ပေးနေရတာဟာ ဘယ်သူ့ကြောင့်လဲ၊ ဘယ်လိုလူစားမျိုးတွေကြောင့်လဲ။ တိုင်းပြည်ဆင်းရဲသား လူတန်းစားတွေခမျာ ပစ္စည်းတစ်ခုကို ရသင့်ရထိုက် လိုချင်ရချင်ရက်နဲ့ မရတာဟာ ဘယ်သူ့ကြောင့်လဲ၊ တိုင်းပြည်ဆင်းရဲသား လူတန်းစားတွေဆီက သွေးသားလုပ်အားကို သာမန်မျက်စိနဲ့ မမြင်နိုင်အောင် ကုတ်ဖဲ့ခြစ်ထုတ်ယူနေကြတာ ဘယ်သူတွေလဲ၊ ဘယ်လိုလူစားမျိုးတွေလဲ၊ သောင်းကျန်းသူ နယ်ပယ်မှာတော့ လူထုညှဉ်းဆဲတဲ့ လူတွေကို လူတိုင်းလူတိုင်းရဲ့ အသိဉာဏ်နဲ့ မြင်နိုင်တာမို့ ဟိုလူ ဒီလူ ဖြောင်နီ လို့ နာမည်ပေးကြပါတယ်။ အခု အစိုးရနယ်ပယ်မှာတော့ ဒီလူတွေကို နာမည်ပေးကြပါသလား၊ ကဲ့ရဲ့ရှုတ်ချပါသလား၊ ခိုးမွမ်းမြှောက်စားနေပါသလား၊ သောင်းကြမ်းသူတွေကိုဖြင့် အစိုးရတပ်မတော်ကြီးက နှိမ်နင်းလို့ တစ်ပြည်လုံးအေးချမ်းပါတော့မယ်၊ အေးဓားပြ၊ ပူဓားပြ ဘယ်သူက ပိုဆိုးနေသလဲ"

❑

*"တပ်တော်ဦးဆီ . . မျှော်လိုက်ပြန်တော့. . . ရဲတံခွန်တွေ. . လေကစားကာ ကြွားတလူလူဝေ. . . . တပ်တော်နောက်ကို မျှော်လိုက်ပြန်တော့၊ ဝန်ကြီးတွေဝန်ငယ်တွေ ကားစီးလို့နေ၊ နေမလေ ပညာဉာဏ်အလုပ် မဆုတ်မတွန့်မရွံ့တဲ့သူတွေ. . နှလုံးရည်ပြောင် ရှေ့ဆောင်မားမား. . ဝန်ကြီးများရဲ့ လက္ခဏာညီပေ၊ ဉာဏ်ရည်အထွေထွေ လူအလုပ် ခေါင်းအလုပ် အလုပ်တာဝေ ဖြောင့်မှန်စွာစီမံကြသလေ. . အစွမ်းကုန်သန့်ရှင်းလို့. . ငြိမ်းချမ်းခြင်းရပါစေ"*

ကျွန်တော် သီချင်းတကြော်ကြော်နှင့် မျှော်၍နေပါသည်။

ကျွန်တော့်အိမ်၌ ဘကိုးတို့မရှိတော့ပါ။

ကျွန်တော့်တပည့် ပေါ်အူးငှက်ကြီးနှင့် ကျွန်တော်သာ။

ကျွန်တော် ဘကိုးကို အလျင်အမြန် နှင်ချလိုက်သည်ကား သူနှင့် ကျွန်တော် စိတ်သဘောချင်း မတိုက်ဆိုင်သည်ကတစ်ချက်၊ ၎င်းပြင် ဆရာကြီး ရန်ကုန်က ပြန်ခါနီး၌ ဆောက်နေဆဲအိမ်တစ်ခုကို ပြီးလျှင် စပေါ်သုံးရာကျပ် ပေးထားရန် သူ့ညီကို မှာခဲ့၏။

ယခု ဆရာကြီး ထီငါးသောင်းပေါက်သည့် အခြေနှင့်ကား ဤအိမ်မျိုးတွင် နေတော့မည်မဟုတ်၊ သည့်ထက်သာသော အဆောက်အအုံကို ရှာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

ဤမရခင် အတွင်း၌ ကျွန်တော့်ခေတ္တပိုင်အိမ်တွင် တစ်လနှစ်လ လောက်နေရန် ပိုက်ဆံတောင်း၍ကောင်းအောင် စီမံထားခြင်းဖြစ်ပါသည်။ ကြာရှည်ဖန်ရှည်မှာ ကျွန်တော်က ငွေဥဒေါင်းထက် အများကြီးသာပါ၏။

တစ်နေ့ နေ့ခင်း ကျွန်တော် ရှမဝတိုက်သို့ ရောက်သွားသောအခါ၌ ငွေဥဒေါင်းက. . .

"ဟေ့. . ဆရာကြီးဆီက စာလာတယ်ကွ၊ မင့်ကိုလဲ ပြောလိုက်ပါတဲ့"

"ဘာပြောခိုင်းလိုက်တာလဲ"

"သူမလာခင်အတွင်းမှာ မင်းနဲ့ငါ တစ်ယောက်ငါးရာစီတော့ ရှမဝက ယူသုံးချင်သုံးနှင့်တဲ့"

"ဟင်. . တကယ်လား. . ဘယ်မလဲ ဒီစာ"

"ငါ့အိမ်မှာကျန်ခဲ့တယ်ကွ"

"ကျွန်တော့်ကို မန္တလေးလိုက်ခဲ့လို့ကော မရေးလိုက်ဘူးလား"

"ဟင့်အင်း. . သူတို့က အခုလဆန်းရင် မန္တလေးက သင်္ဘောနဲ့ ဆင်းလာတော့မှာပဲ"

ကျွန်တော် အကြီးအကျယ်ရွှင်လန်းသွားလျက် စိတ်ထဲ၌ တစ်မျိုးတစ်ဖုံ ဘဝင်မြင့်သွားကာ ယခု အနီး၌ ဦးကျော်နှင့် ကိုကျော်မြတို့လည်း ရှိသည်ဖြစ်၍. . .

"ကဲ. . ရှမဝဆရာကြီးတို့ ငွေငါးရာပေးကြစမ်း"

ကိုကျော်က မျက်နှာအေးကလေးနှင့်. . .

"ရှမဝမှာ ဘဏ်တိုက်အောက်မေ့နေကြလားဗျာ"

"ခင်ဗျားကို ဘင်ကာ(Banker)လို့ ချီးမြှောက်နေတာ မဟုတ်ဘူး၊ ငွေငါးရာတောင်းနေတာ"

"ဘယ် ငွေငါးရာ အခုလွယ်လွယ် ရှိမလဲဗျာ"

"မရှိ ရှိသလောက် ပေးပေါ့၊ ခင်ဗျာ့ ကျွန်တော် တစ်ရာတစ်ဆယ်နှုန်း ပေးမယ်ဗျာ"

"အမယ်လေး. . ပေးလဲ မနေပါနဲ့၊ လူကြားလို့ မကောင်းပါဘူး၊ ရော့ ငွေနှစ်ရာ့ငါးဆယ်ဆီတော့ လွယ်လွယ်ရှိတယ်"

ကျွန်တော်သည် လက်ကနာရီကို ကြည့်လိုက်ပြီး နောက်တော်ပါး၌ ဆရာ့အရိပ်ကို ကြည့်နေသော ငှက်ကြီးအား. . .

"ဟေ့. . ပေါ်အူး. . သွား. . တက္ကစီတစ်စီး ခေါ်ချေကွာ"

ဟိုတစ်နေ့က ပစ်ကပ်ကြီးပင် ရှမဝတိုက်သို့ရောက်လာ၍ ကျွန်တော် တက်လိုက်သောအခါ၌ ဒရိုင်ဘာက . . .

"ဘယ်ကိုလဲဆရာ"





"ရေ့စ်. . ."

အင်္ဂလိပ်သံ ပါပါနှင့် ပြောလိုက်သည်။ အကြောင်းမှာ ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ မရောက်တာကြာပြီဖြစ်သော မြင်းပွဲကို သွားလိုက်ပါသည်။ စာရေးဆရာဆိုတော့ ဟိုစပ်စပ်ဒီစပ်စပ်တော့ နှံ့အောင် ရောက်မှ မဟုတ်လားဗျ။

ဤနေ့၌ ကျွန်တော်သည် မြင်းပွဲမပြီးမီပင် ကွင်းထဲမှ ထွက်လာရကာ ငှက်ကြီးအား . . .

"ဟေ့. . ပေါ်အူး"

"ဆရာ. ."

"မင်းသိလား"

"ဘာကိုလဲဆရာ"

"အလကားရတဲ့ငွေများ ဘာဖြစ်တတ်သလဲ"

"အင်မတန်သုံးလို့ကောင်းတာပေါ့ ဆရာ"

"ဟာ. . မဟုတ်ဘူးကွ"

အမှန်အားဖြင့် ကျွန်တော်သာ တကယ့်အေးဆွေဖြစ်ခဲ့လျှင် ပေါ်အူး လုပ်သည့် ငှက်ကြီးစကားကို သဘောကျရပေလိမ့်မည်။

သို့သော် ကျွန်တော့်မှာ စာရေးဆရာပညာရှိဟု မိမိကိုယ်မိမိ ယူဆနေသည့်အားလျော်စွာ "မဟုတ်ဘူးကွ. . အလကားရတဲ့ငွေများ အလကားကုန်တတ်တာပဲ"ဟု မှတ်ချက်ချလိုက်ရပါသည်။

အကြောင်းမှာ ရှမဝကပေးလိုက် သော ငွေ (၂၅၀/-)အပြင် အိတ်ထဲပါခဲ့သော ငွေ (၅၀/-)လည်း ကုန်ပါ၍ မြင်းပွဲမပြီးမီ ငွေကို ဂရုမစိုက်သည့်ပုံနှင့် ခပ်ပြုံးပြုံးပင်ပြန်ခဲ့ပါသည်။

ထိုမှ ဆရာကြီးမရောက်မီကာလအတွင်း ကျွန်တော်နှင့် မေလေးနှင့် စာချင်းဆက်သွယ်နေပုံ၊ ကျွန်တော် အရက်မူးပြီး ငှက်ကြီးနှင့်ပျော်ရွှင်နေပုံတို့ကို ရေးသားနေပါက သော်တာဆွေ တစ်ကောင်တည်းနှင့် ရှမဝတစ်အုပ်လုံး ပြုတ်ပြုတ်ပြန်းတော့မည်။ ထို့ကြောင့် အတိုချုံး၍ အလိုဆုံးကိုသာ ဖော်ပြပါတော့အံ့။

စက်တင်ဘာလ (၁၀)ရက်နေ့တွင် ကျွန်တော့်အိမ်ရှေ့၌ မော်တော်ကားတစ်စီးဆိုက်ရပ်ပြီး ဆရာကြီး၊ ဒေါ်ကြီးစိုး၊ ဆရာကြီးခယ်မနှင့် တူတော်မောင် မောင်သင်းမောင်တို့ဆင်းလာကြ၏။

ကျွန်တော်သည် ဝမ်းသာအားရ ဆီးကြိုမိကာ. .

"ဟာ. . ဆရာကြီး ဘယ်တုံးက ရောက်တာလဲလို့၊ ကျွန်တော့်ဆီ သံကြိုး မရိုက်လိုက်သလဲ၊ သင်္ဘောဆိပ်ဆီးကြိုရအောင်"



www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် အားလုံးပြုံးပြုံးရွှင်ရွှင်နှင့် ကုလားထိုင်အသီးသီးတွင် ထိုင်ပြီးရင်း ဆရာကြီးက. . .

"ဘယ့်နှယ် ငါ ထီပေါက်တယ်ဆိုတာနဲ့ ဆီးကြိုချင်တာလားကွ"

ကျွန်တော် ပြုံးပြုံးပျာပျာနှင့်. . .

"ဟာ. . . မဟုတ်ပါဘူး ဆရာကြီးရယ်၊ ကျွန်တော့်ကို ဒီလိုမထင်ပါနဲ့၊ ကျွန်တော်က ငွေဥဒေါင်းလို လူမဟုတ်ပါဘူး၊ ဆရာကြီးမှာ တစ်ပြားမှ မရှိဘူးဆိုရင်လဲ ဆရာ့တပည့်ဝတ္တရားအတိုင်း လာကြိုရမှာပါ"

"အင်း. . ဒီလိုဆိုတော်လေရဲ့"

ကျွန်တော်သည် အနီး၌ ပေါ်အူးအမူအရာဖြင့် ခစားနေသော ငှက်ကြီးဘက် လှည့်လိုက်ကာ. . . "ဟေ့. . ပေါ်အူး၊ အယ်. . . ဟုတ်ပါဘူး"

ဆရာကြီးရှေ့မို့ ရှက်သွားကာ . . .

"ငှက်ကြီး ဧည့်သည်တွေဖို့ ကော်ဖီလုပ်လေကွာ"

ဆရာကြီးက လက်တား၍ . . .

"ဟဲ့. . နေပေစေ၊ တို့. . အခုပဲ သောက်လာတယ်၊ တို့လာတာ မင့်ကို တို့အခုနေမယ့်အိမ်ပြရအောင် လာခေါ်တာ"

"ဘယ်အိမ်လဲ၊ အရင် သုံးရာစပေါ်ပေးရတဲ့ အိမ်ကလေး မဟုတ်တော့ဘူး မဟုတ်လား"

"ဘယ်ဟုတ်တော့မလဲကွယ်၊ ငါ ထီပေါက်တယ်ဆိုတဲ့ သတင်းကြားတာနဲ့ ဟော့ဒီ မစောလှက သူ့ခယ်မကို ညွှန်ပြ၍ "ငွေ ငါးသောင်းတောင်ပေါက်တာ ဒီအိမ်မျိုးနေတော့မှာ မဟုတ်ဘူးဆိုပြီး စပေါ်သွားမပေးလိုက်တာနဲ့ လက်လွှတ်သွားပြီကွ"

"အဲဒါကောင်းပါတယ် ဆရာကြီးရာ၊ ဒီရပ်ကွက်မျိုးက ဒီအိမ်ကလေးမျိုး ဘာလုပ်ဖို့လဲ၊ ကိုယ့်ငွေရှိထာပဲ အင်းလျားတို့ ကုက္ကိုင်းတို့ဘက်လို ခြံနဲ့ဝင်းနဲ့ တိုက်ကလေးတွေမှာ အေးအေးဆေးဆေးနေပေါ့၊ စာရေးချင်ရေး၊ ကမ္ဘာ့ဌာန်းထိုင်ချင်ထိုင်"

ဤတွင် ဆရာကြီးသည် ကျွန်တော့်ကို အံ့အားသင့်သလိုကြည့်ကာ-

"ဟဲ့. . ကိုယ့်လူ ဘာတွေပြောနေတာလဲ"

ကျွန်တော်လည်း မျက်လုံးပြူးကာ. . .

"ဟင်. . ဆရာကြီး"

"ဟ. . မင်းအဖြစ်ကို မသိသေးဘူးလား"

"အို. . . ဆရာကြီး ထီပေါက်တာ မဟုတ်ဘူးလား"

"ဘယ်ဟုတ်ရမလဲ၊ ငါ့မောင်ကြီးမောင် (ငွေဥဒေါင်း)ဆီ စာရေးလိုက်တာ မင့် ပြောမပြဘူးလား"







"ဟင်. . ငွေဥဒေါင်းက ငွေတစ်ယောက် ငါးရာစီပဲ ရှမဝက ထုတ်သုံးနှင့်ပြောတယ်ဆိုလို့"

"အဲ. . မင့် သူက လိမ့်တာပဲ"

ကျွန်တော် မျက်ဖြူလန်ကာ. . .

"ဘုရားရေ. ."

"ဟ. . . ဒီကောင် တကယ်မသိသေးဘူးဘဲကွ"

. . . ဆိုရင်း ဆရာကြီးသည် ပြုံးစိစိနေကြသော ဒေါ်ကြီးစိုးနှင့် မစောလှဘက် လှည့်ကြည့်လိုက်ပြီးမှ. . .

"အင်း. . ပြောပြရဦးမှာပဲ၊ အဖြစ်က ဒီလိုကွ"

❑

ဆရာကြီးရွှေဥဒေါင်းသည် ရန်ကုန်မှ မန္တလေးသို့ ပြန်ခါနီး၌ ဆရာကြီးကတော်ထံသို့ အိမ်ရ၍ ပြန်လာခဲ့တော့မည့်အကြောင်း သံကြိုးရိုက်လိုက်၏။

ဒေါ်ကြီးစိုးမှာ အင်္ဂလိပ်စာ မဖတ်တတ်ချေ။

စာဖတ်ပြသူမှာ ဆရာကြီး၏တူတော်မောင် လူရွတ်လူနောက် ကိုဝင်းမောင်ဖြစ်၍ ထိုစဉ်၌ (၅၄)ကြိမ်မြောက် အစိုးရသိန်းထီကြီးဖွင့်နေခိုက်ကြုံသည်နှင့် ကိုဝင်းမောင်သည် ဒေါ်ကြီးအား "ဆရာကြီး ထီငါးသောင်းပေါက်သည်"ဟု အမူအရာကျကျနှင့် အဓိပ္ပာယ် ပြန်ပြလိုက်၏။

ဤသတ္တဝါ နောက်တတ်မှန်း သိ၍ ဒေါ်ကြီးက မယုံ့တယုံနေသော်လည်း သတင်းထောက်တစ်ဦးက နားယောင်နားကန်းကြားသည်နှင့် မန္တလေးသတင်းစာတစ်ခုတွင်ကောက်ထည့် လိုက်၍ ရန်ကုန်ရှေ့ဆောင်သတင်းစာက ကူးချလိုက်သည်။

ထိုမှ ဆရာကြီးရွှေဥဒေါင်း ထီပေါက်ကြောင်း ဂယက်ရိုက်သွားကာ စာပေနယ်၌ အဘိုးကြီး စာမှရေးပါတော့မလား။

ဤသည့်ဖြစ်သည့်အထဲမှ အမှန်အားဖြင့်လည်း ထီပေါက်စဉ်များတွင် Shwe Daung Thein (ရွှေဒေါင်းသိန်း) သို့မဟုတ် (ရွှေတောင်သိန်း) ဟူသော အတိတ်နှင့် ငါးသောင်းဆုတစ်ခု ပါလာ၏။

ဆရာကြီးရွှေဥဒေါင်း၏နာမည်မှာ ဦးဖေသိန်း။ ထို့ကြောင့် ဆရာကြီး၏ အတိတ် ရွှေဒေါင်းသိန်း ဖြစ်ရမည်ဟု ယုံကြည်မိကြကာ တမင်နောက်ပြောင်လိုက်သော ကိုဝင်းမောင် (လူပေါ်လေဝင်း)ပင်။

"အမယ်လေး, ငါ့ပါးစပ် နတ်စောင့်နေပါလား"ဟု သူ့မိန်းမ မအေးသော်၏ နှုတ်ခမ်းကို သွားစုပ်လိုက်သေးသည်ဟူသတတ်။

ဆရာကြီး မန္တလေး လေယာဉ်ပျံကွင်းဆင်းသောအခါ၌. . .


www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးပဲ၊ ဒီလူကြီးပဲ"နှင့် လူတွေက ကျွက်စီကျွက်စီ ကြည့်ကြရာ ဆရာကြီးမှာ စိတ်လက် မသိုးမသန့်လာဖြစ်ပြီး အကျိုးအကြောင်း အသိ တစ်ယောက်ကို မေးကြည့်သောအခါ၌ . . .

"အို. . ခင်ဗျား ထီပေါက်တယ်လေ မသိသေးဘူးလား၊ ဒီမှာ အတိတ် က 'ရွှေဒေါင်းသိန်း'ဆိုပြီး ပေါက်စဉ်ကိုပြလျက် သတင်းစာထဲမှာလဲ ခင်ဗျား နာမည်နဲ့ ပါပြီးပြီလေ"

ဆရာကြီးလည်း အံ့အားသင့်ကာ. .

"ဟင်. . ကျုပ် ထိုးတာတော့ မဟုတ်ဘူး၊ အိမ်က မစိုးထိုးတာဖြစ်မှာပဲ"

အဘိုးကြီး ဘယ်လိုခြေလှမ်းမျိုးနှင့် အိမ်သို့ ကြွမြန်းသည်ကိုတော့ ကျွန်တော် ရေးမပြလိုတော့ပါ။

စစ်ကိုင်းတောင်ရိုးပဲ မျက်စောင်းထိုးလေမလား၊ သို့မဟုတ် လမ်းပေါ် တွေ့သည့် နို့ဆီခွက်ကလေးပဲ ခြေနှင့်ကန်လေမလား။

❑

ဩော်. . ငွေဥဒေါင်း. . ငွေဥဒေါင်း. . ရှမဝအယ်ဒီတာ စားပွဲက နေပြီး အဲယားကန်လွှန်လွှန်းလို့ ဗိုက်ထဲ လေဘုဖောင်းနေတဲ့ ငွေဥဒေါင်း၊ သူ့ကို ကျွန်တော် "သာခုပါရှင်" ဝတ္ထုတွင် နောက်ပြောင်လိုက်သည်နှင့် ခံပြင်းနေတဲ့ ငွေဥဒေါင်း။

ဆရာကြီးက ကျွန်တော်တို့ ငွေတောင်းစာတွေရ၍ အဖြစ်မှန်ပြန်ရေး လိုက်သည်ကို ငွေဥဒေါင်းက စာမပြဘဲနှင့် ကျွန်တော့်ကို လှိမ့်ဘိ၏။

သူ လှိမ့်၍ ကျွန်တော် ရှမဝက ငွေ (၂၅၀/-)မှာ ယခုအချင်းများရ ၏။ ဆရာကြီး ရန်ကုန်ရောက်၍ အကယ် ထီပေါက်တာ မဟုတ်မှန်းသိသော အခါ ဦးကျော်က. . .

"ကဲ. . ဖိုးသော်တာ ခင်ဗျားယူတဲ့ ငွေ (၂၅၀/)တော့ ခင်ဗျား စာရင်း ထဲသွင်းလိုက်ပြီ၊ ပပဝတီဝတ္ထုနဲ့ နှိမ်ရမှာပဲ"

"ဟာ. . ဒါ ကျွန်တော် မခံနိုင်ဘူးဗျာ၊ ခင်ဗျားပါ ငွေဥဒေါင်းနဲ့ပေါင်းပြီး ကျွန်တော့်ကို လှိမ့်တာ. ."

"အမာ. . ကျုပ် ဘာမှ မသိရပါဘူးဗျာ၊ ငွေဥဒေါင်းက ဆရာကြီးဆီက စာလာတယ်၊ ပြောပြီး ခင်ဗျားက အတင်းတောင်းလို့"

"ငွေဥဒေါင်းက ခင်ဗျားကို စာမပြဘူးလား"

"မပြပေါင်ဗျာ"

"မပြဘဲနဲ့ ယုံပေးတာများအံ့ပါရဲ့"

"နို့. . ခင်ဗျားလဲ ယုံတာကိုး"





"ဒီမောင်ချည်းသက်သက်ဖြင့် မယုံပါဘူးဗျာ၊ သတင်းစာထဲလဲ တွေ့ နေပြီးတာမို့ ဆရာကြီးဆီက ငွေငါးရာကျပ် အခုယူသုံးနှင့်ဆိုတာ တကယ် မဟုတ်တောင် ဆရာကြီးရောက်လာရင် တောင်းပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ယူမိတာ"

"ကျုပ်လဲ ဒီစိတ်ကူးနဲ့ပဲ ပေးမိတာပေါ့ဗျ"

"ကဲ. . ဒီတော့ ခင်ဗျားနဲ့ ကျွန်တော်နဲ့ စိတ်ကူးချင်းတူတယ်၊ ငွေဥ ဒေါင်းကြီး အလှိမ့်ခံရတာ ရှက်ဖို့လဲ ကောင်းပါရဲ့၊ ဒီကိစ္စမှာ တစ်ယောက်တစ် ဝက်ခံကြစို့ဗျာ၊ ကျွန်တော့်စာရင်းထဲမှာ တစ်ရာ့အစိတ်ပဲသွင်းပါ"

"အောင်မာ. . ဘာရမလဲ ဆရာ၊ ကျုပ်က ကြားက သက်သက်အနာ ခံရမှာလား"

"ကျုပ်ကလဲ အလကားရတယ်ဆိုပြီး အလကားသုံးမိတာ လုံးလုံးမခံ နိုင်ဘူး၊ ခုံရုံးတစ်ခုခုမှာ ဆုံးဖြတ်ချက်ခံရလိမ့်မယ်"

[အမှန်ကို ဆိုရသော် ဤငွေ နှစ်ရာ့ငါးဆယ်ကျပ်ကိစ္စ၌ အကယ်ပင် ငွေငါးသောင်း ထီပေါက်သွားသော Shwe Daung Thein (ရွှေဒေါင်းသိန်း) ဝါ (ရွှေတောင်သိန်း)က တာဝန်ယူရန် သင့်လျော်သည်ထင်ပါသည်]

"ကဲ. . ကြိုက်တဲ့ခုံရုံးသွား"

"ခုံရုံးမရောက်မီဗျာ ဟော့ဒီ ဝတ္ထုတိုလေးယူပြီး ကြွေးလေးမြေလေး ဆပ်ဖို့ ငွေလေး ကြေးလေး မ,စစမ်းပါဦး"

မျက်နှာငယ်ကလေးနှင့် မောင်တို့တောင်ပြုံး ဝတ္ထုကို ပေးအပ်ရပါ သည်။ (ဤဝတ္ထုမှာလည်း ဆရာကြီးထီပေါက်သည် ဆိုသည့်သတင်းမှ စိတ်ကူး ရသည်ကို ဖတ်ဖူးသူတို့ ရိပ်မိပါလိမ့်မည်။ ဤဝတ္ထု ရေးစဉ်တစ်ဝက်လောက် ၌ ဆရာကြီးရောက်လာသည်။ အမှန်ကို သိရ၍လည်း ကျွန်တော် မတတ်နိုင် တော့ပါ။ ဇွတ်ဆက်ရေးတော့သည်။ အလယ်လောက်၌ အတော်ပင် အကွက် ဟာနေသည်ကို သတိပြုသူတို့ သိရှိပါလိမ့်မည်)

ဤဝတ္ထုကို ပေးအပ်သောအခါ၌ ဦးကျော်က ကျဲစိစိကလေး ပြုံးလိုက် ကာ. . . "နို့. . ကျွန်တော့် အပေါ်စားမဂ္ဂဇင်းမှာ အပေါ်စားဝတ္ထုတွေ မရေး တော့ဘူးဆို"

"ကျွန်တော် မူးလို့ရူးလို့ ပြောမိတာပဲဗျာ၊ ဗွေမယူပါနဲ့ ဦးကျော်ရယ်"

ကျွန်တော်မှာ အောက်ကျခံရပါတော့သည်။

ထို့ပြင် ငှက်ကြီးကိစ္စကလည်း တစ်ဒုက္ခ။ အဖြစ်မှန်ကို သိပြီးသောအခါ ၌ ကျွန်တော်မှာ ငှက်ကြီးတာဝန်ကိုလည်း မယူနိုင်တော့သည်ဖြစ်၍. . .

"ဟော့. . ငှက်ကြီး"

ဒီကောင်ကြီးမူ ဘာမျှ မသိသေးသည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ပေါ်အူးပါ ဆရာ"

"ဟော့. . မင်း ပေါ်အူး မဟုတ်တော့ဘူးကွ"ဟု ဆိုပြီး

အကြောင်းစုံကို ပြောပြလိုက်သည့်တိုင် ဒီကောင်ကြီးမှာ ယုံကြည်ဟန် မပြနိုင်သေးဘဲ၊ သူ့မျက်နှာလျော့ရဲရဲကြီးကိုသာ စိတ်ပျက်စဖွယ် ရှုံ့တွလျက်. .

"တကယ်ပြောတာလား ဆရာ"

"ခုနစ်ဆယ့်ငါးကယ် ပြောတာပါကွာ၊ မင်း သာစုဆီပြန်တော့"

"ကျွန်တော့် ပြန်လက်ခံပါဦးမလား ဆရာ"

"အေး. . ငါ လိုက်ပြောပေးမယ်ကွာ၊ လာ. . လာ. . သွားကြစို့"

သာစုမှာကား ပုံနှိပ်စက်လုပ်ငန်းနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိသည်ဖြစ်၍ ခိုးကိုးရာမဲ့ သတ္တဝါကလေးများကို လက်ခံနိုင်သူ ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်မှာကား တစ်ခါတစ်ရံ ကျွန်တော့်ကို လက်ခံမည့်သူပင် လိုက်ရှာရတတ်ပါသေးသည်။ (ထမင်းကျွေး အရက်တိုက်သည့် ဒါရိုက်တာ ဦးဘရှင်တို့ အိမ်မျိုး၊ ဖိုးသန်းနွဲ့တို့အိမ်မျိုး၊ ဖိုးပါကြီး မေချစ်တို့အိမ်မျိုး)

"ဟော့. . မသာတွေ ဘယ်လိုဖြစ်လာကြပြီလဲ၊ သေချင်းဆိုးတို့"

အဝတ်ထုပ်ကလေးထမ်း၍ ဝင်လာသော ငှက်ကြီးနှင့် ရှေ့ကဦးဆောင်လာသော ကျွန်တော့်ကို မြင်ရလျှင်ပင် သာစုက အိမ်ထဲမှဆီးပြီး ကောင်းချီးသြဘာပြုလိုက်ပါသည်။

ကျွန်တော်ကား အရှည်ပျော်လုခမန်း မျက်နှာငယ်ကလေးနှင့်. . .

"သူငယ်ချင်း ဒီကောင်ကြီး မင့်အိမ် ပြန်ခေါ်ထားပါတော့ကွာ"

"အင်း၊ ဖြစ်ရမယ်၊ ငါသိတယ်၊ နင့်ကိုကလဲ အရှူးထတယ်၊ ဘယ့်နှယ် ဆရာကြီးထီပေါက်တယ်ဆိုတာနဲ့ ဖြစ်လိုက်ရတာ၊ ဘာလဲ ပိုက်ဆံ ကြေးငွေ လိုချင်ရင် ငွေရတဲ့ အလုပ်ရှာလုပ်ပါလား"

"ဟာ. . ငါ့ကိုက လူအပင်ပန်းမခံချင်လို့ စာရေးဆရာလုပ်နေတာပဲကွာ"

"အေး. . ဒါဖြင့် ငွေမလိုချင်နဲ့၊ ရသမျှနဲ့ပဲ အေးအေးစား၊ အေးအေး သောက်နေ၊ စာရေးဆရာဘဝဟာ ဒီလိုပဲနေရမယ်"

ဒီကောင်မှာ ဘုန်းကြီးသေ၍ ဝင်စားသလား မသိ၊ အင်မတန် လူများကို ဆုံးမသြဝါဒ ပေးချင်ပါသည်။ သို့ပင်လည်း ကျွန်တော်မှာ သူ့ကို မတွန်းလှန်နိုင်ဘဲ. . .

"အေးပါကွာ. . အေးပါကွာ. . မင့်စကား ငါ ရိုးမြေကျနားထောင်ပါ့မယ်၊ ဒီကောင်ကြီးသာ အရင်ကအတိုင်း ပြန်ထားလိုက်ပါ"

(ချီး. . . သေချင်းဆိုးမျိုး. . သူ့နှမ လူပျိုလှည့်ရတာ ကျနေတာပဲ၊ အောက်ကျခံလိုက်ရတာ)





နောက်စကားမှာ နားထိုင်းကောင် မကြားအောင် သံမှန်နှင့်ပြောလိုက်ခြင်းဖြစ်ပါသည်။

ကိုင်း. . ငှက်ကြီးကိစ္စတော့ ပြီးသွားပြီ။ မရမက စုထားတဲ့ ငွေကလေးများလည်း မရှိတော့။ ကြွေးပတ်လည်လည်း ဝိုင်းနေပြီ။ တန်ဆောင်မုန်းမှာ မောင်ဖုန်းလာခဲ့မယ် လို့ ဆိုထားတဲ့ မေကလေးဆီ ဘယ်လိုအကြောင်းကြားစာ ရေးရပါ့မလဲ။

ဟင်. . မတတ်နိုင်တော့ဘူး။ ကဗျာတစ်ပုဒ်ရေးလိုက်မယ်။

ဖြစ်သမျှအကြောင်း. . မကောင်း. . .

ခါမမှီ ယာယီခွဲလို့ရယ်. .

(မေ. . )ရယ် လွဲပေ့ါ. . တဆောင်း. . . ။

❁❁❁

www.burmeseclassic.com

www.burmeseclassic.com

# ရှိမန့်စ်အော့ဖ်ငွေဥဒေါင်း

[ရွှေမဝမဂ္ဂဇင်းမှ သွားလေပြီဖြစ်သော ငွေဥဒေါင်းအား လွမ်းဆွတ်သတိရကြောင်း ဤဝတ္ထုဖြင့် သပိတ်သွတ်ပါ၏။
. . ရွှေမဝကိုယ်စား-သော်တာဆွေ]

## ဤဝတ္ထုကိုရေးရန် အကြောင်းဖန်လာခြင်း

ကျွန်တော့်တွင် စာဖတ်ပရိသတ်ကလေး မဖြစ်စလောက် ရှိသည့်အနက် ၎င်းတို့အထဲမှ တစ်စုံတစ်ယောက်သည် စိတ်အားလက်အားရှိသည်နှင့် "ဗျို့. . တော်ရာခွေ. ကျုပ် ခင်ဗျားလိုပဲ ဟာသစာရေးဆရာဖြစ်ချင်တယ်ဗျာ၊ ဘယ်လိုလေ့ကျင့်ရမလဲ အကြံဉာဏ်ပေးစမ်းပါဦး"ဟုဆိုအံ့၊ ကျွန်တော်သည် ဘာအကြံဉာဏ်မျှ မပေးတတ်၍ မပေးဘဲနေရုံမက "ရှိသေစွာ အစီရင်ခံအပ်ပါသည်၊ ကျွန်တော့်လို မဖြစ်ချင်ပါနဲ့ခင်ဗျာ၊ ဟာသစာရေးဆရာဖြစ်ရတာဟာ မကောင်းပါဘူး၊ ကျွန်တော်မှ ကံဆိုးမိုးမှောင်ကျလို့ ဒီဘဝရောက်ရတာပါ"ဟု ကျွန်တော်၏သဘောရင်းအမှန်အတိုင်း စာပြန်လိုက်ပါမည်။

ယုံပါမိတ်ဆွေ. . .

စက်တင်ဘာလ ပထမသီတင်းပတ် အတွင်းကပဲ ထင်ပါသည်။

တစ်နေ့သ၌ ကျွန်တော်သည် ရွှေမဝတိုက်သို့ ရောက်သွားလေရာ သန်းဆွေက "ဟော. . ကိုကျော်ရေ. . ဆရာ ပီမိုးနင်းဆီ လူကြုံစာပါးလိုက်ဖို့တော့လာပြီ၊ ကဲ. . . သော်တာဆွေ မင်း ဆရာပီမိုးနင်းနောက် မကြာမီလိုက်တော့မှာပဲ၊ ဒီစာ ယူသွားပြီး ဆရာကြီးနဲ့တွေ့တော့ ပေးလိုက်ပါ"ဟု သူ တတ်နိုင်သမျှ ပိစိညှပ် ပြက်လုံးကလေးများကိုထုတ်ပြီး စာတစ်စောင် ကျွန်တော့်လက်ထဲ ထည့်ပါသည်။ ၎င်းစာကို ရေးသူမှာ အတော်စာပေနယ်နှံ့စပ်ဟန်တူပါသည်။ ဆရာပီမိုးနင်း ကွယ်လွန်ပြီဆိုတာကိုမှ မသိရှာသေး၊





လိပ်စာမှာ ရွှေမဝမှတစ်ဆင့် ဆရာပီမိုးနင်းသို့ဟု တပ်ထား၏။

ကျွန်တော်သည် ဤလိုလူမျိုးစာ ဖတ်ရန် ဝါသနာပါသောကြောင့် စာရွက်ကို ဖြန့်လိုက်ပါသည်။

*စက်တင်ဘာလ (၂)ရက်၊ (၁၉၅၂)ခု။*

*ကျေးဇူးရှင် ဆရာကြီးပီမိုးနင်းထံ ရှိသေစွာ အစီရင်ခံပါသည်။*

*ကျွန်တော်မှာ ရှေးယခင်က လူမှုရေးရာတွင် အတော်မိုက်မဲခဲ့သူဖြစ်ပါသည်။ ယခု ဆရာကြီး၏ ကိုယ့်ဒူးကိုယ်ချွန်၊ အရင်းမစိုက်လေ့ထိုးလိုက် စာအုပ်များကို ဖတ်လိုက်မိမှ နောင်တကြီးစွာရလျက် ဆရာကြီး၏နည်းပေးလမ်းပြအတိုင်း လိုက်နာကျင့်သုံးခဲ့၍ လူတစ်လုံးသူတစ်လုံး ဖြစ်လာပါသည်။*

*ဆရာကြီး၏ကျေးဇူးကား အလွန်ကြီးလှပါစွ။ ကျွန်တော် ဆရာကြီးကို လူကိုယ်တိုင် လာရောက် ကန်တော့လိုပါ၍ ဆရာကြီးယခုနေထိုင်ရာ လိပ်စာမ,စတော်မူပါခင်ဗျား။*

*အောက်က သူ့လိပ်စာ အပြည့်အစုံ . . .*

(ကိုယ့်လူ ကြံတောသင်္ချိုင်း လိုက်ပေရော့၊ အဲ. . ဆရာကြီး ကန်တော့ဖို့ စားစရာသောက်စရာ ငွေတို့ပါရင်တော့ ကျွန်တော့်ဆီထားခဲ့ပါ။)

(၁၉၅၀)ခုနှစ်၊ ဆရာကြီးရွှေဥဒေါင်း ရန်ကုန်မြို့၊ ကျောက်မြောင်းရပ်၌ လာရောက်နေထိုင်စဉ်က ကျွန်တော် ဆရာကြီး၏အိမ်တွင် အနေများလေရာ တစ်နေ့သ၌ ဖောင်တော်သီမြို့မှ (အသက်၃၅-နှစ် ၄၀-နှစ်အကြား) ကိုအောင်သိန်းဆိုသူ ရောက်လာကာ ဆရာကြီးအား ရာတန်စက္ကူတစ်ရွက် ရှိခိုးကန်တော့လေသည်။

"ဆရာကြီးရေးတဲ့ စုံထောက်ဝတ္ထု၊ စွန့်စားခန်းဝတ္ထုတွေ ဖတ်ရတာ ကျွန်တော့်မှာ ရဲရင့်ဖို့၊ သတ္တိရှိဖို့၊ သစ္စာတည်ဖို့၊ စဉ်းစားဆင်ခြင်ဉာဏ်ရှိဖို့ အနှစ်သာရတွေ ရတာပါပဲခင်ဗျာ၊ နောက်ဆုံးအချုပ် ကျွန်တော့်အဖို့ အကျိုးအရှိဆုံးကတော့ ဆရာကြီးရေးတဲ့ အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်ပါပဲခင်ဗျား ဒီစာအုပ်ထဲက နည်းနာအတိုင်း လိုက်နာကျင့်သုံးလိုက်တာ ယခု ကျွန်တော့်မှာ တိုက်တစ်လုံးဝယ်နိုင်ပါပြီ၊ ဆန်စက်တစ်လုံးကိုငှား၍ စပါးကြိတ်နေပါသည်၊ မကြာမီ ကျွန်တော့်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ အဲဒီအခါမှာ ဆရာကြီးကို ကျွန်တော် ဘယ်ရွေ့ဘယ်မျှ ကန်တော့မယ်ဆိုတာ အဓိဋ္ဌာန်ထားပါတယ်"

ကိုအောင်သိန်းသည် ဆရာကြီး ရန်ကုန်ရှိစဉ်၌ သူ ဖောင်တော်သီမှ လာတိုင်း စားသောက်ဖွယ်ရာတွေနှင့် လာရောက်ကန်တော့ရုံမျှ အားမရေး သူ့မြို့သို့ တစ်ခါတစ်ခေါက် လာရောက်တော်မူပါ၊ အားရှမ်းရ ပြုစုချင်ပါ



www.burmeseclassic.com

www.burmeseclassic.com

ရစေဟု အကြိမ်ကြိမ်တောင်းပန်သည်နှင့် တစ်ခါသော် ဒေါ်ကြီးစိုးရော၊ ကျွန်တော်ပါ လိုက်သွားလေရာ ကျွန်တော်မှာ အကြီးအကျယ် ဇိမ်တွေ့ခဲ့ပါသည်။ သူတို့မြို့၌ ကျွန်တော် နှံ့စပ်အောင် လည်ပတ်ဖို့ရန် ကျွန်တော့်အတွက် စက်ဘီးတစ်စီးနှင့် လူတစ်ယောက် ပေးထားပါသည်။ ကျွန်တော့် ကိုယ်ရံတော်ပေါ့ ခင်ဗျာ။ ဤမျှပင် ကျွန်တော် သူ့စိမ်းတစ်ရံဆံဆီ၌ ဆင်ဖြူတော်မို့၍ ကြံ့စုပ်ခဲ့ရပါသည်။ ကျွန်တော့် ဆင်ဖြူတော်ကြီး ကျန်းမာပါစေခင်ဗျား။

ယင်းသည်မှစ၍ ကျွန်တော်နှင့်ဒေါ်ကြီးစိုးသည် အဘ မြန်မာနိုင်ငံကြီး၌ ကိုအောင်သိန်းလို လူမျိုး အများအပြားရှိလျှင် တိုင်းပြည်အဖို့လည်း ကောင်းမည်၊ ကျွန်တော်တို့အတွက်လည်း နိုပ်မည်ဟု ရိပ်စားမိကြပြီဖြစ်၍၊ နေ့လယ်နေ့ခင်း အားလပ်ချိန်များ၌ ဆရာကြီးက သူ့ဖာသာသူ စာရေးစာဖတ် ပြုနေသော်လည်း ကျွန်တော်တို့သားအမိနှစ်ယောက်မှာ ကိုအောင်သိန်းလို လူမျိုး အလာကိုသာ ငုတ်တုတ်ထိုင်ကာ စောင့်မျှော်လေ့ရှိကြပါသည်။

လမ်းထဲ၌ တစ်စုံတစ်ယောက်သည် စားသောက်ဖွယ်ရာ (ဥပမာ-ငှက်ပျောသီးအကောင်းစား၊ သစ်တော်သီး၊ ပန်းသီး၊ သပျစ်သီး၊ ဒူးရင်းသီးလို ဟာမျိုးပေါ့ခင်ဗျာ) ကိုင်လျှောက်လာသည်ကို မြင်ရလျှင် ကျွန်တော်က ဒေါ်ကြီးစိုးကို လက်တို့ကာ "ဟုတ်မယ် ထင်တယ်ဗျ၊ ကြည့်. . ကြည့်. . ဒီဘက်ခေါင်းငဲ့တယ်၊ လာပြီ. . လာပြီ. . ဟင်. . သေချင်းဆိုးမျိုး. . " ထိုသူက ကျွန်တော်တို့အိမ်ပေါက်ဝကို မဝင်ဘဲ ကျော်လွန်သွားလျှင် ကျွန်တော်က ကျိန်ဆဲတတ်ပါသည်။

"ရန်ကုန်မြို့လယ်ကောင် အော်တိုပတ်စ် ကိုက်သေရပါစေရဲ့ဗျာ"

တစ်နေ့သော် မော်တော်ကားတစ်စီး အိမ်ရှေ့ဆိုက်ကပ်ပြီး အဘိုးအိုတစ်ယောက် တုတ်ကောက်ကြီးကို ကိုင်၍ဝင်လာကာ. . "ဒါ. . စာရေးဆရာ ရွှေဥဒေါင်းအိမ် ဟုတ်ပါသလား"

ဤအချိန်၌ ဆရာကြီးသည် အတွင်းခန်းထဲမှာ စာရေးနေ၍၊ ထမင်းစားပြီး ဘာအလုပ်မျှမရှိသော ဒေါ်ကြီးစိုးနှင့် ကျွန်တော်သာ အိမ်ရှေ့ဘက် မျက်နှာပြုကာ အကန်တော့လာမည့်လူကို မျှော်လျက်။ သို့သော် ယခုလူကြီးမှာ ဆရာကြီးထက် များစွာကြီးနေ၍ ကိုယ်တို့ရည်မှန်းချက်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဟု ကျွန်တော်က စိတ်ပျက်စွာပင်. . . "ဟုတ်ပါတယ် ခင်ဗျာ"ဟု အဖြေပေးလိုက်သည်၌၊ ထိုလူကြီးက ထပ်ဆင့်၍ "ဟံသာဝတီ သတင်းစာထဲမှာ ဘာသာရေးဆောင်းပါးတွေ ရေးတာ သူပဲ မဟုတ်လား"ဟု မေးမြန်းလေရာ၊ ဤအခါ၌ ကျွန်တော် မျက်လုံးပြူးလေပြီ။

အကြောင်းမှာ ဤအဘိုးကြီးသည် ဆရာကြီးထက် အသက်ကြီးရုံမျှမက လည်ပင်းပုတီးဆွဲ၊ ဝတ်ဖြူစင်ကြယ်ဝတ်ကြီး ဖြစ်၍ ကျွန်တော့်စိတ်၌





တွက်ချက်သည်မှာ ဆရာကြီးရေးသော ဘာသာရေးဆောင်းပါးများတွင် ယင်းအဘိုးကြီးက အပြစ်တွေ့၍ ကြိမ်းချေတော့မည်။ အဘိုးကြီး၏အင်္ကျီရုပ်မှာ ကားပိုင်နှင့်ဘာနှင့် ခံ့ခံ့ရံ့ရံ့ အထက်တန်းစားထဲကဖြစ်၏။ ထို့ကြောင့် "အင်း ဒီတစ်ခါတော့ တို့ဆင်ဖြူတော်ကြီး အကန်တော့ မခံရဘဲ အအုပ်ခံရတော့မှာပဲ"ဟု ထင်မိကာ အရေးရှိလျှင် လစ်ရန်ပင် ကျွန်တော် ဟန်ပြင်၍နေပါပြီ။

သို့သော် ကျွန်တော့်အထင် မှားလေစွတကား။ ကျွန်တော့်တစ်သက်တာတွင် အံ့သြခြင်းကြီးမက အံ့သြရလေတော့သည်။ ဖြစ်ပုံမှာ ဆရာကြီးထွက်လာပြီး မျက်နှာချင်းဆိုင်ကာ သူတို့ချင်း စကားသုံးလေးခွန်းမျှ ပြောရသေးသည်၊ ၎င်းအဘိုးကြီးသည် ရုတ်တရက်ကုလားထိုင်ပေါ်မှဆင်းပြီး ဆရာကြီးခြေကို ဦးတိုက်ကန်တော့လေ၏။

ကျွန်တော်တို့ဆရာကြီးလည်း အပွဲပွဲနွှဲခဲ့သမျှ (အယ်. . ဟုတ်ပါဘူး) အပွဲပွဲ အကန်တော့ခံခဲ့လေသမျှ ဤပွဲကျမှ မနေတတ်မထိုင်တတ် ဖြစ်ကာ ကုလားထိုင်ပေါ်မှဆင်းရလျက်. . "ဟာ. . ဦး. . မလုပ်နဲ့၊ မလုပ်ပါနဲ့. . ဦးက ကျွန်တော့်ထက် အသက်များစွာကြီးပါတယ်"

သို့သော် ထိုအဘိုးကြီးသည်မရချေ။

"အသက်နဲ့မဆိုင်ပါဘူး၊ အသက်နဲ့ မဆိုင်ပါဘူး၊ ကျုပ် ဆရာ့ပညာကို ကန်တော့တာပါ"

သူ ဦးသုံးကြိမ်ပြည့်အောင်ချပြီးမှ ပြန်ထိုင်တော့သည်၊ သူတို့ချင်း အသက်ပြောပြကြသောအခါ၌ ထိုအဘိုးကြီးက ဆယ်နှစ်တိတိ ကြီးနေ၏။

"ကျုပ်. . ဆရာ့ဆောင်းပါး ဖတ်ပြီးကတည်းက ကန်တော့ချင်လို့ ဆရာ့ကို စုံစမ်းလိုက်ရတာ၊ မနေ့ကပဲ တော်ဝင်မဂ္ဂဇင်းတိုက်က လိပ်စာရခဲ့လို့"

ထိုနောက် သူတို့ပြောကြသောစကားများမှာ သတ္တဝါတို့၏ဘဝကူးပုံကို ဆရာကြီးက အနောက်နိုင်ငံလောကဓာတ်ဆရာများက တွေ့ရှိထားသော အီသာလိုင်း ဓာတ်ကူးပုံနှင့် ဥပမာနှိုင်း၍ ပြထားသောအကြောင်းပင်ဖြစ်သည်၊ ထိုအဘိုးကြီးသည် အင်္ဂလိပ်လိုလည်း တတ်၏။ သို့သော် ဘာသာတရား၌ တော်ရုံတန်ရုံ တီးခေါက်မိသူအဖို့ နားလည်ရန်ခဲယဉ်းလှပေသည်။ အလွန်ပင် သိမ်မွေ့နက်နဲလှ၏။

ဤအချိန်၌ ဒေါ်ကြီးစိုးနှင့် ကျွန်တော်မှာ ငိုက်မျဉ်းစပြုလာပြီဖြစ်၍ လမ်းမမှ "မိုးကျလက်ဖက်"ဟု အော်လိုက်သည်ကို "လာဦး"ဟုခေါ်ဝယ်ကာ သားအမိနှစ်ယောက် အိပ်ချင်ပြေကြရတော့၏။

ထိုအဘိုးကြီး ပြန်သွားသောအခါ၌ ဒေါ်ကြီးစိုးမှာ သူ့အိမ်ဦးနတ်နှင့်သည် ဆယ်နှစ်ကြီးသူ၏ ရှိခိုးကန်တော့ခြင်းပင် ခံရသည်ကို ကျေနပ်ဖွယ်ဖြစ်သိမ့်၍နေဘိ၏။ သို့သော် ကျွန်တော်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အလကားပါ ဒေါ်ကြီးရာ၊ ဒီလူကြီး အကန်တော့ခံရတော့ ဦးကြီးသာ ဝိမ်ရှိတာ၊ ကျွန်တော်တို့က ဘာစားရသောက်ရရှိလို့လဲ၊ အခုန မိုးကျလက်ဖက် တလေးတောင် ကိုယ့်ဟာကိုယ် ဝယ်စားလို့"

သို့ရာတွင် ကျွန်တော်သည် အပြစ်တင်အရင်စောလှချေ၏တကား။ အကြောင်းမှာ တစ်နေ့တွင် ထိုအဘိုးကြီးသည် ဆရာကြီးကို ပြုစုလို၍ သူ့အိမ်သို့ကြွပါဟု ဖိတ်သည်၌ ကျွန်တော်ပါ ဆင်ဖြူတော်ကြီးနောက်က ကပ်ပါသွားလေရာ ဗိုက်ကားစွာစားခဲ့ရရုံမျှမက အပြန်တွင် ကျွန်တော့်လက်ထဲ၌ ရာတန်စက္ကူတစ်ချပ် ပါလာသေးလေ၏။ အိမ်အဝင်၌ ကျွန်တော်သည် က,၍ဝင်ရာ ဒေါ်ကြီးစိုးက . . "ဟဲ့ကောင် ဘာဖြစ်လာတာလဲ"

"အမယ်လေး. . ဟိုအဘိုးကြီးက အသက်ကြီးပေမယ့် ကျွန်တော်တို့ ထင်သလောက် မဟုတ်သေးဘူး၊ ဟော့ဒီမှာ ငွေတစ်ရာ ကန်တော့လိုက်သေးတယ်၊ ဒီထဲက ကျွန်တော့်ကို ဘန်ကောက်လုံချည်တစ်ထည် ဝယ်ပေးပါ"

ကျွန်တော်တို့ဆင်ဖြူတော်ကြီး အသက်ရာကျော်ရှည်ပါစေဗျာ။

(ယခုအခါ၌ ကျွန်တော်တို့ဆင်ဖြူတော်ကြီးသည် ဗုဒ္ဓဘာသာနှင့် မဂ္ဂစစ်ဇင်ကို နှိုင်းယှဉ်စပ်ဟပ်ယူကာ ဆင်နိုတော်ဖြစ်လေပြီ။ သူရေးသော လူထုသတင်းစာ ခေါင်းကြီးပိုင်းများကို ဖတ်ကြည့်ပါ။)

❑

ဟောဗျ. . မောင်သော်တာဆွေတို့ ဆရာကောင်းတပည့် ပန်းကောင်းပန် နာမည်ကြီး စာရေးဆရာဖြစ်လာတော့. . တောက်. . အကန်တော့ခံရဖို့ နေနေသာသာဗျာ. . အဝေးက ပေးတဲ့ စာများပဲ ကြည့်ကြပါတော့။

*သော်တာဆွေ. . တော်ရာခွေ. . ဝေါ်တာရွေ. .*

*ဆော်နာသေကြီးရှင့်. . .*

*ရှင့်ကိုသဘောကျလို့ ရေးတယ် မအောက်မေ့နဲ့၊ ရှင့်ဝတ္ထုတွေ ဖတ်ရတာ အမြင်ကပ်လို့ မနေနိုင်လို့ လက်ကမြင်းမိတာ။ ရှင်က မဟုတ်က ဟုတ်က ဗလွတ်ရွတ်သနတွေ ရေးတတ်တာနဲ့ ရှင့်ကိုယ်ရှင် အင်မတန်အထင်ကြီးနေဆို၊ ရှင့်ဆီ မိန်းကလေးတွေက စာရေးရင်ပဲ ရှင့်ကိုကြိုက်လို့လို့ ယူဆတတ်တယ်ဆို။ ဒီမှာရှင့် ရှင့်လိုအရက်သမား ဘယ်မိန်းကလေးက ကြိုက်မှာလဲ။ ရှင်ဟာ ဝတ္ထုရေးရင် အရက်မပါဘဲမရေးနိုင်ဘူးလား၊ ရှင့်ကိုသိလား. . . ကျွန်မတို့ မိန်းကလေးတွေက အရက်စည်ထဲ နှစ်ပြီးသတ်ပစ်ချင်တယ်၊ ရှင်ဟာ သေရင် အဝီစိကျိုးကပ်မယ့် လူကြီး။*





*ရှင်ရုပ်ကြီးလည်း တစ်လောက ရှုမဝမဂ္ဂဇင်းထဲမှာ ပါလာလို့*

*မကြည့်ချင်ဘဲနဲ့ မြင်လိုက်ရပါတယ်၊*

*တကတည်း ဘယ့်နှယ်ဟာကြီးလဲ၊*

*အရက်မူးပြီး ကြာရုပ်လုပ်နေလိုက်တာကြီးက*

*ရေနွေးဖျောပြီးသား ဝက်သေကောင်ခေါင်းကြီး*

*လည်ပင်းလှည့်လိမ်ထားတဲ့ အတိုင်းပဲ၊*

*ထွီ. . မြင်ရတာနဲ့ အော့ကြော လန်ပါရဲ့ရှင်. . .*

ဤမျှ ကျွန်တော့်ကို ဂုဏ်ပြုထားသောစာ။ ကျွန်တော် ဆက်မဖတ်ဝံ့တော့ပါ။ ရွှေဥဒေါင်းတို့ ပီမိုးနင်းတို့နဲ့များ မကွာလားဗျာ။

(ကွာဆို မတိမ်းမယိမ်းလောက်ပါပဲ၊ စာတည်း)

ကျွန်တော့်ဆီ လာသောစာတို့မှာ မိန်းကလေးတွေဆီက ဆိုလျှင် အနီလို ဟာမျိုးချည်း ဖြစ်ပါသည်။ ပြန်၍ရှိခိုးတောင်းပန်မည်ကြံပါလည်း သူတို့လိပ်စာ မပါပါ။ အဆုံးသတ်၌ ခင်ကန့်လန့်၊ ခင်ဘုတော၊ မေဂွစား ခင်ဝုန်းဒိုင်းဗလုံး၊ ဒုံးဂွမ်. . စသည့် သာယာနာပျော်ဖွယ် နာမည်တို့ဖြင့် ဆိုင်းထိုးတတ်ပါသည်။ အချို့ကား လိပ်စာအပြည့်အစုံ မပေးပါ။ ပေးပုံမှာ ခင်ကပ်သီးကပ်သပ်၊ ဆာမာယမှတစ်ဆင့် တာဝတိံသာ ဟုရေး၏။

ဝင်းစာတို့သည် အဘယ်မြို့တွေမှ အများအားဖြင့် လာတတ်ပါသနည်း။ စာတိုက်တံဆိပ်တွေကိုကြည့်ရာ မော်လမြိုင်၊ ရွှေဘို၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မန္တလေး၊ ကသာ၊ မိုးကောင်း၊ ထားဝယ်။

ဥပမာ. . ထားဝယ်ကဆိုလျှင် "ထားဝယ်သူများ ရေခပ်သွား၊ အိုလေး ထားဝယ်သူများ အိုလေ ရေခပ်သွားဆိုတာ ရှင်ထည့်ရေးစရာ မဟုတ်ဘူးရှင့်၊ ထားဝယ်သူတွေ ရေခပ်သွားတာ ရှင်နဲ့ဘာမှမဆိုင်ပါဘူး၊ ကျွန်မတို့ဟာကျွန်မတို့ သောက်ဖို့၊ တယ်. . ပြောလိုက်ရ မကောင်းဘူးလေ"

မိုးကောင်းကဆိုလျှင် "ရော်. . ကျွန်မတို့ မိုးကောင်း ကာမိုင်းသူတွေ ဖက်ရှင်ကျတယ်၊ အမောက်ကြီးတယ်ဆိုတာ ရှင့်အပူ မဟုတ်ဘူးပ"

ကသာကဆိုလျှင် "ရှင့် ချစ်ပန်းနှစ်ခိုင်ဝတ္ထုထဲမှာ ကျွန်မတို့မြို့ကို ပျင်း၊ ပျော်၊ ပျက်၊ ပြောင်၊ ပြေး. . ဆိုတာ သက်သက်စော်ကားခဲ့တာပ"

မန္တလေးကဆိုလျှင် "ကျွန်မတို့ ရွှေမန်းသူတွေ ရွှေခြေချင်းဝတ်ထားလို့ ခြေဖမိုး ကျွဲပခုံးထ၊ ဂွတ်တက်ညိုမည်းနေတာ ရှင်ကို လျှာနဲ့ မလျက်ခိုင်းပါဘူးရှင့်"

ပြင်ဦးလွင်ကဆိုလျှင် "ကျွန်မတို့ ပြင်ဦးလွင်သူတွေ မျက်နှာရှေ့ကကြီးတဲ့ ဒေလီယာပန်းကြီးတွေ ပန်တာဟာ ရှင် သဘောကျစရာ မဟုတ်ဘူးတော့"



www.burmeseclassic.com

တောင်ကြီးကဆိုလျှင် "ဟင်း. . ရှင်က ကျွန်မတို့များ ဖရစ်ဂျစ်ဒယ်သူ တဲ့ ဘာလုပ်ဝင်းဝတာလဲ၊ ကျွန်မတို့ တောင်ကြီးသူ ရှမ်းမတွေ ဘာမှတ်သလဲ၊ ပြုစားလိုက်လို့ တစ်ခါတည်း အသက်ထွက်သွားမယ် သိလား"

ရွှေဘိုသူများကတော့ ကျွန်တော့်ကို အမူအအေး ဝတ္ထုမှစ၍ နာကြည်း ကြဟန်တူပါသည်။ "ရှင့်ဝတ္ထုထဲမှာ ရွှေဘိုက မြင့်ဆိုတာဟာ သက်သက် ကျွန်မတို့မြို့ကို စော်ကားတာပဲ၊ ကျွန်မတို့မြို့မှာ ရှင့်လိုလူကို စာရေးကြိုက်မယ့် မိန်းကလေးတစ်ယောက်မှ မရှိဘူးဆိုတာယုံပါ၊ ရှင်က ရှင့်ဝတ္ထုရှင် တကယ့် အဖြစ်အပျက်ကြီးလုပ်ပြီး ဖြီးထားပေမယ့် ရှင့်ဟာရှင် စိတ်ကူးယဉ် အရူး ထတာဆိုတာ သိကြမှာပဲ"

မော်လမြိုင်သူများကတော့ "ကျွန်မတို့ ရွှေမြိုင်သူတွေ ဖင်ကြီးတာ ရှင့် ကိုက်စားစရာ မဟုတ်ဘူးရှင့်"

ဩော်. . စကားသင့်၍ ရေးရဦးမည်။ ကျွန်တော်တို့ ရှုမဝဦးကျော် မော်လမြိုင်သကြိန်သွားစဉ်က ရွှေမြိုင်သူတစ်ယောက်က "ဦးကျော်. . သော် တာဆွေ ဝတ္ထုတွေ ဘာလို့ထည့်နေရတာလဲ"ဟု မေးသည်ဟူ၏။

ဤအမေးကို ကျွန်တော် မဖြေသြပါ။ အချို့မူ "သော်တာဆွေက ကို ကျော့်ကို နှမပေးထားလို့ပါကွာ"ဟုပင် ပြောကြပါသည်။ ကိုကျော့်မိန်းမနှင့် ကျွန်တော် ဘာမျှမတော်စပ်ကြောင်း အရပ်က သိကြပါသည်။

ဟင်း. . နည်းနည်းကလေးများ ဆွေနီးမျိုးစပ်တော်ရင်ခက်မယ်။

ကျွန်တော်မှာ ဆရာကြီးရွှေဥဒေါင်းတို့ ပီမိုးနင်းတို့ကို သဘောကျ၍ စာရေးဆရာဖြစ်အောင် ကြိုးစားခဲ့ရာမှ ဖြစ်လဲဖြစ်ကရော ငယ်ထိုပ်ဖနောင့် နှင့်ပေါက်ချဆိုတာလို ဤကဲ့သို့ ဩဘာပြုတာမျိုးချည်း ခံနေရသော ကျွန်တော့် ခမျာမှာ အင်မတန်စိတ်ပင်ပန်းနွမ်းနယ်ခြင်း ရှိလှပါသည်။ တစ်ခါတစ်ရံ၌ သေချင်စိတ်ပင်ပေါ်၍ ကြိုးဆွဲချရန်လည်းကောင်း၊ ရေထဲဒိုင်ဗင်ထိုးဆင်းရန် လည်းကောင်း၊ အဆိပ်သောက်ရန်လည်းကောင်း၊ ကိုယ့်ရင်ဝ ကိုယ် ဓားနှင့်ထိုး ရန်လည်းကောင်း၊ သေနတ်နှင့်ပစ်ရန်လည်းကောင်း ကြံစည်မိပါသော်လည်း တကယ်ဆိုတော့ သစ်ပင်ပေါ်တက်ရ၊ လည်ပင်းကြိုးကွင်းစွပ်ရ၊ ရေဆိပ်သွားရ၊ အဆိပ်ဝယ်ရ၊ လက်နက်ရှာရ . . စသော ဗာဟီရကိစ္စများကို ပြုလုပ်ရန် ပျင်း လှပါသည်။

ထို့ကြောင့် သေလျှင်ဖက်ရှင်ကျကျပင် အသည်းကျွမ်းသေပါရစေ တော့ဟု အရက်တွေ နေ့စဉ်သောက်နေခြင်း ဖြစ်ပါသည်။

ကျွန်တော် ဒါစက ဤမျှ မသောက်တတ်ပါ။

ဤမိန်းကလေးမျိုးတွေ စာများကြောင့် ဤကဲ့သို့ သောက်နေရခြင်း ဖြစ်ပါသည်။





အကယ်၍ ယခုနှယ် ဂုဏ်မိန်းကလေးတွေက သူတို့စာ သူတို့စကား ပြန်လည်ရုပ်သိမ်းပါက ကျွန်တော် အရက်ပြတ်သွားလိမ့်မည် ထင်ပါသည်။

စင်စစ် ကျွန်တော်မှာ ဤရုပ်ဝေးစာအားဖြင့် တစ်ဆင့်စကားဖြင့် နှိပ် စက်ခြင်းသာ ခံနေရသည်မဟုတ်သေး။ ယခု ကျွန်တော်နေသော ပတ်ဝန်းကျင် မှာလည်း အချို့မိန်းကလေးတို့သည် ကျွန်တော် လမ်းထဲရောက်သွား၍ မတော် တဆ မျက်နှာချင်းဆုံမိလျှင် ခိုးခနဲ ခိခနဲရယ်ကာ ဦးခေါင်းတစ်ဖက်သို့လှည့် သွား၍လည်းကောင်း၊ ငုံ့သွား၍လည်းကောင်း ကျွန်တော့်ကို ကဲ့ရဲ့ပြုက်အောင် ပြုမူတတ်ကြပါသည်။ တစ်ခါတစ်ရံ ညအချိန် သူတို့မိန်းကလေးဖော် အား ကောင်းလာသောအခါတို့၌ ဤသို့ရယ်ကြရုံမက လူချင်းလွန်သွားကြသောအခါ တွင် "သော်တာဆွေဟေ့. . တော်ရာခွေဟေ့. . ဂေါ်တာရှေရှေ့. . "ဟူ၍ပင် ကျွန်တော် ကြားအောင် နောက်ပြောင်သွားတတ်ကြပါသေးသည်။

သည်တော့ ကျွန်တော် အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားမဟုတ် သည့်တိုင်၊ လေးတောင်ကွင်းပြည့် အနံ့လက်မ (၄၄)ကို လက်တစ်ဝါးလောက် ခေါက်ဝတ်ရသော ကျွန်တော်မှာ ရှက်တာပေါ့ဗျ။

တကယ်ဆိုတော့ ကျွန်တော်မှာ ဤသို့မိန်းကလေးတွေ၏ နောက် ပြောင်ခြင်းကို ခံရန်၊ စာဖြင့် ရန်တွေ့ခြင်းကိုခံရန် စာရေးဆရာဘဝရောက်လာ သည်နှင့် တူနေပါတော့သည်။ အဘယ်ယောကျ်ားငယ်သည် ဤသို့မိန်းကလေး တို့၏ ယင်းသို့ပြုမူခြင်းကို ခံလိုကြပါမည်နည်း။ သူတို့၏လေးစားခြင်း ချစ်ခင် ခြင်းကိုသာ ခံချင်ကြသည် မဟုတ်လား။

ထို့ကြောင့် ကျွန်တော်၏စာဖတ်ပရိသတ်ထဲမှ တစ်စုံတစ်ယောက်က ကျွန်တော်ကဲ့သို့ ဟာသစာရေးဆရာဖြစ်ချင်ပါသည်ဟု ဆိုလာခဲ့လျှင် ကျွန် တော်သည် ရှေးတတိယတန်း မြန်မာဖတ်စာအုပ်ထဲက ကြက်သူခိုး မြေခွေး အိုကဲ့သို့ စိတ်ယုတ်မာမထားဘဲ မိမိသာ အမြီးပြတ်ခံ၍ အခြားသူကိုမူ အမြီး ပေါက်စင်းစင်းနှင့်ပင် ရှိနေပါစေဟူသော စိတ်ရင်းကောင်းနှင့် တားမြစ်ခြင်း ဖြစ်ပါသည်။ ကျွန်တော်သာလျှင် ကံဆိုးမိုးမှောင်ကျ၍ ဤဘဝရောက်နေရ ခြင်းဟု ဆိုခဲ့ပါသည်။

*ဟော. . ကျွန်တော် ဤဘဝ ရောက်ရသည့်အကြောင်းကို ပြန်ပြောင်း စဉ်းစားလိုက်တော့ တစ်တရားခံ ရွှေဥဒေါင်း၊ နှစ်တရားခံ ငွေဥဒေါင်းဟု တွေ့ ရပါသည်။*

ကျွန်တော် ရှေးအခါက စုံထောက်နှင့် စွန့်စားခန်းဝတ္ထုရေး ဆရာဖြစ် ဖို့သာ ကြိုးစားခဲ့ရိုး မှန်ပါသည်။ (၁၉၄၇)ခုနှစ်၊ ဇွန်လအတွင်း၌ ကျွန်တော် သည် ရန်အောင်ရတနာ စုံထောက်ဝတ္ထုစာမူကို ဆရာကြီးရွှေဥဒေါင်းထံ တည်းဖြတ်ရန်အပ်နှံထားစဉ် တစ်နေ့သ၌ ယခု ငွေဥဒေါင်းမဖြစ်သေးသော



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးမောင်သည် ဆရာကြီးထံ ရှုမဝအတွက် ဝတ္ထုတောင်းရန်လာသည်၌ ကျွန်တော်နှင့် သိကျွမ်းရပါသည်။ ဤအခါ၌ ရှုမဝသည် တစ်အုပ်မျှသာ ထွက်သေးသည်ဟု ထင်ပါသည်။

ထိုစဉ်ကာလ၌ ကိုကြီးမောင်သည် မန္တလေး-ရန်ကုန် ကုန်ကူး မော်တော်ကားအလုပ်ဖြင့် မှီတင်းနေထိုင်၍၊ ကျွန်တော်မှ ကုန်ရှုံးကြွေးတင်ဖြင့် စီးပွားရေးအလုပ်ကို လက်လျှော့လိုက်ရကာ မန္တလေးမှာ သောင်တင်နေလျက် စာပေနယ်သို့ဝင်ရန် ခွေးသူခိုးလေးလို ချောင်းမြောင်းနေရသော သမယဖြစ်ပါသည်။

ထမင်းစားပွဲ၌ ဆရာကြီးက ကိုကြီးမောင်အား ကျွန်တော့်ကို ညွှန်ပြတာ "ဟောဒီမှာကွယ်. . သူလဲ စာရေးဝါသနာပါလို့တဲ့"

ဤအခါ၌ ကိုကြီးမောင်သည် သူနှင့်ကျွန်တော် ယခုမှ တွေ့ကြသိကြတာဖြစ်လျက် (ကျွန်တော့်များ သူ့မယားပါသားလေးလောက် အောက်မေ့ထင်ပါရဲ့) ရဲတင်းလှစွာ အထက်စီးသံနှင့်. . .

"ကိုယ့်လူက ဘယ်မှာ ဘာဝတ္ထုတွေများ ရေးခဲ့ဖူးလို့လဲ"

စာတစ်လုံးမျှ ပုံနှိပ်ခြင်းမခံရဖူးသေးသော ကျွန်တော့်မှာ နှုတ်ဆွံ့၍ အ,၍သွားပါသည်။ ဤတွင် ဆရာကြီးက. . .

"ဘယ်မှာမှတော့ မရေးဖူးသေးဘူး၊ ငါ့ဆီမှာ စုံထောက်ဝတ္ထုတစ်ပုဒ် ပေးထားတာရှိတယ်၊ တော်တော်ကလေး ကောင်းပါရဲ့၊ ဒါပေမယ့် သူ့အသက်အရွယ်၊ သူ့ပညာလေးနဲ့ စုံထောက်ဝတ္ထုရေးမယ်ဆိုတော့ ထမင်းစားနိုင်လောက်အောင် ဖြစ်ဖို့ကခဲယဉ်းလိမ့်မယ်ကွယ့်၊ နို့ပြီး ဒီလိုင်းမှာက ငါရယ်၊ ဒဂုန်ရွှေမျှားရယ်ရှိတယ်၊ စာရေးဆရာဖြစ်ရင် တစ်ဖက်ဖက်က နံပါတ်တစ်ဆွဲနိုင်မှ ကောင်းတာကွ၊ အချစ် အလွမ်း ဝတ္ထုဆိုလဲ အဲဒီဘက်က စာရေးဆရာအများဆုံးကွ၊ ဒါကြောင့် ငါက သူ့ကိုပြောတယ်၊ တတ်နိုင်ရင် ဟာသဝတ္ထုလိုင်းလိုက်၊ အဲဒီဘက်မှာက ဇဝနတစ်ယောက်တည်းရှိတယ်၊ သူ့မမှီတောင် သူ့တစ်ဝက်လောက်လိုက်နိုင်ရင် တော်ချေရဲ့လို့"

"အိမ်း. . ဟုတ်သားပဲ၊ ကိုယ့်လူ ဟာသဝတ္ထုရေးနိုင်ပါ့မလား"

ကိုကြီးမောင်က မေးခွန်းထုတ်တော်မူသည်၌ ကျွန်တော်က အားနာစွာပင်. . "ရေးရင် ဖြစ်မယ်ထင်တာပဲ"

ကျွန်တော်မှာ မိမိကိုယ်မိမိ ဘာရေးရေးဖြစ်ရမည်ဟု အောက်မေ့သူဖြစ်ပါသည်။

"ဒါဖြင့် ရှုမဝကို ရေးပို့လိုက်၊ ကိုယ်ရှိမယ်၊ သုံးပုဒ်ရေးလို့ တစ်ပုဒ်စွံရင် ကလောင်ကိုင်တော့ကွယ်"

ကျွန်တော် ခေါင်းညိတ်လိုက်ပါသည်။





"နို့. . ကိုယ့်လူ ကလောင်နာမည်က ဘယ်သူလဲ"

ဤအဖြေကို ပေးရန်၌ကား ကျွန်တော့်မှာ "သမီး မေတ္တာရှိနေတာ ဘယ်သူလဲ"ဟု မိခင်၏မေးမြန်းခံရသော အပျိုပေါက်မကလေးကဲ့သို့ပင် ရှက်ရွံ့သွားကာ မဖြေလည်း မပြီးသည်နှင့် "**သော်တာဆွေ**"ဟု ပိစိညှပ်အသံကလေးနှင့်ပြောလိုက်ရပါသည်။

ကျွန်တော် ရှုမဝသို့ သုံးပုဒ်ဆက်တိုက် ပို့လိုက်သည်မှာ. . *ဘုရန်ဒီတစ်ပုလင်း၊ ဟာစ်လို့သာ ငိုလိုက်ချင်တော့၊ မယ်တပ်ကုန်း။*

ဒုတိယအပုဒ်ကျလျှင်ပင် ဆရာငွေဥဒေါင်းက (ဤအခါ၌ သူသည် မောက်သာမောက်ဟူသော မိန်းမတွေ ဖော်စီဖားဆောင်းပါးနှင့် ငွေဥဒေါင်းဖြစ်နေလေပြီ)

"ကိုယ့်လူ စာရေးဆရာဖြစ်ပြီကွာ"ဟု မှတ်ချက်ချလိုက်၏။

ဟော. . အခုတော့ ကိုကြီးမောင်ရေ. . . သော်တာဆွေတဲ့ဗျ။

အဲ. . သို့ကလောက် နာမည်ကြီးရသော်လည်း စင်စစ် ကျွန်တော့်မှာ တလွဲဆံပင်ကောင်းပေါက်ချေဘိသည်။ ဆရာကြီးတို့လို ကြည်ညိုလေးစားမှုဂုဏ်ပုဒ်ကို ခံယူရန် ရည်သန်ရာမှ မရှိလို့ *ဆိုင်းထဲလိုက်ပုံ* **နဲ့ကြီးတက်နင်းမီ** ဆိုဘိသို့ အမိုက်မတို့၏ ပြက်ရယ်ပြောင်လှောင်ခြင်းနှင့် ရန်ထောင်ခြင်းတို့ကိုသာခံယူနေရပါသည်။

အကယ်တန္တု ကျွန်တော်သာ ပထမ ရည်ရွယ်ချက်အတိုင်း စုံထောက်စွန့်စားခန်းဝတ္ထုများချည်း ရေးနေခဲ့ပါမူ အဘယ်သူသည် ဤသို့ပျက်ရယ်ပြုမှုပြောင်လှောင်ခြင်းပြုဝံ့ပါအံ့နည်း။ "ဆရာကြီးဦးသော်တာဆွေခင်ဗျား". . ဒါမျိုးတွေသာ လာရမည် မဟုတ်ပါလား။ မိန်းကလေးတွေပင် နှုတ်ဆက်ဝံ့မည် မဟုတ်ချေ။ အခုတော့ဗျာ. . .

သို့အတွက် ကျွန်တော် တစ်လောက. . .

"ကိုကို့ကလောင် ပျော်စရာတွေရေးပေမယ့်
ဖျိုတို့မောင် ဖော်ကွာဝေးမှာဖြင့်
ငိုလို့တောင် အော်ကာပြေးချင်ရဲ့
(အဲဒါကြောင့်) သော်တာဆွေးရယ်လို့ နာမည်ပြင်" ဟု. .
စပ်ဆိုခဲ့သည် မဟုတ်ပါလား။

အချို့ကလည်း ဤနာမည်ကလေးနှင့် ကျွန်တော့်အရေးအသားနှင့် မတန်ဟု ဝေဖန်ကြပါသေးသည်။ တကယ်ဆိုသော် ကျွန်တော် ကြိုက်သော နာမည် ကျွန်တော် ခံယူတာ ကျွန်တော့်ကို အပြစ်ဆိုစရာလား။ ဒီဘာမှ မဟုတ်တဲ့ဟာသလိုင်းရေးခိုင်းတဲ့ ရွှေဥဒေါင်းနှင့် ငွေဥဒေါင်းသာလျှင် ခေါင်းသားလောင်းကို လူပြက်ဇောင်းပို့ကြသော တရားခံများ မဟုတ်ပါလေဘား။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်နေ့သ၌ ငွေဥဒေါင်းကို ကျွန်တော် စိတ်နာစကားပြောမိလေသည်၊

"ရွှေဥဒေါင်း. . ငွေဥဒေါင်း. . ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက်စလုံးဟာ တစ်ယောက်မှ ကျွန်တော့်ကို ကောင်းကျိုးမပေးကြဘူး၊ ဒါကြောင့် ရွှေနဲ့ငွေများ မုန်းလွန်းလို့ ကြည့်. . . ကျွန်တော့်ကိုယ်မှာ ရွှေဆိုလို့ တစ်ရွှေးသားမရှိဘူး၊ ငွေဆိုလဲ ကျပ်တန်စက္ကူတောင် ကျွန်တော် မဆောင်ဘူး၊ အခုအိတ်ထဲမှာ ပိုက်ဆံအနုပ်ကလေး ခြောက်မူးတစ်ပဲပဲရှိတယ်"

"ဘာလို့လဲ . . မောင်ရင်က"

ကျွန်တော်က အကျိုးအကြောင်းပြောပြသည်၌ . . .

"အို. . မောင်ရင်လိုကောင်က ဆရာကြီးတို့၊ ပီမိုးနင်းတို့ သွားတုလို့ ဘယ်ဖြစ်မလဲကွ၊ မောင်ရင့်စာဖတ်တဲ့ လူထဲကဆိုရင် ဟိုဆရာကြီးတွေဆီလို ကြီးပွားချမ်းသာသွားကြလို့ ကျေးဇူးတင်လှပါတယ်၊ ကန်တော့ပါရစေဆိုတဲ့ စာမျိုးတော့ ဘယ်လာမလဲ၊ မင့်ပေါ်ချာချာစာတွေကြောင့် ရူးကြောင်ကြောင်ဖြစ်သွားလို့ နရင်းအုပ်ချင်တယ်ဆိုတာမျိုးပဲ လာတော့မပေါ့၊ မောင်ရင်နဲ့ ဆရာကြီးတို့က ပညာအရည်အချင်း၊ အသက်အရွယ်ချင်း၊ လူချင်း အစစအရာရာ တူသလားကွ"

"ဒါဖြင့် ကျွန်တော်နဲ့ သာစုတို့ တင့်တယ်တို့နဲ့ကောဗျာ၊ သူတို့ဆီလဲ ကြည်ညိုလေးစားတဲ့ စာတွေလာကြတာပဲ၊ သာစုဆီဆိုရင် 'ကျွန်မ ဒီလင်ကွာလိုက်ရမလား'၊ 'ဟိုလင်နှစ်ယောက် ဘယ်လင်ပြန်ပေါင်းရမလဲ အကြံပေးပါရှင်'ဆိုတဲ့ စာမျိုးတွေလာကြတယ်၊ တောက်. . ကျွန်တော့်ဆီသာ အဲ့ဒါမျိုးတွေ လာရင်တော့. . ဟင်း. ."

"မောင်ရင်က ဘယ်လိုအကြံဉာဏ်ပေးမလဲ"

"ဘယ်အကြံပေးနေမလဲဗျာ၊ ငနဲမ နိပ်ရင် ကိုယ်ကဖြတ်ယူထားလိုက်မှာပေါ့"

"တယ်. . ကြည်ညိုဖို့ကောင်းမယ့်လူပဲ၊ ဒါဖြင့် မောင်ရင်က သာစုလို ဆုံးမသြဝါဒပေးတဲ့စာတွေ ရေးပါလား"

"ဟင်. . ကျွန်တော်ကလား၊ သူများ ဆုံးမသြဝါဒပေးတဲ့ စာရေးဖို့နေ နေသာသာ ကိုယ့်မိုက်လက်စတွေတောင် နောက်ထပ်မတိုးအောင် ဘယ်လို လုပ်ရမလဲ မသိဖြစ်နေတာ"

"ဒါဖြင့် တင့်တယ်လို အချစ်ဝတ္ထုမျိုး ရေးပါလားကွ"

"အဲ. . ဟုတ်တယ်၊ တင့်တယ်နဲ့ ကျွန်တော်က အမိုက်ချင်းတူတယ်၊ သောက်တဲ့နေရာ၊ ဂေါ်တဲ့နေရာ သူကတောင် နည်းနည်းပိုချင်သေးတယ်၊ ဒါပေမယ့် သူ့လိုအချစ်ဝတ္ထုရေးဖို့ ဇာတ်ကွက် ကျွန်တော် ရှာမတွေ့ဘူးဗျ"





"အို. . ဒါတော့ ငါ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ဟာကိုယ် ရှာမှကြံမှပေါ့"

"ဒီမှာ နေပါဦး ကိုကြီးမောင်၊ ခင်ဗျား မိန်းမတွေ အများကြီးရခဲ့ဖူးတယ်ဆို၊ အဲဒါတွေထဲက အချစ်ဇာတ်ကွက်ကောင်းတစ်ခုတော့ ရှိမှာပဲ၊ ပြောပြပါလားဗျာ"

"ဟာ. . ငါ မိန်းမတွေ ဘယ်နှယောက် ရခဲ့ဖူးလဲတောင် မမှတ်မိတော့ဘူး၊ ငယ်ငယ်က ကလိန်းကလက်ဟာတွေလဲ မေ့ကုန်ပါပြီကွာ"

"ဒီမှာ နည်းနည်းပြန်စဉ်းစားပြီး ပြောပါဗျာ၊ ခင်ဗျားကို ကျွန်တော် အခုနပြတဲ့ ပိုက်ဆံခြောက်မူးတစ်ပဲထဲက လက်ဖက်ရည်တိုက်ပါ့မယ်"

ဤတွင် ငနဲကြီးသည် တကယ့်စေတနာနဲ့လား၊ ဒါမှမဟုတ် လက်ဖက်ရည်တိုက်မယ်ဆိုလို့ပဲလားမသိ၊ သူ့မျက်နှာ ညိုညစ်ညစ်ကြီးမှာ ခွေးလျက်ခံရသလို ရွှန်းစိုဝင်းပြောင်သွားကာ. . .

"အေး. . အေး. မင်းကုသိုလ်ပဲ၊ ငါ တစ်ခုစဉ်းစားမိတယ်၊ ငါ စာပေနယ်ရောက်မှ တွေ့ရတဲ့ အဖြစ်အပျက်ကွ၊ တကယ့်အချစ်အလွမ်းပဲ"

"အဲ. . ဟုတ်ပြီ ပြောစမ်း၊ တင့်တယ်နဲ့အပြိုင် ကြိတ်လိုက်ရအောင်၊ သူလဲ အခုဘိလပ်က ပြန်လာနေပြီ၊ ငနဲ မြန်မာပြည်ပြန်ရောက်တော့ 'ဟင်. . သော်တာဆွေ ငါ့နေရာ ယူနေပါလား'ဆိုပြီး ငိုင်ကျသွားအောင်"

"မောင်ရင်ကသာ ဒီဇာတ်ကွက်ကို မိအောင်ရေးနိုင်မယ်ဆိုရင် တင့်တယ်မပြောနဲ့၊ တင့်တယ်အဖေ သေတယ်"

"သူ့အဖေ သေတာ ကြာပါပြီတဲ့ဗျာ၊ သူ့အမေပဲ ရှိတော့တယ်၊ ဒါနဲ့ တစ်လောက စကားစပ်မိလို့ ကျွန်တော်က သူ့ကို 'ခင်ဗျားမလဲ မအေပဲရှိတော့တယ်၊ ကျွန်တော့်မလဲ အဖေပဲ ရှိတော့တယ်၊ ဒီတော့ သူတို့က ကျွန်တော်တို့ကို အိမ်ထောင်ချပေးဖူးတဲ့ ကျေးဇူးပြန်ဆပ်ကြရအောင်ဗျာ'ဆိုတာနဲ့ သူနဲ့ကျွန်တော်နဲ့ ရန်ဖြစ်ဖူးတယ်၊ အဲဒီထဲက သူ့ကို ကျွန်တော်က အငြိုးထားတာဗျာ၊ အခု ငနဲနေရာဝင်ပြီး သူ့ထက်သာအောင် ရေးပြလိုက်မယ်၊ ကဲ. . ပြောဗျာ"

လက်ဖက်ရည်ဆိုင်ရောက်၍ လက်ဖက်ရည်တစ်ခွက် အပင်းဆို့ရမှပင် ပြောပြပေတော့သည်။

သူ၏အဖြစ်အပျက်ကား ကြီးကျယ်ခမ်းနားပေစွ။

ကြေကွဲလွမ်းဆွတ်ဖွယ်ရာလည်း ကောင်းလှ၏။ (ဆိုရမည်။)

"အဲဒါ. . မောင်ရင်. . ငါ့အသည်းနှလုံးထဲမှာတော့ အင်မတန်ထိခိုက်တာပဲ၊ တစ်သက်မမေ့နိုင်တော့ဘူး အောက်မေ့ထားတာ၊ အခုပြန်သတိရတာ မောင်ရင့်ကုသိုလ်ပဲ၊ ကဲ. . အလွမ်းဝတ္ထုကောင်းကောင်းတစ်ပုဒ် ဖြစ်အောင် ရေးပေတော့၊ ဒါ မောင်ရင့်တက်လမ်းပဲ"

"ဟုတ်ကဲ့. . ကျွန်တော် ကြိုးစားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"နို့ပြီး ငါ့အကြောင်း ငါပြောပြရတာနော်၊ ငါ့ကို အသားပေးရေးကွ၊ သိလား"

"ဒါတော့ မှာစရာမလိုပါဘူးဗျာ၊ ကိုယ့်အချင်းချင်းတွေပဲ"

ဤသည်ပင်လျှင် ဤဝတ္ထုကိုရေးရန် အကြောင်းဖန်ခဲ့ခြင်းပေတည်း။ ဤတွင် အမှာစာနှစ်ချက် ရေးရပေမည်။

(၁) ငွေဥဒေါင်းသည်. . (လက်ဖက်ရည်တစ်ခွက် သောက်ရသည်နှင့်) သူ့ကိုယ်တွေ့ဟူ၍ ပြောပြသည်။ ဟုတ်ချင်မှ ဟုတ်ပေမည်။ ဟုတ်သင့်သလောက် ဟုတ်သည့်တိုင်အောင် အနည်းအကျဉ်းကို ဇီဇာခဲ့ထားခြင်းဖြစ်တတ်သည်။ ကျွန်တော်ကလည်း သူပြောချင်တာတွေ လျှောက်ပြောသည့်အထဲမှ ယူချင်တာလောက်သာ ယူ၍ရေးချင်တာ လျှောက်ရေးတော့မည်။ သည်တော့ စာဖတ်သူက ဘာမျှမဟုတ်ဟု ယူဆထားပါမှ စာဖတ်ဝါး ဝရာရောက်၍ ဖတ်ရကျိုးနပ်ပေမည်။

(၂) ယခု ကျွန်တော် ရေးတော့မည်မှာ တင့်တယ်နှင့် ဂုဏ်တုဂုဏ်ပြိုင် အချစ်အလွမ်း ဝတ္ထုဖြစ်၍ ဟာသနှင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကျွန်တော့်အရေးအသားညံ့သဖြင့် သိပ်မလွမ်းရဘူးဆိုသည့်တိုင် မရယ်ရဘူးဆိုပါက ကျွန်တော် ရေးရကျိုးနပ်ပေပြီ။

❑

## ရိုးမန့်စ်အော့ဖ်ငွေဥဒေါင်း

ဤနာမည်ကို ပေးလိုက်မိခြင်းသည် အင်္ဂလိပ်အသံနှင့် ပန်မစားသူတို့အဖို့ အဖတ်ရခက်လိမ့်မည်ဟု ထင်ပါသည်။ သို့သော် မတတ်နိုင်တော့ပါ။ ကျွန်တော် ပထမ အင်္ဂလိပ်လိုရေးထားသော The Romance of Silver Peacock ကို တစ်ဝက်တပျက် မြန်မာပြန်ထားခြင်း ဖြစ်ပါသည်။

ယင်း၌ Silver Peacock တော့ ငွေဥဒေါင်းဟုပြန်ထားပြီး ကျန်စာလုံးကိုမူ ဘာကြောင့် ချန်ထားသနည်းဟု မေးစရာရှိပါသည်။

အဖြစ်က ဒီလိုပါ။ Romance (ရိုမန်းစ်)စာလုံးကို ဒစ်ရှင်နရီစာအုပ်ထဲ လှန်ကြည့်ရာ၌ လေထဲတိုက်အိမ်ဆောက်သော စိတ်ကူးယဉ်အချစ်အလွမ်းဝတ္ထု၊ မဖြစ်နိုင်သော စွန့်စားခန်းဝတ္ထု၊ အသားလွတ်အိပ်မက်၍ ကြည်နူးနေသောအကြောင်းအရာ (ဦးထွန်းငြိမ်း အဘိဓာန်တွင်မူ ဆန်းကြယ်သော ပုံပြင်ဝတ္ထု၊ ကား၍ရေးသားပြောဆိုခြင်း၊ နှစ်လိုဖွယ်သောမုသား) စသည်ဖြင့် တွေ့ရလေရာ ကျွန်တော်မှာ ကျဉ်းကျဉ်းနှင့် တိတိကျကျပြန်ရန် မတတ်စွမ်းပါသောကြောင့် ဟို . . အရမ်းဘာသာမပြန်နဲ့ဟု သူများကို အသားလွတ်ဟိန်းဟောက်နေသော ဆရာကြီးကိုလည်း ကြောက်ရွံ့သည်နှင့် သူ့အတိုင်းထားလိုက်ရခြင်းဖြစ်ပါသည်။ ကဲ. . ဒါဖြင့် မင်းက ဒီဝတ္ထုကို အင်္ဂလိပ်လိုနာမည်ပေးရအောင် . . မင်းက အင်္ဂလိပ်ဘာသာနဲ့ ရေးတာမို့လားဟု မေးစရာဖြစ်လာပြန်သည်။ ဟုတ်ကဲ့. . ကျွန်တော် အစပထမက အင်္ဂလိပ်ဘာသာဖြင့်ရေးခဲ့ပါသည်။ The Romance of Peacock. By Thawda Swe (ဆာရိုက်ဒါဟတ်ဂတ်၊ ဆာဝါလ်တာစကော့တို့ကို သဘောကျ၍ ကျွန်တော့်ကိုယ် ကျွန်တော်လည်း (Sir) ဆာဘွဲ့ခံယူလိုက်ပါသေး၏။) မှစပြီး The End အထိ အင်္ဂလိပ်လိုချည်းရေးခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဘုရားဇူးရုပါစေရဲ့. . ရေးပြီးကာလ. . ကျွန်တော့်မိတ်ဆွေ တက္ကသိုလ်ဝင်ကာန်းတ ကျောင်းသားတွေကို ဖတ်ကြည့်ခိုင်းပါသည်။ သူတို့ နားမလည်ဟု ပြောပါသည်၊ ဤတွင် ကျွန်တော် ဝမ်းသာသွား၏။ "ငါ့ အင်္ဂလိပ်မြင့်နေလို့ သူတို့ခမျာကလေးများ နားမလည်တာပါလား"ဟု ကျေနပ်မိလျက်၊ တစ်ဖန် ဆရာဇော်ဂျီ (ဦးသိန်းဟန် M.A) ကို ပြကြည့်ပြန်ပါသည်။

ဦးသိန်းဟန်ကို ပြရာ၌ကား ကျွန်တော့်မှာ ရည်ရွယ်ချက်ရှိ၏။

တစ်လောက သူနှင့်ကျွန်တော့်အစ်မကြီး ဂျာနေဂျို ရှမဝတိုက်မှာ တွေ့ကြ၍ စာပေအကြောင်းပြောကြရာမှ ဆရာဇော်ဂျီက "မမလေးရယ်၊ ကမ္ဘာကို တိုးဖို့ မြန်မာထဲက အင်္ဂလိပ်လို ဝတ္ထုရေးနိုင်လောက်အောင် အင်္ဂလိပ် ကောင်းတဲ့လူတော့ ဆရာ မမြင်သေးဘူးကွယ်"ဟု ပြောသံကြားကတည်းက ကျွန်တော် သူ့ကို မြန်မာ့လက်စွမ်း ပြချင်နေတာ ကြာလှပြီဖြစ်ပါသည်။

ထို့ကြောင့် ငွေဥဒေါင်းကိုမျှ (ဝမ်းသာလုံးဆို့ပြီး သေသွားခဲ့သော် ကျွန်တော် ပါဏာတိပါတာကံထိုက်မှာစိုး၍) သူ့အကြောင်း ကမ္ဘာနှံ့အောင်အင်္ဂလိပ်လိုရေးမည်ဟု မပြောခဲ့ဘဲနှင့် တိတ်တဆိတ်ကျိတ်လိုက်ခြင်း ဖြစ်ပါသည်။ အလုပ်တစ်ခုဟာ "မပြီးခင် မြန်မာမမြင်စေနဲ့" ဆိုတဲ့ စကားရှိတယ် မဟုတ်ပါလား။ အရက်ဆိုင်က တရုတ်ကိုသာ "ငါ. . ဒီဝတ္ထုပြီးရင် မင့်ကြွေးတွေ ဆပ်မယ်ကွာ"ဟု ပြောခဲ့ပါသည်။

ဆရာဇော်ဂျီကို ကျွန်တော် ဤဝတ္ထုအပ်လိုက်စဉ်က . . .

"ဆရာ. . ဖတ်. ဖတ်. . ကျကျနန ဖတ်ကြည့်. . . ဆရာ ဟိုနေ့က အစ်မကြီး ဂျာနေဂျိုကို ပြောလိုက်တာလဲ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူးလေ"ဟု မှာလိုက်ပါသေးသည်။

သုံးရက်မျှအကြာတွင် ကျွန်တော် သူ့ဆီသွားပြီး ဂုဏ်ယူသောမျက်နှာနှင့် (သူ့တော့အားနာပါ၏) "ဘယ့်နှယ်လဲ ဆရာ. . ဟဲဟဲ"မေးသောအခါ၌ "အိမ်း. . ငါတော့ မင်း ဘာရေးချင်တယ်ဆိုတာ နားမလည်ဘူးကွ"

ဤတွင် ကျွန်တော် ပို၍ဝမ်းသာသွားပြန်၏။

"အင်း. . . ငါ့အင်္ဂလိပ်စာတော့ တက္ကသိုလ်ဝင် ကျောင်းသားလဲ နားမလည်ဘူး၊ M.A လဲ ဘာဆိုလိုမှန်းမသိဘူး၊ ဧကန္တ အဆင့်အတန်းသိပ်မြင့်လှပြီ၊ မြန်မာပြည်နဲ့ မတန်တော့ပြီ၊ အနောက်နိုင်ငံက Classic ဂန္ထဝင်စာပေတွေ ထုတ်တဲ့ စာအုပ်တိုက်တစ်ခုခု ပို့မှပဲ"ဟု ဦးကျော်နှင့် တိုင်ပင်ကြည့်သောအခါ-

"ဟာ. . ခင်ဗျားဟာက ခင်ဗျား မြန်မာ ရေးတဲ့စာ ကိုယ့်မြန်မာပြည်က တက္ကသိုလ်ဝင်ကျောင်းသားကအစ M.A အထိ နားမလည်ဘူးဆိုတော့၊ တမ္ဘာပေါ်မှာ ဘယ်လူမျိုး နားလည်တော့မှာလဲ" ဟု ပြောတော့မှ ကျွန်တော့်စိတ်တွင် "အင်း. . ဟုတ်တန်လေရဲ့လေ"





www.burmeseclassic.com

သို့သော် သူ ဒီဝတ္ထုလိုချင်လို့ ဖျက်တာရင်လည်း ဖြစ်နိုင်သည်။

သို့တိုင် သူ ကိုယ်နှင့် ဆက်သွယ်နေကာလူ၊ တို့ပြင် ကိုယ့်စာဖတ်နေသူ မြန်မာပရိသတ်ကလည်း ရှိနေသည်။

"ကမ္ဘာ့လူမျိုးတွေ ကိုယ့်မြန်မာကက်တော့ ပိုမခင်နိုင်ပါဘူး။ ကဲ. . သူပဲ ယူပါစေတော့လေ"ဟု သူတော်ကောင်းစိတ်နှင့် ကိုယ့်ဟာကိုယ် ဘာသာ ပြန်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ကား မှာထားပါရစေဦး။ ကျွန်တော့်ကို မယုံကြည်သည်နှင့် ဆရာဇော်ဂျီတော့ သွားမေးရန် မသင့်ဟု ထင်ပါသည်။

သူက လူကြီး၊ ရှက်ပေမည်။ "အလကားပါကွာ"ဟု ငြင်းပေမည်။

ကဲလေ. . တောင်းပန်မရလဲ. . သွားမေးချေတော့။

အမယ်လေး. . ငနဲကြီးအကြောင်း ရေးရမှာ စာမျက်နှာ နည်းမယ် ထင်တာနဲ့ ကလောင်လျှောက်ကစားလိုက်ရတာ လွန်တာရှိ ဝန္ဒာမိပါ၏။

Everybody အမယ်. . အခုတောင် အင်္ဂလိပ်လို ရေးမိတုန်း၊

ကဲ. . ဝတ္ထုစပါပြီ၊ အောက်မှာပါ။

## ငွေဥဒေါင်း

သူ့အကြောင်း ကျွန်တော် ရေးတော့မည်ဖြစ်သော်လည်း သူ့မိဘနာမည်၊ မျိုးရိုး၊ အလုပ်အကိုင်ကို မဆိုထားနှင့် သူ ဘယ်မှာမွေး၍ ဘယ်မှာကြီးပြင်းခဲ့သည်ကိုပင် ကျွန်တော် မသိချေ။ သိရန် လိုသည်ဟုလည်းမထင်ပါ။ သိလည်း မသိချင်ပါ။ ကျွန်တော်ကဲ့သို့ပင် ကြက်မျိုးချေးကျ လူစားပဲဟုသာ အောက်မေ့ထားလိုက်ပါသည်။

သို့သော် (၁၉၄၇)ခုနှစ်၊ မန္တလေးမြို့၊ ဝါးတန်းဆရာကြီး ရွှေဥဒေါင်း အိမ်တွင် သူ့ကို ကျွန်တော် တွေ့ရှိသောအခါ၌ကား "တကယ့်လူပါပေတကား" ဟု ကျွန်တော် မှတ်ချက်ချလိုက်ပေတော့သည်။

အကြောင်းမှာ သူ့တွင် ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ခေါင်းတစ်လုံး၊ နှာခေါင်းနှစ်ပေါက်၊ မျက်စိနှစ်ကွင်း၊ နားနှစ်ဖက်၊ ပါးစပ်တစ်ခုနှင့် ကောင်းစွာ စကားပြောနိုင်သူဖြစ်လေသည်။

သူ့ဦးခေါင်း၌ အမွေးအမှင်များလည်းရှိ၍ ဘိုဆံတောက်ခေါ် လက်ထိုး စက်ကပ်ကြေးဖြင့် ပြုပြင်ထားခြင်းလည်း ရှိ၏။ ယခုကဲ့သို့ သူ့ဆန်ကုန်မြေလေး ကိုယ်ကြီးတည်မြဲနေရန်နှင့် အရပ်ထဲက ခနှင့်ပေါက်မထုတ်ဖို့ ဟိရိဩတ္တပ္ပ ကာကွယ်သော အဝတ်အစားများရရန် အဘယ်သို့ ပြုမူနေချေသနည်း စုံစမ်းကြည့်သောအခါ ဂျပန်ခေတ်တွင် ရွှေတိဂုံစောင်းတန်းမှာ စာအုပ်ရောင်းခဲ့၍



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ပြန်အရောက်၌ အဖော်တစ်စုနှင့် မော်တော်ကားစုတ်တစ်ခုကို ရှာကြံဘာ ရန်ကုန်မန္တလေး ကုန်ကားပြေးနေသည်ဟု ပြောပါသည်။

သို့သော် ကျွန်တော်နှင့်တွေ့သောအချိန်၌ ဤ, ကားအလုပ်မကောင်းတော့၍ စွန့်လွှတ်ရတော့မည်ဖြစ်သောကြောင့် မိမိဝါသနာပါခဲ့သော စာပေနယ်တွင် မိမိအား အယ်ဒီတာခန့်အပ်သည်အထိ မိုက်မဲမည့်လူတစ်ယောက်ကို ရှာဖွေနေခဲ့ရာ ယခု မောင်ကျော်မည်သော လူတစ်ယောက်ကို တွေ့ထားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာကြီးထံ ဝတ္ထုတောင်းရန် လာသည်ဖြစ်ကြောင်း၊ မိမိလည်း ဆရာကြီးကို အလွန်သဘောကျလှသဖြင့် ငွေဥဒေါင်းဟူသော တလောင်နာမည်ကိုခံယူတော့မည်ဖြစ်ကြောင်း၊ ညာတာပါတော့နှင့် ထမင်းနှစ်နပ်မျှ အချောင်တွတ်ပြီး ရန်ကုန်သို့ ပြန်ပြေးလေတော့သည်။

သူ ကျောခိုင်းသွားလျှင်ပင် ကျွန်တော်က "ဘယ့်နှယ်လဲဆရာကြီး၊ ဒီမောင်ကြီး ကြည့်ရတာ စာရေးဆရာဖြစ်နိုင်ပါ့မလား"ဟု မေးကြည့်သောအခါ၌ "သူ့ခြေကြီး လက်ကြီးတွေ ကြည့်ရတာက ကလောင်တံကိုင်ဖို့ထက် ပုဆိန်ကိုင်ဖို့ ပိုကောင်းတယ်၊ သို့သော် သူက စာပေကလေးကလဲ တော်တော်များများ ဖတ်ထား၊ ရုတ်တရက် လူကျလောက်အောင် အပြောကလဲကောင်းတော့ သူလုပ်ချင်တဲ့ အယ်ဒီတာဆိုတာမျိုးတော့ ဖြစ်နိုင်ရဲ့ကွယ်"

ဟုတ်ပေ၏။ ထိုနှစ် အောက်တိုဘာလ၊ ဆရာကြီးနှင့်ကျွန်တော် ရန်ကုန်ဆင်းလာခဲ့သောအခါ၌ သူ ရှုမဝအယ်ဒီတာစားပွဲတွင် ငုတ်တုတ်ကြီးထိုင်နေသည်ကို တွေ့ရလေသည်။

ဤအခါ၌ ကိုကျော်နှင့်ကျွန်တော် ပုလဲနံပသင့်ကြ၍ သူ့မဂ္ဂဇင်းမှာ ထာဝရစာရေးဆရာလုပ်ခြင်းဖြင့် ကျွန်တော့်ကို တစ်လ (၂၀၀)ကျပ်က စပေးမည်ဆိုလာသည်။ နှစ်သက်ကြိုက်ညီကြသည်နှင့် ဆရာကြီးပြန်သွားသောအခါ ကျွန်တော်ကျန်ခဲ့သည်တွင် ငွေဥဒေါင်းနှင့်ကျွန်တော် ခင်မင်ရင်းနှီးရလေသည်။

ယင်းကာလ၌ ရှုမဝတိုက်ခန်းတွင် သူ မကျေနပ်သော မြင်ပြင်းကပ်နေသော လူများရှိ၏။ အခြား မဟုတ်ပါပေ။ တင့်တယ်နှင့်သန်းဆွေတည်း။

ဒီနှစ်ကောင်မှာ ဒီအချိန်၌ လူကြိုက်များသော စာရေးဆရာတွေဖြစ်နေ၍ ချီးမွမ်းမိတ်ဖွဲ့စာတွေနှင့် ကလောင်ရည်းစားစာတွေ အီလျှံဝေနေ၏။

ထိုနှစ်ကောင်သည် ထိုစာများကို ငွေဥဒေါင်းစားပွဲမှယူကာ ငွေဥဒေါင်းရှေ့တွင် ကျယ်လောင်စွာ ဂုဏ်တုဂုဏ်ပြိုင်ဖတ်ကြသည်။ ဤနှစ်ကောင် ဤသို့ပြုမူကြသည်ကို ငွေဥဒေါင်းသည် အင်မတန်ခံပြင်း၏။ ဖြစ်နိုင်လျှင် ယင်းနှစ်ကောင်ကို ပက်လက်လှန် ရင်ဝဖနောင့်နဲ့ပေါက်၊ လည်မျိုနင်း၊ ကိုယ်ကို ပုစွန်တုပ်ကွေးဖြစ်အောင်ခေါက်၊ သူတို့ခြေမတွေ သူတို့ပါးစပ်ထဲထည့်၊ ကြေးနန်းကြိုးနဲ့ချုပ်၊ အဝိုင်းနှစ်ခုဖြစ်သွားသည်၌ အလယ်က ဝါးလုံးလျှိုထမ်း၍ တားကရာ





ချောက်နှုတ်ခမ်းက မသာခေါင်းရောင်းသော အိမ်ရှေ့သို့ ယူသွားကာ ချောက်ထဲမှ လမ်းကြိတ်သံလိုမ့်တစ်စီးကို မောင်းတက်လာစေပြီး ဤ. . သန်းဆွေ၊ တင့်တယ်၊ မနုဿခွေနှစ်ခုကို ချောက်ထဲသို့ လိမ့်ချလိုက်ချင်သည်။

ဤအခါမှ မသာခေါင်းရောင်းသူလည်း အိမ်ရှေ့မသာလောင်းနှစ်လောင်းရောက်လာပါလျက် ခေါင်းထဲထည့်ရန် အရိုးအသား ရှာမတွေ့ဖြစ်ခြင်းကြောင့် ခေါင်းမရောင်းရသဖြင့် "အဝီစိသွားမယ့်ကောင်တွေ သေတာတောင်ငါ အကျိုးမရှိဘူး"ဟု ဆဲရေးခြင်းကို ခံရမည်ဟု ဆိုသည်။

ဤအကြောင်းကို ကျွန်တော့်ပြောပြသည်၌ . . .

"ဟာ. . . သိပ်ကောင်းတာ ပေါ့ နောင်ကြီးရာ"ဟု လိုက်လိုက်လှဲလှဲထောက်ခံလိုက်ပါသည်။

အကြောင်းမှာ ဤအချိန်၌ ကျွန်တော်ကိုယ်တိုင်မှာလည်း ဘရန်ဒီတစ်ပုလင်းဝတ္ထုအတွက် ဘုန်းကြီးတစ်ပါးထံမှ "ဒကာကျော်. . သော်တာဆွေရေးသော ဘရန်ဒီတစ်ပုလင်းဝတ္ထုမျိုးကို မထည့်သင့်ပေ၊ ငါတို့ ဗုဒ္ဓဘာသာတရားတော်နှင့် မလျော်ချေတကား" ဆိုသော စာတစ်စောင်နှင့် မယ်တာဝ်ကုန်းဝတ္ထုအတွက် မယ်အရွေးခံရန် ခံဆဲ၊ ခံပြီး၊ ခံဦးမလို့ ကလေးမများ၏ ဗရပွသောင်ရင်း ဆဲရေးထားကြသော စာများနှင့် အထူးသဖြင့် ပျဉ်းမနားသားယောကျ်ားရင့်မာကြီးတစ်ယောက်ထံမှ "ယခုလ ရှုမဝတွင်ပါသော သော်တာဆွေ၏ မယ်တပ်ကုန်းဝတ္ထုသည် မဂ္ဂဇင်းတစ်အုပ်လုံးကောင်းပါလျက်နှင့် နတ်သြဇာ တစ်လှည်း၌ မစင်တစ်ပဲသား ပါနေသည်နှင့်တူသည်။

ထို့ကြောင့် ကျွန်ုပ်သည် ၎င်းဝတ္ထုကို စာအုပ်ထဲမှ ကတ်ကျေးနှင့်ညှပ်ထုတ်၊ မီးရှို့၊ ပြာကို အိမ်သာထဲ ပစ်ချလိုက်သည်" (ဤစာ အမှန်ဖြစ်ချေသည် အယ်ဒီတာ) ဟူသည့် ဩဘာစာမျိုးတွေသာ လာနေသည်နှင့် ကျွန်တော်မှာ တင့်တယ်၊ သန်းဆွေတို့ကို မိမိအင်မတန်နှစ်သက်သော အရက်နှင့်ပင် ငုံထွေးချင်လောက်အောင် မနာလိုဝန်တိုမိစွာရှိနေသောကြောင့် ဖြစ်ပါ၏။

ဒီကောင်တို့သည် တစ်ခါတစ်ရံ၌ စာဖတ်ရင်း ခုန်၍က,တတ်၏၊ တစ်ခါတစ်ရံ "ဆရာ့မှာ စာရေးဆရာဆိုတော့ ဘိုင်ကျလို့ ခေါင်းဖိုးမရှိတာနဲ့ ကျွန်မဆီ စာမပြန်နိုင်တာလား၊ ရော့ပါ ဆရာရဲ့. . . မြင့်က မနှမြောတတ်ပါဘူး"ဆို၍ ငါးကျပ်တန်မျိုး၊ ဆယ်တန်မျိုး စာအိတ်ထဲပါလာသောအခါတို့၌ တင့်တယ်သည် ကျွန်တော့်ကို အရက်ဆိုင်သို့ ခေါ်သွားတတ်၏။

ဤအခါ၌ ကျွန်တော်က ဝတ္တရားကျေပွန်စွာ ငွေဥဒေါင်းအတင်းတို့ ပြောရလေသည်။

"ဒီမှာ ကိုတင့်တယ်၊ ငွေဥဒေါင်းကြီးက ခင်ဗျားတို့ကို အလွန်အား သတ်သက် မနာလိုဖြစ်နေတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိသားပဲဗျာ၊ ဒါကြောင့် ကျွန်တော်တို့က သူ့ရှေ့ တမင် သတ်သတ်လုပ်နေတာ၊ သူလို ဝတ္ထုမရေးတတ်တဲ့ ကောင်ကြီးဆီ ဘယ်မိန်းက လေးဘာ ချီးမွမ်းမိတ်ဖွဲ့စာ လာမလဲဗျာ"

"ဟုတ်တာပေါ့ဗျာ၊ ကိုတင့်တယ်က သိပ်လူကြိုက်များတာ၊ ဝတ္ထုတွေ ထလဲ တောင်းတာကိုး၊ ကျွန်တော် နောက်ထပ် ဝမ်းပက်မှာလိုက်ဦးမယ်နော်"

"မှာ. . မှာ"

ငွေဥဒေါင်းကိုကျပြန်တော့လည်း ခြွင်းချက်မရှိ ထောက်ခံရပြန်သည်။

"အလကားကွ၊ အရူးမတွေက ပေးတဲ့စာ အပေါ်တွေက အဟုတ်ကြီး မှတ်လို့"

"အစစ်ပေါ့ဗျ"

"ငါလိုကောင်ဆီများ ဒီစာမျိုးတွေ လာစမ်း၊ ဂရုမစိုက်ဘူးဟေ့. . . မှတ်ထား"

"ဟုတ်တာပေါ့ဗျာ"

သို့သော် ဤမှ နှစ်လမျှအကြာတွင် ထင်ပါသည်။

တစ်နေ့သ၌ ငွေဥဒေါင်းသည် ကျွန်တော့်ကို တိုးတိုးကျိတ်ခေါ်၍-

"ဟေ့. . ဟေ့. . ဒီမှာ သော်တာဆွေ"

"ဘာ. . ဘာလဲဗျ"

"ဟီး. . ဟီး. . ငါ့မှာလဲ အဆက်မ, တစ်ယောက် ရနေပြီကွ"

"ဟင်. . ဟုတ်လား၊ ဘယ်ကလဲ"

"ဗဟန်း. . အုတ်လမ်းကကွ"

"ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ရှိပြီကွ"

"ဘယ်အခြေရောက်နေပလဲ"

"ဒီမှာ သူနဲ့တွေ့ဖို့ ချိန်းတဲ့စာကွ"

"ခင်ဗျားတို့ ဓာတ်ပုံချင်း လဲပြီးပလား"

"မလဲရသေးဘူး"

"ဟာ. . ခင်ဗျားဟာက ဘယ်လိုရုပ်၊ ဘယ်လိုဟာကြီးမှန်းလဲ မသိရဘဲနဲ့"

"သိရပြီဆရာ တော်တော်နိုပ်တယ်"

"ဘယ့်နှယ်လုပ်သိတာလဲ"

"သူက ရုပ်ရှင်မင်းသမီး လက်ထောက်ပဲ၊ သူ့စာထဲမှာ ပြောလိုက်လို့ ငါ သူပါတဲ့ကား သွားကြည့်တယ်ဆရာ၊ တော်တော်ချောတယ်၊ မကြာခင် ခေါင်း ဆောင်မင်းသမီး ဖြစ်မှာပဲ"





"ကဲ. . ကလေးမကို ခင်ဗျားဘက်က သေချာတာတော့ထား၊ ခင်ဗျား ရုပ်ကိုကော. သူက မြင်ဖူးပတဲ့လား"

"မြင်ဖူးပြီတဲ့ ဆရာ၊ သူ. . ဒီဗိုလ်ချုပ်ဈေးမှာ လျှောက်လျှောက်သွား ရင်းနဲ့ ငါ စားပွဲမှာ ထိုင်ထိုင်နေတာကို သေသေချာချာ ကြည့်ပြီးသွားတဲ့"

ရှမဝ (သီတာအေး)ပုံနှိပ်စက် ဗိုလ်ချုပ်ဈေးတွင် ထားစဉ်က အယ်ဒီ တာခန်းရယ်၊ ဘာရယ် သီးသီးသန့်သန့် မရှိ။ မောင့်ကျက်သရေ ခေါင်းပေါင်း ဆိုင်ခန်းတစ်ဖက်ခြမ်း၌ အယ်ဒီတာစားပွဲသည် လမ်းဘေးစင်္ကြံကို မျက်နှာ ပြုလျက် ရှိချေသည်။

"နို့. . ခင်ဗျားတို့ စာချင်းဆက်သွယ်ကြပုံကတော ဘယ်အထိ ခရီး ရောက်ပလဲ"

"သူ့ဆီကစာ ငါ့ဆီရောက် ချက်ချင်းပြန်၊ ငါ့ဆီကစာ သူ့ဆီရောက် ချက်ချင်းပြန်နဲ့ သမီးရည်းစားရယ်လို့ မဖွင့်ဟသော်လည်း ထိကပါး ရိကပါး အချစ်စကားတွေနဲ့ အဓိပ္ပာယ်ကတော့ အတူတူပေါ့ကွ၊ အဲဒါ ငါက စာချင်း ဒီလောက်ခင်မင်နေပြီ။ လူချင်းတွေ့ဖူးရင် သိပ်ကောင်းမှာပဲ ရေးလိုက်တာနဲ့ သူက ချိန်းလိုက်တာကွ"

"ဘယ်တော့လဲ"

"ဒီနေ့ နေ့လယ်နှစ်နာရီလောက်"

"ဘယ်မှာလဲ"

"သူ့အိမ်ကို၊ ဒီမှာ လမ်းနဲ့အိမ်နံပါတ်"

"ဒါဖြင့် ကြွလေဗျာ"

"ခင်းပါ အဖော်လိုက်ခဲ့ပါကွာ၊ ငါတစ်ယောက်တည်း မရဲဘူး"

"အောင်မာ. . ခင်ဗျား ခုနစ်ဒို ရှစ်ဒိုကြီးကများ"

"ဟာ. . ဘယ်လောက်ပဲ အိုဖူးအိုဖူး. . ဒါမျိုးက ဒီဇိတ်မျိုးဝင်လာတဲ့ အခါ [illegible] ဒါ [illegible] ဘာပဲ"

"ဒါဖြင့် လိုက်ရတာပေါ့ဗျာ"

၂

ထိုနေ့ နှစ်ချက်တီးခါနီးအချိန်ဝယ် သတို့သားလောင်းလိုလို မြူ့တက် လာသော ဘောသုံကြီးသားလိုလို ရှိုးစုမဲ့စုပြုပြင်ဝတ်ဆင်ထားသော အသက် သုံးဆယ်ခန့်ကျော် အသားညိုညို မျက်နှာကောက်ကောက် လူလင်ကြီးတစ် ယောက်နှင့် အသက်နှစ်ဆယ်ခန့် အသားဖြူဖြူ ချောချောတစ်ယောက်တည်း ဗဟန်း၊ အုတ်လမ်းတွင် အိမ်နံပါတ်တွေကြည့်ကာ လျှောက်သွားကြသည်ကို သမ္မာန်သအပေါင်း သူတော်ကောင်းတို့ မြင်နိုင်ကြပေလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



လုလင်ကြီးက လူငယ်လူချောအား တီးတိုးသံဖြင့်. . .

"ဟော. . ဒီမှာ. . သော်တာဆွေ"

"ဘာလဲဗျ"

"မင်း ဟိုရောက်တော့ သူတို့အိမ်က လူတွေအရိပ်အခြည်ကြည့်ပြီး လျှင်ပစေကွယ့်နော်"

"ကျုပ်က ဘာများ အလစ်သုတ်ရဦးမှာမို့လဲ၊ ဒါမျိုးဝါသနာမပါပါဘူး"

"ခိုးဖို့ပြောတာ မဟုတ်ပါဘူးကွာ၊ ငါနဲ့ သူမနဲ့ တွေ့တဲ့အခါမှာ. ."

"အမယ်. . 'သူမ'တဲ့. . အဟီ"

"အခုခေတ် လက်ဝဲဆရာ ဒဂုန်တာရာတို့ လင်းယုန်နီတို့ အသုံးပြောရတာကိုးကွယ့်၊ ငါနဲ့ သူမနဲ့တွေ့တဲ့အခါမှာ မင်းနားလည်ထားဖို့က သည့်ပြင် သူတို့အိမ်သားတွေ ဘာတွေ တို့အနား မရှိဘူးဆိုရင် သူနဲ့ငါ တစ်ယောက်ချင်း ချစ်တင်းနှောချင်တာပဲဆိုတာ မင်းသိရမယ်"

"သိပါပြီတဲ့ဗျာ၊ ဒီတော့ ကျုပ်က ဘာလုပ်ရမလဲ"

"ဘာလုပ်ရမလဲ၊ အလိုက်သိစွာ ရှောင်ပေးပေါ့ကွာ"

"ဘယ်သွားရှောင်ရမှာလဲ"

"ညောင်းသလို ညာသလိုနဲ့ အိမ်အောက်ပါဆင်းပြီး ဟိုဟိုဒီဒီ လျှောက်တော့ပေါ့ကွာ"

"အမယ်. . ခွေးကိုက်ခံရအောင်လားဗျာ၊ မလုပ်ပါနဲ့၊ ခင်ဗျားကောင်းဖို့အတွက်နဲ့တော့ ကျုပ်ခွေးကိုက်မခံနိုင်ပါဘူး"

"သူတို့အိမ်က ခွေးမကိုက်တတ်ပါဘူးတဲ့ကွ၊ ဩော်. . သူ့အရင် စာတစ်စောင်ထဲမှာပါတယ်၊ သူတို့ခြံထဲမှာ မာလကာပင်ရှိသတဲ့၊ အဲလုံးကြီးတွေကြီးပြီး သိပ်ချိုတာပဲတဲ့၊ အဲဒါ မင်းက သွားသက်တက်ခူးစားနေပေါ့ကွယ်"

"အေး. . အဲလိုဆို ကောင်းတယ်၊ အဲဒီအခါမှာ ခင်ဗျားကြီးကလဲ အဆွဲအနမ်း အရမ်းအမွှေ့ မြန်ပစေဗျနော်"

"မိကျောင်းမင်း ရေခင်းပြစရာ မလိုပါဘူးကွယ်၊ ငါ ခုနစ်အိုး ရှစ်အိုးကြီးပါ"

မကြာမီ၌ ကျွန်တော်တို့သည် ရှာနေသော အိမ်နံပါတ်ကို တွေ့၍ ခြံပေါက်ဝကို ဝင်လိုက်ကြလေသည်။ သူတို့အိမ်မှာ ခနိမိုး ထရံကာကလေးမျှဖြစ်သော်လည်း ဝင်းနှင့်ခြံနှင့် ကျယ်ကျယ်ဝန်းဝန်း ရှိလေသည်။

ပန်းမန်ဥယျာဉ်ကလေးလည်း သာယာဘိ၏။

ခွေးတစ်ကောင်တလေ၏ ဟောင်သံဟိန်းသံမျှ မကြားရဘဲ အိမ်ရှေ့မျက်နှာစာရောက်သည်တွင် ဆယ့်နှစ်နှစ်ရွယ် သူငယ်မကလေးတစ်ယောက်က

"ဘယ်သူတွေချင်လို့ပါလဲရှင်"





"ခင်နွဲ့ရီ. ."

"ဩော်. . ရှိပါတယ်ရှင်၊ ဘယ်သူကလို့ ပြောလိုက်ရပါမလဲ"

"ဒီနေ့ နာရီပြန်နှစ်ချက် ချိန်းထားတဲ့လူလို့ ပြောလိုက်ပါ"

ကျွန်တော့်မာစတာကြီးက ခပ်ပိုင်ပိုင်ပင် ပြောလိုက်ပါသည်။

သူငယ်မလေးက. . .

"ကောင်းပါပြီရှင်. . ဟောဒီမှာ ထိုင်ကြပါ"ဟုပြောပြီး အတွင်းဘက်ဝင်သွား၍ တစ်ခဏမျှအကြာ၌ ချောမောလှပသော မိန်းမပျိုထွက်လာလေသည်။

ငနဲကြီးက "ဟဲ. . ဟဲ"ဟု ပါးစပ်ကြီးကို ဖြဲကာ ကျောက်စရစ်ခဲနှင့်တူသော သူ၏သွားကြီးများကို ထုတ်ပြသည်။ သို့သော် မိန်းမပျိုမှာ သူ့ကိုမြင်ရသည်၌ ဝမ်းသာသည်ထက် အံ့ဩခြင်းဘက်သို့ ပုံသဏ္ဌာန်ယိုင်နေကြောင်း ကျွန်တော် ရိပ်မိပါသည်။ မည်သို့ပင်ဖြစ်လင့်ကစား ကျွန်တော့်မှာ ရှောင်ပေးရန် တာဝန်ရှိသည်နှင့် မိန်းမပျို ရှက်ကိုးရှက်ကန်းနှင့် ကျွန်တော်တို့အနီး လာထိုင်လျှင်ထိုင်ချင်းပင် ကျွန်တော်က. . .

"ဟင်. . ဘုရားစူးရပါစေရဲ့. . ညောင်းလိုက်တာဗျာ"ဟု မိန်းကလေးယုံအောင် ကျိန်တွယ်ပြောဆိုပြီး အိမ်ပေါ်မှ ဆင်းခဲ့ကာ ခြံဝင်းထဲ၌ မာလကာပင်ကို ရှာပါသည်။ မကြာမီ၌ နောက်ဖေးဘက်ခပ်ယွန်းယွန်းတွင် ဖျော့ဝင်းသော အသီးကြီးတွေ ပဒေသာဆွဲ၍ တွဲရရွဲကျနေသော မာလကာပင်ကြီးပေါ်သို့ ကျွန်တော် ရောက်သွားလေသည်။ အူနီသီးကြီးတွေ ချိုကချိုသနဲ့ဗျ။

ကျွန်တော်သည် တစ်လုံးပြီးတစ်လုံး သွားဖုံးမြုပ်အောင်တုပ်ရင်း "အင်းငါ့ကောင်ကြီးလဲ ဖိမ်တွေ့နေမှာပဲ၊ ကလေးမက ရုပ်ရှင်ထဲလိုက်ဖူးတယ်ဆိုတော့ ဒါမျိုးမြန်တတ်ပါတယ်"

ထိုနောက်၌ ကျွန်တော်သည် စားရရုံနှင့် အားမရဘဲ အပြန်တွင် ခါးပိုက်ထောင်ထဲ နှစ်ဆယ်အစိတ်မျှ ပါသွားအောင် ကောင်းတာချည်း ရွေး၍ ခူးထည့်နေပါသည်။ ဆယ့်ငါးမိနစ်မျှအကြာတွင် မိန်းမပျိုသည် အိမ်နောက်ဖေးဘက်မှ ထွက်လာ၍ မာလကာပင်ပေါ်က ကျွန်တော့်ကို မြင်သည်တွင် အပင်အောက်သို့လျှောက်လာလေရာ သူ့မျက်နှာလည်း မကျေနပ်သည့်ပုံသဏ္ဌာန်ရှိသည်နှင့် ခိုးထုပ်ခိုးထည်နှင့် ကျွန်တော်မှာ မျက်လုံးပြူးရလေသည်။

ကံဆိုးချင်တော့ ဒါမျိုးက ဖြစ်တတ်၏။ ဖောင်းနေသော ခါးပိုက်ထောင်ကို မမြင်အောင် အပင်ခွကြားထိုင်ချလိုက်ခါမှ ပုဆိုးပြေပြီး မာလကာသီးတွေ ဒလဟောထိုးကျလေသည်။

သူက မျက်မှောင်ကုတ်၍ မော်အကြည့်၌ ကျွန်တော် ဘာမှမတတ်နိုင်တော့ပြီ။ မရှက်ချင်ယောင်ဆောင်၍ ပြုံးဖြဲဖြဲကလေးလုပ်တာ. .



www.burmeseclassic.com

www.burmeseclassic.com

"အဟဲ . . ဟဲ . . မာလကာသီးတွေက သိပ်ကောင်းတော့၊ ဒီမှာစားရုံ ဘင်အားမရဘဲ နည်းနည်း . . ယူသွားချင်တာနဲ့"

သို့သော် သူသည် မာလကာသီးကို လုံးဝဂရုထားဟန် မရှိဘဲ . . .

"ရှင်လိုချင်သမျှ မာလကာသီးလဲ ယူသွားပါ၊ အိမ်ပေါ်က ရှင့်မသားကြီးလဲ ရှင်ပြန်ပင့်သွားပါ"

ကျွန်တော် မျက်လုံးပြူးကာ . .

"ဗျာ . . ဘာဖြစ်လို့လဲဗျာ"

"ဒီမှာ ဆင်းခဲ့ပါဦး"

ကျွန်တော် အပင်အောက်ရောက်သည်၌ . . .

"ရှုမဝက အယ်ဒီတာ ငွေဥဒေါင်းဆိုတာ ဒါကြီးပဲလား"

"ဟုတ်ပါတယ်"

"နို့ . . သူနဲ့ စားပွဲချင်းယှဉ်ထိုင်နေတဲ့ အသားဖြူဖြူ လူချောချောက ဘယ်သူလဲ"

"အဲဒါက ကိုကျော့်ညီ ရှုမဝမန်နေဂျာ ကိုကျော်မြပါ"

ဖိတ်စာမှားလေခြင်းနော်။

ကိုကျော်မြမှာ မိန်းကလေးတွေမြင်လျှင် စိတ်ကူးယဉ်ချင်လောက်အောင် အနောက်နိုင်ငံရုပ်ရှင်မင်းသားကဲ့သို့ ခံ့ချောချောသူဖြစ်သည်။

ရှုမဝတိုက်၌ လူချောရွေးလျှင် သော်တာဆွေပြီး သူပဲဟု လူတိုင်းက ပြောကြ၏။ ကျွန်တော် မဝါပါ၊ ကိုကျော်မြ တော်တော်ချောသူ ဖြစ်ပါ၏။

❑

ငွေဥဒေါင်း၏ တကယ့်ရိုးမန်းစ်မှာ ဤအရာမဟုတ်သေးပါ။

ဆရာမြမျိုးလွင်ကတော့ မမသောင်းစကားနှင့်ပြောရသော် . . သူ၏ ကျုကုတ်ကျခဲ ရိုးမန်းစ်သည် (၁၉၄၈-၄၉)ခုနှစ်တွင် ဖြစ်ပေါ်ခဲ့လေသည်။

ကျုကုတ်ကျခဲမှာ (ကျားကုတ်ကျားခဲ) သဲသဲမဲမဲဟု ဆိုလိုပါသည်။

တော်တော် . . တော်တော့်ကို သဲသဲမဲမဲဖြစ်ခဲ့ကြပါ၏။

*အချစ်ဆုံး ကိုကိုငွေ . . .*

*ကိုကိုငွေဟာလေ . . မြကို ဘာလို့ ဒီလောက် အထင်သေးရတာလဲကွယ်၊ ကိုကိုငွေ ရေးတဲ့ စာတွေထဲမှာဆိုရင် 'မြ'က နတ်မိမယ်ကလေးလိုလှပြီး ကိုကိုငွေက အရုပ်ဆိုးတော့ လူချင်းတွေကြတဲ့တစ်နေ့မှာ မုန်းသွားမှာပဲ ထင်ပါတယ် 'မြ' ရယ်ဆိုတာ ခဏခဏပါတယ်။*

*ဒီမှာ ကိုကိုငွေ . . မြဟာလေ . . အိမ်ထောင်ပြုဖို့ ရွေးချယ်*





*တော့မယ်ဆိုကတည်းက အဆင်းနဲ့ အချင်းမှာ အချင်းရှိတဲ့ လူကိုမှ မြတ်နိုးမယ်ဆိုပြီး စာပေနယ်က ကိုကိုငွေ့ကို မြအချစ်ပုံခဲ့တာပေါ့၊ မြဟာ ကိုကိုငွေဆီက ပစ္စည်းမက်လို့လည်းမဟုတ်ဘူး၊ ရုပ်မက်လို့လည်း မဟုတ်ဘူး။ တိုင်းပြည်မှာ ထိပ်တန်းအကျဆုံး မဂ္ဂဇင်းကြီးရဲ့ အယ်ဒီတာဆိုတာကိုပဲ သိရဲ့လား ကိုစိုးရိမ်ကြီးရဲ့ . . . တကယ်ဆိုတော့ ကိုကိုငွေဟာ အရုပ်ဆိုးတာလည်း မဟုတ်ပါဘူး။ ယောကျ်ားပီသတယ်၊ ခံ့ညားတယ်၊ ကျက်သရေရှိတယ်၊ ကိုကိုငွေ့ဓာတ်ပုံ မြင်ရတာနဲ့ သိပါတယ်၊ မြက အဲဒီလူမျိုးကိုမှ လိုချင်တာမောင်ရဲ့။*

*အမှန်က နောက်ဆုံးတစ်နေ့ လူချင်းတွေကြတဲ့အခါမှာ ကိုကိုငွေကသာ ပညာရေးရာ ဘာမှအရည်အချင်းမရှိတဲ့ မြလိုတောသူကလေးကို အထင်သေးပြီး ပစ်ပြေးမှာ စိုးရိမ်ပါတယ်မောင်ရယ် . . အိုးကမပူ စလောင်းကပူဆိုတာလို မောင်ကချည်း ပူမနေစမ်းပါနဲ့။*

*ဒီမှာ ကိုကိုငွေ . . အဇ္ဈတ္တ - ယနေ့မှုစ၍ မြအချစ်ပြယ်မှာ မစိုးရိမ်ပါနဲ့တော့၊ ကိုကိုငွေဟာ ဒီရုပ်မျိုး မဟုတ်တော့ဘဲ မပြောကောင်းမဆိုကောင်း မီးလောင်သွားလို့ပဲဖြစ်ဖြစ်၊ နူရွဲသွားတယ်ပဲဖြစ်ပါစေ . . မြအသည်းထဲ ရောက်နေပြီဟာကို ဘယ်တော့မှ ပြန်မထုတ်တော့ပါဘူးဆိုတာ . .*

*မြ သစ္စာပြု လိုက်ပါတယ်၊ ကဲ . . ကိုကိုငွေကလဲ ကိုကိုငွေဘက်က သစ္စာပြုပါတော့ . . . ကိုကိုငွေရယ် . .*

*ဒါတွေ ပူမနေရအောင် မြကို မောင့်ရင်ထဲပဲ အမြန်သွင်းထားလိုက်ပါတော့လားကွယ်။*

ဤစာကို ဖတ်ရခြင်းအားဖြင့် ငွေဥဒေါင်းကြီးသည် ဤကလေးမ၏ မေတ္တာကို စာဖြင့် မည်မျှချည်ပြီးတုပ်ပြီး ဖြစ်နေကြောင်း သိနိုင်ပေသည်၊

ထို့ပြင် လူချင်းတွေကြသောအခါ၌ သူ၏မျက်နှာကောက် ရုပ်ဆိုးကြီးကို ကလေးမက စိတ်ပျက်သွားမှာ စိုးရိမ်လှ၍ မည်မျှလောက် သယ်သယ်ပိုးပိုး ဆောင်ရွက်ထားကြောင်းလည်း ပေါ်လွင်လှ၏။

ထိုကလေးမနှင့်သူ ဘယ်ကစ ဆက်သွယ်မိကြသည်ကို ပရိသတ်သိချင်ကြပေမည်၊ အခြားမဟုတ်၊ စာရေးဝါသနာပါလှသော စာပေရူးမကလေးသူ့ဆီ အယ်ဒီတာကြီးရယ်လို့ စာမူတွေပို့ရာမှ စတင်ခဲ့ပေသည်။

၎င်းသူငယ်မ၏ ပထမဦးဆုံးစာ၌ပင် "အယ်ဒီတာ အစ်ကိုကြီးရှင့် . . မြဟာ အင်မတန် ဝတ္ထုရေးဝါသနာပါတာ၊ မြကို ဂရုစိုက်ပြင်ပေးပါ . . .


www.burmeseclassic.com

www.burmeseclassic.com

. . မြဟာ အစ်ကိုကြီးရဲ့ လက်ခုပ်ထဲက ရေပါပဲ"ဆိုလာကတည်းက တင့်တယ်နှင့် သန်းဆွေတို့ အားကျနေသော ငွေဥဒေါင်းကြီးက သူ့လိုဘရောက်အောင် တစ်စတစ်စ ဆွဲဆောင်ခဲ့သည်။

သို့နှင့် ဤသူငယ်မမှာ ဂျပန်ခေတ်က ပြောလေ့ပြောထရှိကြသည့် ဘုတာတွင် ရထားလက်မှတ်စောင့်ရာမှ ခရီးတော့ မသွားဖြစ်ဘဲ ကလေးတစ်ယောက်သာရ၍ ပြန်ခဲ့ရသည်ဆိုသော အမျိုးသမီးကဲ့သို့ စာရေးဆရာမတော့ မဖြစ်ရှာဘဲ ငွေဥဒေါင်းကြီး၏ ရည်းစားဘဝသို့ ရောက်ရရှာလေသည်။

သူတို့သည် ခါတ်ပုံချင်းလည်း လဲပြီးကြ၏။ ကလေးမမှာ တော်တော်ချောသည်။ ထို့ပြင် စက်ပိုင်သမီးလည်းဖြစ်နေသောကြောင့် ငွေဥဒေါင်းသည် အပိုင်ထုရန် ဆုံးဖြတ်ချက်ချထား၏။ ဤနေရာ၌ သူ့ကိုအပြစ်ဆိုရန် မရှိပေ။ အဘယ်သူသည် သွားရည်မကျဘဲရှိပါအံ့နည်း။ အောက်ပါစာကိုကြည့်။

*မြအသည်းထဲက ကိုကိုငွေရေ. . .*

*ကိုကိုငွေနဲ့ မြချစ်ခဲ့တာကြတာ ကြာပြီကွယ်. .*

*တွေ့ကြရအောင် မြတို့မြို့ ကိုကိုငွေလာခဲ့ပါတော့၊ မြတို့အိမ်ကို ရှာဖို့မခဲယဉ်းဘူး၊ သီရိမာလာမြဲဆိုရင် တစ်မြို့လုံးလှည်းနေလှေအောင်မြင်းဖောင်းကမကျန် သိတာပဲ၊ မြတို့အိမ်က တိုက်ကြီးပါ၊ ကိုကိုငွေဖို့ အခန်းတစ်ခန်း သီးသန့်ထားပါတယ်၊ မြရဲ့ဖေဖေမေမေက သဘောလဲကောင်းတယ်၊ စာပေလဲ ဝါသနာပါကြလေတော့ ကိုကိုငွေက ရှမဝအယ်ဒီတာကြီးပဲ၊ သူတို့လေးစားခင်မင်ကြမှာပဲ၊ မြနဲ့အိမ်ထောင်ရေးတော့ ဖြည်းဖြည်းကြည့်ပြောပေါ့။ သဘောမတူစရာ အကြောင်းရှိမယ် မထင်ပါဘူး၊ နို့ပြီး မြကိုလဲ သိပ်ချစ် အလိုလိုက်ကြတာ၊ မြဆန္ဒကို ငြင်းမယ်မဟုတ်ဘူး ကိုကိုငွေရဲ့။*

*မြတို့ခြံဝန်းထဲက ဥယျာဉ်ကြီးက သိပ်သာယာတာပဲ၊ ပန်းမျိုးတွေကလည်း စုံတယ်။ ရေပန်းဖောင်တိန်တွေလည်းရှိတယ်။ ပန်းချုံရိပ်တစ်ခုအောက်မှာ ထိုင်ခုံတစ်တန်းစီရှိတယ်။ မြနဲ့ကိုကိုဟာ မနက်ခင်းညနေခင်းမှာ ပန်းခြံထဲလမ်းလျှောက်ပြီး ထိုင်ခုံတွေပေါ်မှာ စကားပြောကြတာပေါ့၊ အိမ်က အစေခံတွေကလည်း မြကိုချစ်ကြတယ်၊ အားလုံးမြဘက်တော်သားချည်းပဲ။ နားလည်ရောပေါ့နော်. . ကိုကိုငွေ။*

*မြတို့ ဘောဂနေဆန်စက်ကြီးက အိမ်နဲ့မိုင်ဝက်လောက်ဝေးတယ်။ အဲသည်တော့ ဒေါက်ကပ်နဲ့ သွားကြတာပေါ့။ မြတို့အိမ်မှာ မြင်းက လေးကောင်၊ ဒေါက်ကပ်က နှစ်စီးရှိတယ်။*





*မြနဲ့ကိုကိုဟာလေ ဒေါက်ကပ်စီး၊ ထီးကလေးဆောင်းသွားရရင် ဘယ်လောက်ပျော်စရာကောင်းမလဲနော်။*

*ကိုကိုနဲ့မြ လက်ထပ်ပြီးတော့ ဘယ်မှာနေချင်သလဲ။ ကိုကိုငွေ့သဘောပဲ၊ မြတို့မြို့မှာပဲ အေးအေးဆေးဆေး စာရေးနေချင်တယ်ဆိုနေ၊ ဒါမှမဟုတ် မြို့ကြီးရန်ကုန်မှာ ကိုယ်ပိုင်မဂ္ဂဇင်းတိုက်လုပ်ချင်တယ်ဆိုလဲ ဖေဖေက ငွေထုတ်ပေးမှာပဲ။*

*ဒါပေမယ့် ကိုကိုမရှိရင် ရှမဝမဂ္ဂဇင်းတိုက်ကလေး ပြုတ်သွားမှာတော့ သနားပါတယ် ကိုကိုငွေရယ်၊ ကိုကျော်တော့ မျက်ရည်ကျရှာမှာပဲ။*

စကားဖြတ်၍ ပြောရဦးမည်။ ဤနေရာ၌ ငနဲကြီး မည်မျှ သူ့ကိုယ်သူ ကြွားထားသည်ကို စာဖတ်သူ ရိပ်မိပေမည်။ သို့သော် သူ့ကို ကဲ့ရဲ့ရန်မဟုတ် ချေဆိုဘိသို့ ကိုယ့်ရည်းစား ကိုယ်မဖြီးသူ အဘယ်မှာရှိအံ့နည်း။

ကဲ. . ကလေးမစာ ဆက်ဖတ်ကြစို့။

*ဟင်း. . . ကိုကိုငွေနဲ့ ဖေဖေ တွေ့ကြရင်တော့ ဖေဖေက ကိုကိုငွေကို သိပ်သဘောကျမှာပဲ၊ ဘာကြောင့်လဲဆို . . .*

*အဲ. . . ကိုကိုငွေ လာမှပဲ ဖေဖေနဲ့ မျက်နှာချင်းဆိုင်ပြီး ဖွင့်ပြောလိုက်တော့မယ်။ ဖေဖေက ဘယ်လောက်များ သူ့သမက်လောင်းကြီးကို သဘောကျလိုက်မလဲလို့လေ။ မြ. . တွေးပြီးဝမ်းသာနေတာပဲ ကိုကိုငွေရယ်။ ကိုကိုငွေ ဘယ်တော့ လာမလဲ၊ ရက်ချိန်းပေးပါကွယ်၊ ရှမဝတိုက်မှာက ကိုကိုငွေမရှိရင်ဘဲ ခဏလေးမှ မဖြစ်တော့ဘူးလား။*

*ဒါလောက်တောင် ဆိုရင်လဲ ကိုကျော်ကိုပြောလိုက်. . "ကိုယ်စွမ်းကိုယ်စ နည်းနည်းမှမရှိဘဲ လူများအားကိုးချည်းနဲ့တော့ ဒီအလုပ် လုပ်မနေနဲ့တော့"လို့။*

*ဟုတ်တယ်. . မြ စိတ်ပေါက်ကရော။ နောက်ဆုံးတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုငွေရယ်. . သူ့စီးပွားရေးထက် ကိုယ်ရေးကိုယ်တာပဲ ဇွတ်အတင်းသာ လာခဲ့ပါတော့။*

*ကိုကိုငွေ. . မြဆီ စာရေးရင် ရှည်ရှည်ရေးပါနော်၊ မြရဲ့ကြည်နူးပျော်ရွှင်မှုဟာ ကိုကိုငွေစာဖတ်ရတာမှာ တည်ရှိတယ်၊ မောင်ရဲ့နော်. . . စာလဲရှည်ရှည်ရေး. . လူလဲ မြန်မြန်ပြန်လာပါ။*

*ကိုကို့ကို ရာသက်ပန်ချစ်မယ့်*
*ဇနီးလောင်းကလေး မြ*


www.burmeseclassic.com

www.burmeseclassic.com

ဘာဘဲသူ. . . ကျွန်တော့်ချစ်ဆွေခင်ဗျား။ ဤစာသဘောကို ကြည့်ရခြင်းဖြင့် သူတို့နှစ်ယောက်၏အခြေအနေကို သိလောက်ပါပြီ။ ကျွန်တော်နောက်ထပ် ဒါမျိုး ရေးမပြုပါရစေနဲ့တော့။ သို့သော် သူတို့စာထဲ၌ ရှမဝတိုက်မှာ သူနေ၍လည်း မဖြစ်ဘူးဆိုတာတော့ ချင့်ချိန်၍ယုံကြပါ။ ယခု သူ ရှမဝတိုက်၌မရှိတော့ပါ။ အစိုးရငွေနှင့် အရင်းတည်ထုတ်သော စာပေဗိမာန် မဂ္ဂဇင်းတိုက်တွင် ရောက်နေပါသည်။ သူ ရှမဝမှထွက်၍ စာပေဗိမာန်ကို လျှောက်လိုက်ပါသည်။ လက်ရှိအလုပ်တိုက်ပိုင်ရှင်က ထောက်ခံစာ ရေးပေးပါဆိုသောအခါ၌ ဦးကျော်က သူ အင်မတန်တော်ကြောင်း ဝမ်းသာအားရနှင့် မဆိုင်းမတွ ရေးပေးလိုက်သည်ကို ထောက်ချင့်ပါတော့။

ကျွန်တော် ဤသို့ရေးသားဖော်ပြရာ၌ ကိုယ့်လူကိုယ် နှိမ်ချလို၍မဟုတ်ပါ။ ရည်းစားကို မုသာဝါဒဖြီးနည်း နောင်လာနောက်သားတို့ မှတ်သားနိုင်ရန် ကိုယ်ကျိုးအနစ်နာခံ၍ ဖွင့်ဟရခြင်းဖြစ်ပါသည်။ ကျွန်တော် ပဒေသာမဂ္ဂဇင်းတွင် အယ်ဒီတာဖြစ်စဉ်ကမှ သူလောက်တယ်တမယ်နည်း။ ကိုယ့်ရည်းစားကိုယ်ကြွားလုံးထုတ်ရာ၌ "မေရေ. . အခု ဝန်ကြီးချုပ်သခင်နုက မောင့်ကို ပဒေသာကထွက်ပြီး ဝန်ကြီးတစ်နေရာ ယူပါယူပါနဲ့ အိမ်လာပြောနေတာ သုံးလေးခါရှိပြီ၊ မောင့်သဘောကလဲ စာပေပြုစုချင်တဲ့ဝိတ်ပဲဖိတယ်၊ ဒါနဲ့ "ဟာ. . သည်အခ်ပါ နောင်ကြီးရယ် ငြင်းတော့. . သူက စိတ်ဆိုးတယ် ဆိုးလဲ မောင်မတတ်နိုင်ဘော့ဘူး၊ လူချင်းတော့ ပြောမနာဆိုမနာ တစ်ယောက်တစ်ယောက်အင်မတန်ခင်ကြပါတယ်"ဟူ၍အထိပင် ရက်ရက်စက်စက် ကြွားပစ်ပါသည်။

စင်စစ် ရည်းစားကိုယ်ဖြီးရသည်မှာ ကလေးပုံပြောရသာနှင့် အတူတူဖြစ်ပါသည်။

အမှန်အားဖြင့် ငွေဥဒေါင်း သူ့ရည်းစားဆီသို့ မသွားနိုင်သည်မှာ နေ့မအလုပ်နှင့် ဘာမျှ မပတ်သက်။ ရှမဝမှာ သူမရှိ၍လည်း ပိုးနုသန်ကောင်ခြေတစ်ချောင်းပြုတ်သွားသည်လောက်မျှ အကြောင်းမထူး။

အကယ်ဆိုသော်ကား သူတိုင်ကျနေ၍သာ ဖြင်၏။

သူသည် လစဉ်ရသောလခနှင့် မလောက်။ တနင်္ဂနွေနေ့တိုင်း ပိုက်ဆံငွေ ကိုရှိသည်။ သူ့ရည်းစားမြို့သည် မန်းပါ။ ရောဝတီမြစ်ကမ်း မန္တလေးအောက်ဆီ၌ ရှိချေသည်။ (တကယ့်အဖြစ်အမှန်ကို အခြေခံထားသည်ဖြစ်၍ မြို့နာမည်မဖော်ပြနိုင်သည့်အတွက် ဝမ်းနည်းပါသည်။)

၎င်းမြို့သို့ ရောက်အောင်သွားရန် စရိတ်အဘုက်တော့ ခယ်ဉ်းခေန်အကြောင်းမရှိ ထားဘိဦး။ သူသွားရမည့်အခြေမှာ သူ့ဌေးသမီး၏ရည်းစားအနေနှင့်ဖြစ်၍ များစွာအဆောင်အယောင်လိုပေသည်။ လပခံ့ထည်သော သား နေသေဘ္ဘာတစ်လုံးနှင့် အတွင်းကလှကုံထံတို့၏ဝတ်ဝင်အပြည့်





ရှူးဖိနပ်အလှစီးတစ်ရန်၊ လိမ္မော်ရောင်တစ်ရန်၊ အခန့်စီး ဆက္ကူနီးလိုဟာမျိုးတစ်ရန်။ ဟော. . နို့ပြီး မြတို့အိမ်မှာ ဒေါက်ကပ်နှစ်စီး၊ မြင်းလေးကောင်ရှိတယ်ဆိုတော့ တစ်ခါတစ်ရံ မြက ဒေါက်ကပ်နှင့်သွား၍ မိမိတအနောက်နိုင်ငံဟီးရိုးလို မြင်းတစ်ကောင် အသားလွတ်စီး၍ အက်စ်တော့လိုက်ရန် မြင်းစီးဘောင်းဘီနှင့် မြင်းစီးဖိနပ်တစ်ရန်၊ ငှက်တောင်စိုက် သက္ကလပ်ဦးထုပ်တစ်လုံး။

ထို့ပြင် တောမြို့သူဌေးအိမ်ဆိုတော့ ဘက်တမင်တန်ကုတ်၊ သို့မဟုတ်တင်းနစ်စ်ဂရောင်း ရှိချိမ့်မည်။ သည်တော့ မိမိကစားရန် စပို့ရှပ်ဘောင်းဘီအနည်းဆုံးနှစ်စုံ၊ ကင်းဘတ်စ်ဖိနပ်ဖြူ အကောင်းစားနှစ်ရန် (စင်စစ်ကား သူ့စိတ်သာကူးရသည်၊ အမှန်မှာ ပိုကာနှင့် ကျည်းသားတောက်ကလွဲ၍ သူဘာမျှမကစားတတ်၊ ကျွန်တော်နှင့်အတူတူပင်)

ငွေဥဒေါင်းသည် မိုးကျောခိုင်းကာ လက်ပေါ်နဖူးတင်၍ ပန်းလျှမိန်းမောလျက်ရှိချေသည်။ ယခု သူ့၌ရှိသည်မှာ အလုပ်သွားဖို့ ချည်လုံချည်တစ်ပတ်နွမ်းနှစ်ထည်၊ ညဝတ်အိပ်သော အစုတ်တစ်ခု၊ ရှပ်အင်္ကျီကုပ်ပြလည်ပင်းဖွာတစ်စုံ၊ ဂျပန်ခေတ်က အချောင်ဝယ်ထားလိုက်သော သက္ကလပ်နက်ပြာအပေါ်ဖုံးအင်္ကျီ ပင်မင်းဆိုင်မှ လေးခါပြန် နှစ်ခါအရောင်ဆိုးတစ်ထည်၊ ဖဲထီးစုတ်တစ်ချောင်း၊ ပိန်းတန်းဖိနပ် သဲကြိုးပြတ်ခါနီးတစ်ရန် ပေါင်း ဒါပဲရှိ၏။ ဩော်. . မေ့နေလို့ စွပ်ကျယ်စုတ် နှစ်ထည်ရှိသေးသည်။

ငွေကြေးအားဖြင့်ဆိုလျှင် လဆန်းပေးရန် ထမင်းတစ်လခအတွက်၊ ဖဲကစားရင်း အချင်းချင်းဆွဲယူထားသော ကြွေးအချို့၊ အပေါင်မရှိ ချေးငွေတစ်ရာမှ လစဉ်ပေးအတိုး ဆယ့်ငါးကျပ်၊ လက်ဖက်ရည်ဖိုး ဆေးလိပ်ဖိုးတောက်တိုမည်ရ ကြွေးနှစ်ဆယ်ခန့်ဖြစ်လေရာ လခထုတ်ပြီးသောအခါတွင် ကြွေးရှင်တွေအားလုံး သူ့ကို မဖမ်းမိသေးသမျှ ကာလအတွင်း၌သာ ငွေစကြွေးစကလေး အိတ်ထဲရှိချေမည်။ စင်စစ် ငွေဥဒေါင်းသည် သူတစ်ထူးကြွေးတိုမပေးဆပ်ချင်သူ မဟုတ်ချေ။ သို့သော် တတ်နိုင်သမျှတော့ ရှောင်တတ်၏။

ယင်းသို့ဖြစ်ရကား ငွေဥဒေါင်း သူ့ရည်းစားထံသွားရန်မှာ ရွှေစင်တစ်စီးတိုက်ဖို့ လှည်းခမရှိသကဲ့သို့ ဖြစ်နေချေ၏။ သို့သော် နောက်ဆုံး၌ကား လိုလျှင်ကြံဆနည်းလမ်းရချေတော့၏။ သူ စိတ်ကူးသည်မှာ ယခုလ လခရလျှင်ရချင်း ကြွေးရှင်တွေကို တစ်ယောက်မျှ အတွေ့မခံဘဲ မန္တလေးသို့လစ်မည်။ မန္တလေးရောက်သောအခါ၌ အညာသား ရဲရင့်ဘဇံထံမှ ငွေကြေးလှည့်၍အဆောင်အယောင်တွေဝယ်မည်။ အညာသားမှာ အူအအဖြစ်၍ မိတကောင်မလေးဆီက စာတွေကိုပြကာ သူဌေးသမက်လောင်းအဖြစ်နှင့် ငါးဆပြန်ဆပ်မည်ပြော၍ ချေးပါက. . ဟင်း. . . ဒီအညာသား ခနိုင်ရိုးလား


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် သူသည် ရှမဝမှ ခွင့်တစ်လယူလေရာ ကိုကျော်က ဝမ်းသာအားရ ပေးရုံမက တတ်နိုင်လျှင် မန္တလေး၌ နေရန်ပင် အကြံပေးလိုက်သေးသည်၊

❑

အင်္ဂလိပ်လ ဆန်းလျှင်ဆန်းချင်း ရန်ကုန်မြို့မှ ငွေဥဒေါင်းပျောက်သွား၍ ကြေးရှင်တွေ ဒေါင်းတောက်နေကြသော်လည်း ငွေဥဒေါင်းမှုကား ရန်ကုန်မန္တလေးသွား မီးရထားပေါ်တွင် အင်မတန်စိတ်ကူးယဉ်လျက်ရှိချေသည်။

မိမိသည် မြင်းစီးဘောင်းဘီနှင့် မြင်းစီးဖိနပ်ကိုစီး၍ ငှက်တောင်စိုက်သက္ကလပ်ဦးထုပ်ကို ဆောင်းထားလိုက်သောအခါ၌ အမေရိကန်ရုပ်ရှင်မင်းသားအဲရိုးဖလင်းနှင့် တစ်ထေရာတည်းတူသည်ဟု အောက်မေ့မိလေသည်။

မြကု ဒေါက်ကပ်ပေါ်မှာ ပိုးထီးလှလှကလေးကို ဆောင်းထား၍ မိမိကနံဘေးမှ မြင်းစီးလိုက်ရသည်မှာ အလွန်တရာ ကြည်နူးဖွယ်ကောင်းလှလေသည်။ ရန်သူများတွေလျှင်လည်း မိမိက တိုက်ခိုက်ရန် အသင့်ပင်ဖြစ်၏။

ညနေခင်း မိမိနှင့်မြ ဝတ်ကောင်းစလှနှင့် ပန်းခြံတွင်း ချစ်တင်းနှောနေကြသောအခါ၌ကား မိမိသည် အလွန်တရာချောမော၍ အင်မတန်အမူအရာကောင်းသော ဇာတ်လိုက်မင်းသားနုကလေးဖြစ်နေပြန်သည်။

ပန်းကလေးတွေခူးကာ မြခေါင်းမှာ ပန်ပေးသည်။ မြက သီချင်းဆိုသောအခါ၌ မိမိသည် မြပေါင်ပေါ်မှာ ခေါင်းအုံးလျက် ရှိသည်။

မြက ဘောင်းဘီရှည် စပို့ရှပ်ဝတ်၍ မိမိနှင့်မျက်နှာချင်းဆိုင်ဘက်တမင်တံရိုက်သောအခါတွင် နံဘေးပရိသတ်လည်း စိတ်ဝင်စားစွာကြည့်လျက်ရှိကြသည်။

နေ့လယ်နေ့ခင်းများ၌ မြသည် မိမိအား ပီယာနိုတီးကာ ကြွနွဲ့လေသည်။ ညဥ့်အချိန် မိမိနှင့်မြ ဖေဖေ လောကီလောကုတ္တရာ စာပေတို့ဆွေးနွေးကြသောအခါ၌ မိမိအား အရွယ်နှင့်မလိုက်အောင် ပညာပြည့်ဝပါပေသည်ဟု ချီးမွမ်းခြင်းကို ခံရပြန်လေသည်။

တစ်ခါတစ်ရံ မြတို့ ဘောဂဓနေ ဆန်စက်ထဲသွားသောအခါ၌လည်း သူဌေးသမက်လောင်း သူဌေးသမက်လောင်းနှင့် စက်အလုပ်သမားတွေက သောင်းသောင်းဖြဖြ ဆီးကြိုခယကြပြန်ကုန်သည်။ မိမိအဖို့ အရာခပ်သိမ်းသည် ကြည်နူးစရာဖြစ်နေ၏။ စင်စစ်သော်ကား ဤအချိန်သည် ရန်ကုန်တွင်ကျန်ခဲ့သော ကြေးရှင်များ သူ့ကို မအေနှမ ကိုင်တုတ်နေကြခိုက် ဖြစ်သတည်း။

ရွှေမန်းသို့ ရောက်ခဲ့လေပြီ။ အညာသား ဘဇံကို အကျိုးအကြောင်းပြောပြလေရာ အညာသားမှာ သွားရည်တောက်တောက်ကျလေ၏။





"နဖူးစာ ရွာလယ်ဆိုတာဟာ တယ်မှန်တာပဲနော်၊ အခု ရွာတောင်ခဟုတ်ဘူး၊ မြို့တက်လည်နေတယ်. . အဟဲဟဲ"

သူသွား သံချေးတက်များကို ဖြဲလေသည်။

"အဲဒါတော့ဟုတ်ပြီ၊ ကျုပ်သွားဖို့ အဆောင်အယောင်တွေလိုနေတယ်"

"ဘာလဲ. . ခင်ဗျား အဆောင်အယောင်တွေက. . "

ငွေဥဒေါင်းက သူ့စိတ်ကူးထဲက လိုချင်သမျှပစ္စည်းတွေကို ပြောပြလေရာ အညာသား မျက်လုံးပြူးကာ. . .

"အမယ်လေး. . အမယ်လေ. . . . ခင်ဗျားဟာ မနည်းပါပဲလား၊ ငွေတစ်ရာမက ကုန်နေမှာပဲ"

"ဘယ်တစ်ရာလဲ၊ တစ်ထောင်မလောက်ဘူး၊ အဲဒါ ခင်ဗျားချေး၊ ကျုပ်တို့လက်ထပ်ပြီးတဲ့ခါမှာ ခင်ဗျားငွေတစ်ထောင်ကို ငါးထောင်ပြန်ဆပ်မယ်"

"အမယ်လေး အားရစရာကြီးပဲဗျာ၊ ဒါပေမယ့်. . "

"ဘာ. . ဒါပေမယ့်လဲ၊ ခင်ဗျားက ကျုပ် မယုံဘူးလား၊ ကျုပ်ငွေ ငါးထောင်လောက်ဟာ ရန်ကုန်က မိတ်ဆွေသူငယ်ချင်းတွေဆီမှာ ပြန့်ကျန်ရစ်ခဲ့တယ်၊ ကောင်မလေးကမှာလို့ ရုတ်တရက်လာခဲ့ရတာ၊ အိတ်ထဲ ငွေကလေးတစ်ရာလောက်ပဲ ပါခဲ့တော့တယ်"

"ယုံပါတယ်ဗျာ၊ ဒါပေမယ့်ဆိုတာက ကျုပ်တို့မှာ ငွေတစ်ထောင်ပြည့်အောင် မပိုမရှိဘူး ပြောတာပါ"

"ဘယ်လောက်ရှိလဲ"

"သုံးရာကျပ်လောက်"

"ဟင်. . ကွာပ့ါဗျာ၊ ဒါဖြင့် ငါးရာပြည့်အောင် နှစ်ရာကျပ်တော့တခြားက ရှာပေးဗျာ၊ ခင်ဗျား. . . ရဲရင့်ဆိုတဲ့ နာမည်ကြီးနဲ့ မန္တလေးမြို့မှာ ဒီလောက်ငွေတော့ ဘယ်ယူယူရတယ်ဆိုတာ ကျုပ် သိပါတယ်"

စင်စစ် ဤအညာသားမှာ အမြှောက်ကြိုက်၏။ သဘောလွယ်၏။ ယုံတတ်၏။ ထို့ကြောင့် သူ မကြာခဏ ချောက်ကျ၏။ ယခု ငွေဥဒေါင်းဆန္ဒကိုကြိုးပမ်း၍ဖြည့်စွမ်းလိုက်လေသည်။

ငွေဥဒေါင်းသည် ဤငွေငါးရာကျပ်နှင့် သူ့စိတ်ကူးယဉ်ပစ္စည်းတွေထဲမှ ရနိုင်သမျှ ဝယ်၏။ အထူးသဖြင့် ရိုးရိုးအဝတ်ထက် ဘောင်းဘီနှင့်ဖိနပ်များကို ဂရုစိုက်ဝယ်၏။ အဲရိုးဖလင်း ဖြစ်ချင်သကိုးဗျ။

သို့နှင့် ငွေဥဒေါင်းမှာ သူ့ရည်း စားထံသွားရန် အကြံမြောက်ခဲ့လေသည်။ ကိုဘဇံမှာ သူ့ငွေငါးရာမှ နှစ်ထောင့်ငါးရာ ပြန်ရနိုးနှင့် သဘောဆိုးအထိလိုက်ပို့ကာ ဆုတောင်းသြဘာပြုလိုက်သေးသည်ဟူ၏။

❑



www.burmeseclassic.com

www.burmeseclassic.com



မန္တလေး-ရန်ကုန် အစုန်သင်္ဘောနှင့် ငွေဥဒေါင်း သူ့ရည်းစားမြို့သို့ ရောက်သောအချိန်မှာ နံနက်ဆယ်နာရီခန့်ဖြစ်လေသည်။ ၎င်းမြို့မှာ သိပ်ပြီး ကြီးကျယ်သော်လည်း အပူပိုင်းဇုံဝယ် စိမ်းညို့သောသစ်ပင်အုပ်စုနှင့် အထက် မြန်မာပြည် ဧရာဝတီမြစ်ကမ်းတွင် လှပသော ဒေသတစ်ခုဖြစ်လေသည်။

ငွေဥဒေါင်း သူ့ပစ္စည်းများကို သင်္ဘောပေါ်မှ ကူလီနှင့်ချ၍ မြင်းလှည်း ပေါ်တင်သောအခါ တစ်စီးပြည့်လုခမန်းပင် ရှိလေသည်။ အကြောင်းမှာ သူ သည် ကျွန်တော်ကဲ့သို့ပင် အင်္ဂလိပ်စာကို ကောင်းစွာတတ်သူမဟုတ်သော် လည်း ဟန်ရေးတိပန်ရေးတိ အယ်ဒီတာကြီးရယ်လို့ ရှိုးပြကောင်းအောင် ဆရာ ကြီးရွှေဥဒေါင်းဆီမှ စာအုပ်သေတ္တာကြီးတစ်လုံး ငှားခဲ့သေး၏။ အထဲ၌ ဘာ စာအုပ်တွေပါသည်တော့ သူ သိမည်မဟုတ်ချေ။

ဤအချိန် သူ့မှာ အင်မတန် ဆိုက်ဂိုက်ဟန်ပန် ကောင်းနေသည်။ မျက်မှန်လည်းတပ်၏။ ဆေးတံလည်းသောက်၏။

ထို့ကြောင့် သူ့မျက်နှာ ပို၍ကောက်နေ၏။

အဝတ်အစားတွေမှာလည်း အားလုံးအသစ်ကျပ်ချွတ်၊ ရန်ကုန်က အနွမ်းထည်များကို စွန့်ပယ်ခဲ့ပြီ။

၎င်းမြို့ မြင်းလှည်းသမားမျက်စိနှင့် သူ့ကိုကြည့်ရသည်မှာ ဧကန္တအရာ ရှိကြီးတစ်ယောက် နယ်ပြောင်းလာတာပဲဟု အောက်မေ့ချေသည်။

ထို့ကြောင့် မြင်းကလေး ကုပ်ချဲ့ကုပ်ချဲ့နှင့် သဲသောင်ထဲမှ တက်ခဲ့၍ တာရိုးလမ်းမပေါ်ရောက်သည်၌ . . .

"မင်းစိုးပိုင်းရပ်ကို မောင်းရမလားခင်ဗျာ"

ငွေဥဒေါင်းသည် ပါးစပ်က ဆေးတံကိုချွတ်၍ . . .

"အိမ်း. . မဟုတ်ဘူးကွ၊ သီရိဂေဟာခြံ"

"ခင်ဗျာ. . သီရိဂေဟာခြံ. ."

မြင်းလှည်းသမားသည် ငွေဥဒေါင်း၏ ခံ့ထည်သိုက်မြိုက်သော ပုံပန်း သဏ္ဍာန်ကိုလည်းကောင်း၊ သူ့အဆောင်အယောင်ပစ္စည်းသေတ္တာကိုလည်း ကောင်း အံ့သြသလို ကြည့်ကာ. . .

"နောင်ကြီးက မမြလေးတို့နဲ့ သိသလား"

ငွေဥဒေါင်း၏ မြနှာမည်မှာ မမြလေးဖြစ်၏။

"အိမ်း. . ."

မဟာဆွေ ဝတ္ထုများထဲက လူကြီးဇာတ်လိုက်သံနှင့် ပြောလိုက်သည်။ မြင်းလှည်းသမားမူ အံ့သြဟန် မပြေပျောက်သေးဘဲ "ဩော်. ."ဟုဆို၍ မြင်း ကို ဇက်ဆောင့်မောင်းနှင်ရာမှ တစ်ဖာလုံလောက် ခရီးရောက်သည်တွင် အမြင်ကိုညွှန်လျက်. . .





"ဟောဒါ. . မမြလေးတို့ ဟိုတုန်းက ဆန်စက်ကြီးပေါ့ခင်ဗျာ"

ငွေဥဒေါင်း ခေါင်းထွက်ကြည့်လိုက်ရာ. . . ခေါင်းတိုင်ဟောင်းကြီးနှင့် ချုံပိတ်ပေါင်းတို့ လွှမ်းမိုးနေသော ခြံကွက်လပ်ကြီးကို မြင်ရလေသည်။

"ဩော်. . ဘယ်တုံးက ပျက်စီးခဲ့တာလဲ"

"စစ်အတွင်း ဂျပန်ခေတ်တုန်းက ဗုံးဒဏ်ပေါ့ခင်ဗျာ"

"နို့. . အခု သူတို့ ဘောဂမနေစက်ကြီးကကော"

မြင်းလှည်းဆရာ ရုတ်တရက်အံ့အားသင့်လေ၍ . . .

"ဘောဂမနေ ဆန်စက်. . ."

ငွေဥဒေါင်းဘက်လှည့်ပြီး မျက်လုံးဖြူ၍ ပြောလိုက်ကာ . .

"ဒါ. . ဘောဂမနေစက်ပေါ့ခင်ဗျာ၊ သူတို့ ဒီစက်တစ်လုံးရှိတာ၊ သူတို့ သီရိဂေဟာအိမ်ကြီးနဲ့ တစ်နေ့တည်း ဗုံးကြခံရတာပေါ့၊ ပျက်စီးရှာတယ်၊ ဖအေ လဲသေပြီ၊ အခုတော့ အင်မတန်ဆင်းဆင်းရဲရဲ. . စိတ်ကလဲ. ."

ငွေဥဒေါင်း ဆက်လက်မအောင့်အည်းနိုင်တော့ဘဲ မြင်းလှည်းသမား လက်ထဲက မြင်းဇက်ကြိုးကိုပင် ဆွဲလိုက်ကာ. . . "ဟေး. . . ရပ်စမ်းပါဦး"

မြင်းလှည်းဆရာလည်း အံ့သြကြီးစွာနှင့်ပင်. . .

"ဘာဖြစ်လို့လဲခင်ဗျာ"

"နေပါဦး. . သူတို့ ဘောဂမနေဆန်စက်ကြီးနဲ့ သီရိဂေဟာအိမ်ကြီးဆို တာ အခုမရှိတော့ဘူးလား"

ဤအချိန်၌ မြင်းလှည်းသည် ရပ်တန့်ပြီးဖြစ်နေလျက်. . .

"ဘယ်ရှိတော့မလဲ ခင်ဗျာ၊ ကြည့်ပ. . အဲဟိုရှေ့က အုတ်တံတိုင်းကျိုး အကာကြီးနဲ့ဟာ သူတို့ သီရိဂေဟာခြံကြီးပေါ့"

သုံးဖာလုံမျှကွာသော်လည်း အကြား၌ ရှင်းလင်းနေ၍ အဝေးတွင် ထင်ရှားစွာ မြင်ရလေသည်။

"အခုတော့ သားအမိနှစ်ယောက်ဟာ အဲဒီအထဲ တဲပုတ်ကလေးကို ထိုးပြီး မရှိဆင်းရဲနေရရှာတယ်၊ မမြလေးက စိတ်ကလဲ မနံ့. ."

ငွေဥဒေါင်းမှာ ဤအထိ မကျေနပ်သေးဘဲ သူ့အိတ်ကပ်ထဲမှ သူ့မြ ဓာတ်ပုံကလေးကို ထုတ်ပြကာ. . .

"နေပါဦး. . ခင်ဗျားပြောနေတာ ဒီဓာတ်ပုံရှင်ဟုတ်ရဲ့လား"

မြင်းလှည်းသမားသည် စိတ်ဝင်စားစွာပင် ကြည့်လျက်. . .

"ဟာ. . ဟုတ်တာပေါ့ဗျာ၊ မမြလေး. . (၁၈)နှစ်သမီးလောက်ကတုန်း ကပုံပဲ၊ ဟိုတုန်းက အဲဒီအတိုင်းပဲ၊ အင်မတန်ချောတာ၊ အခုတော့ အသက် ကလဲ သုံးဆယ်ကျော်၊ စိတ်ကလဲ ရူးကြောင်ကြောင်ဆိုတော့ ပိန်လှီပြီး အခယ် ကြီးအိုလေးလိုပဲ. . .



www.burmeseclassic.com

www.burmeseclassic.com

သူ့ဟာက ဘဝင်မြင့်တဲ့ရောဂါဗျ၊ သူ့ကိုယ်သူ ဟိုတုန်းကလိုပဲ ဘောဂမန ဆန်စက်ပိုင်ရှင်ကြီးရဲ့သမီး၊ သီရိဂေဟာစံအိမ်ကြီးထဲမှာ နေရတာလို့ အောက်မေ့နေတယ်ဗျ၊ အင်မတန် သနားစရာကောင်းတယ်၊ သူ့ရူးပုံကလဲ ကြမ်းကြမ်းတမ်းတမ်း မဟုတ်ဘူးဗျ၊ စိတ်ကူးယဉ်ရူး၊ ဝတ္ထုစာအုပ်တွေဖတ်၊ သူ့ကိုယ်သူ စာရေးဆရာမလုပ်ပြီး ဝတ္ထုတွေရေး၊ စာရေးဆရာ အယ်ဒီတာတွေနဲ့စာပေးစာယူလုပ်ပြီး ကျေနပ်နေတာပဲ၊ ဩော်, သူ့ဖေဖေမျှား ခုနှယ်မြင်ရရင် ဘယ်လောက် ရင်ထုမနာဖြစ်ရှာမလဲ၊ နာမည်က ဦးအေးထင်တဲ့ဗျ၊ အင်မတန် သဘောသဘာဝကောင်းတယ်၊ မြင်းလဲ ဝါသနာပါတယ်၊ ဟိုတုန်းက သူ့အိမ်မှာဆိုရင်လေ သည့်ပြင့်သူဌေးတွေလို မော်တော်ကားမစီးဘူးဗျ၊ ဒေါက်ကပ်မြင်းရထားကြီးတွေ၊ မြင်းချောမြင်းလှကြီးတွေ. . "

ငွေဥဒေါင်း ဆက်လက်နားမထောင်နိုင်တော့ပြီ၊ မြင်းလှည်းပေါ်မှဆင်းတာ မမြလေးရှိရာ သီရိဂေဟာခြံကြီးဆီသို့ ရှေးရှု၍ တွေတွေကြီးရပ်လျက်။

ဤမြေချာသည် မြက ရထားလုံးဒေါက်ကပ်ပေါ်မှာစီးကာ မိမိက မြင်းကြီးတစ်ကောင်စီးကာ ဘောဂမနဆန်စက်ကြီးသို့ သွားရောက်ကြည့်ရှုရန် လမ်းမတာဖြစ်ပါသည်။ သို့သော် သူသည် ယခုအချိန်၌ ပိုးထီးလှလှကလေး ဆောင်းထားသော နတ်မိမယ်အလှ မြကလေးကို အဲရိုးဖလင်းစတိုင်အတိုင်း မြင်းစီးဝတ်စုံနှင့် ငှက်တောင်စိုက်ဦးထုပ်ဆောင်းထားသော မိမိက ချစ်ရည်ရွှန်း၍ ကြည်နူးလာသည့်အသွင် စိတ်ကူးယဉ်နေသည်မဟုတ်။

စာပေရူးမကလေး မမြလေးကို သွားရောက်တွေ့ဆုံရကောင်းဦးမလား။ ဤနေရာမှပင် တပ်ခေါက်ပြန်ရကောင်းမလား။

နို့ပြီး. . ဟို. . အညာသားရဲ့ ငွေငါးရာကျပ်. . .

သူရပ်လျက် ရှိပါသည်။

ကျွန်တော့်ကလောင်လည်း ရပ်လိုက်ပါပြီ။

နောက်လမှ The Return of Silver Peacock ခေါ် . . .

ငွေဥဒေါင်းပြန်လာပြီ ရေးပါဦးမည်။

✿✿✿

## ငွေဥဒေါင်းပြန်လာပြီ

ယခင်လက ရှိမန့်စ်အော့ဖ်ငွေဥဒေါင်း၏အဆက် The Return of Silver Peacock ခေါ် ငွေဥဒေါင်းပြန်လာပြီ။

မှတ်ချက် ။ ။ ကျွန်တော်၏ဇာတ်လိုက်ကြီးငွေဥဒေါင်းကို လူကြိုက်များခဲ့ပါလျှင် အနောက်နိုင်ငံရုပ်ရှင်များ၌ Son of Montechristo, Son of Zorrow တို့ထပ်လာဘိသကဲ့သို့ Son of Silver Peacock ကို ဆက်ရေးဦးမည်ကြံပါသည်။

သို့သော် သူ့မှာ သားမရှိသောကြောင့် Last days of the silver of Peacock ခေါ် ငွေဥဒေါင်း မာလကီးကျောင်းခါနီးနေ့များ ဆိုသော ဝတ္ထုကိုသာ ရေးရပါလိမ့်မည်။ မျှော်ပါ မကြာမီ လာကောင်းလာပါလိမ့်မည်။

### အညာသားလင်မယားစကားပြောခန်း

ငွေဥဒေါင်းအား အဆောင်အယောင်နှင့်တကွ၊ မန္တလေး-ရန်ကုန် အစုန်သင်္ဘောကို တင်ပေးလိုက်ပြီးနောက် ဒုတိယမြောက်နေ့ ညဥ့်အချိန် အညာသား၏ ဝါးကပ်မိုးထရံကာအိမ်ကလေးအတွင်း၌ ဖြစ်သည်။

အကယ်၍သာ အညာသားကတော်၏အခြေအနေ ကောင်းကောင်း မသိရှိပါဘဲလျက် သူတို့လင်မယား ဆွေးနွေးခန်း ဝင်နေကြသည်ကို တစေ့တစောင်း ချောင်းမြောင်းကြည့်ရှုမည်ဆိုလျှင် ဤအညာသားသည် လင်မယားညားတာ ပဲကြာလှပြီ၊ သမီးတစ်ယောက်ပင် အချိန်တန်အရွယ်ရောက်လို့ အတော်ကြီးတောင်နေပြီ၊ ဒါနဲ့တောင် မနေ့တစ်နေ့ကမှ ခိုးလာခဲ့သလို ဒီအညာသား မယားပါးကို နမ်းလား၊ တယ်, အနမ်းဝါသနာပါပါလား၊ အညာသားများ ဒီလိုပဲလားဟု ယိုးမှားဖွယ်ရှိလေသည်။

အကြောင်းမှာ စကားပြောတိုင်းပြောတိုင်း အညာသားနာခေါင်းသည် သူ့မယားပါးကို ဝဲ၍ဝဲ၍ သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ဝဲ၍ သွားရသည့်အကြောင်းမှာ သူ့ဇနီးက ထိုင်းလို့။ နားထိုင်းရသည့် အကြောင်းမှာ (အို. . ဒါတော့ ကျွန်တော် ဘယ်သိမလဲဗျ) သို့သော် သူနားထိုင်းကြောင်းကိုကား ရွှေမန်းတစ်မြို့လုံးသာမက ဆဲခံဆိုခံ အကြိမ်ကြိမ် အဖန်ဖန် ကျွန်တော်၏ကလောင်ကမြင်းမှုကြောင့် တစ်တိုင်းပြည်လုံးဆိုသလို သိနေကြပါပြီ။ (ဒီတော့ မထူးတော့ပါဘူးနော်၊ အစ်မကြီးမမြသွေးရယ်၊ တစ်ဘက်လဲကြက်သွန်၊ နှစ်ဘက်လွန်မှ မှုလကြီသွန်နီဆိုတာလို မောင်လေးက ချစ်လို့ ကျီစားတာ. . ကန်ထဲကဖား ခဲနဲ့ပေါက်ကစားတဲ့ မလိမ်မိုးမလိမ္မာ လူကလေးလိုပဲ သဘောထားချင်ထားလိုက်ပါတော့၊ ကျွန်တော် မနာတတ်ပါဘူး)

ကျွန်တော်တို့၏ချစ်ဆွေကြီးကိုဘဇံမှာ နားထိုင်းသောဇနီးချောကို ရထားသော်လည်း အများအားဖြင့် မြန်မာပြည်ရှိ အခြားနားထိုင်းလင်မယားများနှင့် စကားပြောပုံချင်းမတူချေ။ ဥပမာ . . ကျွန်တော်တို့သိသော ပြည်သူ့အိမ်ထောင်ရေးမာစတာကြီး နားထိုင်းသာခုတို့ လင်မယားမူ၊ ဇနီး မညို. . နှုတ်ချေမှာ လူတို့ဘာဝ ချို့ယွင်းချက်ကလေးများ ရှိရာ၊ ဒါကို အသေးအမွှားကစ ခွင့်လွှတ်ခြင်းမပြုမူဘဲ ဝတ္ထုဖြစ်စဉ်းစားညဏ်နှင့် နေရာတကာ အတင်းကာရော ကတ်တီးကတ်ဖဲ့ သူ့ဝတ္ထုတွေထဲက ဇာတ်ကောင်များအတိုင်း လင်မယားသြဝါဒ ပေးလေ့ရှိသော ကျွန်တော့်နောင်တော် တစ်ယူသန်နဂိုဉာဉ်ဆိုးကိုကြီးသာခုအား စကားပြောတော့မည်ဆိုလျှင် အနားမကပ်ဘဲ အဝေးကနေ အော်လေ့ရှိပါသည်။

အဲ. . ကိုကြီးဘဇံတို့ကျတော့ ဒီလိုမဟုတ်ဘူးခင်ဗျ။ စကားပြောရတော့မည်ဆိုတဲ့ သူ့မျက်နှာမှာ ကလေးမုန့်ဖိုးရသလို ဝင်းပြောင်သွားကာ မယားပါးပေါ် နှာခေါင်းဝဲသွားပြီးမှ နားဝနှုတ်ခမ်းတေ့၍ လေပြည်မှုတ်လေ့ရှိပါ၏။ ဒါကြောင့် ဒါကြောင့် ယိုးမှားစရာရှိတယ်လို့ ကျွန်တော်က ဆိုတာပေါ့ခင်ဗျ။

သို့သော် ဘယ်သူက ဘယ်လိုပဲ ယိုးမှား. . ယိုးမှား. . သူ့အတွက် ကောင်းပုံလည်း ကြည့်ဦးခင်ဗျ။ အဘယ်သူသည် နေရာမရွေး ယောက္ခမရှေ့မှာပဲဖြစ်ဖြစ်၊ ယောက်ဖရှေ့မှာပဲဖြစ်ဖြစ်၊ မယားပါးကို နှာခေါင်းဝဲရန် အခွင့်အရေးရပါသနည်း။ ဟင်း. . ဒါဟာ နိပ်တဲ့အချက်မဟုတ်လား။ ကျွန်တော်တောင် နောက်များ မိန်းမယူရင်လေ. . .

ထို့ကြောင့် ဤနေရာ၌ ကျွန်တော် စဉ်းစား၏။ အကယ်၍ မမြသွေးသည် နဂိုယဉ်အပျိုစင်ဘဝကပင် နားလေးခဲ့ကာ၊ ဒါကို ကိုဘဇံကသိလျက် စွဲမက်ချစ်ခင်ခဲ့သည်ဖြစ်အံ့။ ဤအညာသားမှာ မယားအပေါ် ဂဒီဂဒီး နှာခေါင်းဝဲရန် ဝါသနာ ထုံသည်ဟု (ဆရာဇော်ဂျီအရေးမျိုးဖြင့်) ဆိုသင့်လေသည် (ဝါ) ဆိုရာသည်။





ယခု ညဉ့်အချိန်၌ မမြသွေး၏ပါးမှာ ရွှေဘိုစက်ပိုင်သား ကိုဘဆောင် (မိုးပြာအောက်က အညာသား)လက်ဆောင်ပေးသော ရွှေဘိုသနပ်ခါးနံ့ဖြင့် သင်းပျံ့လျက်ရှိလေသည်။ ဤနေရာ၌ အညာသားအချင်းအချင်းလက်ဆောင်ပေးသည်မှာ ကိုဘဆောင်က စေတနာသန့်သန့်ဖြင့် မဟုတ်ချေ။

ဤ မိုးပြာအောက်က အညာသားသည် မန္တလေးစာရေးဆရာ နှင်းဦးတို့ ကြည်မြတို့နှင့် ပေါင်းသဖြင့် ဂေါ်နေဇာ-ဂေါ်ဇော၊ ဂေါ်နေကျ ဂေါ်သော ဂေါ်မစွန် ဂေါ်ပစ္စလက္ခတ်ထဲကဖြစ်ရာ ရွှေမန်းသူတို့သဘောမှာ (ဒေါ်မာလာ ပြောပြသည်) ဂေါ်ရည်လှသူကို အင်မတန် သဘောကျတတ်သလောက် ဂေါ်ဒေါင့်မကျိုးသူကို အလွန်ပင်မျက်မုန်းကျိုးတတ်လေရာ သူတို့ ရွှေဘောတော် မကျတော့ဘူးဆိုပါက . . .

(၁) ထိုလူ လမ်းသလားသော ရွှေဆိုင်တန်း (ဝါ) ဆန်ဆိုင်တန်း၊ (ဝါ) ဖိနပ်ဆိုင်တန်း၊ (ဝါ) ပိုးထည်ဆိုင်တန်းတို့ ရှေ့၌ ငှက်ပျောခွံ၊ သရက်ခွံ၊ သရော်တုံး စသည်တို့ ပစ်ထားခြင်း၊ (၂) အဆုံးကုန်သောတစ်နေ့၌ ဒေါက်ဖိနပ်နှင့် လိုက်ခုတ်ခြင်းတို့ပြုလေ့ရှိရာ ကိုဘဆောင်မှာ မိမိကိုယ်မိမိ သိသည်နှင့် တစ်လတစ်လမှာ အခါအခါဆိုသလို ကံဆိုးမိုးမှောင်ကျကာ နံပါတ်(၂)ကို ကျောခိုင်းပြေးရပြီဆိုပါက သူတို့ရဲရင့်စာအုပ်ဆိုင်ထဲသို့ ဝင်ရောက်ပြီး နောက်ဖေးပေါက်က ကိုယ်ဖျောက်ခွင့်ရအောင် ဖြစ်ပါသတည်း။

ဒါကို ရိပ်မိသော ကိုဘဇံက ဈေးကိုင်ပါသေးသည်။

"ခင်ဗျားကဗျာ ကျွန်တော့်ဖို့တော့ ဘာမှမပါဘူး၊ မိန်းမဖို့ သနပ်ခါးတုံးချည်းပဲ"

ကိုဘဆောင်မှာ မျက်နှာထားချိုသူဖြစ်၍ နဂိုလေသံအေးဖြင့်. . .

"ဒီသနပ်ခါးတုံးဟာ ခင်ဗျားဖို့ပဲပေါ့ဗျာ"

စကားမဆုံးမီ ကိုဘဇံမှာ နားရှက်သလိုလို သူ့လက်ဝါးနှင့်ကာလိုက်ပြီး. . . "ဟာ. . ကျုပ်က သနပ်ခါးလိမ်းရမှာလား၊ မိန်းမလျာမှမဟုတ်တာ"

ကိုဘဆောင်က ပြုံးလိုက်ကာ လေအေးနှင့်. . .

"ခင်ဗျားကို လိမ်းရမယ်လို့ ပြောတာမဟုတ်ဘူးဗျ၊ သဘောက ဒီလိုပါ၊ ဒီသနပ်ခါး ခင်ဗျား လိမ်းလိုက်တော့ရင်. . တဲ. . . မျက်လုံးချင်းစိုက်ကြည့် ဘယ်ဘူတာဆိုက်သလဲ"

ကိုဘဆောင်မှာ အညာသားပင်ဖြစ်လင့်ကစား ရန်ကုန်သားများနှင့် ပေါင်းဖူး၍ တယ်မခေလှပါချေ။ ဤနေရာ၌ ရိုးရင်းစွဲဝါသနာအိုးရဲရင့်ဘဇံ သဘောပေါက်လေသည်။ သူသည့်ပြင်နေရာ အ,သော်လည်း ဒါမျိုးကျတော့ ဓာတ်ခံကြောင့် တယ်ပြီးနားမဝေးချေ။ သူ၏သွားသံချေးတက် ကြီးကြီးကြန့်ကြီးများကို ဖြလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com

"ဟဲဟဲ. . ဟဲဟဲ. . ဟဲဟဲ. ဟုတ်တယ် ကိုဘဆောင် ဟုတ်တယ်ဗျ. . ဟား. . ဟား. . ဟား"

ဟုတ်ကဲ့ သူသဘောပေါက်ခဲ့ပါသည်။

ကွန်တော်ဝတ္ထုအစတွင် ဖော်ပြခဲ့သော သူတို့လင်မယား ဆွေးနွေးခန်း ဝင်ရောက်လာသည်။ ကိုဘဇံနှင့် ကိုဘဆောင်ကို ကျေးဇူးတင်စွာပင် ဤသနပ်ခါးနံ့ ချည်နှောင်ကာ မမြသွေးပါးပေါ် နှာခေါင်းကျော်၍ နှားဝန္တတ်ခမ်းတော့လျက်. .

"အခုလောက်ရှိ ကိုကြီးမောင်တစ်ယောက် ဟန်ကျပန်ကျ ဖြစ်နေရော ပေါ့၊ ဘယ်တော့လောက် ဆောင်မလဲ"

မမြသွေးသည် မျက်စိကလေးစင်း၍ နှားထောင်နေရာမှ ပေးလံသော အရပ်မှလာသော လေသံဖြင့်. . .

"သူတို့ဟာက ဒါလောက်ပဲ သေချာနေလို့လား"

"ဟ. . သေချာပြီလား၊ တလင်မယားဖြစ်နေပြီပဲ"

"ဘာ. . . တလင်မယား. . ဟီဟီ"

မမြသွေးမှာ ဘယ်သို့သဘောပေါက်သည်မသိ၊ ရယ်သွမ်းသွေးလေရာ ကိုဘဇံ မျက်နှာတွန့်သွားပြီး. . .

"ဒါကို ပြောတာမဟုတ်ဘူး၊ အသွားအပြန် ရေးကြတာချင်းက လင် မယားလောက် ရောက်နေပြီပြောတာ၊ နင့်မလဲ ခက်ရချေရဲ့"

ဤမှ မမြသွေး မျက်နှာပြင်လိုက်ပြီး. . .

"ဩော်. . သိပါဘူး"

"အင်း. . ကိုကြီးမောင်က သူဌေးသမက်ဖြစ်တော့ ကိုယ်တို့အပေါ် အရင်တုန်းကလို မဟုတ်ဘဲ သွေးကြီးမွေးကြီးများ လုပ်နေဦးမလား"

"အမယ်လေး လုပ်ပါစေတော်၊ ကျုပ်တို့ချေးထားတဲ့ ငွေငါးရာကျပ်၊ သူ့စကားအတိုင်း ငါးဆနဲ့ နှစ်ထောင့်ငါးရာကျပ် ပြန်ရ ကျေနပ်ပါပြီ"

"အမယ်. . အခု နှစ်ထောင့်ငါးရာကျပ် မကတော့ဘူးကွ၊ ငါးထောင် ကျပ်ဖြစ်သွားပြီ၊ ဘာကြောင့်လဲဆိုရင် သူ သဘောတက်ခါနီးမှာ ငါတို့က ဒီလို ဂရုတစိုက်လိုက်ပို့တဲ့အတွက် ကျေးဇူးတင်လွန်းလို့ ငွေငါးရာကို ငါးဆမဟုတ် တော့ဘဲ သုညတစ်လုံး တိုးပေးတော့မတဲ့၊ စကားပြောသွားတယ်၊ ဒီတော့ ငါး ရာကျပ်က ငါးထောင်ကျပ်ဖြစ်သွားပြီပေါ့ကွ၊ ဟား. . ဟား. . ဟား မနိပ်လား၊ ထီကလေးပေါက်တာပဲ၊ မင်းတို့သားအမိတွေ သုံးချင်တာသုံးမယ်၊ လိုချင်တာ ငယ်မယ်. . ငါလဲ ကိုဖေမောင်နဲ့ ပေါင်းပြီး ယာဥ်ပျံထန်းရည်လေး ဘာလေး . . ဟီး. . ဟီး. ."

ဤအချိန်၌ သူတို့ချည်းသာမဟုတ်၊ သူတို့သမီးလေး မကျင်ဆွေရှိနေ ခဲ့သေးသည်။





မကျင်ဆွေမှာ တိုင်းချစ်ကျောင်းသား တက္ကသိုလ်ဝင်တန်းသူဖြစ်၍ သူတို့ဆရာ ကိုကြည် (စာရေးဆရာကြည်မြ) အရပ်ကလေးပုကွကွမှ ဘလက် ဘို့တွင် အုတ်နံရံမှာ ဆိတ်ကလေးပတာပ်ရပ်ပြီး အုတ်ကြားမြက်ပေါက်သည် မမှီမကမ်းလှမ်းရေးပေးလိုက်သော ဘားမီးစ်နုတ်ကို ကျက်မှတ်နေရာမှ ပခင် စကားကြားသည်၌ စာအုပ်က မျက်စိခွာလိုက်ကာ ကိုကြီးမောင်ချေးခဲ့က ငါးရာကျပ်မပြည့်၍ မိမိခြေချင်း ပေါင်နှံပေးလိုက်ရသဖြင့် ယခုခါလီမြံ နေသော သူမ၏ခြေချင်းဝတ်ကို ကြည့်ရင်း မိမိ၏ရွှေခြေချင်းကြီး ပြန်ရောက် လာပုံကို စိတ်ထဲ၌ မြင်ယောင်လေသည်။

ဒါတွင်မကသေးဘဲ ရွှေဘယက်၊ ရွှေဇာဘော်လီကြိုး၊ ရွှေပိုက်ဆံ ရွှေမန်းသူတို့၏ဒွါဒယာများကိုလည်း စိတ်ကူး ကြည့်မိ၏။

ဟင်း. . . ဇိမ်ပေါ့။

မိမိသန်းတို့နဲ့ အပြိုင်ကြဲပစ်လိုက်ဦးမယ်။

"အို. . ဦးလေး ကိုကြီးမောင်. . မြန်မြန် ပြန်ခဲ့ပါတော့"

ယင်းသည့်အခိုက်မှာပင် မိန်းမပျိုကလေးတို့၏ ဆန္ဒကို လောကပါလ နတ်များက ဖြည့်စွမ်းတတ်သည် ထင်သည်။

အိမ်ရှေ့မှ ခွေးဟောင်သံကြားရ ပြီး အပြင်မှ တံခါးကို ပုတ်လေ၏။

"ဗျက်. . ဗျက်. . ဗျက်. . ဗျက်ဗျက်. ."

## လူသေလော မသာလော

ကိုဘဇံ ထိုင်ရာမှ ထပြီး. . .

"ဟဲ့. . ကျင်ဆွေ. . မီးအိမ်ယူခဲ့စမ်း၊ အချိန်မတော် ဘယ်သူများ ပါလိမ့်"

မမြသွေး. . .

"အရမ်းဖွင့်မပေးနဲ့ဦးတော့၊ ဓားပြမှန်း မသိ ဘာမှန်းမသိ"

"မသိလို့ ဖွင့်ရတာပေါ့ကွ၊ ဓားပြမှန်း သိရင် ဘယ်သူက ဖွင့်ပေးနေ မလဲ၊ နောက်ဖေးပေါက်က လစ်မှာပေါ့၊ မင်းမှာလဲ အ,ရန်ကော"

အညာသားသည် သူတွက်ကိန်းနှင့်သူ တံခါးကို ဖွင့်လေသည်၊

တံခါးပွင့်သွားသောအခါ၌ အညာသားသည် ခေတ္တမျှနှားပေ၍ ရပ်နေ ပြီးနောက် သူ့မယားဘက်လှည့်ကာ စိတ်ချလက်ချသံနှင့်. . .

"ကဲ. . ဓားပြမဟုတ်ဘူးပေါ့ကွ၊ ဓားပြဆိုရင် တံခါးဖွင့်ဖွင့်လိုက်ခြင်း အတင်းဝင်လာပြီး 'ရှိတာထုတ်' တောင်းတော့မှာပေါ့၊ ခု မဟုတ်လို့သာ မဝင် မလာတာပေါ့၊ ကဲ. . လာကြပါ၊ မကြောက်ပါနဲ့၊ ငါ ဒီလောက် မည်းပါဘူးဘာ ဒါမျိုး နှားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

မကောင်းဆွေတို့ သားအမိနှစ်ယောက်မှာ အပြင်ရောက်မှပင် သူတို့ ကျေးဇူးရှင် ပညာရှိကြီး၏တွက်ကိန်းမှန်ပုံကို ပို၍ချီးမွမ်းရလေသည်။ အကြောင်းမှာအပြင်ကအသံသည် ဓားပြများ မဟုတ်ရုံမက ပင်ပန်းကြီးစွာသော လူနှစ်ယောက်သည် တုံးလုံးပက်လက် တစ်ယောက်ကို ပုခက်ထဲထည့်ကာ ထမ်းပိုးနှင့် သိမ်းထားသည်ကို တွေ့ရ၏။

ကိုဘဇံက အံ့အားသင့်ကာ. . .

"ဟာ. . . အချိန်မတော် ဘယ်ကမသာကြီး ယူလာကြတာလဲဗျ၊ ကျုပ်တို့က လူသေ ညအချိန် ကျိတ်ကျိတ်ဝယ်ပြီး ဓနဆွေမျိုးမသာအဖြစ်နဲ့ ဖဲဝိုင်းထောင်စားတဲ့ လူမဟုတ်ဘူးဗျ၊ ဟိုဆေးရုံက စာရေးကြီးဦးဝင်းဆီယူသွားကြပါ"

ရှေ့ကထမ်းသူ. . . "မသာ မဟုတ်သေးပါဘူးဗျ"

"မဟုတ် ဟုတ်လေ၊ ဦးဝင်းက ဆေးရုံကလူဆိုတော့ နားလည်ပါတယ်၊ ဆေးလဲကုနိုင်တယ်၊ ကုမရလို့ စရိတ်လွတ်ဆေးရုံချ ချပစ်နိုင်တယ်၊ ဒီတော့ မသာဝယ်ပြီး ဖဲဝိုင်းထောင်စားချင်တဲ့ ကလိန်ကျမှုလဲ မဖြစ်ဘူး၊ ဒါကြောင့် ဦးဝင်းဆီ ပို့ခိုင်းတာပါ"

ဤတွင် နောက်က ထမ်းသူက စိတ်တိုလာကာ. . .

"ဟာ. . ရှည်လိုက်ကြတာဗျာ၊ ဒီမှာ ထမ်းနေရတာ လေးလှပြီ၊ ဥစ္စာရှင်က ခင်ဗျားအိမ်ကို ပို့ခိုင်းတာဗျ၊ ခင်ဗျားက မန္တလေးသား ရဲရင့်ဘဇံဆိုတာ မဟုတ်လား"

ကိုဘဇံသည် တွေဝေစဉ်းစားကာ. . .

"အင်း. . ကျုပ်ကတော့ ဟုတ်ပါပြီ၊ နေပါဦး. . ခင်ဗျား အခုပို့ခိုင်းတယ်ဆိုတဲ့လူက ဘယ်သူလဲ"

"ဥစ္စာရှင် ကိုယ်တိုင်ကဗျ၊ ခင်ဗျားနဲ့ အင်မတန်ရင်းနှီးသတဲ့၊ မန္တလေးမှာဆိုရင် သူ့ရဲ့ အားကိုးစရာဟာ ခင်ဗျားပဲတဲ့"

သို့တိုင် ကိုဘဇံက နားမရှင်းသေးဘဲ ခေါင်းကုတ်စဉ်းစားလျက်. .

"နေပါဦး. . အုပ်စာရင် . . ဒီနာမည် ကျုပ်အသိမိတ်ဆွေတွေထဲမှာ မရှိပါဘူး၊ မြန်မာနာမည်တော့ မဟုတ်ဘူး၊ ရှမ်းလား တရုတ်လား"

ယင်းသည်၌ ဟိုလူ သည်းမခံနိုင်တော့ဘဲ. . .

"ဟာ. . တယ်. . အူတဲ့ အ,တဲ့လူပဲ၊ ဥစ္စာရှင် ဆိုတာက လူနာမည်ကို ပြောနေတာ မဟုတ်ဘူးဗျို့၊ ဟောဒီပုခက်ထဲက ကျုပ်တို့ကို ထမ်းပို့ခိုင်းတဲ့လူပြောတာဗျ၊ ကဲ. . နားလည်ပလား"

ပြောပြောဆိုဆိုနှင့် အထမ်းကို ဆောင့်ချလေရာ ပုခက်ထဲက လူသည် သေချင်ပက်ကျိသံနှင့်. . . "အမယ်လေး. . . ဘယ်. . ဘယ်. . ဘယ့်နှယ်လုပ်ကြတာလဲဗျ၊ သေ. . . သေရချေရဲ့"





ဤအသံကို ကြားရသည်၌ကား ကိုဘဇံမျက်လုံးပြူးကာ . . .

"ဟင်. . ကိုကြီးမောင်"ဟု အော်လိုက်ပြီး

ပုခက်ထဲ ငုံ့ကြည့်ကာ. . .

"ဘယ့်နှယ်ဖြစ်လာတာလဲဗျာ၊ ဟာ. . တစ်ကိုယ်လုံးလဲ သွေးရဲရဲ သံရဲရဲဒဏ်ရာတွေ ပွလို့ပါလား၊ ကျုပ်တို့ပေးဖို့ ငါးထောင်ကျပ်ကောပါရဲ့မဟုတ်လား"

ဟိုခမျာ ဘယ်သို့ဖြစ်လာသည်မသိ။ သေလုမြောပါး လူနာကိုပင် သူစိတ်စောနေသော ငွေရေးကို အကြွေးမထားနိုင် မေးလိုက်ရသေးသည်။

ကိုကြီးမောင်က မချိတရိအသံဖြင့်. . . .

"နောက်မှ အေးအေးဆေးဆေး ပြောပါရစေဗျာ၊ ခု အိပ်ရာပေါ် တင်ပြီး ဆရာဝန်ခေါ်ပေးပါ"

ငွေဥဒေါင်းမှာ သူ့ခြေသူ့လက်ကိုမျှ သူဟာသူ မလှုပ်ရှားနိုင်ရှာ။

အားလုံးအကူအညီဖြင့် အိပ်ရာတွင် နေသားတကျရှိသွားသော အခါတွင် ထမ်းလာသူနှစ်ယောက်က. . .

"ကဲ. . . ကျုပ်တို့ပြန်မယ်"

ကိုဘဇံမှာ များစွာအားနာဟန်နှင့် ကိုယ်ကလေးကို ကျို့ကျို့ယို့ကာ "သြော်. . ကောင်းပါပြီခင်ဗျာ ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်"ဟု

ယဉ်ကျေးစွာ ပြောလိုက်၏။ သို့သော် သူနှင့်ပါလာသူက . . .

"ခင်ဗျား ကျေးဇူးတင်ခံချင်လို့ နှုတ်ဆက်နေတာ မဟုတ်ဘူးဗျို့. . ခင်ဗျားဆီက ငွေငါးဆယ်ကျပ် ယူပေးမယ်ဆိုတာ တောင်းနေတာဗျ"

"ဘယ်သူက ယူပေးမယ်ပြောတာလဲ"

"ဟော. . သူကဗျ၊ သူက သူ့ကို ဒီထမ်းပို့တဲ့အခ၊ မယုံ သူ့မေးကြည့်ပါဦး"

ကိုကြီးမောင်ကို လက်ညှိုးထိုးပြသည်၌ . . .

"ဟင်. . ဟုတ်လား ကိုကြီးမောင်"

ကိုကြီးမောင်က မသက်မသာ ခေါင်းညိတ်ပြ၏။

"ဟာ. . ဟိုငါးထောင်လဲရှိသေးတယ်"ဟု ခေတ္တစကားရပ်ထားလိုက်ပြီးမှ "ကဲလေ. . ဆင်ပြောင်ကြီး အမြီးကျမှတော့ တစ်မနေပါဘူး၊ ဒီငါးဆယ်ကိုပါ ဟိုနှုန်းအတိုင်း သုညတစ်လုံး တိုးပေးမယ်လား"

အချက်ထဲ ဖက်ဆွဲ၍ အမိဖမ်းလိုက်သည်ဟု လိမ္မာပါးနပ်ပုံကို မယား အပေါ် ဂုဏ်ယူသော မျက်နှာထားနှင့် တစ်ချက်မျှ လှည့်ကြည့်၍မေးလိုက်ရာ ငွေဥဒေါင်းကလည်း ထပ်မံခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ငါးထောင့်ငါးရာကျပ်ပေါ့နော်"


www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး. . ငါးတောင်ငါးရာတွေ ဘာတွေ လုပ်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ မြန်မြန်သွားပါရစေ"ဟု ထမ်းလာသူက အလောဆော်လိုက်မှ အညာသားသည် မယားပါးပေါ် နှာခေါင်းကျော်သွားပြီး နား,နား နှုတ်ခမ်းတော့၍ နှုတ်မြိန် ရန်ကုန်စာအုပ်တိုက်တွေ ပို့မည့်ထဲမှ ငွေငါးဆယ်ကျပ် ဖဲ့ထုတ်ရန် လေပြည်နှုးလေသည်။

စိတ်ထဲမှလည်း "ဘာလဲကွ. . သုညတစ်လုံး တိုးရတာနဲ့ပဲ ဒီလိုသာ တစ်ခါချေး သုညတစ်လုံး တိုးရနေရင် သူ့ယောက်ျားမပစ္စည်းတွေဟာ ငါ့ဟာ ချည်းပေါ့၊ ဒီတော့ မန္တလေးက ဝါးတန်းသူဌေးလောက်တော့ . . ဟင်. . ငါလဲ တစ်နေ့ သူ့လိုပဲ ဖ. ဆ. ပလ အမတ်ဖြစ်ရဦးမှာပေါ့"

ပိုက်ဆံချမ်းသာတာနဲ့ ဖ. ဆ. ပ. လ အမတ် ဖြစ်သည်ဟု အောက်မေ့နေသော အညာသားကိုတော့ ခွင့်လွှတ်ကြပါ။ သူ့ခမျာ ဘာမျှနားမလည်ရှာပါ။ ယခု သူဌေးသမက်လောင်းဆိုသော ငွေဥဒေါင်းအား သူတောင်းသမျှ အတိုး ခေါင်းညိတ်သည်နှင့် ဆေးဖိုးဝါးခ ဆရာဝန်စရိတ်ကအစ လိုသမျှ ထုတ်ချေးနေသည်ကိုပင် ဆင်ခြင်တော်မူကြပါတော့။

## ငွေဥဒေါင်း၏ဖြစ်စဉ်

ကိုဘဇံတို့မိသားစု သိချင်နေတာ ကြာလှပါပြီ။ သို့သော် ဆရာဝန်နှင့် ကု၍ သုံးရက်ကျော်မှ အောက်ပါအတိုင်း ပြောနိုင်သည်ဟူ၏။

အညာသား. . . "ကဲ. . ပြောပါတော့ဗျာ၊ ကိုကြီးမောင်. . "

ကိုကြီးမောင်သည် အတိုင်းအဆနှင့်ပြောရသော ခြေသလုံးလောက်ရှိသော သူ့အသံကြီးနှင့်. .

"ကွန်မြူနစ်ကြောင့်ပေါ့ဗျာ. . ကွန်မြူနစ်. . "

အညာသား မျက်လုံးကိုဖြဲကာ. .

"ဗျာ. . သောင်းကျန်းသူ ကွန်မြူနစ်တွေလား"

"အင်. . ဟုတ်တယ်ဆိုပါတော့. . "

"သူတို့နဲ့က ဘယ်မှာတွေ့ကြတာလဲ"

"ကျွန်တော့် ကောင်မလေးနေတဲ့ အိမ်က သဘော်ဆိပ်နဲ့ တော်တော် ဝေးဝေး သွားရသေးတာကိုးဗျ"

"ဘာနဲ့သွားရတာလဲ"

"မြင်းလှည်းနဲ့. . အဲ. . လမ်းတစ်ဝက်ကျော်မှာ သောင်းကျန်းသူလူတစ်စုထွက်လာပြီး ကျွန်တော့်ကိုနှိပ်စက်ကြတာပဲဗျာ"

"အို. . ဘာလို့ ဒီလောက်နှိပ်စက်ကြတာတဲ့လဲ၊ ပစ္စည်းယူသွားရုံနဲ့ မပြီးကြဘူးတဲ့လား"





"မပြီးဘူးတဲ့ဗျာ. . ကျွန်တော့်အဝတ်အစား ပစ္စည်းပစ္စယတွေကြည့်ပြီး ကျွန်တော့်ကို အရင်းရှင်ပေါက်စဆိုလား. . ပက်ဒီးဘူးဇွာဆိုလား. . "

အညာသားကဖြတ်၍ . . .

"ဖက်တီးဘူဇွာဗျ၊ ခင်ဗျားကို ဝလို့ ပြောကြတာ၊ အင်း. . ဒါနဲ့. . သူတို့. . . "

"ဒီဘူဇွာမျိုး မသေရုံ ထားရမယ်ဆိုပြီး အမျိုးမျိုးဝိုင်းအုပ်ကြတာပဲဗျာ၊ အုပ်လို့အားရတော့မှ ကျွန်တော့်ပစ္စည်းတွေယူပြီးသွားကြတယ်၊ ကျွန်တော် ကွင်းပြတ်ထဲ တစ်ယောက်တည်း လဲကျန်ခဲ့တာ၊ ဟိုညက လိုက်ပို့ကြတဲ့ အရပ်သားနှစ်ယောက်နဲ့တွေ့မှ သူတို့ ငွေငါးဆယ်ကျပ်နဲ့ ထမ်းပို့ခိုင်းရတာဗျ"

"ဟာ. . ဒါဖြင့်. . ခင်ဗျား. . ခင်ဗျားကောင်မလေးအိမ် မရောက်ခဲ့ဘူးလား"

"ဘယ်ရောက်ခဲ့မှာလဲ"

"ဟင်. . ဒီလိုဆို. ခင်ဗျား သူဌေးသားမက်ဖြစ်ဖို့က. . "

အညာသားမှာ သူ့ငွေရင်းများနှင့် သုညတစ်လုံးတိုးအတွက် စိုးရိမ်ကြီးစွာမေးရာ ငွေဥဒေါင်းက အကဲခတ်မိသည်နှင့်. . .

"အို. . ဒါအတွက် မစိုးရိမ်ပါနဲ့ဗျာ၊ ဒီအကြောင်း ကောင်မလေးဆီ ပေါက်ကြားသွားပြီး ကျွန်တော့်ကို ကရုဏာတွေပိုပြီး သူကိုယ်တိုင် ဟော့ဒီ ခင်ဗျားအိမ်ကို လိုက်လာမှာဗျ သိရဲ့လား၊ ကျွန်တော်က ဟိုလူနှစ်ယောက်ကို အကျိုးအကြောင်း ပြောလိုက်ပြီးသားဗျ"

အညာသား မျက်နှာဝင်းပြောင်လာကာ. . .

"ဟာ. . ဒီလိုဆို ဇိမ်ပေါ့. . . "ဟုဆိုပြီး . . "အမယ်. . ဒါဖြင့် ခင်ဗျား ကောင်မလေး ရောက်လာတဲ့အခါမှာ ဒီဒဏ်ရာတွေ ရှိနေတုန်း ပိုကောင်းမယ်၊ ဒီတော့ ကျွန်တော်က ဆရာဝန်ကို ဆွဲကုခိုင်းလိုက်မယ်နော်"

ငွေဥဒေါင်း အသက်ရှူကျပ်ကာ. . .

"ဟာ. . ဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ နာတယ်ဗျ"

ဤနေရာ၌ ယခင်လက သူ့အကြောင်း ဖတ်လက်စ ရှိနေသော မိတ်ဆွေမှာ စိတ်ထဲ ဇဝေဇဝါဖြစ်နေပါလိမ့်မည်။ သူ့ကောင်မလေးမှာ စစ်မဖြစ်ခင်က စက်ပိုင်သူဌေးသမီး ဟုတ်ခဲ့ပါ၏။ သို့သော် ဂျပန်ခေတ်က ဘောဂနေဆန်စက်ကြီးရော၊ သိရိဂေဟာ အိမ်ကြီးပါ ဗုံးကျပျက်စီး၊ ဖခင်လည်းသေ၍ ယခုအခြေ၌ ကလေးမမှာ အလွန်ဆင်းရဲ ဘိုင်ကျလျက် ဥစ္စာပျက်၊ စာရှုမကလေးဖြစ်နေကြောင်း ခဖော်ပြခဲ့သည်။ ကဲ. . လွန်ခဲ့သောလက ဝတ္ထုအဆုံးသတ်ကို ပြန်ကောက်မှ ဖြစ်ချေမည်။

❑



www.burmeseclassic.com

www.burmeseclassic.com



ငွေဥဒေါင်း ဆက်လက်နားမထောင်နိုင်တော့ပြီ။ မြင်းလှည်းပေါ်မှ ဆင်းကာ မမြလေးရှိရာ သီရိဂေဟာခြံကြီးသို့ ရှေးရှု၍ တွေတွေကြီးရပ်လျက်။ ဤခြေလှမ်းသည် မြက ရထားလုံးဒေါက်ကပ်ပေါ်မှာစီးကာ မိမိက မြင်းကြီးတစ်ကောင်စီးကာ ဘောဂနေဆန်စက်ကြီးသို့ သွားရောက်ကြည့်ရှုရန် လမ်းမတာဖြစ်ပါသည်။ သို့သော် သူသည် ယခုအချိန်၌ ပိုးထိုးလှလှကလေး ဆောင်းထားသော နတ်မိမယ်အလှ မြကလေးကို အဲရိုးဖလင်းစတိုင်အတိုင်း မြင်းစီးဝတ်စုံနှင့် ငှက်တောင်စိုက်ဦးထုပ်ဆောင်းထားသော မိမိက ချစ်ရည်ရွှန်း၍ ကြည်နူးလာသည့်အသွင် စိတ်ကူးယဉ်နေသည် မဟုတ်။

စာပေရှူးမကလေး မမြလေးအား သွားရောက်တွေ့ဆုံရကောင်းဦးမလား။ ဤနေရာမှ တပ်ခေါက်ပြန်ရကောင်းမလား။ နို့ပြီး ဟိုအညာသားရဲ့ ငွေငါးရာကျပ်။ သူ ရပ်လျက်ရှိပါသည်။ ဤကဲ့သို့ အဆုံးသတ်ခဲ့ပါသည်။

အဆုံးရဲ့အစဆိုတာ အဲဒါပေါ့ခင်ဗျ။ ယခု အဲဒါကစပြီး ဆက်ရတော့မည်။ စင်စစ် သူသည် အနီလိုခွေးအိုကြီး တော်သလင်းလက အကိုက်ခံခဲ့ရသည်များကို ပြန်သတိရနေသကဲ့သို့ တွေတွေကြီးရပ်နေရုံနှင့်မပြီး၊ တစ်ခုခုကို ဆုံးဖြတ်ချက်ချရပေမည်။

မိမိကိုယ်ကိုမိမိ ပြန်စိစစ်လိုက်သော် အရှူးမကလေး၏ ရှုးကြောင်ခြင်းကို ရောယောင်လိုက်မိသဖြင့် မိမိမှာ လူကောင်းမဟုတ်တော့ပြီ။ လူပေါဘဝရောက်နေပြီ။ "ဟင်. . "သူ့ကိုယ်သူ ဟိုဘက်ဒီဘက် ငုံ့ကြည့်လျက် "ငါဟာ လူပေါကြီးပါတကား၊ အလိုလေး. . လူပေါဆိုသည်မှာ ဤကဲ့သို့ ပုံသဏ္ဌာန်ရှိပါကလား။ ယခုနှယ်များ ကင်မရာရှိလျှင် မိမိကိုယ်မိမိ ဓာတ်ပုံရိုက်ပြီး အောက်က လူပေါအစစ်ဟု စာတန်းထိုးလိုက်ရလျှင် ဘယ်သူငြင်းနိုင်အံ့နည်း။

ငါ့နာ မည်ပင်လျှင် ကြီးမောင်မှလည်းကောင်း၊ ငွေဥဒေါင်းမှ လည်းကောင်း ပြောင်းလဲပြီး ပေါပေါကြီးဟု ခေါ်သင့်ပြီ။

"အိုး. ပေါပေါကြီး. . ပေါပေါကြီး. . ငါဟာ ပေါပေါကြီး"

ကဲ. . သည်တော့ ဒီပေါချာချာစတိုင်ကြီးနဲ့ ဤအတိုင်း အရှူးမကလေးအိမ်သွားလို့တော့ ဘယ်နည်းနှင့်မှ မဖြစ်။ အရှူးနဲ့အပေါရောတော့ ကျင်ကြီးကျုံငယ်နှောသလိုသာ ဖြစ်ချေတော့မည်။ သူ ဆုံးဖြတ်ချက်ချလိုက်ကာ မြင်းလှည်းသမားဘက်လှည့်ပြီး. . .

"ကဲဟေ့. . သူငယ်၊ ငါ မမြလေးတို့အိမ် မသွားတော့ဘူးကွယ်"

လူငယ် အံ့အားသင့်ကာ. . .

"ဘာကြောင့်လဲဗျာ"

"ဘာကြောင့်လဲဆို. . ငါက စစ်မဖြစ်မီကတည်းက နိုင်ငံခြားရောက်နေတာ၊ သူတို့ ဒီလိုပျက်စီးသွားတယ်ဆိုတာ ငါမသိဘူး၊ ဒီတော့ အခုအတိုင်း





ငါသွားမယ်ဆိုရင် ငါ့ကို နေရာထိုင်ခင်းပြင်ပေးရမှာနဲ့ ကျွေးမွေးပြုစုရမှာနဲ့ ဒုက္ခပေးသလို ဖြစ်နေတော့မယ်၊ ဒါကြောင့် တခြားမှာတည်းပြီးတော့မှပဲ သူတို့ကို တွေ့တော့မယ်"

"ဟုတ်တယ်. . အဲဒါလဲ ကောင်းပါတယ်ဗျာ"

ငွေဥဒေါင်းမှာ စစ်အတွင်းက နိုင်ငံခြားသွားသည့်ဟန် ရုတ်တရက် ဉာဏ်ရ၍ပြောလိုက်မိသည်။ သူ့ကိုယ်သူ ချီးမွမ်းမိလေသည်။

ထို့ကြောင့် ဤလိုနှင့်ဆက်ကာ . . .

"ကဲ. . ဒီတော့ မင်းတို့မြို့မှာ ငါ တည်းခိုဖို့ အဆင်ပြေမယ့် ဟိုတယ်တစ်ခုကို ပို့ပေးကွာ"

စင်စစ် ဒီမြို့ကလေးမျိုးမှာ ဟိုတယ်မရှိကြောင်း သူ သိပါ၏၊ သို့သော် ယနေ့အဖို့ ပြန်ရန်လည်းမရှိ။ အခြားအသိအိမ်လည်း မရှိသဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်း ကျောင်းရမည် သိပါလျက် လေကျယ်လိုက်ခြင်းဖြစ်သည်။

လူငယ်က. . "ဟာ. . ကျွန်တော်တို့မြို့က ဟိုတယ်ဆိုတာ ဘယ်ရှိမလဲဗျာ"

"တောက်. . မြန်မာပြည်က အဲဒါ စိတ်ပျက်စရာကောင်းတာပဲ"

အရှိန်နှင့်ဆက်၍ ကြိတ်လိုက်ရာ လူငယ်က. . .

"ခင်ဗျား တည်းဖို့ ဟိုတယ် မရှိတော့ပေမယ့် မြန်မာပြည်ကို စိတ်မပျက်ပါနဲ့ဗျာ၊ ကျွန်တော်တို့တိုင်းပြည်မှာရှိတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေက စတုဒိသာ လေးမျက်နှာကလာတဲ့ ခရီးသည်တွေတည်းဖို့ ဌာနတွေပါပဲ၊ လူမျိုးမရွေး ဘာသာမရွေး အာဟာရကိုပါ အလကားကျွေးပါတယ်"

ပေါပေါကြီး အကြီးအကျယ် ရှက်သွားလေသည်။

စင်စစ် သူသည် ဘုန်းကြီးလူထွက်။ ဘုန်းကြီးကျောင်းအကြောင်း မသိဘဲ နေပါ့မလား။ တောမြို့က ဂါလိဝါးလားကလေး၏ နှိပ်လိုက်ခြင်းကိုခံရ၍ ယနေ့အဖို့ သူ့ကိုယ်သူ ကံဆိုးသည်ဟု အောက်မေ့မိလေသည်။ ဆိုးသည့်ဆိုးသည်. . . အမှန်ဆိုးသည်။ ယခုမှာ ကံဆိုးခြင်း၏အစမျှသာရှိသေး၏။

❑

"ကွန်မြူနစ်နှိမ်နှင်းရေးပါတီ မြန်မာပြည်"

အထက်ပါ စာတန်းကြီးကို ယခု ကျွန်တော်တို့ဇာတ်လိုက် ပေါပေါကြီးရောက်နေသောမြို့ မြစ်ကမ်းဘေး ဓမ္မာရုံဇရပ်ကြီးတွင် အခိုင်အခံ့ဆွဲထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အသင်းကြီး၏ဥက္ကဋ္ဌမှာ ရင်းတို့မြို့၌ ဦးအောင်သားဖြစ်၍ အတွင်းရေးမှူးမှာ ဦးခေငြိမ်ပင်တည်း။ အမှုဆောင်ရှစ်ယောက်မှာ ဖြူသီး၊ တုတ်ကြီး၊ မဲဇာ၊ ငမြဲ၊ တော့ဘက်အိုး၊ ကျောက်ကြီး၊ ငမှန်မကန်းနှင့် မြေတော်ထိပ်ပုတို့ဖြစ်၏။ သူတို့ သူငယ်ချင်းများမဟုတ်။ ကာလသားနယ်၌ ထူးချွန်သောသူများတည်း။

ယနေ့ည (၈)နာရီတွင် သုံးလပတ်အစည်းအဝေးရှိရာ အမှုဆောင်အားလုံးနှင့်တကွ အသင်းဝင် ကျားမအစုံ တက်ရောက်ကြသည်။

ယခင်လက ဟိုဒင်းဒီဒင်းများကို ပြန်လည်စစ်ဆေးမှာကြားရန်။

အသင်းသားဘသင်းက အသင်းသားကြက်ကို အသင်းဝင်မဟုတ်သူ အောင်တင်၏ထောင်ချောက်၌ ညွှတ်ကွင်းထောင် စားပစ်လိုက်သည့်ကိစ္စ။

သီပေါမင်းပါတော်မူနေ့ကို ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် ပြဇာတ်ကရန်။

မနှစ်က ပြဇာတ်တွင် သောက်သောက်လဲ ရှုံးခဲ့သည်မှာ ဘာကြောင့်နည်း၊ သည်နှစ်ရန်ပုံငွေ ဘယ်လိုရှာမည်နည်း။

အထွေထွေနှစ်ချုပ်ရှိသည့်အနက် နံပါတ်နှစ်တွင် ဘကြားကြက်ကို အလျော်ပေးစေ၊ နောက်နောင်တွင် ကိုယ့်အသင်းဝင် ကြက် ဟုတ်,မဟုတ် သေသေချာချာ စိစစ်ပြီးမှ ထောင်ဖမ်းစားသောက်ရမည်။

(သုံး. . )ပြဇာတ်က,ရန်ကိုမူ လူရွှင်တော်ဦးစုတ်ချွန်းက အဆိုတင်သွင်း၍ ဖိုးကချင်အမဲခြောက်က ထောက်ခံကာ ကန့်ကွက်သူမရှိ အေးအေးကလေးပြီးသွား၏။ သို့သော် ဒီနှစ်ရန်ပုံငွေနည်း၍ အသင်းသားများ ကပြ,ခ ညတွက်ကို တစ်ဝက်ယူရန်ကိစ္စ၌ကား အချို့က မ,ကနိုင်တော့ဟု ငြင်းကြ၏။

(လေး. . )တွင်မူ လူကြီးတစ်ယောက်က . . .

"မနှစ်က ပြဇာတ်မှာ သောက်သောက်လဲငွေတွေ ရှုံးတယ်ဆိုတာက ဘာအထူးစဉ်းစားစရာ လိုတော့သလဲ၊ သောက်သောက်လဲရှုံးတာဟာ သောက်သောက်လဲကြလို့သာပေါ့"ဟု ဆိုသည်၌ စိတ်ဆတ်သောလူငယ်တစ်ယောက်က. . "ခင်ဗျားကြီး ဒီလိုမစွပ်စွဲနဲ့၊ ကျုပ်တို့သောက်တာက ကျုပ်တို့ က,ခရတာထဲက ကိုယ့်ဟာနဲ့ကိုယ်သောက်တာဗျ၊ ဒီပြဇာတ်ရှုံးတာနဲ့ ကျုပ်တို့သောက်တာနဲ့ဟာ ဘာမှမဆိုင်ဘူး"

"ဒါ. . ဟုတ်တယ်. . ဟုတ်တယ်"

အများလူထုက ထောက်ခံကြလေသည်။ ဤအချိန်၌ လူတစ်ယောက်သည် သုတ်သီးသုတ်ပျာနှင့် ယခုမှရောက်လာပြီး လူအားလုံး၏အသံကို လွှမ်းမိုးအောင် ကျယ်လောင်စွာ ဟစ်အော်လေသည်။

"ခင်ဗျားတို့. . ခင်ဗျားတို့အားလုံး ခဏငြိမ်ကြစမ်းပါ၊ ဒီကိုယ့်အချင်းချင်း အတွင်းရေးကိစ္စကို ဆိုင်းငံ့လိုက်ပါဦး၊ အခု ကျုပ်တို့ကွန်မြူနစ်နှိမ်နင်း





ရေးပါတီ မြန်မာပြည်ဆိုတဲ့ အသင်းနာမည်အတိုင်း ဆောင်ရွက်စရာပေါ်လာပြီ"

ရုတ်တရက် လူအားလုံးတို့၏ နားရွက်နှင့် မျက်စိတို့သည် သူ့ဘက်သို့ လှည့်ကြလေသည်။

"ဘယ်လိုလဲ"

"ဘယ်မှာလဲ"

"အခု လုပ်ရမှာ မဟုတ်လား"

တစ်ယောက်တစ်ပေါက်. . .

"ဟုတ်ပါတယ်၊ အခုပါပဲ၊ ကျုပ် ဒီသတင်းရခဲ့တာက မြင်းလှည်းသမားငပြားဆီကပါ၊ ဒီနေ့မှ ဒီမြို့ကိုရောက်လာတဲ့ လူတစ်ယောက်၊ မျက်နှာကောက်ကောက်၊ မျောက်နှာခေါင်းလိုလို၊ ကြောင်အိုမျက်ကွင်းမျိုးနဲ့တဲ့၊ မေးရိုးရှည်ပြီး စကားပြောတဲ့အသံကလဲ ခွေးသူခိုးထမင်းရည်လျက်သလို ဆတ်တောက်ဆတ်တောက်နဲ့တဲ့"

"အင်း. . ပုံသဏ္ဌာန်ကတော့ ထူးခြားတာပဲ"

တစ်ယောက်က ထောက်လိုက်ရာ. . .

"ဟုတ်ပါတယ်၊ ဒါထက် ထူးခြားတာက သူ့မှာ ပစ္စည်းသေတ္တာတွေ အများကြီးပါလာပြီး ဒီမြို့မှာတည်းဖို့ ဟိုတယ်မေးသတဲ့"

"အမယ်. . အမယ်. . သူက"

အသံတစ်သံ။

ဒီတော့ ငပြားက. . .

"ကျွန်တော်တို့ မြို့ကလေးမှာ ဘယ်ဟိုတယ်ဆိုတာ ရှိမလဲဗျာ ဆိုတော့ 'တောက်. . မြန်မာပြည်က အဲဒါ စိတ်ပျက်စရာကောင်းတာပဲ'လို့ ညည်းသတဲ့"

"ဟင်. . ဧကန္တ ဒီကောင် မြန်မာမဟုတ်ဘူးထင်တယ်"

တစ်ယောက်က ဆိုရာ. . .

"အဲဒါတော့ အသေအချာမသိရသေးဘူး၊ သူ စစ်အတွင်းက မြန်မာပြည်မှာမရှိဘူး၊ စစ်ပြီးမှ ရောက်လာတာလို့တော့ ပြောသတဲ့"

"ဟား. . ဧကန္တ. . ဧကန္တ သူ ရုရှားကလာတာဖြစ်ရမယ်၊ အခု ဘယ်မှာလဲ"

"ငပြားက ဦးသောပိတကျောင်းကို ပို့ပစ်ခဲ့သတဲ့"

"ကဲ. . ထကြ၊ မြန်မာ့မြေဆီ ရဲဇာနည်တို့ အရေးတော်ပုံပေါ်လာပြီ၊ ဒုန်းရိုက်လို့ချီ"

❑



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်၌ ကျွန်တော်တို့ဇာတ်လိုက် ပေါပေါကြီးသည် နံနက်က ဆွမ်းဘုန်းတို့ ဘုန်းကြီးကျောင်းသားကလေးတွေနှင့်အတူ ညစာစားပြီးကာ၊ ဦးသောပိတာခြေရင်း၌ ဝပ်စင်း၍ စကားစမြည်ပြောလျက်ရှိလေသည်။

သူသည် ရဟန်းဘောင်သို့ ရောက်ခဲ့ဖူးသည်ဖြစ်၍ သံဃာတော်များနှင့် လိုက်လျောညီထွေဆက်ဆံနိုင်ပေသည်။

"အမယ်. . ဘုန်းဘုရားနှယ်. . ဒီမိုကရေစီ လူထုဆန္ဒဆိုတဲ့ စကားက ခုခေတ်မှ တပည့်တော်တို့ နားမျက်စိထဲရောက်လာတာလို့ သူတို့က အောက်မေ့နေကြတယ်၊ အမှန်က ဘယ်ဟုတ်လိမ့်မလဲ၊ အရှင်ဘုရား စဉ်းစားကြည့်ပါ၊ ဝေသန္တရာမင်းကြီး ဆင်ဖြူတော်ရောင်းပစ်လို့. . ."

"ဟဲဟဲ. . လှူပစ်တာပါ ဒကာရဲ့"

"အား. . အား. . သည်းခံပါ၊ ဘုရားတပည့်တော်က ရဟန်းဘောင်က လူထွက်တာ ကြာသွားလို့ပါ၊ မှန်ပါ လှူပစ်လိုက်လို့ ပြည်နှင်ဒဏ်ခံရတာဟာ လူထုရဲ့ဆန္ဒ မဟုတ်လားဘုရား၊ နို့ပြီး လူတိုင်း ဘဝတူဖြစ်ရမယ်ဆိုတဲ့ သူတို့ ကွန်မြူနစ်ဝါဒကို တပည့်တော်တို့ မြတ်စွာဘုရားတရားတော်က ဘာတွေဖြစ်ဖြစ် ငြူစူမည်းတောင် မခွဲခြားဘဲ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်လေးပါး အစုအစည်းချည်းပဲလို့ ဟောတော်မူခဲ့တယ် မဟုတ်လားဘုရား ဒီတော့. ."

ယင်းသည့်အခိုက်၌ ကျောင်းပေါ်သို့ လူတစ်စု ရှုန်းရှုန်းရှုန်းရှုန်းနှင့် တက်လာသဖြင့် ဘုန်းကြီးအံ့အားသင့်ကာ. . .

"ဟဲ့. . ဟဲ့. . ဘာကိစ္စလဲ ဒကာတို့ လူစုများလှချေလား၊ အလို. . . သံတုတ်ကြီးတို့ သံလက်သီးတို့ပါလား"

အသံတစ်သံ. . "ကိုယ်တော့်ကျောင်းမှာ တပည့်တော်တို့ မသင်္ကာတဲ့ သူရှိနေတယ် ဘုရား"

"ဘာမသင်္ကာတာလဲ၊ သူခိုးလား ဓားပြလား"

"သူခိုး ဓားပြထက် ဆိုးတော့မပေါ့ဘုရား၊ ရုရှားပြည်က လာတဲ့ သူလျှို ဘုရား"

ဘုန်းကြီးထိတ်လန့်ကာ. . .

"ဟေ. . ငါ့ကျောင်းမှာ ဒီဧည့်သည်တစ်ယောက်ပဲ ရှိပါလားကွာ"

"အဲ. . သူပဲဘုရား"

လူစုမှာ ငွေဥဒေါင်းပတ်လည်သို့ ဝိုင်းအုံလှည့်လေရာ ဘုန်းဘုရား မျက်လုံးပြူး၍ . . .

"ဟဲ့ဟဲ့. . စဉ်းစဉ်းစားစားလုပ်ကြပါ၊ သူနဲ့ငါ ပြောနေကြတာဖြင့် ဗုဒ္ဓဘာသာတရားစကားတွေပါပဲ".





"ဒီလူမျိုးက ဒီလို ဟန်ဆောင်တတ်တာပေါ့ဘုရား၊ တပည့်တော်တို့ အရမ်းမလုပ်ပါဘူး၊ သူ့ကို စစ်ဆေးကြည့်ပါဦးမယ်၊ ပထမ သူ့ပစ္စည်းတွေကို ဖွင့်ကြည့်ချင်တယ်"

ခဏအတွင်း၌ ငွေဥဒေါင်း၏သေတ္တာသော့များ ပေးအပ်လိုက်ရကာ၊ လူမှာမူ လူထုအလယ်၌ ချုပ်ပြီးသားဖြစ်နေ၏။ အားလုံး၏မျက်စိတို့မှာ သူ့အား အစိမ်းလိုက်ဝါးစားကြတော့မည့်နှယ်။ ငွေဥဒေါင်းမှာ ဘာပြောရမှန်းမသိ၊ ယောက္ခမမိသော မျောက်မ,ထားသကဲ့သို့ မျက်လုံးကြောင်တောင်နှင့်၊

သူ့သေတ္တာများကို ဖွင့်ကြည့်ရာ၌ ပထမ အဝတ်အထည်တွေ. .

"အမယ် အကောင်းစားတွေပါလား"

ဒုတိယ တင်းနစ်ရိုက်ရန် ဘောင်းဘီဖြူနှစ်ထည်။ စပို့ရှပ် အောက်က မြင်းစီးဘောင်းဘီ ခြေသလုံးကျပ်နှင့် ကောင်းဘွိုင်ရှပ်၊ ငှက်မွေးစိုက်ဦးထုပ်၊

"ဟား. . ဒါ ရုရှားအဝတ်အစားတွေပဲ"

"ဟင်. . ဒါဖြင့် ရုရှားကြီး မျက်နှာဆေးသုတ်ပြီး ရုပ်ဖျက်လာတာပေါ့"

"ခွပ်. . ခွပ်. . အွတ်. . အင့်. ."

ရုပ်ရှင်ဇာတ်လိုက် အမေရိကန်လူမျိုး အဲရိုးဖလင်း ဖြစ်ချင်ခဲ့သော ငွေဥဒေါင်းမှာ ခုတ်ရာတလွဲ ရှရာတခြား၊ ရုရှားသူလျှိုဟု စွပ်စွဲခံရကာ အသင်းသားများ၏ဈေးဦးပေါက် လက်သံပြောင်လိုက်ခြင်းဖြင့်. . .

"အောင်မယ် လေးလေး. . ဗျ"

"အမယ်. . မြန်မာလိုအော်တယ်"

"ဘယ်လိုအော်အော်. . အော်ဟယ်"

"ဟဲ့ဟဲ့. . နေကြပါဦး. . သူပြောတာလဲ မြန်မာစကားပါပဲ၊ ဒီအဝတ်အစားတွေ့တာနဲ့ အရမ်းမလုပ်ကြပါနဲ့ဦး၊ ဟုတ်,မဟုတ် စစ်ဆေးမေးမြန်းကြပါဦး"

ငွေဥဒေါင်းမျက်နှာမှာ သွေးများယိုစီးကျလာ၍ ဦးသောပိတက ကြားဝင်တောင်းပန်သည်၊ သို့သော် မရနိုင်တော့ပြီ။ သူ့ကြမ္မာ သူဖန်တီးခဲ့သော ငွေဥဒေါင်း၊ ကိုယ်နဲ့မဆိုင်တဲ့ မမီတဲ့နေရာတွေပါ ဝင်ကြွားချင်တဲ့ ကျွန်တော့်နောင်တော်ကြီး (သနားလဲ သနားပါရဲ့. . အဟိ) အကြောင်းမှာ သေတ္တာတွေ ဖွင့်ရှာနေတဲ့ လူထဲမှ. . .

"ဘာမှ စစ်ဆေးမေးမြန်းနေစရာ မလိုတော့ဘူး. . . အရှင်ဘုရားရေ့ ဟောဒီမှာ ကွန်မြူနစ်စာအုပ်တွေဘုရား၊ သေတ္တာကြီးတစ်လုံး"

ဤနေရာ၌ စာဖတ်သူချစ်ဆွေသည် လွန်ခဲ့သောလက ဝတ္ထုထဲတွင် ငွေဥဒေါင်းမှာ အယ်ဒီတာကြီးရယ်လို့ ရှိုးပြကောင်းအောင် ဆရာကြီးငွေဥဒေါင်းထံမှ စာအုပ်သေတ္တာကြီးတစ်လုံး ငှားခဲ့လေသည်။

www.burmeseclassic.com



အထဲ၌ ဘာစာအုပ်တွေ ပါသည်တော့ သူမသိဟု ဖော်ပြခဲ့သည်ကို မှတ်မိပါလိမ့်မည်။

ယခု အတယ်ပါခဲ့သော စာအုပ်များကား. . .

**Marxism** Karl Marx. Historical and Dialectical Materism, **By Marx** and Engels. Man's Worldly Goods. Great Conspiracy. **Volga** To Ganga. By Rahula, What is Marxism. By Emile Burns. **Foundation** of Leninism. Origin of Family. By Engels. Political Economy. Leontiev.

စသော စာအုပ်များဖြစ်ကုန်၏။ ဤစာအုပ်များမှာ မန္တလေးဦးလှနှင့် ဒေါ်အမာတို့က ဆရာကြီးအား ကွန်မြူနစ်ဝါဒသဘောတရားကို လေ့လာသုံးသပ်ရန် ပေးဖတ်သော စာအုပ်များတည်း။

ဟော. . ယခု ကျွန်တော့်နောင်တော်ကြီးငွေဥဒေါင်းမှာတော့ ဒီစာအုပ်တွေ တစ်ခါမျှ လက်ဖျားနှင့်မတို့ခဲ့ဖူးပါလျက် ရုရှားကလွှတ်လိုက်သော သူလျှိုကြီးဟု စွပ်စွဲခြင်းကိုပင်ခံရကာ အသင်းသားများက ဝိုင်းဆော်ပလော်တော်တီးကြလေပြီ။

"အွတ်. . အင့်. . "

"အမယ်လေးဗျ"

"သံလက်သီးဟေ့. . "

"အောင်မယ်လေးဗျ"

"သံတုတ်ကွ"

"အမယ်လေး. . လေး"

"ဂေါက်သီးကွယ့်နော်၊ ချောတ်သီးလောက်ကြီးတဲ့ လက်သီး"

"တုတ်ကြီးဟေ့"

"အွတ်. . အွတ်. . အင်း. . "

"ကျောက်အိုးလက်သီးတစ်ချက် မြည်းပါစေဦး"

နောက်ပိုင်း၌ကား ငွေဥဒေါင်းအသံ မကြားရတော့ပြီ။ ဝိုင်းအုပ်ကြသူတွေသာ သူတို့နာမည် သူတို့ဖော်၊ အလုအယက်နှံ့ကြလေတော့၏။

ယခုအချိန်၌ အသင်းသား ရိုးရိုးထဲကဆို၍ တစ်ယောက်မျှ မမြည်းရသေးသော အမှုဆောင်များပင် လက်မဝေသေး၍. . .

"ဟဲ့. . တိုမဲဇာတို့ ကိုတုတ်ကြီးတို့ မျှမျှတတ လုပ်ကြပါဗျ၊ နောက်ဒီအသင်းသားတွေလဲ ရှိသေးတယ်၊ အသက်မထွက်ပါစေနဲ့ဦး"

"ဟုတ်တယ်ဗျာ၊ အသင်းကြီး ဝင်ထားရပြီးမှ ကြုံရတုန်း ကြုံရခိုက်မှာ တချပ်တို့ပါ မျှမျှတတ နှိမ်နင်းပါရစေ"





"ကျွန်မတို့ အမျိုးသမီးတွေအတွက်ကောတော်" လို့ . . .

အမျိုးသမီးအဖွဲ့ဝင်များက လာချေသေး၏။

"ဒါပဲနော် ကျွန်မတို့အလှည့်ကျတော့ ရှင်တို့ ယောကျ်ားတွေ ရှောင်ပေးရမယ်၊ ကျွန်မတို့က ကျွန်မတို့အမျိုးသမီး အနုနည်းနဲ့နှိမ်နင်းချင်တယ်"

"ကဲကဲ. . ဟုတ်တယ်၊ လာလာ. ကျောင်းရှေ့ကွင်းပြင်ထဲ ထုတ်ခဲ့ကြ၊ ဘုန်းကြီးကျောင်းမှာဆိုတော့လဲ မသင့်လျော်ဘူး"

ဤတွင် တုံးလုံးလဲနေသော ငွေဥဒေါင်းကို ခွေးသေကောင် လင်းတဆွဲသလို ခြေနှစ်ချောင်းကိုင်၍ ကျောင်းလှေကားမှ တရွတ်တိုက်ဆွဲချကြလေသည်။ လက်သီးချက်များနှင့်မေ့ပြီး အိပ်ပျော်သလို ငြိမ်ရှိနေသော ငွေဥဒေါင်းမှာ လှေကားထစ်များနှင့် ဦးခေါင်းတဒုန်းဒုန်းဆောင့်မိသဖြင့် ပြန်သတိရကာ ပြင်းစွာသော ဝေဒနာကို ခံစားရပြန်လေသည်။

ကျောင်းရှေ့ကွင်းပြင်ထဲသို့ ရောက်လေပြီ။

လက်ဆွဲမီးအိမ်ကိုင် တစ်ယောက်သောသူက . . .

"ဟေ့. . တကယ့် ရုရှားအစစ်ရဲ့ ရုပ်ကို မြင်ဖူးကြရအောင်၊ သူ့မျက်နှာက အသားညိုအောင် ဆိုးထားတဲ့ ဆေးတွေဖျက်ကြည့်ကြရအောင်ကွာ"

"အေး. . ဟုတ်တယ်၊ ရုရှားဆိုတာ ဖြူစပ်စပ် နီတွတ်တွတ်ရယ် ပြောတယ်ကွ"

"ကဲ. . မင်းတို့ ဘာနဲ့ဖျက်မလဲ"

"ဟို. . ကာကာဆိုင်မှာ ရေနွေးသွားယူမယ်လေ"

"ဒါမှမဟုတ် ဟောဒီသဲနဲ့ ပွတ်ဖျက်"

"အမယ်လေး. . ဖျက်မနေပါနဲ့ကွာ၊ ရုမှာမဟုတ်ပါဘူး၊ ရုရှားဆေးတဂျာမနီဆေးထက် ကောင်းမှာပေါ့၊ ဘာကြောင့်လဲဆို စတာလင်က ဟစ်တလာကို နိုင်ထားတာပဲ"

"စကားပြောနေလိုက်ကြတာ အချိန်မရှိပါဘူးကွာ၊ ဝိုင်းအုပ်မှသာ အုပ်ကြစမ်းပါ၊ ဟိုမှာ အမျိုးသမီးတွေကလဲ စောင့်နေကြတယ်"

"ဟုတ်တယ်ရှင့်. . အလှည့်ပေးကြပါဦး၊ ကျွန်မတို့ အကြောင်းပြလိုက်ရအောင်၊ ဟင်း. . မျက်နှာကြီးကတော့ ခွက်ကောက်ကောက်နဲ့ လူကောင်ကြီးကလဲ ထွားပါဘိ"

ဤသို့စကားပြောချိန်၌ အအုပ်ရပ်နေသဖြင့် . . .

"ချမ်းသာပေးတော်မူကြပါခင်ဗျာ၊ ကျွန်တော် လူကောင်းသူတော်ပါ"

"အမယ်. . မြန်မာလိုတောင် တော်တော် ရေရေလည်လည်ပြောနိုင်နေပါလား၊ လူဝါးဝတဲ့အကောင် ဆော်ကြလကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အုံး. . အင်း. . ဘုံးဘင်း. . အွတ်အွတ်. . ခွပ်ခွပ်"

ငွေဥဒေါင်း သေငယ်ဇောသို့ မြောသွားရှာလေပြီ။ အမှန်ကိုဆိုသော် သူသည် ဤမိနစ်ပိုင်းအတွင်းမှာပင် အသက်ထွက်ဖို့ရှိ၏။ သို့သော် ကံကြမ္မာ စီမံသော်ဖြောင်းလာပုံကား ဦးအောင်သားသည် အသင်းသားများအား အအုပ် ရုပ်ကြနှုန် လက်တား၍ . . .

"တစ်ဆိတ်. . တစ်ဆိတ် အားလုံးနားထောင်ပါ၊ ဒီလို ဗုဒ္ဓသာသနာ တော်ဖျက်ဆီးရအောင်လာတဲ့ မိစ္ဆာဒိဋ္ဌိကို သုတ်သင်ခြင်းဟာ ကျုပ် ခုမှ စိတ် ဝင်စားမိတယ်၊ ဒါဟာ ပထမအကြိမ်မှ မဟုတ်ဘဲ၊ တောင်ငူခေတ်က ပေါ်တူ ဂီလူမျိုး မိစ္ဆာဒိဋ္ဌိဇင်ကာကို အနောက်ဘက်လွန်မင်းကြီးက သုတ်သင်ခဲ့တယ်၊ မင်းတရားကြီးသုတ်သင်ပုံက တစ်ယောက်တစ်ချက်နဲ့ လက်အသနခံပြီး ဝိုင်း အုပ်ကြတာ မဟုတ်ဘူး၊ အာဏာပါးကွက်သား လက်ထဲအပ်လိုက်ပြီး သံတံ ကျင်လျှိုသတ်စေတယ်၊ ဒီတော့ ကျုပ်ကလဲ မင်းတရားကြီးလမ်းစဉ်ကို လိုက်ရ ပါလိမ့်မယ်"

တစ်ယောက်က. .

"နေဦး ဥက္ကဋ္ဌကြီးခင်ဗျား၊ သံတံကျင်လျှိုသတ်တယ် ဆိုတာ ဘယ်လို ပါလဲ"

"ရာဇဝတ်ကောင်ကို ကားစင်တင်ပြီး ချွန်မြတဲ့တံစို့နဲ့ စအိုကနေပြီး ပါးစပ်ထွက်အောင် ထိုးခြင်းပဲ"

"ဟာ. . ဒီလိုဆို နိပ်တယ်ဗျို့. . . သိပ်ကြည့်ကောင်းမှာပဲ"

အခြားတစ်ယောက်က. .

"ကြည့်ကောင်းမှာတော့ သေချာပါရဲ့၊ ဒါပေမယ့် အသေမြန်မယ်ဗျာ"

ဥက္ကဋ္ဌ. . "အမယ်. . မထင်နဲ့၊ ဒီဗရစ်တိုတုန်းက တစ်နေ့နဲ့တစ်ည အသက်မထွက်ဘူးတဲ့"

"ဟင်. . တယ်အသက်ပြင်းပါလား"

"ပြင်းဆို. . တစ်ကမ္ဘာမှ တစ်ခါလောက် လူ့ဘဝမှာဆိုးတဲ့ အကုသိုလ် ကောင်တွေဟာ ဒီလိုဘဲ အသက်ထွက်ဖို့သေခဲတာမျိုးပဲ"

"အေး. . ဟုတ်တယ်၊ ဟော့ဒီကောင်ကျတော့ ဒီဗရစ်တို စံချိန်ပဲချိုး မလား၊ ကြည့်ကြစမ်းပါတော့. . ကဲ. . ဥက္ကဋ္ဌကြီး ဘယ်တော့စီမံမလဲ"

"ဒီကိစ္စက. . ကားစင်ဆောက်ရဦးမယ်၊ သံတံစို့ ပန်းပဲ မှာရဦးမှာနဲ့ နက်ဖြန်မှ လုပ်မယ်ကွာ"

"ကောင်းပါပြီ ဥက္ကဋ္ဌကြီး၊ သံတံစို့သာလုပ်ပါ"

❑





ယခုအခြေ၌ ဆရာငွေဥဒေါင်းမှာ အသေဆိုးနှင့် မာလကီးတွောင်းဖို့ သာရှိတော့သည်။

ထိုည သူ့ကို တံကျင်လျှိုသတ်ရန် ဆုံးဖြတ်ချက်ချပြီးသောအခါ၌ နောက်ထပ် လက်သနခံ၍ နှိပ်စက်ခြင်းမပြုကြတော့ဘဲ လယ်ကွင်းထဲမှာပင် အစောင့်နှစ်ယောက် ချထားသည်။ အရပ်ထဲသို့ ပြန်မသွင်းခြင်းမှာ မြို့ကျက် သရေယုတ်သွားမည်စိုးသောကြောင့် ဖြစ်၏။

ဤအချိန်တွင် ဆရာငွေဥဒေါင်းမှာ ဒဏ်ရာဒဏ်ချက်တွေ ပြည့်နှက် နေရသည့်အထဲ ကြိုးများဖြင့် တုပ်နှောင်ထားသဖြင့် ဘယ်ကဲ့သို့ခံစားနေရ မည်ကို မိတ်ဆွေ စဉ်းစားကြည့်နိုင်ပါသည်။ သို့ရှိဆဲမှာလည်း နက်ဖြန် တံကျင် လျှိုသတ်မည်ကိုတွေး၍ တင်ပါးဆုံအကြားမှ ယားယံလာခြင်းက ဖြည့်စွက်နေ ပြန်သည်။

ထို့ပြင် သူသည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၍ နောင် တမလွန်ဘဝအတွက် သောကရောက်ရပြန်၏။ ရောက်ရမပေ့။ သူ ယခု လူ့ဘဝမှာ အချိန်ဖြုန်းနေတာ အနှစ်သုံးဒါဇင်ကျော်ခဲ့ပြီ။ လူတို့ထုံးစံအတိုင်း တစ်နေ့ပြုမယ် တစ်နေ့ပြုမယ်နဲ့ စင်စစ်တော့ ဘာကောင်းမှုမှ မည်မည်ရရ မရှိသေး။

ဘုန်းကြီးလူထွက်ဆိုရသော်လည်း တစ်ဖက်သားအားကျမခံ ပဋ္ဌင်း ဒကာဖြစ်လိုသူက ဟို. . ရွှေနာရီဝယ်ပေးပါ့မည်၊ ပိုးသင်္ကန်းဝတ်ရပါမယ်နှင့် မြှောက်ပေး၍ သာသနာ့ရိပ်မြုံကို ပစ္စည်းအလို့ငှာ ဝင်ရောက်ခဲ့ခြင်းဖြစ်လေ သောကြောင့် ကုသိုလ်မရ ငရဲကျဖို့က များနေပြန်သည်။ သူ့ကိုယ်သူ သေခါ နီးတော့ ဆင်ခြင်မိ၏။

ထို့ပြင် ဖော်ပြခဲ့သော ကြွေးများကို ပြန်မပေးရသေးခြင်း (အညာသား လင်မယားက တမလွန်တရားခုံရုံးတွင် လျှောက်လိမ့်မည်။ နေရာတကာ လူကြီး လူငယ်မရွေး မုသာဝါဒဖြင့် ကြွားဝါခဲ့ခြင်းတို့ဖြင့်သာ မိမိဘဝမှာ ပြည့်နှက် နေ၏)

မုသာဝါဒကိစ္စနှင့်ပတ်သက်၍ကား သူနှင့်ကျွန်တော် ယမမင်းထံ အတူ ရောက်မည်ဆိုပါလျှင် ကျွန်တော်က ရှေ့နေလိုက်ပေးချင်ပါသည်။ အကြောင်း မှာ ကျွန်တော် သူ့စိတ်ရင်းကို သိ၏။ သူ မုသာဝါဒသုံးသည်တို့မှာ ဘယ်သူ့ ကိုမှ နစ်နာစေလို၍ မဟုတ်။ စကားပြောချိန်ကလေးအတွင်း၌ နားထောင်သူ များ မိမိစကားကို စိတ်ဝင်စားရန် အလို့ငှာသာ နောက်မှ ပေါ်ချင်ပေါ်တော့ တစ်ပွဲတိုးအတွက် အခြေအနေအရ ကြံဖန်လိမ်လည်ကာ ရုတ်တရက် ထွင် လုံးများထုတ်ခြင်း ဖြစ်၏။

ဥပမာ. . (နိုး. . ဥပမာ မဟုတ်ဘူး)၊ နမူနာ ဖော်ပြပါအံ့။



www.burmeseclassic.com

www.burmeseclassic.com

တစ်ညသ၌ ကျွန်တော့်မိတ်ဆွေ ကွန်မြူနစ်တစ်ယောက် အိမ်တွင် လူဆုံမိကြ၍ စာပေသမားဖြစ်သည်နှင့်အညီ စာပေနယ်က လူများအကြောင်း ပြောကြရာ၌ သူသည် လူတစ်ယောက်၏စကားအဆုံးတွင် ပါးစပ်က ဆေးတံကြီးကို ချွတ်လိုက်ပြီး . . .

"ဟင်း. . ဟင်း"

သူ စကားပြောတော့မည်ဆိုလျှင် "ဟင်း. . ဟင်း"ဟု ပဏာမခံတတ်သည်။ ဤအသံထွက်လာလျှင် လူများက သူ့ဆန္ဒကိုသိ၍ သူ့ဘက်လှည့်ကြည့်ရသည်။

စင်စစ် သူ့ "ဟင်းဟင်း"မှာ မုသာဝါဒတစ်ခုခုကို နွားမောင်းသလို မောင်းထုတ်လာခြင်း ဖြစ်သည်။

"မောင်ရင်တို့ တက်တိုးအကြောင်း သိပြီးကြပလား"

"ဘာလဲဗျ"

"မော်တော်ကားတစ်ပတ်နွမ်းကြီး ဝယ်ပြီးတော့ နေ့မှာသူစီးတယ်၊ ညမှာ တက္ကစီပြေးခိုင်းတယ်"

ကျွန်တော် ကျွန်တော့်ဆရာအတွက် မခံမရပ်နိုင်ဖြစ်ကာ. . .

"ဟာ. . မဟုတ်နိုင်တာကြီးဗျာ"

"ဒီမှာမောင်ရင်. . ကျုပ်က မသေချာရင် မပြောဘူး"

သူ့မျက်နှာကောက်တည်တည်ကြီးနှင့် အခိုင်အမာပြုသည်။

စင်စစ် ကျွန်တော့်ဆရာတက်တိုးကို ကျွန်တော် သိပါသည်။ စာပေနယ်၌ ကလောင်နာမည်နှင့် စီးပွားရှာတတ်သူဖြစ်သည်။ တက္ကသိုလ်ဝင်သင်တန်းကျောင်းသုံး Golden Gate အင်္ဂလိပ်ကဗျာများကို ခက်ဆစ်အဖြေပြန်ခြင်း၊ မက်ထရစ်အက်ဆေးစာအုပ်ရေးခြင်းဖြင့် ဤစာအုပ်ပိစိညှက်ကလေးတွေကို သုံးကျပ်စီနှင့်ရောင်း၍ သူ ပွ၏။

မည်မျှပင် ပွပွ အသုံးအစား ကျစ်လျစ်လိမ္မာ ကော်တာရာကျသူ ဖြစ်ခြင်းကြောင့် မော်တော်ကားဝယ်စီးပြီး တစ်နည်းတစ်လမ်းက ဝင်ငွေပြန်ရအောင် ညတက္ကစီပြေးသည်ဆိုသည်မှာ ယုံစရာလိုဖြစ်နေပြန်သည်။

ကဲ. . တကယ်ပြောတယ်ပဲ ထားပါဦးတော့။

ဒီငွေဥဒေါင်းဖမိုက်သားဟာ တစ်ကိုယ်ကောင်းစီးပွားရေးသမားကို ဆင်းရဲသားလူထုရန်သူဟု ယူဆနေသော ဤကွန်မြူနစ်များရှေ့၌ လှောင်ပြောင်စရာဖြစ်အောင် သူ ပြောစရာလော။

ကျွန်တော် ဒေါပွကာ. . ဆရာတက်တိုးကို တွေ့သောအခါ၌ ဤအကြောင်း စကားစ,လိုက်ရာ ဆရာတက်တိုး လှသဘောကောင်းကြီးသည် မျက်ပေါက်ကြီးများပိတ်အောင် ပြုံးရယ်လျက်. . .





"အေး. . သူ ငါ့ကို ပြောပြီးပြီကွ၊ မင်းက တွေ့ကရာလျှောက်ရေးတတ်တော့ မဟုတ်ကဟုတ်ကတွေ မင်းဝတ္ထုထဲ ထည့်ရေးအောင်လို့ သူ တမင်တွန်းတာတဲ့ကွ"

ထွီး. . အဲလောက် မကောင်းတဲ့ကောင်ကြီး။

ကဲ. . ကြည့်တော့ မိတ်ဆွေ၊ ကျွန်တော်က သူ့စကား သက်သက်သာ ယုံပြီး ဒီအကြောင်း ထည့်ရေးလိုက်မိရင် ကျွန်တော်တို့ ဆရာတပည့်မျက်နှာ ပျက်စရာဖြစ်မနေပါလားခင်ဗျာ။ ဤနေရာ၌ မိတ်ဆွေက ပြောစရာရှိပါသည်။

"မင်းက မင်းဆရာမင်းချစ်ရင် သူက ဘာပဲတွန်းတွန်း မင်းက မရေးဘဲ နေလိုက်ပါလား"

အဲဒါတော့ မရဘူးခင်ဗျ။ လှောင်စရာပြောင်စရာရှိရင် ကျွန်တော်က အဖေအရင်းတောင် မထားပါဘူးလို့ ကျွန်တော့်ကလောင်ကို ကျိန်ဆိုထားပါတယ်။ ယုံပါမိတ်ဆွေ။ တချို့လူတွေ ကျွန်တော် ဆော်ရတာဟာ သူတို့ မုန်းလို့ မဟုတ်ပါ။ ကျွန်တော့်ကလောင်ကို သစ္စာစောင့်ရခြင်းသာ ဖြစ်ပါသည်။

ယခုလည်း ကြည့်ဦးလေ. . ကျွန်တော့်ငွေဥဒေါင်းကို မသေရုံထုနှက်ပြီးကြိုးနှင့်တုပ်ထားရုံမက နက်ဖြန်ကာ သံတံကျင်လျှိုသတ်မယ်လို့ စီရင်ချက်ချထားလိုက်သေးတယ်။ သို့သော် ကျွန်တော်တို့ ဟာသကလောင်ဟာ တိုအချစ်. . အလွမ်းဆရာတွေလို လူမသတ်ပါဘူးခင်ဗျာ။

သူ့ နည်းနည်းပါးပါးတောင် အသားပေးလိုက်ပါဦးမယ်။

❑

"မောင်. . ကိုကိုငွေ"

သန်းခေါင်ကျော်လျက် လင်းအားကြီးဘက်ရောက်လုနီးတွင် ဤအသံသာသာကလေးကို ငွေဥဒေါင်းနားမှ ကြားရလေရာ ရှုတ်တရက်မယုံနိုင်သလို ဇဝေဇဝါဖြစ်နေ၏။

"မောင်. . ကိုကိုငွေ"

ဒုတိယတစ်ဖန် ကြားရမှ. . .

"ဘဒူလဲ"ဟု နှုတ်ခမ်းတွေပါ နာကျင်နေသော အသံနှင့်မေးလိုက်၏။

"မောင်. . မြလေ. . "

"ဟိန်. . "ခွေးအိုကြီး ဆွမ်းစားခေါင်းလောင်းကြားရသလို ဝမ်းသာအားရနှင့် သံလက်သီးတို့ ရိုက်နှက်ထား၍ ပိတ်နေသောမျက်စိကို အနိုင်နိုင်ဖွင့်ကြည့်လိုက်၏။ ညဥ့်မှောင်မှောင် ကြယ်ရောင်အောက်တွင် တဘက်ခေါင်းမြီးခြုံထားသော မိန်းမပုံသဏ္ဌာန်ကို တွေ့လေသည်။

"မကယ်နိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အခု ကယ်ရအောင် လာတာပဲ"

မြ၌ မားအသင့်ပါလာ၍ တုပ်နှောင်ထားသော ကြိုးများကို ဖြတ်ပေးသေသည်။ အစောင့်နှစ်ယောက်မှာ ညက အောင်ပွဲအတွက် အရက်တွေ နင်းတန်သောက်ထား၍ ယခုနှယ် ဆင်အော်လို့မှ နိုးမည်မဟုတ်။

ကြိုးများဖြေပြီးသည့်တိုင် ငွေဥဒေါင်း သူ့ကိုယ်သူ ကောင်းစွာလမ်းမလျှောက်နိုင်ချေ။ မြကိုယ်ကို ဖေး၍သွားရလေသည်။

"အခု ဘယ်သွားရမှာလဲ"

ငွေဥဒေါင်းက မေးသည်၌ . . .

"မြစ်ဆိပ်ကို မြရောက်တော့ မန္တလေးပြန်လှေတစ်စင်း စီမံထားပါတယ်၊ မြအတွက် ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး၊ သူတို့အထင်မှားရိုက်နှက်လိုက်ကြောင်း. . မြင်းလှည်းသမားပြောက လာပြောလို့ မြ သိရတော့ ခေါင်းမီးတောက်မတော့တာပါပဲ၊ မြတို့ကို ဟိုတုန်းက ကျေးဇူးနဲ့ချစ်ခင်နေတဲ့ လှူနှစ်ယောက်ကို အကူအညီတောင်းတယ်၊ မြစ်ရောက်ရင် မန္တလေးကို လှေနဲ့ ပြန်ဖို့ တာဝန်ယူမယ်ပြောတယ်၊ ဒီနေရာကိုတော့ မကပ်ဝံ့ဘူးတဲ့၊ ဒါနဲ့ မြ အရဲစွန့်ပြီး လာခဲ့ရတာ၊ အဆင်သင့်ပဲ အစောင့်နှစ်ယောက်က အရက်မူးပြီး အိပ်နေတာတွေ့ရတယ်"

ငွေဥဒေါင်း၏အဖြစ်မှာ ဤအချိန်ကလေး၌ကြည့်ပါ၊ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ သူ အာသီသထားတဲ့ မြကို ယခုတွေ့ရရုံမက သူ့ကိုပင် ဖေးမ၍ ဖက်ထားလိုက်ပါသည်။ သို့တိုင် သူ့မှာ ယခင်က စိတ်ကူးယဉ်မှုများ လုံးဝမရှိတော့။ မိမိကိုယ်က ဒဏ်တွေဝေဒနာတွေ ခံရတာနဲ့ အသက်လွတ်ဖို့ ကြိုးစားရတာနဲ့ ချစ်ဖို့နှာခေါင်းသလားဖို့ နေနေသာသာ အသက်ရှူဖို့ပင် အနိုင်နိုင်။ သူ လှေဝမ်းထဲရောက်၍ ပေါင်းမိုးအောက်မှာ လဲလျောင်းရသောအခါ၌ အရှေ့ဆီမှ လင်းရောင်ကလေးပင် လာလေပြီ။

သို့တိုင် ကမ်းနဖူး၌ တွေ့နေလျက်ရှိသော သူ့စိတ်ကူးယဉ်နှင့် စွဲလမ်းခဲ့သူမြကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် မျက်စိမှ ဖွင့်မကြည့်နိုင်။

စာပေရှူးမကလေး မမြလေးမှာသာ သူ့အတွက်လာရရှာသော ငွေဥဒေါင်းအတွက် ဝမ်းနည်းခြင်းဖြစ်ရလျက် နောက်နောင် စာပေနယ်က ဒီလို လူပေါ်မျိုးတွေကို အရှူး မလုပ်တော့ပါဟု မျက်ရည်များတွေတွေကျဆင်းပြီး အဓိဋ္ဌာန်ချလိုက်သတည်း။ ဩော်. . သူတို့က စာဖတ်သူတွေကိုး၊ သူတို့ကို ပြန်လိမ့်တော့လည်း ဂိန်ရတာပါပဲလား။ လှေသမားနှစ်ယောက်မှာ နေ့လယ်ပုလွန်းသော အချိန်တို့တွင်သာ မကြာခဏနား၍ တစ်နေ့လုံးလိုလို လှေကို ဆန်ခတ်လာရသဖြင့် ပင်ပန်းလွန်းလှရကား ပေါင်းမိုးထဲက မသာကြီးလို လိုက်လာတာကြီးကို စိတ်တိုနေမိသည်။





ထို့ကြောင့် ထိုည စစ်ကိုင်းတံတားကြီးနားရောက်လျှင် မန္တလေးဘက်ကမ်းကပ်ပေးပြီး "ကဲ. . တို့ တာဝန်ကုန်ပြီ၊ နင့်ဟာနင် သွားလိုရာသွားတော့"ဟု လှေပေါ်မှ ဆွဲချကြသည်တွင် ဆရာငွေဥဒေါင်းက ငိုယို၍ သူ မတ်တတ်မျှ မရပ်နိုင်၍ ရဲရင့်ဘဇံအိမ်အရောက် ပို့ပေးရန် တောင်းပန်သည်။ လှူနှစ်ယောက်က ငြင်းဆန်ရာ နောက်ဆုံး၌ ငွေငါးဆယ်ကျပ်နှင့်ဈေးတည့်၍ အနီးရှိ သူတို့မိတ်ဆွေတစ်ယောက်အိမ်မှ ပုခက်တစ်လုံးငှားပြီး ထမ်းပို့ခြင်း ဖြစ်သတည်း။

ဤကား သူပြန်ရောက်လာပုံ အစစ်အမှန်ပါ။ သို့သော် သူပြောသမျှ ယုံသော ကိုဘဇံတို့အား ဤအတိုင်းမဟုတ်ဘဲ ယခုလက်ရှိ မြန်မာပြည်အခြေအနေအရ ယိုသမျှချေး ပုစွန်ဆိတ်ခေါင်းချည်းကျအောင် ဆန့်ကျင်ဘက်ပြောသည်ကား သူ ရှက်လို့ဆိုကြပါစို့။

ကဲ. . ရှမဝမှ သွားလေသူ ငွေဥဒေါင်းအား သပိတ်သွတ်ကာ ဤနေရာမှပင် ရေစက်ချလိုက်ပါပြီ။ သူ့မိန်းမ ဖက်တီးကြီးက ကျွန်တော့်ကို ဆဲသမျှ အမျှ. . အမျှ. . ယူတော်မူကြပါဗျို့. . .

အလှူ့ဒကာ သော်တာဆွေ

❑

ဤလသည် စာဆိုတော် နတ်တော်လ၊ စာရေးဆရာများ မြူးထူးပျော်ပါးချိန်မို့ ကျွန်တော့်မှာ စာရေးရာတွင် တယ်ပြီးစိတ်မဝင်စားလှသဖြင့် ဤဝတ္ထုကို ဤမျှနှင့်အဆုံးသတ်လိုက်ပါသည်။ သို့သော် စာတည်းအဖွဲ့က မကျေနပ်။ "ခင်ဗျားဝတ္ထု မပြည့်စုံ၊ ရယ်စရာကလဲ နည်း၏၊ ပထမ ငွေဥဒေါင်းကို လွှတ်စဉ်က The Return of Silver Peacock မည်အောင် ဒုံရင်းအရောက်ပြန်ပို့ဖို့ရှိသည်။ ထိုပြင် အညာသားလင်မယား၏ငွေများ။ အကယ် မဟုတ်သည်ကား မှန်၏၊ သို့သော် ခင်ဗျားဟာသဉာဏ်ဖြင့် သူတို့ကို လူရိုး,လူအများလုပ်၍ သူတို့ဆီက ထုတ်ယူထားသည်၊ ဒါကို ခင်ဗျားဟာသဉာဏ်နှင့်ပင် ပြန်ဆပ်နိုင်မှ ခင်ဗျားတာဝန်ကျေပွန်မည်၊ နို့မဟုတ်လျှင် Poetic Justice မဖြစ်၊ စာဆို၏တရားနည်းလမ်း မှန်ကန်မှု ချွတ်ချော်ချေမည်"ဟု ဆိုလာသည်။

ကဲ. . ခက်ဘိတောင်း။ ကျွန်တော် မနေသာပြီ။ အဆုံး၏အစဆိုတာ ကိုပင် တစ်နေရာက ပြန်ကောက်ရဦးတော့မပေါ့။

"ယခုလက်ရှိ မြန်မာပြည်အခြေအနေအရ ယိုသမျှ ပုစွန်ဆိတ်ခေါင်းပေါ် ချည်းကျအောင် ဆန့်ကျင်ဘက်ပြောတာတော့ သူရှက်လို့ဆိုကြပါစို့"

သို့သော် အမှန်တရားသည် ဖုံးကွယ်၍မရ။ ကာလမကြာမီ အဖြစ်မှန်များ အညာသားလင်မယားနားသို့ ရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူ မျက်လုံး ပြူးကာ. . .

"တဲ. . ဘယ့်နှယ်လုပ်မလဲ ကိုဘဇံ၊ ကျွန်မတို့ သူယုံလို့ ပုံအပ်လိုက်တဲ့ငွေတွေ"

အညာသားက မျက်နှာသေနှင့်. . . .

"ဒါ. . သူ့ခေါ် မေးမှပေါ့၊ ဒီမှာ ကိုကြီးမောင်"

ဒဏ်ရာများပျောက်၍ ဆေးတံပင်ကောင်းစွာ သောက်နိုင်ပြီဖြစ်သည်နှင့် ဆေးတံကြီးခဲ၍ စားပွဲတစ်ခုတွင် စာကြည့်ဟန်ပြုနေသော ပုဂ္ဂိုလ်မြတ်ကြီးကို ခေါ်လိုက်ရာ. . .

"ဘာတုံးဗျ၊ ပြောစရာရှိ ကျုပ်ဆီ လာပြော၊ ဒီမှာ စာကြည့်နေတာ မမြင်ဘူးလား"

ဘုရားစူး. . . သက်န်းခဏလေးမျှ ဝတ်ဖူးသည်နှင့်ပင် လူမှန် သူဒကာချည်းအောက်မေ့နေ၍ ဘုန်းကြီးသံဖြင့် ဟိန်းဟောက်လေရာ သူခမျာများ မနေသာတော့ဘဲ အနီးသို့ရောက်လာကာ ကိုဘဇံက လေးစားအားနာသံကလေးဖြင့်. .

"ခင်ဗျာ. . ဗျာ. . ဒီ. . ဟတ္တာ. . ဟို. . ငွေ. . "

"ဘာလဲ ခင်ဗျားတို့အပ်လိုက်တဲ့ငွေအကြောင်း ပြောမလို့ဟုတ်လား"

"ဟုတ်. . ဟုတ်. . ဟုတ်"

"အို. . မီးရထားထွက်စလို မြည်မနေစမ်းနဲ့၊ ဒီမှာ ကိုဘဇံ နားထောင်၊ ခင်ဗျားငွေ မရဘူး မဟုတ်ဘူး ပြန်ရရမယ်၊ ကျုပ်က သူများကြွေး တစ်ရွေးအတင်ခံတဲ့ကောင် မဟုတ်ဘူး၊ အခုမှသာ အခြေအနေအရ မှန်းခြေမကိုက်ဖြစ်ခဲ့လို့၊ သို့သော် ခင်ဗျားကို ကျုပ်ရဲရဲကြီးကို ကတိပေးလိုက်မယ်၊ ခင်ဗျားကြွေး မကျေမချင်း ခင်ဗျားအိမ်ပေါ်က ကျုပ်မဆင်းဘူးဗျာ၊ ကျုပ်ကိုယ်ကို ခင်ဗျားအိမ်ပေါ် ခင်ဗျားပိုင်နက်အတွင်းမှာ အာမခံပစ္စည်းအဖြစ် ထားလိုက်တယ် . . . ကဲ"

ဤတွင် အညာသားမျက်နှာဝင်းထိန်သွားကာ. .

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် ပြောမိတာ စိတ်မရှိပါနဲ့၊ ကျွန်တော်က ယုံကြည်ပါတယ်၊ ဟော. . သူ. . သူ. . သူကြောင့်"ဟုဆိုကာ ပြောမှားဆိုမှားရှိ၍ မာစတာကြီးရှေ့မှောက် ကြာရှည်စွာ မနေဝံ့တော့ဘဲ မယားကို လက်ကုတ်ခေါ် သွားလျက် တစ်နေရာရောက်ခါမှ ချစ်ဇနီးပါးပေါ် နှာခေါင်းကျော်သွားပြီး နားဝန္ထုတ်ခမ်းတေ့၍ အကျိုးအကြောင်းရှင်းပြတော့သည်။

"ကဲ. . ဘယ့်နှယ်လဲ၊ သူတစ်ကိုယ်လုံး ကိုယ့်အိမ်ပုံအပ်ထားပြီပဲ၊ လူထက် ပိုက်ဆံက အဖိုးတန်ဦးမှာလား"





မမြသွေးသည် နားပေထောင်ရာမှ. . .

"ဒီလိုဆို ကောင်းပါတယ်လေ"

"သူ့ကို စိတ်ချမ်းသာအောင် ထားပါကွာ၊ သူ စားချင်တဲ့ ထမင်းဟင်းချက်ကျွေး၊ ကျေးဇူးကန်းမယ့် လူစားမဟုတ်ဘူးကွယ့် ဘုန်းကြီးလူထွက် စာရေးဆရာအယ်ဒီတာပဲ"

သို့နှင့် ဒါကြီးမှာ အညာသားအိမ်မှာ စံမြန်းနေလေသည်။

သူ့ကို ထမင်းကျွေးရတာသာမကသေး၊ ဟိုနားဒီနားသွားဖို့ ဆိုက်ကားခပေးရသေးသည်။ ပိုကာဒေါင်းရန် စာအုပ်ရောင်းသော ဈေးသေတ္တာထဲမှ ပိုက်ဆံ လိုချင်သမျှနှိုက်ယူသည်။ သူလက်လွှတ်မခံနိုင်၍ အညာသား လင်မယားက မပြောဝံ့ချေ။ ဆေးပြင်းလိပ် ဆေးတံဆေးများလည်း ဝယ်ပေးရ၏။

သူ ရန်ကုန်ပြန်လျှင်ကား ရှမဝက အလုပ်ပြန်ပေးပါမည်လား။

ရန်ကုန်ကြွေးရှင်တို့က ဤအညာသားနှင့် တူပါမည်လော။

သို့သော် သူကား ဘာမျှမပူတတ် မပင်တတ်။

တစ်ဖက်သား အားနာတတ်သူ မဟုတ်၍ အညာသားအိမ်မှာပင် ဇိမ်နှင့်နေလေသည်။

ဤအကြောင်း ဆရာကြီးရွှေဥဒေါင်းသိတော့ "မောင်ကြီးမောင်ရယ်၊ ဧည့်သည်ရယ် ထမင်းစားတာ ဆေးလိပ်ဆေးတံသောက်တာတော့ ဟုတ်ပါပြီ၊ ပိုကာဒေါင်းဖို့ ပိုက်ဆံယူတာနဲ့ ဟိုနားဒီနားသွားတာ ဆိုက်ကားခပေးရတာတော့ မသင့်လျော်ဘူးထင်တယ်၊ ပြောလိုက်ရရင် တစ်လှမ်းခြေကျင်သွားတာ မရှိဘူး ဆိုရရင် ဘဇံတော့ သိပ်ညည်းမနေပါနဲ့ ငါ့ဘိုင်စကယ်စီးပါကွာ"

ဆရာကြီးက သူ့ဘိုင်စကယ် ရလေးအား ပေးအပ်သည့်တိုင်. . .

"ဟာ. . ဆရာကြီး ကျွန်တော်မှ ဘိုင်စကယ်မစီးတတ်တာ"

"ဟေ. . မင်း ဘိုင်စကယ်မစီးတတ်ဘူးဟုတ်လား"

စုံထောက်ဦးစံရှားပင် အံ့အားသင့်ကာ . .

"ဒါဖြင့်ရင်ပေါ့ကွယ် လေးငါးဆယ်ရက်သင် တတ်လိမ့်မယ်ပေါ့၊ ခွေးတောင် ကြိုးမှ လက်ပေးသင် ဖြစ်သေးတာပဲ"

အဲဒီ့ဖလင်းစတိုင် ကောင်းဘွိုင်လို မြင်းစီးမည် စိတ်ကူးယဉ်ခဲ့သူမှာ ယခု ကိုဘဇံသမီး မကျင်ဆွေနှင့် ဘိုင်စကယ်စီးသင်ရသည်။

ညဉ့်အချိန် သူက ခါးကြီးလိမ်ကပ်လိမ်ကပ်နှင့် ဘိုင်စကယ်ပေါ် ထိုင်၍ သူ့သမီးအရွယ် မိန်းကလေးက နောက်မှတွန်းပေးရသည်။

သို့သော် သူ မတတ်ခဲ့ချေ။ တစ်ခါလဲ၍ ဒူးကွဲလျှင်ပင် မသင်တော့ဟု ရပ်ပစ်လိုက်၏။ မကျင်ဆွေ လက်လွှတ်၍ ဘိုင်စကယ် စီးပြသည်ကို သူတာ နှာခေါင်းရှုံ့၏။ လူပြည် ဒါမတတ်လည်း သေတာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com

သူကား ဖြစ်သလိုနေချေသည်။ အညာသားလင်မယားက သူ့ကို လူ့အဒိုးတန်ထားကာ တစ်နည်းတစ်ဖုံကြံပြန်လေသည်။ အညာသားသည် သူ့မယားပါးပေါ် နှာခေါင်းဝဲသွားကာ "ဟေ့. . မြသွေး၊ တို့ကိုကြီးမောင်ကို ခင်တီလွင်နဲ့ပေးစားလိုက်ရ မကောင်းဘူးလား"

"ဟုတ်တယ်. . ကျွန်မလဲ ဒါစိတ်ကူးရတာ တော်တော်ကြာပြီ"

"ဟီ. . သူတို့ချင်းညားရင်တော့ မတီလွင် သူ့အဒေါ်ပစ္စည်းတွေ သူ တစ်ယောက်တည်းရမှာ၊ ကိုကြီးမောင်ဆီက တို့ရမယ့်ငွေတွေ. ."

"ကဲ. . ဒါဖြင့် ရှင့်လူကို ရှင်ပြောပါ"

"မင်းကောင်မလေးဘက်ကကော"

"ကျွန်မ စကားတောက်ကြည့်မယ်လေ"

"စာရေးဆရာ အယ်ဒီတာကွာ၊ နို့ပြီး ဘုန်းကြီးလူထွက်၊ အဘက်ဘက် က ပြည့်စုံနေတာ ဘာငြင်းစရာရှိလဲ"

မန္တလေး၌ ဘုန်းကြီးလူထွက်ကို လူပြန်တော်ပညာရှိဟူ၍ တန်ဖိုးထား ကြဟန်တူသည်။ ကိုဆန်းထွန်းကိုကြည့်လေ။

ကိုဘဇံက ကိုကြီးမောင်ကို ဤအကြောင်း ခယညည်းတွားစွာပင် ပြောပြသောအခါ. . .

"အင်း. . ဒီသူငယ်မရုပ် ကျုပ်မငြင်းပါဘူး၊ ခင်ဗျားအိမ်မှာ ကျုပ်ကိုယ် ကျုပ် အာမခံပစ္စည်းလုပ်ပြီးနေရတာလဲ ငြီးလှပါပြီ၊ ဒီတော့ တော်သလိုသာ ကြည့်စီမံလေ"

"ကောင်မလေးက ငါးသောင်းခင်းလောက် ချမ်းသာတယ်တဲ့ဗျ"

"အေးလေ. . ခင်ဗျားငွေရမယ်၊ ခင်ဗျားတို့အလုပ် ခင်ဗျားတို့လုပ်ကြ စမ်းပါ၊ မငြင်းပါဘူးလေ၊ ခင်ဗျားတို့ကြွေးရှိနေတာ ခင်ဗျားတို့စီမံရာပေါ့"

"ဟာ. . ဒီလို သဘောမထားပါဘူးဗျာ၊ ကောင်မလေးကို ပြောလိုက် တော့မယ်နော်"

ကောင်မလေးကို ပြောသောအခါ၌ အဘယ်ကဲ့သို့ ပြောပြသည်ကို ကျွန်တော် မသိနိုင်၍ မဖော်ပြနိုင်တော့။

သို့သော် ကျွန်တော် အတိအကျ သိသော အကြောင်းရေးရမည် ဆိုလျှင်ကား. . .

(၁၉၄၈)ခုနှစ် ကျွန်တော်တို့ပဒေသာမဂ္ဂဇင်းကို ထုတ်ဝေစဉ် ကိုကြီး မောင်သည် ကိုဘဇံ၏ကိစ္စတစ်ခုနှင့် ရန်ကုန်သို့ခေတ္တပြန်ရောက်လာပြီး. .

"မမြသွေးတို့က သူ့ကို မိန်းကလေးတစ်ယောက်နှင့် ဆွယ်ပေးနေ ကြောင်း၊ အတော်ပင်နီးစပ်မည်ရှိနေ၍ ယခု သူသည် လက်ဆောင်ပေးရန် မေသက်ဘရားသားက ပန်းများပင် ဝယ်လာကြောင်း" ကျွန်တော့်ကိုပြော၏။





ကျွန်တော်သည် မန္တလေး၌ ကျင်လည်ခဲ့ပြီးဖြစ်၍ မည်သူမည်ဝါတု မေးကြည့်သောအခါ ကျွန်တော်သိသော ကောင်မလေးဖြစ်နေသည်။

"ဟာ. . ခင်ဗျား. . သူ့ရရင်နိပ်တာပဲဗျို့. . ဥစ္စာပေါရုပ်ချော"

"သူတ မောင်ရင့်ဝတ္ထုတွေ တော်တော်ကြိုက်တာကွ၊ တို့ချင်းဟန်သွား အောင် တစ်ပုဒ်လောက် မရေးနိုင်ဘူးလား"

"အခုချက်ချင်း ဘယ်ပြောနိုင်ဦးလဲ၊ စိတ်ကူးကြည့်ဦးမယ်"

သူပြန်သွားပြီး မကြာမီ၌ ကျွန်တော့်ဦးနှောက်ထဲ ဂေါ်တွန်းဇွမ်ဝတ္ထုကို ရလေသည်။

မန္တလေးမြို့ လှမျိုးစုရိပ်မြုံ ဘဇံစတိုး၊ သနပ်ခါးတုံး၊ ကျောက်ငရုတ် ဆုံ၊ ခုံဖိနပ်၊ ငရုတ်ကျည်ပွေ့၊ ကျောက်ပျဉ်များရောင်းသော ဆိုင်ကလေးနှင့် အစချီခဲ့သောဝတ္ထုကို မိတ်ဆွေဖတ်ဖူး၍ သတိရလျှင်ကောင်းချိမ့်မည်။

ဤဝတ္ထုမှာ ကျွန်တော့်နောင်တော်ကြီး ကိုဝင်းမောင်ကို လေဝင်း အမည်နှင့် ဗီလိန်ဟီးရိုးထားကာ ကိုကြီးမြင့် (ကိုကြီးမောင်)နှင့် တီတီလွင်တို့ ညားသွားပုံကို ရေးသားထားသည်။ ဤဝတ္ထုကို ကျွန်တော် ရေးလိုက်စဉ်ကပင် သိထားနှင့်ပါသည်။ ကိုယ့်လူကြီး ဟန်ရင်လည်းဟန်၊ မဟန်ရင်လည်း ဂွလွမ်ဟ။ဘာကြောင့်လဲဆို အားလုံးနာမည်တွေ သိုးကာသီကာရေးထားသည်။

ဟုတ်ပါ၏။ ဤဝတ္ထုထွက်ပြီး ဤလအတွင်းမှာပင် ကိုဘဇံဆီက စာ ရောက်လာသည်။

"ဟေး. . ဖိုးသော်တာဆွေ သေနာကောင်လေး မင်းလုပ်လိုက်ပုံတော့ ကောင်းရော့ကွာ၊ တို့ဟာတို့ မိန်းကလေးနဲ့ တိုးတိုးကျိတ်ဆွယ်နေတုန်း မင်းဝတ္ထု လဲထွက်လာရော သူ့အဒေါ်ကြီးသိသွားလို့ 'ဟာ. . ဒီမျက်နှာကောင် အရုပ်ဆိုး အပျင်းကြီးနဲ့တော့ အဖြစ်မခံနိုင်ဘူး၊ ဆွေဂုဏ်မျိုးဂုဏ် ထိခိုက်ရော့မယ်၊ သူ ရည်မှန်းထားတဲ့ လူနဲ့ပဲ အမြန်နေရာချထားလိုက်တော့မယ်' ဆိုပြီး အခုစေ့စပ် ကြောင်းလမ်း ရက်တန့်သတ်လိုက်ပြီ မောင်ရေ. . .

မင်းဝတ္ထုကလဲ မင်းက သူ့အတွက် ဂေါ်တွန်းတွန်းပေးတာတော့ဟုတ် ပါရဲ့၊ ဒါပေမယ့် သူ့အဖို့ နောက်ဆုံးမှာ ဂွမ်သွားတာကိုးကွ၊ နာမည်နဲ့ဖြင့် လိုက်ပါရဲ့ကွာ၊ အခု ကိုကြီးမောင်က မင်းကို မအေနှမ ကိုင်တုတ်နေလိုက် တာ ရစရာမရှိဘူး၊ တီတီလွင်ကတော့ မင်းကို ကျေးဇူးတင်တယ်ပြောသတ္တဲ့၊ နို့မဟုတ်ရင် သူ ဘယ်တော့လင်ရမယ်မှန်းမသိ ဖြစ်နေတာတဲ့"

ကျွန်တော်လည်း စာပြန်လိုက်သေးသည်။

"ကိုဘဇံ ကျွန်တော်လဲ စေတနာကောင်းနဲ့ လုပ်တာ၊ သူ့အဖို့ ဝေဒနာ ဆိုးဖြစ်သွားတာတော့ ကျွန်တော် မတတ်နိုင်ဘူး၊ သူ့ကို ပြောလိုက်ပါဦး. . ဒီစာပဲ သူ့ကို ပြလိုက်ပါလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ကိုကြီးမောင်. . ကျွန်တော့်ကို သိပ်ဆဲမနေပါနဲ့ဗျာ၊ ဒီတစ်ယောက်အတွက်နဲ့ဖြင့် မန္တလေးမှာ မိန်းမမရှားပါဘူး၊ မြန်မာပြည် ကျွန်တော် ရောက်ဖူးတဲ့ မြို့တွေထဲမှာဆိုရင် အဲဒီရွှေမန်းဟာ မြာအပေါဆုံးပဲ၊ ဘယ်အိမ်ကြည့်ကြည့် ဘယ်ဆိုင်ကြည့်ကြည့်၊ မဒီမရှိတဲ့ နေရာရှားတယ်၊ အဲ. . သို့ကလို ပေါသော်လည်း ရဖို့ဟာက ဂေါ်ပုံဂေါ်နည်းက လိုသဗျ၊ အောင်သွယ်နဲ့ကပ်တဲ့ ဓနစ်တို မန္တလေးသူတွေက မကြိုက်ဘူးဗျ၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ ကျားကျားလျားလျား ရဲရဲရင့်ရင့် ဂေါ်တာမျိုးမှ သူတို့က သဘောကျတယ်၊ ကျွန်တော်က (၁၉၄၆)ခုနှစ် (၁၉၄၇)ခုနှစ် ဆန်ကုန်သည်အလုပ်နဲ့လည်းကောင်း၊ စာရေးဆရာပေါက်စအဖြစ်နှင့်လည်းကောင်း နှစ်ဘဝ ဂေါ်ခဲ့ဖူး၍ သူတို့အကြောင်းကောင်းကောင်းသိပါတယ်. . . .

ဒီမှာ ကိုကြီးမောင် ခင်ဗျားကို တီတီလွင်အတွက် အလျော်ပေးတဲ့သဘောနဲ့ (ရ. မ. သ. ဂ) ရွှေမန်းသူဂေါ်နည်းကို ကျွန်တော် ပေးလိုက်မယ်နော်၊ ဟို. . ဖိနပ်ခုတ် ခဏခဏခံရတဲ့ ရွှေဘိုဘဆောင်ကို သွားမပြောနဲ့၊ ဒီမောင်က ဒီနည်းလိုချင်တာ နန့်နန့်တက်လို့၊ ကျွန်တော့်ကို အရက်တိုက်လိုက်၊ မော်တော်ကားပေးစီးလိုက်နဲ့ ချော့တောင်းနေတာ ကြာလှပြီ၊ ကျွန်တော်က ငါးသာ ဟင်းစားပေးနိုင်မယ်၊ ကွန်ချက်တော့ မပြနိုင်ဘူးဆိုတဲ့ တံငါစကားလို ဂေါ်ကွန်ချက် ဂေါ်ကွန်ပစ်နည်းကို မပြခဲ့ဘူး၊ အခု ခင်ဗျားမှာ အလျော်ပေးစရာလဲရှိ၊ နောင်ကြီးအရင်းလိုလဲ ချစ်တာမို့ ဒီနည်းပေးတာ၊ နှုတ်လုံ့ပစေနော်၊ ဟို. . နှင်းဦးတို့ ကြည်မြတို့လဲ မသိစေနဲ့၊ အဆုံးကုန်ပြောလိုက်မယ်ဗျာ ဆရာကြီးရွှေဥဒေါင်းတို့ ဆရာမြမျိုးလွင်တို့တောင် မသိစေနဲ့၊ သူတို့က အသက်ကြီးတယ်ဆိုပေမယ့် အချက်ကောင်းတွေတော့. . ဟင်း. . .

ကဲ. . ကဲ. . (ရ၊ မ၊ သ၊ ဝ)ကို ပြလိုက်တော့မယ်၊ စေ့ရေစေ့ရေ ဖတ်ကြားမှတ်သားလေလော့. . . ကိုကြီးမောင်၊ ရွှေမန်းသူတို့ကို ဂေါ်ရာ၌ ရှက်ခြင်း ကြောက်ခြင်း၊ အားနာခြင်း၊ ထောက်ထားခြင်း၊ ညှာတာခြင်း၊ ပတ်ဝန်းကျင်လေးစားခြင်း လုံးဝကင်းပစေ၊ ကိုယ်ဂေါ်နေတဲ့ မြာရှိရာရှေ့ကို အခေါက်ခေါက်လျှောက်၊ အသွားအပြန်လျှောက်၊ အနီးကလေးနဲ့ပြန်လျှောက်၊ ငှက်ပျောခွံနဲ့ သရက်ခွံကိုသတိထား၊ သူတို့ ရွှေဆိုင်တန်း၊ ဆန်ဆိုင်တန်း၊ အထည်ဆိုင်တန်းရှေ့များမှာ ဂေါ်ငနဲလာရင် ဒီလိုချော်လဲစရာ ဖန်တီးထားတာဟာ သင့်ကို မချစ်၍ မနှစ်သက်၍မဟုတ်၊ သူတို့နဲ့ ရာသက်ပန်ပေါင်းရမည့်သင့်အား သတိအကြည့်၊ မျက်စိရှင်မရှင် စမ်းခြင်းမျှဖြစ်သည်ဟု မှတ်သားထားလော့. . .

ထိုသို့ သရက်ခွံ ငှက်ပျောခွံ ရှောင်ရင်းလဲ သူတို့ကို မျက်စိအကြည့်မလစ်စေနဲ့၊ မော်တာ (၇၅)ကောင်လောက် အင်အားပါအောင် ကြိုးစား၍ကြည့်၊ ကြည့်. . ကြည့်. . အားမနာပါးမနာကြည့်. . အဖေရှိရှိ အမေရှိရှိ





. . ကြည့်သာကြည့်၊ မောင်ဖားကိုလဲ မညှာနဲ့၊ ကိုယ့် ယောက်ဖ ခယ်မတွေလိုသာ သဘောထားလိုက်. . . .

အဲ. . သို့ကလို ကြည့်ရာမှာ သင် သတိထားရမယ့်ဟာက (လူပျိုစစ်အပျိုစစ်တို့သည် တစ်ဦးနှင့်တစ်ဦး ကြည့်ကြလျှင် မျက်နှာကိုသာကြည့်တတ်ကြ၍ မစစ်သူတို့မှုကား ယောက်ျားသည် မိန်းမ၏တင်နှင့်ရင်ကိုသုံးသပ်၏၊ မိန်းမသည် ယောက်ျား၏ရင်အုံနှင့် ခါးကိုသုံးသပ်၏) ဆိုတာ ဒေါ်မာလာလို ပညာရှိထွန်းကားတဲ့ ရွှေမန်းမြို့မှာ ရွှေမန်းသူတွေ သိထားပြီးဖြစ်လေတော့ သင်သည် မိန်းကလေးနှင့် မျက်စိချင်းဆုံခိုက်တုန်းမှာ သူ့မျက်နှာကိုသာကြည့်ပါ၊ နယ်မလွန်ပါစေနဲ့ဦး၊ လူပျိုစစ်ဟန်ဆောင်ရမည်ကိုး. . . . (ရွှေမန်းသူတို့သည် လူပျိုစစ်ကို ကြိုက်ကြ၏)

အဲ. . သူ မမြင်ဘူးဆိုတဲ့အခါကျမှ ကိုယ့်လူ ကိုယ်လိုရင်း ဝကွင်းလို့ ဘယ်ဖြစ်မှာတုံး၊ ကြည့်. . ကြည့်သာကြည့်၊ နဘေးနဘီကိုလဲ အားမနာနဲ့၊ ဘယ်သူ့မှလဲ မထောက်ညှာနဲ့၊ လျှောက်လျှောက် အသွားအပြန်လျှောက်. . . အခေါက်ခေါက်အခါခါလျှောက်၊ အနီးကလေးလဲ ပြန်လျှောက်၊ ရွှေမန်းသူတွေက အဲလို ဇွဲနဘဲ ရဲစွမ်းသတ္တိရှိသူကိုမှ သဘောကျသဗျား၊ စေ့ရေစေ့ရေ ဖတ်ကြားမှတ်ကြား အထပ်ထပ်ပွားလော့ ကိုကြီးမောင်"

ကျွန်တော်သည် အထက်ပါ ရွှေမန်းသူ ဂေါ်နည်းနိဿရည်းကို ရေးပေးလိုက်သည်။

ဤနည်းကို ကျွန်တော့်နောင်တော်ကြီး လိုက်နာသည် မလိုက်နာသည်ကား ကျွန်တော့်စာ သူ့ဆီရောက်ပြီး နှစ်ပတ်မျှအကြာတွင် (ကိုဘဇံဆီက နောက်ဆုံးပြန်စာ ရလိုက်ခြင်းဖြစ်သည်)

မန္တလေးမြို့ မြို့ကျက်သရေဆောင်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်ဝင် ဒေါ်မာလာသည် အညာသားလင်မယားထံရောက်လာကြပြီး၊ ဥက္ကဋ္ဌက. . .

"ကဲ. . ဦးဘဇံ၊ ရှင်တို့အိမ်က သတ္တဝါ. . . ကျွန်မတို့ မြို့ကျက်သရေဆောင်အဖွဲ့ ဝတ္တရားအရ နှိမ်နှင်းဖို့ရှိနေပြီ၊ မြို့ကျက်သရေဖျက် ဂေါ်ငနဲ သေချာပြီးသည်၏အခြားမဲ့၌ အသင်းဝင်စည်းမျဉ်းအပိုဒ် (၇၅-ခ)အရ ဒေါက်ဖိနပ်အစင်းတစ်ထောင်နဲ့ ခုတ်ဖို့ဆုံးဖြတ်ချက်ချလိုက်တယ်၊ အဲဒါကို ဟောဒီအမှုဆောင်အဖွဲ့ဝင် စာရေးဆရာမ ဒေါ်မာလာက ဒီငနဲကြီးဟာ ရှမဝတိုက်က အယ်ဒီတာပါ၊ သူနဲ့သိပါတယ်၊ နို့ပြီး ဦးဘဇံအိမ်မှာ တည်းတာဖြစ်လေတော့ အခုလို အကြမ်းနည်းမလုပ်ကြပါနဲ့ဦး၊ ဦးဘဇံပြောပြပြီးတော့ ရန်ကုန်ပြန်လွှတ်ခြင်းဖြင့် မြို့ကျက်သရေကို ပြန်အဖတ်ဆယ်နိုင်ပါတယ်ဆို ကန့်ကွက်လို့ကျွန်မတို့ဦးဘဇံဆီကို လာခဲ့တာပဲ၊ ဦးဘဇံ ဘာပြောချင်ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာ. . အခုအတွင်းမှာ သူ့ကို ဘယ်ပြန်လွှတ်လို့ ဖြစ်ဦးမလဲဗျ၊ ကျွန်တော်တို့ ကြွေးတွေမှ မကျေသေးတာပဲ၊ အခု သူ့ကို အိမ်ထားတာက အလကားမှတ်တာ၊ ကြွေးအာမခံ ပစ္စည်းအဖြစ်နဲ့ ထားတာပဲဗျ"

အမျိုးသမီးများ နားမလည်ကြ၍ အကျိုးအကြောင်း ရှင်းလင်းအောင် မေးပြီးမှ ရယ်မောကြလျက်. . .

"အမယ်လေး ဖြစ်မှဖြစ်ရလေ ဦးဘဇံရယ်၊ ကျွန်မတို့မှာဖြင့် ဆန်တန်းရော၊ ရွှေဆိုင်တန်းရော၊ ပိုးထည်ဆိုင်တန်းရော ကျက်သရေဆိုလို့ ကြက်မွေးတောင် ရှာမရဖြစ်နေပါပြီ၊ သူ့မျက်စိကြည့်ပုံရော မျက်နှာထားပုံရော လမ်းလျှောက်ပုံရော ဘယ်နေရာမှ ရစရာမရှိပါဘူး၊ ကျွန်မလဲ ဖျိုရာတ အိုလာတာ၊ ဂေါ်ငနဲပေါင်း သောင်းခြောက်ထောင် တွေ့ခဲ့ဖူးပါပြီ၊ ဒါလောက်ဆိုးတာမျိုး တစ်ခါမှ မကြုံဖူးသေးပါဘူး၊ ဘယ်လိုဂေါ်နည်း သုံးတယ်မသိပါဘူး"

ကိုဘဇံက ဖြတ်၍. .

"နိုင်ငံကျော်စာရေးဆရာ သော်တာဆွေနည်းပဲဗျ"

"အဲ. . အဲဒီကောင်က တစ်သက်လုံးကောင်းတဲ့အကောင် မဟုတ်ဘူး၊ သူ နောက်တစ်ခေါက် မန္တလေးလာမှ ဖိနပ်နဲ့ ပိုင်းခုတ်လွှတ်လိုက်ဦးမယ်၊ တဲ. . ကိုဘဇံ အကျယ်အကျယ်တွေ ပြောမနေနဲ့တော့၊ ရှင့်ငွေရင်းက တစ်ထောင်လောက်နီးနီး တင်နေပြီဆိုတော့၊ သူ့ပြန်စရိတ်ပါရအောင် ကျွန်မတို့အသင်းရန်ပုံငွေထဲက တစ်ထောင်ပေးလိုက်မယ်၊ အမြန်ဆုံးသာ ပြန်လွှတ်လိုက်ပါတော့၊ ရော့. . ငွေတစ်ထောင်ချက်လက်မှတ်"

ဤနည်းနှင့် ကျွန်တော့်ဆရာငွေဥဒေါင်း ရန်ကုန်သို့ ပျောင်းခဲ့ရခြင်း ဖြစ်ပါသတည်း။

အဲ. . ခုမှ . . ပြီးသဗျ။

❀❀❀

# ဂေါ်ချက်ကယ်နာ

"ဟေ့. . လွန်းမောင်ရေ"

"ဟေ့. . ထွန်းအောင်ရေ"

တစ်ခုသော နံနက်ခင်းဝယ် ကြည့်မြင်တိုင်ဘူတာတွင် ပြည်သွား မီးရထားမဆိုက်မီ လက်မှတ်တိုး ဂွင်ကြား၌ လူများပြွတ်သိပ်နေစဉ် အင်္ဂလိပ်ခေတ်က ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသော ကျွန်တော်တို့ ဂေါ်ရဲဘော်နှစ်ယောက်တွေ့ကြ၍ တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ နှုတ်ဆက်ကြပြီးနောက်. . .

"ဘယ်သွားမလို့လဲ"

"နတ္တလင်းကိုကွ၊ မင်းကော"

"ကြို့ပင်ကောက် ငါ့အိမ်ကိုလေကွာ၊ ရန်ကုန်ခဏလာတာ၊ နို့ . . မင်းကော ဘယ်မှာနေလဲ လွန်းမောင်"

"ဘယ်မှာရယ် အတည်တကျ မဟုတ်သေးပါဘူးကွာ၊ အခုတော့ နတ္တလင်းက ငါ့အမေအိမ်မှာပဲ ဆိုပါတော့"

"မင်း လက်မှတ်ယူပြီးပလား"

"မယူရသေးဘူးကွ"

"ဒါဖြင့် အဆင်သင့်ပဲဟေ့၊ ရော့. . ရော့"

သူ အိတ်ထဲနှိုက်နေသဖြင့်. . .

"ဘာလဲ ထွန်းအောင်၊ မင်းက နတ္တလင်း လက်မှတ်တစ်စောင် အဆင်သင့်ယူပြီးသား ရှိနေလို့လား"

"ဟုတ်ပါဘူးကွ၊ ငါ့ဖို့ပါ ကြို့ပင်ကောက် တစ်စောင်ယူလိုက်လို့ ကြွေးမလို့၊ ရော့. . အင့်. . အင့်. . ပိုက်ဆံ"

"ခွေးမသား. . မင်း. . သူများအပေါ် ခိုင်းချင်တဲ့ ငယ်ကအကျင့်တွေ မဖျောက်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘမ်းဘွင်းပါသနွေ့ သေကာမှ ပျောက်မယ်ပေါ့၊ ရော့ လိမ္မာပါတယ်၊ ပေး. . ခင်းကင်းဘတ်အိတ်နဲ့ လက်ထဲကအထုပ် ငါကြည့်ထားလိုက်မယ်"

"ဟော့ အထုပ်တော့ ဖြေမစားနဲ့ဦး၊ အိမ်က မှာလိုက်လို့၊ ဒူးယင်းယိုကွ"

ရထားရောက်ဖို့ အချိန်အတန်ကြာ လိုပါသေးသည်။ သို့ရာတွင် လက်မှတ်စောစောရလျှင်ပဲ နေရာကောင်းရတော့မလို၊ လက်မှတ်ရထားရင် စိတ်အေးရတာပဲဟု ခရီးသည်တို့၏မွှတာ စိတ်ဇောအတိုင်း သူထက်ငါ အရင်တိုးကြခြင်းဖြင့် တန်းနှစ်ခုကြားတွင် ရိုက်သွင်းထားသလို လူတွေပြည့်သိပ်နေပါသည်။ ၎င်းအထဲ တချို့ အလိုက်ကန်းဆိုး မသိသူတို့က လူချင်းသိကျွမ်းသူများလည်း မဟုတ်ကြဘဲနှင့် "ဘယ်သို့ဘယ်နှစောင် ယူလိုက်စမ်းပါဗျာ"ဟု နံဘေးကလှမ်းပေးသူများတို့ ရှိကြသေး၏။ ကျွန်တော် ဆယ့်ငါးမိနစ်မျှ တိုးပြီးနောက် လက်မှတ်ရ၍ ပြန်ထွက်ခဲ့သည်။

"ရော့. . ခွေးမသားထွန်းအောင်"

"သိုင်းကျူးပါပဲ၊ မင်းပဲသိမ်းထားကွာ၊ တို့အတူသွားမှာပဲ၊ ဟော့. . လွန်းမောင် တို့ခရီးသွားတဲ့အခါမှာ ဟိုတုန်းက မူအတိုင်းပေါ့ကွာ၊ လာဟော့ ဘူတာရှေ့မှာ အိပ်ချင်ပြေလိုက်ရှာရအောင်"

"ရှာမနေနဲ့မောင်၊ ငါ လျှောက်ကြည့်ပြီးပြီ၊ ဟောဒီကြည့်မြင်တိုင်က မြှာချောချော အင်မတန်တက်ခဲတယ်ကွ"

"ဒါဖြင့် ရန်ကုန်က ပါလာတာထဲရှာကြည့်ပြီး ရှိတဲ့တွဲတက်မှပ၊ လခွီးငါက မီးရထားစီးရင် သိပ်အိပ်ချင်တာကွ"

"ငါကော ဒီလိုအိပ်ချင်ပြေမှ မတွေ့ရင် ပါလာတဲ့စွည်း လူခိုးသွားမှာ စိုးရိမ်နေရတာကွ"

"အေး. . ဒါဖြင့် မီးရထားဝင်လာရင် မင်းက ဟိုဘက်ကကြည့်၊ ငါက ဒီဘက်ကကြည့်မယ်၊ ကိုယ်တွေ့ရာတွဲ ကိုယ်တက်၊ အင်းစိန်ဘူတာရောက်မှ မင်းတွေ့တဲ့အိပ်ချင်ပြေနဲ့ ငါတွေ့တဲ့အိပ်ချင်ပြေ ဘယ်ဒင်းက ပိုလက်ဖက်သားများလဲ ဆိရွဲသလဲဆိုတာ ကြည့်ပြီး တစ်တွဲထဲ နှစ်ယောက်ပြောင်းမယ်နော်"

"ဟိုတုန်းက စာအုပ်ကြီးအတိုင်းပဲပေါ့ကွာ"

❑

ဟော. . မီးရထားဝင်လာပြီ။

ထွန်းအောင်နှင့် ကျွန်တော်သည် ဟိုဘက်သည်ဘက်ခွဲကာ တဝေါဝေါမြည်၍လာသော ရထားကြီးကို တွဲတိုင်းစေ့ ပြတင်းပေါက်စေ့ ဆီး၍ကြည့်နေသည်။ အခြားလူများကတော့ လူချောင်သောတွဲ (သို့မဟုတ်) သူတို့အသိမိတ်ဆွေကို ရှာကြပေသည်။ သို့သော် ကျွန်တော်တို့အဖို့ကား. . .





"ဟာ. . မြင်ပြီ၊ တွေ့ပြီသူပဲ. . သူပဲ"

လည်တံကြော့ကြော့ နှာတံကော့နှင့် မျက်လုံးရွဲ၊ နှုတ်ခမ်းရဲ့တလေးတို့ကား ရထားဆောင့်လျှင် ကြွေလို့ပင် ကျမှာစိုးရသည်ထင်ရသည်။ အသားဖြူ မြင်းတစ်ပြေး အဝေးကြီးကပင် လှကြောင်းချောကြောင်း နုကြောင်း စုပေါင်းခိုင်လုံနေ၍ ကျွန်တော် အပြေးပင် ထိုတွဲကို တိုးလျှိုး၍တက်တော့သည်။

တကတည်းဗျာ. . ဒီတွဲမှ ကျွန်တော်တို့လို အိပ်ချင်ပြေရှာသူတွေချည်း စုပြုံနေပေသလော။ များလိုက်တဲ့ပရိသတ် ကျပ်လိုက်တဲ့လူ။

"ဒီတွဲမှာ နေရာမရှိတော့ဘူးဗျို့. . အားလုံးမတ်တတ်ရပ်ချည်းပဲ"

နှုတ်စွာစွာလူက ဆီး၍ကြွေးကြော်ပါသော်လည်း ကျွန်တော်သည် မလျှော့သော လုံ့လဥဿာဟဖြင့်. . .

"နည်းနည်းလေးဗျာ၊ နည်းနည်းလေးဗျာ၊ ကျွန်တော် အထဲဝင်ပါ့မယ်"

"အထဲမှာလဲ မရှိဘူးဗျ"

"မရှိ ရှိရှိဗျာ၊ ဒီတွဲမှာ ကျွန်တော့်အသိ ပါလာလို့ပါ၊ ကျေးဇူးပါပဲဗျာ၊ ခြော်. . ကန်တော့. . ကန်တော့"

"အမယ်လေးတော်. . ကျော. အိတ်ကြီးနဲ့ ဆောင့်ပြီးမှပဲ ကန်တော့ရတယ်"

"မတော်လို့ပါခင်ဗျာ၊ ကိုယ့်မြန်မာအချင်းချင်း သည်းခံတော်မူပါ"

"ကိုယ့်မြန်မာအချင်းချင်းတိုင်းသာ သည်းခံနေရမယ်ဆိုရင် ဒီမြန်မာပြည်မှာနေလို့ မဖြစ်တော့ဘူး၊ ဘင်္ဂလားသွားနေမှပဲ"

"ကဲ. . နောက်တော့ သွားတာပေါ့ဗျာ၊ ခုတော့ မြန်မာပြည်က မြန်မာစကားအရ ခဏသည်းခံလိုက်ပါဦး"

"ကြည့်ပါလား. . ရုပ်ကိုက. . မျက်စိက ဘယ်ကြည့်တက်လာသလဲ"

သို့သော် ကျွန်တော်က သူ့ရှေ့လွန်လာပြီဖြစ်၍ ဘာမျှပြန်မပြောတော့ချေ။ ကလေးမနှင့်မြင်ကွင်းကျကျ ရောက်သောနေရာ၌ ကိုယ့်လက်ဆွဲအိတ်အောက်ချပြီး ခွထိုင်လိုက်တော့သည်။

မဟုတ္တသည် ကျွန်တော့်လိုကောင်မျိုးတွေ တွေ့ဖူးပေါင်း၊ ကြုံဖူးပေါင်းများပြီထင့်။ ကျွန်တော်နှင့်မျက်စိချင်း တစ်ခါသာဆုံလိုက်ရသည် နောက်ထပ်လှည့်မကြည့်တော့။ သူ့မျက်နှာသည် အပြင့်ဘက်မှာသာနေတော့သည်၊

အစတော့ ဒီလိုပေါ့ မရွှေချောရာ. . အချိန်တန်တော့ နပိန့်ကန့်လာရမပေါ့။ ကျွန်တော့်စိတ်က မလျှော့။ စီးကရက်ငါးဆယ်ဝင် သံဘူးကိုထုတ်၍ တစ်လိပ်ပြီးတစ်လိပ် ဖွာခဲ့သည်။

ဟင်း. . ထွန်းအောင်ကော၊ ခွေးမသား. . ဘယ်တွဲသွား အိပ်ချင်ပြေနဲ့ တွေ့နေပါလိမ့်၊ ဘာပဲဖြစ်ဖြစ် ရထားတစ်စီးလုံးမှာ ဒီမြာလောက် ခိုင်ဘာတာ



www.burmeseclassic.com

www.burmeseclassic.com

ရှိမယ်မထင်တော့ပါဘူးလေ။ အင်းစိန်ရောက်ရင် ဒီကောင့်ရှာ၊ ကိုယ့်တွဲ ခေါ် သာရမှာပဲ ဟင်း. . မအေပေးမျိုး၊ ဒီမြာမြင်ရင်တော့ ကိုယ့်ကို ဒီကောင်က အမြဲဝင်လာတဲ့ရထားပေါ်မှာ ကမူးရှူးထိုးရှာရတာတောင် တယ်. . မျက်စိ ဒူးဘဲ့တောင်လို့ ချီးမွမ်းဦးမှာပဲ။

အကြောင်းမှာ ငတိမလေးသည် ရှေ့ရော၊ နောက်ရော၊ အထက်ရော၊ အောက်ရော ပြည့်စုံ၏။ အရွယ်မှာ အလှမွှန်းတည့်ချိန်။

ကမာရွတ်ဘူတာ လွန်မြောက်ခဲ့၍ အင်းစိန်ဘူတာရောက်သောအခါ ဝယ် ကျွန်တော်က မီးခြစ်တောင်းရင်း စီးကရက်အတင်းပေးထားသော ကျွန်တော့်နံဘေး ထိုင်ခဲ့ပေါ်ကလူအား ကျွန်တော့်လက်ဆွဲအိတ်ကို နေရာမရွှေ့ မပြောင်းအောင် စောင့်ရှောက်ဖို့မှာထားပြီး ထွန်းအောင်ကို လိုက်ရှာရန် ရထား နံဘေးပြတင်းပေါက်မှ မျောက်ခုန်ခုန်၍ ခွေးကျကျကာ အောက်သို့ရောက်ခဲ့ လေ၏။

အမယ်လေး. . ငတိကောင် ကျွန်တော့်ရှေ့မလှမ်းမကမ်း၌ တွဲတွေ လျှောက်ကြည့်နေပါလား။ မြာအနိုပ် မတွေ့သေးလို့ဘဲလား၊ ကျွန်တော့်လိုက် ရှာနေတာပဲလား။

"ဟေး. . ဟေး. . ထွန်းအောင်"

သူ ကျွန်တော့်ကို ပြန်ကြည့်ပြီး ခဏရပ်၍. . .

"လာစမ်း"

ကျွန်တော် သူ့အနီးရောက်သောအခါ၌ . . .

"ထွန်းအောင် ငါတွေ့ထားပြီမောင်၊ အနိုပ်တက ဒိတ်ဒိတ်ကြဲ ကိုယ့် လူရေ"

သို့သော် သူသည် မည်သို့မျှ ထူးခြားဟန်မပြဘဲ. . .

"ငါသိပါတယ်၊ ငါ ရွေးထားတာလဲ အဲဒီမြာပဲ"

"ဟင်. . ဒါဖြင့် မင်း ငါထိုင်တဲ့ တွဲမှာပဲပေါ့၊ မင်း ငါ့မြင်လား"

"အလှကေရီခြေရင်း ဝပ်စင်းနေတာ ခွေးဝဲစားကလေးလို့ပဲ ငါမြင်ပါ တယ်ကွာ၊ ငါတော့ဟေ့. . အထဲရောက်အောင် တိုးမရလို့ အဝခပ်ကွယ်ကွယ် ကပဲကွ"

"နို့. . မင်းဟောဒီတွဲတွေ လျှောက်ကြည့်နေတာက ဟိုတွဲလူကျပ်လို့ မြာနောက်တစ်ယောက် လိုက်ရှာနေတာလား"

"မဟုတ်ဘူးကွ၊ ဘုန်းကြီးစီးတွဲ လျှောက်ရှာနေတာ"

"ဘာလုပ်ဖို့လဲ"

"မင်းရှေ့နားက မျက်ခေါင်းထိုးခုံမှာ ဘုန်းကြီးနှစ်ပါး ထိုင်နေတာ မမြင်ဘူးလား"



"မြင်သားပဲ၊ သူတို့ဘာလုပ်ရမလဲ"

"သံဃာတော်များသာဆိုတဲ့တွဲရှာပြီး တို့က ရထားအရာရှိတွေစတိုင်နဲ့ ကြွခိုင်းပြီး သူတို့နေရာ ယူတာပေါ့ကွာ"

"အိုး. . ဘဲရီးဂွဒ်၊ အိုင်ဒီယာ သိပ်ကောင်းတဲ့အကြံပဲ၊ နို့ သံဃာတော် များသာဆိုတဲ့တွဲ မတွေ့သေးဘူးလား"

"မတွေ့ဘူးကွ၊ ဒီရထားမှာ ဒီနေ့ပါမလာဘူး၊ အဲဒါခက်နေတယ်"

"ဟာ. . ဒါဖြင့် မခက်နဲ့ကွာ၊ ဟော့ဒီမှာ ငါ့အိတ်ထဲ မြေဖြူခဲပါလာ တယ်၊ တွဲတစ်တွဲမှာ သွားရေးပြီး အတင်းပင့်ထုတ်တာပေါ့ကွ"

"အေး. . အေး. . ဟန်ပြီ၊ ဟောဟိုမှာ ဘုန်းကြီးနှစ်ပါး သုံးပါးပါတဲ့ တွဲသွားရေးမယ်ကွာ၊ မင်းက လက်ရေးလှတယ်ကွာ၊ မင်းရေးကွာ"

"အေး. . မင်းက ကုတ်အင်္ကျီနဲ့ ဘောင်းဘီရှည်နဲ့ဆိုတော့ ရထားအရာ ရှိနဲ့တူတယ်၊ ငါ ရေးပြီးတော့ ဘုန်းကြီးတွေသွားပင့်"

"မင်းပါ အတူလိုက်ခဲ့ကွာ၊ ဘုန်းကြီးတွေ အဆင်းမှာ သူတို့နေရာရ ရအောင် ယူထားဖို့"

"အေးအေး. . လာ၊ သွားကြမယ်. . မြန်မြန်"

"တံခါးမှာ ရေးနော်. . တံခါးဖွင့်ထားလိုက်တော့ အဝေးကလှမ်းမြင် ရအောင်၊ ဒီတော့မှ ငါက လက်ညှိုး ထိုးပြရုံနဲ့ ပြီးမှာ၊ နို့မဟုတ်ရင် အနား ရောက်မှ မဟုတ်မှန်းသိလို့ ငါ့ဆွဲထိုးနေကြဦးမယ်ကွ"

ကျွန်တော်တို့နှစ်ယောက် စာကိုကျကျနနရေးပြီးသောအခါ၌ မဒီနှင့် ကိုယ်တော်များရှိရာတွဲသို့ ပြန်ခဲ့ကြသည်။ ကျွန်တော်က တွဲပေါ် တက်၍ ကိုယ့် လက်ဆွဲအိတ်ကိုကိုင်ကာ ဘုန်းကြီးတွေခုံနားမှာ မတ်တတ်ရပ်၏။ ဤအခါ၌ ထွန်းအောင်က အောက်မှ ရထားအရာရှိစတိုင်ဖြင့်. . .

"ဩော်. . . ကိုယ်တော်များ၊ သံဃာတော်များသာ ဆိုတဲ့ သီးသန့်တွဲ ကြွတော်မူပါ၊ ဟိုမှာ ချောင်ချောင်ချိချိရှိပါတယ်"

ဘုန်းကြီးများ မျက်လုံးကျယ်ကာ. . .

"ဟေ. . ဟုတ်လား၊ တို့ကွမ်းခြံဘူတာကြီးမှာ ကြည့်ကြတုန်းက မတွေ့ လို့ကွ"

"မျက်စိမှောက်လို့ ဖြစ်ပါလိမ့်မယ်၊ ရှိပါတယ်၊ ဟောဟိုမှာ ကြည့်ပါ"

တံခါးတွင် ကျွန်တော်ရေးထားသောစာကို ထွန်းအောင်ကပြလေ သည်။

ဘုန်းကြီးများ ယုံကြည်ကြကာ. . .

"အိမ်း. . ဟုတ်ပါရဲ့၊ အခုပြောင်းလို့ ဖြစ်ပါဦးမလား၊ ရထားထွက်တော့ မယ်ထင်ပါရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ကိုယ်တော်တို့ ဒီတွဲပေါ် မရောက်မချင်း မထွက်စေရပါဘူး၊ တပည့်တော်တ မီးရထားအရာရှိပါ"

"နေရာတော့ ရှိရဲ့လားဒကာရ"

"သံဃာတော်များအတွက် တွဲရှည်ကြီးတစ်ခုထားတာပဲ၊ ခုံတွေ အများကြီးရှိပါတယ်ဘုရား"

ယင်း၌ ကိုယ်တော်နှစ်ပါးသည် "ကဲ. . ဦးသုမနရေ ကြွကြစို့"ဆိုပြီး သူတို့ပစ္စည်းကလေးများကိုယူ၍ လစ်ကြလေ၏။

ဤတွင် ထွန်းအောင်က. . .

"ဒီ. . ကိုယ်တော်တွေနေရာမှာ ဘယ်သူမှ ဝင်မထိုင်ကြနဲ့ဦး၊ ဟိုဘုန်းကြီးတွဲမှာ ရောက်နေတဲ့လူနှစ်ယောက် ဒီတွဲပို့ရဦးမယ်၊ ခုခေတ် မီးရထားဘက် လုပ်ရတာက ဘုန်းကြီးတွဲ, လူတွဲ ခွဲရတာနဲ့ ဟိုကလူ ဒီပို့, ဒီကလူ ဟိုပို့ပြီး သိပ်ဦးနှောက်ခြောက်တာပဲ"ဟု ညည်းညူလိုက်လေသဖြင့် ဘယ်သူမှ ဝင်မထိုင်ရဲချေ။ ကျွန်တော်သာ သူတို့လာမှ ထပေးမည်ဆိုသော အမူအရာနှင့် ဘုန်းကြီးများ ဟိုတွဲနားရောက်မှ လိမ်မှန်းသိ၍ ဒေါနှင့်မောနှင့်ပြန်လာမည်ကို တားစိုးရိမ်ရသေး၏။

သို့သော် ကျွန်တော်တို့ အကုသိုလ်ကောင်များအကြံအောင်ချင်တော့ ကိုယ်တော်နှစ်ပါး ကျွန်တော်တို့စာရေးထားသော တွဲရှေ့ရောက်သည်နှင့်တစ်ပြိုင်နက် ဂါတ်ဗိုလ်အလံစိမ်းပြ၍ မီးရထားဥသြမှုတ်လေတော့ရာ ဦးသုမနတို့ တာသီလင်တ တက်ကြရလေတော့၏။

ထွန်းအောင်သည် ဘုန်းကြီးများအရိပ်အခြည်ကို ခပ်လှမ်းလှမ်းမှ ကြည့်နေပြီး ရထားအထွက်တွင် ကျွန်တော်တို့တွဲ တက်သည်ကို မြင်လိုက်ရပါ၏။ သို့သော် ခွေးမသား ကျွန်တော့်ဆီသို့ တော်တော်နှင့်ပေါ်မလာသေး။

အောင်မာ. . . လက်စသတ်တော့ ဒီလိုကိုး။ ဆယ်မိနစ်မျှအကြာ၌ အဝတ်အစားတစ်မျိုးနှင့် သူ့အဝတ်အိတ်ကလေးဆွဲကာ လူကြားထဲတိုး၍ဝင်လာသည်၊ ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ ကက်ဦးထုပ်နှင့် မဟုတ်တော့။ ပုဆိုးနှင့်မြန်မာအပေါ်အင်္ကျီနှင့် ဖြစ်နေချေပြီ။ ခွေးမသား အိမ်သာထဲဝင်၍ အဝတ်လဲလိုက်ခြင်း။ ကျွန်တော့်ခုံအနီးရောက်သောအခါ၌ ကျွန်တော့်ကို မျက်စိမှိတ်ပြလိုက်ပြီး. . .

"ဒီနေရာ လူမရှိ၊ ထိုင်ပါရစေခင်ဗျာ"

ဤတွင် ကျွန်တော်ကလည်း ကြွေရရနှင့်. . .

"ကျွန်တော် ထိုင်ရတာတောင် သေချာတာ မဟုတ်သေးဘူးဗျ၊ ခုနက ရထားဘက်ကလူက ဒီနေရာက ဘုန်းကြီးနှစ်ပါးကို သံဃာတော်များတွဲပင့်သွားပြီး ဟိုတွဲက လူနှစ်ယောက် လာပို့ဦးမယ်ဆိုလားပဲ"





"ဒါဖြင့်. . လာတော့ ထပေးရတာပေါ့ဗျာ၊ ခဏထိုင်မယ်နော်"

"ထိုင်လေ. . ထိုင်"

ကျွန်တော်က နည်းနည်းရွှေ့ပေးလိုက်သည်၌ သူက ဝင်ထိုင်ပြီး. .

"ရော့. . စီးကရက်သောက်ပါခင်ဗျ"

ခွေးမသား. . ကျွန်တော့်ဆီက ယူထားသော ကျွန်တော့်စီးကရက်ဘူး ကျွန်တော်က လူမမြင်အောင် မျက်စောင်းခဲပြီး တစ်လိပ်ယူသောက်လိုက်ရသည်။

သူက. . . "မိတ်ဆွေ ဘယ်သွားမလဲခင်ဗျား"

ကျွန်တော်. . "နတ္တလင်းကိုပါ၊ ခင်ဗျားကော"

"ကြို့ပင်ကောက်ကို"

အများရှေ့မှောက်၌ ကျွန်တော်တို့သည် ယခုသိကြရသော မိတ်ဆွေသစ်များအဖြစ် ရောက်သွားကြပြီးနောက် တီးတိုးစကားပြောကြတော့သည်။

ထွန်းအောင်က စ၍ . . .

"မဒီကြီးကတော့ တယ်နိုပ်သဟ၊ တို့အရိပ်အခြည်များ ရိပ်မိသလား မသိဘူး၊ ခဏခဏ မျက်စောင်းခဲတယ်"

"သူ မျက်စောင်းခဲလေ၊ တို့ အိပ်ချင်လေပေါ့ကွာ၊ ဒါနဲ့ ဘုန်းကြီးလေးတွေ သနားတော့ သနားပါရဲ့၊ မှတ်တတ်များလိုက်နေကြရသလား"

"ပူပါနဲ့ကွာ၊ လူတွေက နေရာပေးပါလိမ့်မယ်၊ မပေးတောင် သူတို့တာ အတင်းတိုးထိုင်နိုင်တဲ့ သတ္တိနဲ့ အခွင့်အရေးရှိတယ်ကွ"

ယခုအချိန်၌ ကျွန်တော်တို့မှာ ဇိမ်ကျနေလေပြီ။ အိပ်ချင်ပြေကြီးနှင့် မျက်စောင်းထိုး မျက်နှာချင်းဆိုင်ဆိုတော့ ကြည့်လို့ကောင်း ရှုလို့ကောင်း၊ စတိုင်ပေးလို့ကောင်း။

"ဟေ့. . လွန်းမောင်၊ မင်း ဒီမြာကို တကယ်ရရင် ယူမလား"

"ဘုရားစူးရပါစေရဲ့၊ မိုးကြိုးပစ်ရပါစေရဲ့၊ ကာလနာတိုက်ရပါစေရဲ့၊ ရထားပေါ်မှာ ခုမင်္ဂလာဆောင်ဆို ဆောင်လိုက်ပါ့မယ်"

"မင်း. . စဉ်းစားပြောနော်၊ အိမ်ထောင်ဘက် ဘုရားတည် ဆေးမင်ရည်စုတ်ထိုး"

"ဒါမျိုးနဲ့ မှားပစေတော့ သူငယ်ချင်း၊ ဒါမျိုးနဲ့ မှားရလို့ တစ်သက်လုံးဝဲ မှားပါတော့မယ်"

"ကဲ. . မင်းဘက်ကဖြင့် သေချာပြီ၊ ဤမှတစ်ဆင့်ကား သူမ သဘော အပျိုလော၊ အအိုလောတဲ့"

"အဲဒါတော့ ခု စစ်ပြီးခေတ်မှာ ပြောရခက်တယ် မောင်ရေ့နှုတ်ခမ်းနီ၊ ပါးနီ၊ ဆိုးဆေးတွေနဲ့ ဖန်သား မှန်သား နိုင်လွန်သားတွေနဲ့ ဇာဘော်လီစုံ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သားသည်အမေနဲ့ အပျိုတောင် ခွဲလို့မရဘူး၊ (၁၉၃၆-၃၇)ခုနှစ်အထိ ဆိုရင် တို့မြန်မာမိန်းမတွေဟာ အပျိုမှာရင်းစီးရတယ်၊ သားသည်အမေဖြစ်မှ ဖင်နေ့ကြတယ်၊ ဟော. . အခုခေတ်မတော့ ကြီးတာထက်ကြီး၊ ထွားတာထက် ထွားအောင် လေ့ကျင့်ခန်းတွေဘာတွေ ယူလိုက်ကြတော့၊ တချို့ ဆယ့်လေး နှစ်သမီးတောင် လေးဘက်ထောက်များ လဲသွားမလား စိုးရိမ်ရတော့တယ်၊ မိန်းမတွေ အပြုအမူပြောင်းလဲမှုကို တို့ယောကျ်ားတွေ မလိုက်နိုင်ဘူး၊ မျက် ခြည်ပြတ်ခံခဲ့ကြတယ်"

"အေး. . မင်းပြောတာ မှန်တယ်၊ သို့သော် ငါရထားတဲ့ လင်္ကာကလေး တစ်ခုရှိတယ်၊ 'အပျိုစစ်တို့ တင်ပါးဆုံ နိမ့်တုံမြင့်တုံ ခုန်ရမည်၊ အပျိုမစစ် ထိုကာတစ် တင်ဆစ်ရမ်း၍ ခါရမည်' . . . တဲ့"

ကျွန်တော် ရယ်မိကာ. . .

"မင်းဟာက. . ဒါဖြင့် သူ ထလမ်းလျှောက်တော့မှပဲ ကြည့်ရတော့ မှာပဲ"

"အေးပေါ့ကွာ၊ ခရီးလမ်းတစ်လျှောက်လုံး သူ ထိုင်လို့ချည်းမနေနိုင် ပါဘူးကွာ၊ ဘယ်လောက်ပင် အောင့်ထားဦး၊ လက်ပံတန်းဘူတာကျ ထရမှာပဲ"

"လက်ပံတန်းမရောက်ခင် ဆင်းမှဖြင့်ဒုက္ခ"

"မစိုးရိမ်ပါနဲ့ကွာ၊ သူ့ပုံသဏ္ဍာန်ကြည့်ရတာ ခရီးရှည်ကွ၊ ပြည်အထိ တောင်ဖြစ်ချင်ဖြစ်နိုင်တယ်၊ သူကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း တစ်တစ်ရစ်ရစ်ရှိပုံဖြင့် 'ပြည်ဒိစတြိတ်သူဖြစ်နိုင်တယ်"

"အမယ်. . ကိုယ့်လူက ဦးစံရှားသံ ပါလာပါလား"

"စစ်ပြီးခေတ်မှ ငါဟာ မြန်မာပြည်ကို တော်တော်နှံ့အောင် ရောက်ဖူး ပြီ၊ ဘယ်အရပ်သူဟာ အမူအရာ အပြောအဆို ဘယ်လိုဆိုတာ တော်တော် ခေါက်မိနေပြီကွ"

"အင်း. . တယ်တန်ဖိုးရှိတဲ့ ဗဟုသုတပေါ့ကွာ၊ ကဲ. အခု သူနဲ့အတူ ထိုင်တဲ့ အဒေါ်ကြီးဟာ သူ့ခရီးဖော်ဖြစ်မလား၊ ခရီးကြုံဖြစ်မလား"

"အ,ပ့ါ လွန်းမောင်ရာ၊ ဒီလောက်ချောတဲ့ ဒီအရွယ် မဒီဟာ ခရီးဖော် မပါဘဲ တစ်ယောက်တည်းသွားမလား၊ အပျိုဆိုရင် သူ့မိဘက စိတ်ချမတဲ့လား၊ အအိုဖြစ်ရင်လဲ ကဲ. . မင်းပဲသူ့လင်အဖြစ်နဲ့ စဉ်းစားကြည့်ပါဦး၊ မင်းမယား ဒီခရီးမျိုး တစ်ယောက်တည်းလွှတ်မလား"

"အမယ်လေး. . . မင်းမေးတာနဲ့ ငါ ရင်အောင့်တယ်ကွာ၊ ဘယ်မှာ လွှတ်နိုင်ပါ့မလဲ ထွန်းအောင်ရဲ့"

ဤကား ကျွန်တော်တို့၏အိပ်ချင်ပြေ စကားများဖြစ်တော့သည်။ နှစ် ယောက်သားလည်း စကားပေး စကားယူဖြောင့်၍ ကျေနပ်နှစ်သိမ့်ကြသည်။





သို့သော် တညင်းကုန်းဘူတာလွန်မြောက် မှော်ဘီဘူတာ ရောက်ခဲ့ သည်တွင် ရထားမှာ တော်တော်ကြာ ရပ်ရလေကာ၊ ဘုန်းကြီးနှစ်ပါးသည် ကျွန်တော်တို့အောက် နားရောက်လာလေရာ ကျွန်တော့်မှာ ရင်တဒိတ်ဒိတ်ခုန် တော့သည်။ ထွန်းအောင်သည် တစ်ဖက်သို့ မျက်နှာလွှဲ၍နေ၏။

ဘုန်းကြီးတစ်ပါးက ကျွန်တော့်အား. . .

"ဟေ့. . မင်းတို့ကို ဒီနေရာထိုင်ခိုင်းတဲ့ မီးရထားအရာရှိဆိုတာ ဘယ် သူလဲကွ"

ကျွန်တော်သည် မည်သို့မျှ နားမလည်ဟန်ပြု၍. . တပည့်တော်တို့ကို ဘယ်သူမှ ထိုင်ခိုင်းတာ မဟုတ်ပါဘူး ဘုရား၊ ဦးပဉ္စင်းတို့ ဆင်းသွားတော့ တပည့်တော်တို့ ဝင်ထိုင်နေတာပဲ၊ အစဦး တပည့်တော်က ဦးပဉ္စင်းတို့အနား မှာ မတ်တတ်ရပ်နေတာပါ ဘုရား"

ဘုန်းကြီးသည် ကျွန်တော့်မျက်နှာကိုကြည့်ပြီး မှတ်မိဟန်နှင့်. . .

"အေး. . ငါတို့ထတော့ အဲဒီမီးရထားအရာရှိဆိုတဲ့ကောင်က ဒီနေရာ ကို လူနှစ်ယောက် လာပို့ရမတဲ့ ပြောတယ်၊ မပို့ဘူးလား"

"အခုထိ မပို့သေးဘူးဘုရား၊ တပည့်တော်တို့လဲ သူလာပို့ရင် ထပေး ရမှာပဲ၊ မပို့ခင် ထိုင်နေတာဘုရား"

ဘုန်းကြီးသည် ကြိတ်မနိုင်ခဲမရဖြစ်ကာ (အဝတ်အစားပြောင်းနေ သော ထွန်းအောင်ကိုလည်း မမှတ်မိ၊ ထွန်းအောင်သည် မီးရထားအရာရှိ လုပ်စဉ်က ကက်ဦးထုပ်ကို မျက်စိအုပ်အောင် ဆောင်းထားသည်ဖြစ်၏။)

"သက်သက်စော်ကားသွားတာကွာ၊ တို့ ရဟန်းသံဃာများ သူ နောက် စရာပြောင်စရာ အောက်မေ့ထင်ပါရဲ့၊ တစ်နေရာရာတော့ တွေ့မှာပဲ၊ တွေ့များ တွေ့ရင်တော့လား . . လာ . . ဦးသုမန လျှောက်ကြည့်ကြဦးစို့"

"လျှောက်မနေပါနဲ့တော့ ဦးလောကနာထရာ၊ ကိုယ့်. . ဟိုမှာ ရဟန်း သံဃာ ရှိသေရမှန်းသိတဲ့ ဒကာနဲ့တွေ့လို့ နေရာထိုင်ခင်းရနေမှပဲ"

"မဟုတ်ဘူး ဦးသုမန၊ ကျုပ်က ဆုံးမသင့်တဲ့ကောင် ဆုံးမလိုက်ရမှ ကျေနပ်မယ်"

ဦးသုမန အေးသလောက် ဦးလောကနာထက ဒေါသကြီးပေသည်။ ကိုယ်တော်နှစ်ပါး တွဲတွေကြည့်ကာ လျှောက်သွားကြ၏။

ဤမှ ကျွန်တော် သက်ပြင်းချမိကာ. . .

"ထွန်းအောင်ရေ. . သိများသိသွားရင်တော့ အုပ်လိမ့်မယ်ကွ"

မကောင်းမှုပြုရာ၌ ကျွန်တော့်ထက်စိတ်ခိုင်သော ထွန်းအောင်မှာ ခပ်အေးအေးပင်။

❑



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ဝက်နွှာဘက်ဖြင့် ရလိုက်သောနေရာတွင် ကျကျနနထိုင်လျက်၊ အိပ်ချင်မြေ သတို့သမီးကြီးကို စိတ်၏အာဟာရအဖြစ် သုံးဆောင်တာဖြင့် ပြောချင်တာတွေ တီးတိုးပြော၍ ဝါးနက်ချောင်း၊ သနပ်ချောင်း၊ ထူးကြီး တိုက်ကြီး၊ ဖလုံ၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီတို့ကို ကျော်လွန်ပြီးနောက် လက်ပံတန်းဘူတာသို့ ရောက်ခဲ့လေ၏။

မအတ္တကား လူတို့မာတ်ကြော မသိသောသူ မဟုတ်၍ နေမြင့်လေ အမှုးရင့်လေ ဖြစ်ခဲ့သော ကျွန်တော်တို့အား အမြင်ကပ်နေပြီတော။ သို့သော် ကျောင်းသားဘဝကပင် မိန်းကလေးတို့၏ အော်ဂလီဆန်ခြင်းကို ချန်ပီယံယူခဲ့သော ကျွန်တော်တို့နှစ်ယောက်ကား မဖြုံ။

ဤလက်ပံတန်းဘူတာ၌ ရထားက တစ်နာရီကျော်မျှ ရပ်မည်။

ခရီးသည်တွေ နံနက်စာ စားချိန်ဖြစ်သည်။

ကျွန်တော်တို့သည် လမ်းသလားကြတော့မည်။ ထို့ကြောင့် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခဲ့၍ မျက်နှာသိဖြစ်နေသူအား . . .

"နောင်ကြီးက ဘယ်အထိ သွားမှာလဲ"

သူက ရထားပေါ်မှာပင် ထမင်းမှာစားနေသည်။

"စစ်ကွင်းကို. ."

"ဒါဖြင့် တစ်ဆိတ်ကျေးဇူးပြုပြီး ကျွန်တော်တို့ပစ္စည်းတွေ ကြည့်ထားလိုက်စမ်းပါဗျာ"

ပူအိုက်၍ ချွတ်ခွာထားသော ကျွန်တော်တို့အင်္ကျီများနှင့် လက်ဆွဲအိတ်များကို နေရာမယူရန် ကာကွယ်သည့်သဘောဖြင့် ထိုင်ခုံပေါ် စုပုံပြီး ဆင်းခဲ့ကြလေ၏။

ကျွန်တော်သည် ဘူတာပလက်ဖောင်းပေါ်တွင် ထမင်းတစ်ခါပြင် တစ်ကျပ်နှင့် ကြက်သဲကြက်မြစ်၊ ပုစွန်တုပ်ကွေးကြီးများကို အပိုဝယ်၍ အားရပါးရစားကြလေ၏။

ဗိုက်လေးသောအခါ စီးကရက်လက်ကြားညှပ်၍ လမ်းလျှောက်ကြသည်။ ပထမ ဟသ်ာတဘက်ကလာသော ရထားကိုသွား၍ ကြည့်ကြသည်။

"ဟင်. . ငါတို့တွဲပေါ်က မြာလောက်နိုပ်တဲ့ဟာ တစ်ကောင်မှ မတွေ့ဘူးကွ"

ဒုတိယပြည်ဘက်မှ ဝင်လာသောရထားကို ခရီးဦးကြိုပြုကြသည်။

ပြည်ဒိစတြိတ်က လာရင်တော့ အချောပါပါတယ်ဆရာ"

ကံအားလျော်စွာ ကောင်မပျိုလေးတွေ သုံးလေးယောက်ပါလာသော တွဲ၌ ကျွန်တော်တို့အသိ ပါလာသည်နှင့် တက်၍လေပန်းကြတော့သည်။

ဒါမျိုးကလေးတွေနဲ့ စိတ်သာယာနေရမယ်ဆိုရင်လား ကျွန်တော်တို့မှာ အချိန်ကုန်၍ ကုန်မှန်းမသိပါတကား။





"တိတ်. . တိတ်. . ဟော့ကောင်တွေ. . မင်းတို့ ရထားဥသြမှုတ်ပြီ"

ကျွန်တော်တို့ မိတ်ဆွေကဆိုမှ နှစ်ယောက်သား ကသုတ်တရက် ဆင်းခဲ့ရသည်။

"ထွန်းအောင်ရေ. . တို့တွဲနံပါတ် မင်းမှတ်ခဲ့လား"

"ဟ. . တွဲနံပါတ် မှတ်ဖို့လိုလား။ ဟိုမှာ တို့မဒီကြီးမျက်နှာ ဖိုးရွှေလကြီး အောက်နား မားရှထားသလို နှုတ်ခမ်းတော် နီတျာရဲ့နဲ့"

"ဟုတ်ပေတွ၊ ဟော့. . သူ ထမင်းစားပြီးမှ နှုတ်ခမ်းနီ ထပ်ဆိုးတာ ထင်တယ်"

"ထင်တယ် လုပ်မနေနဲ့၊ မိန်းမဆိုတာ တစ်နေ့လုံး အလုပ်မရှိရင် နှုတ်ခမ်းနီချည်း ထိုင်ဆိုးနေချင်တာကွ"

ကျွန်တော်တို့သည် တရွေ့ရွေ့ထွက်နေသော ရထားပေါ်သို့ ထိုကလေးမကြီးမျက်နှာကိုပင် အမှတ်သညာပြု၍ တက်ခဲ့ကြလေသည်။

ဟိုက်. . . ဒုက္ခာ. . .

"ဟော့. . တို့နေရာ လူတွေဝင်ထိုင်နေကြပြီကွ၊ ဟိုစစ်ကွင်းသွားမယ် ဆိုတဲ့လူကလဲ မပြောဘူးထင်ပါရဲ့"

"တို့ဟာတို့ ဖယ်ခိုင်းတာပေါ့ကွာ. . လာ"

သို့သော် ထိုခုံနားရောက်ရှိ၍ အကျိုးအကြောင်းပြောပြသည်နှင့် ထိုင်နေသူများက ကျွန်တော်တို့ကို အူကြောင်ကြောင်နှင့်ကြည့်ကာ. . .

"အလိုလေး. . ကျုပ်တို့ ရန်ကုန်ကတည်းက စီးခဲ့တာပါဗျ၊ ဟောဒီ အနီးအနားက ရှိသမျှလူအပေါင်း မေးကြည့်ပါဦး"

"ဟုတ်ပေသပေါ့၊ ကျုပ်တို့ပစ္စည်းတွေရော၊ စစ်ကွင်းက လူဆိုတာရော မရှိ၊ တွဲမှားပြီ၊ ဟင်. . ဒါဖြင့် ဟိုငတိမကြီးက. . "

ကျွန်တော်တို့ သူ့ကိုလှည့်ကြည့်လိုက်သောအခါ ခွိခနဲအသံကြားပြီး တစ်ဖက်သို့ လှည့်သွားသည်။ သူ သက်သက်တွဲပြောင်း၍ ကျွန်တော်တို့ကို ချောက်ချတာပေါ့။

ယင်းချောက်ကား ဒီလောက်နှင့်မနေ၊ လက်မှတ်စစ်ရောက်လာပြီ။

ထွန်းအောင်က. . .

"ဟော့. . လွန်းမောင် လက်မှတ်တဲ့"

ကျွန်တော် ရှပ်အင်္ကျီအိတ်ထဲစမ်းပြီး. . .

"ငါ့ကုတ်အင်္ကျီအိတ်ထဲက သရေအိတ်ကလေးထဲမှာကွ၊ ကျွန်တော်တို့ တွဲမှားတက်လို့ဗျာ၊ ရှေ့ဘူတာတော့ ယူပေးပါ့မယ်"

လက်မှတ်စစ်ကို တောင်းပန်ရသည်။

ဒါနှင့် သူ ကျော်သွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ထိုင်ရန်မရှိဘဲ မတ်တတ်ရပ်လိုက်ခဲ့ရသည်။ ရှေ့ဘူတာ ရောက်သည်၌ လက်မှတ်စစ် ကျွန်တော်တို့အနား ပြန်ရောက်လာပြီး. .

"လာ. . ခင်ဗျားတို့တွဲ ဘယ်မှာလဲ"

ထွန်းအောင်နှင့် ကျွန်တော် ရှေ့ကဆင်းရသည်။

"ဟော့. . လွန်းမောင်. . ငါတော့ တွဲကိုမမှတ်မိဘူးကွ"

"ငါလဲ မမှတ်မိဘူးကွ"

လက်မှတ်စစ်က ကျွန်တော်တို့ကို မသင်္ကာသောမျက်နှာမျိုးနှင့်ကြည့် သည်။

"စစ်ကွင်းသွားမယ်ဆိုတဲ့လူ မျက်နှာကို လိုက်ရှာရမှာပဲ"

"ဟ. . . အခုစစ်ကွင်းဘူတာပဲ၊ သူ ဆင်းပြီပေါ့"

"ဟိုက်. . ဒါဖြင့် မြန်မြန်လာဟေ့၊ သူ့ကို မှီလိုမှီငြား"

"နေပါဦး. . တို့ တွဲရှာရမှာက ရှေ့မှာလား၊ နောက်မှာလား"

"ဒါလဲ မသေချာဘူးကွ၊ လာသာလာပါကွာ၊ ဟောဒီရှေ့နားမှာထင် တာပဲ"

ဤတွင် လက်မှတ်စစ်က စိတ်မရှည်နိုင်ဟန်ဖြင့်. . .

"ခင်ဗျားတို့ဟာက တွဲနံပါတ် မမှတ်ထားဘူးလား"

"မမှတ်မိဘူးဗျ"

"တယ်ခက်တာပဲ၊ ဒါဖြင့် ခင်ဗျားတို့နဲ့ ကျွန်တော် အချိန်ကုန်မခံနိုင် ဘူး၊ နေဦးခဏ"ဆိုပြီး ဟိုကြည့်ဒီကြည့်ကြည့်နေသည်။ ဤအချိန်၌ ကျွန်တော် တို့ရပ်နေသောနေရာမှာ ဦးလောကနာထနှင့် ဦးသုမတို့ မျက်မှောက်တွင် ဖြစ်၍ ကျွန်တော် ကျောချမ်းမိပါသေးသည်။

မကြာမီ လက်မှတ်စစ်သည် ရထားရဲတစ်ယောက်ကို ခေါ်ပြီး ကျွန် တော်တို့ကို အပ်လိုက်သည်။

"ကဲ. . ခင်ဗျားတို့ သူနဲ့ပဲ ခင်ဗျားတို့လက်မှတ် ထားခဲ့တယ်ဆိုတဲ့ တွဲ လိုက်ရှာကြပေရော့"

စစ်ကွင်းဆင်းမယ်ဆိုတဲ့လူလည်း မတွေ့ရတော့ ရထားရဲနှင့်အတူ တစ် တွဲပြီးတစ်တွဲ တက်ရလေရာ ကိုယ့်တွဲမတွေ့မီကပင် ရထားထွက်ရလေ၏။

ရထားရဲရှေ့မှောက်၌ ကျွန်တော်တို့မှာ ချွေးသီးချွေးပေါက်များကျလာ သည်။ ဒဏ်ချမှာထက် ပစ္စည်းများဆုံးမှာကို ပို၍စိုးရသည်။

"ဟော့. . ထွန်းအောင်ရေ ရှေ့ဘူတာကျရင်တော့ တို့ဟာတို့ရှာနေတာ ထက် ဟိုငနဲမကို အောက်ကချခံမေးရရင်တော့ သူပြောင်းခဲ့တဲ့တွဲ သူမှတ်မိမှာ ပဲကွ"

"ဒါဖြင့် မင်းသွားမေးကွာ"





"အမယ်. . မင်းလဲ အတူလိုက်ခဲ့ပေါ့ကွ၊ ဒီလို ခွဲခြမ်းခွဲခြမ်းမလုပ်ပါနဲ့"

မင်းလှဘူတာရောက်သည်၌ ပုလိပ်နှင့်အတူ ကျွန်တော်တို့သည် ထို သူငယ်မ မျက်မှောက်ရောက်ကာ အသနားခံရတော့သည်။ သို့သော် တရေး မသည် ကျွန်တော်တို့က သူ့ကို နှစ်သက်သလောက် ကရုဏာတော် မသတိ နှုတ်ခမ်းစူစူ တိုဆတ်ဆတ်အသံနှင့်. . .

"သိဘူး"

ကျွန်တော်တို့က ကျရောက်တော့မည့် ဒုက္ခဖြစ်အင်ကို ပြောပြသည်၌ သူ့အဖော် အဒေါ်ကြီးက သနားစိတ်ပေါ်၍. . .

"ပြောလိုက်ပါ တူမရယ်"

"ဘာလုပ်ပြောရမလဲ၊ သူတို့အမြင်ကပ်လို့ပဲ ကျွန်မ ဒီတွဲပြောင်းလာ တာပဲ"

"ဒါဖြင့် ဒေါ်ဒေါ်လဲ သိမှာပေါ့၊ ဒေါ်ဒေါ်ပြောပါခင်ဗျာ"

"ကဲ. . မင်းတို့ ငါ့တူမရှိတဲ့တွဲ မလာပါဘူးလို့ အာမခံ၊ ငါ ပြောမယ်"

"မလာပါဘူးခင်ဗျာ၊ မလာပါဘူး"

"ဟော့ဟို နောက်တစ်တွဲကျော်ပဲ မောင်တို့ရေ၊ မင်းတို့ဟာလဲ ကဲတို ကဲသကွယ်"

အဒေါ်ကြီးက စကားတင်တွယ်လိုက်သည်။ ငနဲမက ရှုတင်းနေသည်။ ကျွန်တော်တို့ သူတို့ကို ဘာမျှပြန်မပြောတော့ဘဲ ညွှန်ပြရာတွဲသို့ လာခဲ့သည်။

ရောက်သောအခါ၌ ပစ္စည်းများ အားလုံးတွေ့ရပါ၏။ သို့သော် ကျွန် တော့်ကုတ်အင်္ကျီ အပေါ်ဆုံးအိတ်ထဲ၌ ထည့်ထားသော ပလတ်စတစ်အိတ် ကလေးမရှိတော့။ ခုံအောက်တွေဘာတွေ ငုံ့ကြည့်လည်းမတွေ့။

"ဟော့. . ထွန်းအောင်ရေ၊ ပိုက်ဆံအိတ်မှတ်လို့ နိုက်သွားပြီကွ"

"နို့ ပိုက်ဆံမပါဘူးလား"

"မပါဘူး၊ လက်မှတ်နှစ်ခုနဲ့ ငါ့ရည်းစားဓာတ်ပုံပဲ"

ဤတွင် ရထားရဲက. . . "ကဲ. . ဒါဖြင့် ထုံးစံအတိုင်းပေါ့ဗျာ"

ကျွန်တော်တို့ ဘာမျှ မငြင်းနိုင်တော့ချေ။

ဘူတာထဲ လိုက်သွားရပြီး ရန်ကုန်နှင့်မင်းလှ လေးကျပ်သုံးမူးကျသည် ကို ဒဏ်နှစ်ဆ ကိုးကျပ်မတ်တင်းစီ ဆောင်လိုက်ရပြီး မိမိတို့သွားမည့် ဘူတာ များအတွက် ဆက်လက်ယူလိုက်ရလေ၏။

"ငါတော့ ငွေကုန်တာထက် ငါ့ရည်းစားဓာတ်ပုံ နှမြောသကွာ၊ မြို့က များသိရင်တော့ ငါ့ကို ဘာပြောမလဲ"

ထွန်းအောင်သည် ဖြစ်ပြီးသားကိစ္စကို သိပ်ပြီး ဝမ်းနည်းပုံတော့ သူ မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com


"အဲဒါ မြာဂိုဏ်း ဂေါ်ဂိုဏ်းသင့်တာကွ"

သို့သော် ကျွန်တော်တို့ဒုက္ခကား ဤမျှနှင့်မပြီးသေးချေ။ တွဲပေါ်ရောက်၍ ထိုင်နေရာကိုယ် ပြန်ထိုင်မိသည်၌ ကျွန်တော်တို့ကို ဖမ်းသောလက်မှတ်စစ်ရောက်လာပြီး စာရွက်တစ်ခုကိုဖြန့်ကာ. .

"ကဲ. . ခင်ဗျားတို့နာမည်နဲ့ နေရပ်ရေးကြစမ်း"

ကျွန်တော်တို့ မျက်မှောင်ကုတ်ကာ. . .

"ဒဏ်ချပြီးနေပြီပဲဗျ၊ ဘာလို့ ရေးပေးနေရမှာလဲ"

"ရေးရတယ်ဗျ"

"ကြားဖူးပေါင်ဗျာ၊ ကျုပ်တို့အင်္ဂလိပ်ခေတ်က ကျောင်းသားဘဝမှာ ခဏခဏ ဒဏ်ချခံရပါတယ်၊ တစ်ခါမှ ဒီလိုနာမည်နေရပ်ပေးရတဲ့ ထုံးစံမရှိပါဘူး"

"အင်္ဂလိပ်ခေတ်မှာ မရှိပေမယ့် ခုပြည်တော်သာခေတ်မှာ ရှိနေတယ်ဗျ၊ ရေးပါ"

ဤတွင် စိတ်တိုသော ထွန်းအောင်က. . .

"ရေးလိုက်စမ်းကွာ၊ သူတို့ ဘာလုပ်နိုင်မှာမှတ်လို့၊ ပေး. . ငါအရင်ရေးမယ်"ဆိုပြီး သူက ယူ၍ရေး၏။

သူ့နာမည်နေရပ် တစ်ခုမျှ မဟုတ်ချေ။ ကျွန်တော်လည်း ထွန်းအောင်ဉာဏ်ကို စိတ်ထဲကကျိတ်၍ ချီးမွမ်းမိကာ ကျွန်တော့်ကျလည်း တလွဲတချော်တွေ ရေးပေးလိုက်လေ၏။

သို့သော် ကျွန်တော်တို့ မျက်လုံးမျက်ဆန်ပြူးရသည်ကား လက်မှတ်စစ်သည် ကျွန်တော် ရေးပြီးလျှင်ပြီးချင်း စာရွက်ကို ယူလိုက်ကာ. . .

"အဲဒါ ဒဏ်ချတာနဲ့ ဘာမှမဆိုင်ဘူးဗျို့. . ဟော့ဟိုတွဲက ဘုန်းကြီးနှစ်ပါးက ခင်ဗျားတို့လက်ရေးရအောင် ယူပေးစမ်းပါဆိုလို့"

အထူးဖော်ပြစရာ လိုတော့မည်မထင်ပါ။ ကျွန်တော်တို့ ရှိသမျှ ပစ္စည်းအားလုံးကို ကပျာကယာသိမ်း၍ ထွက်စရထားပေါ်မှ ဂမူးရှူးထိုး ဆင်းခဲ့ရတော့သည်။ ဤမင်းလှမှ ကြို့ပင်ကောက် နတ္တလင်းသို့ မော်တော်ကားနှင့်လစ်ရတော့သည်။

ကဲ. . ထွန်းအောင်ရေ. . မြာဂိုဏ်း ဂေါ်ဂိုဏ်းမက သံဃာဂိုဏ်းပါသင့်ပြီကွ၊ မင်းက မင်းကို မမှတ်မိတော့ သူတို့ ဘာတတ်နိုင်တော့မှာလဲဆို၊ ဘုန်းကြီးဦးစံရှားတွေမောင်၊ ငါ့လက်ရေးတောင် ရအောင်ယူသွားပြီ"

❀❀❀

## တောဘဲ ကလေးတွေ ချစ်စရာ

### အပိုင်း (၁)

*ပြာမှောင်မှောင် ခိုးမင်အသွေးရယ်နဲ့*
*ရွာမယောင် မိုးဆင်လို့ပေးဖြန်တော့*
*ပျိုးပင်ကလေးတွေ စိမ်းလဲ့ကြည်။*
*ခနီတောမှာလ ငါးပိ ပေါသနဲ့*
*မီချောထာဘီ ရေတွေစိုလို့*
*စိန်ရွှေကို ပျိုမမက်ပါဘူး*
*ကွန်ဖြေနဂိုအရှက်ကို ဖုံးဝှက်လို့ငို။*
*အာလူးကြော် အညီတစ်ပွဲရယ်နဲ့*
*ငါမူးပြီးနော် အတည်ဆဲမိလိမ့်. . .*
*ဟော့. . ဒီငနဲက သောက်လေတွာ*
*နောက်တစ်ခါဖြင့် ဝီစကီတစ်လုံး။*

ထွေးလုံးသည် တကြော်ကြော် အော်၍နေလေရာ၊ သူ့အမေ ဒေါ်သန်းရွှေက "ဟဲ့သား. . ဘာတွေ ပေါက်တတ်ကရ လျှောက်ဆိုနေတာလဲ"

ထွေးလုံးမှာ သူ့ဘဲကလေး (၁၀)ကောင်နှင့် သိပ်ပျော်နေသည်။

မိုးရာသီ သူတို့ခြံထဲ မြေစိုစိုမှာ တီကျစ်စာပုံတွေ တူးဆွ၍ သူ့ဘဲကလေးများအား တီကောင်တွေ ကျွေးနေလေသည်။

ဝမ်းဘဲတို့မည်သည် တီကောင်ကို အကြိုက်ဆုံးဖြစ်၏။

တစ်ချက်တူးလိုက်၊ တီကောင်တွေ ပေါ်လာလိုက်၊ ဝမ်းဘဲကလေးတွေ တို့စလီ၊ တို့စလီ မြည်လျက် လုစားလိုက်။ သူတို့နှုတ်သီးလေးတွေ ထွေးလုံးနှင့်မထိအောင် မနည်းသတိထားရသည်။ ထွေးလုံးသည် ပျော်လွန်းလှ၍ သူ့နှုတ်ထဲ ရရာတွေ လျှောက်ဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မအေလည်း သူ့သားလှမ်းကြည့်၍ စိတ်ထဲ ကျေနပ်အားရလျက် . .

"ဒီ မဟုတ်တရုတ်သီချင်းတွေ မင်း ဘယ်က ရလာတာလဲကွ"

"ဩော် . . အမေကလဲ အရက်ဆရာ ဦးဦးသော်တာ သူမူးရင် အရပ်ထဲ အော်အော်ဆိုသွားတာ ကြားရဖန်များလို့ တချို့တစ်ဝက် ကျွန်တော် ရနေတာအမေရဲ့"

ဒေါ်သန်းရွှေသည် နောက်ဖေးကြမ်းပြင်မှာ ပန်းကန်ဆေးရင်း . .

"အရက်သမား သီချင်းတွေဟယ်"

စင်စစ် သီချင်းမဟုတ်ပေ။ ရှေးခေတ် ဒဂုန်မဂ္ဂဇင်းကြီးထဲတွင် ဆရာဒဂုန်နတ်ရှင်က 'ပါနောက်'အမည်နှင့် ရေးခဲ့သော ဟာသလေးချိုးတွေထဲမှ တိုတစ်ပိုဒ် သည်တစ်ပိုဒ်ဖြစ်သည်။

ထိုအချိန်က ဆယ့်လေးငါးနှစ်မျှ ရှိခဲ့သော မောင်သော်တာလေးက အလွတ်ကျက်မှတ်ခဲ့ရာ ယခု အသက် (၆၀)ကျော် ပင်စင်ရ ကျောင်းဆရာကြီး ဦးသော်တာက အရက်မူးရင်း ဆိုလေ့ရှိသဖြင့် အရက်သမားသီချင်းဟု မအေတပြောသည်ကို ထွေးလုံးက တယ်ပြီး မကျေနပ်လှ။

"ဆိုလို့တော့ ကောင်းတာပဲ အမေရယ်"

"ကဲ . . ကဲ . . ဒါဖြင့် ဆိုတော်မူပါရှင်၊ ပါးစပ်ကဆိုရင်း လက်က တူးနေတော့ ဘဲကလေးတွေ ခေါင်းလဲ ထိမိခိုက်မိနေဦးမယ်၊ ဩော် . . ဒါနဲ့သားရေ . . မင်း ဘဲလေးတွေ တီကောင်တွေ ကျွေးပြီးရင် ညိုမနဲ့ ကြန်စုံတို့သားအမိကို သွားပြီး မောင်းတိုင်ရွှေ့ပေးလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

"နောက်ပြီး အင်းထဲက ကန်စွန်းရွက်ညွန့်ကလေးများလဲ ခူးခဲ့ပါကွယ်"

"ဟုတ်ကဲ့ အမေ၊ ကျွန်တော့် ငါးလူးတွင်းတွေက ငါးရချင်လဲ ရဦးမှာ"

ထွေးလုံးသည် (၁၁)နှစ်အရွယ် (၅)တန်းကျောင်းသားကလေးဖြစ်၏။ သူတို့ရွာကျောင်းမှ မူလတန်းအောင်ပြီးနောက် နှစ်မိုင်မျှဝေးသော မြို့ပေါ်ရှိ အထက်တန်းကျောင်းသို့ ပြောင်းခဲ့ရသည်။ ထွေးလုံး၏အမေ ဒေါ်သန်းရွှေနှင့် အဖေဦးထွန်းစိန်သည် လယ်ပိုင်ယာပိုင် မရှိ၊ လက်လုပ်လက်စားဖြစ်လေရာ ဦးထွန်းစိန်က ကျရာအလုပ်ကို လုပ်၏။

ဒေါ်သန်းရွှေက ရွာမှထွက်သော ဟင်းသီးဟင်းရွက်များကို နေ့စဉ် မြို့ပေါ်သို့ သွားရောင်းလေ့ရှိ၏။ သို့ဖြင့် သူတို့ ချွေချွေတာတာ စုစုဆောင်းဆောင်းလုပ်ခဲ့ရာ နွားမတစ်ကောင်ဝယ်၍ မွေး နိုင်ခဲ့၏။ ညိုမဟု နာမည်ပင်ပေးသည်။

ညိုမ ဗိုက်နှင့် အရင့်အမာရှိသော တစ်နေ့၌ ထွေးလုံး ညနေကျောင်းကပြန်အလာတွင် "သားရေ . . ညိုမကို သွားရှာချေဦး၊ သူမှာ မွေးခါနီးနေပြီ၊





ကောင်မက မြက်နုက ကြိုက်ပါဘိသနဲ့၊ မတော်တဆ အင်းစပ်ထဲက နွံထဲမှာ နေမှဖြင့် နွားကလေးနစ်နေမှာ စိုးရတယ်"

ထွေးလုံးသည် သူတို့ရွာအနီးက ရွှေကြာအင်းဆီသို့ ဒုန်းစိုင်းခဲ့လေ၏။ အင်းစပ်က တောင်ကမူစာရောက်သောအခါ မြက်နုကလေးတွေ တစ်ဝကြီးစား ပြီး ကိုယ်ဝန်အရင့်အမာနှင့် မြက်ခင်းပေါ် တစောင်းလှဲကာ ခေါင်းထောင်၍ ပါးစပ်တလှုပ်လှုပ်နှင့် စားမြုံ့ပြန်နေသော ညိုမကို လှမ်းမြင်ရသည်နှင့် လက်ထဲရှိ တုတ်ကလေးကို ဝှေ့ယမ်းလျက် တအားပြေးဆင်းသွားလေ၏။

တောင်ကမူစာခြေရင်းရောက်သော် သူ့ခေါင်းပေါ်မှာ တဖျပ်ဖျပ် တောင်ပံခတ်သံ ကြားရသောကြောင့် အသာမော့ကြည့်လိုက်တော့ လားလား တောဘဲငန်းဖြူကြီးတစ်ကောင် တောင်ပံမှာ ခရမ်းရောင်မှန်ကူကွက်နှင့် ထွက်လိုက်တဲ့ဖြစ်ခြင်း။ ထွေးလုံးသည် ထိုဝမ်းဘဲကို တအံ့တသြ ငေးမောကြည့်နေစဉ် ဝမ်းဘဲက အင်းလက်တက်ဖြစ်သော ချောင်းရိုးတစ်လျှောက် ပျံသွားပြီး အင်းစပ်ရှိ ကိုင်းတောပေါ် အရောက်တွင် သုံးလေးပတ် လှည့်၍ဝဲသည်။

ထို့နောက် ကိုင်းပင်များအကြားသို့ ထိုးဆင်းသွား၏။

တိရစ္ဆာန်ကို ချစ်ခင်နှစ်သက်တတ်သော ထွေးလုံးသည် ယင်းဝမ်းဘဲကို အနီးကပ်မြင်လိုစိတ် ပေါ်လာသောကြောင့် ချောင်းရိုးအတိုင်း အင်းစပ် ကိုင်းတောရှိရာသို့ ခြေဖွဖွကလေးနင်းကာ သွားလေ၏။ မိုးဦးကျသည်မှာ သိပ်ကြာသေးသည် မဟုတ်သောကြောင့် ချောင်းကလေးသည် ရေက သူ့ခြေသလုံးဝက်မျှသာ ရှိသေးသည်။ ကိုင်းတောအနီးရောက်လျှင် သူသည် ချောင်းထဲ ဆင်းကာ ခါးကို ကုန်း၍ကုန်း၍ ဖြည်းဖြည်းချင်းလှမ်းကာ ကိုင်းတောချုံပုတ်များအတွင်းသို့ မျက်စိကစားရင်း အခုန ဝမ်းဘဲကြီးကို ရှာသည်။ ချောင်းတွေ့ တစ်နေရာ၌ သူသည် ရုတ်တရက် နွံဗွက်အိုင်လေးတစ်ခုကို နင်းမိ၍ စွပ်ခနဲ ဒူးဆစ်ထိ ဝင်သွားသည်၌ လျှာကလေးတစ်လစ်ထုတ်မိကာ ခေါင်းနားပန်းကြီး သွားလေသည်။ မတော်တဆ သည်အသံကို ဝမ်းဘဲများ ကြားသွား၍ ထပြေးလေမလားပေါ့။

သို့သော် တော်ပါသေး၏။ ဝမ်းဘဲ ထပျံသည် မမြင်ရ။ ထို့နောက် သူ့ခြေထောက်ကို နွံထဲမှ ဆွဲထုတ်ကာ တစ်လှမ်းချင်း ချတ်နင်းလျှောက်ရင်း ကိုင်းပင်များ ချုံပုတ်များကို အသာဖြဲကာဖြဲကာ ချောင်းကြည့်ခဲ့ရာ လေးငါး ကိုက်မျှ သွားမိလျှင် ဆင်ငိုမြက်ကြီးများ ဝန်းရံလျက်ရှိသော မြက်ခြောက် သစ်ရွက်ခြောက်များပေါ်၌ ကျကျနန ဝပ်နေသော ဝမ်းဘဲမကို တွေ့ရလေ၏။ ဝမ်းဘဲမသည် ဖြူဖွေးနေသော သူ့အမွေးအတောင်များကို နှုတ်သီးဖြင့် ဖြီးကာ သူ့ကိုယ်သူ သ,နေသည်။ ဦးခေါင်းကို ရှေ့တိုးနောက်ငင်လုပ်ကာ သန့်ရှင်းပြနေသည်။ ထွေးလုံးမှာ ပီတိဖြာနေ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခဏအကြာ၌ ဝမ်းဘဲမသည် ဝပ်နေရာမှ ဖြုန်းခနဲထကာ တစ်ဘုန်းထိုး ပျံတက်သွားလေသည်။

သူသည် လှုပ်ရှားသမှု မပြုဝံ့သေး၊ ဝမ်းဘဲမသည် အပေါ်မှနေ၍ သူဝပ်ကျင်းရှိရာကို သုံးလေးပတ်မျှ ပါးစပ်က ဂတ်ဂတ်ဂီးအော်မြည်လျက် ဝဲပျံပြီးနောက် သူလာလမ်းအတိုင်း ပျံသွားလေ၏။ အောက်က ချောင်းကြည့်နေသော ထွေးလုံးမှာ ဝမ်းဘဲမ သူ့မျက်စိတစ်ဆုံး ရောက်သွားတော့မှ အသက်ရှူပြောင့်လျက် တဒိတ်ဒိတ်ခုန်သောရင်ဖြင့် ဝမ်းဘဲမ အသိုက်ရှိရာသို့ ခပ်သွက်သွက်သွားလေ၏။

ဟာ. . ဆင်ငိုမြက်ဖုတ်အလယ်မှာ ကိုင်းရွက်ခြောက်တွေ၊ ဘဲမွေးတွေ အပုံကြီး။ ၎င်းကို ဖြဲကြည့်လိုက်တော့ ထွေးလုံး ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း၊ ဝမ်းဘဲဥပြာပြာကြီးတွေ ငါးလုံး။ အပေါ်ဆုံးတစ်လုံး လက်နဲ့အသာကိုင်ကြည့်လိုက်တော့ ပူပူနွေးနွေးရှိသေး၊ ခုနကလေးကမှ ဥခဲ့တာကိုး။

ထိုစဉ် ထွေးလုံး စိတ်ထဲဝယ် အကြံတစ်ခု ဒိုင်းခနဲ ရောက်လာသဖြင့် ဥတွေကို မူလအတိုင်း ဖြစ်အောင် ဘဲမွေးတို့ဖြင့် ပြန်ဖုံးလိုက်ပြီး သူ့စိတ်ကူးနှင့်သူ အလွန်ပီတိဖြစ်လျက် သူလာလမ်းအတိုင်း ပြန်ခဲ့ကာ ညီမကို အိမ်သို့ ပြန်မောင်းခဲ့လေ၏။

ထွေးလုံးတွင် အချစ်ဆုံးသူငယ်ချင်း သူထက် နှစ်နှစ်ကြီးသော ခုနစ်တန်းကျောင်းသားကြီး ငွေးနီမည်သော လူငယ်ရှိ၏။ ထွေးလုံးက သူတွေ့ထားသော ဝမ်းဘဲမအသိုက်နှင့် သူဆန္ဒပြောသောအခါ ငွေးနီက "အေး. . မင်း ဘဲဥလေးတွေ လိုချင်တယ်ဆိုရင် မင်း ဒီဘဲသိုက်တွေ့ထားတာကို ဘဲမကြီး မသိစေနဲ့၊ ဝမ်းဘဲ ထုံးစံ ဆယ့်လေးငါးလုံးဥပြီးရင် ဝပ်လိမ့်မယ်၊ သီတင်းလေးပတ် (၂၈)ရက်ကြာတော့ အကောင်လေးတွေပေါက်မယ်၊ ဒီတော့ တို့ သူ့အမေကြီးကိုပါ သွားဖမ်းယူမယ်"

"ဘဲမကြီးက အဖမ်းခံပါ့မလား၊ ထွက်မပြေးဘူးလား"

"သူ့ကလေးတွေ ချစ်တဲ့ဇောနဲ့ ထွက်မပြေးတဲ့အပြင် မင်းကိုတောင် သူ့နှုတ်သီးနဲ့ ဆွဲလိမ်ဦးမယ်ကွ"

သို့သော် ကြေကွဲဖွယ်ရာကား ဘဲမကြီး ဥတစ်ဆယ့်နှစ်လုံးမြောက် ဥပြီးသော နောက်တစ်နေ့၌ မြို့မှ ရွှေကြာအင်းသို့ ပျော်ပွဲစားထွက်လာကြသော လူတွေလက်ချက်နှင့် သေနတ်မှန်၍ သေဆုံးသွား၏။ နေ့စဉ် ဘဲမကြီး အရိပ်အခြည်နှင့် ဘဲမကြီးဥကျင်းကို သွားရောက်ကြည့်နေသော ထွေးလုံးသည် ထိုနေ့၌ ဘဲမကြီးမလာတော့သည်နှင့် မနေ့က တနင်္ဂနွေမှာ မြို့ကြီးသားတွေ သေနတ်နှင့် ပျော်ပွဲစားလာကြသည်ကို ဆက်နွှယ်ကြည့်ခြင်းအားဖြင့် ဘဲမကြီး ကံကြမ္မာကို သိလေပြီ။



ထွေးလုံးသည် ထိုအကြောင်းကို ငွေးနီနှင့် ဆွေးနွေးသောအခါ သူတို့အိမ်မှာ ကြက်ဘဲများ မွေးမြူသည်ဖြစ်၍ ထိုတိရစ္ဆာန်တို့အကြောင်း သိနေသော ငွေးနီက . . . ဟေ့. . ထွေးလုံး မင်း ဒီဘဲဥတွေ စားပစ်ချင်သလား ဒါမှမဟုတ် ဘဲကလေးတွေ မွေးချင်သလား"

"ဟာ. . ငါ ဘဲကလေးတွေ သိပ်မွေးချင်တယ်ကွာ"

"ဒါဖြင့် ဒီလိုလုပ်၊ ငါတို့အိမ်မှာ နေမကောင်းတဲ့ ငါ့ညီမလေးကို နေ့တိုင်း ကြက်ဥတစ်လုံး ကျွေးနေရလို့ ဥတွေကုန်ပြီ၊ ဝပ်ချင်နေတဲ့ ကြက်မရှိနေတယ်၊ အဲဒီတော့ မင်းဘဲဥတွေကို ငါတို့ကြက်မဥကျင်းထဲ ယူထည့်၊ ပေါက်တော့ရင် ဘဲကလေးတွ မင်းအိမ်ယူသွား"

ယင်းသို့ဖြင့် ထွေးလုံးတို့အိမ်က ညီမက သူ့သားကလေး ကြွန်စုံမွေးဖွားပြီး သုံးပတ်မျှအကြာတွင် ထွေးလုံး၏တောဘဲဆယ့်နှစ်လုံးသည် ဘဲကလေး ဆယ်ကောင်ပေါက်သဖြင့် သူ့အိမ်သို့ ယူဆောင်ခဲ့လေ၏။

ဤနည်းဖြင့် အမိမဲ့ဘဲကလေးများအား မွေးစားအဖေလုပ်ခဲ့သော ထွေးလုံးမှာ သူ့ဘဲကလေး ဆယ်ကောင်နှင့် ပျော်လှသည်။ နောက်ပြီး သူတို့အိမ်မှာ မိခင်နွားမကြီး ညီမနှင့် သားကြွန်စုံကလည်း ရှိနေသည်။ ယခု ကြွန်စုံတနှစ်လသားရှိပြီ။ ဘဲကလေးတွေက တစ်လကျော်ကျော်လောက်ရှိပြီ၊ အထီးအမတော့ ခွဲမရသေး။

ထွေးလုံးသည် ထိုဘဲကလေးများအား တီကောင် ဝလောက်အောင် ကျွေးခဲ့ပြီးနောက် ခြံမတိုလေးတစ်ချောင်း ခါးထိုးပြီး အိမ်မှထွက်ခဲ့သည်။ ညနေ နေထန်းတစ်ဖျားခန့်ရှိ၍ မိုးသားမိုးတိမ်ကင်းစင်လျက် ရာသီဥတုသာယာနေသည်။ ရွာထိပ်က ညောင်ပိန္နဲပင်ကြီးအောက် ရောက်သောအခါ သူတို့ရွာသား ကျောင်းနေဖော်များ ဖြစ်ကြသော ငွေးနီ၊ အောင်ထွန်း၊ အုန်းကျော် စသော ကလေးများ ကစားနေကြသည်။ ထိုနေ့သည် ကျောင်းပိတ်ရက်ဖြစ်သဖြင့် နေ့ခင်းကြီးကတည်းက လာရောက်ကစားနေသည်။

မီးခြစ်ဆံတမ်း ဂေါ်လီရိုက်ကြသည်။

သားရေကွင်း ပစ်ကြသည်။ မျောက်ပန်းလွှန်ကြသည်။

ပိုက်ဆံတမ်း။

ကြည့်စမ်း သည်ခေတ်ကလေးတွေ သည်လောင်းကစားမှုမကင်းသော နည်းတွေ ကစားနေကြသည်။ ထွေးလုံးမှ သူ့အိမ်မှာ သူချစ်သော တိရစ္ဆာန်ကလေးတွေ ရှိနေသည်မို့ အခြားကလေးအဖော်များနှင့် ကစားစရာမလိုတော့။

ဒါကလေးတွေ ကျွေးမွေးပြုစုရသည်နှင့် ပဲပျော်နေသဖြင့် သူ့အရင်းဆုံး သူငယ်ချင်းငွေးနီက ကစားရန် ဆီးခေါ်သည်မှ "ဟေ့အေးကွာ. . ငါအင်းထဲသွားပြီး နွားသားအမိ မောင်းတိုင်ရွှေ့ပေးရဦးမယ်"



www.burmeseclassic.com

မောင်းတိုင်ဆိုသည်မှာ ဆုံလည်တိုင်ပေါ်တွင် ဝါးဆစ်ခေါင်းတစ်ခုနှင့် မောင်းတံစွပ်ထား၍ ထိုမောင်းတံအဖျားမှာ နွားကြိုးကို ချည်၍ထားသည်။ မောင်းတံအရင်းဘက်မှာ အလေးဆွဲထား၍ မောင်းတံအဖျားသည် အစဉ်သဖြင့် အပေါ်ထောင်နေသဖြင့် နွား၏ခြေထောက်ကို ကြိုးမညိုနိုင်။ နွားသည် သူ့ချည်သောကြိုးနှင့် မောင်းတံအရှည်နှစ်ခုပေါင်း အချင်းဝက်ရှိသော စက်ဝိုင်းအတွင်းမှာ လှည့်ကာပတ်ကာ အစာစားနေရသည်။ ယခုလို မိုးတွင်းအချိန်မှာ လယ်များတွင် ကောက်ပင်များ ရှိနေပြီဖြစ်သောကြောင့် နွားများကို လွှတ်ထား၍ မဖြစ်တော့။ သည်လိုစားကျက်တွင် နွားများကို မောင်းတံနှင့်လှန်၍ ထားရသည်။

ထွေးလုံး ရောက်သွားသောအခါ ညိုမသားအမိသည် သူတို့လှည့်ပတ်နိုင်သော စက်ဝိုင်းအတွင်းမှာ ခွာရာချင်းထပ်နေပြီဖြစ်သောကြောင့် အဆင်သင့်ပဲ ထွေးလုံးက မောင်းတိုင်ကို နေရာပြောင်းပေးလိုက်သည်။ ပထမမောင်းတံကို ချုတ်၊ ထိုနောက် မောင်းတိုင်ကို နှဲ့နှဲ့နုတ်၊ ပြီးလျှင် အခြားတစ်နေရာသို့ မောင်းတံကိုယူသွားပြီး လန်းဆန်းစိုပြည်သော မြက်များရှိရာနေရာမှာ မောင်းတံအဖျားချွန်ချွန်ကို မြေပျော့ပျော့တွင် ဆောင့်စိုက်၊ ထိုနောက် နွားမချည်ထားသော မောင်းတံကို နွားမနှင့်ဆွဲယူလာပြီး မောင်းတိုင်မှာ ပြန်စွပ်ပေးလိုက်သည်။ သူ့အဖေ ဦးထွန်းစိန် လုပ်ပေးထားသော မောင်းတိုင်။

ယင်းကိစ္စပြီးသောအခါ ထွေးလုံးသည် မောင်းတိုင်နှင့် တယ်ပြီးမဝေးလှသော ရွှေကြာအင်းထဲဆင်း၍ ကန်စွန်းညွှန့်ခူးသည်။ သို့ခူးရင်း အင်းကမ်းစပ်မှ သူလုပ်ထားသော ငါးလူးတွင်းကလေးတွေကို လျှောက်ကြည့်ရာ ငါးရံ့ခေါင်းတိုကလေးနှစ်ကောင်နှင့် လယ်ငါးခူကြီးတစ်ကောင် ရလိုက်သဖြင့် ထွေးလုံး ဝမ်းသာလှ၏။

နေကို မော့ကြည့်လိုက်သော် အချိန်ရှိသေးသဖြင့် ထွေးလုံးသည် အင်းတမ်းစပ်မှ ငါးလူးတွင်းကလေးတွေ ထပ်ပြီးလုပ်သည်။ သူ့ဓားမတိုလေးနှင့် ရေစပ်မှာ တောင်ဆုပ်လောက်နက်အောင် အချင်းတစ်မိုက်မျှရှိသော တွင်းဝိုင်းဝိုင်းကို တူးသည်။

ပြီးလျှင် ရေစပ်က တွင်းနှုတ်ခမ်းတစ်ခြမ်းမှာ ရွှံ့ကိုချောပြောင်နေအောင် ပွတ်သပ်ထားလိုက်သည်။ ငါးခူ၊ ငါးရံ့ကလေးတို့သည် သည်လိုချောပြောင်နေသော ရွှံ့သားကိုတွေ့လျှင် တက်ပြီးလူးတတ်သည်။

ဤအခါ တစ်ဖက်သို့လွန်ပြီး တွင်းထဲကျ။ ဤတွင်းထဲမှာ ရေမရှိ။

ထွေးလုံးသည် သူ၏ငါးလူးတွင်းကလေးများသို့ အင်းကမ်းပါးမှ လျှောက်သွားသူတို့ မမြင်ရမသိရအောင် တွင်းဝအပေါ်ဘက်မှာ ကိုင်းရိုးဆက်ကိုင်းဖောက်ကလေးတွေနှင့် အုပ်ထားသည်။





အချိန်မရွေး ငါးကလေးတွေက ကျနေတတ်တာပဲ။ မိုးရွာသည်။ ငါးမြူးသည် ဆိုသောအခါများတွင် တစ်တွင်းတည်း နှစ်ကောင် သုံးကောင်ဝင် ရတတ်သည်။ သည်နေ့တော့ နေသာသဖြင့် ငါးမမြူး။ ထို့ကြောင့် သူ့ငါးလူးတွင်း ဆယ့်လေးငါးတွင်းမှ ငါးသုံးကောင်တည်းသာ ရခဲ့သည်။

ညနေစောင်း နေဝင်ရီသရောအချိန်ခန့်တွင် နွားသားအမိကို မ,၍ ကန်စွန်းရွက်စည်းကြီးနှင့် ငါးသုံးကောင်ကို သီတံနှင့်ဆွဲပြီး ရွာတွင်းသို့ဝင်လာသော ဆယ်နှစ်ကျော်ကျော်မျှ ရှိသေးသော သူငယ်ကလေးသည် မည်မျှ ကျက်သရေရှိပါသနည်း။

❑

## ဘဲတလေးတွေနာမည်

"အမေရေ. . ကျွန်တော် သူတို့လေးတွေကို နာမည်ပေးထားပြီ၊ သူက မီးခိုး၊ သူက မဲလုံး၊ သူက မှိုင်းပြာ၊ သူက ညိုမောင်း၊ သူက ဖြူရော်၊ သူကဝါနု၊ သူက ရင်ကျား၊ သူက ကျောကွက်၊ သူက ဘေးဖြူ၊ သူက ရောင်စုံတဲ့ အမေ"

ဘဲကလေးများသည် သူ့နှင့်လက်ပွန်းတတီး နေနေကျ၍ အလွန်ယဉ်ကျေးနေသည်။ ထွေးလုံးပတ်ချာလည်မှာ ပါးစပ်ကလေးတွေ တွီစလီ တွီစလီ မြည်လျက် လှုပ်လှုပ်ရွရွနေသည်ကို ထွေးလုံးက သူ့အမေအား တစ်ကောင်စီ တစ်ကောင်စီ ဦးခေါင်းကလေးတွေ လက်ညှိုးနှင့်ထောက်ပြ၍ နာမည်ကလေးတွေ မှည့်ခေါ်နေလေရာ သူ့အမေက . . .

"သားရဲ့. . နှင့်ဘဲကလေးတွေက ငါ့မျက်စိထဲမှာတော့ ညိုညိုပြာပြာ၊ ဖြူဖြူဝါဝါကလေးတွေချည်းပါပဲကွယ်၊ တစ်ကောင်နဲ့တစ်ကောင် ခွဲမသိပါဘူး"

"ကျွန်တော်ကတော့ သိတယ်၊ ဟောဒါ ညိုမောင်း၊ ဟောဒါ ရင်ကျား၊ ဟောဒါ ရောင်စုံ၊ ဟောဒါ ဘေးကွက်"

"မင်း ဘယ်လိုမှတ်သလဲ"

"မြင်နေကျတော့ အလိုလိုသိနေတာပေါ့ အမေရယ်၊ တဲ. . မကြီးမငယ်တို့ အမြွှာပူးညီအစ်မလေ၊ နံဘေးကလူတွေက ခွဲမသိကြဘူး၊ ဟော. . သူ့အမေကတော့ သိနေတာပေါ့၊ အဲဒီလိုပေါ့. . နောက်ပြီး သူများကျွဲတွေကို စုကျောင်းတဲ့ ကိုပေတူးကြီးလေ၊ တဲ. . ကျွဲတွေ အကောင်နှစ်ဆယ်အစိတ်ကို ဘယ်သင်း ဘယ်သူ့အိမ်က ကျွဲဆိုတာကို သူ ခွဲခြားသိနေတာကော၊ အဲဒါမှ အံ့ဩဖို့ကောင်းတာ၊ မကြီးမငယ်တို့က ညီအစ်မနှစ်ယောက်တည်းရယ်၊ ကျွန်တော့်ဘဲကလေးတွေ ဆိုတာကလဲ အမွေးအရောင်လေးတွေ နည်းနည်းစီ ကွဲပြားသေးတယ်၊ တဲ. . ကျွဲတွေကျတော့ အားလုံးအရောင်တူ၊ ချိုတူတွေလေ၊ ပေါက်ဘူးလားအမေ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ထုတ်ဝါတယ် သားရယ်"

"တဲ့ . . ဘုန်းကြီးတွေ ကြည့်ဦး၊ အလျှမှာ ဘုန်းကြီးဆယ့်လေးငါးပါး ကြွလာတယ်၊ သင်္ကန်းဝါဝါနဲ့ချည်းပဲ၊ ဒါပေမယ့် အမေတို့ ကိုယ့်ကျောင်းက ဘုန်းကြီးတော့ ကိုယ်မှတ်မိတယ်၊ ခွဲခြားပြီး သိတယ်မဟုတ်လား"

"တယ် . . ငထွေးလုံး၊ နင့်ဟာ တော်တော့၊ ဘယ့်နှယ်တော် ဘဲကနေ မကြီး မငယ်ရောက်၊ မကြီး မငယ်ကနေ ကျွဲရောက်၊ ကျွဲကနေ ဘုန်းကြီးရောက်၊ မစပ်မရာတွေ"

"ပြော် . . သဘောပြောတာပါ အမေရဲ့၊ ဒါနဲ့အမေ ဘုန်းကြီးနဲ့ ကျွဲနဲ့ မတည့်ဘူးနော်၊ ကျွဲတွေဟာ ဘုန်းကြီးတွေမြင်ရင် လိုက်ခတ်တာပဲ၊ ဘုန်းကြီးတွေ လယ်ကွင်းထဲများ ကြွရရင် ကျွဲအုပ်ကို ဝေးဝေးကရှောင်ရတယ်၊ ကျွဲတွေက ဘုန်းကြီးတွေကို ဘာလို့ လိုက်ခတ်တာလဲ အမေ"

"ဟဲ့ . . ကျွဲတွေက ဘုန်းကြီးတွေရယ်လို့ ခတ်တာမဟုတ်ဘူး၊ သူတို့ မျက်စိထဲမှာ နီနီဝါဝါ အရောင်တွေကိုသာ လိုက်ခတ်တာ"

"ဟုတ်မယ် အမေ . . ဟုတ်မယ်၊ တစ်ခါက ကျောင်းက ကိုရင်ကြီး ရှင်တိဿနဲ့ ကျွန်တော် ဥသျှစ်ကုန်းရွာက မသာသွားတော့ အပြန်မှာ ချုံကွယ် တစ်ခုကနေ ရုတ်တရက် ကျွဲတစ်ကောင်ထွက်ပြေးလာပြီး ကိုရင်ကြီးကို လိုက် ခတ်တာ၊ ကိုရင်ကြီးက ပြေးရင်း စိတ်ကူးရပြီး သူ့ကေသီကြီး ချွတ်၊ ချုံတစ်ခု ပေါ်မှာ တင်ပစ်ခဲ့တော့ အဲဒီကျွဲကြီးဟာလေ ကိုရင်ကြီးကို ဆက်မလိုက်တော့ ဘူး၊ အဲဒီချုံပေါ်က သင်္ကန်းကြီးကိုချည်း ဆောင့်ဆောင့်ခတ်နေတော့တာပဲ၊ ဟီး . . ဟီး . . ရယ်ဖို့ကောင်းလိုက်တာ"

"ရယ်မနေနဲ့ ငါ့သား၊ မင်းလဲ တစ်နေ့ ကိုရင်ဖြစ်ရဦးမှာ"

"ဘယ်တော့လဲ အမေ"

"ကြန်စုံ ကြီးတော့လေ၊ ကြန်စုံကို ရောင်းပြီး၊ မင်းကို ရှင်ပြုဖို့ တို့စိတ် ကူးထားတာပဲ"

"ဟင် . . ကြန်စုံကို မရောင်းနဲ့အမေ၊ ကြန်စုံကို မရောင်းရဘူး၊ ကြန်စုံ မရှိတော့ ကျွန်တော် ငိုနေမှာ၊ ဘယ့်နှယ်လုပ် ရှင်ပြုဖြစ်တော့မလဲ"

"ဟယ် . . နောက် လေးငါးနှစ် လိုပါသေးတယ်ကွာ၊ ကြီးတော့ စိတ် ပြောင်းလာဦးမှာပေါ့"

"မပြောင်းဘူး အမေ၊ ဘယ်တော့မှ မပြောင်းဘူး"

❑



ရန်သူ

ထွေးလုံးက သူ့ဘဲကလေးတွေ နာမည်ပေးသောအချိန်မှာ ဘဲကလေး တွေက ငယ်လှသေးသည်။ ကျောမကုန်းသေး၊ မွေးကြမ်း မထိုးသေး၊ ဥမှ ထွက်ခဲ့သော မွေးနုမွေးညင်းကလေးတွေသာ ရှိသေးသည်။ အဲသည်အရွယ် မှာ အင်မတန်ပျောက်တတ်ရှတတ်သည်။

နေ့အချိန်မှာ ကျီးရန် စွန်ရန်တွေ ရှိသည်။ ထို့ကြောင့် ထွေးလုံးသည် နေ့အချိန်မှာ သူ မကြည့်နိုင်လျှင် ဘဲကလေးတွေကို အပြင်သို့ မလွှတ်တော့။ ညအချိန်မှာ သူ့ဘဲကလေးတွေ အိပ်သောနေရာသို့ မြွေကြွက်ကြီးများ မဝင် နိုင်ရန် ရေနီဆီပုံးအပျက်များမှ သံပြားတွေကို လုံခြုံစွာဝိုင်းထားသည်။

သို့တိုင် သူ့ဘဲကလေးတွေ နာမည်ပေးပြီး လေးငါးရက်လောက်အကြာ မှာ ဘဲကလေးတစ်ကောင် စတင်၍ပျောက်လေသည်။

ထွေးလုံးသည် ညနေကျောင်းမှအပြန် သူတို့နွားမ ညိုမတို့သားအမိ ကိုမောင်းလှန်ထားသော ကွင်းပြင်ထဲမှ ပြန်မရုပ်သိမ်းမီ ဘဲကလေးတို့အား တီကောင်တူး၍ ကျွေးနေကျ။ နေ့စဉ် အချိန်မှန်မှန် အပြင်ထွက် အစာစားနေ ကျဖြစ်သော ဘဲကလေးတို့သည် ထွေးလုံးလာသည်ကိုမြင်လျှင် ဝပ်နေရာမှ ထကြပြီး ပါးစပ်ကလေးတွေဖြဲ၍ တွီစလီ တွီစလီမြည်လျက် ဘဲခြံတံခါးဖွင့် ပေးလိုက်သည်နှင့်တစ်ပြိုင်နက် ရှေ့မှ ပေါက်ပြား သို့မဟုတ် တူရွင်းကို ထမ်း သွားသော ထွေးလုံးနောက်သို့ ခြေထောက်နားမှကပ်၍လိုက်ကြတော့သည်။

ထိုနေ့ညနေ၌ ထွေးလုံးသည် တစ်ဖက်မှာ ချုံပင်များရှိသော ခြံစည်း ရိုးအနီးမှာ ဘဲကလေးတွေ တီကောင်တူးကျွေးနေစဉ် သူ့အမေက အိမ်နောက် ဖေးရေကပြင်မှနေ၍ . . .

"သားရေ မင်းဘဲကလေးတွေ ခဏထားပြီး အမေ့ကို ရေတစ်ခေါက် လောက် တင်ပေးစမ်းပါကွယ်" ဟု ဆိုသဖြင့် "ဟုတ်ကဲ့ အမေ"ဟုပြန်ပြော ပြီး လက်ထဲက ပေါက်ပြားကို ချခဲ့၍ အိမ်ဆီသို့ ပြန်လာခဲ့သည်။ ပေါက်ပြား ကို ချမထားခဲ့၍တား မဖြစ်။ ထိုပေါက်ပြားနှင့် ထွေးလုံး သွားမည်ဆိုလျှင် ဘဲကလေးတွေက နောက်မှ စုပြုံလိုက်မည်သာ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သဘောမှာ လူထက် ပေါက်ပြားက သူတို့အား တီကောင်ကျွေးသည်ဟု ယူဆဟန်တူသည်။ ပေါက်ပြားနားမှာ ဝိုင်းအုံ၍ ကျန်ရစ်ခဲ့သည်။ အတယ်တန္တိ အခြားတစ်စုံတစ်ယောက်က ဤပေါက်ပြားကို လာ၍ ယူသွားအံ့၊ ထိုလူနောက်သို့ သူတို့စုပြုံလိုက်ကြပေလိမ့်မည်။ စင်စစ် သူတို့စိတ်ထဲတွင် သူတို့အား တီကောင်ကျွေးသည်မှာ လူကမဟုတ်၊ ပေါက်ပြားသာ ပဓာနဟု အောက်မေ့ကြကုန်သည်။

ဥပမာ. . ကြည့်ပါ။ ထွေးလုံးအဖေရယ်၊ ထွေးလုံးအမေရယ်၊ ထွေးလုံးရယ် သုံးယောက်အတူလာပြီး ဘဲခြံကိုဖွင့်ပေး၊ ပေါက်ပြားကိုင်သူ၏နောက်ကိုသာ သူတို့လိုက်ကြသည်။ ဤပေါက်ပြားက သူတို့အား တီကောင်ကျွေးသည်ဟု ဘယ့်ကလောက် အစွဲအလမ်းကြီးနေသလဲဟူမူ သူတို့နေ့စဉ်မြင်နေကျ ထွေးလုံးတို့မိသားစုမဟုတ်ဘဲ အခြားလူတစ်ယောက် ပေါက်ပြားထမ်းသွားသည်ကို မြင်လျှင်လည်း ထိုလူနောက်မှ စုပြုံလိုက်သွားတတ်သည်။

ထို့ကြောင့် ထွေးလုံးတို့၏အိမ်ခြံတံခါးဝမှာ ဘဲမထွက်နိုင်အောင် တစ်တောင်သာသာမြင့်သော ဝါးထရံကလေးယက်၍ ကာထားရသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် လမ်းမကလူတစ်ယောက် ပေါက်ပြားထမ်းသွားသည်ကိုမြင်လျှင် နောက်မှ စုပြုံလိုက်သွားတတ်သောကြောင့် ဖြစ်၏။

အတော်ခက်တဲ့အကောင်မျိုး။

မြန်ဆက်စို့ . . . ထိုနေ့ညနေက ထွေးလုံးသည် သူ့အမေအား ရေခပ်ပေးပြီးနောက် (ဆယ်မိနစ်လောက်ပဲ ကြာတယ်) ပြန်လာပြီး ဘဲကလေးတို့အား တီကောင်ဆက်၍ တူးကျွေးနေသည်။ သို့စဉ် ထွေးလုံးသည် သူ့ဘဲအုပ်ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု ချွတ်ယွင်းနေသည်ဟု အောက်မေ့လာ၍ တစ်နှစ်သုံးလေး ရေတွက်ကြည့်တော့ ဟိုက်. . ကိုးကောင်တည်း။ သူ ထပ်ရေပြန်သည်။ ဟုတ်တယ် ကိုးကောင်တည်းပဲ။ ဟိုက် တစ်ကောင်ဘယ်ရောက်သွားပါလိမ့်။ အဲနီးပတ်ဝန်းကျင်ကို ကြည့်တယ်၊ မမြင်။ ဘဲတို့၏သဘာဝမှာ တစ်ကောင်နှင့်တစ်ကောင်လည်း ခွဲမနေတတ်။ ဧကန္တ ဘဲကလေးတစ်ကောင်တော့ ပျောက်ပါပြီ။ ငါ ရေခပ်နေတုန်း ကျီးကန်းများသုတ်သွားလေသလား၊ ဟင့်အင်း ကျီးကန်းလည်း သည်အနီးပတ်ဝန်းကျင်မှာ မမြင်ပါဘူး။

ထွေးလုံးအိမ်မှာရှိနေလျှင် ကျီးကန်း သူတို့ခြံထဲတောင် မလာဝံ့ပါဘူး။ အဘယ့်ကြောင့်ဆိုသော် ထွေးလုံးလက်ထဲမှာ သို့မဟုတ် ခါးမှာ ခွလေးက အမြဲရှိနေ၏။

ကဲ. . . ဒါဖြင့် စွန်များလား။ ဟင့်အင်း. . စွန်တို့မည်သည် သည်လိုမိုးရာသီ တွင် လူတို့ရပ်ရွာတွင် မနေတတ်။ ဝါတွင်းကာလမှာ ဟိမဝန္တာတောသို့ သွား၍ ဝါဆိုနေကြသည်ဟု လူကြီးသူမများ ပြောကြ၏။





ထွေးလုံးသည် သည်ရာသီမှာ စွန်တစ်ကောင်တစ်မြီးမျှလည်း မမြင်တော့။ သူ့ဘဲကလေးတစ်ကောင် ပျောက်သည်ကို မစဉ်းစားတတ်အောင် ဖြစ်နေတော့၏။

သူ့ဘဲအုပ်ကို သူထပ်၍ထပ်၍ ရေသည်။ ဘယ်နှခါရေရေ ကိုးကောင်ဟာ ကိုးကောင်ပဲ။ နောက်ဆုံး၌ ထွေးလုံးသည် သူ့ပုဆိုးစထဲသို့ တစ်ကောင်နှစ်ကောင် ကိုးကောင်ဟု ရေတွက်ထည့်ခဲ့ပြီး ထိုင်ရာမှထ၍ ငိုယိုကာ အိမ်သို့ ပြန်ခဲ့လေ၏။

"အမေရေ. . ဘဲကလေးတစ်ကောင် ပျောက်သွားပြီဗျ"

ဝမ်းခေါင်းသံကြီးနှင့် လှမ်းအော်ပြောလိုက်တော့ သူ့အမေက မီးဖိုချောင်ထဲမှ . . .

"ဟဲ့. . ဘယ့်နှယ်လုပ် ပျောက်တာတုံး"

"သိဘူး. . အမေ ရေခပ်ခိုင်းလို့ ရေခပ်ပြီးပြန်လာတော့ တစ်ကောင် လျော့နေတာပဲ"

"မင်း . . မျက်စိများ မှားသလားကွယ်"

"မှားပါဘူး၊ အခုပဲ တစ်ကောင်စီဖမ်းပြီး ကျွန်တော့်ပုဆိုးထဲထည့်ခဲ့ပြီ အမေ လာကြည့်ပါဦး"

သူ့အမေလည်း အိမ်အောက်ဘဲခြံသို့ ဆင်းလာတော့ ထွေးလုံးသည် ဘဲခြံဝမှာ ဆောင့်ကြောင့်ထိုင်၍ သူ့ပုဆိုးခါးပုံစထဲမှ တစ်ကောင်စီထုတ်ကာ "ဟောဒါက ဝါနု၊ ဟောဒါက ညိုမောင်၊ ဟောဒါက မီးခိုး၊ ဟောဒါက ရင်ကျား ဟောဒါက ဖြူရော်၊ ဟောဒါက မှိုင်းပြာ၊ ဟောဒါက မဲလုံး၊ ဟောဒါက တော့ကွက်၊ ဟောဒါက ရောင်စုံ၊ ကဲ. . ကုန်ပြီ၊ ဘေးဖြူရယ် ပျောက်သွားတာပေါ့"

"ကျီးကန်းများ ထိုးသလားကွယ်"

"ကျွန်တော်တို့ခြံထဲ ကျွန်တော်ရှိရင် ဘယ်ကျီးကန်းမှ မလာရဲဘူး"

"စွန်တို့ ချိုးသိန်းတို့လဲ ဒီအချိန်မှာ မရှိပါဘူး၊ ကြွက်တွေများ ဆွဲသွားသလား၊ အဲဒီအနားမှာ ကြွက်တွင်းရှိသလား"

"ဘာတွင်းမှ မရှိပါဘူး၊ ကျွန်တော် ပေါက်ပြားနဲ့ လျှောက်ပေါက်ထားတာ မြွေတွေမှလို့"

"ဒါဖြင့် မြွေများလား"

"မြွေဆို ကျွန်တော် တွေ့ရမှာပဲ၊ မြွေဆိုတာ သူ့သားကောင်ကို ဘယ်တော့မှ ချီယူမသွားဘူး၊ ရတဲ့နေရာမှာ မျိုတာပဲ၊ ကဲ. . ဒီတော့ ကျွန်တော် ရေခပ်နေတဲ့ အချိန်ဟာ ခဏလေးပဲ၊ အဲဒီအတွင်းမှာ ဘဲက အငယ်လေးမို့ သူ မျိုပြီးသွားလဲ မဝသေးဘူး၊ နောက် တစ်ကောင်ပြီးတစ်ကောင် သူ ဗိုက်မပြည့်မချင်း မျိုနေဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း. . ငါ့သားပြောတာ မှန်တယ်၊ ဒါဖြင့် ဘယ်လိုက ဘယ်လိုများ ပျောက်ပါလိမ့်ကွယ်၊ ကဲ. . တိတ်ပါ သားရယ်၊ ကိုယ့်မှာ ကိုးကောင်ကြီးများ ဆောင် ကျန်သေးတာပဲ"

"ဘေးဖြူလေးကို သနားတာ အမေရဲ့၊ ဘာကောင်များ စားသွားတာပါ လိမ့်"

"ကဲ. . တိတ်တိတ်၊ ဘဲခြံကိုပိတ်ခဲ့၊ ညိုမတို့သားအမိဆီ သွားချေဦး"

ဘဲခြံတို့မည်သည် ကြက်ခြံလိုမဟုတ်။ အပေါ်က အုပ်စရာမလို။ ဒူးဆစ်လောက်မြင့်သော အကာရှိလျှင်ပင် ဘဲများမထွက်နိုင်တော့ပြီ။ ထွေးလုံးသည် သူ့ဘေးဖြူလေးအတွက် ရင်ထဲက ဆွေးတသသနှင့် ရွာမှ ကွင်းထဲသို့ ထွက်ရလေရာ သူ့အမေဘေး၌ ခုန်ပေါက်မြူးထူးနေသော ကြန်စုံလေးကို မြင်လိုက်ရတော့မှ သူ့ဘဲကိစ္စကို ခေတ္တမေ့ပျောက်သလို ရှိသွား၏။ သို့သော် ထွေးလုံးမှာ သူ့ဘဲကလေးများအတွက် ပူရသည်မှာ ဘေးဖြူတစ်ကောင်တည်းနှင့် မပြီးသေးချေ။ နောက်တစ်နေ့ နံနက်တွင် ဘဲခြံထဲ၌ပင် နောက်ထပ်နှစ်ကောင် ပျောက်နေပြန်လေ၏။

"အောင်မယ်လေး အမေရဲ့ (ငိုသံပါကြီးနှင့်) လာကြည့်ပါဦးဗျ၊ ရောင်စုံနဲ့ မှိုင်းပြာနှစ်ကောင် မရှိတော့ပြန်ဘူးဗျ"

ထွေးလုံးအဖေ ကိုထွန်းစိန်မှာ ပန်းရန်ဆရာဖြစ်၍ ထိုအချိန်၌ အခြားရွာတွင် ပန်းရန်သွားလုပ်နေသဖြင့် သူတို့အိမ်မှာ သည်သားအမိနှစ်ယောက်တည်း။ မအေကြီးပဲ ဘဲခြံရှိရာ ဆင်းလာပြီး . . .

"ဟင်. . ဘယ်လိုများ ပျောက်ရပြန်ပါလိမ့်ကွယ်၊ လူဝင်ခိုးတာဆိုလဲ"

"တစ်ကောင်မှ မချန်ဘူး၊ အားလုံးယူသွားမှာပေါ့ အမေရယ်"

"ဒါဖြင့် ခွေးဝင်ကိုက်သွားတာများလား"

"ဒီအနီးအနားမှာက ကြက်၊ ဘဲ ကိုက်တတ်တဲ့ ခွေး မရှိပါဘူး၊ ရှိလဲ ကျွန်တော်တို့ခွေးမျောက်ညိုက ကျွန်တော်တို့ခြံထဲ တခြားခွေး အဝင်မှမခံတာ၊ ဟင်း. . ဘေးဖြူရယ်၊ ရောင်စုံရယ်၊ မှိုင်းပြာရယ်၊ နင်တို့ ကုသိုလ်ကံလေးတွေက ဆိုးလိုက်တာဟယ်"

"ဩော်. . သားရယ်၊ သတ္တဝါတစ်ခု ကံတစ်ခု၊ သေနေ့စေ့တော့ တစ်နည်းနည်းသေရမှာပဲ၊ တရားနဲ့ ဖြေပါကွယ်"

"အဖေ ရှိရင်တော့ ကောင်းမှာပဲ"

"မင်းအဖေ ရှိတော့ကော ဘာတတ်နိုင်မှာလဲ"

"တရားခံ ရှာနိုင်မှာပေါ့ဗျာ"

"ကဲ. . သားမျက်ရည်တွေ သုတ်ကွယ်၊ ကျောင်းသွားဖို့ ပြင်တော့"

"ကျွန်တော် မသွားနိုင်ဘူး၊ ဒီဘဲကလေးတွေကို စိတ်မချဘူး"





"ကျောင်းမသွားလို့ ဘယ်ဖြစ်မလဲသားရယ်၊ သွားသာသွား[illegible] ကြည့်ထားလိုက်ပါ့မယ်"

"အမေ ဈေးရောင်းသွားရင်ကော"

"တောင်းနဲ့အုပ်ပြီး အပေါ်က ခဲဖိခဲ့ပါ့မယ်၊ ငါ့သား စိတ်ချလက်ချသာ သွား. ."

"ခု သူတို့ကို အမေ အစာကျွေးလိုက်ပါဦး"

"ညက ထမင်းကြမ်းကျန်ကို ရေဖျော်ပြီး ကျွေးလိုက်ပါ့မယ်"

ထွေးလုံးသည် ယခုမနက် သူ့အမေ ချက်ထားသော ထမင်းပူပူနွေးနွေးကို မနေ့က သူငါးလူးတွင်းမှ ရခဲ့သော ငါးဟင်းနှင့်စားပြီး အိမ်မှ ထွက်ခဲ့လေ၏။ သူ ကျောင်းသွားရသည်မှာ ဖြောင့်ဖြောင့်တန်းတန်း မဟုတ်သေးချေ။ လွယ်အိတ်ကို ပုခုံးစလွယ်သိုင်းပြီး ညိုမတို့သားအမိကို ကွင်းစားကျက်ထဲသို့ ပို့ခဲ့ရသေး၏။ ရောက်သော် နွားမကြီးကို မောင်းတံတွင် ချည်ပြီးမှ ကျောင်းသွားရန် တာလမ်းမကြီးသို့ တက်ခဲ့ရ၏။ တာလမ်းပေါ်တွင် သူ့အား အသင့်စောင့်နေသော သူငယ်ချင်းငွေးနီနှင့် တွေ့လျှင် သူ့ဘဲလေးသုံးကောင်ပျောက်ရပုံကို အသေးစိတ်ပြောပြသည်။ သူတို့အိမ်မှာ ကြက်၊ ဘဲ မွေးနေကျဖြစ်သော ငွေးနီသည် အတော်ကြာ စဉ်းစားပြီးနောက် . . .

"ငါ့စိတ်ထဲမှာ ဒီရန်သူတော့ ပေါ်လာပြီဟေ့"

"ဘယ်သူလဲ. . ဘာကောင်လဲ"

"မပြောသေးဘူးကွာ၊ မျက်ဝါးထင်ထင်မိမှ မင်း သိရစေ့မယ်၊ ညနေကျောင်းဆင်းတော့ ငါ မင်းတို့အိမ် လိုက်ခဲ့မယ်"

သူ့စကားအတိုင်း ငွေးနီသည် ထွေးလုံးတို့အိမ် လိုက်လာပြီး ဘဲခြံကို ကြည့်လျက် ခေါင်းတစ်ချက်နှစ်ချက် ညိတ်၏။

"မင်း ဘာခေါင်းညိတ်တာလဲ"

"ငါ့တွေးတောချက် မှန်နိုင်လို့ပါကွာ၊ ကဲ. . မင်းဘဲလေးတွေတောဟိုတောင်းအောက်မှာလား"

"အေး. . အမေက သူမရှိရင် အုပ်ပစ်ခဲ့တာကွ"

"ကဲ. . ဖွင့်လိုက်ပါကွာ"

ထွေးလုံးက ဖွင့်လိုက်၏။

"ဟိုက်. . တစ်ကောင်ပျောက်သွားပြန်ပြီ၊ ခုနစ်ကောင်ရှိရမှာ ခြောက်ကောင်တည်း"

ထွေးလုံးသည် မျက်ရည်တွေဝဲလျက် . . .

"အမေရေ. . တစ်ကောင်ပျောက်ပြန်ပြီဗျ၊ ကျောက္ကက်ရယ် [illegible] ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

မီးဖိုချောင်မှ သူ့အမေက ထလာပြီး . . .

"ဟဲ့. . ငါ အပြင်ထွက်မယ်လုပ်တော့ အဲဒီတောင်းနဲ့ အုပ်ပစ်ခဲ့တာပဲ၊ ပြန်တောင် ဖွင့်မပေးရသေးဘူး၊ ငါ မေ့နေလို့၊ ဒီတောင်းထဲမှာ ဘာကောင်က ဝင်နိုင်မှာမို့လဲ၊ အောက်က မြေကြီးမှာများ ကွက်ဖောက်ရာ ရှိသလား"

ထွေးလုံး . . .

"မရှိဘူး"

ငွေနီ . . .

"အရီးသန်းရွှေ ဘဲကလေးတွေ တောင်းအုပ်တော့ ဘယ်အချိန်လဲ"

"နာရီပြန် တစ်ချက်လောက်ပါဟယ်"

"သူတို့ကို အုပ်တော့ ဘယ်နှကောင်ရှိသလဲ၊ အရီးသန်းရွှေ ရေကြည့် မိသေးလား"

"ဒီ ရှုစိရှုစိကလေးတွေ ငါ မရေနိုင်ပါဘူးဟယ်၊ သူတို့ စုဝပ်နေတာ အပေါ်က တောင်းအုပ်လိုက်တာပဲ"

ငွေနီသည် ခေါင်းတစ်ချက် ဆတ်လိုက်ပြီးနောက် . . .

"ကဲ. . ထွေးလုံး၊ ဘဲကလေးတွေ အပေါက်ဖွင့်ထုတ်လိုက်၊ မနေ့က တစ်ကောင်ပျောက်တဲ့နေရာ ခေါ်သွားပြီး မနေ့ကလို တီတူးကျွေးနေ၊ အဲ. . မင်း မနေ့က ရေခပ်တဲ့အချိန်ကျတော့ ငါ့ဆီ ပြန်လာခဲ့"

ထွေးလုံးသည် ပေါက်ပြားထမ်း၍ ဘဲကလေးတွေ သူ့နောက်မှ တွီစလိ တွီစလိ မြည်လျက် ဝမ်းသာအားရ လိုက်သွားကြသည်။ မနေ့ကနေရာရောက်တော့ ငွေနီမှာ သည့်အတိုင်းပင် တီတူးကျွေးနေသည်။ ငွေနီကတော့ သူတို့ အိမ် ရေကပြင်မှာထိုင်၍ ကြည့်နေသည်။ ထွေးလုံးသည် သူ မနေ့က ရေခပ်ချိန်ရောက်ပြီလို့ ထင်သောအခါ ပေါက်ပြားချခဲ့၍ငွေနီရှိရာသို့ပြန်လာခဲ့သည်။

ငွေနီ. . . "လာ. . ဒီကနေ အသာကြည့်နေ၊ ငါ ထင်တာမှန်ရင်တော့ ဘဲကလေးတစ်ကောင်တော့ စတေးရဦးမှာပဲကွ"

ဘဲကလေးများသည် ထွေးလုံးချထားခဲ့သော ပေါက်ပြားပတ်လည်မှာ တူးဆွထားသော မြေပွပွတွင် နူတ်သီးနှင့်လျှောက်ထိုး၍ တီကောင်ရှာနေကြသည်။ တယ်ပြီး မကြာလိုက်ပါ။ ခြံစည်းရိုး ဟိုဘက်ချုံပုတ်ထဲရှိ ကျောဝါဝါ ဗိုက်ဖြူဖြူ ကြောင်ကြီးတစ်ကောင် ရုတ်တရက်ခုန်ထွက်လာတဲ့ပြီး ဘဲကလေး တစ်ကောင်ကို ချီသုတ်သွားလေ၏။

ထွေးလုံးသည် ရေကပြင်မှခုန်ချကာ ထိုကြောင်အား သူ အမိဖမ်းနိုင်တော့မည့်နှယ် ပါးစပ်မှ ဆဲဆိုရေရွတ်လျက် တအားပြေးလိုက်သည်။ သို့သော် ကြောင်ဆိုးကိုကား အရိပ်အယောင်မျှ မမြင်ရတော့ပြီ။ ငွေနီက အေးဆေးစွာပင် လျှောက်လာလျက် ခြံစည်းရိုးဟိုဘက် ကူးမည်ပြုနေသော ထွေးလုံးအား





"ဟေ့. . မင်းလိုက်နေလို့ အပိုပေါ့ကွ၊ ဒီအချိန်မှာ ဟိုကြောင်တ သူ ထိုင်ပြီး နေကျနေရာမှာ မင်းဘဲကလေးစားရလို့ တစ်ဝက်လောက် ကုန်နေရောမယ်"

ထွေးလုံးကိုယ်မှ အသားများ တဆတ်ဆတ်တုန်လျက် . . .

"ကျွန်တော် အဲဒီကြောင်ကို သတ်ချင်လိုက်တာ"

"ဒီကြောင် သတ်ချင်တဲ့လူဟာ မင်းတစ်ယောက်တည်း မဟုတ်ဘူး တို့အပိုင်းမှာ ကြက်ဘဲမွေးတဲ့သူ အားလုံးကပဲ"

"ဘယ်လူ့အိမ်က ကြောင်လဲကွ၊ မင်းသိလား"

"သိတာပေါ့၊ ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်က သူတို့အချစ်တော်ကြီးပဲ၊ မင်းအိမ် ဘဲကလေးတွေရှိမှန်း သူ မနေ့ကမှ စသိလို့ သိသိချင်းတစ်ကောင်၊ ဟော ညက နှစ်ကောင်၊ နေ့လယ်က မင်းအမေ တောင်းနဲ့မအုပ်ခင် တစ်ကောင်၊ အခု တစ်ကောင်"

ထွေးလုံးသည် မျက်ရည်ရွဲရွဲနှင့် သူ့ဘဲကလေးတွေ စိုက်ကြည့်နေရာမှ

"အခုပါသွားတာ ညိုမောင်းရယ်ကွ၊ တောက်. . မနေ့က ဒီအချိန်တနေပြီး အခု ဒီအချိန် (၂၄)နာရီအတွင်းမှာ ငါးကောင်ဆွဲတော့ မလွန်လွန်းဘူးလားကွာ"

"အေး. . မနေ့ညက သူလာတဲ့အချိန်မှာပဲ ခုည သူလိမ့်ဦးမယ်"

"ငါ မအိပ်ဘဲ စောင့်ချောင်းနေပြီး လှံနဲ့ထိုးသတ်မယ်"

"ရမလားကွ၊ ကြောင်က ညမျက်စိမြင်တဲ့အမျိုး၊ မင်းက သူ့ဘယ့်နှယ် လုပ်မြင်မလဲ၊ မီးခွက်ကြီး ကိုင်စောင့်နေရင် ကြောင်က ဟီးဟီးလို့တောင် ရယ်သွားလိမ့်ဦးမယ်"

"တောက်. . အဖေရှိရင် ကောင်းမှာကွာ"

"မင်းအဖေရှိရင်လဲ. . ဒီလိုနေရာမျိုးမှာ ကြောင်ကို ဘာမှ မတတ်နိုင်ဘူး"

"ဒါဖြင့် တို့ ဒီကြောင်ကို ဘယ့်နှယ်လုပ်ရမလဲကွာ၊ ဒီလိုပဲ ကြည့်နေရတော့မှာလားကွာ"

"ရပါတယ်၊ ကဲ. . ဒီညနေ မင်း လုပ်စရာရှိတာလုပ်၊ ငါ အိမ်ပြန်မယ်၊ ညစာ ထမင်းစားပြီးတော့ ငါ လာခဲ့မယ်၊ ဘဲကလေးတွေကို လူမကြည့်နိုင်တဲ့ အချိန်မှာ တောင်းနဲ့အုပ်ထားနော်၊ မင်းတို့ဘဲခြံက ကြောင်မလုံဘဲကိုးကွ"

ပြောပြီး ငွေနီ ပြန်သွားသည်။

ည ရီတမှောင်ရှိသောအချိန်၌ ငွေနီသည် သူ့စကားအတိုင်း ပြန်လာ၍ ထွေးလုံးက "ကဲ. . တို့ဘာလုပ်ကြမလဲ"၊ ငွေနီက "တို့ ဘာမှ မလုပ်နိုင်ဘူး၊ လုပ်နိုင်တဲ့လူဆီကို သွားကြရလိမ့်မယ်"

"ဘယ်သူ့ဆီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာတောင်ပိုင်းက စစ်ပြန်လက်သမားဆရာကြီး ဦးတေနောင်"

ထွေးလုံးသည် သူ့အမေအား ပြောပြီး သူငယ်ချင်းနှစ်ယောက် ရွာမိုးလျှောက်ခဲ့ကြရာ ဦးတေနောင်၏အိမ်သို့ ရောက်သောအခါ ကျောင်းဆရာကြီး ဦးသော်တာကိုပါ နှစ်ယောက်သား လက်ဖက်ရည်ကြမ်းသောက်နေသည်ကို တွေ့ရလေသည်။

ဦးတေနောင်က . . .

"ဟော့ . . သူငယ်လေးတွေ ဘာကိတ်"

လူကြီးတွေအနား သူတို့ကိုယ်ကလေးတွေ ယို့ယို့နှင့် ထိုင်လိုက်ကြပြီး ထွေးနီက . . .

"ကျွန်တော်တို့အပိုင်းမှာ ကြောင်သောင်းကျန်းထနေပြန်ပြီ အဘရဲ့"

"ဘယ်သူ့အိမ်က ကြောင်လဲကွ"

"ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်က ကြောင်ပါခင်ဗျာ့"

"တော်တော်ဆိုးနေပြီလား"

"ကမ်းကုန်နေပါပြီ ခင်ဗျား။ ဟောဒီ ထွေးလုံးတို့အိမ်က ဘဲကလေးတွေ တောင် (၂၄)နာရီအတွင်းမှာ ငါးကောင်စားပစ်ပါပြီ ခင်ဗျာ့"

ဤတွင် ကျောင်းဆရာကြီး ဦးသော်တာက မျက်မှောင်ကုတ်စဉ်းစားလျှက် . . . "ဦးတေနောင်ရဲ့၊ ဒီ ကြောင်တို့ ခွေးတို့ ဆိုတာဟာ ဆုံးမပေးရင် ရပါတယ်၊ ဥပမာ . . ခွေးတစ်ကောင် ကြက်ကိုက်လာမယ်ဆိုရင် အဲဒီကြက်ပြီး ခပ်စပ်စပ်ကလေး ရိုက်ထားလိုက် မှတ်သွားရော၊ နောက် မကိုက်တော့ဘူး၊ ကြောင်လဲ ဒီလိုပဲ"

ဤတွင် ထွေးနီက . . .

"ဆရာကြီးပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီအိမ်က ကြောင်ရှင်အမျိုးသမီးတွေက သူတို့ကြောင် ကြက်ဘဲကိုက်တာတိုပဲ ဝမ်းသာနေကြတယ်လေ၊ ဘာကြောင့်ဆို သူတို့ခြံထဲကို ကြက်ဘဲလာတာကို မကြိုက်ဘူးတဲ့ ခင်ဗျာ့"

ဆရာကြီး . . "ဘာလို့လဲ၊ သူတို့ခြံထဲ ကြက်ဘဲဖျက်ဆီးနိုင်တဲ့ အပင်များ စိုက်ထားလို့လား"

"ဘာမှ ဖြစ်ဖြစ်မြောက်မြောက် စိုက်တာလဲ မဟုတ်ပါဘူး၊ ကြက်တွေက အမှိုက်တွေ လာလာယက်တာ မကြိုက်ဘူးတဲ့လေ"

"တယ် . . မသိသားဆိုးရွားတာတွေပဲ၊ ဒီလို သစ်ရွက်တွေ အမှိုက်တွေ ဆိုတာက ကြက်ဘဲရှိမှ သူတို့က ယက်ဖြူထိုးဆွနေကြတော့ ခြတွေ၊ ပုရွက်ဆိတ်တွေ မနေနိုင်ဘူး၊ မြေကြင်း မခိုအောင်းနိုင်ဘူးဆိုတာ နားမလည်ကြဘဲ တိုး . ."





ဦးတေနောင် . . "ဒီ ဦးဘသိန်းတို့ ဒေါ်ထွေးနွယ်တို့ဆိုတာ မြို့ကြီး ကျယ်ကျယ်၊ အိမ်ကြီးရခိုင်နဲ့နေပြီး အောက်သက်တော့တာ မဟုတ်ဘူးဗျ၊ သူတို့ အိမ်မှာ ကြက်ဘဲတိရစ္ဆာန် မမွေးဘူး၊ တခြားကလာတာလဲ မကြိုက်ဘူးဆိုတာ ကိုပဲ သူတို့ကိုယ်သူတို့ အထက်တန်းကျလှပြီ၊ လူကြီးလူကောင်းတွေ ဖြစ်နေပြီလို့ ယူဆနေကြတာဗျ"

ဦးသော်တာ . . "တဲ့ . . ဒါဖြင့် သူတို့အိမ်က ကြောင်က တခြားအိမ်က ကြက်ကလေး ဘဲကလေးတွေ လိုက်ကိုက်နေတယ်ဆိုတာ မသိကြဘူးလား"

ထွေးနီ . . . "သိပါတယ် ခင်ဗျာ၊ သူတို့အိမ်နားက ကိုကံညွန့်တို့၊ ကိုအောင်ချစ်တို့ ကြက်ကလေးတွေ တစ်အုပ်ပြီးတစ်အုပ် ကုန်ပေါင်းများလှလို့ သွားပြောတော့ 'သူတို့ခြံထဲ လာရင် ကိုက်မှာပဲ၊ ကိုက်ပစေ၊ မလာအောင် ကိုယ့်ကြက် ကိုယ်ထိန်းကြ'တဲ့၊ ကိုကံညွန့်တို့က 'ခင်ဗျားတို့ ခြံထဲတင် မဟုတ်ဘူး၊ ကျုပ်တို့ခြံထဲလာပြီးတော့ နေ့ရောညရော ကိုက်တာပဲ' ဆိုတော့၊ သူတို့ ကြောင်ဟာ သူတို့အိမ်နဲ့ သူတို့ခြံဝင်းထဲက ဘယ်မှသွားတာ မဟုတ်ဘူးတဲ့လေ"

ဦးတေနောင် . . . "အဲဒါ မသိသားဆိုးရွားတာပဲဗျ၊ ကြောင်ဆိုတဲ့ အကောင်မျိုးဟာ ကြက်ကလေး ဘဲကလေး စားဖူးပြီး ခံတွင်းတွေ့သွားပြီဆိုရင် မစားရ မနေနိုင်တော့ဘူး၊ ရွာမိုးကိုးပေါက် လျှောက်ကိုက်တော့တာပဲ၊ အဲဒါတို့ မိန်းမညာဏ်တွေနဲ့ ဘယ်စဉ်းစားတတ်မလဲလေ"

ဦးသော်တာ . . "ဒါဖြင့် သူတို့အိမ်က ဦးဆောင်ယောကျ်ား ဖိုးဘသိန်းကို ပြောပါလား"

ထွေးနီ . . . "အဲဒီလူကြီးကလဲ မယားက ငါးခြောက်ဆိုရင် ဆိတ်ဆိတ်ပြီးသား လူစားကြီးဗျ၊ ကျွန်တော်တို့က ပြောတော့ . . 'ငါ့ကြောင် မင်းတို့ခြံထဲ လာကိုက်တယ်ဆို ဖမ်းသတ်လိုက်ပေါ့ကွ'တဲ့၊ ခက်တာက ကြောင်ဆိုတာ အမြင်ဘက်မှာ သူစိမ်းလူဖမ်းလို့ ဘယ်တော့မှ ရတာမျိုးမဟုတ်ဘဲ၊ သူတို့အိမ်ထဲ အတင်းဝင်ဖမ်းမှပဲ ရမယ်"

ဦးသော်တာ . . "ဒါဖြင့် ရပ်ရွာလူကြီး သွားတိုင်ကွ၊ ကြက်ဘဲဆိုတာ ပြည်သူ့ဟင်းလျာ၊ ဒီကြောင်ဟာ ရွာမိုးကိုးပေါက် ပြည်သူ့ပစ္စည်းကို ဖျက်ဆီးနေတာပဲ၊ ရပ်ရွာလူကြီးက အရေးယူသင့်တယ်"

ဦးတေနောင် . . . "ဦးသော်တာ ပြောတာမှန်တယ်၊ ရပ်ရွာလူကြီး တာဝန်ပဲ၊ ဒါနဲ့ ကျုပ်တို့ မြန်မာပြည်မှာ ဒီလိုရပ်ရွာလူကြီးတွေ မဖွဲ့ခင်တုန်းက ကချင်ပြည်နယ်မှာရှိတဲ့ မလေ့ထုံးစံလေး သဘောကျသဗျာ"

ဦးသော်တာ . . "ဘယ်လိုတုံး စစ်ပြန်ကြီးရဲ့"

ဦးတေနောင် . . "ဒီလို အိမ်ကြောင်ဆိုးလဲ ရွာထဲမှာ မရှိဘူးဗျ ဒါ ပေမယ့် ညညမှာ တောကြောင်တွေက လာတတ်ကြတယ်၊ အဲဒီတောကြောင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရအောင်ဖမ်းနိုင်တဲ့သူကို ရွာထဲမှာ ကြက်ဘဲမွေးတဲ့အိမ်တိုင်းက ကြက်သားခွဲလေးတစ်ကောင်စီ ပေးရတယ်၊ ကြက်ကလေးမရှိရင် ကြက်ဥပေးပေါ့လေး၊ သူ့တို့ ကျေးရွာအန္တရာယ် ကာကွယ်တဲ့ဆုကြေးပေါ့"

ဦးသော်တာ. . "တယ်နိပ်ပါလားဗျ၊ ကောင်းတဲ့ ဓလေ့ပဲ"

ဦးတေနောင် . . . "ဒီတောကြောင်သာ မဟုတ်သေးဘူး၊ ကြက်ဘဲအကောင်ကြီးတွေတောင် သုတ်တတ်ကုတ်တတ်တဲ့ စွန်တို့၊ ချိုးသိမ်းတို့၊ လင်းယုန်တို့ကို ထောင်လို့သော်လည်းကောင်း၊ ပစ်ခတ်လို့သော်လည်းကောင်း ရရင် အဲဒီလူကိုလဲ အားလုံး ကြက်ကလေးတစ်ကောင်စီ ပေးရတာပဲ"

ဦးသော်တာ . . "ဟန်သဗျ၊ အဲဒီစနစ်ကတော့. ."

ထွေးလုံး. . "ဒါနဲ့ မသိလို့ မေးပါရစေ ဘကြီး၊ ဒီလို မိုးရာသီဝါတွင်းတာလမှာ စွန်တွေ၊ သိမ်းတွေ၊ လင်းယုန်တွေ ကျွန်တော်တို့ဆီ မလာကြတာဟာ သူတို့ဟာ ဟိမဝန္တာတောထဲသွားပြီး ဝါဆိုနေကြလို့ဆို"

ဦးသော်တာက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး . . .

"တို့မြန်မာများ ကြံဖန်ပြီးတော့ ဝါတွင်းကာလနဲ့ပတ်သက်ပြီး ပြောတတ်ကြတာကွ"

ငွေနီ. . . "နို့ မဟုတ်ဘူးလား"

ဦးသော်တာ. . . "ဘယ်ဟုတ်ရမှာလဲကွ၊ စွန်တို့၊ သိမ်းငှက်တို့၊ လင်းယုန်တို့ဆိုတဲ့ သားစိမ်းငါးစိမ်းစား ငှက်တွေကို မိုးတွင်းမှာဆိုရင် သူတို့အတွက် အစာ ကြွက်တို့၊ မြွေတို့၊ ဖားတို့၊ ငါးတို့ ပေါတဲ့ အင်းအိုင်ဒေသတွေ သွားနေကြတာကွ၊ မိုးကုန်လို့ အဲဒီမှာ ဖားငါးရှားလာတော့မှ လူတို့ရပ်ရွာဆီ စားကျက်ပြောင်းလာပြီး မင်းတို့မွေးတဲ့ ကြက်ဘဲတွေကို သုတ်ကြတော့တာကွ"

ထွေးလုံး "အင်း. . ဟုတ်မှာပဲ၊ ဒီသားစိမ်းစားတဲ့ ငှက်တွေက ဝါဆိုတယ်လို့ပဲဗျာ၊ ကြံကြံဖန်ဖန် ဘုန်းကြီးတွေပဲ ဝါဆိုတာကြီးကို၊ ဒီစွန်တို့၊ သိမ်းတို့ လင်းယုန်တို့ဆိုရင် ကျွန်တော် မကြောက်ပါဘူးဗျာ၊ ခွလေးတစ်ချောင်းနဲ့ ကျွန်တော့်ဘဲတွေကို ကျောင်းနိုင်တာပဲ၊ အခု ညဘက်ပါလာပြီး အလစ်သုတ်နေတဲ့ကြောင်တော့ ဘယ်လိုလုပ်ရမယ် မသိဘူး"

ဦးသော်တာ. . . "ငါ ခုနပြောသလို ရပ်ရွာလူကြီး သွားတိုင်ကွာ"

ဦးတေနောင်. . . "ဒီအထိ မလိုပါဘူးဗျာ၊ ဒီကြောင် ကျုပ် သုတ်သင်နိုင်ပါတယ်၊ ဦးသော်တာ ခင်ဗျား ကြောင်သားစားလား"

ဦးသော်တာ. . "ကျုပ်က လူစားတာမှန်သမျှ အကုန်စားတယ်"

ဦးတေနောင် "အဲ. . ဟုတ်ပြီ၊ ဟေ့ ငွေနီ၊ အဲဒီကြောင် ဘယ်လောက်ကြီးသလဲကွ"

ငွေနီ. . "နှစ်ပိဿာ သုံးပိဿာပဲ ဘကြီးရေ"





ဦးတေနောင် . . . "ဒီအကောင်ကြီးဆိုရင် အုန်းနို့နဲ့ နှပ်လိုက်ရ ပထမတန်းပေါ့ကွာ၊ အုန်းသီးလိုနေပြီ"

ဦးသော်တာ. . "အုန်းသီးခြောက်တွေ ကျုပ်အပင်မှာ ရှိပါ့ဗျာ၊ တက်မယ့်လူ လိုနေတယ်"

ငွေနီ. . "ကျွန်တော် တက်နိုင်တယ် ဘကြီး"

ဦးတေနောင် . . . "အေး. . ဟုတ်ပြီ၊ ကဲ. . မင်းတို့ ငါ့ထောင်ချောက်ယူရအောင် လာတာမဟုတ်လား၊ ဟော့ဟို လှေကားခုံအောက်မှာ ယူသွားကြပေရော့"

စစ်ပြန်လက်သမားကြီး ဦးတေနောင်၏ ကြောင်ထောင်ချောက်မှာ တစ်ပေပတ်လည် သေတ္တာရှည်၊ အလျားနှစ်ပေခွဲလောက်ရှိသည်။ ကြောင်ဝင်ပေါက်ကို ဖင်ပိုင်းဟု ဆိုကြပါစို့။ ခေါင်းပိုင်း၏ လက်တစ်ဝါးလောက်နေရာမှာ ကြောင်စာထားရန် သံဆန်ခါကာထားသော အကန့်ကလေးရှိသည်။ သေတ္တာ၏လေးပုံတစ်ပုံနေရာမှာ အပေါ်က မောင်းတိုင်ထူ၍ ကြောင်ဝင်ပြီး ပိတ်သွားရန် မောင်းတံဆင်ထားသည်။

သေတ္တာအတွင်းမှာ ပျဉ်ပြားတစ်ခု၊ ကြောင်တက်နင်းလိုက်က မောင်းတံပြုတ်သွားရန် ကြိုးနှင့်စီမံထားသည်။ ငွေနီသည် ဤထောင်ချောက်အလုပ်ကို ကျွမ်းကျင်နေပြီဖြစ်၍ ထွေးလုံးတို့ခြံထဲမှာ မောင်းတင်လိုက်သည်။ အပေါ်ဘက်မှ ဖွင့်၍ပိတ်၍ရသော ကြောင်စာအကန့်လေးထဲသို့ ဘဲကလေးတစ်ကောင်ကို ထည့်ပြီး ပိတ်ထားလိုက်သည်။ ကျန်ဘဲကလေးအားလုံးကို ကြောင်မမြင်ရအောင် တောင်းနှင့်မှောက်ထားလိုက်သည်။

ထိုကြောင် လာချိန်တန်လျှင်တော့ လာမည်။ ထောင်ချောက်ထဲက ဘဲကလေးကို သံဆန်ခါပေါက်မှ သူမြင်တော့ အပြေးဝင်၍ ခုတ်မည်။ ဤမှာ ထောင်ချောက်မောင်းက ကျသွားကာ မောင်းတံနှင့်ဆွဲထားသော ပျဉ်ပြားတဒေါက်ခနဲကျ၍ ပိတ်သွားလေပြီ။

အားလုံးပြင်ပြီးသွားသောအခါ ထွေးလုံးက မေးသည်။

"ဟေ့. . ငွေနီ၊ အထဲက ဘဲကလေးကို ကြောင်လက်သည်းနဲ့ မကုတ်နိုင်ဘူးလားကွ"

"ဘယ်ကုတ်နိုင်မှာလဲ၊ သံဆန်ခါက သံကြိုးမျှင်မျှင်သေးသေးလေးတွေနဲ့ အပေါက်ကျဉ်းကျဉ်းကလေးတွေပဲ၊ ကြောင်လက် မဝင်နိုင်ဘူးကွ၊ မင်းဘဲကလေးအတွက် ဘာမှ မစိုးရိမ်နဲ့၊ ကြောင်မိပြီးတဲ့အခါမှာ မင်း ဘဲကလေးပြန်ထုတ်ပြီး သူ့အဖော်တွေနဲ့ အိပ်ပါစေတော့၊ ကဲ. . ငါပြန်မယ်၊ မ[illegible]တောစောမှ လာခဲ့တော့မယ်"

"ဒီကြောင် လာမှာလား၊ မိမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါကွာ၊ ဘကြီးတေနောင်နဲ့ ငါနဲ့ စားနေကျပါ"

"ငါတော့ အဲဒီကြောင် မမိမချင်း ထိုင်စောင့်နေမှာပဲ"

ထွေးလုံးသည် သူ့စကားအတိုင်း မအိပ်ဘဲ ခြံဆီနားစွင့်လျက် စာကျက်နေ၏၊ တယ်ပြီး မကြာလိုက်၊ (၉)နာရီလောက်တွင် ဒေါက်ခနဲ ထောင်ချောက်ကျသံကြား၍ ထွေးလုံး ကပျာကသီ မီးခွက်နှင့် ဆင်းကြည့်လိုက်တော့၊ ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ စားနေကျ ကြောင်ဖားကြီး အထဲက မာန်ဖီပြီး သံဆန်ခါကို လက်သည်းနှင့် ကုတ်ခြစ်နေလိုက်သေး။ ထွေးလုံးစိတ်ထဲ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း။ "ဟင်း. . ငါ့ဘဲကလေး ငါးကောင် အပင်းဆို့သွားတဲ့ အယုတ်တမာကောင်ကြီး၊ နင် ဝဋ်လည်ပြီမှတ်"

နံနက် ဝေလီဝေလင်းတွင် ဝွေးနီရောက်လာသော် ကြောင်ထောင်ချောက်နားမှာ ပီတိဖြစ်နေသော ထွေးလုံးကို တွေ့ရသည်။

သူတို့နှစ်ယောက်သည် ကြောင်ထောင်ချောက်ကို သယ်ဆောင်ကာ ဦးတေနောင်အိမ်သို့ ရွာအပြင်လမ်းမှ သွားကြလေ၏။ ရေနွေးကြမ်းတစ်အိုးနှင့် ထိုင်နေသော ဦးတေနောင်ကို အသင့်တွေ့ရသည်။

"ကြောင်ဖြစ်လျက် ကြွက်ကိုမခုတ်၊ ကြက်ဘဲ ခုတ်သည့် ထိုကြောင်ယုတ်ကို သုတ်သင်ရန်မှာ လူတာဝန်တည့်"

ထိုနေ့သည် ထွေးလုံးတို့ ကျောင်းပိတ်ရက် ဖြစ်လေရာ ရပ်ရွာ၏ရန်သူ့အသားကို ဦးသော်တာ၏ အုန်းနို့နှင့်နှပ်ပြီး သူတို့လူသိုက် အောင်သေအောင်သားစားကြသတည်း။

တယ်ကောင်း . . .

ယခုအချိန်၌ ထွေးလုံးသည် အန္တရာယ်ကင်းရှင်းသွားပြီဖြစ်သော မီးခိုး၊ မဲလုံး၊ ဖြူရော်၊ ဝါနု၊ ရင်ကျားမည်သော ဘဲကလေးငါးကောင်နှင့် ပျော်ရွှင်စွာရှိလေသတည်း။

# အပိုင်း (၂)

မီးခိုး, မဲလုံး, ဖြူရော်, ဝါနု,,ရင်ကျား မည်သော ထွေးလုံး၏ ဘဲတလေးငါးကောင်သည် တစ်နေ့တခြား ကြီးပြင်းလာခဲ့ရာ နှစ်လကျော်သောအခါ သိသိသာသာကြီး ဖွံ့ဖြိုးလာလျက် တစ်ကောင်လျှင် ကိုယ်အလေးချိန် နှစ်ဆယ်သားမျှ ရှိလာလေပြီ။ ပုံသဏ္ဌာန်လည်းပြောင်း၊ အသံလည်းပြောင်းလာသည်။ ငယ်ငယ်ကလို တွီစလီ တွီစလီ မဟုတ်တော့ဘဲ အထီး,က လေချွန်သလို၊ အမ,က ဂတ်. . ဂတ်. . ဂတ် အော်၏။

အလို. . မီးခိုးနှင့် မဲလုံးက အထီး။

ဖြူရော်, ဝါနု, ရင်ကျားတို့က အမ,ကလေးတွေပါလား။

သူတို့၏ ကိုယ်ပုံသဏ္ဌာန်များလည်း မွေးကင်းခါစကလို ကျောကော့ကော့လေးများ မဟုတ်တော့ဘဲ ခါးကလေးတွေ ကုန်းပြီး၊ မွေးနု မွေးညင်းကလေးတွေထဲမှာ ရင်ဘတ်နှင့်တောင်ပံတို့၌ မွေးကြမ်း (ကြီးမွေး)တွေ ပေါက်လာချေပြီ။ ကိုယ်အင်္ဂါတို့လည်း သန်စွမ်းလာ၏။ မိုးရွာတုန်း မိုးရေထဲမှာ ငါးကောင်စု ပြိုင်တူပြေးလိုက်ကြကာ ခြေဖဝါးသံလေးတွေ တဖျပ်ဖျပ်နှင့်၊ နောက်ပြီး ရေအိုင်တွေ့လျှင် ရေကူးလိုက်ကြသည်။

အောင်မယ်လေး ရေကူးပြီး အိုင်ထဲပြန်တက်လာတော့ သူတို့ အမွေးအလှေး ခါတယ်ပေါ့။ အတောင်ခတ်လိုက်ကြတာလေ။ တောင်ပံမွေးရှည်ကမရှိတော့ အတောင်ရိုးလေးတွေ တမြှောက်မြှောက်နဲ့ လူကလေးတွေ လက်လှုပ်ရှားနေသည်နှင့် တူသေး။ ဟီဟိ. . ထွေးလုံး ရယ်မိသည်။

သူ သိပ်ပျော်နေသည်။

ဩော်. . မူလ ဆယ်ကောင်အနက် ငါးကောင်ဆုံးပြီး သည်ငါးကောင်ကလေး ယခုချိန်ထိ သက်ဆိုးရှည်နေရသည်ကား စစ်ပြန်ကြီး ဦးတေနောင်၏ ကျေးဇူးပေတကား။



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ငွေးနီ၊ ဦးဘသိန်း ဒေါ်ထွေးနွယ်တို့အိမ်က ကြောင်ဆိုးကြီးကို ထောင်ချောက်နှင့် ဖမ်းပြီးသွားပို့တဲ့နေ့က ဦးတေနောင်ပြောသောစကားများကို သတိရလာသည်။ ဦးတေနောင် အိမ်ရှေ့ကပြင်တွင် လက်ဖက်ရည်ကြမ်း သောက်နေရာမှ . . . .

"ဟန်ခဲ့ကြရဲ့လား ဟေ့"

ငွေးနီ . . . "ဘယ်လွှတ်မလဲ ဆရာ"

"အေး. . အဲဒီနား ခဏချထားကြဦးကွ၊ ကဲ. . ငွေးနီ မီးကျီခဲများများ ရအောင် မီးလှိုင်လှိုင်ထည့်ကွာ"

ငွေးနီသည် ဦးတေနောင်ထိုင်သော ကပြင်ရှေ့ မြေကြီးပေါ်တွင် ဖိုခုံ လောက်သုံးလုံးနှင့် ရှိသော မီးဖိုမှာ ထင်းများစွာ ထည့်လေသည်။

ထွေးလုံး. . (ထောင်ချောက်ကြည့်၍) "အဘကြောင်ကြီး ဘယ့်နှယ် ထုတ်မလဲ"

ဦးတေနောင်. . "ဟောဟိုတောင်းပေါ်မှာ တင်ထားတဲ့ အိတ်ကြီးယူ လိုက်ကွာ"

ဆန်တစ်တင်းကျော်ကျော်လောက်ဝင်သည့် ပလတ်စတစ်အိတ်ဖြူဖြူ ကြီး ထွေးလုံးက ယူပေးသောအခါ ဦးတေနောင်က . . .

"အဲဒါနဲ့ ထောင်ချောက်ဝစွပ်ပြီး ပိတ်ထားတဲ့ ပျဉ်ပြားဖွင့်ပေးလိုက် တော့ ဒီကောင် အိတ်ထဲ ရောက်လာတော့တာပေါ့ကွာ"

ထွေးလုံး. . "သိပြီ သိပြီ၊ ကျွန်တော် ဒီကောင်ကြီးကို သတ်မယ်"

ဦးတေနောင် . . "မင်းဘယ့်နှယ်လုပ် သတ်မလဲ"

ထွေးလုံး . . . အိတ်အပေါက်ဝက စုကိုင်ပြီး မြေကြီးကိုင်ရိုက်မယ်၊ ဓားနှောင့်နဲ့ ခေါင်းထုမယ်"

ဦးတေနောင် . . "ဒီလိုဆို ဘယ်တော်တော်နဲ့ သေမလဲ၊ တိရစ္ဆာန် ညှဉ်းဆဲသလို နေမှာပေါ့ကွ၊ သနားစရာ"

ထွေးလုံး. . . "ကျွန်တော့ ဘဲကလေးငါးကောင်ကို သတ်ထားတာ ဒီ ကောင်ကြီး မသနားနိုင်ဘူး"

ဦးတေနောင် . . . "ဟာ. . ဒီလို ဘယ်ဟုတ်ဦးမလဲကွာ၊ သူက မင်း ဘဲကလေးတွေ သေစေဆိုတဲ့သဘော မဟုတ်ပါဘူး၊ သူ့အစာအဖြစ်နဲ့သာ ကိုက် စားတာပါ။ သူ့မှာ အပြစ်မရှိပါဘူး၊ အပြစ်ရှိတာက သူ့သခင်တွေပဲ၊ ကိုယ့် ကြောင် မဟုတ်တဲ့အလုပ် လုပ်လာတယ်ဆိုရင် ကုပ်ကိုင်ပြီးတော့ အဲဒီ ပထမ ဦးဆုံးကိုက်လာတဲ့ ကြက်ကလေး ပြပြပြီး ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်၊ တစ်ခါကနှစ်ခါ မရိုက်ရပါဘူး၊ ခွေးဖြစ်ဖြစ် ကြောင်ဖြစ်ဖြစ် မှတ်တတ်ပါတယ်၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်အိမ်က ကြောင် သူများ ကြက်ဘဲကိုက်တာပဲ





ဝမ်းသာနေတယ်ဆိုတော့ သူတို့ကြောင် သူတို့ ဖျက်ဆီးပစ်တာပဲ၊ ကြောင် များဟာ ကြက်ဘဲ စားမိရင် ဘယ်တော့မှ ကြွက်မခုတ်တော့ဘူး၊ ကြွက်ထောင် အရသာတွေတဲ့ ဖမ်းရလွယ်ကူတဲ့ ကြက်ကလေး ဘဲကလေးတွေပဲ ရှာဖိုးတိုး ပေါက်လျှောက်စားနေပြီပဲ မှတ်ပေရော့၊ အဲသည်တော့ ဒီကြောင်က ပြည်သူ့ အာဟာရ၊ ပြည်သူ့ပစ္စည်းဖျက်ဆီးတဲ့ ရပ်ရွာရဲ့ ရန်သူဖြစ်နေပြီး လူကို အကျိုး ပျက်စီးစေတဲ့အတွက် လူ့ပြည်မှာမထားသင့်တော့ဘူး၊ သို့သော် သူ့ကို သနား သောအားဖြင့် သတ်တဲ့အခါမှာ နှိပ်စက်ရာ မရောက်ပါစေနဲ့၊ ဝေဒနာ မခံစား ရပါစေနဲ့၊ သူ့ကိုယ်သူ နာလိုက်မှန်းတောင် မသိ၊ အမြန်ဆုံးသေအောင် ဟော ဒီလို. . "ဟု ပြောပြောဆိုဆို ဦးတေနောင်သည် အခုန ပလတ်စတစ်အိတ်ကို ကြောင်ထောင်ချောက်အပေါက်ဝတွင်စွပ်၊ ပျဉ်ပြားဖွင့်ပေးလိုက်၊ ကြောင်တ ထွေးခနဲ အိတ်ထဲအရောက်၊ ကြောင်ကောင်လုံးပေါ်အောင် အိတ်ကို စုကိုင် လိုက်ပြီး ကြောင်ခေါင်းပုံသဏ္ဌာန်ကို ပလတ်စတစ်အိတ်ပါးမှာ မြင်ရသည်နှင့် နှာရောင်တည့်တည့်ကို တူနဲ့ ဆတ်ခနဲ တစ်ချက်တည်း ထုလိုက်လေသည်။ ကြောင်သည် တုတ်တုတ်မျှ မလှုပ်တော့။ ခဏကြာ၍ အိတ်ထဲမှ သွန်ထုတ် လိုက်သောအခါ စန့်နေလေပြီ။

"မှတ်ထားကွ၊ ကြောင်တို့ ခွေးတို့ သတ်တဲ့အခါ တခြားနေရာတွေ ရိုက်နှက်မနေနဲ့၊ ဟောဒီ နှာရောင်တည့်တည့်သာ အဲဒီလို ခပ်ဆတ်ဆတ်က လေးထုလိုက်၊ တစ်ချက်တည်းနဲ့ ကိစ္စပြီးတာပဲ"ဆိုပြီး ကြောင်သေပျော့ခွေခွေ ကြီးကို ဦးတေနောင်သည် ငွေးနီဆီသို့ ပစ်ပေးလိုက်တော့ ငွေးနီက ကြောင် သေကို မီးမြှိုက်လေ၏။ ထွေးလုံး ဦးတေနောင်၏မျက်နှာကို အံ့သြကြည်ညိုစွာ နှင့်ကြည့်ကာ. . .

"အဘ. . အဘဟာ ဒီပြင်လူကြီးတွေနဲ့ မတူဘူး"

"ဘယ်လို မတူတာလဲကွ"

"တခြားလူကြီးတွေဆိုရင်လေ အိမ်မှာ ကြက်တို့ ဘဲတို့ ချက်စားကြ မယ်ဆိုရင် ဒါဟာ လူကြီးတွေနဲ့ မလျော်ဘူးဆိုတဲ့သဘော၊ သားတွေကို သတ် ခိုင်းကြတယ်၊ ဥပမာ ငွေးနီတို့အဖေကို ကြည့်၊ ငွေးနီကို ဆော်ခိုင်းတာပဲ"

ငွေးနီ. . .

"အေးကွ. . သူက လူကြီး၊ ငရဲကြီးမယ့်ကိစ္စ မလုပ်ချင်တော့ဘူးတဲ့ လေ"

ဦးတေနောင်. . . "ဩော်. . မင်းအဖေက ငါလူကြီး ငရဲမသွားတော့ ဘူး၊ သားကလေးတော့ သွားပါစေတဲ့လား၊ တယ်တော်တဲ့ အဖေပဲ၊ ငါ့အဖေ ဆိုရင်ကွာ မလွှဲမရှောင်သာတဲ့အလုပ်၊ ငရဲသွားရမယ်ဆိုရင် ငါ့သားသမီးတွေ တော့ မသွားစေရဘူးဟေ့. . ငါပဲသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

ထွေးလုံး. . .

"အဘ. . အခု ဒီကြောင်ကြီး သတ်လိုက်တာ အပြစ်ရှိတယ် မထင်ဘူးလား"

ဦးတေနောင် . . .

"မထင်ပေါင်ကွာ၊ အပြစ်ရှိတယ်ထင်ရင် ငါ ဒီအလုပ် မလုပ်ပါဘူး"

"ဟင်. . သူများအသက် သတ်တာ အပြစ်မရှိဘူး"

"သတ်သင့်လို့ သတ်တာကို မရှိဘူးလို့ ငါ ယူဆတယ်ကွ၊ ကဲကြည့်. . ဒီကြောင်ဟာ ကြက်ကလေး ဘဲကလေးတွေ အသက်ပေါင်းများစွာကို သတ်ခဲ့ပြီး သူရှိနေရင် နောက်လဲ ဆက်သတ်ဦးမယ်၊ ကြက်ဘဲရှင် လူပေါင်းများစွာ စိတ်မချမ်းသာဖြစ်ရဦးမယ်၊ ဒါကို ငါက တားမြစ်ပိတ်ပင်ရာ ရောက်တဲ့အတွက် တူသိုလ်တောင်ရတယ်လို့ ငါထင်တယ်ကွ၊ နောက်ပြီး ရပ်ရွာပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်ပေးရာရောက်တယ်လို့လဲ ငါ ယုံကြည်တယ်ကွ၊ ငါတာ ဘီအိုင်အေကတည်းက စစ်ထဲဝင်ပြီး တော်လှန်ရေးမှာရော စစ်တိုက်လာတဲ့အကောင်ပါကွာ၊ ဒီကြောင် သတ်တာများ ထည့်ပြောမနေနဲ့၊ အများအကျိုးအတွက်ပါကွ၊ ဟော့. . ဒီမှာမို့လို့ ငါ ပြောခဲ့ပြီကောကွာ၊ ကချင်ပြည်နယ် ကျေးရွာတွေမှာဆိုရင် ဒီလိုအန္တရာယ်ကောင် ရှင်းပေးတဲ့လူကို ကြက်,သားခွဲကလေး တစ်အိမ်တစ်ကောင်စီ၊ ကြက်ငယ်ငယ်မရှိတဲ့လူက ကြက်ဥဘဲဥတွေ ပေးတာတွ၊ အခုတော့ ဒီကြောင်သားပဲ ကောင်းကောင်းကြီး ကြိတ်ရတော့မယ်"ဆိုပြီး ဦးတေနောင်သည် ထိုင်ရာမှထ၍ ထရံတွင် ထိုးထားသော ဓားဦးချွန်မြမြကို ယူကာ ငွေးနီမီးမြိုက်နေသဖြင့် မည်းမည်းကြီးဖြစ်နေသော ကြောင်သေကို ယူလျက် ဓားသွားနှင့် တချွင်ချွင်မြည်အောင် ခတ်လေသော် ကြောင်အရေပြားသည် ဝက်ကလေးကင်အရောင်လို ဖြစ်လာလေ၏။ ကြောင်ကိုယ်ထည်မှာလည်း တောင့်တင်းမာကျောလို့နေ၏။ ဟင်းကိုင်ဖို့သာ ရှိတော့၏။

ထိုအချိန်၌ နေရောင်ဖြာပြီဖြစ်၍ ဦးတေနောင်၏ကလေးမြေးငယ်များ အိပ်ရာမှ ထလာကြသော် သူတို့အဘိုးလက်ထဲက ပစ္စည်းကို မြင်လတ်သော် ဝမ်းသာအားရ "ကြားသောင်. . ကြားသောင်"ဟု အော်ကြရာ ဦးတေနောင်က "အေး. . ဟုတ်တယ်၊ သုံးပိဿာလောက်ရှိမယ်၊ ငရုတ်၊ ကြက်သွန်နီဖြူ ချင်း၊ စပါးလင် ဘယ်လောက်စီ ထောင်းရမယ်ဆိုတာ သိတယ်မဟုတ်လား"

မြေးများက သံပြိုင်. . "သိတယ်. . သိတယ်၊ စားနေကျ ကြောင်ဖားတွေ ကြောင်သားကြီးစားမယ်"

ထို့နောက် ဦးတေနောင်က ငွေးနီနှင့်ထွေးလုံးတို့အား "ကဲ. . မင်းတို့တာ ဦးသော်တာအပင်က အုန်းသီးရအောင် လုပ်ချေကြလကွာ၊ ငါက ဟင်းကိုင်ထားလိုက်မယ်၊ ဒီကောင်ကြီး သုံးနာရီလောက် နှပ်ရမယ်ကွ"





ထိုမှ တစ်နာရီမျှအကြာ ဦးသော်တာနှင့် ငွေးနီက အုန်းသီးခြောက် တစ်ယောက်တစ်လုံးစီ ကိုင်၍လည်းကောင်း၊ ထွေးလုံးက ငါးခူနှစ်ကောင် သင်းအုံ သုံးကောင်ပါသော ငါးသိတ်နှင့် ကန်စွန်းရွက်စည်းကြီးကို ဖိုက် လည်းကောင်း သုံးယောက်သား ရောက်လာကြ၏။ ထွေးလုံးသည် ငွေးနီ အုန်း ပင်တက်နေစဉ်မှာ ညီမနှင့် ကြွန်စုံတို့သားအမိကို ကွင်းထဲသွားလှန်ရင် အင်းထဲမှ ကန်စွန်းရွက်နှင့် သူငါးလူးတွင်းမှ ငါးများရလာခြင်း ဖြစ်သည်။

ယင်းတို့ကို ကြည့်၍ ဦးတေနောင်က . . .

"ဟာ. . သိပ်ကောင်းတာပေါ့ကွာ၊ ကန်စွန်းရွက် ငါးချဉ်ရည်ဟင်း ကြောင်သား အုန်းနို့နှပ်နဲ့"

ထိုအချိန်တွင် ကြောင်သားဟင်းအိုးလည်း မီးဖိုပေါ်မှာ ကျွက်ကျွက် ဆူနေလေပြီ။

"ကဲ. . ဒီတစ်ရေခန်းပြီးရင် နောက်တစ်ရေမှာ အုန်းနို့ထည့်လိုက် အောင်၊ အုန်းသီးခြစ်ဖို့ လုပ်ကြလေကွာ"ဟု ဦးတေနောင်က ပြောသည်။ ငွေး နီနှင့် ထွေးလုံးသည် အုန်းသီးခြောက်အခွံခွာ၊ အုန်းမှုတ်ခွက် အရည်တွေ သောက်ပြီး အုန်းသီးခြစ်ကြလေ၏။ ဤစဉ် ဦးတေနောင်၏ မြေးငယ်များ အင်္ဂလိပ်စာဖတ်နေကြလေရာ ဦးသော်တာက . . .

"ဒီခေတ်ကလေးတွေ ဟန်ကျတယ်ဗျာ၊ ကိုယ့်ရွာက မူလတန်းကျောင်း မှာပဲ အင်္ဂလိပ်စာ သင်ကြရတယ်၊ ကျုပ်တို့ခေတ်တုန်းကဆိုရင် ကျေးရွာ အင်္ဂလိပ်စာဟာ ဘုန်းကြီးနဲ့ ဘီးဗျ"

ဦးတေနောင်က . . "ဟုတ်လား ပြောပြပါဦးဗျ၊ ခင်ဗျားတို့ခေတ်က ပညာရေး. ."

ဦးသော်တာ. . . "ကျုပ်တို့မွေးခဲ့ရတာက အင်္ဂလိပ်ကျွန်ခေတ်လား နယ်ခဲ့၊ အစိုးရဟာ သူ့ကျေးကျွန်များကို လူတန်းစားခွဲပြီး အုပ်ချုပ်ရမှာဖြစ်လေ တော့ ကျောင်းတွေ ပညာရေးကစပြီး ခွဲခြားလိုက်တာပဲဗျ၊ အဲဒီခေတ်က ကျောင်းသုံးမျိုးရှိတယ်ဗျ၊ 'ဗာနေကလောစကူးလ်'တဲ့၊ 'အင်္ဂလိုဗာနေကလာ စကူးလ်'တဲ့၊ 'မစ်ရှင်စကူးလ်'တဲ့၊ ဗာနေကလောစကူးလ် ဆိုတာက ဗမာစာ သက်သက်ပဲ သင်တယ်၊ မြူနီစပါယ်ကျောင်း အထက်တန်းကျောင်းလို သုံးမျိုး သုံးစားခွဲပြီး ကျေးရွာတွေမှာရော၊ မြို့တွေမှာရော အများဆုံးရှိတယ်၊ အင်္ဂလို ဗာနေကလာစကူးလ်ဆိုတာက အထက်တန်းကျောင်း၊ ငါးတန်းကတည်း အင်္ဂလိပ်စာသင်တယ်၊ မြို့ပေါ်မှာပဲရှိတယ်၊ အစိုးရဟိုက်စကူးလ်လို့ခေါ်တယ် 'မစ်ရှင်စကူးလ်'ဆိုတာက ခရစ်ယာန်သာသနာပြုကျောင်းတွေ၊ သူ့မှာက အင်္ဂ လိပ်စာ အဓိက ထားသင်တယ်၊ မြို့တိုင်းမှာ မရှိဘူး၊ ရန်ကုန် မန္တလေးမြို့ကြီး များနဲ့ ပြင်ဦးလွင်, ကလော, တောင်ကြီးလို မျက်နှာဖြူတို့မြန်းရာ တောင်



www.burmeseclassic.com

www.burmeseclassic.com



ခန်းမြို့မှာမှာပဲ ရှိတယ်၊ အဲဒီ ကျောင်းသုံးမျိုးမှာ အစိုးရဟိုက်စကူးလ်က ကျောင်းလခပေးရတယ်၊ မစ်ရှင်စကူးလ်က ပိုပြီးပေးရတယ်၊ တော်ရုံတန်ရုံ မနေနိုင်ဘူး အထက်တန်းစားကျောင်း ဆိုပါတော့၊ မြန်မာစာသက်သက် သင်ရတဲ့ မြူနီစပယ်ကျောင်းကတော့ ကျောင်းလခ မရှိဘူး၊ ဆင်းရဲသားကျောင်း၊ ဒါပေမယ့် အဲဒီခေတ်က ဆင်းရဲသားတွေဟာ အဲဒီ အလကားသင်ရတဲ့ကျောင်းတောင်မှ ဖြစ်မြောက်အောင် မနေနိုင်ကြပါဘူးဗျာ၊ စာလေး မတတ်တခေါက်ဖတ်တတ်ရုံ၊ နှစ်တန်းရောက်ထွက်၊ သုံးတန်းရောက်ထွက်နဲ့၊ ဟော့ . . ငွေနီနဲ့ ထွေးလုံးတို့ ခုခေတ်မှာ မူလတန်းကျောင်းဖြစ်နေတဲ့ အခု တို့ရွာက ဘုန်းတော်ကြီးကျောင်းဟာ အဲဒီတုန်းက ခုနစ်တန်း အလယ်တန်းကျောင်းခေါ်တယ်ကွ"

"ဟုတ်လား ဘကြီး"

"အေး . . ဟုတ်တယ်၊ အဲဒီတုန်းက ငါတို့ ကျောင်းနေရပုံပြောရဦးမယ်၊ သူငယ်တန်းတုန်းက ဆယ့်လေးငါးယောက် ရှိခဲ့တယ်ကွ၊ ဒုတိယတန်း၊ တတိယတန်းရောက်တော့ ခုနစ်ယောက် ရှစ်ယောက် ရှိတော့သကွ"

"ဘာလို့လဲ ဘကြီး"

"သူတို့မိဘတွေက ဆင်းရဲတော့ ကျောင်းဆက်မထားနိုင်ဘူး၊ အိမ်မှာ တိုးမောင်း၊ ကြက်နှင် ကလေးထိန်းပေါ့ကွာ၊ တောက်တိုမည်ရခိုင်းဖို့ ကျောင်းနုတ်ကြရတယ်၊ အဲ . . စတုတ္ထတန်းဆိုတာကတော့ တို့ရွာသားအများစုရဲ့ နောက်ဆုံးအတန်းဆိုပါတော့ကွာ၊ အဲဒီခေတ်တုန်းက စတုတ္ထတန်း၊ သတ္တမတန်း၊ နဝမတန်း၊ ဒသမတန်းတို့က အစိုးရစာမေးပွဲကိုးကွ၊ အဲဒီမှာ ရှုံးကြပါပြီဗျာ၊ ဒီလေးတန်းမှာ တို့ရွာက ငါနဲ့ ထွန်းရွှေဆိုတဲ့ ငါ့သူငယ်ချင်း နှစ်ယောက်ပဲအောင်တယ်"

ထွေးလုံး . . "ဘကြီးတို့နှစ်ယောက်က ဉာဏ်ကောင်းလို့ပေါ့နော်"

"ဉာဏ်ကောင်းလို့ မဟုတ်ပါဘူးကွာ၊ ကျောင်းမှန်မှန်တက်နိုင်လို့၊ တို့မိဘတွေက ချောင်ချောင်လည်လည်လေး ရှိကြလို့၊ ကျန်နေတဲ့ ကလေးတွေမိဘများက ဆင်းရဲကြတော့ ကောက်စိုက်ချိန်၊ ကောက်ရိတ်ချိန်တွေမှာ အိမ်မှာ ကူဖော်လောင်ဖက် သုံးကြတော့ ကျောင်းပျက်ကြရတယ်၊ ဒါနဲ့ ငါနဲ့ ထွန်းရွှေ နှစ်ယောက်တည်းပဲ ခုနစ်တန်းအထိ သင်နိုင်ကြတယ်"

ငွေနီ . . "ဟင် . . ခုနစ်တန်း တစ်တန်းလုံးမှ ဘကြီးတို့ နှစ်ယောက်တည်းရယ်"

ဦးသော်တာ . . .

"ဒီလိုလဲ မဟုတ်သေးဘူးကွ၊ မူလတန်းကျောင်းရှိတဲ့ သဖန်းကုန်းနဲ့ ကန်ဦးရွာက ငါးတန်းကတည်းက လာနေကြတဲ့ ကျောင်းသား လေးယောက်ရှိသေးတော့ တို့ခုနစ်တန်းမှာ ကျောင်းသားခြောက်ယောက်ကွ"





ထွေးလုံး . . . "ခုနစ်တန်းကြီး တစ်တန်းလုံးမှ ကျောင်းသား ခြောက်ယောက်တည်း"

ဦးသော်တာ . . . "အေးကွ . . အဲဒီခေတ်က ဒီလိုပဲ"

ငွေနီ . . "အခု ကျွန်တော်တို့ ခုနစ်တန်းဖြင့် လူ တစ်ရာကျော်လို့ အေဘီ ခွဲထားရတယ်"

ဦးသော်တာ . . "အေး . . အင်္ဂလိပ် ကျွန်ခေတ်နဲ့ လွတ်လပ်တဲ့မြန်မာပြည်မှာ လူတွေ စီးပွားရေးအခြေ ဘယ်လိုနေသလဲဆိုတာ ပြတာပေါ့ကွာ၊ ဒါနဲ့ အဲဒီခေတ်က ငါတို့ခေတ်က ပညာရေးဆက်ပြောရဦးမယ်၊ ကျောင်းက အဲဒီ သတ္တမတန်းခြောက်ယောက်ဖြေတာ ငါနဲ့ထွန်းရွှေ နှစ်ယောက်ပဲ အောင်တယ်ကွ"

ထွေးလုံး . . "ဟင် . . တခြားရွာက လာနေတဲ့လူတွေက တစ်ယောက်မှ မအောင်ဘူး"

ဦးသော်တာ . . "ဘယ်အောင်မလဲကွ၊ ဒီကောင်တွေက စာလဲ သိပ်သင်ချင်ကြတာ မဟုတ်ဘူး၊ မိဘကထားလို့သာ နေကြရတာ၊ သူတို့တ ကျောင်းမှန်မှန် တက်ကြတာ မဟုတ်ဘူး၊ လမ်းမှာ အိုင်တွေ့ ငါးပက်နေကြ တယ်၊ ယုန်တွေ ယုန်လျှောက်လိုက်နေကြတာကိုးကွ၊ အဲဒီခေတ်က ပညာကို တန်ဖိုးထားကြရမှန်းလဲ မသိဘူး၊ မိဘတွေကလဲ မထားနိုင်ကြဘူးလေ၊ ကြည့်စမ်း . . ငါတို့ရွာက ငါနဲ့ထွန်းရွှေ နှစ်ယောက် ခုနစ်တန်းအောင်ကြတော့ ရှစ်တန်းက မြို့ကျောင်းသွားကြရမယ်ဆိုတော့ ထွန်းရွှေမိဘက ဆက်မထားနိုင်တော့ဘူး၊ ငါ တစ်ယောက်တည်း ငါ့မိဘများက ချောင်ချောင်လည်လည်လေး ရှိလို့ မြို့ကျောင်းဆက်နိုင်ခဲ့တယ်၊ အဲဒီနေရာမှာ ငါ လူပျိုကြီးဖားဖားဖြစ်တောင်မှ အင်္ဂလိပ်စာ မသင်ခဲ့ရသေးပုံကို ပြောပြချင်တယ်၊ မြို့မှာ အင်္ဂလိပ်စာနဲ့ တွဲသင်တဲ့ ဂါးဗားမင့်ဟိုက်စကူးလ်ရယ်၊ မြန်မာစာသက်သက်သင်တဲ့ မြူနီစပယ်အထက်တန်းကျောင်းရှိတာမှာ ငါဟာ အင်္ဂလိပ်ကျောင်းပြောင်းမယ်ဆိုရင် ငါးတန်းပြန်ဆင်းရမယ်၊ မြူနီစပယ်ကျောင်းသွားမှ ရှစ်တန်းဆက်ရမယ်ဆိုတော့ သုံးတန်း သုံးနှစ်ကြီး အနာမခံနိုင်ဘူးဟေ့၊ မြန်မာကျောင်းပဲ ဆက်နေခဲ့တော့ ငါ အင်္ဂလိပ်စာနဲ့ ဝေးခဲ့တော့တာပေါ့ကွာ"

"ဘကြီး အခုတော့ အင်္ဂလိပ်လို တတ်သားပဲ"

"အဲဒါ တတ်ခဲ့ရပုံလေးပြောရဦးမယ်၊ (၁၉၃၈)ခုနှစ်မှာ မြန်မာလို (၁၀) တန်းအောင်တော့ ကြည့်မြင်တိုင် ဆရာဖြစ်သင်ကျောင်းသွားရတယ်ကွ၊ ဆရာဖြစ်က သီအိုရီရော၊ ပရက်တီကယ်လ်ရော သင်ရတယ်ကွ၊ ပရက်တီကယ်ထဲက ကျောင်းတွေကို ကိုယ်တိုင်သွားပြီးတော့ အတန်းတစ်တန်းမှာ သင်ခန်းစာ တစ်ခုခု သင်ပေးရတယ်ကွ၊ တစ်နေ့ လမ်းမတော် အထက်တန်းကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုးတန်းဆယ်တန်းကို သချ်ာသင်ရအောင် သွားတာ၊ ငါ တော်တော် ရှိုးကျကျ ဝတ်သွားတယ်၊ အဲဒီအချိန်မှာ ငါ့အသက်က (၁၉)နှစ်၊ ကိုးတန်း, ဆယ်တန်း ကျောင်းသူလေးတွေကလဲ အပျိုတွေဆိုတော့ . . ."

ငွေးနီ. . "ဟဲ. . ဟဲ. . ဘကြီးက ရှိတ်မယ်ပေါ့"

ဦးသော်တာ. . "အဲဒီခေတ်က အခု မင်းတို့သုံးနေကြတဲ့ 'ရှိတ်'ဆိုတာ မပြောနဲ့၊ စစ်ပြီးစခေတ်မှာ သုံးလာတဲ့ 'ဂေါ်'ဆိုတာတောင် မပေါ်သေးဘူး၊ 'ပိုးတယ်'ဆိုတာပဲ ရှိသေးတယ်၊ နောက်ပြီး ပြောရဦးမယ်၊ အဲဒီတုန်းက ကျောင်းဆရာတွေဟာ ခေါင်းပေါင်းနဲ့ကျောင်းတက်ရတယ်ကွ၊ တို့ဆရာလောင်းတွေလဲ ခေါင်းပေါင်းပေါင်းရတယ်ကွ၊ ဆရာမလောင်းတွေက ဘီးဆံထုံးထုံးပြီး ပဝါချရတယ်၊ အဲဒီနေ့က ငါ့စတိုင် ကောင်းကောင်းမှတ်မိသေးတယ်"

"ရှူးဖိနပ်က လိမ္မော်ရောင်ကွ၊ ပုဆိုးက ဇန်ကောက်လုံချည် ရွှေဖလားရောင်, ပိုးအပေါ်အင်္ကျီက အဝါနု, ခေါင်းပေါင်းက ပန်းနုရောင်"

"ဟာ. . ဘကြီးတစ်ကိုယ်လုံး ဝါဝါဝင်းရွှေပါလား"

"နောက်ပြီး ဆေးတံကလဲ ခဲလိုက်သေးကွာ"

"ဟာ. . အပြတ်သားနားနေတာပေါ့"

"အဲဒီတုန်းက စမတ်ကို ဂွမ်နေတယ်လို ခေါ်တယ်ကွာ၊ အဲဒီစတိုင်နဲ့ ငါ ကျောင်းထဲဝင်သွားတယ်ဆိုပဲ 'ဟော့. . တို့ကျောင်း ဒီနေ့ ဆရာလှလှလေး လာတယ်' လို့ ပြောသံတွေ ကြားရတယ်ကွ"

"ဘကြီးကလဲ အဲဒီတုန်းက တော်တော်ချောပါလိမ့်မယ်၊ အခုတောင် မှပဲ ဒီရွာမှာ အသက် (၆၀)ကျော် အဘိုးကြီးချင်း အချောပြိုင်ရင် ဘကြီးက အပိန်ဆုံးနေမှာ"

"ဟာ. . ငွေးနီကလဲ . . လူကြီးအားတိတ်အောင် မလုပ်စမ်းပါနဲ့ကွာ၊ ငယ်မူလေးများ ပြန်စမ်းပါရစေ၊ အဲဒီနေ့က မင်းတို့ပြောသလို ကောင်မလေးတွေရှိတ်ရင်း စာပြပြီး အောင်မြင်စွာ ပြန်အလာ မျက်နှာဖြူတစ်ယောက် ငါ့ရှေ့ရောက်တော့ တံ့ခနဲ ရပ်လိုက်ပြီး အင်္ဂလိပ်လိုတစ်ခုခု မေးတယ်ကွ၊ ငါက ဘာမှ နားမလည်ဘူး။ ဒါကြောင့် ငါက ခေါင်းပေါင်းတကားကားနဲ့ ဦးခေါင်းကိုယမ်းရင်း ပါးစပ်က ဆေးတံချွတ်ပြီး 'အိုင်နိုး. . အိုင်နိုး'လို့ ပြောလိုက်တယ်"

ငွေးနီက. .

"ဟင်. . ဘကြီးက အိုင်နိုး. အိုင်နိုးဆိုပြီး ခေါင်းယမ်းပြတယ်"

"အေးပေါ့ကွာ. . အဲဒီတုန်းက ငါက အင်္ဂလိပ်စာမှာ No နဲ့ Know နှစ်မျိုးရှိတာမှ မသိသေးဘဲကိုးကွ၊ ငါက No ပဲသိပြီး ငါ . . အိုင်နိုး အိုင်နိုး ဆိုလိုတာက ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး၊ မသိပါဘူးပြောတာ





အဲဒီမှာ ကိုရွှေမျက်နှာဖြူ ငါ့မျက်နှာကြည့်ပုံက မရေမရာမချေမငံ၊ မဲ့သလိုလိုနဲ့ ပြုံးသယောင်ယောင်ကွ၊ ဒီတော့ ငါ့စိတ်ထဲ ငါ ဘာပြောမိလို့လဲ၊ ငါ ဘာမှား အမှားပြုမိလို့လဲ၊ တအုံနွေးနွေးနဲ့ တစ်နေ့တော့ အင်္ဂလိပ်စာတတ်တဲ့ ငါ့ မိတ်ဆွေတစ်ယောက် အကျိုးအကြောင်းပြောပြတော့ သူက ခွက်ထိုးခွက်လန် ရယ်မောပြီး 'ကိုရင့်ဟာ အိုင်နိုး. . အိုင်နိုး. . I Know..I Know ဆိုတာက ကျွန်တော် သိတယ်၊ ကျွန်တော် သိတယ် ပြောရင်း ခေါင်းခါပြနေတော့ မောင်ရင့်ကို စိတ်မနှံ့သူထင်သွားမှာပေါ့ ကိုယ့်လူရဲ့'လို့ပြောပြီး စုပ်တသတ်သတ်နဲ့၊ 'မောင်ရင့်ရုပ်နဲ့ စတိုင်က မြို့အုပ်လား၊ ရှေ့နေလား ထင်နေရတော့ ဒီတော့ ကိုယ့်ပုံပန်းနဲ့ ကိုက်ညီအောင် အင်္ဂလိပ်စာတော့ သင်ဦးသူ ငယ်ချင်း ရယ်'တဲ့။ အဲဒီခေတ်မှာ 'အေဘီစီဒီ မတတ်ဘဲနဲ့ အရပ်ထဲကို လည်' ဆိုတဲ့ သီချင်းကလဲပေါ်နေတော့ ငါ သိပ်ရှက်သွားတာပဲကွာ၊ ဒါကြောင့် ငါဆရာ ဖြစ်အောင်သော်လဲ အင်္ဂလိပ်စာမတတ်ဘဲနဲ့တော့ အရပ်မပြန်တော့ပါဘူးလို့ ဆုံးဖြတ်ပြီး အိမ်ကို စာရေးလိုက်တယ်၊ မိဘများကလဲ တော်ပါပေတယ်၊ ကျောင်းနေခွင့်ပေးလို့ ရန်ကုန်အင်္ဂလိပ်စာ အလွတ်ပညာသင်ကျောင်းတစ်ခု မှာနေခဲ့ရတယ်. . .

ဒါပေမယ့် ဘကြီးပညာပါရမီက သိပ်ပြီးမရင့်သန်ခဲ့ဘူးကွာ၊ (၁၉၃၉)ခုနှစ် (၁၉၄၀-၄၁)ခုနှစ်၊ ဒီဇင်ဘာလ (၂၃)ရက်နေ့ မြန်မာပြည် ပထမဦးဆုံး အကြိမ် ဂျပန်ဗုံးလာချတော့ ရန်ကုန်မြို့ကြီး ပျက်ကရော၊ ဘကြီးဟာ အင်္ဂလိပ်စာ နှစ်နှစ်ခွဲပဲသင်လိုက်ရတယ်၊ တက္ကသိုလ်မရောက်ခဲ့ဘူး၊ ဒါကြောင့် မြန်မာကျောင်းဆရာအဖြစ်နဲ့ပဲ ပင်စင်ယူခဲ့ရတယ်၊ ကဲ, အခုခေတ်ပညာရေးနဲ့ ဘယ်လောက်ကွာသလဲ၊ မင်းတို့ဆိုရင် အခုကိုယ့်ရွာက မူလတန်းကျောင်းမှာပဲ အင်္ဂလိပ်စာကို စသင်ရတယ်၊ ကိုယ့်မြို့မှာ ဆယ်တန်းအောင်ပြီးရင် ရန်ကုန် တက္ကသိုလ်မသွားနိုင်တဲ့ လူတွေအဖို့ ဒေသကောလိပ်တွေရှိတယ်၊ စာပေးစာယူ သင်တန်းတွေ ရှိတယ်၊ အဲ. . တက္ကသိုလ်ပညာကို ကိုယ့်အရပ်မှာပဲနေရင်း ရနိုင်တာ၊ ဘယ်လောက်ကောင်းသလဲကွာ၊ မင်းတို့ ပညာသာကြိုးစားကြ ပေတော့၊ တောသားမြို့သားရယ်လို့ အင်္ဂလိပ်စာတတ်တဲ့ လူ၊ မတတ်တဲ့လူ ရယ်လို့ ခွဲခြားမရှိတော့ဘူး၊ အားလုံးပညာရေးတစ်ပြေးညီ ဖြစ်နေပြီ၊ သိပ်ကောင်းတဲ့စီမံကိန်း"

ကျောင်းဆရာကြီး ဦးသော်တာ မြန်မာပြည်ပညာရေးအကြောင်း လေပန်းနေစဉ် ငွေးနီက အုန်းနို့ညှစ်နေခြင်းဖြင့်လည်းကောင်း၊ ထွေးလုံးက ကြောင်သားအိုး ထင်းမပြတ်ထိုးနေခြင်းဖြင့်လည်းကောင်း အုန်းနို့လည်းညှစ် ပြီးပြီ၊ ဟင်းအိုးပထမရေလည်း ခန်းပြီ။ သည်တော့ ဦးတေခနောင်က ထိုင်ရာ မှထ၊ ဟင်းကို အပေါ့အငန်မြည်းပြီး အုန်းနို့ရည်တွေ ထည့်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငွေးနီ ထိုင်ရာမှထ၍ အညောင်းဆန့်သောအခါ ဦးသော်တာက . . .

"ဟော့ . . မောင်ငွေးနီ ထန်းရည်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်သလဲကွ"

"တော်ဒီ"

"ဒါဖြင့် ဝစ်လ်ယူဘရင်းဆမ်းတော်ဒီ ဖော်မီ"

"ရက်ဆား ဖရောင်မ်ဝဲ့ယား"

"မောင်ခိုကြီးဆီသွားကွ၊ ငါ မနေ့ကတည်းက မှာထားတယ်၊ ထန်းဖိုးရည်သန့်သန့် တစ်ပင်တည်းက ချတာချည်း ငါးလုံးပေးလိုက်ပါလို့ ရော့ . . ပိုက်ဆံ"

ဆယ့်ငါးမိနစ်ခန့်အကြာ ငွေးနီပြန်လာသောအခါ သူ့ကျောမှာပိုးလာသည့် နှစ်တောင်လောက်ရှည်သော ဝါးကျည်တောက်ကြီးထိပ်ဝမှာ အမြှုပ်တွေဝေနေသဖြင့် ဦးသော်တာက . . .

"ဟဲ့ . . . ဒါ ငါးပုလင်း ကမယ်မဟုတ်ဘူး"

ငွေးနီ . . 'ခုနစ်ပုလင်းဝင် ကျည်တောက်တဲ့၊ ဟောဒီမှာ ဘကြီးပိုက်ဆံ ငါးကျပ်လဲ ပြန်ပေးလိုက်တယ်၊ ကိုမောင်ခိုကြီးက ကျွန်တော်တို့ ဟင်းရတယ်ကြားလို့ သူလဲ လာစားမယ်၊ ဒီထန်းရည်ကို သူက ဆပ္ပလိုင်းလုပ်ပါရစေတဲ့"

ဦးတေနောင် သဘောကျသွားလျက် . . .

"အေး . . ကောင်းတာပေါ့ကွ၊ ဒီသုံးပိသာလောက်ရှိတဲ့ အကောင်ကြီးတို့ချည်း ဘယ်ကုန်နိုင်မှာလဲ၊ သူ ဘယ်အချိန် လာမတဲ့လဲ"

ငွေးနီ . . "ဆယ်နာရီလောက်မှ သူ့ထန်းပင်တွေ ကိုင်ပြီးမယ်တဲ့"

ဦးတေနောင် . . "အေး . . ဟင်းကျက်မှာနဲ့ အလောတော်ပေါ့ကွာ၊ တဲဟင်းအားလုံးမကျက်မီ ရှေ့တော်ပြေးကလေး မြည်းလိုက်ရအောင်၊ ထွေးလုံးရေ . . နောက်ထည့်တဲ့ အုန်းနို့ရည်ဆူပြီလား"

"ဆူတော့မယ် အဘ"

"တစ်ချက်မွှေလိုက်စမ်းကွာ၊ ဆူရင်ပြော ဟော့ဟို ပန်းကန်ထဲမယ် ဆားနယ်ထားတဲ့ ကြောင်အူနဲ့ အသည်းရှိတယ်"

ဦးသော်တာ . . "ဒါတွေ ခင်ဗျားက တစ်ခါတည်းထည့်မချက်ဘူးလား"

ဦးတေနောင် "မချက်ရဘူးဗျ၊ အူတို့အသည်းတို့ သဘောမှာ တစ်ခဏနဲ့ကျက်ပြီး စားကောင်းတဲ့အချိန်ကလေးရှိတယ်၊ ကြာကြာချက်ရင် အကျက်လွန်ပြီး မာသွားရော၊ စားမကောင်းတော့ဘူး"

ထွေးလုံး . . . "အဘရေ ဟင်းအိုးဆူပြီ"

ဦးတေနောင် . . "ဆူရင် အဲဟိုပန်းကန်ထဲက ကြောင်အူနဲ့ အသည်းထည့်လိုက်ကွာ၊ ထည့်ပြီး တစ်, နှစ်, သုံး မှန်မှန်ရေ၊ နှစ်ရာ့ငါးဆယ်ရောက်တော့ ဆယ်လိုက်၊ အဲဒါ နှစ်မိနစ် ကြက်ဥပြုတ်ဘွိုင်ပြုတ်တဲ့အချိန်ပဲ"





ဦးသော်တာ . . "ဟင် ဦးတေနောင်က တယ်ပြီး တိကျလိုက်ပါလား"

ဦးတေနောင် . . "ကျုပ်က တပ်မတော်ထွက်ကိုးဗျ"

ထွေးလုံးသည် နှုတ်မှ ပွစိပွစိနှင့် ရေတွက်နေပြီး (၂၅၀)ပြည့်သောအခါ ကြောင်အူနှင့် အသည်းကို ပြန်ဆယ်၍ ပန်းကန်ထဲ ထည့်လိုက်၏။

ဦးတေနောင်က . . .

"အေး . . ဒီကို ယူခဲ့ကွာ"

သူ့ရှေ့ရောက်လေသော် သုံးလေးပိုင်းဖြတ်၍ ထက်ခြမ်းခွဲထားသော ကြောင်အူအခွေများကို ခါးလယ်က ခက်ရင်းနှင့် ထိုး၍ ကတ်ကြေးနှင့် လက်နှစ်သစ်ခန့်ဖြတ်ရင်း . . .

"ကဲ . . ဦးသော်တာ . . မြည်းကြည့်စမ်း"

ဦးသော်တာက တစ်ခု ယူဝါးရင်း . . .

"ဟာ . . ထုတ်ထုတ် ထုတ်ထုတ်နဲ့ တယ်စားကောင်းတာပဲဗျ"

ဦးတေနောင် . . .

"အဲဒါ ဒီအနေမို့ ဒီထက်ကျက်သွားရင် မာပျဉ်းသွား ရောဗျ၊ အမဲအူ၊ ကြက်အူ၊ ဝက်အူ၊ ဘဲအူရော ဒီလိုပဲ၊ သူ့အနေတော် စားကောင်းတဲ့ ဝါးရတဲ့ အချိန်ရှိတယ်"

ဦးသော်တာ . . "ဟုတ်တယ်ဗျို့ . . ကျွန်တော်တို့ ကျောင်းသားတုန်းက ရန်ကုန်မှာ အမဲအူ ခေါက်ဆွဲကြော်တွေ ရှိတယ်ဗျ၊ ဟတ်က တရုတ်တွေကြော်တာ၊ အမဲပုဆိုးကြမ်းတွေ၊ အူတွေ၊ ထပ်တစ်ရာတွေ ရေဆေးပြီး အစိမ်းလိုက် တွဲလဲဆွဲထားတယ်၊ စားမယ့်လူက မှာမှ ဓားနဲ့ ပါးပါးလှီးပြီး ခေါက်ဆွဲကြော်နဲ့ကြော်တာ၊ ဒီ့ပြင် ဝက်သား၊ ဘဲသားတို့နဲ့ ကြော်သလောက်ပဲ ကြာတယ်၊ စားလို့ သိပ်ကောင်းတာပဲဗျာ၊ အဲ . . အိမ်တော့ ထုတ်ယူမသွားပါနဲ့၊ အေးလဲသွားရော မာပြီး ဝါးလို့မရတော့ဘူး၊ ဆိုင်မှာသာ ပူပူနွေးနွေး စားလို့ရတာ"

ဦးတေနောင် . . "ဟုတ်တယ် . . အူတို့ သဘောဟာ ဒီလိုပဲ၊ အသည်းလဲ ဒီလိုပဲ၊ အဲ . . ကြောင်သည်းလေး မြည်းကြည့်ပါဦး"ဆိုပြီး ကတ်ကြေးနှင့် တစ်ဖဲ့ညှပ်ပေးလိုက်သည်။

ဦးသော်တာ ယူစားပြီး . . .

"ဟာ . . တယ်ဆိမ့်တာပဲဗျာ"

ဦးတေနောင် . . . "ဒီထက်ကြာရင် မာသွားမယ်ဗျ"

ဦးသော်တာ . . . "ဟုတ်ပ၊ ကျုပ်တစ်ခါ ကံညွှန့်တို့ ချက်တာ သွားစားတယ်၊ မာတဲ့အပြင် ခါးသက်သက်တောင်နေတယ်၊ အူကလဲ မာပျဉ်းပျဉ်းကြီးနေတယ်၊ ခုဟာတော့ အလောတော် စားကောင်းရုံလေးပဲ၊ ကျုပ်တော့ ထန်းရည်နဲ့ ချတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးတေနောင်. . .

"ချလဗျာ. . ကျုပ်လဲ သောက်ချင်ပြီ" . . ဆိုပြီး ဝါးဆစ်ခွက်နှစ်လုံး သွားယူပေးသည်။ ဦးသော်တာက ကျည်တောက်အဖျားပိုင်းကို ပေါင်ပေါ်တင်ငုံ့ရှင်း. . "ဟို. . သူငယ်နှစ်ယောက်တော့ မသောက်ဘူးနော်"

ငွေးနီနှင့် ထွေးလုံး . .

"ဟုတ်ကဲ့. . ကျွန်တော်တို့ မသောက်တတ်သေးပါဘူး"

"အေး. . ကျောင်းသား မသောက်တာ ကောင်းပါတယ်ကွာ၊ ကြီးလဲ မသောက်ပါနဲ့ကွာ"

ဦးတေနောင်. . . "ဒါတော့ ပြောရမလားဗျ၊ ထန်းရည်အရက်ဆိုတာ သူ သောက်ချင်တဲ့လူသောက်တာပဲ တားမရဘူး၊ မသောက်ချင်တဲ့လူ ကျတော့လဲ အတင်းလိုက်လို့မရဘူး၊ အေး. . သောက်ရင် သောက်တတ်ဖို့ လိုတယ်ဗျ သောက်တတ်ရင်ဆေး၊ မသောက်တတ်ရင် ဘေးဖြစ်တယ်. . .

ဦးသာရွှန်းပြောသလို 'ကျုပ်သမက်က အရက်လဲ မသောက်တတ်ဘူးဗျ၊ ဖဲလဲ မရိုက်တတ်ဘူးဗျ၊ ကြက်လဲ မတိုက်တတ်ဘူးဗျ'တဲ့၊ ဒီတော့ ကြားရတဲ့လူတွေက 'ဒါဖြင့် ခင်ဗျားသမက် တယ်လိမ္မာတာပဲ၊ တော်တာပေါ့' ဆိုတော့ 'မတော်ဘူးဗျ'တဲ့၊ 'ကျုပ်သမက်က အရက်မသောက်တတ်ဘဲနဲ့ သောက်၊ ဖဲမရိုက်တတ်ဘဲနဲ့ရိုက်၊ ကြက်မတိုက်တတ်ဘဲနဲ့ တိုက်တော့ အားလုံး ဒုက္ခရောက်ကုန်တာပေါ့ဗျာ'တဲ့၊ အဟား. . ဟား. . ဟား"

ဤသို့လျှင်. . ထန်းရည်ကို ပထမဦးဆုံးစား၍ရသော ကြောင်အနေ ကြောင်သည်း၊ ကြောင်ဦးနှောက်တို့နှင့် မြည်းရင်း စကားတပြောပြောနှင့် နေခဲ့ကြလေရာ ဆယ်နာရီကျော်ခန့် ရှိလတ်သော် ကြောင်သားဟင်း ဆီပြန်ပြီး ထန်းရည်ဒါယကာ ဦးမောင်ခိုကြီးလည်း ရောက်လာပြီး သူတို့သောက်ပွဲကြီး လှိုင်ဘောလယ်ကြလေ၏။ ဦးသော်တာသည် ပထမဦးဆုံး ကြောင်သားတစ်တုံးကို ကော်ခပ်ယူလိုက်ပြီး . . .

"အောင်မယ် ဦးတေနောင်ရဲ့၊ ခင်ဗျားကြောင်သားက ဝက်သားလို အခေါက်နဲ့ အဆီတစ်ထပ်၊ အသားတစ်ထပ်ပါလားဗျ၊ ကံညွှန့်တို့အိမ်မှာ ကျုပ် စားရတုန်းက အခေါက်နဲ့ အဆီ မပါပါလားဗျာ"

ကိုမောင်ခို. . . "ဟာ. . ဒီကောင်တွေက ကြောင်သားမှ ချက်တတ်ကြတာ မဟုတ်ဘဲ၊ ကြောင်ကို ကြွက်လို အရေခွံဆုတ်ပစ်တော့ ကြွက်သားလို နေတော့တာပေါ့ဗျာ၊ အခု အဘနောင်ချက်တာက. အရေမဆုတ်ဘဲ အမွေး မီးမြိုက်ချက်တာကိုးဗျ၊ မီးမြိုက်နံ့ကလေးတော သင်းမနေဘူးလား"

ဦးသော်တာ. . "အေး. . ကမ္ဘာ့လူထုအကြိုက်၊ စမုတ်ကင်းစမဲလ်ခေါ်တယ်ကွ၊ အုန်းနို့နံ့လေးနဲ့ ရောသင်းနေတယ်"





ဦးတေနောင်. . "ဟော့. . . မောင်ခို၊ မင်း ထန်းရည်လဲ သိပ်ကောင်းတာပဲ၊ အရိုးစွဲပြီထင်တယ်၊ ဒါ လက်ငုတ်ရည်တွေပဲ"

ကိုမောင်ခို. . . "ဟုတ်တယ်. . အဲဒီ ထန်းဖိုပင်က သုံးစစွဲတယ်၊ နှစ်စ လွတ်သွားတယ်"

ဦးသော်တာ. . "ဘာလဲ. . စွဲတယ်၊ လွတ်သွားတယ်ဆိုတာက"

ကိုမောင်ခို. . "ဒီလိုဆရာကြီးရဲ့. . ထန်းသီးခိုင်မှာ သီးကုံးတွေ ပြွတ်နေတဲ့ သီးညှာတံနဲ့ အရင်းက အရိုးတံရှိတယ် မဟုတ်လား၊ ထန်းဖိုမှာလဲ ဒီလိုပဲ၊ ထန်းလက်ဝါးကြီးတွေ ကားထွက်နေတဲ့ အညှာတံနဲ့ အရင်းက အရိုးတံရှိတယ်၊ ထန်းရည် အရိုးမစွဲဘူးဆိုတဲ့ ထန်းစက ထန်းမ,မှာဆိုရင် သီးညှာတံကုန်တာနဲ့ ထန်းရည်ပြေးရော၊ ထန်းဖိုမှာလဲ ထန်းလက်ဝါးထွက်တဲ့ အညှာတံကုန်တာနဲ့ ထန်းရည်မထွက်တော့ဘူး"

ဦးသော်တာ. . "ဩော်. . သိပြီ သိပြီ၊ လက်ရင်းလက်ငုတ်ထိအောင် အရည်ထွက်မှ အရိုးစွဲတယ် ခေါ်တာပေါ့"

ဦးတေနောင်. .

"ဟုတ်တယ်. . ဒါကြောင့် လက်ငုတ်ရည်ခေါ်တာပေါ့"

ဦးသော်တာ. .

"နေပါဦး. . ထန်းပင်တိုင်း ထန်းစတိုင်း အရိုးမစွဲဘူးလား"

ကိုမောင်ခို. . . "မစွဲဘူး ဆရာကြီးရဲ့၊ ထန်းကိုင်တဲ့လက်နဲ့ ထန်းပင် အမျိုးအစားပေါ်မှာ တည်သေးတယ်"

ဦးသော်တာ. . . "ထန်းပင်မှာ အမျိုးမျိုးအစားစား ရှိသေးသလား"

ကိုမောင်ခို. . . .

"ရှိတာပေါ့ ဆရာကြီးရဲ့၊ ထန်းသီးတွေကို သတိထား ကြည့်မယ်ဆိုရင် တစ်ပင်နဲ့တစ်ပင် မတူဘူး၊ အရောင်အမျိုးမျိုးကွဲတာကိုတွေ့ ရလိမ့်မယ်၊ ထန်းနက်, ထန်းညို, ထန်းပြာ, ထန်းဝါ, ထန်းဖြူ, ထန်းကြောင် ခြောက်မျိုးတောင်ရှိတယ်၊ နောက်ပြီး အကြီးအသေး လုံးရှည်, လုံးဝိုင်းလဲ ကွဲသေးတယ်"

ဦးသော်တာ. . .

"ထန်းသီးကြီးတဲ့ အပင်က ပိုပြီးထန်းရည်ထွက်မလား"

ကိုမောင်ခို. . "ဒီလိုလဲ မဟုတ်သေးဘူး ဆရာကြီး၊ အသီးသေးပေမယ့် အလုံးရှည်ပြီး ထန်းစေ့အိမ်နက်နဲ့ ထန်းပင်မှ ထန်းရည်အထွက်ကောင်းတယ်၊ အများအားဖြင့် ထန်းဖြူ, ထန်းဝါ, ထန်းကြောင်တွေဟာ ဒီသီးကြီးတွေကြီးပြီး အလုံးဝိုင်းဝိုင်းနဲ့ ထန်းစေ့အိမ်တိမ်တယ်၊ ဘယ်တော့မှ ထန်းရည်များများမထွက်ဘူး၊ အရိုးလဲမစွဲဘူး၊ ဒါကြောင့် ကျွန်တော်တော့ ထန်းနက်, ထန်းညို, ထန်းပြာမှာ အခိုင်များများထွက်ပြီး အသီးရှည်ရှည်နဲ့ ထန်းစေ့အိမ်နက်တဲ့ အပင်ကိုမှ


www.burmeseclassic.com

www.burmeseclassic.com

ရွေးပြီးတက်တယ်၊ ထန်းဖိုမှာလဲ ထန်းစများများထွက်ပြီး ထန်းလက်ဝါးရှည်တဲ့ အပင်ကိုရွေးတယ်"

ဦးတေနောင်. . "ဟော့. . မောင်ခို၊ မင်း ဒီနှစ် အရိုးဘယ်နှပင်စွဲလဲ"

ကိုမောင်ခို. . "လေးငါးပင်တော့ သေချာနေပြီ အဘ"

ဦးတေနောင်. . .

"ဒါဖြင့် နတ်တော်ပြာသိုအထိ မင်းထန်ရည် မပြတ်တော့ဘူးပေါ့"

ကိုမောင်ခို. . .

"နှစ်ပတ်လည်ဆက်မယ်၊ ပြာသိုမှာ သီးနုအတီ စ,ကိုင်မှာပဲ"

ဦးသော်တာ. . "ဟော့. . ထန်းသီးမှာ အတီသီး၊ အတီသီးနဲ့ ပြောကြပါတယ်၊ ဘယ်လို အသီးခေါ်တာလဲ"

ကိုမောင်ခို. . "ရှေးအတီတေဆိုတဲ့ စကားက လာတယ်နဲ့တူပါတယ်၊ ပထမဦးဆုံး အစောဆုံး သီးတဲ့ ထန်းခိုင်ကို ခေါ်တာပဲ"

ဦးသော်တာ. . "သီးနု ကိုင်တယ်ဆိုတာကကော"

ကိုမောင်ခို. . "ထန်းသီးကလေးတွေ လက်သီးဆုပ်လောက်မှာ ထန်းရည်ထွက်အောင် လုပ်တာကို သီးနုကိုင်တယ်ခေါ်တယ်၊ ထန်းသီးကြီးတွေ ရင့်မှ ကိုင်တာကို သီးရင့်ကိုင်တယ်ခေါ်တယ်"

ဦးသော်တာ. . "တစ်စရည်၊ လက်ငုတ်ရည် ဆိုတာကကော"

ကိုမောင်ခို. . . "ထန်းစ တစ်စတည်းကကျတဲ့ အရည်ကို တစ်စရည် ခေါ်တာပဲ၊ ဒီပြင် အစကကျတာနဲ့ မပေါင်းဘဲ သူ့ချည်းသာ သောက်တာ ပိုကောင်းတယ်၊ လက်ငုတ်ရည်ဆိုတာကတော့ ခုန ပြောခဲ့တဲ့ အရိုးစွဲနဲ့ ထန်းစတိုကို လက်ငုတ်ခေါ်တယ်၊ အဲဒီက ကျတာကို လက်ငုတ်ရည်၊ အခုကျွန်တော်တို့သောက်နေကြတာ လက်ငုတ်ရည်ပေါ့၊ ထန်းရည်ကောင်းတို့မည်သည်မှာ သောက်လိုက်ရင် အာခေါင်မှာ ရှသွားတယ်၊ လေတက်ပြီးရင် ချောင်ရမယ်၊ အခု ကျွန်တော့်ထန်းရည် အဲဒီလိုနေရဲ့လား ဆရာကြီး"

ဦးသော်တာ. . .

"နေပါတယ်၊ ကောင်းပါတယ် ထန်းရည်ဆရာခိုကြီးရယ်"

ယင်းသို့ လူကြီးတွေ ထန်းရည်သောက်ရင်း ထန်းငြိကာဖွင့်နေစဉ်ဝယ် ထွေးလုံးနှင့် ငွေးနီတို့သည် ဦးတေနောင်၏သားများနှင့် ထမင်းတစ်ဝိုင်းစားကြ၏။ ကန်စွန်းရွက်, မန်ကျည်းသီးစိမ်းနှင့် ငါးချဉ်ရေဟင်း၊ ထိုဟင်းထဲက ငါးဖတ်တို့ကို ငါးပိစိမ်းစား၊ ပိန်သီးနှင့်ထောင်း၊ ၁ခွားသီးစိမ်း၊ ပဲစောင်းလျားသီး ရေနွေးဖျောတို့က ကြောင်သားအုန်းနို့ဆီပြန်ဟင်းကို အအိဖြေလျက် စားလို့ကောင်းလိုက်တဲ့ဖြစ်ခြင်း။

❑





*ကြောင်သားနဲ့ အုန်းနို့ဆီပြန်*
*ပြည်တန်တဲ့ဟင်း. . . ။*
*ပင်ကျရှည် ခါးချိုပြင်းရယ်နဲ့*
*ကောင်းလိုက်တဲ့ဖြစ်ခြင်း. . . ။*

"ဟဲ့သား. . ဒီသီချင်း ဘယ်ကရပြန်တာလဲ"

ထွေးလုံးက သူတို့ခြံထဲတွင် ဘဲကလေးတွေ တီကောင်တူးကျွေးရင်း ဆိုနေသည်ကို အနီးတွင် သစ်ပင်တွေ ပေါင်းသင်နေသော သူ့အမေက မေးသဖြင့်. . .

"ဟိုလေ. . ကျွန်တော်တို့ ဟိုကြောင်ကြီး အောင်သေအောင်သား စားတဲ့နေ့က ဆရာကြီးဦးသော်တာ လက်တန်းစပ်တဲ့ကဗျာ ကျွန်တော် မှတ်ထားလိုက်တာ အမေရဲ့၊ အဲဒီဆရာကြီးဆီ ကျွန်တော် ကဗျာစပ်တောင်သင်မလို့ ဆရာကြီးက သင်ပေးမယ်တဲ့"

"ဦးသော်တာဆီက ကဗျာစပ်ပဲသင်ပါနော်၊ အသောက်တော့ သင်မလာပါနဲ့"

"အမေကလဲဗျာ. . ဆရာကြီးက လူငယ်တွေကို မဟုတ်တာ လုပ်ပေးမလားဗျ၊ ကျွန်တော်တို့ကို ဘယ်တော့မှ မသောက်နဲ့တောင် ပြောပါတယ်"

"အလကား အမေက စ,တာပါကွယ်၊ ဆရာကြီး ငါ ကြည်ညိုပါတယ်၊ ဆရာကြီးက မူးရင် သီချင်းဆိုတာကလွဲရင် ဘာအပြစ်မှ မရှိဘူး"

"အမေကလဲ ဆရာကြီးဆိုတာ သီချင်းမဟုတ်ဘူးဗျ၊ ကဗျာတွေ. . ကျွန်တော်တော့ သိပ်ကြိုက်တယ်"

ထွေးလုံးက ကဗျာဝါသနာ ပါဟန်ရှိသည်။ ကဗျာဝါသနာပါသူသည် စာပေသမား ဖြစ်လာတတ်၏။ ထွေးလုံးသည် တိရစ္ဆာန်ကလေးကိုလည်း ချစ်တတ်၏။ တိရစ္ဆာန်ချစ်တတ်သူသည် မေတ္တာကရုဏာတရား ရှိသူဖြစ်၏။ မေတ္တာကရုဏာတရားရှိသူသည် လူ့လောက၌ မိုက်မဲသောအမှုကို မပြုတတ်ချေ။ လမ်းတွေ ခွေးမြင် ခဲနှင့်ပေါက်ခြင်း၊ ကြက်ကလေး ငှက်ကလေးတွေ ပစ်ချင်ခတ်ချင်သော ကလေးတို့အား မိဘတို့က တားမြစ်ဆုံးမပေးဖို့သင့်၏။

ထွေးလုံး၏ဘဲကလေးငါးကောင်တို့သည် ဦးဘသိန်း, ဒေါ်ထွေးနွယ်တို့၏ ကြောင်ကြီးကို သုတ်သင်ပြီးမှ အန္တရာယ်ကင်းရှင်းစွာ ခြံထဲမှာ လွတ်လွတ်လပ်လပ် နေရလျက် တစ်နေ့တခြား ကြီးပြင်းလာခဲ့ရာ ခြောက်လကျော် ခုနစ်လထဲ ရောက်သည်၌ အမွေးအတောင် ပြည့်စုံသော အကောင်ကြီးများ ဖြစ်ခဲ့လေ၏။

မီးခိုးက မှိုင်းပြာပြာ၊ မဲလုံးက ဘဲနက်။ သူတို့ ဘဲထီးတို့မှာရှိအပ်သော အစိမ်းရောင် မှန်ကူကွက်တွေနှင့် အလွန်လှပ၏။



www.burmeseclassic.com

www.burmeseclassic.com



မြူရော်က အပျိုဖြစ်လာသောအခါ ဆွတ်ဆွတ်ဖြူသော ဘဲဖြူမ။ ဝါနုကြီးလာသောအခါ အဝါရောင် မဟုတ်တော့၊ သနပ်ခါးရောင်။ ရင်ကျားက အမွေးရောင်စုံသည့် ဘဲကျားမ ဖြစ်လာလေ၏။ ဘဲထီးတို့မည်သည် ခေါင်းစိမ်းရ၏၊ အမြီးတွင် အဆီဘူးရင်းမှာကပ်၍ အမွေးကလေးတစ်ချောင်းတည်း တော့ထောင်ကွေးနေ၏။ ဤကား အရွယ်ရောက်ပြီဖြစ်သော ဘဲထီး၏အင်္ဂါ။ ထို့ပြင် ဘဲထီးတို့မည်သည်မှာ အသံကို ကျယ်လောင်စွာ မမြည်တတ်ချေ။ နှီးနှီးရှဲရှဲမျှသာ။ ဘဲမတို့ကား တဂတ်ဂတ်နှင့် ဆူညံအောင် အော်တတ်ကြ၏။

ယခု ထွေးလုံးတို့အိမ်မှာ ဘဲထီးနှစ်ကောင်၊ ဘဲမ သုံးကောင်။ ဘဲတို့မည်သည် ကြက်နှင့်မတူ၊ တစ်ကောင်နှင့်တစ်ကောင် ထိုးခြင်းဆိတ်ခြင်း မရှိ၊ အလွန်သင့်မြတ်ကြ၏။

စားအတူ သွားအတူ အိပ်အတူ။ သူတို့သည် တစ်ကောင်ကောင်ကို ခေါင်းဆောင်ထားတတ်၏။ ထိုခေါင်းဆောင် ရှေ့ကသွားလျှင် အားလုံးနောက်ကလိုက်၏။ ခေါင်းဆောင်ရပ်လျှင် ရပ်၏။ ခေါင်းဆောင်အိပ်လျှင် အားလုံးစုပြုံအိပ်ကြ၏။

ထွေးလုံးတို့အိမ်က ဘဲအုပ်မှာ မဲလုံးမည်သော ဘဲနက်ကြီးက ခေါင်းဆောင်။ သူသည် အကောင်အထွားဆုံးနှင့် ဘဲချော ဘဲလှကြီးဖြစ်၏။

ထွေးလုံးသည် သူ့ဘဲများကို ကြည့်မဝ ရှုမငြီး။ သူ့ဘဲတို့သည် နာမည်ကို သူခေါ်လျှင် လာတတ်၏။ ငယ်စဉ်ကစပြီး ကီတူးကျွေးလေ့ရှိ၍ ထွေးလုံးသာ ရှေ့က ပေါက်ပြား သို့မဟုတ် တူရွင်းကိုထမ်းသွားလျှင် ဘယ်လောက်ဝေးဝေး လိုက်၏။ ထို့ကြောင့် ထွေးလုံးက ပြောစမှတ်ပြု၏၊ နွားက ကြိုးနှင့်ဆွဲမှ မောင်းမှရတာ၊ ကျွန်တော့်ဘဲတွေကတော့ တူရွင်း ပေါက်ပြားနဲ့ဆို ဘယ်ခေါ်ခေါ်ရတယ်။

သူ့ဘဲတွေ သူ အလွန်ချစ်လှ၏။

"ထွေးလုံး မင်းဘဲတွေ ရောင်းမလား" မေး. . .

"တစ်ကောင်ကို တစ်ရာ ပေးတောင် မရောင်းဘူးဗျ"

သို့နှင့် တစ်နေ့သောညနေ ထွေးလုံးကျောင်းမှ ပြန်အလာ ခါတိုင်းသူ လာတာမြင်လျှင် တံခါးဝသို့ ပြေးလာကြိုလေ့ရှိသော ဘဲတွေ တစ်ကောင်မှ မမြင်။ ဒါနဲ့ အိမ်ပေါ်တက် လွယ်အိတ်ကိုချိတ်ပြီး ဘဲခြံထဲများ သွားအိပ်နေသလားဟု သွားကြည့်တော့လည်း တစ်ကောင်မျှ မတွေ့။

ထို့ကြောင့် "အမေရေ. . ကျွန်တော့် ဘဲတွေကောဗျ" လို့အော်တော့ မီးဖိုချောင်ထဲမှ သူ့အမေက . .

"ဟဲ့. . ရှိမှာပေါ့ဟဲ့"

"ခါတိုင်းလို ကျွန်တော့်လဲ လာမကြိုဘူး၊ ဘဲခြံထဲမှာလဲ မရှိဘူး"





"ဟဲ့. . ခြံဝင်းထဲ ဟိုဟိုဒီဒီ ချုံကြိုချုံကြားထဲ ဝင်ချင်ဝင်နေမှာပေါ့"

သို့သော် ထွေးလုံးသည် ဘဲမထွက်နိုင်အောင် ကာထားသော သူတို့ခြံထဲ ခြေချင်းထပ်အောင် ရှာသော်လည်း တစ်ကောင်တစ်မြီးမျှ မတွေ့ တော့ပြီ။ အပြင်ထွက်သွားရအောင် အပေါက်လည်း တစ်ခုမျှ မတွေ့။

"အောင်မယ်လေး ကျွန်တော့်ဘဲတွေပျောက်ကုန်ပါပြီဗျ၊ ဒီတစ်အုပ်လုံး ဘယ်သူခိုးသွားသလဲ"

ဆယ့်တစ်နှစ်သားရှိပြီဖြစ်သော ထွေးလုံးသည် အော်ကြီးဟစ်ကျယ် ငိုလေ၏။

"အိမ်မှာ အမေရှိရက်သားနဲ့ မသိဘူးလားဗျ၊ ဘဲမဆိုတာ သူ့ဖမ်းရင် အင်မတန်အော်တာ"

မိခင်ဒေါ်သန်းရွှေသည် မီးဖိုချောင်ထဲမှ ရေကပြင်သို့ထွက်လာကာ သူ့သားဖြစ်ပုံကို ကြည့်၍ စဉ်းစားနေရာမှ တစ်စုံတစ်ခု သတိရလျက်. .

"လူကလေး ဒီနားလာစမ်း"

သူ့သားကို အနီးသို့ခေါ်လိုက်ပြီး . .

"နေ့ခင်း ငါ အိပ်ရာထဲမှာ တုံးလုံးလှဲနေတုန်းက အိမ်ခေါင်မိုးပေါ်တတောဘဲငန်းတွေ အော်သံ ငါကြားလိုက်မိတယ် ထင်တယ်"

"အဲဒါ ဘာဖြစ်လဲဗျ"

"ဘာဖြစ်ရမလဲဟ၊ နင့်ဘဲတွေက ရိုးရိုးအိမ်ဘဲမှ မဟုတ်ဘဲ၊ တောဘဲငန်းမဥက ပေါက်တဲ့ တောဘဲငန်းတွေ မဟုတ်လား"

ထွေးလုံး ရုတ်တရက် စဉ်းစားမိကာ . . .

"အင်း. . ဟုတ်တယ်၊ အဲဒီတော့ ဘာဖြစ်နိုင်သလဲ အမေ"

"ဒီရာသီ တန်ဆောင်မုန်း နတ်တော်လဆိုတာက တောဘဲငန်းတွေ မြူးချိန်၊ သူတို့ကလေးတွေ အပျံသင်တဲ့အချိန်၊ အဲဒီဘဲတွေ သူတို့အုပ် တို့ရွာဖြတ်လာရင်းနဲ့ မင်းဘဲလေးတွေ မြင်တော့ သူတို့အမျိုးမှန်းသိပြီး အပေါ်တခေါ်လိမ့်မယ်၊ ဟုတ်မယ်ဟော့"

ဒေါ်သန်းရွှေသည် ရေရေလည်လည် သဘောပေါက်လာဟန်နှင့်-

"ငါ့စိတ်ထဲ သင်းတို့နှယ် ငါ့အိမ်ခေါင်မိုးပေါ် ဘာလို့ ဝဲလှည့်အော်နေကြပါလိမ့်လို့ အောက်မေ့မိသေး၊ ဟုတ်ပြီ. . ဟုတ်ပြီ. . ဒီတော့ မင်းဘဲကလေးတွေကလဲ သူတို့အမျိုးမှန်းသိပြီး သူတို့လိုပဲ အပေါ်ကို ပျံကြည့်လိမ့်မယ်၊ သူတို့အတောင်အလက်စုံနေပြီပဲ၊ သူတို့ပျံနိုင်မှန်းလဲ သိရော လိုက်သွားတာဖြစ်မှာပေါ့ကွ"

"အောင်မယ်လေးဗျာ၊ ဒါဖြင့် ကျွန်တော့်ဘဲကလေးတွေ ဆုံးပြီလား သူတို့ ပြန်မလာကြတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ထွေးလုံး ဖင်ထိုင်လျက်သားကျသွားပြီး လက်နှစ်ဖက် နောက်ပစ်ပြီး မြေကြီးထောက်၍ ငိုကြွေးလေ၏။ မိခင်သည် သားအား ကရုဏာသက်စွာ ရေတပြင်မှဆင်းလာပြီး မျက်ရည်တွေသုတ်ပေးရင်း. . .

"တိတ်စမ်းပါဦး သားရယ်၊ ဒီမှာ သူတို့ကြီးပြင်းခဲ့တဲ့နေရာ၊ သူတို့အိမ်ရှိတဲ့ဌာနကို ပြန်မလာဘူးလို့လဲ မပြောနိုင်ပါဘူး၊ နောက်ပြီးတော့ အဲဒီဘဲအုပ်တာ ဒီအချိန် သူတို့အိပ်တန်း မပြန်ကြသေးပါဘူး၊ တို့ ရွှေကြာအင်းထဲမှာ ရှိချင်ရှိနေဦးမယ်"

ဤစကားကြားသည်နှင့် တစ်ပြိုင်နက်တည်း ထွေးလုံးသည် ငေါက်ခနဲထပြီး သူ့ဘဲခေါ် အာဏာတည် ပေါက်ပြားကို ထမ်းကာ ရွှေကြာအင်းရှိရာသို့ တစ်ဟုန်တည်း သုတ်ခြေတင်၍လေသတည်း။

"ဟဲ့. . နင့်ဘဲတွေ တွေ့တွေ့ မတွေ့တွေ့ အပြန် နွားသားအမိတော့ မ,ခဲ့နော်"

သူ့အမေက လှမ်းမှာလိုက်သေး၏။ ဒေါသန်းရွှေကတော့ ဘဲတွေကို သံယောဇဉ်ရှိပုံ မပေါ်လှပေ။ သူ့နွားသားအမိကိုသာ တွယ်တာ၏။

ထွေးလုံးကား သည်အချိန်မှာ နွားတွေကို တယ်ပြီးဂရုမပြုနိုင်။ ညိုမတို့ထားရာ စားကျက်ထဲရောက်၍ ကြန်စုံ တပဲပဲအော်လျက် သူ့ကိုခေါ်သည်မှာ လှည့်မကြည့်နိုင်ဘဲ ရွှေကြာအင်းဆီသို့သာ အမြန်ပြေးသည်။ ကမ်းပါးရောက်သော် ဟုတ်တာပေါ့ဗျာ. . ကမ်းမှ ခဲတစ်ပစ်လောက်အကွာ်တွင် ဘဲတစ်အုပ်၊ ကျွဲအုပ်ထဲတွင် ကိုယ့်ကျွဲ ကိုယ်မှတ်မိသကဲ့သို့ ထွေးလုံးသည် ဘဲအုပ်ထဲတွင် သူ့ဘဲသူ မှတ်မိလေသည်။

"ဟေ့. . မီးခိုး, မဲလုံး, ဖြူရော်, ဝါနု, ရင်ကျား"ဟု ဝမ်းခေါင်းသံကြီးနှင့် တအားအော်ခေါ်လေသော် ဘဲအုပ်သည် လန့်၍ အထက်သို့ ပျံတက်လေ၏။ ထိုအခါ ထွေးလုံးက ပေါက်ပြားနှင့် မြေကြီးကို ကုန်း၍ပေါက်ပြ၏။ ယင်း၌ ဘဲငါးကောင်သည် ဘဲအုပ်မှ ခွဲထွက်လာကာ သူ့ဆီသို့ ဆင်းလာ၏။ မြေပြင်ပေါ်ရောက်သည်နှင့် ထွေးလုံးသည် သူ့ဘဲများကို ပွေ့ဖက်ယုယကာ. .

"အောင်မယ်လေး ငါ နင်တို့ ပျောက်သွားပြီ မှတ်လို့ ရင်ထဲ ပူလိုက်ရတာ၊ ဩော်. . နင်တို့က ရေထဲက ငါးစားတဲ့ အမျိုးကိုး၊ ငါ ကျွေးပါ့မယ်တယ်" ဆိုပြီးနောက် သူ့နောက်က လိုက်လာသည့် သူ့ဘဲများနှင့်အတူ ငါးလူးတွင်းတွေလျှောက်နှိုက်ရာ ငါးရံ့ခေါင်းတို၊ ငါးပနော်၊ ငါးသင်းအုံတစ်ကောင်စီရသဖြင့် ဤသုံးကောင်ကို ပေါက်ပြားနှင့်တစ်ပြီး ဝေခြမ်းကျွေးမွေးလေ၏။

ပြီးသော်. . "ကဲ. . ကုန်ပြီ၊ ဒီနေ့တော့ တော်ကြဦးစို့၊ အိမ်ပြန်မယ်" ဆိုပြီး သူက ရှေ့မှပေါက်ပြားထမ်း၍ ဝမ်းဘဲများက နောက်မှ လိုက်လာကြသည်။





နွားသားအမိရှိရာသို့ ရောက်သည်၌ ညိုမကြီးကို မောင်းတံမှ ဖြုတ်၍ အိမ်ပြန်ကြရာတွင် ကြန်စုံက ဝမ်းသာအားရ အမြီးထောင်လျက် တပဲပဲအော်ကာ ရှေ့မှပြေး၊ မအေကြီးကလည်း တစ်နေ့လုံး ချည်ထားတာ ကြိုးညောင်းသဖြင့် သားနောက်က အတင်းပြေးလိုက်၊ ထွေးလုံးကလည်း သူ့ဘဲတွေ ပြန်တွေ့သောကြောင့် အလွန်ရွှင်မြူးပြီး အားလုံးပြေးကြလေရာ ဘဲတို့မည်သည်မှာ ကုန်းကြောင်းလိုက်ခြင်းအားဖြင့် မမီနိုင်သည့်အတွက် အထက်ပျံ၍လိုက်ကြသည်တွင် နွားအော်သံ၊ ဝမ်းဘဲတောင်ပံခတ်သံတို့နှင့် ရွာအဝင်ဝယ် တစ်ရွာလုံးမှ အထူးအဆန်းပွဲဆိုကာ လူတိုင်း တအံ့တဩ လှမ်း၍ ကြည့်နေကြလေရာ အိမ်မှ ဆီးကြိုနေသော သူတို့အမေလည်း မည်မျှဝမ်းသာလိမ့်မည်နည်း။

စာရှုသူလည်း ဝမ်းသာပါစ။

ကဲ. . . ဤဝတ္ထုတွင် လူသား, နွားနှင့် ဝမ်းဘဲတည်းဟူသော သတ္တဝါသုံးမျိုး၏မေတ္တာကို ဖော်ကျူးသည်ဖြစ်သောကြောင့် သိကြားနတ်များက ကောင်းချီးပေးသောအားဖြင့် ကောင်းကင်မှ နတ်ဩဇာသီးသုံးလုံး ကျလာသည် ဆိုပါစို့။

စာဖတ်သူက တစ်လုံးစားပါ။

စာရေးသူအား တစ်လုံးပေးပါ။

ကျန်တဲ့တစ်လုံးတော့ ကျန်တဲ့လူတွေ စားပါစေဗျာ။

www.burmeseclassic.com

www.burmeseclassic.com

# သူနဲ့သာဆိုရင်

## (၁)

ကျွန်တော်တို့လင်မယား ဈေးသည်ဖြစ်မှ မေသည် နံနက်လေးနာရီတွင် ထ၍ မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲ ဟင်းနှစ်အိုးကို ချက်ရသည်။ (၇)နာရီတွင် တက္ကစီကားနှင့် မဟာဗန္ဓုလပန်းခြံလမ်းအောက်ဆုံးဘလောက် နောက်ဆုံး အဆောက်အအုံကြီးဖြစ်သော ကညန ခေါ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး သက်သာစားသောက်ဆိုင်သို့ သွားရသည်။ ဈေးရောင်းသွက်သည့်နေ့၊ မသွက်သည့်နေ့လိုက်၍ (၁၂)နာရီ၊ နေ့လယ် နာရီပြန် တစ်ချက် နှစ်ချက်လောက်မှ အိမ်ပြန်ရောက်တတ်သည်။ ထိုအခါ မေ့တွင် ကျွန်တော့်အား ပြောစရာစကားများ ပါလာတတ်သည်။

သူ့ဆိုင်လာ၍ စားနေကျ ဖောက်သည်များအကြောင်း၊ သော်တာဆွေဆိုင်ဆို၍ တဝေးတလံမှ တမင်လာရောက်စားသောက်ကြသော ကျွန်တော့်စာဖတ်ပရိသတ် မည်သူမည်ဝါဟူ၍ မိတ်ဆက်သွားကြောင်း၊ တစ်ခါတစ်ရံ မိန်းကလေးများသည် မုန့်ဟင်းခါးလာစားရင်း နက်ဖြန်ခါလာယူမည်ဟု ကျွန်တော်ရေးရန် အော်တိုစာအုပ် ပေးလိုက်ကြောင်း၊ နယ်မှ ရန်ကုန်ရောက်သခိုက် "သွားစမ်း ဘားလမ်း, စားစမ်း အကောင်းဆုံး မုန့်ဟင်းခါးနှင့်အုန်းနို့ခေါက်ဆွဲ" ဆိုသည့် ကြော်ငြာတွေ့၍ လာရောက်သော ဘယ်မြို့မှ ဘယ်သူဟုပြောသွားကြောင်း၊ မုန့်ဟင်းများလည်း မေ့လက်ရာဟု ပြောပလောက်အောင် ကောင်းပါပေသည်ဟု ချီးမွမ်းသွားကြောင်း၊ မေသည် ကျွန်တော့်ထက် (၁၅)နှစ်ငယ်သည်ဖြစ်၍ အချို့က အသက် (၆၀)ကျော်နေပြီဖြစ်တဲ့ သော်တာဆွေ့ဇနီးဆိုလျှင် အဘွားကြီးဖြစ်နေမှာပဲဟု အောက်မေ့ခဲ့ရာ ယခုတော့ ငယ်ငယ်ကလေးရှိပါသေးလားဟု ပြောသွားကြောင်း၊ ထိုရုံးတွင် မော်တော်ကား ယာယီလိုင်စင်နံပါတ်ရေးရသော၊ ဓာတ်ပုံရိုက်ရသော မောင်သိန်းထွန်း,မောင်စိန်ထွန်း, မောင်ကျော်ညွန့်, အရှည်ကြီး မောင်ဌေးအောင်, မောင်မြင့်ဆွေ ဆိုသူတို့၏ နာမည်များကိုကား ကျွန်တော် အလွတ်ပင် ရနေချေပြီ။





သူတို့သည် တစ်ချိန်လုံး မေတို့ဆိုင်ထဲမှာနေကြ၍ မေနှင့်တူကလေးသားကလေးများကဲ့သို့ ရင်းနှီးခင်မင်နေကြသည်။ "မာမီကြီး အန်တီကြီး"တု ခေါ်ကြသည်။ ထိုသူငယ်လေးတို့၏အကြောင်းများကိုလည်း နေ့စဉ်လိုပဲ ကျွန်တော့်အား ပြောတတ်သည်။ စင်စစ် မေသည် သူ့ဖောက်သည် မိတ်ဆွေတွေနှင့် သူ ဈေးရောင်းရတာကို ပျော်နေခြင်း ဖြစ်ပါသည်။

တဲ့, ယခု ဝတ္ထုဇာတ်ကြောင်း ရေးရမည့် ထိုနေ့က မေ ယူလာခဲ့သော စကားက. . .

"မောင်ရေ. . ဟိုတစ်လောက မုန့်ဟင်းခါး လာစားဖို့ စရန်ငါးကျပ် ပေးသွားတဲ့ လူ ဒီနေ့မှ ရောက်လာတော့တယ်၊ ဘယ်သူလဲ သိလား"

ထို ကညနသက်သာဆိုင်ကား ကျွန်တော်တို့ချည်း မုန့်ဟင်းခါး,အုန်းနို့ခေါက်ဆွဲ ရောင်းသည်မဟုတ်။ လက်ဖက်ရည်ဆိုင်လည်း တွဲဖွင့်ထားလေရာ ကျွန်တော်တို့က တစ်နေ့လုံး မရောင်းနိုင်။ မွန်းလွဲပိုင်းလောက် ပြန်လာခဲ့၍ လက်ဖက်ရည်ဆိုင်က ညနေရုံးဆင်းအထိ။

လွန်ခဲ့သော ဆယ့်လေးငါးရက်လောက်က မေ ဆိုင်သိမ်းသွားပြီးမှ လူတစ်ယောက် ရောက်လာ၍ "ဒါ မေ. . သော်တာဆွေ မုန့်ဟင်းခါးဆိုင် ဒီမှာထွက်တာ မဟုတ်ဘူးလား"မေးသတဲ့။ "ဟုတ်ပါတယ်၊ အခုကုန်လို့ ဆိုင်သိမ်းသွားပါတယ်၊ မနက်ပိုင်းမှာပဲ ရောင်းပါတယ်"လို့ လက်ဖက်ရည်ဆိုင်ထိုင်မိန်းကလေးကပြောတော့ "ဒါဖြင့် နောက်မှ ငါ လာစားမယ်၊ အခု စရန်ပေးခဲ့မယ် ပြောလိုက်" ဆိုပြီး ငွေငါးကျပ် ပေးသွားသတဲ့။

ဒါနဲ့ မေက နောက်တစ်နေ့မှာ အဲသည်လူ လာလိမ့်မယ်လို့ မျှော်တာပေါ့။ သို့သော် အဲသည်နေ့လည်း မလာ။ နောက်နေ့တွေလည်း မလာ။ ဆယ့်လေးငါးရက် ကြာတော့ မေ့သလောက် ရှိခဲ့ပြီပေါ့။

ဟော. . အခု သည်နေ့မှ လာတယ်ဆိုတော့ ကျွန်တော်က . . .

"ဘယ်သူလဲကွ"

"တခြားလူ ဟုတ်ပါရိုးလား၊ မောင့်သူငယ်ချင်း ကိုတင်ဆွေကြီးရယ်ပေါ့"

သူနှင့်ကျွန်တော် မတွေ့ရသည်မှာ နှစ်များစွာ ကြာခဲ့ပြီ။

"သူ တစ်ယောက်တည်းပဲလား"

"သူ တစ်ယောက်တည်းမို့ တော်တော့သပေါ့၊ များလိုက်တဲ့စကား လွန်ပါရော မောင်ရယ်"

"ဘာတွေများ ပြောသလဲကွ"

"ဟာ. . စုံလို့ပဲ၊ မေလဲ မုန့်ရောင်းရတာ တစ်ဖက်နဲ့ ဘယ်နှယ်သူ ပြောတာတွေ အားလုံး နားထောင်နိုင်မှာလဲ၊ မေ မှတ်မိသမျှတော့ မောင်က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတုန်းက လက်သီးထိုး သိပ်ကောင်းတာ၊ သူ့ကို နောက်ကောက်ကနေအောင် ထိုးနိုင်သတဲ့၊ လက်လှဲလဲ သိပ်သန်သတဲ့၊ နို့ပြီး မောင့်မှာ ရည်းစားနှစ်ယောက် ရှိသတဲ့၊ အဲဒီ ရည်းစားတွေဆီက စာလာရင် သူနဲ့အတူ ဟိုတယ်သွားပြီး ဘီယာသောက်ကြသတဲ့၊ အဲဒီ ရည်းစားတွေက နယ်ကတဲ့၊ ရန်ကုန်သူရည်းစားထားရင် စရိတ်ကြီးတယ်ဆိုပြီး ရန်ကုန်မှာတော့ ရည်းစားမထားဘူးတဲ့ နို့ပြီး မောင်ဟာ ဗေဒင်ဝါသနာမပါဘဲနဲ့ သူ့ကြောင့် ဗေဒင် ခဏခဏမေးရသတဲ့၊ မောင့်ရည်းစားတစ်ယောက်ကို သူ တွေ့ဖူးသတဲ့၊ အဲဒီကောင်မလေးက သူ့ကို ခံသီးတွေ၊ စပျစ်သီးလုပ်ပြီး လက်ဆောင်ပေးဖူးသတဲ့၊ နို့ပြီး သူက ရန်ကုန်မှာ ရည်းစားတစ်ယောက်တည်းထားတာကို မောင်က ရည်းစားဆိုတာ တစ်ယောက်ထက်ပိုထားမှ ကောင်းတယ်လို့ ပြောသတဲ့၊ ဟာ. . သူပြောတာတွေ စုံလို့ပါပဲ၊ မေ့မှာက ပိုက်ဆံသိမ်းရတာနဲ့ မုန့်ပြင်ပေးရတာနဲ့၊ သူပြောတာတွေ ကြားလိုက်၊ မကြားလိုက်ပါပဲ၊ အဲ. . ရေရေလည်လည် နားထောင်သွားရတာကတော့ သူနဲ့တစ်စားပွဲတည်းထိုင်တဲ့ ဘဏ်က သူငယ်လေးနှစ်ယောက်ပဲ၊ မောင့်သူငယ်ချင်းကတော့ ထူးရော၊ အစားလဲ စားပါ့၊ စကားလဲများပါ့"

"သူ ဘယ်လောက် စားနိုင်သလဲ"

"မုန့်ဟင်းခါးတစ်ခွက်၊ အုန်းနို့ခေါက်ဆွဲတစ်ခွက်၊ နို့ပြီး ကော်ဖီနဲ့ မုန့်တွေလဲ စားသေးတယ်၊ မေ့လဲ ကော်ဖီအတင်းတိုက်တယ်၊ မသောက်ပါရစေနဲ့ဆိုတာ မရဘူး၊ မုန့်လဲ အတင်းကျွေးတယ်၊ ကဲ. . မှာပြီးနေမှတော့ ကော်ဖီပဲသောက်မယ်၊ မုန့်တော့ မဆာလို့ မစားပါရစေနဲ့ဆိုတာ မရဘူး၊ ဘဲသားမုန့်ကို 'ကဲ. . မစားဘဲနေလို့ မရအောင်'ဆိုပြီး သူ့လက်ညှိုးနဲ့ ထိုးဖောက်ပစ်တယ်"

ဤကား ဖိုးတင်ဆွေ၏ ငယ်ကျင့်ပင်။ မိတ်ဆွေသူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်မှာ ဆုံပြီဆိုလျှင် သည်လိုပဲ စားပွဲမှာ လာချတဲ့ မုန့်တွေကို မစားဘဲ နေ၍မဖြစ်အောင် အားလုံး လက်ညှိုးနှင့်ထိုးဖောက်ပစ်တတ်သည်။ သဒ္ဓါတရား အလွန်ကောင်းသည်။ မနှမြော မတွန့်တို၊ အကျွေးအမွေး အပေးအကမ်း ရက်ရောသူ ဖြစ်၏။

"သူ. . အခု ဘယ်မှာ နေသတဲ့လဲ၊ မေ မေးလိုက်သေးသလား"

"မေးစရာ မလိုပါဘူး၊ သူ့ဟာသူ ပြောပါတယ်၊ ကန်တော်ကလေးမှာ နေသတဲ့၊ သင်္ချာကျူရှင်ပေးသတဲ့၊ ကက်ဆက်ရေဒီယို ပြင်သတဲ့၊ မေတို့အိမ်မှာ ပြင်စရာရှိရင် သူပြင်ပေးပါမယ်တဲ့၊ ဒါနဲ့ ပြောလိုက်ရတယ်၊ အရင်တစ်လုံးနဲ့ပဲ တော်ပါပြီ ကိုတင်ဆွေရယ်လို့"

❀❀❀



(၂)

ဖိုးတင်ဆွေနှင့် ကျွန်တော်သည် (၁၉၃၈-၃၉)ခုနှစ်က ကြည့်မြင်တိုင်ဆရာဖြစ်သင်ကျောင်းမှာ ဆုံခဲ့ကြသည်။ သူက ပန်းတောင်းသား။ ကျွန်တော်က ပေါင်းတည်သား။ ကျောင်းဘော်ဒါမှာ အတူနေကြ၍ သူနှင့်ကျွန်တော် ဘယ်လောက် ချစ်ခင်ကြသနည်းဟူမူ ကျွန်တော့်နာမည်ရင်းက မောင်ကျင်မောင်ပါ။ သူ့နာမည်က မောင်တင်ဆွေရယ်ဟာကို ကျွန်တော်တို့ညီအစ်ကိုအရင်းလို နာမည်ဆင်အောင် ထိုစဉ်က **တင်ငွေ, တင်ဖေ, တင်ဆွေ** ဟူသောရုပ်ရှင်မင်းသားတွေကလည်း ခေတ်စားနေ၍ ကျွန်တော့်မူလနာမည်ကိုလည်း သိပ်မကြိုက်သဖြင့် ကျွန်တော့်နာမည်ကို **မောင်ကြွင်ဆွေ** လုပ်ပစ်လိုက်ပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် စိတ်ကြိုက်ချင်းလည်း တူညီကြသည်။ စာပေဆိုလျှင် စုံထောက်နှင့် စွန့်စားခန်းဝတ္ထုများ၊ ရုပ်ရှင်ဆိုလျှင် အထိုးအသတ်များသော ဇာတ်ကားများ။ ထိုခေတ်က လက်သီးထိုးကောင်းသော မင်းသားများ။ ဂျိမ်းစ်ကက်ဂနီ, ကလပ်ဂေဘယ်လ်, အယ်ရိုးဖလင်း, တိုင်ရွန်းပါဝါ စသည်ဖြင့် ၎င်းတို့ပါသော ဇာတ်ကားတွေ ကြည့်ကြည့်ပြီး ထိုမင်းသားတွေ ထိုးတာသတ်တာအားကျလှသဖြင့် ကျွန်တော်နှင့်သူ လက်သီးထိုးကျင့်ကြသည်။ လက်သီးတွေမာအောင် တန်းဘား ကွင်းဘား ကစားကြသည်။ မေးရိုးတွေ အထိုးခံနိုင်ရန် လည်ပင်းမာဆယ်လ်တွေ တင်းမာအောင် ကျင့်ကြသည်။ တစ်ယောက်တစ်လဲ ထိုးကြခံကြသည်။

ထို့အပြင် ယင်းခေတ်က ရန်ကုန်တွင် နာမည်ကြီးသော သိုင်းဆရာကြီး ဘိုလောရှည် (ကုလား)ထံမှာ သိုင်းပညာသင်ကြသည်။ ဤပညာဖြင့် သူတစ်ပါးကို နှိပ်စက်ကလူ မပြုပါ။ အားကြီးသူက အားနည်းသူကို အနိုင်ကျင့်နေတာ တွေ့လျှင် ဝင်ရောက်ကူညီပါမည်ဟု ကတိပြုရသည်။

ယင်းကတိကြောင့်ပေါ့။ (၁၉၄၇)ခုနှစ်၊ ကျွန်တော် ကုန်သည်အဖြစ်က ကသာ-မြစ်ကြီးနား ရထားပေါ်မှာ မိန်းမထိန်းက ကောင်မလေးတစ်ယောက် အနိုင်ကျင့်နေတာတွေ့လို့ ကျွန်တော် ဝင်ကယ်တာ တကတဲ အဲ့ဒီနို့ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ညားပြီး "ဆန်ဆုံးဘားကာကုန်သွား" ဆိုတဲ့ ဝတ္ထုရခဲ့ပါရောလားခင်ဗျာ။ (အဲသည်ဝတ္ထု ပုံနှိပ်ဘာသာပြန်၍ ကျွန်တော် တီဗီတစ်လုံး ရတယ်လေ)

ကျွန်တော်တို့နှစ်ယောက်က ကျောင်းမှာ ပေါ်ပြူလာဖြစ်ကြသည်။ အနော့ဆုံးလူများလည်း ဖြစ်ကြသည်။ ဖိုးတင်ဆွေက အဲသည်ကျောင်းမှာ ကောင်မလေးတစ်ယောက်နှင့် ရည်းစားဖြစ်သည်။ ဟာ့ဒါမလေး ဖိုးတင်ဆွေက မေးရောက်မီးရ မနည်းပါလား။ တော်ကြာ လက်ကိုင်ပဝါ၊ တော်ကြာ ရေမွှေး တော်ကြာ ပေါင်ဒါ၊ ရုပ်ရှင်ပြရတာကလည်း ရှိသေး၊ ဒါကြောင့် ကျွန်တော်က ရန်ကုန်ရည်းစားထားရတာ စရိတ်ကြီးသည်ဟု ပြောခဲ့ခြင်းဖြစ်သည်။

ကျွန်တော့်မှာတော့ နယ်ကရည်းစားနှစ်ယောက် ရှိသည်။ သူတို့မိဘများက ချမ်းသာကြသဖြင့် သူတို့ဆီက စာလာပြီဆိုလျှင် ဆယ်တန် (သို့မဟုတ်) အနည်းဆုံး ငါးကျပ်တန်တစ်ရွက်တော့ ပါလာတတ်သည်။ ဤအခါ ကျွန်တော်နှင့် ဖိုးတင်ဆွေ မြို့ထဲတွင် မြာတွေရှိသော ဟိုတယ်ကိုသွား၊ ဘီယာ သောက် ခေါက်ဆွဲစားကြသည်။

ထိုအင်္ဂလိပ်ခေတ်က ပုံမှန်ဈေး ခေါက်ဆွဲကြော်တစ်ခွက်က နှစ်ပဲ၊ စပါယ်ရှယ်ဆိုလျှင် သုံးပဲ၊ အဲ. . ဟိုတယ်မှာ ငါးမူးတန် ခေါက်ဆွဲဆိုရင် ခုခေတ် ဟိုတယ်တွေက အစိတ်တန်လောက်ပဲ။ ဘဲဥပန်းကန်ကြီးနှင့် ကျွန်တော်တို့နှစ်ယောက်တည်း မကုန်။ ညှော့ခံကောင်မလေးတွေပါ ဝင်စား၊ ထိုခေတ် ဟိုတယ် မယ်လေးတွေက ချောမောလှပကြသည်။ သီးသန့်အခန်းကလေးတွေနှင့်ဖြစ်ရာ ကိုယ်ကြိုက်သော မိန်းကလေးဖောက်သည်ထား၍ သမီးရည်းစားလုပ်တမ်း ကစားကြသည်။ သူတို့အား တစ်မတ်ငါးမူး ဘောက်ဆူးပေးရသည်။

အဲသည်တုန်းက ကျွန်တော်တို့က ဘီယာလောက်ပဲ သောက်နိုင်သေးသည်။ ဂျာမနီကလာတဲ့ ဘီယာအကောင်းစား Tenense တင်နင်စီခေါ်တံဆိပ်၊ ဟိုတယ်ဈေး တစ်ပုလင်းမှ တစ်ကျပ်တစ်ပဲရယ်။ အဲသည် ဘီယာ တစ်ယောက်တစ်ပုလင်းသောက်ပဲ၊ ကျွန်တော်တို့ထွေပြီး ကောင်မလေးတွေနဲ့ ပွေပြီး ငွေငါးကျပ်တန် တစ်ရွက်တောင် မကုန်ပါဘူးဗျာ။

ည (၁၁)နာရီ ဟိုတယ်ပိတ်တော့ ကြည့်မြင်တိုင်ကို ကျွန်တော်တို့ ဘာနဲ့ပြန်ကြသလဲ။ ဘီးလေထိုးထားတဲ့ လန်ချားတဲ့ဗျ၊ ဘီယာလေးထွေထွေနဲ့ အင်မတန် ဖိမ်ရှိတာ၊ ကျွန်တော်တို့နှစ်ယောက် ဘော်ဒါရေ့အရောက်မှ တစ်မတ်ပေးရတယ်။ ကဲ. . ယုံပြီလား။ ကုလားက သူ့နှဖူး တဖျပ်ဖျပ်ဆလံရိုက်သွားလိုက်သေး။

ကျွန်တော် ဗေဒင်ဝါသနာ မပါဘဲနဲ့ ခဏခဏ မေးရတဲ့အကြောင်း ပြောရဦးမယ်၊ ဖိုးတင်ဆွေ ရည်းစားရဲ့အဖေကြီးက နာမည်ရ ဗေဒင်ဆရာကြီးဗျ၊ သူတို့အိမ်ရှေ့မှာ ဆိုင်းဘုတ်ကြီးနဲ့။





အဲ. . ဒါပေမယ့် အဘိုးကြီးက မျက်စိမမြင်ဘူး၊ သည်တော့ ဖိုးတင်ဆွေကို ချိန်းတယ်၊ အဲသည်မှာ ကျွန်တော်က အဖော်လိုက်ရပြီး တစ်ယောက်တည်းလာတဲ့ပုံနဲ့ အိမ်ရှေ့ကတက်၊ အဘိုးကြီးလက်ထဲ ငွေတစ်ကျပ်လောက် လာဘ်တင်ပြီး ဗေဒင်မေးနေရပါရောခင်ဗျာ၊ ဖိုးတင်ဆွေကတော့ နောက်ဖေးပေါက်ကဝင်ပြီး သူ့ရည်းစားနဲ့တွေ့သပေါ့။ နို့မဟုတ်ရင် အဘိုးကြီးက သူ့သမီးကို အနားက အခွာမခံဘူး၊ အဲသည်လိုပဲ ကျွန်တော့်မှာ တစ်လ နှစ်ခါသုံးခါလောက် မွေးနေ့သက္ကရာဇ် အမျိုးမျိုးပြောပြီး ဗေဒင်မေးခဲ့ရပါသဗျာ။

ကျွန်တော့်ရည်းစားတစ်ယောက်နဲ့ ဖိုးတင်ဆွေ တွေ့လိုက်ရတာကတော့ ကျွန်တော့်ရည်းစားက သူ့အဒေါ်များနဲ့ ရန်ကုန်အလည်လိုက်လာခဲ့တယ်· အလုံဌာနာလမ်းမှာ တည်းကြတယ်· သူ့အဒေါ်များကလည်း ကျွန်တော့်ကို သဘောကျပြီးမို့ "မင်းရည်းစားပဲ၊ မင်း ရန်ကုန်မှာ စုံအောင်ပြလိုက်ပါကွယ်"

သည်တော့ ဖိုးတင်ဆွေက ကျွန်တော်တို့ ကိုယ်ရံတော်ပေါ့။ အဲသည်တုန်းက ကန်တော်ကြီးဟာ ခုထက်လည်း ရေများတယ်၊ လှေငှားတွေလည်း ရှိတယ်၊ တစ်နာရီမှ တစ်မတ်ပေးရတယ်၊ ဖိုးတင်ဆွေက မြစ်ကမ်းနားမှာရှိတဲ့ ပန်းတောင်းသားမို့ လှေပဲ့ကိုင်ဘတ်တယ်၊ ဒါကြောင့် . . .

ကန်တော်ကြီးမှာ လှေစီး
ဘုရားကြီးမှာတဲ့ ဆွာနှဲ
ဘိဧဗ္ဗာန်နှုံမှာတော့
ကျွာရှုံတွေနှော . . .။
ကြည်ကြည်မွေ့ခဲ့တဲ့
သည်နေ့တွေ ပြန်လို့မှားရှင်
ဆွေးမြည့်သာမော. . . ဆိုတဲ့ ကဗျာရခဲ့တာပေါ့ဗျာ။

ကျွန်တော်တို့ သမီးရည်းစားနှစ်ယောက်ဟာ ရန်ကုန်မှာ သုံးလေးရက်လောက် အဲသည်လို လည်ခဲ့ကြတယ်။ အပြန်ကျတော့လည်း သူ့အဒေါ်များက ဝါးနက်ချောင်းမှာ သုံးလေးရက်လောက် ကြာဦးမယ်ဆိုတာနဲ့ ကျွန်တော်လည်း ဝါးနက်ချောင်း လိုက်သွားသေးတယ်။

အဲသည် ဝါးနက်ချောင်းအိမ်နောက်ဖေးမှာ ခံပင်ရှိတယ်၊ သီးနေလိုက်တာ ပြွတ်လို့၊ ခံသီးဟာ စပျစ်သီးနဲ့ ခော်တော်လေးဆင်တယ်။ အဲသည်တော့ ရန်ကုန်မှာတုန်းက ဖိုးတင်ဆွေက ကျွန်တော့်ရည်းစားကို စပျစ်သီးဝယ်ကျွေးခဲ့တာ သတိရပြီးတော့ သူကလေးက ခံသီးသုံးလေးလုံး အခိုင်တွေကို အပ်ချည်နဲ့တစ်တောင်လောက်ရှည်တဲ့ စပျစ်သီးခိုင်ကြီးနဲ့ တူအောင်တွဲပြီး. . . "ကိုကြီး သူငယ်ချင်း ကိုတင်ဆွေကို ကျွန်မက စပျစ်သီးလက်ဆောင် ပါးလိုက်ပါတယ်" ဆိုပြီး ကျွန်တော့်ကို ပေးလိုက်သဗျ။



www.burmeseclassic.com

www.burmeseclassic.com

ညြော်. . အဲသည်တုန်းက ပျော်လိုက်တာလေ. . .

*စရစ်မြေ စိမ့်စမ်းနဲ့*
*ချမ်းမြေ့မြေ့ရိပ်သာ*
*လွမ်းဝေ့ဝေ့ဖြာသည်*
*အတိတ်ခါ ခေတ်ဟောင်း. . .။*
*ပြန်ပြောင်းလို့*
*တွေးလိုက်ပါလျှင်*
*ဆွေးသိုက်ဝင်ပါတဲ့*
*မြို့ဝါးနက်ချောင်း။*

အဲသည်တုန်းက ကျွန်တော့်ရည်းစားလေးက (၁၅)နှစ်။ ကျွန်တော်က (၁၉)နှစ်ဆိုတော့ အခု မေက (၄)နှစ်သမီး ရှိဦးမှာပေါ့။ ကိုတင်ဆွေ မေ့ကို ပြောခဲ့တာတွေဟာ အဲဒါတွေ နေမှာပေါ့။

နှစ်ပေါင်းလေးဆယ်ကျော်က အကြောင်းတွေ။

ဆရာဖြစ်သင်ဆိုသည်မှာ တစ်နှစ်မျှသာ ဖြစ်ပေရာ စာမေးပွဲပြီးသော အခါ၌ အားလုံးသော ကျောင်းသားတွေ ကိုယ့်နေရပ်အသီးသီး ပြန်ကုန်ကြ သတည်း။ ကျောင်းဆရာတွေ ဖြစ်ကုန်ကြသတည်း။

ဖိုးတင်ဆွေနှင့် ကျွန်တော်တို့ကား အလုပ်ခွင် မဝင်ကြသေးပေ။

ကျွန်တော်တို့မှာ မြန်မာလို (၁၀)တန်း အောင်ပြီးကြသော်လည်း အင်္ဂလိပ်စာတစ်လုံးမျှမတတ်သဖြင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်ကြ။ အင်္ဂလိပ် စာမတတ်လျှင် လူရာမဝင်မှန်း ရန်ကုန်ရောက်မှ သိကြပြီး ကျွန်တော်တို့နှစ် ယောက် တိုင်ပင်ကာ မိဘများထံ ခွင့်ပန်၍ ရန်ကုန်မှာ အင်္ဂလိပ်စာ အလွတ် ပညာသင်ကျောင်း တက်ကြလေ၏။

မြန်မာစာ ဆယ်တန်းအောင်ပြီးသူတွေမှာ အင်္ဂလိပ်တစ်ဘာသာပဲ ဖြေ ရမည်။ ထိုစာမေးပွဲအောင်လျှင် ကောလိပ်ဆက်တက်မည်။ ကျွန်တော်တို့ မိဘ များလည်း တောမှာ လယ်ပိုင်ရှင်များဖြစ်ကြ၍ တက္ကသိုလ်ပညာကို ပေးနိုင် ပါသည်။

သို့သော် (၁၉၄၁)ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ရန်ကုန်မြို့ကြီး ပျက်စီးပြီး သူငယ်ချင်းနှစ်ယောက်မှာ ကိုယ့်မိဘရပ်ထံအသီးသီး ပြန်ရကာ လူချင်း ကွဲကွာသွားကြသတည်း။ ဂျပန်ခေတ် တစ်ခေတ်လုံး မတွေ့ကြတော့။

❀❀❀

(၃)

(၁၉၄၈) ခုနှစ် မြန်မာပြည်လွတ်လပ်ရေး ရပြီးသောအခါ၌ ကျွန်တော် က စာရေးဆရာအဖြစ်နှင့်လည်းကောင်း၊ ဖိုးတင်ဆွေက ကုန်သည်အဖြစ်နှင့် လည်းကောင်း သူငယ်ချင်းနှစ်ယောက် ရန်ကုန်မှာ ပြန်လည်ဆုံတွေ့ကြရပြန် သည်။ အသီးသီး အိမ်ထောင်တွေနှင့်ဖြစ်ကြပြီး သူက ဘိုကလေးဈေးလမ်းမှာ နေသည်။ သူ့ကုန်တိုက်ကြီးက ဘုရားလမ်း၊ သိမ်ကြီးဈေးအနီးမှာမြန်မာ့ရောင်း ဝယ်ရေး ကုမ္ပဏီမည်သော ဆိုင်းဘုတ်ကြီးနှင့် တော်တော်ကြီးကျယ်ခမ်းနား ပါပေသည်။ သူ့အစ်ကို ကိုထွန်းရွှေကလည်း ပန်းတောင်းမြို့နယ်၊ ဖဆပလ အမတ်ဖြစ်နေတော့ သွင်းကုန်ထုတ်ကုန် လိုင်စင်တွေ ဘာတွေနဲ့ ဖိုးတင်ဆွေ ကောင်းစားနေသပေါ့။ အဲသည်အချိန်က ခေတ်အစားဆုံး အကောင်းဆုံးဖြစ် တဲ့ စတူဒီဘေကာ ကားနှင့် ကိုယ့်လူ ကြီးပွားနေလိုက်တာလေ။ သူ့ဆီများ ကျွန်တော်သွားရင် ဝီစကီနှင့် ကြက်ကင်တစ်ကောင်တော့ သူခိုင်းတဲ့ကုလား လေးကို ပြေးဆွဲခိုင်းတော့တာပဲ။

တစ်ခါ သူ ကျွန်တော့်ကို စိတ်ဆိုးပြီး ဝမ်းနည်းစကားပြောလိုက်တာ လေ။ အဲသည်တုန်းက ကျွန်တော်ကလည်း စာရေးဆရာဖြစ်စ ဘိုင်ကျကျမို့ "သူငယ်ချင်းရယ် ငွေတစ်ရာလောက် ချေးပါ" ပြောမိတာနဲ့၊ "ဟင်, ဖိုးကြွင် ဆွေ. . ကိုယ့်ကို ဟိုတုန်းကလို မချစ်တော့လို့ (ချေးပါ) ဆိုတဲ့စကား ပြောတာ လားကွယ်၊ တို့ငယ်ငယ်တုန်းက တစ်ယောက်အိတ်ထဲက ပိုက်ဆံ တစ်ယောက် မပြောဘဲနဲ့ နှိုက်သုံးနေကြတာပဲ။ ကဲ. . အခု တစ်ရာမဟုတ်ဘူး၊ ဟောဒီမှာ လိုချင်သလောက် ယူသွားစမ်း" သူ့ငွေထားတဲ့ စားပွဲအံဆွဲကြီးဆွဲဖွင့်ပေးတယ်။

သို့သော် သင်္ခါရတရားသည် လောကကို ကလူကျီစယ်ပြု၏။ လူတို့ အား ငိုစေ၏။ ရယ်စေ၏။ ဝမ်းနည်းစေ၏။ ဝမ်းမြောက်စေ၏။ သုံးလေးနှစ် ကြာသောအခါ ဖိုးတင်ဆွေ၏ ကုန်တိုက်ကြီး ပြုတ်စကီးပြသွား၏။

www.burmeseclassic.com



သူ၏ပါဘနာက နှာသွားလို့ ဆိုလားပဲ။ သူစတူဒီဘေကာ ကားသည် ဘစ်ကားဖြစ်သွား၏၊ နောက် ဂျစ်ကားက မော်တော်ဆိုင်ကယ်ဖြစ်သွားပြန်၏။ အဲသည်အချိန်မှာ သူက ကန်ထရိုက်တာလုပ်သတဲ့။ အသက်အာမခံကိုယ်စားလှယ်လုပ်သတဲ့။ အဲ့ နောက်တော့ ရန်ကုန်မြို့ပေါ်မှာ အခြေမစိုက်နိုင်တော့ဘူး၊ သူ့ဇာတိဌာနေ ပန်းတောင်းမြေပြန်ပြီး ဘီအိုစီခါတ်ဆီ ကိုယ်စားလှယ်လုပ်သတဲ့။ ကန်တူးငါးမွေးသတဲ့။ ဥစားကြက်တွေ မွေးသတဲ့။ သူ့မှာ ငွေကြေးတော့ဆင်းရဲမသွားပါဘူး။ မကြာခဏ ရန်ကုန်ကို အသက်အာမခံ ပရီမီယံကြေးငွေတွေသွင်းရန်လည်းကောင်း၊ ဘီအိုစီက ဓာတ်ဆီဖိုးငွေတွေ ပေးသွင်းရန်လည်းကောင်း ရောက်ရောက်လာ၏။ ရောက်လေတိုင်း ကျွန်တော့်အိမ်ကို လာ၏။

သို့သော် ကျွန်တော့်သူငယ်ချင်းမှာ အသက်ကြီးလေ ထူးခြားလာလေ ဖြစ်လာတာက စကားအလွန်များခြင်းနှင့် အင်မတန်သတိမေ့တတ်လာခြင်းပဲ။ တစ်ခါတစ်ရံ သူ ရန်ကုန်ကို ငွေသွင်းရအောင် လာရင်းနဲ့ ငွေထုပ်မေ့ကျန်ခဲ့လို့ ပန်းတောင်းတစ်ခေါက် ပြန်ရခြင်းတွေလည်း ရှိရဲ့။

သူ မေ့တတ်ပုံကို ကျွန်တော်သတိရတာက (၁၉၅၀)ခုနှစ်လောက်ကပဲ။ အဲသည်တုန်းက သူတို့အိမ်ထောင်စုနေတာ ရန်ကုန်ဘိုကလေးဈေးလမ်းမှာ။ တစ်နေ့ သူ့အိမ်မှာ ကျွန်တော် သူနဲ့အတူ ထမင်းစားတယ်၊ ငါးဟင်းနဲ့။ သူဟာ ငါးကို အင်မတန်ကြိုက်တဲ့လူ။

ထမင်းစားပြီးတော့ သူ့မိန်းမကို ဘာပြောသလဲဆိုရင် . . .

"ဟေ့ . . နက်ဖြန်ခါလဲ ငါးဟင်းချက်ပါဦးကွ" . . တဲ့။

သည်တော့ သူ့မိန်းမက . . .

"တော် . . ထမင်းစားပြီးတိုင်း ထမင်းစားပြီးတိုင်း ဒီစကားပြောတာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး"

သည်တော့ သူက "ဟေ့ . . ဟုတ်ရဲ့လားကွာ" တဲ့။

တစ်ခါလည်း (၁၉၇၀) ခုနှစ်လောက်က ထင်ပါရဲ့၊ သူ ကျွန်တော့်အိမ် ရေးကြီးသုတ်ပျာ ရောက်လာပြီး တွေ့တွေ့ချင်း မေးလိုက်တာက "ဟေ့ . . ဖိုးကြွင်ဆွေ ကိုယ့်သား မောင်တုတ်ကြီး နာမည်ဘယ်သူလဲကွ" တဲ့။

ကဲ . . မိတ်ဆွေ စဉ်းစားကြည့်ပါ။

သည်မေးခွန်းကို ကျွန်တော် ဘယ်လို ဖြေရမလဲ။

"ဟ . . ကိုရင့်သား မောင်တုတ်ကြီးဟာ မောင်တုတ်ကြီးပဲပေါ့"

သည်တော့ သူက ညည်းညည်းညူညူ . . .

"မဟုတ်ဘူးကွ အဲဒါက တို့အိမ်မှာ ခေါ်တဲ့နာမည်၊ သူကျောင်းမှာ ခေါ်တာက နာမည်တစ်မျိုး"





"ကိုရင့်သားက ဘယ်ကျောင်းမှာ နေလို့လဲ"

"ဟောဒီ ရန်ကုန်က ဆေးကျောင်းအမှတ်တစ်မှာ၊ အဲဒါ ကိုယ် သူ့တို ဝင်တွေ့မလို့ကွ၊ အဲ . . သူ့ကျောင်းနာမည် မေ့နေတော့ ဘယ်သူ့ကို ဘယ်လို မေးရမလဲ မသိတော့ဘူး၊ အဲဒါ ကိုရင်များ သူ့နာမည် သိမလားလို့"

"နေစမ်းပါဦး၊ ကိုရင့်သားနာမည် ကျုပ်သိရအောင် ကျုပ်က ရန်ကုန်မှာနေတယ်၊ ကိုရင်တို့ အိမ်ထောင်စုက ပန်းတောင်းမှာ နေတယ်၊ ကိုရင့်သားကို ကျုပ်အိမ် ခေါ်ခဲ့ဖူးသလား၊ ကျုပ် တွေ့ဖူးသလား"

သည်တော့မှ သူက . . .

"အေး . . ဟုတ်တယ်၊ ဖိုးကြွင်ဆွေမှ သူ့ကို မတွေ့ဖူးတာဘဲ"

"ကဲ . . ဒီတော့ ဖိုးတင်ဆွေ၊ ကိုရင့်သားကို မြင်ရင်တော့ မှတ်မိမယ် မဟုတ်လား"

"ဟာ . . ဒါတော့ ကိုယ့်သားအရင်းကြီးပဲကွာ"

"ကဲ . . ဒီတော့ ကျောင်းအဆင်းမှာ ကျောင်းပေါက်ဝက စောင့်ကြည့်နေ၊ မြင်တာနဲ့ ဘာနာမည်မှ ခေါ်မနေနဲ့တော့၊ လက်သာ အတင်းလိုက်ဆွဲပေတော့၊ ကဲ . . သွားသွား . . လေးနာရီထိုးတော့မယ်"

သူ ထိုင်ရာမှ ထပြီး အိမ်ပေါ် ထပ် မော့်ကြည့်ရင်း "မေကော . . မေ၊ ဒေါ်မေ ဘာဟင်းချက်လဲ၊ ငါးဟင်းချက်စမ်းပါ" အော်ပြောနေပြန်၏။

အိမ်ပေါ်မှ ဘာသံမျှ မကြား၍ ကျွန်တော်က . . .

"မေ မရှိဘူးထင်တယ်"၊ အိမ်ပေါ်တက်ပြီး လေပန်း၍ သူ့သားသူ မေ့သွားမှာစိုးရသဖြင့် "ကဲ . . သွား၊ ကျောင်းဆင်းခါနီးနေပြီ"

အမှန်တော့ မေ အိမ်ပေါ်မှာရှိ၏။ သူ့အားလန့်နေ၍ အသံမပြုဘဲ နေခြင်းဖြစ်၏။

တစ်ခါက သူ လုပ်သွားပုံလည်း ကြည့်ဦးလေ။

မေနဲ့ ကျွန်တော် ညားစက (၆၀၀)ကျပ်နဲ့ ဝယ်ထားတဲ့ ဖိလစ်ရေဒီယို ကလေးပါ။ ဆယ်နှစ်ကျော်ကြာတော့ ဒါလေးက ပျက်လိုက်ပြင်လိုက်ဖြစ်နေတယ်။

တစ်ခါ သူ ကျွန်တော့်အိမ်ရောက်လာတော့ သည်ရေဒီယိုလေးက ပျက်နေတယ်။

အဲသည်အချိန်မှာ အသက်အာမခံလုပ်ငန်းရော၊ ဘီအိုစီကုမ္ပဏီရော ပြည်သူပိုင်သိမ်းပြီး ဖိုးတင်ဆွေမှာ ဥစားကြက်နဲ့ ငါးမွေးမြူရေးပဲ ကျန်တော့ သူ ပန်းတောင်းမှာ ရေဒီယိုပြင်ဆရာ လုပ်နေသတဲ့။

ဒါနဲ့ ကျွန်တော်တို့ ရေဒီယိုလေးပြင်ပေးမယ်ဆိုပြီး ယူသွားပါရော၊ ဘာ တော်တော်နဲ့ မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လောက်ကြာမှ သူ ပေါက်လာတယ်။

နေဒီယိုပါမလာဘူး။

ကျွန်တော်တို့က မေးတော့မှ သူနှမ်းဖူး သူ လက်ဝါးနဲ့ ဖြန်းခနဲရိုက်လိုက်ပြီး . . . "ဟိုက် . . ဟုတ်ပြီ . . ဟုတ်ပြီ" . . တဲ့။

"ဘာဟုတ်တာလဲ ကိုယ့်လူရဲ့"

ကျွန်တော်က မေးတော့ . . .

"ဖိလစ် ရေဒီယိုမဟုတ်လား၊ အငယ်စားလေ"

"ဟုတ်ပါသဗျာ"

"ဟာ . . အဲဒါလေး ကိုယ်ပြင်ပြီးတော့ ဥစ္စာရှင်လာရွေးဖို့ မျှော်နေတာလေ၊ ဘယ်ကမှ မလာဘူး၊ အနီးပတ်ဝန်းကျင်မေးလို့လဲ ဥစ္စာရှင် မပေါ်ဘူး၊ ဒါနဲ့ ခြောက်လလောက်ကြာတော့ ဒါပိုင်ရှင်မဲ့ ပွဲသကူဆိုပြီး ကိုယ် ဘုန်းကြီးကျောင်းလှူပစ်လိုက်တယ်ကွာ၊ ထူးပါဘူး . . သာခုသာ ခေါ်ပေတော့"တဲ့။

❀❀❀

(၄)

ခုနှစ်သက္ကရာဇ်တော့ မသိတော့ပါ။ မိုးဦးကျ ပြောင်းဖူးတွေ ပေါ်ချိန်ဆိုတာတော့ မှတ်မိပါသည်။ ထိုစဉ် ကျွန်တော် နေတာက (၇)မိုင် ရွာတန်းရှည်က အိမ်ကလေးမှာပဲ။ အဲ . . အဟိတစာစောင်လည်း ကျွန်တော် ထုတ်ဝေပြုနေတဲ့အချိန်။ ဟုတ်ပြီ . . သတိရပြီ။ အင်္ဂလိပ်လဆန်းရက်များ အဟိတအုပ်တွေ မြို့ထဲဖြန့်ခဲ့ပြီး နက်ဖြန်အိမ်လာမယ့် တပည့်များနဲ့ မိတ်ဆွေသင်္ဂဟတွေပေးဖို့ မဂ္ဂဇင်းဆယ့်လေးငါးအုပ် လွယ်အိတ်ထဲထည့်ပြီး ညနေ နေဝင်ရီတရောအိမ်ပြန်ရောက်လာတော့ ဘသားချော ဖိုးတင်ဆွေ ကျွန်တော့်အိမ်ရှေ့ခန်းမှာဘီယာသောက်နေတာ တွေ့ရပါသဗျား။ ကျွန်တော့်မြင်မြင်ချင်း . . .

"ဖိုးကြွင်ဆွေ လည်လှချေလားကွ၊ ကိုယ် နေ့ခင်းကြီးကတည်းက ထိုင်စောင့်နေရတာ၊ နောက်ဆုံး မလာနိုင်တဲ့အဆုံး ညနေလေးနာရီလောက်မှာမော်တော်ကားပြန်လွှတ်လိုက်ရတော့တာပဲ၊ သက်သက် တစ်ရက်ပုပ်သွားတာပေါ့ကွာ"

ကျွန်တော်သည် လွယ်အိတ်နှင့်ထီးကို ဇနီးသည်သို့ပေးကာ ခွေးရွဲ့နေသော ရှပ်အင်္ကျီကို ချွတ်ရင်း . . .

"ရောက်မှဖြင့် အေးအေးဆေးဆေး နေမယ်မဟုတ်လားကွာ၊ ဘာတုံးတစ်ရက်ပုပ်သွားတယ်ဆိုတာက၊ ဘာများအရေးကြီးလာပြန်တာလဲ"

"မှော်ဘီက တပ်မတော်ခြံမှာ ကြက်သွားဝယ်မလို့ကွ"

"နို့ . . ကိုရင့်မှာ ကြက်ဥတွေ တစ်နေ့ သုံးလေးရာလောက်တောင်ရောင်းစားနေရတယ်ဆို"

သူသည် ရန်ကုန်မြို့မှ စီးပွားရေးလုပ်ငန်း ပျက်သည်၌ သူ့မွေးရပ်မြေပန်းတောင်းသို့ ပြန်ကာ နှစ်ဧကခွဲရှိသော ရေကန်ကြီးမှာ ငါးမွေးခြင်း၊ ထိုကန်အပေါ်၌ ကြက်ခြံဆောက်၍ ဥစားကြက်များ မွေးခြင်းဖြင့် စီးပွားဖြစ်နေကြောင်း သိထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဒါပေမယ့် လောကမှာ သေခြင်းတရားဆိုတာ ရှိတယ် မဟုတ်လားကွယ့်၊ ဒီနှစ် ကိုယ့်ကြက်တွေ ကြက်နာဝင်လို့ မျိုးပြုတ်ကုန်တယ်၊ ဒါကြောင့် ကြက်အကောင်တစ်ရာလောက် ပြန်ပြီး မွေးတည်မယ်လို့ မော်တော်ကားပေါ် ဘစ်ခါတည်းခေါ် လာခဲ့တယ်၊ ဒီနေ့ စနေနေ့မို့ ကိုယ့်လူ နေ့ဝက်အားမယ် အောက်မေ့တာကို၊ လေးနာရီထိုးလို့ ပြန်မလာတော့မှ မော်ဘီသွားဖို့ အချိန်မရှိတော့တာနဲ့ ကားပြန်လွှတ်လိုက်ရတယ် ကဲ . . နက်ဖြန် တနင်္ဂနွေ တော့ ကိုယ့်လူအားပြီ မဟုတ်လား"

ရော် . . သူသူငယ်ချင်း စာရေးဆရာဖြစ်နေတာ မေ့ထားကာ ပြန်တမ်းဝင်အရာရှိကြီးများ အောက်မေ့နေပြန်လားမသိ၊ စင်စစ် နက်ဖြန်တနင်္ဂနွေမှာ ကျွန်တော် ပို၍မအားပြီ။

အဟိတွင်ရေးကြသော စာရေးဆရာလေးများ ကျွန်တော့်အိမ်တွင် စုကြမည်။ ယစ်ရွှေရည်နှင့် တပေမွှေကုန်သော ကျွန်တော့် သောက်ဖော်များ သူတို့ရုံးအားရက်တွင် လာ၍ ပျော်ပွဲစားကြမည်။

ဤအကြောင်း ပြောပြသောအခါ ဘီယာအရှိန်နှင့် သူ့မျက်နှာ ရယ်ဝေ့ဝေ့လေးဖြင့် . . .

"အေး . . . ဖိုးကြင်ဆွေ နောက်မှ တွေ့တဲ့လူတွေသာ အရေးပေးပြီး ကိုယ့်လို ငယ်သူငယ်ချင်းကို မခင်တော့ဘူးပေါ့"ဟု စကားနာထိုးလေ၏။

ယင်း၌ တစ်ခွက်မျှ မမော့ရသေးသော ကျွန်တော်က . . .

"ဟာ . . . ဘာဆိုင်လဲကွ ကိုယ့်အလုပ်မအားတဲ့ဟာကို၊ ကိုယ့်လူ ကြက်ဝယ်သွားတာက ကိုယ့်ဟာကိုယ် ပိုက်ဆံပေးဝယ်လာ ပြီးတယ် မဟုတ်လား"

သည်တော့ သူ့မျက်နှာညှိုးငယ်သွားကာ . . .

"ဒါတော့ ဒါပေါ့ကွာ၊ သို့ပေမယ့် ကိုယ် ရန်ကုန် ခဏတစ်ဖြုတ်ရောက်တုန်းလေး ဘယ်သွားသွား ဘာလုပ်လုပ် ကိုယ့်သူငယ်ချင်းနဲ့ အတူတူဖြစ်ချင်တာပေါ့"

သည်တော့လည်း ကျွန်တော့်စိတ်ထဲ ထိခိုက်သွားကာ . . .

"အေးလေ ဖြစ်ပါတယ်၊ ဒါပေမယ့် ဆယ့်နှစ်နာရီ မထိုးခင် ကိုယ့်အိမ်ပြန်ရောက်ဖို့ လိုတယ်နော်"

"ရောက်ပါတယ်ဟ ကားမနက် ခုနစ်နာရီမှာထားတာ၊ မှော်ဘီအသွားအပြန် ငါးနာရီလောက် ကြာမလားကွ၊ ရော့ . . ရော့ ဘီယာသောက်လိုက်ဦး ကိုယ်တို့ အတူတူသောက်မယ်ဆိုပြီး သုံးလုံးယူလာတာ၊ ကိုယ့်လူ မသာနိုင်တာနဲ့ နှစ်လုံးတော့ ချောပြီ"ဟု ပြောရင်း . . .

လက်ကျန်ပုလင်းထဲကဟာ ငှဲ့ထည့်ပြီး နောက်တစ်လုံးကို ဖောက်မည်သုပ်နေတော့ ကျွန်တော်က လက်တား၍ . .





"ဟော့ . . ဖိုးတင်ဆွေ၊ ကိုယ့်ဖို့တော့ အဲဒီပုလင်း ဖွင့်မနေနဲ့တော့ ထမင်းစားခါနီးကြီး ကိုယ် ဘီယာမသောက်ချင်ဘူး၊ ကိုယ့်မှာ ရှမ်းပါတယ်၊ ဟော့ . . ဒေခုနစာအုပ်ထည့်တဲ့ လွယ်အိတ်ယူခဲ့စမ်း"

မေက ယူလာပြီး ပုလင်းရော စာအုပ်တွေရော ထုတ်လိုက်တော့ ဖိုးတင်ဆွေက အဟိစာအုပ်အားလုံး ခြုံကြည့်လိုက်ပြီး မျက်လုံးပြူးလျက် . .

"ဟ . . ဖိုးကြင်ဆွေရဲ့ စာအုပ်တစ်မျိုးတည်းကို ဘာလုပ်ဖို့ ဒါလောက်အများကြီးဝယ်လာရတာလဲ"

ကျွန်တော် စိတ်ပေါက်ပေါက်ရှိလာ၍ . . .

"မီးရှို့ပစ်ဖို့ဟော့၊ မီးရှို့ပစ်ဖို့"

မေက မနေသာ၍ ကြားကဝင်ရှင်းပြတော့မှ သူ သဘောပေါက်သွားကာ . . "သြော် . . စာလဲရေး၊ စာအုပ်လဲ ထုတ်ဆိုတော့ ကောင်းတာပေါ့ကွာ ဟော့ . . ဖိုးကြင်ဆွေ ရုပ်ရှင်မင်းသားလဲ လုပ်ပါလားကွ"

"ငါ့ . . ဘယ်ဒါရိုက်တာ၊ ဘယ်ကုမ္ပဏီက ရုပ်ရှင်မင်းသားလုပ်ခိုင်းမလဲကွ"

"အခု ရှုမဝဦးကျော် ရုပ်ရှင်ရိုက်နေတယ် မဟုတ်လား၊ သူ့ကို မင်းမပိုင်ဘူးလား"

"ဟ . . ဦးကျော် လုပ်ပေးချင်တိုင်းသာ ဖြစ်ရမယ်ဆိုရင် သူ့သား သူ့သမီးတွေအားလုံး ရုပ်ရှင်မင်းသားနဲ့ မင်းသမီးချည်း ဖြစ်နေပြီပေါ့ကွ"

"အေး . . ဒါလဲ ဟုတ်တာပဲ"ဆိုပြီး သူ အဟိစာအုပ်ကို ဟိုလှန်သည်လှန်လုပ်ရင်း မျက်လုံးပြူးတဲ့ကာ "ဟာ . . ဒီအထဲက အရုပ်တွေကလဲ လှနဲ့မတူပါလား၊ ခေါင်းကြီးတဲ့ဟာကကြီး၊ ကိုယ်သေးတဲ့ဟာက သေးနဲ့၊ ဘယ်လိုရုပ်ပုံတွေတုံး ဖိုးကြင်ဆွေရဲ့ ခက်တော့တာပဲ"

ထိုစဉ်က ကာတွန်းတွေက ယခုလို ခေတ်မစား၊ လူသိမများသေး၊ ကာတွန်းလုံးချင်းလည်း မထွက်ဖူးသေးချေ။ မဂ္ဂဇင်းကြီးများတွင် ဟာသဝတ္ထုလောက်သာ ကာတွန်းခေါင်းစီး ပါလာတတ်သည်။ ယခု အဟိတစ်အုပ်လုံး ကာတွန်းခေါင်းစီးပုံတွေချည်းဖြစ်၍ ဖိုးတင်ဆွေ အံ့သြနေခြင်း ဖြစ်သည်၊

ထို့နောက် သူသည် ခွက်ထိုးခွက်လန် ရယ်ပြန်ပြီး . . .

"သေပါတော့ကွ၊ ဒီကဗျာကလဲ ဘယ်လိုဟာလဲဟ၊ ကြံကြံဖန်ဖန်"ဟု ဆို၍ သူ ကျယ်လောင်စွာ ဖတ်ပြ၏။

*သူ မတို့လေနဲ့*

*သူတို့လျှင် တကယ်ကြည်တဲ့၊ မယ်ပြိတ်တီကလေး။*

*လက်မသရမ်းလာနဲ့*

*ဟင့် . . ဖက်နမ်းနာခံချင်သေးတယ်၊ ဝမ်းကစ်စ်ပေး။*



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဟား . . ဟား . . ဘယ်လိုကဗျာလဲဟာ၊ ရယ်စရာကြီး"

တဲ . . ဟာသစာစောင်ထဲက ကဗျာ ရယ်စရာကြီးဆိုပြန်တော့လည်း ကျွန်တော် ဘာမျှ မပြောချင်တော့ပါ။ သူ့ဟာသူပဲ ရှိပါစေတော့။

ကျွန်တော် သူ့အနီးမှ ခွာလိုက်ပြီး . . .

"ကဲ . . ဖိုးတင်ဆွေ၊ ကိုယ် ရေချိုးလိုက်ဦးမယ်ကွာ၊ ကိုယ့်လူကော ချိုးဦးမလား"

"ဟော့အေးကွာ၊ ကိုယ် အရှိန်လေးရနေတာ ပြယ်သွားဦးမယ်"

ကျွန်တော် အိမ်ရှေ့ရေချိုးခုံမှာ ရေချိုးနေစဉ် ကျွန်တော့်သားအငယ်နှစ်ကောင်က အိမ်အောက်ဘဲခြံထဲသွင်းဖို့ ဘဲတစ်အုပ်ကို မောင်းလာတာ ဖိုးတင်ဆွေမြင်တော့ . . .

"ဟာ . . . ဖိုးကြင်ဆွေမှာ ဘဲရှိတာ ကိုယ် စောစောက မသိဘူးကွာ၊ ဟော့ . . ဖိုးကြင်ဆွေ၊ ဘဲသားနဲ့ ဘီယာချက်စားဖူးလား"

ကျွန်တော် ရေချိုးနေရာမှ . . .

"ကြုံကြုံဖန်ဖန်ကွာ"

"ဟာ . . သိပ်ကောင်းတယ်၊ ဒီမှာ ဘီယာတစ်ပုလင်း ရှိနေသေးတာနဲ့ အဆင်သင့်ပဲ၊ ဘဲတစ်ကောင် ဘီယာတစ်ပုလင်းကွ၊ အဲဒီအရည်လဲခန်း ဘဲသားဆီပြန် သိပ်စားကောင်းတယ်၊ ကိုယ်ချက်မယ်"

ကျွန်တော်လည်း တစ်ခါမျှ မစားဖူး။ ထူးထူးဆန်းဆန်းလေး စားကြည့်ချင်တာနဲ့ ကလေးတွေအား ဘဲထီးတစ်ကောင် ဖမ်းခိုင်းလိုက်ရသည်။ အမွှေးနုတ်စေပြီး မေ့အား "ဒါကြီး သူလုပ်ချင်တာ လုပ်ရမှ အေးမှာ၊ မင်းက ဘာမှ ဝင်မစွက်နဲ့၊ လွှတ်ပေးလိုက်စမ်း"ဆိုပြီး ဖိုးတင်ဆွေအား မီးဖိုချောင်ထဲသွင်းပေးလိုက်တယ်။ ကလေးတွေက ငရုတ်သီး ကြက်သွန်ထောင်းပေး၊ ဖိုးတင်ဆွေက သူ့ဟာသူ ခုတ်ထစ်ချက်တယ်။

အပြင်ထွက် တစ်ခွက်မော့လိုက်၊ စကားတွေများလိုက်၊ မီးဖိုချောင်ထဲ ပြန်ဝင်သွားလိုက်နဲ့ တစ်နာရီလောက်ကြာတော့ သူ့ဘီယာဘဲသားအိုး ရေခန်းပြီမို့ ဘစ်ပန်းကန်ခပ်ပြီး သူ အိမ်ရှေ့ယူလာတယ်၊ ကျွန်တော် အရက်ခွက် မော့ချလိုက်ပြီး တစ်တုံးယူကြိတ်လိုက်တယ်။ အမယ်လေးဗျာ . . ငန်လိုက်တာ တူးလို့။ သူလည်း တစ်တုံးယူဝါးရင်း မျက်နှာကြီးရှုံ့မဲ့ကာ . .

"ထို့ . . ကိုယ် မေ့ပြီး ဆားကို နှစ်ခါထည့်မိတယ် ထင်ပါရဲ့ကွာ"တဲ့။ သူ့ဟာသူ ငန်လွန်းအားကြီးသဖြင့် "နှစ်ခါမကဘူး၊ သုံးခါလောက် ထင်တယ်ဟေ့"

❀❀❀

(၅)

နောက်တစ်နေ့ နံနက်တွင် သူက ကားကို (၇)နာရီ မှာထားသည်ဆိုသော်လည်း (၈)နာရီလောက်မှ ရောက်လာ၍ ဒရိုင်ဘာက သူ့ဆရာကတော် ဈေးဝယ်ပို့နေရလို့ပါဟု ပြောပါသည်။ ကားက ဖိုးတင်ဆွေ၏မိတ်ဆွေ တရုတ်တစ်ယောက်၏ကား။ ဘောက်စ်ဝက်ဂွန် အကြီးကြီးမို့ ဖိုးတင်ဆွေက ကျွန်တော့်သားငယ်နှစ်ယောက်ပါ လိုက်ဖို့ခေါ်သည်။

ထို့ကြောင့် ကျွန်တော်က . . .

"ကဲ . . လိုက်မှဖြင့် တက်ကြကွာ၊ မြန်မြန်သွား၊ မြန်မြန်ပြန်ရအောင်"

သည်တော့မှ ဖိုးတင်ဆွေက သူ့အသံ အေးစက်စက်ဖြင့် . . .

"ဖိုးကြင်ဆွေကလဲကွာ၊ ဘာကြောင့် ဒီလောက် လောနေရတာလဲ၊ အခု (၈)နာရီကွာ၊ မှော်ဘီကို အသွားအပြန် လေးနာရီ ကြာမလားကွ၊ ထမင်းစားမီ ပြန်ရောက်စေရမယ်၊ ဒေါ်မေ ငါးဟင်းချက်ထားလိုက်" ဟု ကျွန်တော့်ဇနီးအား မှာခဲ့သေးသည်။

ကိုယ်ပိုင်ကားနှင့်သွားတာပဲ၊ ရန်ကုန်နှင့်မှော်ဘီ အသွားအပြန် လေး နာရီ မကြာပါဘူးဆိုတာ အချိန်အားဖြင့် မှန်ပါ၏။ သို့သော် သူသည် ဘယ် သွားသွား၊ ဘယ်တော့ကမှ ဖြူးဖြူးဖြောင့်ဖြောင့် တန်းတန်းမတ်မတ် မရှိ ကျွန်တော့်ကိုယ်တွေ့အားဖြင့် သိခဲ့ပေါင်းများလှလေပြီ။ ထို့ကြောင့် ကျွန်တော် သည် ဘယ်အခါမဆို သူနှင့်သွားရမှာ (ကိုယ့်တွင် အချိန်ကန့်သတ်ထား ရှိလျှင်) လွန်စွာ စိုးရွံ့မိ၏။

ဒရိုင်ဘာအား ကလေးတွေနှင့် နောက်မှာထိုင်စေ၍ သူကိုယ်တိုင် မောင်းသည်။ ကျွန်တော်က သူနှင့်အတူ ရှေ့မှာ ထိုင်ရသည်။ ကျွန်တော် စိတ်ထဲမှာ လမ်းတွင် သူ့အသိအကျွမ်းများ မတွေ့ပါရစေနှင့်ဟု . . တဖွဖွ ဆုတောင်းရသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် မိတ်ဆွေတစ်ယောက် နှင့်တွေ့လျှင် အင်မတန်စကားကြောရှည်၏။ ထွေလီကာလီ ကိစ္စတွေ လေ တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သည်လောက်ဝေးတဲ့ ခရီးလမ်း၊ ရန်ကုန်တွင် အလုပ်မျိုးစုံ (ကုန်သည် ကန်ထရိုက်တာ၊ အသက်အာမခံကိုယ်စားလှယ်) လုပ်ခဲ့သော သူလို အနေပါင်းအသင်း အင်မတန်များသူသည် အဘယ်မှာ မတွေ့ဘဲ နေပါအံ့နည်း၊ မင်္ဂလာဒုံဘတ်စ်ကားဆိပ် ရောက်သည်၌ လမ်းဘေးကားထိုးရပ်သိုက်ပြီး သူ့ကိုမမြင် သူ့ဖာသာသူ မတ်တတ်ရပ်နေသူတစ်ယောက်အား . . .

"ကြည့်စမ်း . . ကြည့်စမ်း မတွေ့ရတာကြာပြီ၊ ခုမှ ကြုံကြုံဖန်ဖန်ဗျာ"

ထိုသူသည် သူ့အသံကြားမှ လှည့်ကြည့်ကာ . . .

"ဟာ . . . ကိုတင်ဆွေပါလား"

"အခု ခင်ဗျား ဘယ်မှာနေလဲ၊ ဒီနေရာမှာ ဘာကိစ္စရပ်နေတာလဲ"

"ထောက်ကြံ့သွားမလို့ ဘတ်စ်ကားစောင့်နေတာ"

"ဟ . . ဒါဖြင့် အဆင်သင့်ပဲ၊ လာ . . တက်"ဟုဆိုကာ ကားတံခါးဖွင့်ပေးလိုက်တော့ ကျွန်တော်လည်း ထိုလူအား နေရာရွှေ့ပေးလိုက်၍ သုံးယောက်တန်းထိုင်မိကြပေပြီ။ ဖိုးတင်ဆွေ ကားကို ဂီယာပြန်သွင်းရင်း ကျွန်တော့်အား "ဖိုးကြင်ဆွေ . . ဒါ . . ကိုယ်ကန်ထရိုက်လုပ်တုန်းက အုတ်တို့၊ သဲတို့ ကျောက်စရစ်တို့ ဆပ်ပလိုင်းလုပ်တဲ့လူ ကိုမွေးထူတဲ့၊ လူပျိုကြီးကွ"ဟုဆိုပြီး တစ်ဖန် ထိုလူအား . . "ဒါက ကျွန်တော့်သူငယ်ချင်း နိုင်ငံကျော် စာရေးဆရာကြီး၊ သော်တာဆွေဆိုတာ သူပဲ၊ ခင်ဗျား သူ့စာတွေ ဖတ်ဖူးမှာပေါ့"

ကျွန်တော့်အား ဂုဏ်တင်ကာ ပြောလိုက်သော်လည်း ထိုလူ့ပုံသဏ္ဌာန်မှာ စာဆို၍ စာပုတီး, စာဘုန်းကြီး, စာဘူးတောင်းများသာ သိမည့် ရုပ်မျိုး။ တဘက်ခေါင်းပေါင်း အဝတ်ခပ်နွမ်းနွမ်းနှင့် အလုပ်ကြမ်းသမား ဖြစ်ပေမည်။ ဖိုးတင်ဆွေက မိတ်ဆက်သဖြင့် သူနှင့်ကျွန်တော် ထုံးစံအတိုင်း သွားဖြဲပြကြပြီးနောက် ထိုလူ့နှုတ်က အငြိမ်မနေသေးပေ။

"ကိုတင်ဆွေ ကျုပ် လူပျိုကြီး မဟုတ်တော့ဘူးဗျ၊ မိန်းမရနေပြီ"ဟု ပြောလိုက်တော့ ဖိုးတင်ဆွေမှာ လူတစ်ယောက် မိန်းမရတာပဲ တအံ့တသြဖြစ်တဲ့မျက်နှာနှင့် . . .

"အို . . ဟုတ်လား၊ ဘယ်လောက် ကြာပြီလဲ"

"ငါးနှစ် ခြောက်နှစ်လောက် ရှိပြီ"

"အံ့ရောဗျ၊ ခင်ဗျား ကျွန်တော့်ဆီတောင် ဖိတ်စာမပေး၊ အကြောင်းမကြားဘူး"

"အဲဒီတုန်းက ကိုတင်ဆွေ ဘယ်မှာနေမှန်းမှ မသိတာဘဲ"

"အင်း . . ဟုတ်တယ် . . ဟုတ်တယ်၊ ကျွန်တော် ပန်းတောင်းရောက်နေပြီ၊ အခု ခင်ဗျား ကလေးဘယ်နှယောက်ရပြီလဲ"

"တစ်ယောက်မှ မရသေးဘူးဗျ"





"အား . . တယ်ညံ့တာပဲ၊ ဒါပေမယ့် မိန်းမ ကလေးမမွေးတာ ကောင်းတယ်၊ အရွယ်တင်တာပေါ့၊ နာမည် ဘယ့်နှယ်ခေါ်လဲဗျ"

"မသဲဝါ"

"ဘယ်အရပ်သူလဲ"

"ဒီအရပ် တောပိုင်းကပါပဲဗျာ"

"အင်း . . ကောင်းတယ်၊ မြင်းအုန်းခွံ၊ ကျွန်ကုလား၊ မယားတောသူ သဘောဖြူမှာပေါ့၊ ရုပ်ကော တော်တော်ချောရဲ့ လှရဲ့လား"

"ရွက်ကြမ်းရေကျိုလောက်ပါပဲဗျာ"

"အို . . ရုပ်ထက် သဘောမနောကောင်းဖို့က အရေးကြီးပါတယ်ဗျာ၊ အခု ဘယ်မှာလဲ"

"အိမ်မှာ . ."

စကားတယ်များတဲ့လူ ကြည့်ပါ။ သက်သက်အကြောင်းမဟုတ်တာအကြောင်း လုပ်ပြီး ပြောဆိုနေကြသည်။ သို့သော် ကားမောင်းရင်းမို့ ခရီးမဖင့်သဖြင့် တော်သေး၏ဟု ကျွန်တော် တွက်ဆ၏။ သို့ရာတွင် ကျွန်တော့်စိတ်ထင်စောသွားချေပြီ။ အသို့ဟူမူ ထိုလူက သူ့မိန်းမ "အိမ်မှာ"ဟု ပြောလိုက်ကရော ဖိုးတင်ဆွေက . .

"ကျွန်တော် လိုက်မကြည့်ရဘူးလားဗျ"

အင်း . . စကားပေါက်တော့ ရှည်လေပြီ။

သည်တော့ ဟိုခမျာမှာလည်း . .

"ကြည့်ရပါတယ်ဗျာ"

"ကြည့်ဆို အခုလိုက်ကြည့်မှာနော်၊ ခင်ဗျားအိမ်က ဘယ်မှာလဲ"

လမ်းမကြီး လက်ယာဘက်လမ်းပေါက်တစ်ခုကိုပြ၍ . . .

"အဲ ဟိုဘက် အတွင်းဘက်မှာ၊ အထဲ တော်တော်လေးဝင်ရဦးမယ်ဘု"

"ဘယ်လောက် ဝင်ရဝင်ရ၊ ကြုံတုန်းကြုံခိုက်ပဲ" ဆိုပြီး တစ်ခါတည်းကားချိုးဆင်း၍ နွားလှည်းလမ်းပေါက်ထဲ ဝင်ပါရော။ နီးနီးနားနား မဟုတ်ပါ၊ တပ်မတော်ကင်းရွာကလေးကို ဖြတ်ကျော်ကာ ကျွန်တော့်စိတ်ထင် နှစ်မိုင်ခန့်မိုးတွင်းလှည်းလမ်းပျက်တွင် ရေအိုင်များ၊ ရွှံ့ဗွက်များကို တိမ်းကာရှောင်ကာခဲယဉ်းစွာ မောင်းသွားရပါသည်။

ဒရိုင်ဘာလည်း လမ်းမကောင်းသဖြင့် သူ့ကားအတွက် စိတ်ချမ်းသာမည်မဟုတ်။ ကိုမွေးထူလည်း သူသွားလိုတာက ထောက်ကြံ့၊ ယခု ပြန်လှည့်ရတာက အိမ်။ ကျွန်တော့်စိတ်တွင်ကား အထူးဖော်ပြစရာ မလိုတော့ပြီ၊

လက်က နာရီကို တကြည့်ကြည့်နှင့်သာ ဝေါကို အံခဲနေရပါသည်။

ထိုရွာကလေးနာမည်က ရေကြည်အိုင်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုပွေးထူ အိမ်ခြံဝင်းထဲဝင်ပြီး ကားရပ်လိုက်သောအခါ ဖိုးတင်ဆွေသည် သူ့ဆီသို့ မိန်းမ ကြည့်ရအောင် လာသည်ဆိုတာကို လုံးဝမေ့သွားပြီး ပိန္နဲ၊ ဘဲဘဲကား၊ သံပရာ၊ ရှောက်၊ ကြက်မောက်၊ တညင်း၊ နှင်းသီးပင်၊ နာနတ်ပင်စသည်တို့ဖြင့် စိမ်းညို့မှောင်နေသော ဥယျာဉ်ကြီးထဲ စိတ်ရောက်သွားကာ . .

"ဟင် . . ခင်ဗျားခြံကြီးက အကျယ်ကြီးပါလား၊ လာလျှောက်ကြည့်ရအောင်ဗျာ"

ကျွန်တော်တို့အားလုံးလည်း အညောင်းပြေဆင်းမိကြသည်။ ကိုပွေးထူလည်း သူ့မိန်းမ တောသူမကို ပြသည်ထက် သဟာကမှ ကောင်းပေလိမ့်မည်ဟု ယူဆဟန်တူသည်။ အိမ်ပေါ်မတက်တော့ဘဲ တံချူတစ်ခု ယူလာကာ ခြံထဲလျှောက်ပြရင်း ကျွန်တော်တို့အား မာလကာသီးများ ခူးပေးပါသည်။

ယင်းအခိုက် ပုံဆိုးရုပ်ကြမ်း မိန်းမကြီးတစ်ဦး ရောက်လာကာ . . .

"ဟဲ့ . . ပွေးထူ၊ နင် ဒီခြံကို တစ်ဝက်ခွဲရောင်းမယ် ကြံနေတာ ငါမသိဘူးများ အောက်မေ့လို့လား" ဆိုပြီး လက်နှစ်ဖက်ခါးထောက်လျက် ကျွန်တော့်မျက်နှာ စေ့စေ့ကြည့်ကာ . . .

"ဒီမှာ ထောင်ကဲ၊ ကျွန်မတို့ မြန်မာအိမ်ထောင်ရေးမှာ လင်မယားနှစ်ယောက်စလုံး သဘောမတူဘဲ ဘာပစ္စည်းမှ အရောင်းအဝယ်လုပ်လို့ မရပါဘူး၊ ကျွန်မ ဘယ်နည်းနဲ့မှ မရောင်းနိုင်ပါဘူး၊ နို့ပြီး ကျွန်မက နတ်ကတော်ဆိုတာကိုလဲ သိထားပါ၊ ထောင်ကဲတို့ တရုတ်အမဲမွေးမြူမှာကလဲ ကျွန်မတို့ လုပ်ငန်းနဲ့ မဖြစ်ပါဘူး"

ကဲ့,ကျွန်တော်သည် သော်တာဆွေ စင်စစ်က ထောင်ကဲဖြစ်ရလေပြီ။ မဖြစ်ခံနိုင်ရိုးလား။ ကျွန်တော့်ရုပ်ကလဲ တရုတ်နဲ့တူ။ ဖိုးတင်ဆွေ ငှားလာတဲ့ တရုတ်ကားရှေ့မှန်မှာလဲ မြန်မာလို ရတနာတြိနမာမိမျိုး ထင်ပါရဲ့၊ တရုတ်စာနီနီကြီး ရေးထားတယ်။ နို့ပြီး ကျွန်တော် ခုမနက် ဝတ်လာတာကလည်း ခါတိုင်း လမ်းလျှောက်နေကျ ရှမ်းဘောင်းဘီနှင့် ဟာဝေယံရှပ်။

ကိုင်း . . ကိုယ့်ထိုက်နဲ့ကိုယ် ခံပေရော့၊ စကားကြောရှည်နေမည်စိုး၍ ကျွန်တော် ဘာမျှ ပြန်မပြောတော့ပါ။ ကိုပွေးထူကသာ . . .

"ခင်ဗျားကြီး ဘာတွေလျှောက်ပြောနေတာလဲဗျ"

"နင် ကြားတဲ့အတိုင်းပဲ၊ ငါ ပြတ်ပြတ်ပြောနေတာပဲ"

"ဒီလူတွေက ခင်ဗျားခြံကို အလကားပေးတောင် ယူမှာ မဟုတ်ဘူး၊ ရန်ကုန်က လမ်းကြုံလို့ ဝင်လာတဲ့ ကျွန်တော့်မိတ်ဆွေတွေဗျ"

သည်တော့မှ သည်မိန်းမကြီး ကျွန်တော့်အား အားနာသလိုကြည့်ကာ "သိပါဘူးဟယ်" ဟု အသံပျော့ကလေးနှင့် ပြောပြီးမှ သူ့လင်တော်မောင်ကိုတော့ တင်းမာစွာပဲ . . .





"နင် . . ခုတစ်လော ဖဲရှုံးနေတယ်၊ ညက ငါ့ခေါင်းအုံးအောက်က ငွေတစ်ရာ ယူရှုံးလိုက်ပြန်ပြီ မဟုတ်လား"

ကိုပွေးထူက မလုံမလဲမျက်နှာလေးနှင့် . . .

"အဲဒါ . . ကျုပ် ရှုံးပစ်တာမဟုတ်ဘူးဗျ၊ ကိုမျောက်ကြီးကို ခဏချေးလိုက်ရတာပါ၊ အခုမနက် ပြန်ပေးမယ်ဆိုလို့ အခုထောက်ကြံ့က သူ့အိမ်တို့သွားမလို့ဗျ"

"အေး . . ငါ့ပိုက်ဆံ ဒီနေ့ ပြန်ရရင်ရ၊ မရရင်တော့ နင့်အသက် ဖက်နဲ့ထုပ်ထားပေရော့၊ ငါ တောင်ပြုန်းသွားဖို့ စုထားတဲ့ငွေ၊ နင် အစိမ်းသေ သေသွားမယ် မှတ်ထား"

အရေးတော်ပုံ မဟန်တော့၍ ကျွန်တော်တို့ ခပ်သုတ်သုတ်ပြန်ပြီး ကားပေါ်တက်ကြတော့သည်။ ကိုပွေးထူမှာ ကလေးတစ်ယောက်မျှ မရသေးဘူးဆိုတာ ဘာမျှ အံ့သြစရာ မရှိ။ သူ့မိန်းမက သူ့ထက်များစွာကြီးသည်။ ကလေးမွေးတဲ့ဘူတာ ဟိုဘက်လွန်နေပြီ။

ကျွန်တော်တို့ကား ပြန်ထွက်ခဲ့သောအခါ ဖိုးတင်ဆွေက သူ့မိတ်ဆွေကိုပွေးထူအတွက် စိတ်မကောင်းဖြစ်လျက် . . .

"ခင်ဗျား . . ဖဲရှုံးနေတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်တယ်ဗျ၊ တော်တော်ကို ခုတစ်လော ကံဆိုးနေတယ်"

"ခင်ဗျားမိန်းမ ငွေတစ်ရာကို ဟိုလူ့ချေးလိုက်တာဆိုတာကော ဟုတ်သလား"

"မဟုတ်ဘူးဗျ၊ ညက ကိုမျောက်ကြီး အသုဘအိမ်ကို လာတောင်မလာဘူး"

"နို့ . . ခင်ဗျား အခု ထောက်ကြံ့က ကိုမျောက်ကြီးအိမ်သွားမယ်ဆိုတာက ဘာကိစ္စ"

"အဲဒီ ငွေတစ်ရာ သွားချေးမလို့"

"ရပ့်မလား"

"ကံသေကံမတော့ မပြောနိုင်ဘူးဗျာ၊ သူ့ရှိရင် ရလိမ့်မယ် ထင်တာပဲ၊ ဒီငွေတစ်ရာ အရေးကြီးနေတယ်ဗျာ၊ မရရင် ဒီမိန်းမကြီးက ကျွန်တော့်ကို"

ဖိုးတင်ဆွေသည် သူ့လူ များစွာ စိတ်မချမ်းမသာဖြစ်နေသည်ကို မကြည့်ရက်။ ကိုပွေးထူကျော လက်နှင့်ပုတ်လိုက်ပြီး . . .

"ကဲ . . ဒီငွေတစ်ရာအတွက် ဘာမှ ပူပင်သောကရောက်မနေနဲ့တော့ ကျွန်တော်ပေးမယ်၊ ကိုမျောက်ကြီးဆီလဲ သွားမနေနဲ့တော့၊ ကျွန်တော်တို့နဲ့ မော်ဘီလိုက်ခဲ့၊ ပြီးတော့ အတူတူပြန်ကြတာပေါ့၊ ပျော်ပျော်ပါးပါးပေါ့ဗျာ၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်ဆွေ. ကျေးဇူးတွေ ကျွန်တော့်အပေါ် များလှပါပြီဗျာ"ဆိုပြီး ကိုဖွေးထူးမျက်နှာမှာ စိတ်ချမ်းသာပုံပေါ်သွားပါ၏။ ထို့နောက် သူတို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။ သို့နှင့် မော်ဘီရောက်တော့ (၁၀)နာရီ ကျော်နေချေပြီ။ ဖိုးတင်ဆွေသည် ကားကို ဈေးရှေ့က တရုတ်ခေါက်ဆွဲဆိုင်ရှေ့ ထိုးရပ်လိုက်ကာ "ထမင်းစားမယ်၊ ပြီးမှ ကြက်ခြံသွား ကြက်ဝယ်ပြီး တန်းပြန်မယ်"ဟု စီမံကိန်းချလိုက်၏။

သင့်လျော်ပါ၏။ ကျွန်တော်တို့အားလုံး ခေါက်ဆွဲဆိုင်ထဲဝင်၊ စားပွဲတစ်လုံးမှာ ထိုင်ပြီး ရမ်တစ်ပုလင်းနှင့် ဆယ့်နှစ်မျိုးဟင်းချို, အသားကင်, အခေါက်ကင်, အသည်းကင်, ဘဲကင်တို့ကို မှာလိုက်သည်။

ဒရိုင်ဘာက မသောက်တတ်ချေ။ အမြည်းသာစား၏။ ကိုဖွေးထူးကတော့ အမြည်းကို လုံးဝမစားဘဲ အရက်သာ နှစ်ခွက်လောက်သောက်ပြီးတော့ ‹အလွန် အားနာသည့်မျက်နှာနှင့် . . .

"ကိုတင်ဆွေ. . ကျွန်တော် ဒီဆိုင်မှာ ထမင်းစားလို့ မဖြစ်ဘူးဗျ"

ဖိုးတင်ဆွေ သဘောမပေါက်သေးဘဲ . . .

"ဘာလို့လဲ"

"ဟာ. . ဒီမှာ တရုတ်အမဲဟင်းတွေ"

"ဘဲကင် ရှိသားပဲဗျ"

"ဟာ. . ဒီဘဲကင်မှာလဲ ခုတ်တဲ့ဓားက တရုတ်အမဲဆီနဲ့မှ မကင်းတာ၊ ကျုပ်မိန်းမက တရုတ်ဆိုင်ကဟာဆိုရင် ဘာမှ မစားရဘူးတဲ့"

"ဒုက္ခပဲ၊ ကဲ. . ဒါဖြင့် တခြားဆိုင်တစ်ဆိုင်မှာ သွားစားချေဗျာ"

ဆိုပြီး ဖိုးတင်ဆွေက ငွေနှစ်ကျပ်ပေးလိုက်၏။

ကျွန်တော်တို့ချည်း ဆက်လက်စားသောက်နေကြ၏။ ကိုဖွေးထူးသည် သူ ထွက်သွားပြီး ဆယ်မိနစ်မျှအကြာတွင် ခေါက်ဆွဲဆိုင်ထဲ ကျွန်တော်တို့ရှိရာသို့ ကြောက်အားလန့်အားနှင့် ကမူးရှူးထိုးပြေးလာ၊ သူ့နောက်မှ လူနှစ်ယောက်က တစ်ယောက်ကဓားနှင့်၊ တစ်ယောက်က တုတ်နှင့် တရကြမ်းလိုက်လာ။ ဆိုင်ရှင်တရုတ်ကြီးက . .

"ဟေး ငါ့ဆိုင်ထဲ လူမစတ်နဲ့၊ ငါ့ဆိုင်ထဲ လူမစတ်နဲ့"

ထိုလူများသည် တားမရ။ ဒေါသတကြီးနှင့် ကျွန်တော်တို့ဆီ ရောက်လာပြီဖြစ်သော ကိုဖွေးထူးအားဓားနှင့်ခုတ်၊ တုတ်နှင့်ရိုက်ကြလေသည်။

တယ်ဇက်ရဲလက်ရဲ ရှိသည့်လူတွေ။သို့သော် လျှပ်တစ်ပြက်အတွင်းမှာ ဓားက ဖိုးတင်ဆွေ လက်ထဲ၊ တုတ်က ကျွန်တော့်လက်ထဲ ရောက်နေလေပြီ။ ကျွန်တော်တို့က သူတို့လက်ကောက်ဝတ် ဖမ်းညှစ်၊ လက်မောင်းဆွဲလိမ်ပြီး တုတ်နှင့်ဓားကို ယူလိုက်ကြခြင်းဖြစ်၏။





ဒါလောက်က ဆရာကြီးဗိုလ်လောရှည် သင်ပေးခဲ့သော သိုင်းပညာ၏ ကကြီးခကွေးပဲ။

သိုင်းတစ်ကွက် ပြလိုက်မည်။

စာရှုသူမှတ်ထားပါ။ လူတစ်ယောက် ဓားနှင့်ခုတ်၊ သို့မဟုတ် တုတ်နှင့်ရိုက်တော့မည်ဆိုလျှင် ရန်သူ၏ခေါင်းကို ငယ်ထိပ်တည့်တည့်ချိန်မှာပဲ မဟုတ်လား။ သည်လို အန္တရာယ်မျိုး မိတ်ဆွေ ကြုံပြီဆိုပါစို့။ ထိုလူနှင့် မျက်နှာချင်းဆိုင် မတ်မတ်ရပ်လိုက်ပါ။ ခြေနှစ်ဖက်ကို တစ်ပေလောက်ခွာ၍ ခပ်ကားကားလေး နေပါ။ ထိုလူ ဘယ်အားလား၊ ညာအားလား ကြည့်။

အို. . များသောအားဖြင့် ညာအားတွေချည်းပါပဲလေ။ မိတ်ဆွေသည် ရန်သူလာရာ အရှေ့ဘက်သို့ မျက်နှာမူ၍ ရပ်နေမည်ဆိုပါအံ့။

ထိုလူ့ဓားချက် ခုတ်ချလိုက်သည်နှင့် တစ်ပြိုင်တည်းမှာပဲ မိတ်ဆွေမျက်နှာက တောင်ဘက်မူလျက်ဖြစ်သွားရန် ညာခြေသို့ နောက်သို့တစ်လှမ်းဆုတ်လိုက်ပါ။ ထိုအခါ သူ့ဓားချက်ကျလာတာနဲ့ မိတ်ဆွေမျက်နှာ ခြောက်လက်မလောက် ကွာနေပြီ။ သည်တစ်ချိန်တည်းမှာ မိတ်ဆွေညာလက်က ကိုယ့်ရှေ့စိုက်ကျလာသော သူ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်ပြီး ဖြစ်နေရမည်။ ဘယ်လက်ဝါးစောင်းကမူ သူ့လက်ဆစ်ရိုးကို ရိုက်ချိုးလိုချိုး၊ သို့မဟုတ် သင်းမှောက်သွားစေလိုလျှင် အားလွန်လာသော သူ့ဇက်ပိုးကို ခုတ်ချလိုက်ပေါ့။ သည်လိုမှ သူ့အသားမနာစေချင်ဘူးဆိုလည်း ခုန ကျွန်တော်တို့လုပ်သလိုပဲ ညာလက်က သူ့လက်ကောက်ဝတ်လိမ်ညှစ်ပြီး ဘယ်လက်က သူ့လက်ထဲက ပစ္စည်းယူလိုက်တာပေါ့။

ဖော်ပြပါ ရန်ပွဲတွင် သည်နည်းနှင့် သူတို့လက်နက် ကျွန်တော်တို့ လက်ထဲ ရောက်လာသောအခါ ဓားနှင့်ခုတ်သူက ကျွန်တော့်မျက်နှာမြင်တော့ "ဟာ. . ကိုသော်တာပါလား". . .။

"ဟုတ်တယ် ကိုစံရ ထိုင်ပြီး တစ်ခွက်တစ်ဖလားစီ မော့လိုက်ကြပါဦး"

ဖိုးတင်ဆွေက အရက်ငှဲ့ပေးလိုက်သည်။

ကိုစံရမှာ ထောက်ကြံ့နှင့် မော်ဘီအကြားရှိ ဆပ်သွားတောရွာမှ ကျွန်တော့်လိုပဲ ကြက်သမား၊ ကြက်ဒိုင်လုပ်သူဖြစ်ပါသည်။ ကျွန်တော့်ဝိုင်းလည်း သူလာဖူး၍ သူ့ဝိုင်းလည်း ကျွန်တော် ရောက်ဖူးသဖြင့် လူချင်းရင်းနှီးလှသော ကစားဖော်ကစားဖက် ဖြစ်ပါသည်။ ကြက်သမားတို့မည်သည် လူရိုးလူညံ့များ မဟုတ်ကြချေ။ မဟုတ်မခံ ဆတ်ဆတ်ကြဲများသာ ဖြစ်ကြ၏။

ရာနှင့်ချီ၍ လာကြသော သည်လိုလူမျိုးများကို ကြက်ဒိုင်လုပ်၍ အုပ်ချုပ်ရသည်မှာ တော်ရုံတန်ရုံလူစားမဟုတ်။ ကိုစံရသည် ထောင်ထွက်တစ်ဦး၏။ ခုတ်ရဲထစ်ရဲသူလည်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုပွေးထူသည် ဖိုးတင်ဆွေ ကျောနားကပ်၍ ဖိန့်ဖိန့်တုန်နေ၏၊ ကိုစံရတို့နှစ်ယောက် ကျွန်တော်တို့စားပွဲတွင် ဝင်ထိုင်၍ အရက်ခွက်ကိုယ်စီကိုင်ကြသောအခါ ကျွန်တော်တို့က သူတို့လက်နက်များ ပြန်ပေးလိုက်ပြီး ကျွန်တော်က . . .

"ကိုစံရနဲ့ ဒီလူနဲ့ ဘာဖြစ်ကြတာလဲ၊ အဲဒီကိစ္စ ပြောနိုင်မယ်ဆိုရင်"

"ဟာ. . . ဘာမပြောနိုင်စရာရှိလဲ ကိုသော်တာရယ်၊ ခင်ဗျားလဲ ကြက်ဒိုင်လုပ်နေတာပဲ၊ ကျွန်တော်လဲ ကြက်ဒိုင်လုပ်နေတာပဲ၊ ကျွန်တော့်ဝိုင်းမှာ ဒီကောင် တစ်ရာနဲ့တစ်ဆယ် အထက်ကြေးက ငါးဆိုင်းစားပြီး သူလောင်းတဲ့ကြက်လဲ ရှုံးသွားရော ပေးစရာ တစ်ပြားမှမရှိဘူး၊ ဒီတော့ ကျွန်တော်က သူ့ကို ငွေငါးရာစိုက်ရှင်းလိုက်ရတယ်၊ အဲဒါ နက်ဖြန်လာပေးပါ့မယ် ပြောသွားတာ၊ အခု တစ်လလောက်ရှိသွားပြီ၊ ကျွန်တော် လူလွှတ်တောင်းတာလဲ သုံးခါရှိပြီ၊ အတွေ့မခံဘူး ရှောင်နေတယ်၊ အခု မော်ဘီဈေးထဲတွေ့လိုက်ပြီး သူ လစ်ထွက်တာမြင်တော့ ကျွန်တော် ဒေါသမချုပ်တည်းနိုင်တော့ဘူးဗျာ"

ဤနေရာ၌ စာဖတ်သူ နားလည်အောင် ရှင်းရလျှင် ကြက်ဝိုင်းတို့မည်သည် တစ်ဖက်ကြက်က သာလာပြီဆိုလျှင် သာတဲ့ဘက်မှ အစိတ်ကဲ၊ တစ်လေးခွဲ၊ နှစ်လေးတစ်ရာနဲ့ လေးဆယ်၊ သုံးဆယ်၊ နှစ်ဆယ်၊ တစ်ဆယ်စသည်ဖြင့် ကြေးကျောပေးကစားကြကုန်သည်။ ကိုစံရပြောသောပွဲတွင် ကိုပွေးထူက တစ်ရာနှင့်တစ်ဆယ်ကို ငါးဆိုင်း ၅၀ဝိနှင့် ၅ဝိ ကစားလိုက်လေသည်။

သည်လောက်ထိ ငွေကြေးကွာတယ်ဆိုတော့ တစ်ဖက်ကကြက် မျှော်လင့်ချက်မရှိသလောက်ပင်။ သို့သော် ကြက်ပွဲတို့မည်သည်မှာ ကိုယ့်အိတ်ထဲငွေရောက်မှသာ စိတ်ချရသည်။ "ကြွေတစ်လှည့် ကြက်တစ်ခုန်၊ ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသပ" ဆိုတာတွေ ရှိတယ်မဟုတ်လား။ တစ်ခါတစ်ရံ အောက်ကြေးက တက်နိုင်တတ်သည်။ သေချာသည့်အလုပ်မဟုတ်၍ ကိုယ့်အိတ်ထဲ ပိုက်ဆံမရှိဘဲနှင့် တစ်ဖက်ကြက်ပုံလဲနေတာတောင် မလောင်းအပ်ပေ။ ဒါကို ကိုပွေးထူက ကျူးလွန်မိလျက် ဝိုင်းပြီးမှ ပိုက်ဆံမရှိတော့ဘူးဆိုတော့ လောင်းကစားစာရင်းကိုင်သူ ဒိုင်၏တာဝန်ကျလေ၍ နက်ဖြန်ခါလာပေးပါ့မယ်ဆိုသော အာမခံနှင့် ကိုစံရက စိုက်ရှင်းလိုက်ရသည်။ ယခုတစ်လကြာမျှ မရသဖြင့် ခုတ်ရဲထစ်ရဲရှိသော ကိုစံရသည် . . .

"ကျွန်တော်နှင့် တွေ့ပေလို့ပေါ့ ကိုစံရရယ်၊ နို့မဟုတ်ရင် ခုအချိန်မှာ ကိုပွေးထူက ဆေးရုံရောက်သွားပြီ၊ ခင်ဗျားတို့က အချုပ်ထဲ ရောက်နေပြီ၊ ဒီပြဿနာဒီလိုရှင်းလို့ ဘယ်ဖြစ်မလဲ ကိုစံရရယ်၊ မြွေမသေတုတ်မကျိုးဆိုတာမျိုး လုပ်မှပေါ့"





သည်တော့မှ ကိုစံရသည် အရက်ခွက်ကို စားပွဲပေါ် ဆောင့်ချလိုက်ပြီး ကိုပွေးထူအား . . .

"ဟေ့. . မင်းမသေချင်ရင် ငါ့ငွေ ဘယ်တော့ပေးမလဲ"

ကိုပွေးထူမှာ တုန်ယင်သောအသံဖြင့် . . .

"တစ်ပတ်အတွင်း ရပါစေမယ်"

"မင်း. . ဘယ်က ရပေါက်ရှိလို့လဲ"

"ကျွန်တော့်မိန်းမကြီး တောင်ပြုန်းပွဲသွားနေတုန်း ဟောဒီ မော်ဘီကကိုအိလုံကို သုံးထောင်နဲ့ ကျွန်တော့်ခြံ တစ်ဝက်ခွဲရောင်းဖို့ ပြောထားပါတယ်၊ အခု ဝါခေါင်လဆန်း သုံးရက်ရှိပြီပဲ၊ နက်ဖြန်သန်ဘက်ဆို သူတို့နတ်ကတော်တွေ သွားကြတော့မှာပါ"

ဤတွင် ကျွန်တော်တို့ စားပွဲအနီးတွင် လာနေသော "ငါ့ဆိုင်ထဲ လူမစတ်နဲ့"ဟု အော်ခဲ့သော ဆိုင်ရှင်တရုတ်ကြီးက . . .

"အေး. . မင်္ဂလာဒုံမှာ ခြံဝယ်မယ်ဆိုတာ အိလုံ ငါ့ကို ပြောလယ်"ဟု ထောက်ခံပြောဆိုလိုက်၏။

ကိုစံရ မျက်နှာမှာ ယုံကြည်ပုံပေါက်သွားပြီး . . .

"အေး. . မင်းစကားအတိုင်း တည်ရင်တည်ပေါ့ကွာ၊ ဒီခုနစ်ရက်အတွင်း မရဘူးဆိုရင်ဖြင့် ဟောဒီမှာ ကြည့်ထားစား၊ မင်းအသက် ဖက်နဲ့ထုပ်ထားပေရော့"ဆိုပြီး ထိုင်ရာမှထ၍ "သွားမယ် ကိုသော်တာ"ဟု ကျွန်တော့်ကိုနှုတ်ဆက်ထွက်ခွာသွားကြလေ၏။

ထိုလူနှစ်ယောက် လမ်းမပေါ် ရောက်သွားကြသောအခါ ဆိုင်ရှင်ပေါက်ဖော်ကြီးက ကျွန်တော်နှင့် ဖိုးတင်ဆွေအား . . .

"ခီဗျားတို့နှစ်ယောက် သိပ်တော်တယ်ဗျာ၊ နို့မဟုတ်ရင် ဝဆိုင်ထဲမှာ လူစတ်မှုဖြစ်ပြီး ဝဒုက္ခရောက်ပြီ၊ ဒီ စံရဆိုတဲ့ကောင်က လူမိုက်ကွ၊ လူစတ်ရဲတဲ့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



(၆)

ကျွန်တော်တို့ စားသောက်ပြီး ကားပေါ်ပြန်ရောက်ကြသောအခါ (၁၁) နာရီကျော်နေပြီ။ မော်ဘီကြက်ခြံသို့ သုံးမိုင်မျှ သွားရသေးသည်။ ရောက်သောအခါ ဖိုးတင်ဆွေသည် ကြက်များမွေးမြူပုံကို လျှောက်ကြည့်နေသေးသည်။ သူနှင့်ကပ်လိုက်၍ အချိန်မဖြုန်းဖို့ တတို့တို့လုပ်နေရတာက ကျွန်တော်။

ထို့နောက် ကြက်ခြံမှူးနှင့် ကြက်အရောင်းအဝယ်စကားပြောကြ၏။ အကောင်ငယ် အမွေးစုံ၊ အထီးက ငါးကျပ်၊ အမက တစ်ဆယ်ကျပ်။ ကိုယ်လိုချင်သော ကြက်အရေအတွက်ကို ပြော၍ ငွေပေးဖမ်းယူပြီး ကားပေါ်တင်လိုက်ရုံသာ ရှိတော့သည် မဟုတ်တုံလော။

ဖိုးတင်ဆွေကား မဟုတ်သေး။ သူထုံးစံအတိုင်း သူ၏နာမည်နေရပ်ကို ပြောသည်။ ကြက်ခြံမှူး၏ဇာတိဌာနကို မေးသည်။ (ဟာ. . ဒါဖြင့် အဲဒီက ဘယ်သူဘယ်ဝါ သိမှာပဲ) ကစပြီး နှစ်ယောက်သား သူတို့ကြက်အရောင်းအဝယ်ကိစ္စ ဖြတ်ကာ ဟိုအကြောင်း သည်အကြောင်းတွေ အီစလံဝေအောင် ပြောနေကြချေတော့ဗျာ။ နှစ်ယောက်စလုံး လေကြောသန်တဲ့လူတွေ၊ တွေ့မှတွေ့တတ်ပလေ၊

ကျွန်တော်ကား နားထောင်မနေတော့ဘဲ နာရီကိုပြ၍ ဟိုလူမမြင်အောင် သူ့ဘေးလက်သီးနှင့် တစ်ချက်ဆောင့်ပြီး ကြက်ခြံမှူးအလုပ်ခန်းထဲက ထွက်ခဲ့ကာ ကားပေါ်တက်ထိုင်နေလိုက်တော့သည်။

ဒရိုင်ဘာနှင့် ကံကောင်းလို့မသေသော သံချောင်းတို့အဖေ ကိုပွေးထူကား ကားပေါ်ငုတ်တုတ်ပဲ။ ကြက်ခြံတွေ လျှောက်ကြည့်နေသော ကျွန်တော့်သားငယ်နှစ်ကောင်က ကျွန်တော့်မြင်တော့ ကားဆီပြန်လာကြသည်။

ဖိုးတင်ဆွေကား တော်တော်နှင့်ထွက်ပေါ်မလာသေး။ အမယ်လေး လာမယ့်လာတော့ဗျား. . အူယားဖားယား ပြေးထွက်လာတဲ့ပြီး . .

"ဟေ့. . ဖိုးကြင်ဆွေ. . ဖိုးကြင်ဆွေ"

"ဘာတုံး. . နင်စကားများလို့ ဟိုက ရိုက်လွှတ်လိုက်ပြီလား"

"မဟုတ်ပါဘူး၊ ကိုယ့်လူ ပိုက်ဆံ ဘယ်လောက်ပါခဲ့သလဲ"

"ရှော့. . . နှစ်ဆယ်ပဲရှိတယ်၊ ဘယ်လောက် လိုနေလို့လဲ"

ကျွန်တော့်အမေး အဖြေ။ ကျွန်တော့်ဆီက ငွေတွေယူပြီး ဒရိုင်ဘာကို မေးပြန်၍ ထိုလူက တစ်ဆယ်ပေးပြန်သည်။ နောက် ကိုပွေးထူဆီ မေးပြန်ပြီးမှ သူ့ဟာသူ သတိရ၍ . . .

"ဟာ. . ခင်ဗျားတော့ ရှိမှာ မဟုတ်ပါဘူး"

ဤနေရာ၌ သူ့ဟာသူ ထောက်ကြံ့သွား၍ ကိုမျောက်ကြီးထံမှ ငွေချေးမည်ကို သည်ငွေတစ်ရာ ဖိုးတင်ဆွေက ပေးပါမည်ဟု မော်ဘီခေါ်ခဲ့သဖြင့် မော်ဘီဈေးထဲမှ အပြေးကောင်း၍ အလောင်းမဖြစ်ခဲ့သော ကိုပွေးထူသည် ယခု ဖိုးတင်ဆွေက ကျွန်တော်တို့ဆီမှပင် ငွေတစ်ဆယ် နှစ်ဆယ်တောင်းနေသည်ကို မြင်ရတော့ လွန်စွာစိတ်ပျက်အားငယ်သွားတော့၏။

ကျွန်တော်လည်း ဖိုးတင်ဆွေအဖြစ်ကို နားမလည်နိုင်ဘဲ . . .

"မင်းဟာ ဘာဖြစ်တာတုံး"

ဖိုးတင်ဆွေ မျက်နှာပြုံးကျဲကျဲ ဖြစ်သွားကာ . . .

"ဟီးဟီး. . ကိုယ် ဖိုးကြင်ဆွေအိမ်မှာ ပိုက်ဆံအိတ်မေ့ကျန်ခဲ့လို့ကွ"

ယင်းမှ ကျွန်တော့်အိမ် အင်္ကျီချိတ်တွင် ချိတ်ထားသော သူ၏သားရေအိတ်ပြားကြီးကို ကျွန်တော့်မျက်စိထဲ မြင်ယောင်လာပါတော့သည်။

"အင်း. . ဖြစ်ရမယ်ကွာ တောက်. . ကဲ. . အခု တို့ဆီက ယူတဲ့ငွေတဘာလုပ်ဦးမလို့လဲ"

သူ့ရှပ်အင်္ကျီအိတ်ထဲ ကျန်သေးသော ရှိစုမဲ့စု အနုတ်တစ်ဆယ်လောက်နှင့် ငွေလေးဆယ်လောက် စုပေါင်း၍ . . .

"နမူနာ မွေးကြည့်ရအောင် ရသမျှပဲ ဝယ်သွားမယ်လို့"

"အေး. . ဒါဖြင့် မြန်မြန်လုပ်၊ ကဲ. . ကလေးတွေ လိုက်သွားကြစမ်း ကြက် မြန်မြန် ဆွဲတင်ခဲ့"

သူ ကြက်မွေးမြူရေးဌာနမှူးအခန်းထဲ ဝင်သွားတော့ ကျွန်တော်က ဒရိုင်ဘာအား . . .

"အပြန်ကျ ကားကို ခင်ဗျားမောင်းနော်၊ သူ့ မမောင်းခိုင်းနဲ့၊ လမ်းမှာ သူ့အသိမိတ်ဆွေတွေနဲ့ တွေ့ရင် ခရီးကဖင့်နေဦးမယ်၊ အဲ. . . ကိုပွေးထူလဲ ထောက်ကြံ့ရောက်ရင် ခင်ဗျားဟာခင်ဗျား ကိုမျောက်ကြီးဆီသာ သွားပေချေ၊ သူ့ဆီက မျှော်လင့်မနေနဲ့တော့"

ကိုပွေးထူမှာ ကြောက်ရွံ့တုန်လှုပ်နေတုန်းပဲဖြစ်၍ တုန်တုန်ယင်ယင်အသံနှင့် . . .

"ဟုတ်ကဲ့ပါ ခင်ဗျ"

ဒရိုင်ဘာလည်း ကျွန်တော်ပြောသည်ကို သဘောပေါက်ဟန်ဖြင့် ကားမောင်းသည့်နေရာ သွားထိုင်၍ လက်ကိုင်ဘီးကိုင်ထားလိုက်တော့၏၊





www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ဖြင့် ကြက်အကောင်တစ်ရာလောက် ဝယ်ရန် လာခဲ့သော ဖိုးတင်ဆွေသည် ဝိုက်လိပ်ဟွန်းခေါ် ကြက်အဖြူမျိုးအထီးနှစ်ကောင်၊ အမလေး သုံးကောင်၊ ပေါင်းငါးကောင်နှင့် ပြန်လာခဲ့ရတော့၏။

သူ့အမေ့က ဤမျှနှင့်ကိစ္စပြီးပြီး ထင်ကြပါသလား။ နိုး. . . ထောက်ကြံ့ ရောက်သောအခါ ကျွန်တော် မှာထားသည့်အတိုင်း ဒရိုင်ဘာက ကားကို ရပ်လိုက်တော့ ကိုပွေးထူ ခပ်သုတ်သုတ်ဆင်းရာ ဖိုးတင်ဆွေက . . .

"ဟာ. . ကိုပွေးထူ နေခဲ့တော့မလို့လား၊ လိုက်ခဲ့ပါ၊ ဟိုမှာ ကျွန်တော့် ငွေ ရှိပါတယ်"

ကိုပွေးထူသည် တစ်ခါသေခါနီးခဲ့ပြီမို့ ပျဉ်းစျေးမေးခဲ့ပြီးဖြစ်နေရာ-

"နေပါစေ ခင်ဗျ၊ နေပါစေ ခင်ဗျ"

ဒရိုင်ဘာကလည်း ဖိုးတင်ဆွေကို ဆင်းချိန်မရအောင် ကားကို အမြန် မောင်းခဲ့တော့၏။ ရွှေညောင်ပင်ရောက်သောအခါ နတ်ကွန်းရှေ့ ရပ်၏။ အကြောင်းမှာ အလာတုန်းက ဖိုးတင်ဆွေမောင်းသဖြင့် မပြောသာ၍ ကား သမားတို့ ထုံးစံ ရွှေညောင်ပင်ကို ဦးမခိုက်ခဲ့ရ၊ ယခု အပြန်ကျမှ ဝင်ရသည်။ ဒရိုင်ဘာ ထိုကိစ္စပြုနေစဉ် ကျွန်တော်တို့သည် အပေါ့သွားရန် ကျောဘက်က တောထဲဝင်ခဲ့ကြ၏။ ကားလမ်းမ ပြန်ရောက်ကြသောအခါ ဖိုးတင်ဆွေမျက်နှာ ပြုံးစိစိကြီးဖြစ်လာကာ ကားလမ်းဘေး၌ ပြောင်းဖူးဆိုင်များရှိနေ၍. .

"ဟေ့. . ဖိုးကြင်ဆွေ. . ကိုယ်တို့ ပြောင်းဖူးဝယ်သွားရအောင်"

"ကိုယ် အလာကတည်းက အပြန်မှာ ဝယ်သွားမယ်လို့ စိတ်ကူးထား တာပဲကွ၊ ဒါပေမယ့် အခု ဘယ်မှာလဲ ပိုက်ဆံ၊ ဘယ်သူ့ရှိတော့လို့တုံး၊ မောင်ရင် လုပ်ပုံနဲ့"

ယင်း၌ သူ့မျက်နှာ ပျော့အိအိ ပြုံးဖြဲဖြဲကြီးနှင့် . . .

"ဖိုးကြင်ဆွေ ကိုယ့်မဆူနဲ့နော်၊ ပိုက်ဆံမေ့ခဲ့တာ မဟုတ်ဘူးကွ၊ ည အိပ်ရာဝင်ကတည်းက အတွင်းခံဘောင်းဘီအိတ်ထဲ ထည့်ထားတာ၊ ခုန အပေါ့သွားတော့မှ စမ်းမိတယ်"ဆိုပြီး သူ့ဘောင်းဘီအိတ်ထဲမှ ရာတန်ဆယ့် လေးငါးရွက် ဆွဲထုတ်လိုက်၏။ ကျွန်တော်က ညည်းညည်းညူညူပင်. . .

"အင်း. . ဖြစ်ရမယ်ကွာ ဖိုးတင်ဆွေ၊ ဒါပေမယ့် ကြက်ခြံတော့ မပြန် ပါနဲ့တော့နော်၊ နှစ်နာရီထိုးတော့မယ် ဘုရားစူး ကိုယ့်မှာ အချိန်မရှိတော့ဘူး"

"မပြန်တော့ပါဘူးကွာ၊ ဒီကြက်မျိုးတွေ ကိုယ်တို့ဆီက အနေအထားနဲ့ မသင့်လျော်လို့ ဝယ်မသွားဖြစ်အောင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များက ဖန်တီးပေးတာ ဖြစ်ရမယ်ကွ"

အင်း. . . သူမေ့တာပဲ သမ္မာဒေဝနက်ကောင်းနတ်မြတ်များကြောင့် တဲ့ဗျ။ ကြားဖူးကြလား၊ ကြုံဖူးကြလား မိတ်ဆွေတို့ . . .





သို့သော် သူ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အဖို့ ချောက်တျချည်း ကိစ္စကတော့ ရှိပါသေးသည်။ သည်ကနေ့ အိမ်လာတဲ့ ဧည့်သည်တွေပါ စား ရအောင်၊ အိမ်နီးပါးနီးများလည်း ဝေရအောင် အဲသည်အချိန်က ပြောင်းဖူး တစ်ရာမှ သုံးကျပ်စျေးရယ်။

ပြောင်း (၂၀၀) ကားပေါ် တင်နေပြီးခါမှ၊ တစ်ဖူးမကျန်. . .

"ဟဲ့. . ကလေးတွေ အကုန်ပြန်ချကြဟဲ့"

အကြောင်းမှာ သူ့ပိုက်ဆံသည် အားလုံးရာတန်ချည်းဖြစ်နေ၍ ပြောင်း ဖူးသည်က သူ့ရှိသမျှ အကုန်ဝယ်တောင် ပြန်မအမ်းနိုင်ပါဘူးတဲ့။ ယင်း၌ ဖိုးတင်ဆွေသည် ကားလက်ကိုင်ဘီးရှေ့ စွေ့ခနဲ ဝင်ထိုင်လိုက်ကာ . .

"အားလုံး ကားပေါ်ပြန်တက်ကြ"ဟု ပြောပြီး . . .

ကားကို နောက်ပြန်လှည့်၏။ ကျွန်တော်က "ဘယ်ပြန် ဘာလုပ်ဦး မလို့လဲ" မေးတော့. . .

"ထောက်ကြံ့ပြန်မယ်၊ ခေါက်ဆွဲဆိုင်မှာ ဘဲကင်တစ်ကောင်ဝယ်ပြီး ရာတန်ဖျက်မယ်၊ နို့ပြီး ကိုမျောက်ကြီးအိမ် ဘယ်မှာလဲမေး၊ လိုက်သွားပြီး ကိုပွေးထူကို ငွေတစ်ရာပေးမယ်၊ ကိုယ့်ကတိကို မဖျက်နိုင်ဘူးကွ၊ သူ့အဖို့လဲ ဒီငွေတစ်ရာက သိပ်အရေးကြီးနေတယ်"

မှန်ပါ၏။ ကိုပွေးထူက သည်ငွေတစ်ရာ သူ့မိန်းမ ဒေါ်သဲဝါကို ပြန် ပေးနိုင်ပါမှ ဒေါ်သဲဝါက မန္တလေးတောင်ပြန့်နားပွဲတော် သွားနိုင်မည်။ ဒေါ်သဲဝါ မရှိခိုက် သူ့ခြံတစ်ဝက်ရောင်းကာ ကိုစံရငွေ ၅၀ဝိကို ဆပ်နိုင်မည်။ နို့မဟုတ် လျှင် ဒေါ်သဲဝါကလည်း ကိုပွေးထူကို နင့်အသက်ဖက်နဲ့ထုပ်ထားတဲ့။ ကိုစံရ ကလည်း သည်တစ်ပတ်အတွင်း သူ့ငွေမရလျှင် ဓားနဲ့ခုတ်သတ်မယ်၊ နင့် အသက် ဖက်နဲ့ထုပ်ထားတဲ့။

ကိုပွေးထူ၏ ယင်းဖက်ထုပ်နှစ်ထုပ်ကို ဖိုးတင်ဆွေ၏ ငွေတစ်ရာကမှ ကယ်နိုင်မည်မို့ ကျွန်တော် ဘာမျှ မပြောတော့ပါ။ နို့ပြီး ကိုမျောက်ကြီးဆိုသည့် နာမည်ကလည်း ထောက်ကြံ့မှာ နှစ်ယောက်ရှိမည် မဟုတ်၍ မေးရလွယ်ပါ လိမ့်မည်။ ထို့ပြင် ကိုမျောက်ကြီးသည် ကာလသားတစ်ယောက်ဖြစ်လိမ့်မည် မို့ အရက်ပါရောင်းသော ခေါက်ဆွဲဆိုင်တရုတ်များပင် သိကြပါလိမ့်မည်။

ကျွန်တော့် အတွေးမှန်ပါ၏။ ဖိုးတင်ဆွေက ဘဲကင်တစ်ကောင် ငါး ကျပ်နှင့် ဝယ်၍ တရုတ်က ရာတန်အမ်းနေစဉ်၊ ကျွန်တော်က စားပွဲတစ်ခုမှာ ဝက်ခေါက်ကင်နှင့် ချက်အရက်သောက်နေသော အသက်ငါးဆယ်လောက် လူကြီးအား . . .

"ဦး. . ဒီ ထောက်ကြံ့က ကိုမျောက်ကြီးဆိုတဲ့ လူများသိပါသလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သူသည် ဖိုးတင်ဆွေနှင့် ကျွန်တော့်အား လှုကဲခတ်ကြည့်၍ . . .
(ထိုစဉ်က ကျွန်တော်တို့အသက်က လေးဆယ်လောက်)

"သိပါသဗျား၊ မင်းတို့နဲ့ မျောက်ကြီးနဲ့ အပေါင်းအသင်းလား"

"ကိုမျောက်ကြီးကို တစ်ခါမှ မမြင်ဖူးပါဘူး၊ မကြာသေးခင်ကမှ သူ့အိမ်ကို သွားမယ်ဆိုတဲ့ မင်္ဂလာဒုံက ကိုပွေးထူနဲ့ တွေ့ချင်လို့ပါ၊ ကိုမျောက်ကြီးအိမ် ဘယ်မှာလဲ၊ ညွှန်စမ်းပါ ခင်ဗျာ"

သူသည် ကျွန်တော့်အား စေ့စေ့ကြည့်လျက် . . .

"မင်းတို့ပုံပန်းက မြို့သား လူရည်သန့်ကလေးတွေပဲ၊ မျောက်ကြီးတို့ ပွေးထူတို့ စရိုက်နဲ့တော့ တူမယ်မဟုတ်ပေဘူး"

သူ့စကားအဓိပ္ပာယ် ကျွန်တော်တို့ နားမလည်၍ . . .

"ဘာလို့ ဒီလိုပြောတာလဲ ခင်ဗျား"

"မျောက်ကြီးတို့က လူကောင်းတွေမှ မဟုတ်တာဘဲ၊ မွန်းတည့်လောက်တုန်းကပဲ မျောက်ကြီးကို ဓားပြမှုနဲ့ ရဲက ဆွဲသွားတယ်၊ အဲ. . နာရီပြန်တစ်ချက်လောက်မှာ ရောက်လာတဲ့ ပွေးထူလဲ အချုပ်ထဲ ရောက်သွားပြီ၊ အခု မျောက်ကြီးအိမ်မှာ ရဲက စောင့်တုန်းပဲ၊ မင်းတို့က ဓားပြရုပ်မဟုတ်ပေမယ့် သေနတ်ဌားခ လာတောင်းတယ် ထင်မယ်ဆို ထင်စရာပဲ"

ဟိုက်. . အကျိုးနည်း။

ဟုတ်ပါ၏။ အကယ်တန္တု ကိုမျောက်ကြီး၏ဖြစ်အင်ကို မသိ။

ကိုမျောက်ကြီးအိမ်ကို သိသောလူကို မေးမိ၍ ကိုမျောက်ကြီးအိမ် ကျွန်တော်တို့ ရောက်သွားပြီး ရဲနှင့်တွေ့ပြီဆိုပါက ထိုဆရာကြီး ပြောသည့်အတိုင်း မဖြစ်နိုင်ဟု မဆိုနိုင်ပေ။

တကတည်း ကံကြီးပေလို့။

ထို့ကြောင့် ဤလူကြီးအား . . .

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"ဟု နှုတ်ဆက်ပြီး ဖိုးတင်ဆွေအား "လာဟေ့ သူငယ်ချင်း၊ မင်းပွေးထူကိုစွဲ ဖြတ်လိုက်တော့"

သို့သော် ဖိုးတင်ဆွေသည် အင်မတန် သံယောဇဉ်ကြီးတတ်သူဖြစ်ရကား. . ကားပေါ်ရောက်သော်. . .

"ဖိုးကြင်ဆွေရ၊ ကိုပွေးထူလိုလူက ဓားပြတိုက်ပါ့မလား"

"ဒါ. . ရဲတာဝန်၊ ကိုရင့်အလုပ် မဟုတ်ဘူး"

"ကိုယ်နဲ့ အလုပ်လုပ်တုန်းက အင်မတန် ရိုးတဲ့အေးတဲ့လူကွ"

"ကိုရင်နဲ့သူ ကွဲသွားတာ ဘယ်လောက်ကြာပြီလဲ"

"အင်း. . . ကိုယ် ကန်ထရိုက်လုပ်တုန်းကဆိုတော့ ရှစ်နှစ် ကိုးနှစ်လောက် ရှိသွားပြီ"





"အဲဒီအချိန်အတွင်းမှာ ကာလဒေသနဲ့ ပတ်ဝန်းကျင်အခြေအနေအရ ပြောင်းလဲသွားနိုင်တာပေါ့ကွ၊ သူ ကြက်ရိုးဖဲရိုးနဲ့ ကြွေးတွေလဲ ထူနေတယ် မဟုတ်လား"

"အင်း. . အင်း"ဟု ဝမ်းခေါင်းသံကြီးနှင့် ဖိုးတင်ဆွေသည် လေးလေးကြီးခေါင်းညိတ်ပြီး. . .

"ဒီကိစ္စ သူ့ရွာက သူ့မိန်းမကတော့ တို့ဝင်ပြောဦးမှ ကောင်းမယ်ကွ"

"အောင်မယ်လေး. . အောင်မယ်လေး. . မလုပ်ပါနဲ့ မလုပ်ပါနဲ့"

ဒရိုင်ဘာကလည်း "အချိန်မရှိတော့ဘူး၊ ညနေ လေးနာရီမှာ သူ့ဆရာကတော်အား ဆေးရုံလူနာကြည့် ပို့ရဦးမယ်"ဟု တောင်းပန်ရှာသည်။

ကျွန်တော်ကလည်း . . . .

"ကိုယ့်လူ ဝင်ပြောတော့ကော ဘာထူးဦးမှာလဲကွ၊ အဲဒီမိန်းမကြီးက သူ့လင် အမြင်ကတ်နေတာ"

သည်တော့မှ ဖိုးတင်ရဲဆွေ ငြိမ်သွား၏။

အကယ်တန္တု ကိုပွေးထူ ဓားပြမှုထဲ ပါသည်မှန်ခဲ့သော် ဖိုးတင်ဆွေ၏ ငွေတစ်ရာ ပေးစရာမလိုဘဲနှင့် သူ့အန္တရာယ် အသက်ဖက်ထုပ်နှစ်ထုပ်မှ ကင်းလွတ်သွားလေပြီ။ ထောင်ထဲမှာ အေးချမ်းစွာ နေပေရော့။ ကျွန်တော် ကြက်သမား မိတ်ဆွေ ကိုစံရလည်း ဓားခုတ်မှု မဖြစ်တော့ပြီ။

ဤသို့လျှင် ကျွန်တော်တို့သည် အကောင်းဘက်က တွေး၍ ပြန်လာခဲ့ကြသည်။ သို့ရာတွင် သံယောဇဉ်ကြီးသော ဖိုးတင်ဆွေကိစ္စက မပြီးသေးချေ။

အသို့ဟူမူ ရွှေညောင်ပင်ရောက်၍ ကျွန်တော်တို့ ပြောင်းဖူးဝယ်ရန် ကားပေါ်မှ ဆင်းကြသောအခါ ဒေါ်သဲဝါကို တွေ့ရသည်၌ ဖိုးတင်ဆွေ၏ မျက်နှာဝမ်းသာသွားလျက်. . .

"ဟေ့. . ဖိုးကြင်ဆွေ၊ အဲဟိုဟာ ကိုပွေးထူမိန်းမကြီး မဟုတ်လား"

"ဟုတ်ပါ့ဗျာ"

"အဆင်သင့်ပဲ၊ သူ့လင်အကြောင်းတော့ ကိုယ် သွားပြောလိုက်ဦးမှပဲ" ဆိုပြီး နှတ်ကွန်းထဲ ဝင်သွား၏။ ကျွန်တော်ကတော့ အပြင်ကပဲ သူတို့အရိပ်အခြည် ကြည့်နေလိုက်ပါသည်။

ဒေါ်သဲဝါရှေ့ရောက်တော့ ဖိုးတင်ဆွေသည် စိတ်မချမ်းသာသော မျက်နှာလေးဖြင့် ဒေါ်သဲဝါအား . . .

"စိတ်မကောင်းစရာ ပြောရမှာပဲ ခင်ဗျာ"ဟု စကားစလိုက်ရုံ ရှိသေးသည်။ ဒေါ်သဲဝါက တင်းမာသောအသံနှင့်. . .

"ကျုပ်. . သိပြီးပါပြီ၊ ကျုပ်က သင်းအရင် မျောက်ကြီးနဲ့ လွှတ်တာပါ၊ မျောက်ကြီးက ညက ကျုပ်တို့ရွာက မသာအိမ်ကို သူလာတောင် မလာဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တောင်ပြန်းသွားဖို့ ငွေကို သင်း ယူဖဲ့ရှိုးပစ်လိုက်လို့၊ သင်း. . အခု မှောက်ကြီးနဲ့အတူ အချုပ်ထဲ ရောက်နေပြီ မဟုတ်လား"

ကဲ. . ကျွန်တော် တွေးထင်ခဲ့သည့်အတိုင်းပေါ့။ ဖိုးတင်ဆွေသည် ခေတ္တတွေဝေနေပြီးမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလျက်. . .

"ကိုယ့်လင်သားအပေါ် ဒီလို စိမ်းစိမ်းကားကား မပြောသင့်ပါဘူးဗျာ"

"ဩော်. . သင်းလုပ်သွားပုံလဲ ကြည့်ဦးလေ၊ ကျုပ် တောင်ပြန်းဘယ်လို လုပ်သွားရတော့မလဲ၊ လူ့ကို ဝလချေးလည်နေပြီ"

ဖိုးတင်ဆွေက ပြုံး၍ . . .

"အဲဒါ. . သူ သိတတ်ပါတယ်ဗျ" ဟုဆို၍ ဖိုးတင်ဆွေသည် အိတ်ထဲမှ ငွေတွေထုတ်ပြီး "ဟောဒီမှာ သူ ညက ဖဲရှိုးပစ်လိုက်တဲ့ ခင်ဗျားငွေတစ်ရာကို ခင်ဗျားတောင်ပြန်း ပျော်ပျော်ပါးပါး သွားဖို့ ငွေတစ်ရာ့ငါးဆယ်ကျပ်တဲ့၊ နို့ပြီး သူ အချုပ်ထဲ ဝင်နေတုန်း အစားအစာပို့ဖို့က ငါးဆယ်ကျပ်နဲ့ ငွေနှစ်ရာ၊ ခင်ဗျားဆီကို ဝင်ပေးခိုင်းလိုက်တယ်ဗျ"ဟုပြောပြီး ရာတန်နှစ်ရွက် ထုတ်ပေးလိုက်၏။ ဒေါ်သဲဝါမျက်နှာမှာ လွန်စွာ အံ့ဩဝမ်းသာလျက်. .

"ဟီး. . ဟီး. . ဒီလိုဆိုတော့ ကျုပ်လင်ကလေးက လိမ္မာသားပဲ"

လင်မယားနှစ်ယောက် သင့်မြတ်သွားပြီမို့ ဖိုးတင်ဆွေ ကျေနပ်သွားကာ. . . "ကဲ. . အခု ကျွန်တော်တို့ ပြန်မလို့၊ ခင်ဗျား မင်္ဂလာဒုံပြန်လိုက်မလား"

ဒေါ်သဲဝါသည် ခေတ္တစဉ်းစားလိုက်ပြီး . . .

"အခု ငွေရပြီဆိုတော့ မလိုက်သေးဘူး၊ သန်ဘက်ခါ တောင်ပြန်းသွားဖို့ လိုတဲ့ပစ္စည်းလေးတွေ ထောက်ကြံ့ဈေးထဲ သွားဝယ်လိုက်ဦးမယ်"

ဖိုးတင်ဆွေက "အား. . ဒီလိုဆို ခင်ဗျားမရှိတော့ ကိုပွေးထူအတွက် ဘယ်သူ ဆောင်ရွက်ပါ့မလဲ"

"ဒီအတွက် မပူပါနဲ့ရှင်၊ အခု ကျုပ် အချုပ်ထဲလိုက်သွားပြီး စီစဉ်လိုက်ပါ့မယ်၊ ထောက်ကြံ့ရဲစခန်းမှာ ကျုပ်တူ ရဲသားတစ်ယောက် ရှိပါတယ်"

ဖိုးတင်ဆွေ မျက်နှာရွှင်လန်းသွားကာ ထွက်ခဲ့၍ ကျွန်တော်တို့ ပြောင်းဖူးများသာမက ကောက်ညှင်းထုပ်များပါ ဝယ်ပြီး ခရီးဆက်ခဲ့ကြလေ၏။

ထိုမှ နောက်ပိုင်း၌ကား ဘာအကြောင်းမျှ မပေါ်တော့။ ဖြူးဖြူးဖြောင့်ဖြောင့်ပဲ ခရီးဆက်ခဲ့ကြလေ၏။ ဖိုးတင်ဆွေ နမူနာမွေးကြည့်ဖို့ မှော်ဘီကြက်ခြံမှ ဝယ်ခဲ့သော ပိုက်လိပ်ပတ္တမ်းငါးကောင်ကား သူ ပန်းတောင်းအပြန် မေ့ကျန်ခဲ့သဖြင့် ကျွန်တော့်အိမ်မှာပဲ သူတို့အသက်ထက်ဆုံး နေသွားကြပါပြီခင်ဗျား။

❁❁❁

## ငွေကိုလေလိုသုံးသူ

ကိုယ့်လဲ သူမပိုင်
သူ့ကိုလဲ ကိုယ်မပိုင်
ဘယ်သူ့ကိုမှ ဘယ်သူမပိုင်
ကိုယ့်ကိုယ်ကိုမှ ကိုယ်မပိုင်
ဖြစ်ချိန်တန်လျှင် ကံအတိုင်းဖြစ်
ပစ္စည်းကိုလဲ လူကပစ်
လူကိုလဲ ပစ္စည်းကပစ်
မမြဲတဲ့ အနိစ္စအစစ်
ကြောက်စရာကောင်းတဲ့ ဒုက္ခအစစ်
အစိုးမရတဲ့ အနတ္တအစစ်။
*(မဇ္ဈိမ ပဏ္ဏာသ ရဋ္ဌပါလသုတ် မြန်မာပြန်)*

ဤကား အသုဘာတွင်ကမ်းသော ယပ်တောင် တစ်မျက်နှာမှ ဖြစ်၍ အခြားတစ်မျက်နှာကား . . .

*ကွယ်လွန်သူ အသက် (၄၁)နှစ်ရှိ*
*ဦးမြမောင် (မိုးကုတ်မြို့) ကောင်းမှု။*

(၁၉၆၈)ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့တွင် ကွယ်လွန်၍ (၂၄)ရက်နေ့တွင် ကြံ့တောသုသာန်၌ သင်္ဂြိုဟ် ဂူသွင်းထားသည်။

ကျွန်တော်နှင့် သောက်ဖော်သောက်ဖက်၊ ဆိုးဖော်ဆိုးဖက်ဖြစ်သည်။ သူ့အကြောင်းက ရေးချင်စရာကောင်းလှသည်။ ကျွန်တော် ရေးချင်နေတာ ကြာပြီ။ သို့သော် သူက ရှက်တတ်သူဖြစ်သည်။ သူ့ကို လူသိမှာ အင်မတန် စိုးသည်။ ကျော်စောကိတ္တိကို မမက်မောသည့်ပြင် စက်ဆုပ်သူဖြစ်သည်၊

သာဓကတစ်ခု ပြပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဘော် (၇)မိုင် ရွာတန်းရှည် ရွာကလေးနေစဉ် တစ်နေ့သ၌ မြို့ထဲမှ ကွန်ဘော့ကို သူကားနှင့်လိုက်ပို့ရာ ရွာထိပ်တွင် အမိုးသာရှိ၍ အကာဗလာ နတ်ေနေသော အဆောက်အအုံလေးတစ်ခုကိုမြင်သော်. . .

"ကိုဆွေ ဒါဘာလဲဗျ၊ အထဲ ထိုင်ခုံလေးတွေ ကြည့်ရတော့ စာသင်ကျောင်းထင်တာပဲ"

"မှန်ပါသဗျာ. . ကျွန်တော်တို့ မဟာရွာတန်းရှည်က မဟာမူလတန်းကျောင်းအစစ်ပါပဲ"

ကျွန်တော် သူနှင့်တွေ့ပြီဆိုလျှင် ကျွန်တော့်ဗိုက်ထဲမှာ ကမ္ဘာတွင် အကောင်းစားဝီစကီများ အောင်းနေပြီဖြစ်၍ အာဝဇ္ဇန်းရွှင်ချေပြီ။

"နို့. . အကာလဲ မရှိပါလား"

"အကာမရှိဆို ကမ္ဘာက အသိပါပဲဗျာ၊ ဟောဒီ ရွာတန်းရှည်သားဖွတ်ကြားတွေ ငွေစုတုန်းပဲဗျ"

"ဒါဖြင့် ခင်ဗျားအိမ်ရောက်တဲ့အခါမှာ အဲဒီကျောင်းကို ကမကထလုပ်ကြတဲ့ လူကြီးတွေ ခေါ်ပေးစမ်းပါ"

သို့ဖြင့် အိမ်ရောက်သောအခါ၌ ကျွန်တော့်သားများအား မည်သူမည်ဝါတွေ ခေါ်ချေစမ်းဟု လွှတ်လိုက်၏။

မကြာမီ အရပ်လူကြီးများ ရောက်လာကြသည်။ မြင်ကွင်းကား လူကြီးများအဖို့ မတင့်တယ်လှပေ။ ကမောက်ကမလည်း နိုင်ပေသည်။ တစ်လအစိတ်ပေးရသော ကျွန်တော့်အိမ် သုံးပင်နှစ်ခန်း ခနော်နီခနော်နဲ့ အိမ်ကလေးရှေ့တွင် အိမ်ထက်ရှည်သော ချက်ပလက် ဘဲလ်အဲယားကားကြီး ရပ်လျက်။ ကျွန်တော်နှင့် ကိုမြမောင်က အလွန်ကျဉ်းသော အိမ်ဦးခန်းလေးမှာ ပုလင်းထောင်နေကြသည်။

ကျွန်တော်တို့နှစ်ယောက်သည် ပထမ၌ ဟိုတယ်မှာ စားသောက်နေကြရာမှ စိတ်ကူးတစ်မျိုးရကာ ဝီစကီ, ဆိုဒါ, ရေခဲနှင့် စားသောက်စရာများကို ပန်းကန်ခွက်ယောက်နှင့်တကွ ကားပေါ်တင်စေပြီး ကျွန်တော့်အိမ်သို့ လာခဲ့ခြင်းဖြစ်ပါသည်။ အဖြစ်က စကားစပ်မိသဖြင့် ကျွန်တော့်အိမ်တွင် ငါးရှဉ့်ဟင်းချက်သည်ပြော၍ သူ ထိုဟင်းစားချင်သည်ဆိုပြီး မှာပြီးသားတွေလည်း ကျွန်တော့်အိမ်သားတွေ စားပစေတော့ဟု ယူဆောင်ခဲ့ခြင်းဖြစ်သည်။

ဆိုဒါပုလင်းခွံများနှင့် ပန်းကန်ခွက်ယောက်တို့လည်း ဘယ်တော့မှ ဟိုတယ်ပြန်ရောက်သည် မရှိ။ နောက်မှ သူတို့ထုံးစံအတိုင်း ကျသမျှရှင်း၏၊ ကျွန်တော့်ဇနီးချက်သော ငါးရှဉ့်သား ဖားသားတို့ကို ခံတွင်းတွေ့သူဖြစ်သည်။

ရောက်လာကြသော အရပ်လူကြီးသုံးယောက်သည် ဟိုတယ်မှ စားစရာတွေ ဗရပွနှင့် ပုလင်းထောင်နေကြသော ကျွန်တော်တို့နှစ်ယောက်အား



ကြည့်၍ သူတို့အား ဘာကိစ္စခေါ်သလဲဟု မစဉ်းစားတတ်အောင် ဖြစ်နေပုံ ပေါ်နေသည်။ သူတို့အား အတူတကွ စားသောက်ရအောင် ခေါ်ရန်ကလည်း သူတို့သည် အရက်သောက်တတ်ကြသူများမဟုတ်ကြောင်း ကျွန်တော်က သိပြီး ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော်က စ၍ . . .

"ခင်ဗျားတို့ကို အရက်သောက်ရအောင် ခေါ်တာမဟုတ်ပါဘူးဗျာ၊ ဟောဒီ. . ကျွန်တော့်မိတ်ဆွေက စုံထောက်ဗျ၊ ဒီရွာထိပ်က ခင်ဗျားတို့ စာသင်ကျောင်းလေးအတွက် မေးချင်လို့ဘဲဗျ"

ထိုအခါ ကိုမြမောင်က . . .

"ခင်ဗျားတို့ ဒီကျောင်းလေးကာဖို့ အလှူငွေ ကောက်နေတယ်လို့ကြားတယ်၊ ဘယ်လောက်ရပြီလဲ"

တစ်ယောက်သော လူကြီးက တုံ့နှေးနှေးဖြင့် . . .

"ဖြစ်ဖြစ်မြောက်မြောက် မရသေးပါဘူးဗျာ၊ တချို့က ပါးစပ်ထည့်စားရင်းပဲ ရှိကြပါသေးတယ်"

ကိုမြမောင်က . . .

"ကဲ. . ဒါဖြင့် စုစုပေါင်း ဘယ်လောက်ရရင် ဖြစ်မလဲ"

လူကြီးများသည် ဘာအဓိပ္ပာယ်လဲဟု နားမလည်သေးဘဲ တစ်ဦးမျက်နှာ တစ်ဦးကြည့်နေကြပြီး. . .

နောက်ဆုံးမှ တစ်ယောက်က အရဲစွန့်သော ပုံသဏ္ဍာန်ဖြင့် . . .

"ခုနစ်ရာကျပ်ဆို ရပါတယ်ဗျာ"

ထိုအခါ ကိုမြမောင်သည် သူ့အိတ်ထဲမှ ငွေစက္ကူအုပ်ကို ထုတ်၍ ရာတန်ခုနစ်ရွက်ကို ဆတ်ခနဲ ဆွဲထုတ်ပေးလေတော့ရာ လူကြီးများမှာ ရုတ်တရက် အံ့အားသင့်နေကြ၍ ကျွန်တော်က . . .

"ယူလေဗျာ. . ခင်ဗျားတို့ ငွေ (၇၀၀)ကျပ် လိုချင်တယ်ဆိုလို့ ပေးတဲ့ဟာပဲ"

သည်တော့ တစ်ယောက်က လက်ခပ်တုန်တုန်ဖြင့်ယူပြီး နှုတ်သွက်သူလူလည်လည် တစ်ယောက်က ပြုံးပြုံးပျာပျာဖြင့်. . .

"သူဌေးမင်းနာမည် အမိန့်ရှိပါခင်ဗျာ၊ သူဌေးမင်းကောင်းမှု အနုမောဒနာခေါ်ကြဖို့ ကျွန်တော်တို့အသင်းကနေပြီး သတင်းစာထဲ ထည့်ပေးပါ့မယ် ခင်ဗျာ"

ယင်း၌ ကိုမြမောင်က လက်ခါ၍ . . .

"ကဲ. . သွားကြ သွားကြ၊ ခင်ဗျားတို့လိုချင်တာ ကျွန်တော် ပေးပြီးပြီ ဒီကိစ္စကို သတင်းစာထဲ ထည့်စရာလဲ မလိုဘူး၊ ကျွန်တော့်နာမည်လဲ မသိနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကြပ်နဲ့ သော်တာဆွေ့ သူငယ်ချင်း အရက်သမားတစ်ယောက်လို့ပဲ ယူဆကြ ပါ ကဲ . . ကြွကြလဗျာ၊ ဒီပွဲမှာက လူကြီးမင်းတို့နဲ့ မလျော်ပါဘူး၊ ကျွန်တော် တို့က အရက်သောက်နေကြတာဗျ"

လူကြီးသုံးယောက်မှာ အံ့သြစွာနှင့် ပြန်သွားကုန်ကြသည်။

နောက်တစ်နေ့၌ ကျွန်တော့်ဆီလာ၍ အကျိုးအကြောင်းကို မေးပြီး နွှမ်းပသောမျက်နှာတို့ဖြင့် . . .

"ဟာ. . . ဒီလိုဆို ဦးသော်တာက စောစောက ကြိုပြောထားရောပေါ့ ဗျာ"ဟု အားမလို အားမရ ပြောသဖြင့် ကျွန်တော့်မှာ လူတို့၏သဘောကို တွေး၍ အားရပါးရ ရယ်မောလိုက်ရပါ၏။

ကျွန်တော်က ဤအကြောင်း ကိုမြမောင်အား ပြန်ပြောပြတော့ သူ တကယ်ပဲ မနှစ်သက်ချေ။ မျက်နှာရှုံ့လျက် . . .

"ခင်ဗျားကြီး တော်စမ်းပါဗျာ၊ ဒါလေး တစ်ဆိတ်ကို တစ်အိတ်ကြီး လုပ်မနေစမ်းပါနဲ့"ဟု ကျွန်တော့်ကို ငေါက်ပါသည်။ သူ့အကြောင်းရေးဖို့ သွား ပြောကြည့်တော့ ခါးခါးသီးသီး ငြင်းပါသည်။

"ကျွန်တော် အကောင်းရေးမှာပါဗျ"

"အကောင်းရေးရေး မကောင်းရေးရေး၊ ရေးရင်တော့ ခင်ဗျားနဲ့ . . ကျွန်တော် တစ်သက်အပြတ်ပဲ"

ဟုတ်တယ်၊ သူ တကယ်စိတ်ဆိုးမယ်ဆိုတာလည်း ကျွန်တော် ယုံပါ သည်။ ဟော. . . ယခုတော့ သူ စိတ်မဆိုးနိုင်ရှာတော့ပါ။

ကျွန်တော် ရေးရပါတော့မည်။ ရေးသော် သူ့အတ္ထုပ္ပတ္တိကား မဟုတ် ပါချေ။ သူ့အတ္ထုပ္ပတ္တိ ရေးနိုင်လောက်အောင်လည်း သူ့အကြောင်း ကျွန်တော် အကုန်မသိပါချေ။ သည်လို အတ္ထုပ္ပတ္တိမျိုးလည်း ကျွန်တော် မရေးလိုပါ။

သူနှင့်ပေါင်းသင်းမိ၍ သူ့အကြောင်းကို သိသမျှထဲမှ သူလို ငွေကို သုံးဖြုန်းမကုန်နိုင်လောက်အောင် ကျိကျိတက်ချမ်းသာသူတစ်ယောက်၏ဖြစ် ထွေကို ကျွန်တော် ဆင်ခြင်သုံးသပ်မိသမျှ ဖော်ပြမည်ဖြစ်ပါသည်။

❑

ရန်ကုန်ပြည်လမ်း၊ မရမ်းကုန်းရှိ တရုတ်ဟိုတယ်ကြီးတစ်ခု၌ ထိုနေ့ အဖို့ ကျွန်တော်တို့၏ အလှူပယ်ညစာ စားပွဲကြီးကား ပြီးဆုံးပါချေပြီ။ အား လုံးပင် နောက်ထပ် မစားနိုင်သည် မသောက်နိုင်သည်အထိ ရောက်ကြချေပြီ။ မကုန်သေးသော ဟင်းမျိုးစုံတွေ ရှိနေသေးသော်လည်း လူတွေမှာ မတွယ်နိုင် တော့ပြီ။ အချို့ သွားကြားထိုးကြပြီ၊ အချို့ ခေါင်းငိုက်စိုက်ကျနေပြီ။ အချို့ နှစ်ယောက်တစ်တွဲ လေပန်းနေကြပြီ။





ဤကား ကိုမြမောင်၏ ထမင်းပွဲထုံးစံပင်။

ထိုနေ့က လူရှစ်ယောက် ည (၈)နာရီကျော်ကတည်းက စတင်စား သောက်လိုက်ကြ၍ (၁၁)နာရီကျော်ကျော်၌ ပြီးဆုံးသည်ဖြစ်ရာ ဝီစကီဘယ် နှလုံး၊ ဆော်ဒါဘယ်နှပုလင်း၊ ဟင်း ဘယ်နှမျိုး၊ အဖိုးဘယ်လောက် ဆိုသည် ကို ဟိုတယ်တရုတ်များသာ သိကြပေသည်။ ကိုမြမောင်သည် စာရင်းအင်းကို သေချာစွာ ကြည့်လေ့မရှိပေ။ လူလည်းမူးနေပြီ။ လက်မှတ်သာ ထိုးပစ်ခဲ့တတ် ၏။ သူသည် စားသောက်ရန်အတွက်ကို ဘယ်တော့မှ အိတ်ထဲ ငွေဆောင်လေ့ မရှိပေ။ ရန်ကုန်တစ်မြို့လုံးရှိ သူ သွားနေကျ ဟိုတယ်တို့မှာ လက်မှတ်သာ ထိုးလေ့ရှိသည်။ နောက်မှ သူ့ငွေကို ရှင်း၊ သို့မဟုတ် လာတောင်းလျှင်ပေး။

ထိုညက တရုတ်က ဘီလ်လာပေး၍ သူ လက်မှတ်ထိုးသောအခါ ကျွန်တော်က . .

"ကိုမြမောင်. . ခင်ဗျား. . ငွေပါမလာဘူးလားဗျ"

သူသည် မူးလျှင်ပြောတတ်သော ဆောင့်ဆောင့်အောင့်အောင့် အသံ မျိုးဖြင့် . . .

"ငွေ . . . ဘာလုပ်ဖို့လဲဗျ၊ ခင်ဗျား. . ခု ဝအောင် စားသောက်ပြီးပြီပဲ မဟုတ်လား"

"ကျွန်တော် အသုံးလိုလို့ဗျ"

"ညကြီးမင်းကြီး ဘာသုံးဖို့လဲ"

"ခုည သုံးဖို့မဟုတ်ပါဘူး၊ နက်ဖြန်မနက်ကို ကျွန်တော် ပေါင်းတည် ပြန်မလို့ဗျာ၊ အဖေ မမာပြန်ဘူး၊ စာလာတယ်၊ အဲဒါ ခု အိမ်မှာလဲ ငွေမရှိဘူး"

"ကျွန်တော့်အိတ်ထဲ ပါမလာဘူး၊ ဟိုတယ် လိုက်ယူလေ"

သူသည် စထရင်းဟိုတယ်၌ နေသည်။

"ဘယ်လောက် လိုချင်လို့တုံး"

စင်စစ်ဆိုလျှင် ကျွန်တော်သည် သူ့ဆီမှ တစ်ထောင်ထက် လျော့၍ တောင်းသင့်ချေ။ ခုတော့ ညကြီးမင်းကြီး ရှုတ်တရက်ကြီးလည်းဖြစ်နေ၍ . .

"သုံးရာကျပ်လောက် တော်ပါပြီဗျာ"

"အယ်. . . ဒါဖြင့် ဟိုတယ်လိုက်မနေနဲ့တော့၊ ခင်ဗျား ပြန်ပို့နေရ ဦးမယ်" ဆိုပြီး ဆိုင်ကတရုတ်အားခေါ်၍ ငွေသုံးရာကျပ်တောင်းပြီး အခုန စားသောက်စာရင်း ဘီလ်ထဲမှ ယူငွေ သုံးရာကျပ်ဟု လက်မှတ်ထပ်ထိုးလိုက် ၏။ ထိုမှပြန်လာသောအခါ ကျွန်တော့်အိမ်မှာ ပြည်လမ်း၊ ခြောက်မိုင်ခွဲ အတွင်းနည်းနည်းကလေး ဝင်ရသည်ဖြစ်သောကြောင့် ရောက်ခါနီး၌ ထိုည ကျွန်တော်သည် နက်ဖြန်ခရီးသွားစရာရှိသည်မို့ သိပ်ပြီးမူးအောင် သောက် မထားသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုမြမောင်. . ခင်ဗျား ကျွန်တော့်အိမ်ထိအောင် လိုက်မပို့နဲ့တော့၊ အဲဒီ ခင်ဗျားကားကြီး ကွေ့ရလှည့်ရ ခက်သနဲ့၊ ကျွန်တော် လမ်းထိပ်ကပဲ ဆင်းသွားမယ်"

သူက လက်မခံချေ။

"အောင်မယ် မလုပ်ပါနဲ့ဗျာ၊ အရင်ကလို ခင်ဗျားမိန်းမ ကျွန်တော့် ပြောဆိုထားပါဦးမယ်"

တစ်ကြိမ်က သူ့အား ကျွန်တော့်ဇနီးက ပြောစရာဖြစ်ခဲ့ဖူးသည်။

တစ်ည ရန်ကုန်မြို့လယ်ကောင် ဟိုတယ်ကြီးတစ်ခုမှ အထွက်တွင် ကျွန်တော်တို့ တော်တော်မူးနေကြသည်။ အထူးသဖြင့် ကိုမြမောင် ပိုမူးနေသည်။ ထို့ကြောင့် ကိုမြမောင်အား ကားမမောင်းရန် ပြောကြသည်။ ဤစကားသည် ကိုမြမောင်အဖို့ မခံနိုင်ဆုံး ကိစ္စတစ်ရပ်ဖြစ်ချေသည်။ သူ့အား မူးနေပါသည်၊ မမောင်းပါနှင့်ဆိုခြင်းသည် သူ့ကို စော်ကားတာပဲဟု မူးစိတ်နှင့် ယူဆသည်။ ထို့ကြောင့် ဆိုလေကဲလေ၊ မန်းလေပြုလေဖြစ်ကာ ကားပေါ် မြန်မြန်တက်၍. . .

"မလိုက်ဝံ့တဲ့လူ နေကြ၊ လိုက်ဝံ့တဲ့လူ တက်"

မည်သူမျှ မတက်ကြ။

ကျွန်တော်တစ်ယောက်ပဲ သူ့ဘေးတွင် ဝင်၍ ယှဉ်ထိုင်လိုက်သည်။

ကျွန်တော်လည်း ကားထွက်စတွင်သာ သတိရှိသည်။ လေအေးနှင့် တွေ့သောအခါ မေ့သွားလေသည်။ နောက်ပြန်သိသောအခါမှာ ရဲသားနှင့် အရပ်သားအချို့ ကျွန်တော်တို့ကို ဝိုင်းထားကြသည်။ ကားက ဓာတ်တိုင်ဦးခိုက်၍ ရပ်နေသည်။ ကိုမြမောင်နှင့် ကျွန်တော်က ကားပေါ်မှာ အိပ်ပျော်နေကြသည်။

ရဲသားက ကျွန်တော်တို့အား နှိုး၍ နာမည်များကို မေးသည်။ မိုးကုတ်မြမောင်နှင့် စာရေးဆရာသော်တာဆွေမှန်း သိသောအခါ စီးနေသော ကားကြီးကြည့်၍ မည်သို့ဆက်ဆံရမည်လဲ သိပေသည်။ အဖြစ်အပျက်ပြောပြသည်မှာ မျက်နှာချင်းဆိုင်လာသော ဂျစ်ကားတစ်စီးကို ရှောင်လိုက်ရာ အကွေ့လွန်၍ ပလက်ဖောင်းပေါ် ရောက်သွားပြီး ရပ်ထားသော ဆိုက်ကားတစ်စီးကို တိုက်သည်။ ထိုနောက် ဓာတ်တိုင်ဦးခိုက်ပြီး ကားစက်ရပ်သွားသည်။ ကျွန်တော်တို့ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ အိပ်ပျော်နေကြသည်။ ဒါကို ဆိုက်ကားပိုင်ရှင်က လာတိုင်၍ သူ လိုက်ခဲ့ရသည်။

ထိုအခါ ကိုမြမောင်က . . .

"ဆိုက်ကား ပျက်စီးသွားသလားဗျ"

ဆိုက်ကားဆရာက . . .



"ဟာ. . . ပျက်စီးပြီလားဗျ"

"ခင်ဗျား ဆိုက်ကား ဘယ်လောက်တန်သလဲ"

အနည်းငယ် စဉ်းစားနေပြီး . . "ခြောက်ရာထက် မအောက်ဘူးဗျ"

"ကောင်းပြီ နက်ဖြန် စထရင်းဟိုတယ်လာခဲ့၊ မိုးကုတ်မြမောင်လို့ မေး ခင်ဗျား ငွေခြောက်ရာ လာယူ"

သူ့ဆိုက်ကား ဘယ်လိုလဲ၊ ဘယ်လောက်ထိ ပျက်စီးသွားသလဲကို ကျွန်တော်ဘာမျှ မသိချေ။ ဆိုက်ကားရှင်၏ စိတ်ထဲမှာကား သည်လိုသာ တစ်ညတစ်ခါ သည်ကားမျိုး အတိုက်ခံနေရလျှင် ဘယ်လောက်ကောင်းမည်လဲတွက်ဆပေမည်။

ထိုည၌ ကျွန်တော်တို့သည် ထိုရဲ၏အစောင့်အရှောက်နှင့်ပင် ထိုနေရာတွင် ကားပေါ်မှာ ပြန်လည်အိပ်ပျော်သွားကြသည်။ နံနက်မိုးစင်စင်လင်းမှ ကားကို မောင်းနိုင်၍ ကျွန်တော့်အိမ် ပြန်ရောက်ကြသည်။

ထိုအခါ ကျွန်တော့်မိန်းမက ဆူပါလေတော့သည်။

"ဘယ့်နှယ်တော်. . အချိန်တန်လို့ ပြန်မရောက်တော့ မောင်တို့အမူးသမားတွေ ဂါတ်တဲပဲ ရောက်နေပလား၊ ဆေးရုံပဲရောက်နေပလား၊ သေပဲကုန်ကြပလားလို့၊ ဒီက တစ်ညလုံးအိပ်မပျော်ဘူးရှင့်၊ ဂါတ်ကပဲ လာခေါ်မလား၊ ဆေးရုံကပဲ အကြောင်းကြားမလား၊ စိတ်ထဲ တထင့်ထင့်နဲ့"

ပြောမယ်ဆိုလည်း ပြောစရာ။ ကျွန်တော်တို့မှာ အကြောင်းကြောင်း အရာရာတွေက ရှိခဲ့ဖူးပေသည်။ တစ်ခါတစ်ရံ ကိုယ်မှာ ဒဏ်ရာတွေနှင့် ပြန်ရောက် လာတတ်သည်။ တစ်ခါတစ်ရံ ကိုယ်က တရားခံဖြစ်နေတတ်သည်။ (၁၉၅၉) ခုနှစ်တုန်းကလား၊ မိုးကုတ်မြမောင်နှင့် စာရေးဆရာသော်တာဆွေ ဟိုတယ်တွင် ရန်ဖြစ်မှု၊ တရားခံများအဖြစ်နှင့် သတင်းစာတွေထဲပင် ပါခဲ့ပေသည်။

ထို့ကြောင့် ကျွန်တော်တို့အပေါင်းအသင်း တစ်သိုက်က ကျွန်တော်တို့ နှစ်ယောက်အား "မူးလာလျှင် တရားလိုရှာရော"ဟု ပြောစမှတ်ပြုကြသည်။ ထိုနေ့နံနက်က ကျွန်တော့်မိန်းမသည် ကျွန်တော်တို့နှစ်ယောက်အား တော်တော်ကြိမ်းပစ်ပါသည်။ ယင်းအချိန်မှာ ကျွန်တော်တို့နှစ်ယောက်သည် အမူးဒီဂရီကျနေသည်ဖြစ်ရာ လူတွေမှာလည်း စိတ်ဓာတ်ကျဆင်းနေပေသည်။ အရက်သမားတို့၏စွမ်းပကား အနိမ့်ဆုံးအခါဖြစ်၍ ကိုယ့်အလွန် ကိုယ့်အမှားကို ခေါင်းငုံ့ခံကြသည်။ အဲသည်တုန်းကများ ဝမ်းပက်တူးပက်လောက်မှား ထပ်နှက်လိုက်ရ အမူးဒီဂရီပြန်တက်၍ အမူးတစ်ပတ်ရစ်ဖြင့် ငါ့သူငယ်ချင်း ရှေ့ သည်လိုပြောရပါမည်လားဟု မိန်းမကို နားသယ်ပါးလယ် ကျွင်းစင်သို့တ်ပေမည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော်တို့မှာ သနားစဖွယ် အားဆေးက မဲ့နေသည်ဖြစ်၍ နှစ်ယောက်သား အလျှော့ပေးရကာ ကိုမြမောင်က . . .

"နောက် ခင်ဗျားယောက်ျားကို အချိန်မီ အိမ်တိုင်ရာရောက် ပြန်ပို့ပါမယ်"ဟု ကတိစကားထားခဲ့ရ၏။

ထို့ကြောင့် သူသည် သူနှင့်သောက်လျှင် ဘယ်သောခါမဆို အိမ်တိုင်ရာရောက် လိုက်ပို့လေ့ရှိ၍ ယခုည ကျွန်တော်က လိမ်းထိပ်က ဆင်းသွားပါမည်ဆိုတာကို လက်မခံဘဲ ကျွန်တော့်အိမ်အရောက် လိုက်ပို့ပြီး. . .

"ဟောဒီမှာ ဒေါ်မေ၊ ခင်ဗျားယောက်ျားကို ကောင်းကောင်းမွန်မွန် လာပို့ထားခဲ့ပြီဗျို့"ဟုအော်ပြီး ကားထွက်သွားတော့၏။

❑

နောက်တစ်နေ့ညနေ ကျွန်တော် ပေါင်းတည်ဘူတာသို့ ရောက်သော အခါ ကျွန်တော့်ယောက်ဖ လာကြိုနေပေသည်။

"ငါ့စက်ထဲ စပါးချရင်း လာတာကွ၊ အပြန်မှာ လယ်ထဲချဖို့ ဖွဲတင်ထားတယ်၊ မင်း ငါ့ဖွဲလှည်းနဲ့ လိုက်မလား၊ မြင်းလှည်းနဲ့သွားမလား"

ကျွန်တော်တို့ရွာမှာ မြို့မှ သုံးမိုင်သွားရပါသေးသည်။

"ဟာ. . လမ်းကြမ်းကြမ်း၊ မြင်းရထား သိပ်ဆောင့်တယ်ဗျာ၊ နေက အေးပြီပဲ၊ ကိုစံတင် ဖွဲလှည်းနဲ့ပဲ လိုက်ခဲ့တော့မယ်"

သို့ဖြင့် ကျွန်တော်သည် မစီးရတာ ကြာပြီဖြစ်သော ဂေါ်ကာဘဲလ် အဲယားဖြင့် ရွာသို့ ယွန်းခဲ့သည်။

အိမ်ရောက်သော် သက်ကြီးရောဂါ နာတာရှည်ဖြစ်သော အဖေအား ခေတ္တမေးစမ်းပြောဆိုပြီး ကျွန်တော် သောက်ချိန်နီးပြီဖြစ်ရကား ရွာရှိသောက်ဖော်များအိမ်သို့ လစ်ခဲ့တော့သည်။

ရွာတွင် ကျွန်တော်၏အရက်အဝယ်တော် ကိုမောင်ခိုသည် ကျွန်တော်ရောက်သည်ကြား၍ အသင့်စောင့်နေသည်။ သူ့အား ငွေဆယ်တန်တစ်ရွက် ဖျတ်ခနဲ ဆွဲထုတ်ပေးလိုက်တော့ . . .

"တစ်ဆယ်ဖိုး ငါးလုံးကြီး တစ်ခါတည်း ယူခဲ့ရမှာလား"

"ယူခဲ့ပေါ့ဗျာ၊ အရက်များတာ မှားတာမှတ်လို့"

ကျုပ်တို့ရွာတွင် အရက်တစ်ဆယ်ဖိုးကြီး တစ်ခါတည်းဝယ်တဲ့လူ နှယ်နှယ်ရရမှတ်လို့။

ထိုနောက် ကျွန်တော်၏သောက်အိမ် ဦးထွန်းစိန်အိမ်သို့ သွားသည်။ ဦးထွန်းစိန်သည် သောက်သောက်စားစား ကာလသားကြီး ဖြစ်သည်။ (ယခုကား ကွယ်လွန်ခဲ့ပြီ၊ သူ့အကြောင်း "လူတစ်ယောက်အကြောင်း" ဝတ္ထုရေးခဲ့ပြီ)





သူသည် အရက်နှင့်မြည်းရန် ကတ်သီးကတ်သတ် စားစရာလေးများတို့ ကြံဖန်လုပ်တတ်သူ ဖြစ်သည်။

သူသည် ကျွန်တော့်အသံကြားသော် သူ၏မှုန်မွှားသော မျက်စိဖြင့် နဖူးပေါ် လက်ဝါးအုပ်ကြည့်၍ . . .

"ဟေ့. . ဘိုကျင်. . မင်း ရောက်လာပလား၊ ငါ့လခွီး . . ဒီနေ့ မြည်းစရာတော့ ထူးထူးထွေထွေ မရှိဘူးဟေ့၊ ဘိုခို ချောင်းထဲက ကောက်လာတဲ့ ခရုဖင်ချွန်လေးတွေ ပြုတ်ပြီး ခွေးတောက်ရွက် အုပ်ထားလိုက်တယ်၊ အရက်သောက် အနှစ်စုတ်ပေါ့ကွာ"

"ဟာ. . ဒီထက်ထူးထွေနိုင်ဦးမလား ဦးထွန်းစိန်ရ"

"ကြက်ကလေး ကြော်လိုက်ရ ကောင်းဦးမလား"

"ဟာ. . မလုပ်နဲ့တော့၊ ကျွန်တော် အဆီအဆိမ့်တွေ မစားချင်တော့ဘူး၊ အချဉ် ဘာရှိလဲ"

"မရမ်းသီး ရှိတယ်ဟေ့၊ ဟုတ်ပြီ အဲဒါ ငါးပိစိမ်းစားလေးနဲ့ လေးစိတ်ကွဲထောင်းလိုက်မယ်"

မကြာမီ ကိုမောင်ခိုရောက်လာသည်ဖြစ်၍ အမြည်းက ခရုဖင်ရှည်၊ ခွေးတောက်ရွက်ပြုတ်၊ မရမ်းသီးလေးစိတ်ကွဲ ထောင်းကလေးနှင့် ကျွန်တော်တို့ ချက်ဝိုင်းကလေးကို စဉ်းစားကြည့်ပါဘိ။

ရန်ကုန်မြို့တွင် ခရုခေါက်ဆွဲခေါ်သော ခေါက်ဆွဲကျော်ပေါ်မှာ ပြည်ကြီးမှလာသော သံဘူးဖြင့် မီးခိုးနံ့သင်းထားသည့် အရည်ကလေးစပ်စပ်နှင့် ခရုကလေးတစ်ဇွန်းလောက် ဆမ်းပေးလိုက်သည်။ ကျွန်တော်တို့က ဤခရုမျိုး လတ်လတ်ပြုတ်ပြီး ခွေးတောက်ရွက်အုပ်၍ အရည်သောက်သည်။ အထဲက အနှစ်ကို စုတ်ယူသည်။

ကျွန်တော်တို့သုံးယောက်သည် လက်ဖက်ရည်ကြမ်း ပန်းကန်တစ်လုံးနှင့် ချက်အရက်ဟိုကို တစ်ယောက်တစ်လှည့်သောက်ကြသည်။ ဒါသည် တောအသောက်ဝိုင်း၏ ထုံးစံ၊ မြို့ပေါ်မှာလို လူတစ်ယောက် ဖန်ခွက်တစ်လုံးစီနှင့် မဟုတ်၊ လက်ရေတစ်ပြင်တည်းဆိုဘိသို့ သောက်ရေတစ်ခွက်တည်း ဖြစ်သည်၊ မြန်မာ့ရှေးရိုးစဉ်လာ။

ကျွန်တော်သည် ဤသို့တောသားများနှင့် ဤသို့တောဂေဟာတွင် တောသောက်သောက်ရင်း ညက ရန်ကုန်မြို့ဟိုတယ်ကြီးများတွင် မြို့သားများနှင့် မြို့သောက်သောက်ခဲ့ပုံကို ပြောပြသည်။

"ဟေ့ မင်းတို့သောက်တဲ့အရက်က တစ်ပုလင်း ဘယ်လောက်လဲဟ"

"ခြောက်ဆယ့်ငါးကျပ်"

ကိုမောင်ခို မျက်လုံးပြူးလျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဝက်ပေါက်ကလေး တစ်ကောင်ဖိုးပါလား"

"ခင်ဗျားဝက်ပေါက်က ပေါ်လိုက်ရင် အချိန်ဘယ်လောက်ထွက်လဲ"

"တစ်ဆယ် ဆယ့်ငါးကြားပေါ့ကွာ"

"ဟင်. . ညက ကျွန်တော်တို့ စားခဲ့တဲ့ ဝက်ကလေးကောင်လုံးကြော်တာ တစ်ရာ့နှစ်ဆယ်ကျပ် ပေးခဲ့ရတယ်ခင်ဗျ"

"ဘယ်လောက်ကြီးလဲ"

"အရှင်ဖမ်းချိန်ရင် သုံးလေးပိဿာ ရှိတော့မပေါ့ဗျာ၊ နို့စို့ ဝက်ကလေးပဲ"

"ဟာ. . မင်းတို့က အစားတယ်ရက်စက်ကြပါလား. . ဟ"

"ဒါက ခင်ဗျားကို ဟင်းတစ်မည်တည်း ပြောသေးတာ၊ ဒီပြင် အပုံကြီး ရှိသေး"

"အေး. . ထားပါတော့ကွာ၊ ကဲ. . မင်းတို့ အဲဒီတစ်ည တစ်နပ်စာ စားကြသောက်ကြတာ ဘယ်လောက်ကုန်မလဲ"

ကျွန်တော်လည်း အတိအကျမသိ၍ ခန့်မှန်းခြေကို ပြောလိုက်ရာ ကိုမောင်ခိုသည် အလန့်တကြားအော်လျက်. . .

"အောင်မာလေးလေး ပထမတန်းစား နွားတစ်ရှဉ်းဖိုးလောက် ကြီးပါလားဟ၊ ဒီမယ် ငါ့မှာကွာ၊ နွားတစ်ဖက်တည်းဖြစ်နေတာ သုံးနှစ်ရှိပြီ၊ တစ်ရှဉ်းပြည့်အောင် ဖြည့်မယ်နဲ့ဟာ၊ မင်းလူ ခေါ်ခဲ့စမ်းကွာ၊ ငါ နွားတစ်ကောင်ဖိုးလောက် တောင်းချင်လို့"

"သူ. . ဒီရွာ. . ကျွန်တော်နဲ့ ရောက်ဖူးသားပဲဗျ"

"အေး. . ဒါဖြင့် တို့နဲ့ ဘာလို့ မတွေ့လိုက်ရတုံး"

"အဲဒီတုန်းက ပေါင်းတည်စွယ်တော်ရက်ကြီး၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့တောင် မတွေ့လိုက်ရဘူး မဟုတ်လား၊ ညကြီးမင်းကြီး ပြန်သွားရတာ၊ အဖြစ်က . . ဒီလို"ဟုဆိုပြီး ကိုမြမောင်အကြောင်း နောက်ကြောင်းပြန် ရှင်းပြလိုက်ရသေးသည်။

(၁၉၆၂)ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ နှစ်စဉ်ပေါင်းတည် စွယ်တော် လှည့်ပွဲရက်၊ နံနက် (၉း၀၀)နာရီခန့်။ ကိုမြမောင်နှင့်အပေါင်းပါတွေ တားနှစ်စီးနှင့် ကျွန်တော့်အိမ်ရှေ့ ရောက်လာကြပြီး သူတို့အားလုံး ပစ်ကတ်တစ်ပတ်ရစ်တွေဖြင့် . . .

"ကိုဆွေ လာလာ၊ ဘာအလုပ်ရှိရှိ ထားခဲ့၊ အဝတ်တောင် လဲမနေနဲ့ ကြာတယ်၊ ကျုပ်တို့ကို ပေါင်းတည်စွယ်တော်လှည့်ပွဲ လိုက်ပို့"

သို့ဖြင့် ကျွန်တော် ကားပေါ်တက်ခဲ့၍ နေ့လယ်သုံးနာရီလောက် ပေါင်းတည်မြို့ထဲ ရောက်ခဲ့ကြသည်။





စွယ်တော်လှည့်ပွဲကို ကြည့်ရှုပြီးနောက် လူနှစ်စု ခွဲကြသည်။ တစ်စုတာ မြို့ပေါ်တွင် ဘုရားလူကြီး ဦးကိုကိုကြီးသား ကိုဝင်းလှိုင်ဆီမှာ တည်းကြမည်။ ကိုမြမောင်နှင့် ကိုတင်မောင်ညီအစ်ကိုက ကျွန်တော့်ရွာ ကျွန်တော့်ဂေဟာသို့ ရောက်ဖူးအောင် လိုက်ကြမည်။ သို့ဖြင့် ညနေ (၆)နာရီလောက်မှာ ကျွန်တော်တို့ရွာ ရောက်ကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့ရွာ လှည်းလမ်းမပေါက်သေး၍ ကိုမြမောင်၏ မာစီးဒီးကားကြီး တာလမ်းဘေးရှိ ကျွန်တော့်ဆွေမျိုးအိမ်တွင် ထားခဲ့ပြီး ရွာထဲ ဖိနပ်ချွတ်၍ ဝင်ခဲ့ကြရသည်။

ကျွန်တော်တို့သည် မြို့ပေါ်မှ ဘာမျှ စားစရာများ ဝယ်မလာခဲ့ကြပေ။ အိမ်ရှိ ကြက်ကို ကာလသားချက်စားကြမည်ဟု ရည်ရွယ်ချက်ရှိခဲ့ရာ အဆင်သင့်ပင် ကျွန်တော့်အိမ်မှာ တော်သလင်း တွင်းအောင်းကြွက်သားကြီးတွေ ဆီပြန်ချက်ထားသည်နှင့် ကြုံလေသည်။ သို့ဖြင့် အစားအတွက် ကျွန်တော်တို့အဖို့ တောဟင်း တောချက် ခံတွင်းအပြောင်းအလဲ အဆင်ပြေသွားလေသည်။

သို့သော် ညအိပ်သောအခါ ကိုမြမောင်အတွက် အခက်တွေ့လေပြီ။ သူသည် ရန်ကုန်မှာ စထရင်းဟိုတယ်တွင် လေအေးစက်နှင့် အခန်းမှာနေသည်၊ မန္တလေးရှိ သူ့တိုက်မှာလည်း သူ့အခန်းတွင် လေအေးစက်နှင့်ဖြစ်၏။ သူနေသော အခန်းတွေမှာ ခြင်ယင်မျှ မဝင်နိုင်သည်ဖြစ်၍ အိပ်ရာတွင် ခြင်ထောင် မရှိပေ။

ယခု ကျွန်တော်တို့အိမ်ကား သွပ်မိုးပျဉ်ထောင်။ တောရွာဓလေ့ ညအချိန်မှာ တံခါးတွေ အလုံပိတ်ရသည်။ အခါရာသီတလည်း တော်သလင်း နေပူစွန်သော၊ ခြင်တွေကလည်း တဝီဝီ၊ ခြင်ထောင်ကလည်း ရွာရက် ဇာဖျင်ကြမ်းကြီး။ ကိုမြမောင်အဖို့ လှလှကြီး ဒုက္ခတွေ့လေပြီ။ သူသည် အားနာပြီး အတော်ကြာ အောင့်အည်းနေသေး၏။ နောက်ဆုံး၌ မတတ်သာပြီ။

"ကိုဆွေ. . ခုည ပြန်စို့ဗျာ" ဟု စတင်ပြောတော့၏။

ကျွန်တော်တလည်း ပြန်ချင်နေပေသည်။

သို့သော် အိမ်ရှင်အနေနှင့် ပြောမကောင်း၍ . . .

သို့ဖြင့် ကျွန်တော်တို့သည် (၉)နာရီလောက်ကြီး ရွာမှ ထွက်ခဲ့ကြ၍ ညတွင်းချင်း ရန်ကုန်သို့ ပြန်ခဲ့ကြတော့၏။

"ငါ့လခွီး. . ဒါဖြင့် မင့်လူက တယ်ပြီးနေရာရွေးတဲ့ လူပါလားဟ"

ကျွန်တော့်စကားအဆုံး၌ ဦးထွန်းစိန်က မှတ်ချက်ချ၍ ကျွန်တော်တ "နေရာတင် မဟုတ်ဘူး၊ အစားအသောက်လဲ သိပ်ရွေးတယ်၊ ဝီစကီလဲ ထိပ်တန်းမှ သောက်လို့ဖြစ်တယ်"

"ဝီစကီဆိုတာ ဘာလဲဟ၊ ရန်ကုန် တို့လာတုန်းက ဟိုတယ်မှာမင်းတို့ကို တိုက်တဲ့ ဟာမျိုးလား"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး၊ အဲဒါက ရမ်၊ ဝီစကီက ရမ်ထက် လေးငါးဆ အဖိုးတန်တယ်"

"ဟာ. . ဒါဖြင့် သိပ်ကောင်းလို့ပေါ့"

"ဒါပေမယ့်. . ဦးထွန်းစိန်တို့တော့ ကြိုက်မှာ မဟုတ်ဘူး၊ ရမ်တောင် ခါးကြိတ်တာပဲ"

ကိုမြမောင်အကြောင်းရေးရင်း သူတို့အကြောင်းလည်း ပြောရဦးမည်။ တစ်ကြိမ်သောအခါ၌ ဦးထွန်းစိန်နှင့် ကိုမောင်ခိုသည် အသွားအပြန်စရိတ် ခံပါမည်ဟု ကျွန်တော်၏ပင့်ဖိတ်ချက်ဖြင့် ရန်ကုန်သို့ ရောက်လာကြသည်။ ဝထမ သူတို့အာသီသ ထားကြသော ဘုရားတွေအစုံ လိုက်ပို့ပြီးနောက် ညနေစောင်းမှာ (ထိုစဉ်က ကျွန်တော့်စားကျက်) တာဝှာဟိုတယ်သို့ ခေါ်ခဲ့သည်။

မြည်းစရာတွေ တော်တော်မျှားများမှာပြီး ရမ်ပုလင်းတစ်လုံးထောင်၍ ထိုစဉ်က ဟိုတယ်ထုံးစံအတိုင်း ဘွိုင်တစ်ယောက်ကို အနားထားပြီးပြုစုစေသည်။ ဘွိုင်က လိုသမျှ ယူပေးရသည်၊ အရက်ငှဲ့ပေးရသည်၊ ရေခဲဆော်ဒါ ထည့်ပေးရသည်။

စီးကရက်ထုတ်လိုက်လျှင် မီးခြစ်ပြီး ညှိပေးရသည်၊ ဒါတွေကို ပြချင်လို့ပဲ ကျွန်တော် သူတို့အား ဟိုတယ်ခေါ်လာခဲ့ခြင်း ဖြစ်သည်။ သူတို့သည် ဘွိုင်ထည့်ပေးသည့်အတိုင်း အရက်သုံးခွက်စီလောက် သောက်ပြီးနောက် ဦးထွန်းစိန်က စတင်၍ "ငါ့လခွီး မင့်ဟာကြီးသောက်ရတာက ဖျော်ရည်သောက်ရသလို ပါပဲလားဟ"

ကိုမောင်ခိုက . . . "အေးကွာ. . ဟုတ်တယ်၊ ဟောဒီ အဖြူရေနဲ့ ရေခဲမပါဘဲ အနီချည်း မသောက်ရဘူးလား"

ကျွန်တော်က ရယ်မိ၍ . . .

"ဟာ. . သောက်ရပါတယ်၊ ဟေ့. . . ဘွိုင် ရမ်ချည်းနီ ဝမ်းပက်စ်စီလောက် ထည့်ပေးလိုက်စမ်းပါကွာ"

သူတို့သည် သည်အတိုင်း မော့ချလိုက်ကြပြီးမှ မျက်နှာမရှုံ့ဘဲ . .

"အင်း. . ဒီလိုဆို တော်တော်ရှိသေး၊ ဒါပေမယ့် တို့ဆီက ချက်အရက်လောက် မကြိုက်ပေါင်ကွာ၊ ဒီဆိုင်မှာက ချက်အရက် မရောင်းဘူးလား"

"ချက်အရက်နဲ့ တူတာတော့ရှိတယ်၊ သောက်ကြည့်ကြပေါ့" ဟုဆိုပြီး ဘွိုင်အား ဂျင်ဝမ်းပက်စီ ယူခိုင်းလိုက်သည်။

သူတို့သည် ဂျင်ကို သောက်ပြီးနောက် မှတ်ချက်ချကြပြန်သည်။

"အဝင်တော့ တော်သားဟေ့၊ ရင်ထဲ ပူဆင်းသွားတယ်၊ ဒါပေမယ့် ရေမွှေးစော်ကြီး နံတယ်ကွာ၊ အရက်နဲ့မတူဘူး၊ အဲဒါ ခု. . တို့သောက်တဲ့ တစ်ခွက် ဘယ်လောက်ပေးရမလဲ"



"နှစ်ကျပ်ခွဲ. . ဒရိုင်းဂေါ်ဒွင်ဂျင်"

ဦးထွန်းစိန်သည် ရင်ဘတ်ထု၍ . . .

"ဟာ. . ငါ့လခွီးတဲ့၊ တစ်ပုလင်းလောက် ဝယ်သွားမလား အောက်မေ့ ပါတယ်"

ကိုမောင်ခိုက . . .

"ရွာက ညီပု ထန်းလျက်အရက် မီးတောက်နှစ်ကျပ်ခွဲ သောက်တော့မှာပေါ့ဗျ"

ဦးထွန်းစိန်က . .

"အေးလကွယ်. . ဒါက ညီပုအရက်လောက်တော့လာသား၊ ဈေးချင်း တူမလားလို့ မေးကြည့်တာ"

"ဟင်. . သူတို့ဆီက ဘာမှမဟုတ်လဲ ဟိုတယ်မှာဆိုတော့ ဟိုတယ် ဈေးတွေ ကြီးနေတာပေါ့ဗျာ" ဟု ကိုမောင်ခိုက နောက်ဆုံးမှတ်ချက်ချလိုက်၏။

မှန်ပါသည်။ ချက်အရက်သောက်နေသူများသည် ချက်အရက်တဖွဲ လျှင် သူတို့ပါးစပ် ဘာမှ မတိုးတော့ပြီ။

❑

ကျွန်တော်သည် စိတ်ကျေနပ်လောက်အောင် တစ်ပတ်မျှ ရွာတွင် နေပြီး ရန်ကုန်သို့ပြန်ခဲ့၏။ နေအိမ်သို့ ညနေ(၄)နာရီလောက်ရောက်၍ နောက် တစ်နေ့နံနက် လှည်းတန်းဈေးက ဈေးဝယ်အပြန် ကမာရွတ် ဂိတ်အနီးရှိ တယ်လီဖုန်းမှ စထရင်းဟိုတယ်သို့ ကိုမြမောင် ရှိ,မရှိ ဖုန်းဆက်မေးကြည့်၏။

ကိုမြမောင်သည် မန္တလေးနှင့် ရန်ကုန်ကို သွားချင်တဲ့အချိန်သွား၊ ပြန် ချင်တဲ့အချိန်ပြန်၊ ကူးဂလန်ခတ်နေသူ ဖြစ်၏။ မန္တလေး ဒါးတန်းရေခဲစက်နှင့် ဘိလပ်ရည်စက်မှာ သူတို့ဟာဖြစ်၏။ ရန်ကုန်ခြောက်မိုင်ခွဲတွင် သူတိုက်တစ် လုံးရှိ၏။ နိုင်ငံခြားသားတွေငှားလျှင် တစ်လ (၁၅၀၀)ကျပ်ရ၏။ သို့သော် သူ ငှားလိုမှငှား၏။ အိမ်က အားနေသော်လည်း ဒရဝမ်နှင့်မာလီသာ ထား၍ သူက ထိုအိမ်၌ နေလေ့မရှိ။ စထရင်းဟိုတယ်မှာသာ တစ်နေ့ (၆၀)ကျော် (အစားမပါ) ပေး၍ နေ၏။ ကျွန်တော်နှင့် စတင်သိသောအချိန်မှာ မိန်းခလေး လူပျိုကြီးလိုနေ၏။

ထိုနေ့ နံနက်က စထရင်းဟိုတယ်တွင် သူရှိကြောင်းသိရ၍ ကျွန်တော် ကိုးနာရီလောက် သူ့အခန်းရောက်သွားသောအခါ သူ့လက်စွဲတော်အပြင် အခြားလူနှစ်ဦး ရောက်နေချေပြီ။

"ကဲ. . ဒီနေ့ မနက်စာ ဘယ်ဟိုတယ်မှာ စားကြမလဲ" ဟု မေး၏။

ယခုကား သူကပင် စတင်၍ . . .


www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . ဒီမနက်တော့ မီးရထားဟိုတယ်မှာပဲ စားကြမယ်ဗျာ၊ အိမ်မှာ မစားရတာလဲ တော်တော်ကြာပြီ၊ ဘယ့်နှယ်လဲ ကိုဆွေ"

ဟုတယ်ဟင်း ခံတွင်းမတွေ့လေလျှင် ဗရစ်ဗတောက်ပြောတတ်သော ကျွန်တော့်အား မေး၏။

"တောင်းပါတယ်ဗျာ. . . မီးရထားဟိုတယ်က အဘေလုံးဟင်းချိုကို ကျွန်တော် တော်တော်ကြိုက်တယ်"

ကိုမြမောင်သည် အစားအသောက် အကျွေးအမွေး၌ ရက်ရောသူဖြစ်သည်၊ ဘယ်အခါမဆို သူနှင့်ပါသွားသူတို့အား ကိုယ်ကြိုက်တဲ့ဟာ ကိုယ်မှာစားကြ၊ ကြိုက်ရာအရက်ကို သောက်။

ထိုနေ့နံနက်စာကို ကျွန်တော်တို့ခြောက်ယောက် မီးရထားဟိုတယ်မှာ ဆယ့်တစ်နာရီလောက်က၍ စားကြသည်။ ခေါ်ထားသော ကောင်မလေးအားလည်း ဟိုတယ်အပေါ်ထပ်အခန်းထဲမှာ သူလိုရာ မှာစားစေသည်။

ဆယ့်နှစ်နာရီခွဲလောက် ကျွန်တော်တို့ စားသောက်ပြီးကြသောအခါ ကိုမြမောင်က "ကဲ. . ကိုဆွေ၊ ခင်ဗျားအိမ် ပြန်ပို့ရမလား၊ ကျွန်တော့်အခန်းမှာပဲ နေဦးမလား"

"အိမ်မှာ အိုက်တယ်ဗျာ၊ ခင်ဗျားအခန်းမှာပဲ အေးအေးနေဦးမယ်၊ ညစာစားပြီးမှ ပြန်မယ်"

ကျွန်တော် ဟိုတယ်စာနှင့် ဝေးခဲ့တာ တစ်ပတ်ရှိခဲ့ပြီမဟုတ်ပါလား။ ထို့ကြောင့် ညစာကို မီးရထားဟိုတယ်ထက် ကောင်းသောဟိုတယ်မှာ စားချင်သေးသည်။

သူ့လက်စွဲတော်အား ကျွန်တော့်ကို စထရင်းဟိုတယ်သို့ သူ့ကားနှင့် လိုက်ပို့စေ၏။ ကျွန်တော်သည် သူ့ဧည့်မင်းစည်းစိမ်ဖြင့် ကိုမြမောင်အခန်းအောင်းရင်း ကိုမြမောင်အကြောင်းကို စဉ်းစားသည်။

ကျွန်တော်တို့အရပ်မှာ ပြောလေ့ပြောထ ရှိကြသည်။

"ဟဲ့. . ငွေကို တွင်းထဲက နှိုက်ရတယ်များ အောက်မေ့နေသလား"

"ငွေကို ရေလိုသုံးတဲ့လူပဲဟေ့"

ဤစကားနှစ်ရပ်သည် ကိုမြမောင်နှင့် လားလားမျှ မအပ်စပ်ပါချေ။

ကိုမြမောင်သည် မိုးကုတ်သား။ သူ့မိဘများက ပတ္တမြားတွင်းဖြင့် ချမ်းသာသည်ဖြစ်၍ ငွေကို တွင်းထဲက နှိုက်ယူသည် မဟုတ်ပါလား။

ကိုမြမောင်အား ငွေကို ရေလိုသုံးတဲ့လူပဲဆိုလျှင် "ဒရယ်၊ ယုန်၊ကြောင်တွေတိုင်းအောင်သည်၊ တောတောင်သနင်း ခြင်္သေ့မင်း"ဆိုဘိသကဲ့သို့ ဟိနတ္တ ဒေါသသင့်ချေမည်။ ကျွန်ုပ်တို့သည် ရေကိုသုံးရန် ယူငင်ရသေးသည်၊ သိုလှောင်ရသေးသည်၊ ခွက်ဖြင့် ခပ်ရသေးသည် မဟုတ်ပါလား။





ကိုမြမောင်က ငွေကို ရှာဖွေစရာလည်း မလို၊ သိုလှောင်စရာလည်း မလို၊ ယူငင်စရာလည်း မလို၊ ရောက်လေရာမှာ သူ့လက်မှတ်ထိုးလိုက်ရုံဖြင့်ပြီး၏။ သို့မဟုတ် တယ်လီဖုန်းပြောလိုက်ရုံနှင့် သူလိုချင်သောငွေ ရှေ့သို့ရောက်လာရ၏။

စင်စစ် သူ့ငွေသုံးပုံမှာ ကျွန်တော်တို့ လေကိုသုံးသကဲ့သို့ ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်တော်က သူ့အား ငွေကိုလေလိုသုံးတဲ့လူဟု တင်စားခြင်းဖြစ်ပါ၏။

သူသည် မော်တော်ကားကို အလဲလဲထား၍ အမျိုးမျိုးစီးရန် ဝါသနာပါ၏။ မော်တော်ကားကို ကလေးကစားစရာ ဝယ်သလိုဝယ်၏။ မကြိုက်မနှစ်သက်တော့လျှင်လည်း ကလေးကစားစရာ ပွင့်ပစ်သလို လွှင့်ပစ်တတ်၏။

တစ်ကြိမ်သောအခါ သူ့တွင် ရန်ကုန်မှာစီးသော (ယ-၃၅၀၀)ပစ်ကတ်ကားကြီးရှိနေ၏။ အမြင်မှာ အင်မတန်ကြီးကျယ်ပါပေသည်၊ ခန့်ထည်ပါပေသည်။ ကိုယ်ထည် အထိန်းရှိ၍ ချိုင့်ပက်တက်နင်းလို့မှ ဆောင့်ခြင်း၊ ခုန်ခြင်း မရှိပါပေ။ ကျွန်တော်ကား သူ့နှင့် သည်ကားကြီး စီးရတာ အလွန်နှစ်သက်၏။

သို့သော် သူသည် ထိုကားကြီး ငြီးငွေ့သည်ဟု ပြောလာ၏။ ဒါကြီးစီးရတာတုံးတယ်ဟု ဆိုလာ၏။ မကြိုက်ရောင်းလိုက်ပါလား ဆိုရန်လည်း ထိုအချိန်က ထိုကားသည် တစ်ဂါလန်လျှင် ခြောက်မိုင်မျှ ရတော့သည်ဖြစ်၍ သူလိုလူမှတစ်ပါး မစီးနိုင်ပြီ။ မတန်တဆဈေးနှင့်ရလျှင် ဝယ်မည့်သူပင် မရှိသလောက် ဖြစ်နေ၏။

ဒါနှင့် သူသည် တခြားကားတစ်စီး ဝယ်မည်ဟု ရှာဖွေစေပြီးနောက် ထိုနေ့၌ ထိုကားကြီးကို သူ့မိတ်ဆွေတစ်ယောက်အား အလကားပေးပစ်လိုက်တော့၏။

ဤကားကြီး သူတည်းသော စထရင်းဟိုတယ်နံဘေးမှ ထွက်သွားပြီး မကြာမီ သူ နောက်ထပ်ဝယ်မည့် မာစီဒီးဘင့်ကားကြီးတစ်စီး ပွဲစားနှစ်ဦးဖြင့် ရောက်လာ၍ သူနှင့်ကျွန်တော်သည် မြို့လုံးပတ်လည် လျှောက်စီးကြည့်လိုက်ကြ၏။

ကျွန်တော့်အား "ကိုဆွေ ဘယ့်နှယ်လဲ"ဟုမေး၏။

ကျွန်တော် ဘယ့်နှယ်ပြောတတ်ပါ့မလဲ စာရှုသူရယ်၊ သူ့အရာ သူသာ သိပေမည် မဟုတ်ပါလား။

သူ နှစ်သက်၍ ဟိုတယ်ပြန်ပြီး ဈေးဆိုကြသောအခါ ရောင်းသူများက တစ်သိန်း စဆို၏။

ကိုမြမောင်က ကိုးသောင်းပေး၏။

ရောင်းသူများက ကိုးသောင်းငါးထောင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်က . . .

"ကျုပ် တစ်ခွန်းပဲ ပြောတတ်တယ်"

ရောင်းသူများကလည်း ခေါင်းမာစွာပင် ကိုးသောင်းငါးထောင်မျှ မရလျှင် ဘယ်နည်းနှင့်မျှ မရောင်းနိုင်ပါဟု ဆိုပြီးပြန်သွားကြ၏။

ကိုမြမောင်လည်း ငွေငါးထောင်ကို အရေးလုပ်၍မဟုတ်ပေ။ သူ့စကား တစ်ခွန်းပဲပဲဟု တောင့်ခံလိုက်ခြင်း ဖြစ်သည်။

သို့သော် ထိုနေ့၌ သူနှင့်ကျွန် တော်သည် ကားမရှိတော့သဖြင့် အခြား အပြင်သို့ မထွက်ကြတော့ဘဲ ညနေရောက်သောအခါ၌ စထရင်းဟိုတယ်မှာပဲ သောက်ကြ၏။

အရက်သောက်ရာတွင် ကျွန်တော်သည် စထရင်းဟိုတယ်မှာ မကြိုက်ဆုံးဖြစ်လေ၏။ ပုလင်းလိုက် တောင်းမရ၊ တစ်ခါပေး ဟတ်ပက်၊ ဟတ်ပက်ကို ဘီလ်တွေက တစ်ခါပေးတိုင်း တစ်ခါရေး၍ လင်ပန်းပေါ်မှာ ပါလာ၏။

နောက်ပြီး အစားကလည်း(ထိုစဉ်က) ဥရောပစာသာဖြစ်၍ကျွန်တော်တို့ မနှစ်သက်။ ကိုမြမောင်က ကျွန်တော့်မျက်နှာ အကဲခတ်၍ တစ်နေ့တလေ သည်းခံစားသောက်ပါဗျာဟုပြော၏။ သို့ဖြင့် ကျွန်တော်ရောသူရော မူး၍ ကျွန်တော် အိမ်ပြန်ချိန်ရောက်သောအခါ ကိုမြမောင်က. . .

"ဒီညတော့ ကျွန်တော့်ကားမရှိလို့ လိုက်မပို့နိုင်တော့ဘူးဗျာ၊ ဟိုတယ်က တက္ကစီနဲ့ပဲ ပြန်ပေတော့"

"ဟာ. . တက္ကစီကားက နံပါတ်နီနီကြီးနဲ့ မစီးချင်ဘူးဗျာ"

ကျွန်တော်က မူး၍ ထုံးစံအတိုင်း ဂျီတိုက်လာ၏။

"နို့ ဘာနဲ့ပြန်မတုံး"

"ဘတ်စ်ကားနဲ့ပဲ ပြန်တော့မယ်"

မျက်ထောင့်နီကာ. . .

"ဟာ. . ခင်ဗျား သက်သက် ကျွန်တော့်ခွလုပ်ပြီဗျာ"

"ဟုတ်ပါဘူး၊ ကျွန်တော်က အကောင်းပြောတာပါ။ စရိတ်ကုန်သက်သာအောင်လို့"

"တော်. . တော်၊ ခင်ဗျား အိမ်ကောင်းကောင်းမွန်မွန် ပြန်မရောက်ရင် ခင်ဗျားမိန်းမက ကျွန်တော့်ဂျီကျဦးမှာ"

"မကျပါဘူး. . ခင်ဗျား ကားမရှိလို့ပြော. . ."

"ဘာ. . ကျွန်တော့်ကား မရှိလို့"

ကျွန်တော့်စကားမဆုံးမီ ဖြတ်ပြောပြီး တယ်လီဖုန်းဆီသို့ ထသွားသည်။ နောက်ထပ် ကျွန်တော်တို့ တစ်ခွက်စီလောက်အကုန်မှာ နေ့ခင်းက ကားလာရောင်းသူများ ရောက်လာကြသည်။





မဆိုင်းခဏပင် ကိုမြမောင်က. . .

"ခင်ဗျားတို့ကား ထားခဲ့တော့၊ ငွေတော့ ခုတစ်ပြားမှ ပေးစရာမရှိဘူး ဟိုဆိုင်ပိတ်သွားပြီ၊ နက်ဖြန်မှ လာယူကြ"

စထရင်းဟိုတယ်၌ရှိသော မိုးကုတ်ပတ္တမြားဆိုင်မှာ ကိုမြမောင်၏ငွေတိုက်ဖြစ်သည်။ သူ ဘယ်လောက်လိုချင် လိုချင် အဲသည်ဆိုင်ရှင်က အချိန်မီ ရအောင် ဆောင်ကြဉ်းပေးရသည်။ ဟိုလူနှစ်ယောက်ကလည်း ဘာမျှမပြောချေ။ ကိုယ်စိတ်ပေါ်ပါးစွာနှင့် ကားသော့လေးချပြီး ထွက်သွားကြလေ၏။

ငွေကို ဘယ်လောက် ဂရုမစိုက်သော လူပါနည်း။

ကျွန်တော်နှင့် သိကျွမ်းစအချိန်တွင် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း၌ မြမောင်ကုမ္ပဏီဟု ခန်းလုံးပြည့် ဆိုင်းဘုတ်ကြီးကြီးနှင့်ရှိသည်။

သူ ဤကုမ္ပဏီ ထောင်သည်မှာ ငွေလိုချင်၍ မဟုတ်ပေ။ ရန်ကုန်မြို့တွင် သူ အလကားနေသည် မဖြစ်သင့်။ နာမည်နှင့်အလုပ်နှင့် ရှိနေရန်သာဟု ကျွန်တော် နားလည်သည်။

သို့ဖြင့် ဤကုမ္ပဏီနှင့်ပတ်သက်၍ ငွေလေးသိန်းကျော် သူ အဖြောင်ခံရ၍ ဝတ်လုံငှားပြီး တရားစွဲသည်။

အမှုရုံးချိန်းနေ့မှာ သူ့ဝတ်လုံအား မှာလိုက်သည်။

"ကျွန်တော် ရုံးမှာ အချိန်ကုန်ခံပြီး ထိုင်မနေချင်ဘူး၊ အမှုစစ်ခါနီး ဆယ်မိနစ်လောက်မှာ ဖုန်းဆက်လိုက်ပါ"ဟု ဖုန်းနံပါတ်ပေးလိုက်၏။

ကျွန်တော်တို့သည် ထိုနေ့မှာ သူ့ဝတ်လုံဆီက ဖုန်းသံစောင့်ရင်း ဗိုလ်အောင်ကျော်လမ်းရှိ မိုးကုတ်ကလပ်မှာ ဝီစကီနှင့် ဇိမ်ခံနေကြသည်။

သူ့ဝတ်လုံထံမှ ဖုန်းလာလေသော် ကိုမြမောင်သည် သွားနားထောင်ပြီး မျက်နှာရှုံ့ကာ ပြန်လာလျက် . . .

"ဒုက္ခပဲ၊ အပေါ်ဖုံးအင်္ကျီ ဝတ်ခဲ့ရဦးမတဲ့ဗျ"

"အေးပေါ့ဗျာ၊ ငွေလေးသိန်းအမှုရှင် တရားလိုကြီးဆိုတော့ လူကြီးလူကောင်းလို ဝတ်ရဦးမှာပေါ့ဗျ"

ကိုမြမောင်သည် ဘယ်တော့မှ ထည်ထည်ဝါဝါ ဝတ်ဆင်လေ့မရှိပေ။ ဟာဝေယံရှပ်လက်တိုလေးနှင့် ချည်ချောလုံချည်သာ ဝတ်လေ့ရှိသည်။

သို့ဖြင့် သူ ဝတ်စားဆင်ယင်ပြီး ရှုံ့ရှုံ့မဲ့မဲ့နှင့် ထွက်လာလျက် . .

"ကဲ. . ကိုဆွေ၊ ခင်ဗျားတို့ပါ လိုက်ခဲ့ကြဗျာ၊ ပြန်လာမှ ဆက်သောက်ကြတာပေါ့၊ သိပ်ကြာမယ် မထင်ပါဘူး"

ကျွန်တော်တို့ သောက်ဖော်တစ်သိုက် လိုက်သွားကြသည်။

ရုံးမှာ တစ်နာရီလောက် အစစ်ခံရသည်၊ တရားသူကြီးရှေ့မှာ မတ်တတ်ရပ်လျက် တရားခံဝတ်လုံ၏မေးမြန်းခြင်းကို ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်ကို သူ လုံးဝမနှစ်သက်။

ထို့ကြောင့် ဤစစ်ချက်ပြီးသောအခါ သူ့ဝတ်လုံအား အမှုကို ပြန်၍ ရုပ်သိမ်းစေလိုက်တော့၏။

"သတ်သတ် ကိုယ့်ငွေနဲ့ကိုယ် ဒုက္ခခံရတယ်ဗျာ၊ ဒီငွေလဲ ပြန်မလိုချင်တော့ပါဘူး"

တုတ်ကဲ့။

သူ့အဖို့ သည်ငွေလေးသိန်း ပြန်ရကော ဘာထူးဦးမည်နည်း။

## ဝမ်းတွင်းပါသူဋ္ဌေး

ကိုမြမောင်ကို ဝမ်းတွင်းပါသူဋ္ဌေးဟု ခေါ်ရမည်ဖြစ်၏။ သူ့မိဘများသည် မိုးကုတ်မြို့တွင် ကံအကောင်းဆုံး ကျောက်အအောင်ဆုံးဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက သူ့အဖေသည် ပြင်သစ်ပြည် ပဲရစ်မြို့တွင် ပတ္တမြားဆိုင်သွားဖွင့်ထား၍ မြန်မာပြည်က ကျောက်မျက်ရတနာများကို ကမ္ဘာ့ဈေးထိပ်တန်းမှာ ရောင်းခဲ့သူဖြစ်၏။ (၁၉၄၅-၄၆)ခုနှစ်တွင် ကိုမြမောင်သည် ပဲရစ်မြို့မှာ သွားနေ၍ ပဲရစ်နှင့်လန်ဒန်ကို အိမ်ဦးကြမ်းပြင်ကူးကာ အမေရိကန်၊ အင်္ဂလန်၊ မီလျံနာများကဲ့သို့ သုံးဖြုန်းခဲ့သူဖြစ်၏။

နောက် သူ့ဖခင်ကွယ်လွန်၍ ပဲရစ်မှာ ပတ္တမြားဆိုင် မရှိတော့သော်လည်း ကိုမြမောင်အဖို့ မြန်မာပြည်မှာ သူ့တစ်သက် ဘယ်လောက် သုံးသုံးဖြုန်းဖြုန်း မတုန်နိုင်။ သူ့မိခင်က တစ်ဦးတည်းသောသားကြီးအား သုံးစမ်းပါစေ၊ ဖြုန်းစမ်းပါစေ၊ မသုံးမှာ မဖြုန်းမှာကိုသာ ပူသည်။ မြမောင် တစ်သောင်းဖိုး သုံးဖြုန်းလျှင် တစ်သိန်းဖိုးကျောက်ရသည်ဟု ပြောစမှတ်ပြုသည် တူ၏။

ကဲ. . သည်လူမျိုး. . ကမ္ဘာတွင် မရှားပါလော။

သို့သော်. . . .

## ငွေချမ်းသာရုံနှင့် ဘဝပြည့်စုံပါသလော

တစ်နေ့သ၌ ကိုမြမောင်သည် အရက်မူးလွန်၍ ကျွန်တော့်အိမ်တွင် လဲပြီး တစ်ရေးနိုးမှာ ထပ်သောက်ရင်း ဘာများတွေး၍ ဝမ်းနည်းလေသည် မသိ။ မျက်ရည်များထွက်လျက် ကျွန်တော့်အား ပြောဖူးသည်။

"ကိုဆွေ ကျွန်တော့်မှာ ငွေသိပ်ချမ်းသာတော့ သဘောရှိ သုံးဖြုန်းပြီး စိတ်ထင်သလို နေရစားရတာ ပျော်တယ် ကိုယ့်ဘဝကိုယ် ကျေနပ်နေတယ်များထင်သလား၊ မထင်နဲ့ ကိုဆွေ၊ ကျွန်တော် ခင်ဗျားဘဝနဲ့ ကျွန်တော့်ဘဝ လဲရရင် လဲလိုက်ချင်တယ် သိရဲ့လား"

သူ့အသည်းနှလုံးက ပြောသောစကား ဖြစ်သည်။





ဤသည်ကို ကျွန်တော် အလေးအနက် စဉ်းစားသည်။

ရန်ကုန်မြို့ကြီးသည် လောကနိဗ္ဗာန် ဖြစ်သည်ဆိုသော ခေတ်တဝင် ငွေရှိ လိုတရသော ခေတ်ကပင် ကျွန်တော် သူနှင့်ရင်းနှီးလှစွာ ပေါင်းသင်းခဲ့ပါသည်။

ကိုမြမောင်သည် သူ၏ဇာတိ မိုးကုတ်မြို့နှင့် ယခု သူ့မိခင်နေသော မန္တလေးမြို့မှာထက် မြန်မာပြည်တွင် အကြီးဆုံးသော သုံးလို့ဖြုန်းလို့အကောင်းဆုံးသော ရန်ကုန်မြို့မှာ အနေများပါသည်။ စထရင်းဟိုတယ်မှာ တည်းပါသည်။ ဟိုတယ်အောက်မှာ သူ့ကားကြီးတစ်စီး ထားပါသည်။ သူလိုသမျှ ခိုင်းရန် လက်စွဲတော် တစ်ယောက်နှစ်ယောက် ထားပါသည်။ သူတို့သည် နံနက်မိုးသောက်လင်းလျှင် သူ့ဆီရောက်ရသည်။

ကိုမြမောင်သည် နံနက် (၈)နာရီလောက်မှာ အိပ်ရာထတတ်ပါသည်။ ဟိုတယ်က ပေးသော ဘရိတ်ဖတ်ခေါ် ကော်ဖီတစ်ယောက်စာ၊ ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်၊ ဝက်မလွှတ်ငှက်ပျောသီးတစ်လုံးတို့ကို စားလိုက စားပါသည်။ ရေချိုး အဝတ်အစား လဲပါသည်။ ရောက်လာမည့် မိတ်ဆွေများကို မျှော်ပါသည်။

ဘာလုပ်ရအောင်နည်း။

ဟိုတယ်ကြီးတစ်ခုမှာ နံနက်စာ စားရအောင်ပါ။ ဟိုတယ်မှာစားတော့ လူများမှ ဟင်းများများနှင့် စားလို့မြိန်သည်၊ မြိန်သည် မဟုတ်ပါလား။

(၁၁)နာရီလောက်ထိအောင် စောင့်သည်။ ရောက်သင့်သလောက် ရောက်မလာပါက ဖုန်းရှိသောအိမ်ကို ဖုန်းဆက်၍ခေါ်သည်။ ဖုန်းမရှိသော သူကို သူ့လက်စွဲတော်နှင့် ကားလွှတ်၍ ခေါ်သည်။

အဲ. . သူ့စိတ်ကြိုက် လူပြည့်စုံပါက သူကိုယ်တိုင် ကားမောင်း၍ ထွက်ခဲ့ပြီး ခုမနက်စာ ရွေးချယ်သော ဟိုတယ်သို့ လာခဲ့ကြသည်။

ကိုမြမောင်သည် ထမင်းစားဝိုင်းမှာ အရက်ပါသည်။

ထိပ်တန်း ဝီစကီကိုမှ သောက်သည်။

သူ ပြောဖူးသောစကားကို မှတ်မိပါသည်။

"ဝီစကီထဲမှာ ကျွန်တော် ဂျွန်ဟိတ်နဲ့ ဂျော်နီဝါကား၊ ရက်လေဘယ်ကို မကြိုက်ဆုံးဗျ". . . တဲ့။

ကဲ. . သူ ဘယ်လို ဝီစကီမှ သောက်သည်ကို ဝီစကီနားလည်သူများ ခန့်မှန်းကြပေရော့။ အများအားဖြင့် ဂျော်နီဝါကား,ဘလက်လေဘယ် သို့မဟုတ် ဗက်စစ္စတီနိုင်းကို သောက်တတ်ပါသည်။ ဗိုက်လေ့ဘယ်က သူ အညွှန်းထား၍ သောက်သော အရက်ဖြစ်ပါသည်။ ကျွန်တော်တို့ကလည်း သူနှင့်ဆိုလျှင် နားတောင်းရောင်နှင့် ပါးပြောင်ကြသည်ပေါ့။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြိုက်သောအရက် ကိုယ်သောက်နိုင်သည်ဆိုသော်လည်း သူသောက်သော ဝီစကီထက်ကောင်းတာ မြန်မာပြည်မှာ ရှိပါဦးတော့မည်လော။ စားစရာကိုလည်း ကိုယ်ကြိုက်ရာ ကိုယ်မှာနိုင်သည်။ ဤသို့ မမှာလိုပါက "တော့. . တို့လူ ခြောက်ယောက်စာ ဟင်းဆယ်မျိုးကွာ" စသည်ဖြင့် အော်ဒါလှမ်းလိုက်သည်။

ယင်းသို့ နံနက်စာကို (၁၁)နာရီလောက် စသောက်ကြစားကြပြီး နာရီပြန်တစ်ချက်လောက်ပြီးသည်၌ လူစုခွဲကြသည်။

ကိုမြမောင်က ပို့သင့်တဲ့လူကို ပို့စေပြီး . . "ကျွန်တော်တော့ ဟိုတယ်ပြန်မှိန်းဦးမယ်ဗျာ" ဟု စထရင်းသို့ ပြန်၏။

သူ ယင်းသို့ မှိန်းပြီး နေ့လယ် သုံးနာရီလောက် အိပ်ရာက ထ၏။ ရေချိုး၏။ အဝတ်လဲ၏။

ကဲ. . လူတစ်ယောက် (ကျွန်တော်တို့ မြန်မာလူမျိုးထုံးစံ) တစ်နေ့ထမင်းနှစ်ခါစားရမည်မှာ တစ်ခါ ကျန်နေသေး၏။ ငါးနာရီ ခြောက်နာရီလောက်မှာ ကားနှင့်လျှောက် လေညင်းခံပြီး နာမည်ကြီး စားသောက်ဆိုင်တစ်ခုသို့ ရောက်ကြပြန်၏။ ကောင်းတာတွေ သောက်ကြပြန်၏။ စားကြပြန်၏။

ညဆယ့်တစ်နာရီလောက် လူစုခွဲပြီး ကိုမြမောင် စထရင်းဟိုတယ်သို့ ပြန်အိပ်ပြန်၏။

နံနက်ရှစ်နာရီလောက် အိပ်ရာက နိုးပြန်၏။ ရေချိုးအဝတ်လဲပြန်၏။ မိတ်ဆွေတွေ ဆုံမိကြပြန်၏။

ဘဲလ်အဲယား သို့မဟုတ် မာစီဒီးဘင့်ကားကြီးနှင့် စိတ်ကြိုက်ဟိုတယ် ရွေးပြီး သွားစားကြသောက်ကြပြန်၏။

နာရီပြန်တစ်ချက်လောက် လူစုခွဲကြပြန်၏။

စထရင်းဟိုတယ်၌ နေ့လယ်သုံးနာရီလောက် ကိုမြမောင် မှိန်းရာက ထပြန်၏။ ရေမိုးချိုး၏။ အဝတ်လဲ၏။ သောက်ဖော်မိတ်ဆွေများကို မျှော်ပြန်၏။ စုမိကြပြန်၏။ သွားပြီး စားကြသောက်ကြပြန်၏။

သန်းခေါင်လောက် ကိုမြမောင် ဟိုတယ်ပြန်ရောက်ပြီး အိပ်ပြန်၏။

နောက်တစ်နေ့၌ တစ်မိုးသောက်ပြန်၏။

ကိုမြမောင်သည် သူ၏နိစ္စဓူဝအတိုင်း တစ်နေ့တာ ပဋိစ္စသမုပ္ပါဒ်လည်ရပြန်၏။

အို. . စာဖတ်သူ. . .

သင့်စိတ်ကူးဖြင့် သီတင်းတစ်ပတ်လောက် သို့မဟုတ် တစ်လလောက် သို့မဟုတ် စိတ်ကြိုက်သလောက် ကိုမြမောင်နေရာမှာ ဝင်ကြည့်စမ်းပါ။

ဘဝ၏အဓိပ္ပာယ် ဘာရှိတော့သနည်း။





(၁) လောကကြီးတွင် ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်နေရုံနှင့် မပြီးသေးတကား။

(၂) သို့သော် ကျွန်တော်တို့သည် နေ့စဉ်ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်၊ ကောင်းကောင်းနေကြရန် ကြိုးစားနေကြသည် မဟုတ်ပါလား။

ဤအကြောင်းနှစ်ရပ်ပေါင်းစပ်ပြီး စဉ်းစားလိုက်သောအခါ၌ ဘဝ၏အဓိပ္ပာယ် ပေါ်လာပေလိမ့်မည်။

*စင်စစ် ဘဝ၏လန်းဆန်းစိုပြည်ရန်၊ ဘဝကို မငြီးငွေ့ရန်မှာ အလုပ်လုပ်ရန်ပင် ဖြစ်ချေသည်။ ကိုယ်လုပ်သော အလုပ်၌ ရည်ရွယ်ချက်ပန်းတိုင်ရောက်သည်လည်း ရှိမည်၊ မရောက်သည်လည်း ရှိမည်၊ မကျေနပ်မှုလည်း ရှိမည်၊ ဝမ်းသာမှုလည်း ရှိမည်၊ ဝမ်းနည်းမှုလည်း ရှိမည်။*

*ယင်းသည်ပင် ဘဝ၏အဓိပ္ပာယ်နှင့် အနှစ်သာရဖြစ်တော့၏။*

သို့သော် ကိုမြမောင်၌ ဘာအလုပ်မျှ လုပ်စရာမရှိ၊ ဘာမျှ ကြိုးစားစရာမရှိ။ သူသည် ဘဝ၏အလုပ်လက်မဲ့ ဖြစ်နေသည်။ သူ့အခြေက လောကီဥစ္စာကို လိုတရနေသည်။ ယင်းသည်ပင် ဘဝ၏မပြည့်စုံမှု ဖြစ်သည်ကို အလေးအနက် စဉ်းစားတတ်သူတို့ နားလည်ပေမည်။

***စင်စစ်တား ဘဝတူသည် ဆင်းရဲချမ်းသာမရွေး ထက်ကျန်မှုဖြင့်မခြား ဘယ်တော့မှ ပြည့်စုံသည် မရှိချေ။ ယင်းမပြည့်စုံသည်ကို ပြည့်စုံလိမ့်နိုး ကြိုးစားနေရခြင်းပင် ဘဝပင်ပါတည်း။***

ကိုမြမောင်၌ကား ယင်းသို့ကြိုးစားစရာ အကြောင်းမရှိ။

ဘဝ၏အလုပ်လက်မဲ့ဟု ကျွန်တော် ဆိုပါ၏။

❑

ကိုမြမောင်သည် ပစ္စည်းဥစ္စာ ချမ်းသာရုံမက ရုပ်ရည်ချောမောသူလည်း ဖြစ်၏။ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ပေါက် သွယ်သွယ်သပ်သပ်၊ အရပ်မြင့်မြင့်နှင့် မျက်လုံးမျက်ဖန် နှာတံနှုတ်ခမ်း လှပသူ ဖြစ်၏။

တစ်နေ့သ၌ ရှမဝတိုက် ကျွန်တော့်ဆီသို့လာနေသော ကိုမြမောင်ကို ဦးကျော်က မြင်ဖူးလိုက်သဖြင့် ဒါရိုက်တာ ဦးကျော်က "ခင်ဗျားလူ ရုပ်ရှင်မင်းသားလုပ်ခိုင်းစမ်းပါ"ဟု ပြောဖူး၏။ ကျွန်တော်က "ဝေလမင်းသားကို ဟောလီဝုဒ်က ခေါ်မရသလို ရှိမှာပေါ့ဗျ"ဟု ပြန်ပြောလိုက်၏။

ဤစကားမလွန်ပါချေ။ ကိုမြမောင်သည် ကျော်စောကိတ္တိလည်း မလိုချင်။ ရုက်လည်း အလွန်ရှက်တတ်။ ငွေဆိုတာလည်း သူ့ဟာသူ သုံးလို့ကုန်းလို့ မကုန်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဥစ္စာပေါ ရုပ်ချောဖြစ်ရသည့်အတွက် ကိုမြမောင်မှာ သူ့ဘဝ၊ တွင် ဆုံးရှုံးမှုတစ်ရပ် ကြုံရပြန်သည်။ အကြောင်းမှာ သူသည် အချစ်ခရီးတွင် မိန်းမတစ်ယောက်ကို ကျွန်တော်တို့ကဲ့သို့ အကြိတ်အနယ် ပိုးမနေရ။ ပိုးနေစရာ မလို။ သူ့ရုပ်နှင့် သူ့ဥစ္စာပစ္စည်းကြောင့် လွယ်လွယ်ကလေး ရ၏။ သူ့အား သမက်မတော်ချင်သူ အလွန်ရှားပေလိမ့်မည်။ ထို့ကြောင့် သူသည် *သူချစ်တိုယ်ချစ် သို့မဟုတ် အချစ်စစ်အချစ်မှန်ကို ရခဲ့မည် မဟုတ်ချေ။*

ကျွန်တော်နှင့် စတင်သိကျွမ်းစ သူ့အသက် သုံးဆယ်လောက်၌ အိမ်ထောင်ဆက် သုံးဆက်ကွဲခဲ့ပြီး ဖြစ်သည်။ ထိုအချိန်မှာ သူသည် အိမ်ထောင်ကို စိတ်မကူးချင်လောက်အောင် ဖြစ်နေဟန်တူပေသည်။

သို့သော် နောက်ပိုင်း၌ သူ့အပေါင်းအသင်း အိမ်ထောင်ရှင်တွေ အားကျလာ၍လည်းကောင်း၊ မိတ်ဆွေပညာရှင်များက ဘဝဟူသည် အတွယ်အတာ ရှိရမည်၊ သံယောဇဉ် ရှိရမည်၊ တာဝန်ရှိရမည်ဟု ဝိုင်းဝန်းနားချကြပြန်သောကြောင့် ယခု သူ့နောက်ဆုံး ဇနီးလေးကို လက်ထပ်လိုက်လေသည်။

သို့သော် သတ္တဝါတို့မည်သည်မှာ ကံကြမ္မာ၏ သားကောင်များဖြစ်လေရာ ပဋိသန္ဓေတည်ကတည်းက ကံကောင်းလာခဲ့သော ကိုမြမောင်မှာ မည်သူမျှ မရှောင်သာသော လောက၏တရားအတိုင်း သူ့အသက် (၃၇)နှစ်တွင် ကြမ္မာဆိုးဝင်ရလေပြီ။

ရေ၌ကျွမ်းကျင်သူသည် ရေ၌သေရ၏။ ဝေဟင်၌ ကျွမ်းကျင်သူသည် (ယူရီဂါဂါရင်ကဲ့သို့) ဝေဟင်၌ သေရ၏ ဆိုဘိသကဲ့သို့ ငွေ၌ ကြွယ်ဝသူသည် ငွေဖြင့် ဒုက္ခရောက်ရရှာ၏။

(၁၉၆၄)ခုနှစ် ရာတန်တွေ ပေးအပ်ရမည်၊ တရားမဝင်တော့ဟု ကြေညာသည်၌ ကိုမြမောင်သည် မန္တလေးမှ ယူခဲ့သော ရာတန်ငွေ နှစ်သိန်းဖြင့် အစိုးရပြစ်မှု ကျူးလွန်မိကာ မင်္ဂလာဒုံလေဆိပ်မှာ ဖမ်း၍ထိန်းသိမ်းခြင်းခံလိုက်ရသည်။ သုံးနှစ်နှင့်ငါးလကြာမှ ထွက်လာခဲ့သည်။

သို့သော်လည်း လွတ်ပြီး သုံးလကျော်ကျော် လေးလသာ နေရတော့သည်။ (၁၉၆၈)ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့မှာ ဦးနှောက်အာရုံကြောပြတ်၍ အနိစ္စရောက်ရှာသည်။

သူ ထောင်ထဲနေရ စားရပုံတွေ ပြောပြတော့ ကျွန်တော်တို့မှာ တရားကျလှသည်။ ထောင်ထဲ၌ လူတစ်ယောက်ကို သူက ရိုက်မှုဖြစ်သဖြင့် တိုက်ပိတ်ခံရစဉ်က အကျဉ်းသားတို့ ထုံးစံ သံပန်းကန်ပြားနှင့် ထမင်းကို ငါးပိစိမ်းစားလေး တစ်တို့ ပန်းကန်နှုတ်ခမ်း သုတ်ပေးလိုက်သည်နှင့် စားရပုံများ ကြားရတော့ ထမင်းတစ်နပ်ကို နွားတစ်ရှဉ်းဖိုးမက စားခဲ့သော သူ့ဘဝမှာ များစွာ သံဝေဂရဖွယ် ကောင်းလှပါ၏။





ဩော်. . ကံ. . ကံ. . .
သူ့အသုဘက ယပ်တောင်မှာ ပါတဲ့အတိုင်းပါပဲလား။
ကိုယ့်လဲ သူ့မပိုင်
သူ့ကိုလဲ ကိုယ်မပိုင်
ဘယ်သူ့ကိုမှ ဘယ်သူမပိုင်
ကိုယ့်ကိုယ်ကိုမှ ကိုယ်မပိုင်
ဖြစ်ချိန်တန်လျှင် ကံအတိုင်းဖြစ်
ပစ္စည်းကိုလဲ လူကပစ်
လူကိုလဲ ပစ္စည်းကပစ်
မမြဲတဲ့ အနိစ္စအစစ်
ကြောက်စရာကောင်းတဲ့ ဒုက္ခအစစ်
အစိုးမရတဲ့ အနတ္တအစစ်။

ဤတရားတော်ကို ရေးသားတော်မူသော ဆရာတော်ဘုရားအား ရှိခိုးဦးညွတ်လျက် ကိုမြမောင်ကို လွမ်းဆွတ်သတိရစွာနှင့်. . . ။

**သော်တာဆွေ**

www.burmeseclassic.com